

ပန္နက်စာအုပ်တိုက် စာအုပ် - ၂၁





၆၄

# နိုင်ငံတကာ ဗုဒ္ဓါနုဿတိ ဘာဝနာ

## မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အမြင်

ကိုရင်သြ

ပညာ့ဂံစာအုပ်တိုက်
၁၆၇(A)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၇၀၆၁

### ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပဥ္စဂံစာအုပ်တိုက် စာအုပ်-၂၁

ကိုရင်ဩ

# နိုင်ငံတကာဗုဒ္ဓါနုဿတိ
# ဘာဝနာ

[ မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင် ]

ပဥ္စဂံစာအုပ်တိုက်
၁၆၇(A)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၇၀၆၁

ပထမအကြိမ်ပုံနှိပ်ခြင်း။

[ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀ ]

စာမူခွင့်ပြုချက်အမှတ်

၆၀၀၂၉၁၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၆၀၀၄၂၁၀၈၁၀

မျက်နှာဖုံးဒီဇိုင်း

မောင်အေးချို(လူထု)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း (ကာလာဇုံအော့ဖ်ဆက်)

၈၄၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးမြင့်အောင်(ယနေ့မန္တလေး)

ဓ-၈/၅၇၊ မြို့သစ်-၄ ရပ်ကွက်၊ သိုးခြံမြို့သစ်၊ မန္တလေး။

စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်၊

အတွင်းဖလင် - ပုံရိပ်ရှင်၊

ကွန်ပျူတာစာစီ - *Dream City*

[ တန်ဖိုး - [illegible]

ကိုရင်ညြ ၂၉၄.၃
နိုင်ငံတကာဗုဒ္ဓါနုဿတိ ဘာဝနာ / ကိုရင်ညြ
-ရန်ကုန်
ယနေ့မန္တလေးစာပေ၊ ၂၀၁၀။
၃၂၈ စာ၊ ၁၃.၅ x ၂၁ စင်တီ
(၁) နိုင်ငံတကာဗုဒ္ဓါနုဿတိ ဘာဝနာ

## ကျမ်းဦးအမှာ မင်္ဂလာစကား

မဟာလူသား
ခင်ပွန်းကြီးဆယ်ပါး
ပုဂ္ဂိုလ်များအား
ညွှတ်ဘွားကော်ရော်
ပူဇော်သက္ကာ
ဝန္ဒနာမှု
လေးမြတ်ပြု၍
သာဓု နှုတ်လှူ ခေါ်စေသောဝ်...။

ကိုရင်သြ

# နိုင်ငံတကာ ဗုဒ္ဓါနုဿတိ ဘာဝနာ

## မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အမြင်

# မာတိကာ

## ပထမပိုင်း


● စကားဦး ၃

(က) ကုလသမဂ္ဂစင်မြင့်ပေါ်မှ ဗုဒ္ဓတရား

၁။ အရှင်သုမင်္ဂလာလင်္ကာရ (Ph.D)
တိပိဋက ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၏
– ထောင်စုနှစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံ ၇

၂။ ဆရာတော် ဦးအဂ္ဂိယ၊ နိုင်ငံတော်သြဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၏
– ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ်
လောကသန္တောပါယ သြဝါဒကထာ ၁၇

၃။ သီတဂူဆရာတော်
ဒေါက်တာ အရှင်ဉာဏိဿရ၊ အဂ္ဂမဟာပဏ္ဍိတ၏
– လက်တွဲလျှောက်ရန် တူညီသောလမ်းကို ရှာကြပါစို့. ၂၁

၄။ ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ
သံဃာတော်ဂို့. လျှောက်ထားခြင်း
– အတွင်းငြိမ်းချမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး ၄၂

၅။ ကုလသမဂ္ဂ၊ ယူနက်စကိုအရာရှိ ဒေါက်တာ အာနန္ဒဂုရု၏
– ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ ၇၄

၆။ ကုလသမဂ္ဂ ထောင်စုနှစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံ
(သတင်းစဉ်) ၈၁

## ဒုတိယပိုင်း

### (ခ) ဉာဏ်အလင်းခေတ်ကို ဗုဒ္ဓဖြင့် အထွတ်တင်ခြင်း


၁။ အမတြာဆင်း (သို့မဟုတ်)
ဝိရောဓိကမ္ဘာအတွက် ခန္တီပါရမီကို ဖွင့်ပြသူ ၁၀၃
– ဝိဘဇ္ဇဝါဒ၊ အပရိဟာနိယနှင့် ဒီမိုကရေစီ အဆက်အစပ် ၁၀၇
၂။ အောင်သန်း (မန္တလေး) ၏
– ငယ်သော် လှ၏ အယူအဆကို လေ့လာခြင်း ၁၁၅
၃။ ခင်မျိုးချစ်၏ မေတ္တာ ဟူသည် ၁၂၃
၄။ ရာဘင်ဒြာနတ်တဂိုး ၁၂၉
– ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ ၁၃၄
၅။ မဟတ္တမဂန္ဒီ ၁၃၉
– မဟတ္တမဂန္ဒီ၏ ဓမ္မရေးရာ ဒဿနကထာ ၁၄၂
၆။ ဒေါက်တာ ဖေမောင်တင် (ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး) ၁၅၆
– လန်ဒန်ရောက် ကန်တော့ပန်း (မောင်သွေးသစ်) ၁၅၇
– ဆရာကြီး ဦးဖေမောင်တင်နှင့် နိဗ္ဗာန်လမ်း (စံတိုး) ၁၆၂
– မိုးမျှော် ၃၁ ထပ်တိုက် ဥပမာ (ညီမြ ဘာသာပြန်) ၁၆၇
– ဘာသာခြားတစ်ဦး၏ မဂ္ဂင်ရှစ်ပါးတရား (မြကေတု) ၁၇၈
– ဗုဒ္ဓစာပေ နှင့် ဦးဖေမောင်တင် (မောင်ဖေယျာ) ၁၈၈
၇။ ဗိုလ်ချုပ်အောင်ဆန်း ၂၀၀
– ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာထဲမှ
ဗုဒ္ဓဝါဒဆိုင်ရာ သဘောတရားအမြင်များ ၂၀၆
၈။ ဒေါက်တာ ကော၊ သိရိဓမ္မာနန္ဒ (မလေးရှား) ဆရာတော် ၂၁၃
– ဗုဒ္ဓ၏ ကာလမဲ့ အမှန်တရားသစ္စာတရား ၂၁၄
– လူ့ယဉ်ကျေးမှုအမှန်ကို မြှင့်တင်သောတရား ၂၃၅
၉။ ဆရာတော် ဦးသေဋ္ဌိလ
– ဆရာတော်၏ ဓမ္မပုံပြင် ၂၆၂
– ထေရဝါဒ ဗုဒ္ဓဘာသာ ၂၇၀

## တတိယပိုင်း

(၈) နောက်ဆက်တွဲ အထွေထွေ


၁။ သိပ္ပံနှင့် ဘာသာရေး (ဘိုးလှိုင်) ၂၈၅

၂။ ဟိမဝန္တာမှ သုခဘုံ (ကျော်ဝင်း) ၂၉၇

၃။ အာရှအလင်း (ကျော်ဝင်း) ၃၀၃

၄။ တရားထိုင်ခြင်းသည် နှလုံးသွေးမာကြောမှုကို ပြေလျော့စေနိုင်သည်။ (တက္ကသိုလ်မင်းသူ) ၃၀၇

၅။ ကျောင်းများတွင် စိတ်တည်ငြိမ်အောင် ထွက်သက် ဝင်သက်ကို မှတ်ကြ (တင်ဦး ဘာသာပြန်) ၃၁၀

နိဂုံး

– ယနေ့ကမ္ဘာနှင့် ဗုဒ္ဓဘာသာ ၃၁၄

နိဂုံး၏ နိဂုံး ၃၁၂

– ဝိဘဇ္ဇဝါဒ စဉ်းစားနည်း ၃၂၄

– အပရိဟာနိယတရား ခုနစ်ပါး ၃၂၄

– ဆုတောင်းမေတ္တာ ၃၂၅

– မှီငြမ်းကိုးကား ကျမ်းစာများ ၃၂၆

– မှတ်စုများ ၃၂၈


✦

# နိုင်ငံတကာ ဗုဒ္ဓါနုဿတိ ဘာဝနာ

## ပထမပိုင်း

### ကုလသမဂ္ဂစင်မြင့်ပေါ်မှ ဗုဒ္ဓတရား

နိုင်ငံတကာ မုဒ္ဒိနသဿတိ ဘာဝနာ

# စကားဦး

မြတ်ဗုဒ္ဓ၏ တရားဓမ္မများနှင့် နွယ်စပ်၍ ဥရောပကဗျာဆရာ တချို့က 'အာရှအလင်း' ဟု ကဗျာဉာဏ်ကွန့်ကြ၏။ ခရစ္စမတ် အဝန်း အဝိုင်းမှ စာရေး ဆရာများက 'အနောက်ကမ္ဘာအတွက် အရှေ့ကမ္ဘာ၏ အကောင်းဆုံးလက်ဆောင်' ဟု တင်စားဖော်ညွှန်းကြ၏။ အမေရိက ဟားဗတ်တက္ကသိုလ် ပညာအဝန်းအဝိုင်းမှ အကျော်ဇေယျ ဘောဂဗေဒ ပါမောက္ခက 'အာရှတန်ဖိုး' ဟု စံညွှန်းတွက်ချက်လိုက်၏။

'အာရှအလင်း'

'အာရှလက်ဆောင်'

'အာရှတန်ဖိုး'

ဟူသော ညွှန်းဆိုချက်များသည် ကန့်သတ်ဘောင်ရှိနေ၍ ကျဉ်းမြောင်းနေသည် ဟု ယူဆမိ၏။ ယုံကြည်မိ၏။

အမှန်စင်စစ် မြတ်ဗုဒ္ဓ၏ တရားဓမ္မတို့သည် အာရုအလင်း ဆိုသည်ထက် ပိုလွန်၏။ ကမ္ဘာ့အလင်းဖြစ်၏။ အာရှတန်ဖိုးဆိုသည်ထက် ပိုလွန်၏။ ကမ္ဘာ့တန်ဖိုးဖြစ်၏။ အင်တာနေရှင်နယ် သဘောဆောင်၏။ ဂလိုဘယ် အခြေခိုက်၏။ အပြန့်ကျယ်၏။

သို့ဖြစ်ပါ၍ မိမိအနေဖြင့် မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို အင်တာနေရှင်နယ်အလင်း၊ ဂလိုဘယ်အလင်း၊ အင်တာနေရှင်နယ်တန်ဖိုး၊ ဂလိုဘယ်တန်ဖိုးဟု ကျယ်ကျယ်ပြန့်ပြန့် စံထားချင်ပါ၏။ ဖော်ညွှန်းချင်ပါ၏။ ထို့ထက်လွန်ကာ ယူနီဗာဆယ်အလင်း၊ စကြဝဠာအလင်း ဟူ၍လည်း ဆိုနိုင်ကောင်းအံ့ ထင်ပါ၏။

ဤအနှစ်သာရများကို ကိုယ်စားပြုထားသော 'မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင်' ဟူသော ဤစာအုပ်သည် အမှန်စင်စစ် 'နိုင်ငံတကာ ဗုဒ္ဓါနုဿတိဘာဝနာ' ပင် ဖြစ်ပါ၏။

ကိုရင်ဩ

မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင်
(သို့မဟုတ်)
နိုင်ငံတကာ ဗုဒ္ဓါနုဿတိ ဘာဝနာ

# ကုလသမဂ္ဂစင်မြင့်ပေါ်မှ ဗုဒ္ဓတရား

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြီးမှူး၍ ထောင်စုနှစ် ငြိမ်းချမ်းရေး ကမ္ဘာ့ထိပ်သီးညီလာခံကြီးကို နှစ်ထောင်ပြည့်နှစ် ဩဂုတ်လ (၂၈) ရက်နေ့မှ (၃၁) ရက်နေ့အထိ လေးရက်တိုင်တိုင် ကုလသမဂ္ဂဌာနချုပ်မှာ ခမ်းနားသိုက်မြိုက် စွာ ကျင်းပခဲ့ပါ၏။

ယင်းသည် ကမ္ဘာလုံးဆိုင်ရာ ဘာသာတရားအားလုံးရှိ ဘာသာရေးခေါင်းဆောင်ကြီးများ၏ ထိပ်သီးညီလာခံကြီး ဖြစ်ပါ၏။ ငြိမ်းချမ်းရေးကို

အငမ်းမရ လိုချင်တောင့်တနေကြသော ကမ္ဘာ့ပြည်သူလူထုကြီးတစ်ရပ်လုံး အတွက် ငြိမ်း ချမ်းရေးရာပုံတော်ကြီး ဖွင့်ကြခြင်း ဖြစ်ပါ၏။ ငြိမ်းချမ်းရေး အောင်လံတော်ကြီးကို တညီတညွတ်တည်း လွှင့်တင်ကြခြင်းလည်း ဖြစ်ပါ၏။

ထိုညီလာခံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန် နှင့် ထောင်စုနှစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံကြီး၏ အတွင်းရေးမှူးချုပ် မစ္စတာ ဘာဝါဂျိန်းတို့က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် –

> *"ဤသို့သောညီလာခံကြီးမျိုး ဖြစ်ပေါ်လာရခြင်းသည် (၁၉၆၂–၇၁) နှစ်အထိ ဆယ်နှစ်တိုင်တိုင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်သွားခဲ့သော မြန်မာပြည်သား ဦးသန့်၏ အိပ်မက်ကို ယခုကဲ့သို့ အကောင်အထည်ဖော်ကြခြင်း ဖြစ်ပါသည်"*

ဟု ထည့်သွင်းမိန့်ကြားသွားခဲ့ပါ၏။

ဤသို့ဖြင့် ဤပွဲသည် မြန်မာ့သားကောင်းရတနာကြီးဖြစ်သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး (ဟောင်း) ဦးသန့်၏ ပွဲဖြစ်ပါ၏။ ဦးသန့်၏ပွဲသည် မြန်မာတို့၏ပွဲပင်ဖြစ်ပါ၏။ မြန်မာတစ်ယောက်အနေဖြင့် အလွန်အမင်း ဂုဏ်ယူမိပါ၏။

'ပွဲသဘင်ဟူသည် ပညာရှင်တို့ပါဝင်မှ တင့်တယ်သည်' ဟု အဆိုရှိလေရာ၊ ပွဲတော်ကြီး တင့်တယ်ရေးအတွက် ပါဝင်ဆင်နွှဲခဲ့ကြသော မြန်မာ ပညာရှင်များ၏ ကုလသမဂ္ဂစင်မြင့်ပေါ်မှာ ပညာသား ပြသွားခဲ့ကြသော ဂန္ထဝင်မြောက် မိန့်ခွန်းများကို 'မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင် (သို့မဟုတ်) နိုင်ငံတကာ ဗုဒ္ဓါနုဿတိဘာဝနာ' စာအုပ်၌ ထည့်သွင်း ဖော်ပြအပ်ပါ၏။

ကုလသမဂ္ဂ ယူနက်စကိုအရာရှိ ဒေါက်တာဂုရု၏ ဗုဒ္ဓမြတ်စွာပေါ် အမြင်ကိုလည်း ဤကဏ္ဍ၌ ဆက်လက်ဖော်ပြထားပါ၏။

✦

## ကမ္ဘာ့ဘာသာရေးဆိုင်ရာ ခေါင်းဆောင်ကြီးများ၏ ထောင်စုနှစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံ

ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာများကို ဖြေရှင်းရာတွင် ကမ္ဘာ့ကုလသမဂ္ဂကြီးသည် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများ၏ အကူအညီဖြင့် ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများ၏ ထောင်စုနှစ် ထိပ်သီးညီလာခံကို ဩဂုတ်လ ၂၈ မှ ၃၁ ရက်အထိ ၄ ရက်တိုင် နယူးယောက်မြို့တွင် ကျင်းပခဲ့ပါသည်။ ယခု ကျင်းပခဲ့သော ကမ္ဘာ့ဘာသာရေးဆိုင်ရာ ခေါင်းဆောင်ကြီးများ၏ ထောင်စုနှစ် ထိပ်သီးညီလာခံကြီးသည် ဒုတိယကမ္ဘာစစ်ပြီးခေတ်တွင် ပထမဆုံးအကြိမ် ကျင်းပသော ညီလာခံကြီး ဖြစ်ပါသည်။ ဤညီလာခံကြီးသို့ နိုင်ငံအသီးသီးမှ ဘာသာရေးဆိုင်ရာ ခေါင်းဆောင် ၂၀၀၀ ခန့် တက်ရောက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ မြန်မာကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါသည်။

ကမ္ဘာ့ဘာသာရေးဆိုင်ရာခေါင်းဆောင်များ၏ ထောင်စုနှစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များမှာ–

၁။ ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မော်လမြိုင်မြို့)

၂။ ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မကွေးမြို့)

၃။ ဘဒ္ဒန္တစန္ဒိမာ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မိတ္ထီလာမြို့)

၄။ ဘဒ္ဒန္တဩသဓာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ညောင်တုန်းမြို့)

၅။ ဘဒ္ဒန္တအဂ္ဂိယ (အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်၊ မန္တလေးမြို့)

၆။ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ရန်ကုန်မြို့)

၇။ ဒေါက်တာမျိုးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန)

၈။ ဒေါက်တာလှဖေ (ဒုတိယပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်)

၉။ ဦးသိန်းမြင့် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစာချုပ်များနှင့် သုတေသနဦးစီးဌာန) တို့ ဖြစ်ကြပါသည်။

ဤ ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်ခေါင်းဆောင်ကြီးများကိုယ်တိုင် ရွေးချယ်၍ ခရီးစဉ်တစ်လျှောက်လုံး ဆရာတော်ကြီးများ ပင်ပန်းမှု မရှိအောင် စီမံပေးကြသဖြင့် ခရီးစဉ်တစ်လျှောက်လုံးအတွင်း ညအချိန်ရောက်ပြီဆို၍ အိပ်ကြရ၊ အရုဏ်ချိန်ဆို၍ အရုဏ်ဆွမ်းစားကြရ၊ နေ့ဆွမ်းအချိန်ဆို၍ လေယာဉ်ဆင်းခါနီး နေ့ဆွမ်းစားကြရပါသည်။ အချိန်တွေက အလွန်နီးကပ်ပါသည်။ ရောက်ရာအရပ်၏ နေသွားမှုသည် ရဟန်းတော်များအတွက် စားသောက်ရန် သတ်မှတ်ချက်ဖြစ်သဖြင့် ဤကဲ့သို့ စားသောက်ခြင်းမှာ ရဟန်းတော်များအတွက် အပြစ်မရှိပါ။ ဤအကြောင်းအရာအတွက် ထောက်ထားကိုးကားစရာမှာ ဓမ္မပဒလာ ပဏ္ဍိတသာမဏေ၏ ဝတ္ထုဖြစ်ပါသည်။ ပဏ္ဍိတသာမဏေသည် ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ် ဆွမ်းခံကြွချိန်အတွင်း တရားအားထုတ် ကြိုးစားရာ အောက်မဂ် အောက်ဖိုလ် သုံးဆင့်သို့ ထိုအချိန်အတွင်းမှာပင် ဆိုက်ရောက်ပြီးလျှင် ရဟန္တာဖြစ်ရန် ဆက်လက်ကြိုးစားနေစဉ် အရှင်သာရိပုတ္တရာမထေရ်ကြီးကလည်း

“ကိုရင်ငယ် ဆွမ်းဆာရှာမယ်” ဟု တွေးကာ အမြန်ပြန်လာနေ၏။ ကိုရင်ပဏ္ဍိတ ရဟန္တာမဖြစ်မီ အရှင်သာရိပုတ္တရာ ပြန်ရောက်လျှင် ကိုရင်အတွက် ရဟန္တာဖြစ်မှု အန္တရာယ်ကို မြင်တော်မူသော ဘုရားရှင်က အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးကို အပြန်လမ်း ဆီးကြိုကာ ပြဿနာများ မေးတော်မူသဖြင့် အရှင်သာရိပုတ္တရာသည် ဘုရားရှင် မေးတော်မူအပ်သော ပြဿနာများကို ဖြေဆိုနေရသည့်အတွက် အချိန်ကြာသွားပါသည်။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ ပြဿနာအမေး–အဖြေပြီးချိန်မှာပင် ကိုရင်ပဏ္ဍိတသည် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိပါသည်။ ကိုရင် ဆွမ်းမစားရခင် နေလွန်မသွားအောင် နေနတ်သားက နေကို ထိန်းထား၍ ဆွမ်းစားပြီးမှ နေကို လွှတ်လိုက်ရာ ကိုရင် ဆွမ်းစားပြီးလို့ သပိတ်ဆေးပြီးချိန်မှာ နေသည် အလွန်စောင်းသွားပြီဟု ဓမ္မပဒ၌ ပြဆိုထားပါသည်။ သို့အတွက် စားရာအရပ်၏ နေကို အလေးမူရမည်မှာ သေချာပါသည်။

၂၆–၈–၂၀၀၀ နေ့ ၁၀း၃၀ နာရီတွင် မိမိတို့စီးလာသော လေယာဉ်ကြီး နယူးယောက်လေဆိပ်သို့ ရောက်သည့်အခါမှာလည်း ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဝင်းမြ အမှူးရှိသော သံအမှုထမ်းများကလည်း တွန်းလှည်းများ စီမံ၍ ချမ်းသာအောင် ကြိုဆိုကြပါသည်။ နယူးယောက် ဘရွတ်ကလင်ရပ်ကွက် လောကချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဣန္ဒက အမှူးပြုသော သံဃာတော်များလည်း ကြိုဆိုကြပါသည်။ သံအမတ်ကြီး ဦးဝင်းမြ အမှူးရှိသော သံရုံးဝန်ထမ်းများက သံရုံးသို့ ပင့်ဆောင်၍ မွန်းမလွဲသေးသဖြင့် သစ်သီးဆွမ်းများ ဆက်ကပ်ပြီးလျှင် သံရုံး၌ အနားယူ၍ အစည်းအဝေးနှင့်စပ်သော အချက်အလက်များကို ဆွေးနွေးပြီးလျှင် ညနေ ၃း၀၀ နာရီလောက်မှာ တည်းခိုရန် စီစဉ်ထားသော ဟိုတယ်ကြီးသို့ ပို့ပေးပါသည်။ တည်းခိုရသော ဟိုတယ်ကြီးသည် အမေရိကန် နယူးယောက်တွင် နာမည်အကြီးဆုံး အကျော်ကြားဆုံး ဘုရင်၊ သမ္မတ စသည်တို့ တည်းခိုရာ ဟိုတယ်ကြီးဟု သိရပါသည်။ ဟိုတယ်ကြီး၏ အမည်မှာ Waldrof Astoria Hotel (ဝါဒေါ့ဖ် အော်စတိုးရီးယားဟိုတယ်) ဖြစ်ပါသည်။ ဟိုတယ်ကြီးသည် အလွန်ကျယ်ဝန်းလှ၍ အထပ်ပေါင်း ၂၇ ထပ် ရှိသည်ဟု သိရပါသည်။ နေ့စဉ် သံရုံးမှ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအတွက် အဖျော်ရည် စသည် ပြည့်စုံအောင် တာဝန်ယူ ဆက်ကပ်ပါသည်။

၂၆–၈–၂၀၀၀ ညနေပိုင်းတွင် ကုလသမဂ္ဂ အဆောက်အအုံကြီး ပတ်ဝန်းကျင်ရှိ ကုလသမဂ္ဂဝင်းအတွင်းရှိ ကမ္ဘာလုံးကြီး Eastriuer အတွင်းရှိ ဦးသန့် ကျွန်း စသည်များကို နောက်ခံထား၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ထိုနေ့က ညနေ ၄း၀၀ နာရီခန့်သည် မြန်မာအချိန်အားဖြင့် သန်းခေါင်ချိန်ဖြစ်၍ ဆရာတော်များ အိပ်လိုစိတ် ဖြစ်နေကြသဖြင့် ဟိုတယ်မှာပင် ပြန်၍ အနားယူကြပါသည်။

၂၇–၈–၂၀၀၀ ပြည့်နေ့တွင် အစည်းအဝေး မရှိသေးသဖြင့် သံရုံး၏ အစီအစဉ်ဖြင့် နယူးယောက်မြို့ရှိ အမြင့်မားဆုံး ကမ္ဘာ့ကုန်သွယ်ရေး အဆောက် အအုံကို လေ့လာကြည့်ရှုရသည်။ အထပ်ပေါင်း ၁၀၈ ထပ်ရှိသည်ဟု မှတ်သား ခဲ့ပါသည်။ ထိုအဆောက်အအုံတွင်းမှာပင် နယူးယောက်မြို့တော်တစ်ခုလုံးကို ရိုက်ထားသော ရုပ်ရှင်ကို ပြသပါသည်။ ပြသစဉ် တုန်ခါမှု စသည်ဖြစ်ပေါ်အောင် စီစဉ်ထားသဖြင့် မိမိတို့ကိုယ်တိုင် ကားစီးပြီး သွားနေရသည့်အလား ခံစားခဲ့ကြရ ပါသည်။

## အစည်းအဝေးကြီး ပထမနေ့

၂၈–၈–၂၀၀၀ နေ့ သုံးနာရီခန့်တွင် ညီလာခံကျင်းပရာ ကမ္ဘာ့ကုလ သမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးခန်းမကြီးသို့ သွားရောက်ကြပါသည်။ သံရုံးဝန်ထမ်းများ စီစဉ်ထားသဖြင့် ဆရာတော်ကြီးများအတွက် မိမိတို့အဖွဲ့လိုက် နေရာရပါသည်။ ဆရာတော်များနှင့် ဒကာများအားလုံး တစ်နေရာတည်းမှာပင် စုစည်းစွာ ထိုင်ကြရပါသည်။ မကွေးဆရာတော်ကား မြန်မာနိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၏ သဝဏ်လွှာ ဖတ်ရန်ရှိ၍ ရှေ့ပိုင်း စင်မြင့်နှင့် နီးကပ် သောနေရာမှာ သီတင်းသုံးပါသည်။ အခမ်းအနားကို စည်ကြီးများတီး၊ ခရုသင်း များမှုတ်၍ ဖွင့်ပါသည်။ စည်တီးသောအဖွဲ့မှာ ကိုရီးယားအဖွဲ့ဟု သိခဲ့ရပါသည်။ စည်တီးသောအဖွဲ့မှာ ဟန်ပန်ပါလှသဖြင့် နှစ်သက်သူ ပိုမိုများပါသည်။ ဝါဆို ဆရာတော်ကြီးလည်း အလွန်သဘောကျပုံရပါသည်။ မကြာမကြာ ချီးကျူးပါ သည်။ စည်ကြီး ကိုးလုံးတွင် အလယ်တစ်လုံးမှာ လူနှစ်ယောက် လက်တွဲ၍ ဖက်ရလောက်အောင် ကြီးမား၍ အခြားစည်များမှာ ထိုစည်ကြီး၏ တစ်ဝက် ခန့်လောက် ကြီးပါသည်။ ထိုစည်များကို တီးသူများသည် ဘောင်းဘီများကို

အကျအန တင်းတင်းကျပ်ကျပ်ဝတ်ဆင်၍ အားမာန်အပြည့်ဖြင့် တီးတုတ်များကို ကိုင်ကာ အားကုန်အင်ကုန် ညီညွတ်စွာ တီးကြသည်မှာ အဆောက်အအုံကြီး၏ အမိုးများ ပွင့်ထွက်သွားလေမည်လားဟု ထင်မိလောက်အောင် ဟိန်းသွားပါသည်။ တီးနေသည်မှာ တစ်ချက် နှစ်ချက်မက သုံးမိနစ်ခန့် ကြာမည်ဟု ထင်ပါသည်။

အခမ်းအနားဖွင့်ပြီးနောက် ထောင်စုနှစ် ကမ္ဘာငြိမ်းချမ်းရေး ထိပ်သီး ညီလာခံကြီး၏ အတွင်းရေးမှူးချုပ် ဘာဝါဂျိန်းက နှုတ်ခွန်းဆက်စကား ပြောကြား ပါသည်။ ဘာဝါဂျိန်း၏ နှုတ်ခွန်းဆက်စကားတွင် ကွဲလွဲချက်များရှိသော်လည်း တူညီသောအချက်များဖြင့် ညီညွတ်စွာ ပေါင်းစပ်၍ ကမ္ဘာငြိမ်းချမ်းရေး သာယာ ရေးကို တစ်စုတစ်စည်းတည်း ကြိုးစားကြဖို့ မေတ္တာရပ်ခံသည့် အဓိပ္ပာယ်များ ပါဝင်ပါသည်။

၎င်းနောက် ထိုင်းနိုင်ငံ ဒုတိယသံဃရာဇာ အပါအဝင် ဗုဒ္ဓဘာသာ ရဟန်းတော်များက ရတနာသုံးပါး၏ ဂုဏ်တော် ရွတ်ဖတ်မှုအပါအဝင် ဟိန္ဒူ ဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဂျိန်းဘာသာ၊ ရှင်တိုဘာသာ၊ ဆစ်ခ်ဘာသာကိုယ်စားပြု ဘာသာရေးခေါင်းဆောင်များက မိမိတို့ဘာသာအလိုက် ကမ္ဘာငြိမ်းချမ်းရေးအတွက် ဆုတောင်းကြပါသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ဝင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက မြန်မာနိုင်ငံ သံဃမဟာ နာယကအဖွဲ့၏ သဝဏ်လွှာကို ဖတ်ကြားပါသည်။ ထောင်စုနှစ် ကမ္ဘာငြိမ်းချမ်း ရေး ထိပ်သီးညီလာခံကြီး၏ ဒုတိယဥက္ကဋ္ဌက အခမ်းအနားသိမ်းစကား ပြောကြား ၍ ဂီတများ တီးလုံးများဖြင့် ညနေ ၇း၀၀ နာရီခန့်တွင် ပထမနေ့ အစည်းအဝေး ရုပ်သိမ်းပါသည်။

## အစည်းအဝေးကြီး ဒုတိယနေ့

၂၉-၈-၂၀၀၀ နံနက် ၉း၃၀ နာရီအချိန်တွင် ဒုတိယနေ့ အစည်း အဝေးကြီးကို ကုလသမဂ္ဂ အထွေထွေညီလာခံခန်းမကြီးမှာပင် ကျင်းပပါသည်။ တီးလုံးများ ဆုတောင်းမှုများဖြင့် အခမ်းအနားဖွင့်၍ အစည်းအဝေးကြီး၏ အဓိကပုဂ္ဂိုလ်များဖြစ်ကြသော -

၁။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၊
၂။ ထောင်စုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးညီလာခံကြီး၏ အတွင်းရေးမှူးချုပ် မစ္စတာ ဘာဝါဂျိန်း၊
၃။ ထောင်စုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးညီလာခံကြီး၏ ဂုဏ်ထူးဆောင် သဘာပတိ မစ္စတာ တက်တာနာ၊ သုံးဦး အတူယှဉ်တွဲကာ စင်မြင့်တွင် နေရာယူကာ အသီးသီး မိန့်ခွန်းပြောကြားကြပါသည်။

သုံးဦးလုံး အထူးကျော်ကြားသောပုဂ္ဂိုလ်များ ဖြစ်သည်အားလျော်စွာ နေပုံထိုင်ပုံ ပြောပုံဆိုပုံ အမူအရာ ကောင်းမွန်ကြပါသည်။ ပထမဆုံး မစ္စတာ ဘာဝါဂျိန်း ပြောဆို၍ ဘာဝါဂျိန်း၏ ပြောပုံ ပြောဟန်မှာ အားလုံးအပေါ်မှာ လေးစားဖော်ရွေမှု အပြည့်အဝ ဖော်ပြ၍ မစ္စတာ ကိုဖီအာနန်၏ ပြောကြားပုံမှာ တည်ကြည်ခံ့ညားသည်ဟု ထင်မြင်ပါသည်။ ကမ္ဘာ့လူဦးရေ၏ ရာနှုန်း ၈၃ ခန့်မှာ ဘာသာရေးနှင့်စပ်လျဉ်းရှိသဖြင့် ဘာသာရေးခေါင်းဆောင်များ၏ အခန်းကဏ္ဍ မြင့်မားကြောင်း စသည် ပြောကြားပါသည်။ မစ္စတာ တက်တာနာက ရွှင်၏။ တသောသော ပွဲကျအောင် ပြော၏။ ဘာသာတရားတွေ ကွဲပြားသော်လည်း ဘုရားမှာ တစ်ဆူတည်းသာရှိမည်ဟု သူယူဆကြောင်း ပြောသွား၏။ မစ္စတာ တက်တာနာ၏ မိန့်ခွန်းကို 'Keynote Address' အစည်းအဝေးအတွက် အဓိက လမ်းညွှန်မှတ်သား သတိထားရမည့် မိန့်ခွန်းဟု ဆိုပါသည်။ အားလုံး ကွဲပြားမှုမရှိစေဘဲ ညီညွတ်ရေးအတွက် အဓိက ဦးစားပေးပြောပါသည်။ ဘာသာစုံမှ ခေါင်းဆောင်အသီးသီး ပါဝင်ဆွေးနွေးကြ၏။ ဗုဒ္ဓဘာသာမှ ဆရာကြီး ဂိုအင်ကာ၏ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံမှ ကမ္မဋ္ဌာန်းကျင့်စဉ် အနှစ်သာရတို့ကို တင်ပြဆွေးနွေးရာ ပရိသတ်များက နှစ်ခြိုက်ကြသည်။ ၁၂း၃၀ နာရီခန့်တွင် အစည်းအဝေး ခေတ္တနား၍ ညနေ ၃း၀၀ နာရီခန့်မှာ အစည်းအဝေးကို ဂျူးဘာသာရေးဆရာ၏ ဆုတောင်းမှုဖြင့် အခမ်းအနား စတင်ကာ မဟာတ္တမဂန္ဓီ၏ မြေး အမျိုးသမီးအပါအဝင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်အများအပြား ပါဝင်ဆွေးနွေးကြပါသည်။ ပြောသူတွေက များလွန်းသဖြင့် ပြောသူ ပြောပုံ စုံအောင် မှတ်တမ်းတင် ဖော်မပြနိုင်ပါ။ အစည်းအဝေးကို ည ၈း၀၀ နာရီကျော်မှ ဆုတောင်းမှုပြုကာ ရုပ်သိမ်းပါသည်။

## အစည်းအဝေးကြီး တတိယနေ့

၃၀–၈–၂၀၀၀ တတိယနေ့ အစည်းအဝေးကို ဝါဒေါ့ဖ်အော်စတိုးရီးယား ဟိုတယ်၌ နံနက် ၉း၀၀ နာရီခန့်မှ စတင်၍ ဘာသာအသီးသီးမှ ခေါင်းဆောင်များ အဆိုအသီးသီး တင်ပြပြီးနောက်ပါဝင်ဆွေးနွေးလိုသူများ တစ်မိနစ်စီ ပါဝင်ဆွေးနွေး ရန် ဖိတ်ခေါ်လိုက်ရာ ပါဝင်ဆွေးနွေးလိုသူတွေ များလွန်းသဖြင့် နောက်ပိုင်းတွင် ခွင့်ပြုမှုကို ရုပ်သိမ်း၍ ရုပ်နားကာ နေ့လယ်ပိုင်း အစည်းအဝေးကိုကား ဘာသာ ရပ်အလိုက် နေရာဌာနခွဲကာ ဆွေးနွေးကြပါသည်။ ဆွေးနွေးသော ဘာသာရပ်များ မှာ –

၁။ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး

၂။ ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း

၃။ ဆင်းရဲမှုကို ပယ်ရှားခြင်း

၄။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ ဖြစ်ကြပါသည်။

ဘာသာရပ်အလိုက် ဆွေးနွေးပွဲများကို စားပွဲဝိုင်းဆွေးနွေးပွဲဟု ခေါ်ပါ သည်။ တွဲဖက်ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီးနှင့် မိမိတို့သည် သံမှူးများနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစည်း အဝေးသို့ တက်ရောက်ကြပါသည်။ သစ်ပင်များ တန်ဖိုးကြီးကြောင်း၊ သစ်ပင်များ မရှိတော့သဖြင့် ထိခိုက်နစ်နာကြောင်း စသည် ဆွေးနွေးကြပါသည်။ မိမိတို့ပါဝင်ရာ အစည်းအဝေးပြီးချိန်တွင် မိမိသည် အခန်းတွင် ပြန်လည်နား၍ ဝါဆိုဆရာတော် ဘုရားကြီးကား 'ဆင်းရဲမှုကို ပယ်ရှားခြင်း' စားပွဲဝိုင်း ဆွေးနွေးပွဲသို့ သွားရောက် လေ့လာရာ သီတဂူဆရာတော် ဦးဉာဏိဿရ ပါဝင်ဆွေးနွေးသည်ကို မြင်ခဲ့ရ၍ ဝမ်းသာကြောင်း ပြောပြပါသည်။

## ညီလာခံ နောက်ဆုံးနေ့

၃၁–၈–၂၀၀၀ နံနက်ပိုင်းတွင် ကမ္ဘာ့ဌာန်းထိုင်မှု အစီအစဉ်တွင် မြန်မာ ကိုယ်စားလှယ်များ ပါဝင်၍ ကမ္မဋ္ဌာန်းထိုင်ကြ၏။ အဖွဲ့ခေါင်းဆောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာ ဘိဝံသ ဆရာတော်ကြီးက ကမ္မဋ္ဌာန်းထိုင်နည်း ပြောပြ၏။ နောက်ဆုံးနေ့

အစည်းအဝေးကြီးကို ဝါဒေါ်ဖ်အော်စတိုးရီးယား ဟိုတယ်ခန်းမကျယ်ကြီး၌ပင် ကျင်းပရာ ထင်ရှားကျော်ကြားသူ များစွာတက်ရောက် ပြောကြားကြ၏။ အစည်းအဝေးကြီးကို အောင်မြင်အောင် ကျင်းပသွားသော ပုဂ္ဂိုလ်များ၏ စွမ်းရည်ကို အလွန်ပင် ချီးကျူးဂုဏ်ပြုသင့်ပါသည်။ အစည်းအဝေးကြီးကို ည ၈း၀၀ နာရီကျော်မှ ဆုတောင်းပွဲများ ဂီတပွဲများ တီးလုံးများဖြင့် ပျော်ရွှင်ကြည်နူးဖွယ် ရုပ်သိမ်းပါသည်။

အစည်းအဝေးကြီး ပြီးဆုံးပြီး နောက်တစ်ရက်ဖြစ်သော ၁–၉–၂၀၀၀ နေ့တွင် မြန်မာသံရုံးမှ သံအမတ်ကြီး ဦးဝင်းမြ ဦးဆောင်ကာ ကမ္ဘာ့ကုလသမဂ္ဂကြီးအတွင်း အခန်းအသီးသီးသို့ လိုက်လံရှင်းလင်းပြသပါသည်။ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်များ၏ ဓာတ်ပုံများ ချိတ်ထားရာနေရာ မြန်မာပြည်မှ လှူထားသော ရွှေချည်ထိုး ပန်းချီကားကြီးနှင့် ငွေဖလားကြီးတို့ထားရာ ဌာနများတွင် အသီးသီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

## ဆရာတော်ကြီးများအား ပူဇော်ပွဲ

၂–၉–၂၀၀၀ နေ့ နံနက် ၉း၀၀ နာရီခန့်တွင် ထောင်စုနှစ် ကမ္ဘာငြိမ်းချမ်းရေးထိပ်သီးညီလာခံကြီးသို့ တက်ရောက်ကြသော မြန်မာနိုင်ငံမှ ဆရာတော်ကြီး (၆) ပါးတို့အား ပူဇော်ပွဲကို နယူးယောက်မြို့ ဘရွတ်ကလင်ရပ်ကွက် လောကချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ဆရာတော် ဦးဣန္ဒက၏ ဦးဆောင်မှုဖြင့် ကျင်းပရာ ဆရာတော်ကြီး (၆) ပါးလုံး သုံးမိနစ်ခန့်စီ ဩဝါဒတရား မိန့်ကြားကြ၍ နိုင်ငံကျော် ဓမ္မကထိက သီတဂူဆရာတော် အရှင်ဉာဏိဿရက အရှင်မဟာသမေပဏ္ဍိတ ရေးသားသော ဂါထာများကို ရွတ်ဆိုကာ ချီးကျူးပူဇော်သည်။

ဆရာတော်ကြီးများအား ပရိသတ်များက စေတနာထက်သန်စွာဖြင့် အကြီးကျယ်ဆုံး အပြည့်စုံဆုံး ဆွမ်းပွဲကြီးများဖြင့် ဆက်ကပ်ပူဇော်ကြသလို နဝကမ္မများလည်း သဒ္ဓါတရား ထက်သန်စွာဖြင့် လာသမျှ ပုဂ္ဂိုလ်အားလုံးပင် လှူသည်ဟု ထင်ရသည်။ လာရောက်သူ တစ်ရာကျော်ပါသည်။

## အပြန်ခရီး

၃-၉-၂၀၀၀ နေ့တွင် အမိမြန်မာနိုင်ငံတော်သို့ ပြန်ရန် စီစဉ်ကြ၏။ အမိမြေကို မြတ်နိုးကြသည့်စိတ်ဓာတ်အရလည်းကောင်း၊ သမိုင်းဝင် ညီလာခံကြီးကို အောင်မြင်ချောမောစွာ တက်ရောက်ခဲ့ပြီးဖြစ်၍လည်းကောင်း ပျော်ရွှင်ကြပါသည်။ နယူးယောက်မြို့မှ ဒေသစံတော်ချိန် ၁၂:၀၀ နာရီတွင် ဂျပန်ပိုင် ANA လေကြောင်းဖြင့် တိုကျိုသို့ ဦးတည်ထွက်ခွာခဲ့ကြရာ လေယာဉ်ပေါ်မှာ အနားယူကြ၊ အရုဏ်ဆွမ်း, နေ့ဆွမ်း စားကြပါသည်။ လေယာဉ်ဝန်ထမ်းများကလည်း လိုလေသေးမရှိ ပြုစုကြသလို အတူလာသော ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များကလည်း အချိန်အဆင်ပြေအောင် စီစဉ်ပေးကြသဖြင့် ဆရာတော်များ ချမ်းသာကြပါသည်။ မြန်မာမှုနှင့် အစားအသောက် မတူသဖြင့် အချို့ဆရာတော်ကြီးများ နှစ်သက်မှု မပြည့်ကြသော်လည်း ဝါဆိုဆရာတော်ကြီးကမူ နှစ်သက်ရွှင်ပျစွာဖြင့် အားရပါးရ ဘုဉ်းပေးတော်မူပါသည်။ မိမိတို့ စီးနင်းလာသော လေယာဉ်ကြီးသည် ၄-၉-၂၀၀၀ နေ့ ၁၄:၄၅ နာရီ အချိန်ရောက်မှ တိုကျိုမြို့ လေဆိပ်သို့ ရောက်ရှိကြပါသည်။ လေယာဉ်စီးချိန် ၁၃:၄၀ နာရီခန့်သာ ကြာသော်လည်း ကမ္ဘာ့နေပတ်လမ်းကြောင်းအရ နေ့များ အချိန်များ များစွာ ခြားနားသွားပါသည်။ တိုကျိုလေဆိပ်တွင် သံအမတ်ကြီး ဒေါက်တာအောင်နိုင် ခေါင်းဆောင်သော အဖွဲ့ဝင်များက အသွားခရီးစဉ်ကကဲ့သို့ အပြန်ခရီးစဉ်မှာလည်း လိုလေသေးမရှိ ပြုစုရုံသာမက လှူဖွယ်များလည်း ဆက်ကပ်ပါသည်။

တိုကျိုလေဆိပ်၌ နှစ်နာရီနီးပါးခန့် အနားယူ၍ ဂျပန်ဒေသစံတော်ချိန် ၁၆:၂၀ နာရီတွင် ဂျပန်ပိုင် လေယာဉ်ကြီးဖြင့်ပင် စင်္ကာပူသို့ ဦးတည်ထွက်ခွာခဲ့ကြရာ ပျံသန်းချိန် ၇:၀၀ နာရီခန့်အကြာ စင်္ကာပူ ဒေသစံတော်ချိန် ၂၂:၁၅နာရီတွင် စင်္ကာပူလေဆိပ်သို့ ရောက်ရှိကြပါသည်။ စင်္ကာပူလေဆိပ်မှ စင်္ကာပူဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်ခေါင်းဆောင်သော အဖွဲ့ဝင်များက ဆရာတော်ကြီးများ ချမ်းသာအောင် တွန်းလှည်းများ စီစဉ်၍ ကြိုဆိုကာ တည်းခိုရာ မြန်မာဘုန်းကြီးကျောင်းသို့ ပို့ပေးကြပါသည်။

စင်္ကာပူ မြန်မာဘုန်းကြီးကျောင်း၌ နှစ်ညအိပ် အနားယူ၍ သွားသင့်သော အရပ်များကို သွားရောက်ကြည့်ရှု လေ့လာကြပါသည်။ စင်္ကာပူမြန်မာဘုန်းကြီး

ကျောင်း၌ သီတင်းသုံးရသည်မှာ ကျောင်းရှိ ဘုန်းကြီးများနှင့် မြန်မာဒကာ ဒကာမ များစွာတို့၏ စေတနာထက်သန်မှုကြောင့် မိမိတို့ မြန်မာနိုင်ငံရှိ ကျောင်းများ၌ သီတင်းသုံးရသည့်ပမာ ချမ်းသာကြည်နူးပါသည်။


၆-၉-၂၀၀၀ နေ့ ဒေသစံတော်ချိန် ၁၃း၁၅ နာရီအချိန်တွင် UB လေယာဉ်ကြီးဖြင့် အမိမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ လေယာဉ်ကြီးသည် မြန်မာလေကြောင်းပိုင် လေယာဉ်ကြီးဖြစ်သည့်အားလျော်စွာ မြန်မာဝန်ထမ်းများချည်းဖြစ်၍ ဆက်ဆံရ အလွန်လွယ်ကူချမ်းသာပါသည်။ ဝန်ထမ်းအားလုံး တာဝန်ကျေကြပါသည်။ မြန်မာစံတော်ချိန် ညနေ ၃း၀၀ နာရီခန့်တွင် အမိမြန်မာနိုင်ငံ၏မြို့တော် ရန်ကုန် မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သာယာချမ်းမြေ့စွာ ရောက်ရှိခဲ့ကြပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို စသော အရာရှိကြီးများ၊ ဆရာတော်ကြီးများ၏ တပည့်သံဃာ ဒကာ ဒကာမများက ဝမ်းသာကြည်နူးစွာဖြင့် ကြိုဆိုကြပါသည်။ လေယာဉ်မှ ဆင်းချိန်တွင် မိုးကြီးကလည်း ကောင်းချီးပေးသည့်အလား အားရပါးရ ရွာသွန်းချနေပါတော့သတည်း။

အရှင်သုမင်္ဂလာလင်္ကာရ (Ph.D)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်
အရှေ့ဝါယာလက် ၂ လမ်း၊ ရေကူး + ကမ္ဘာအေး၊
ရန်ကုန်မြို့။ ဖုန်း ၆၆၁၄၆၇၊ ၆၅၀၃၁၃

<u>ရည်ညွှန်း</u>

- ဝါဆိုဆရာတော်ကြီး၏ 'အဘိဓမ္မာကွန်း' စာစောင်မှ။

✦



အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်

၂၀၀၀ပြည့်နှစ် ဩဂုတ်လ ၂၈ရက်နေ့တွင် ဖွင့်လှစ်သည့်

ကိုးကွယ်မှုနှင့် ဘာသာတရား ခေါင်းဆောင်များ၏

ထောင်ပြည့်နှစ် ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးညီလာခံ၌

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂိယ

မိန့်ကြားတော်မူအပ်သော

ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ်

# လောက သန္တောပါယ သြဝါဒကထာ

ကမ္ဘာ့မိသားစုကြီးသည် ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကိုသာ မျှော်လင့်နေကြပေသည်။ သို့ရာတွင် ထိုမျှော်လင့်ချက်သည် ပျောက်ကွယ်လုနီးပါး ရှိလေပြီ။

အဘယ့်ကြောင့်ဆိုသော် တို့ရဲ့ကမ္ဘာမှာ မတရား လိုချင်မက်မောမှု လောဘ၊ အမုန်းပွား ရန်ငြိုးထားမှု ဒေါသ၊ အမှန်တရားအပေါ် တွေဝေနေမှုနှင့် အမှန်တရားကို မသိမှု မောဟ၊ မိမိကိုယ်ကျိုးအတွက်သာ ကြည့်လိုမှု အတ္တမာန၊ မနာလိုဝန်တိုစိတ် အားကြီးမှု ဣဿာ၊ အကြင်နာမဖက် ရက်စက်မှု ဝိဟိံသာ အစရှိသော ဆိုးညစ်ယုတ်မာသော စိတ်များ တစ်နေ့တခြား တိုးပွားလာနေသော ကြောင့် ဖြစ်ပေသည်။

အဆိုပါ စိတ်ယုတ်မာများသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကို အကြီးအကျယ် အန္တရာယ်ပြုလျက်ရှိနေပေသည်။ စိတ်ဆိုး စိတ်မိုက်သည် လူသားတို့၏ တကယ့်ရန်သူ ဖြစ်ပေသည်။ ဤမကောင်းစိတ်များ၏ အရှိန်အဝါ လွှမ်းမိုးနေသေးသမျှ ကာလပတ်လုံး ကမ္ဘာသူ ကမ္ဘာသားများ၏ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး ရရှိလိုမှု မျှော်လင့်ချက် မှန်သမျှသည် အချည်းအနှီးသာ ဖြစ်ပေလိမ့်မည်။

မကောင်းစိတ် အခြေအနေဆိုးများကို မဖယ်ရှားဘဲ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကို တည်ဆောက်လို့ ရနိုင်မည် မဟုတ်နိုင်ပါ။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကို အခိုင်အမာတည်ဆောက်နိုင်ရန်အတွက် မကောင်းစိတ်များကို ဖယ်ရှားပစ်နိုင်အောင် တို့တစ်တွေ ရှေးဦးစွာ ကြိုးပမ်းကြရမှာ ဖြစ်သည်။

ဤသို့ ကြိုးပမ်းကြရာဝယ် ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး ခိုင်မာတည်မြဲစေရန် မကောင်းစိတ် ဖြစ်ပေါ်မှုကို ဖယ်ရှားပစ်နိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေကြရမည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် ဤမကောင်းစိတ်များ ဘယ်မှာဖြစ်ကြသည်၊ အဘယ့်ကြောင့် ဖြစ်ကြသည်၊ အဘယ်ပုံ ဖြစ်ပေါ်လာကြသည် ဆိုသည်များကို အမှန်အတိုင်း သိရမည်ဖြစ်ပေသည်။

ဤ မကောင်းစိတ်များသည် သဘာဝအမှန်ဖြစ်သည့် 'ဓမ္မ'ကို မသိသောကြောင့် လူသားများ၏ အတွင်းအဇ္ဈတ္တသန္တာန်မှာ ဖြစ်ပေါ်နေကြပေသည်။ မိမိတို့၏ စိတ်အခြေအနေကို အမှန်အတိုင်း မသိကြသည့် ပုဂ္ဂိုလ်များ၏ သန္တာန်၌ မကောင်းစိတ်များ အမြဲပင် ဖြစ်ပေါ်နေတတ်သောကြောင့် ထိုပုဂ္ဂိုလ်များသည် မိမိတို့၏စိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိကြချေ။

ပထမဆုံးအနေဖြင့် သဘာဝတရားကို သိရှိနားလည်ရန် တို့တစ်တွေ ကြိုးစားသင့်ကြပေသည်။ မကောင်းစိတ်များ၏ အကြောင်းရင်းကို သိနိုင်သည့် ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသင့်ကြပေသည်။

ထိုကဲ့သို့ အမှန်အတိုင်း သိရှိနားလည်နိုင်ရန်အတွက် မှန်ကန်သော အသိဉာဏ်နှင့် မှန်ကန်သော အတွေးအကြံ ရှိရမည်ဖြစ်သည်။ မှန်ကန်သောအသိဉာဏ်နှင့် မှန်ကန်သော အတွေးအကြံတို့သည် မှန်ကန်သော ကြိုးပမ်းအားထုတ်

မှု၊ မှန်ကန်သော သတိရှိမှုနှင့် မှန်ကန်သော စိတ်စိုက်တည်ငြိမ်မှုတို့တွင် အခြေခံပေသည်။

မှန်ကန်သော အသိဉာဏ်၊ မှန်ကန်သော အတွေးအကြံ၊ မှန်ကန်သော ကြိုးပမ်းအားထုတ်မှု၊ မှန်ကန်သော သတိရှိမှုနှင့် မှန်ကန်သော စိတ်စိုက်တည်ငြိမ်မှုဟူသည့် ဤအရည်အချင်း ၅ မျိုးကို ရရှိနိုင်ရန်အတွက် ကိုယ်ကျင့်တရားကောင်းမွန်အောင် ပြုစုပျိုးထောင်ရမည်ဖြစ်၏။

ကိုယ်ကျင့်တရားကောင်း ဆိုသည်မှာ အဓိကအားဖြင့် အအမှန်အကန်ပြောဆိုမှု၊ အမှန်အကန် လုပ်ကိုင်ဆောင်ရွက်မှုနှင့် တရားသောနည်းဖြင့်သာ စား၊ ဝတ်၊ နေ၊ ရေး ရှာဖွေရယူမှုတို့ ဖြစ်ပေသည်။

ဖော်ပြပါ အရည်အချင်း ၈ ချက်သည် အကောင်းမွန်ဆုံးသော ဘဝလမ်းစဉ်၏ အခြေခံအင်္ဂါရပ်များဖြစ်ပြီး ဆိုးယုတ်သည့် စိတ်များ၊ မကောင်းစိတ်များ မဖြစ်ပေါ်စေရန် ကာကွယ်နိုင်သည့်အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကိုပါ အာမခံချက် ပေးနိုင်ပေသည်။

အခိုင်အမာ ပြောနိုင်ပါသည်။ ဤကောင်းမွန်သည့် ဘဝလမ်းစဉ်သည် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် တစ်ခုတည်းသော လမ်းစဉ်ဖြစ်ပေသည်။ ဤလမ်းစဉ်ကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်က အထက်မြက်ဆုံးသော ပညာ၊ အကြီးမားဆုံးသော မဟာကရုဏာတို့နှင့် ပြည့်စုံတော်မူသော ရှင်တော်ဘုရားကိုယ်တော်တိုင် တွေ့ရှိတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဘုရားဟောဖော် ဤလမ်းစဉ်တော်သည် ကမ္ဘာ့မိသားစုအပေါင်းအား အမှန်တရားကို သိရှိနားလည်စေပြီး အချင်းချင်းအပေါ် မေတ္တာတရား တိုးတက်ဖြစ်ပွားစေနိုင်သည်။ မေတ္တာစွမ်းအားသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝကို ဖန်တီးပေးနိုင်သဖြင့် ကမ္ဘာ့သူ ကမ္ဘာ့သား လူအများတို့သည် စစ်မှန်သော ငြိမ်းချမ်းမှုအရသာကို ခံစား စံစားနိုင်ကြမည် ဖြစ်ပေသည်။

ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၏ ရန်သူကို တို့တစ်တွေရဲ့ သန္တာန်မှာ မတွေ့တွေ့အောင် ရှာသင့်ပေသည်။ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၏ ရန်သူသည် မိမိတို့၏ အသီးအသီး ကိုယ်တွင်းမှာသာ ရှိနေသောကြောင့် အပြင်မှာ

မရှာသင့်ပါ။ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၏ ရန်သူဆိုသည်မှာ အခြားမဟုတ်ပါ။ ယုတ်မာ ဆိုးဝါးသည့် မကောင်းစိတ်များသာ ဖြစ်ပေသည်။

ဤမကောင်းစိတ်များကို ဖယ်ရှားပစ်ခြင်းဖြင့် စစ်မှန်သော ကမ္ဘာငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့။ ဘုရားမြတ်စွာ ဟောကြားတော်မူခဲ့သည့် မှန်မြတ်သော ဘဝလမ်းစဉ် မဂ္ဂင် ၈ ပါး အကျင့်တရားကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် မကောင်းစိတ်များကို ဖယ်ရှားပစ်ကြပါစို့။

*သတ္တဝါအားလုံး ငြိမ်းချမ်းကြပါစေ။*
*သတ္တဝါအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေ။*

**ဆရာတော် ဘဒ္ဒန္တအဂ္ဂိယ**
ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်

အမေရိကန်နိုင်ငံ နယူးယောက်မြို့

၂၀၀၀ ပြည့်နှစ် ဩဂုတ်လ (၂၈) ရက်နေ့မှ (၃၁) ရက်ထိ ပြုလုပ်ကျင်းပသည့်

ကမ္ဘာ့ကုလသမဂ္ဂ (၂၀၀၀ ပြည့်)

ထောင်စုနှစ် ကမ္ဘာ့ဘာသာရေး ခေါင်းဆောင်များ

ငြိမ်းချမ်းရေး ထိပ်သီးညီလာခံတွင်

အရှင်ဉာဏိဿရ

မြွက်ကြားသည့်

# လက်တွဲလျှောက်ရန် တူညီသောလမ်းကို ရှာကြပါစို့

ရည်ညွှန်း

- Summit Speech by Dr. Ñanissara

✦

အမေရိကန်နိုင်ငံ နယူးယောက်မြို့
၂၀၀၀ ပြည့်နှစ် ဩဂုတ်လ (၂၈) ရက်နေ့မှ (၃၁) ရက်ထိ ပြုလုပ်ကျင်းပသည့်

## ကမ္ဘာ့ဘာသာရေး ခေါင်းဆောင်များ၏ အစည်းအဝေး

## (ဩဂုတ်လ ၂၈ မှ ၃၁ အထိ)

ကုလသမဂ္ဂဌာနချုပ်
နယူးယောက်မြို့ ၊ အမေရိကန်

## ဖွဲ့စည်းပုံ

**Executive Council**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ဥက္ကဋ္ဌ – တက်တာနာ (ခရစ်ယာန်၊ အမေရိကန်)
အတွင်းရေးမှူး – ဘာဝါဂျိန်း (ဂျိန်း၊ အိန္ဒိယ)
အဖွဲ့ဝင်ပေါင်း – (၁၂) ယောက် (ခရစ်ယာန်၊ ဂျူး၊ ဟိန္ဒူ – ၁)

**International Advisery Board**

အပြည်ပြည်ဆိုင်ရာ အကြံပေးအဖွဲ့ (၄၇) ယောက်

ခရစ်ယာန်၊ ဂျူး၊ ဂျိန်း၊ ဟိန္ဒူ၊ မဟတ္တမဂန္ဓီ၏မြေး ELAဂန္ဓီ၊ ဗုဒ္ဓဘာသာ၊ ကမ္ဘောဒီးယား မဟာဃောသာနန္ဒ၊ အစ္စလာမ်ဘာသာဝင် အစုံပါဝင်။

နည်းပညာကူညီရေးအဖွဲ့များ

ဟားဗတ်တက္ကသိုလ်၏ ဘာသာရေး ကိုးကွယ်မှုဆိုင်ရာ ကောလိပ်များ၊ ဘာသာရေး လေ့လာရေးဌာနများ၊ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးတက္ကသိုလ်။ World Faith Council Interfaith Council, Council for Parliament of World Religion New York International Faith Council

အမေရိကန်ပြည် တက္ကသိုလ်ကြီး (၇) ခုမှ ဘာသာရေး၊ သင်ကြားရေး၊ လေ့လာရေး ဌာနများ စသော အဖွဲ့အစည်းနှင့်တက္ကသိုလ်ကောလိပ်ပေါင်း (၁၇) ခု။

အထက်တန်း အထူးအကြံပေးအဖွဲ့ (၇) ဦး

ခရစ်ယာန်၊ ဂျူး၊ အစ္စလာမ်၊ ဟိန္ဒူ၊ မဟာယာန ဗုဒ္ဓဘာသာဝင်များ။

**Director of Public Affairs**

ပြည်သူ့ရေးရာ အထူးညွှန်ကြားရေးမှူး

Pope

ဆက်သွယ်ရေးရာ ညွှန်ကြားရေးမှူး

Anne Glouber

အထက်တန်း ပူးပေါင်းကူညီရေးအရာရှိ

Susan Slack

**Summit** ရုံးအဖွဲ့ဝန်ထမ်းပေါင်း

(၂၁) ယောက်

အချုပ်အကြီးအကဲ

Advisory Council of International Interfaith Organization အကြံပေးကောင်စီ၌ ဘာသာအဖွဲ့ပေါင်း (၁၂) ဖွဲ့၊ တောင်အမေရိက၊ မြောက်အမေရိက၊ အာဖရိက၊ အင်္ဂလန်၊ အိန္ဒိယ၊ ဂျပန်၊ ဘာသာပေါင်းစုံ အဖွဲ့ပေါင်း (၁၂) ခု ပါဝင်။

| | | |
|---|---|---|
| ကောင်စီ၌၊ | အဖွဲ့များ | = (၁၂) |
| ဘုတ်၌၊ | ပုဂ္ဂိုလ်များ | = (၃၆) |

ဘဏ္ဍာရေး

အဖွဲ့လိုက် ကူညီသူများ = UN Foundation, World Foundation, Ford foundation Waldrof Astoria Hotel ဂျပန်၊ ကိုရီးယား၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ ဘာသာရေးအဖွဲ့များ၊ ခရစ်ယာန်အသင်းများ၊ အသင်းအဖွဲ့ပေါင်း (၂၆) ဖွဲ့။

တစ်ဦးတည်းအလှူရှင်

အမေရိကန် ခရစ်ယာန်ဘာသာဝင် Mr. Ted Turner တက်တာနာမှ အမေရိကန်ဒေါ်လာ သန်းတစ်ထောင် လှူဒါန်းသည်။

ရည်ရွယ်ချက် သုံးခု

၁။ Reduction of human and Societal tension through the Elimination of Poverty.
လူ့စားဝတ်နေရေး ဆင်းရဲမှုတို့ကို ပယ်ရှားပေးခြင်းဖြင့် လူသား၊ လူ့အဖွဲ့အစည်းများအကြား တင်းမာမှု ပူပန်မှုတို့ကို လျှော့ပါးစေရေး။

၂။ Programs and policies for common action toward the preservation and enhancement of the environment.
လူ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် အစီအစဉ်နှင့် မူဝါဒများ အကြမ်းဖျဉ်း ချမှတ်ရေး။

၃။ Co-operative measures of addressing the threat to peace in zones of conflict.
ပဋိပက္ခဖြစ်နေကြတဲ့ဒေသများ၌ ငြိမ်းချမ်းရေးအား ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရေးအတွက် ကုလသမဂ္ဂနှင့် လက်တွဲဆောင်ရွက်ရန် ရည်ရွယ်ချက်ကြီး သုံးခုအောက်၌ အခန်းကြီးသုံးခန်းဖြစ်သော –

၁။ The Role of Religions in Conflict Transformation.
ပဋိပက္ခမှုများကို ဖြေရှင်းရာ၌ ဘာသာရေး၏ အခန်းကဏ္ဍ။

၂။ Towards forgiveness and Reconciliation
လူသားအချင်းချင်း ခွင့်လွှတ်ခြင်း သည်းခံခြင်းဖြင့် ပြန်လည်စည်းလုံးညီညွတ်ခြင်း။

၃။ Ending the violence of poverty and environmental Degradation
လူသားတို့၏ ဆင်းရဲနွမ်းပါးမှုနှင့် အဆင့်နိမ့်ကျမှုကြောင့် ဖြစ်ရသော ပဋိပက္ခမှုများကို အဆုံးသတ်ရေး။

ဤ အခန်းကြီး (၃) ခန်းနှင့် အခန်းငယ်ပေါင်း (၂၁) ခန်း ပါဝင်ခဲ့ခြားသတ်မှတ် ဆွေးနွေးကြပါသည်။

## စည်းဝေးပုံ ဆွေးနွေးပုံ

ပထမရက်

UN ခန်းမကြီးထဲတွင် ဘာသာရေးခေါင်းဆောင်များ စုပေါင်း၍ ကမ္ဘာငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာ ပို့ကြသည်။ ဤသို့ ဆုတောင်းမေတ္တာ ပို့ရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာဘက်က ထိုင်း၊ မြန်မာတို့ ပါဝင်ခဲ့ကြပါသည်။ မဟာယာနဗုဒ္ဓဘာသာဘက်မှ တိဘက်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်တို့ ပါဝင်ခဲ့ကြသည်။

ဒုတိယရက်

နံနက် (၇) နာရီတွင် တရားထိုင်ခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းများကို UN ခန်းမကြီးအတွင်း၌ပင် ဆက်လက်ကျင်းပ၍ (၉) နာရီတွင် အစည်းအဝေး စတင်ခဲ့ပါသည်။

ကိုဖီအာနန်က အဖွင့်အမှာမိန့်ခွန်းပြော။

သန်းတစ်ထောင်အလှူရှင် Ted Turner မိန့်ခွန်းပြော။

အတွင်းရေးမှူး ဘာဝါဂျိန်း မိန့်ခွန်းပြော။

ဘာသာရေးခေါင်းဆောင် (၉) ယောက်တို့သည် ခေါင်းစဉ် (၃) ခုကို ဦးတည်၍ ပြောကြပါသည်။

ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် အာဖရိက၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ ရက်အင်ဒီးယန်းလူမျိုးများ၏ အက၊ အဆို၊ အတီးများဖြင့် ဖျော်ဖြေကြပါသည်။

## တတိယရက်နှင့် စတုတ္ထရက် အစည်းအဝေးများ

Waldrof Astoria Hotel ၏ ခန်းမဆောင်ကြီး (၈) ခုထဲ၌ အုပ်စုပေါင်း (၈) စုခွဲပြီး ခေါင်းစဉ်ကြီး (၃) ခုအောက်ရှိ ခေါင်းစဉ်ငယ် (၂၁) ခုတို့ကို ဖိတ်ကြားထားသည့် အဖွဲ့ဝင်ပေါင်း (၁၀၀၀) ခန့်နှင့် တက်ရောက်လေ့လာသူပေါင်း (၁၀၀၀) ခန့်တို့ ရင်းရင်းနှီးနှီး ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ (၃) ယောက်မှ (၁၀) ယောက်အထိ ပါဝင်သော ဘာသာစုံအဖွဲ့ငယ်ကလေးများမှ စာတမ်းများ ရေးသားတင်သွင်း ဖတ်ကြားပါသည်။ တက်ရောက်လာသူများမှ စိတ်ဝင်စားသူများ ပါဝင်ဆွေးနွေးကြပါသည်။ ထိုအစည်းအဝေးကြီးတွင် အခန်းကြီး (၃) ခန်း၊ အခန်းငယ် (၂၁) ခန်းတို့၌ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်ပေါင်း (၁၇၅) ယောက်တို့ ပါဝင်ဆွေးနွေး တင်ပြသွားကြပါသည်။

Transformation of conflict ဆန့်ကျင်ဘက်နှင့် ပဋိပက္ခများ ဖြေရှင်းခြင်းနှင့် ပတ်သက်သော အစည်းအဝေးတွင် **'Let us search for a common platfrom to walk on together.'** ဆိုသော စာတမ်းလေးတစ်ခု တင်သွင်းခဲ့ပါသည်။

Poverty အခန်းကဏ္ဍ၌ စားဝတ်နေရေး ဆင်းရဲမှုထက် စိတ်ဓာတ်ရေး ဆင်းရဲနွမ်းပါးမှုက ပိုဆိုးကြောင်း ပါဝင်ဆွေးနွေးခဲ့ပါသည်။ Common Platform ဆိုသော အကြောင်းအရာကို မေတ္တာနှင့် ခန္တီတို့သည် ဘာသာဝင်အားလုံး လက်တွဲလျှောက်ရမယ့်လမ်းစဉ်အနေနဲ့ Transformation of conflict အခန်းကဏ္ဍတွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မေတ္တာနှင့် ခန္တီသည် From conflict to Reconciliation ငြင်းခုံခြင်းမှ ညီညွတ်ခြင်းသို့ အပိုင်းကဏ္ဍအတွက် အရေးကြီးကြောင်း ပါဝင်ဆွေးနွေးပါသည်။

အစည်းအဝေးကြီးအပြီး (၃၁) ရက်နေ့ ညနေပိုင်း၌ ဘာသာရေးခေါင်းဆောင်အားလုံးတို့သည် အချက်ပေါင်း (၁၀) ချက်ကို ဆုံးဖြတ်ချက်ချ၍ လက်မှတ်ထိုး ထောက်ခံကြေညာခဲ့ပါသည်။ ထိုအချက် (၁၀) ချက်တို့သည် –

၁။ တိုင်းပြည် တစ်ပြည်ချင်းအားဖြင့်လည်းကောင်း၊ ကမ္ဘာကြီး၏ အစိတ်အပိုင်း နေရာဒေသအားဖြင့်လည်းကောင်း၊ တစ်ကမ္ဘာလုံးအနေအားဖြင့်လည်းကောင်း၊ အဖက်ဖက်မှ ငြိမ်းချမ်းရေး ရရှိစေရန်အတွက် ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်အားလုံးတို့သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်တွဲဆောင်ရွက်သွားကြမည်။

၂။ စစ်မက်ကင်း၍ ငြိမ်းချမ်းသောကမ္ဘာတွင် လွတ်လပ်အေးချမ်းစွာ နေထိုင်ရေးအတွက် လူသားတို့၏ဂုဏ်၊ လူသားတို့၏အခွင့်အရေး၊ လူသားတို့၏ဘဝကို အလေးအနက် တန်ဖိုးထားရာ၌ ဘာသာတရားနှင့် စိတ်ဓာတ်ရေးရာ၏ တန်ဖိုးကို ထပ်ဆင့် အလေးထား ဆောင်ရွက်သွားကြမည်။

၃။ ဘာသာရေးကို အကြောင်းပြု၍ ဆူပူအကြမ်းဖက်မှုများကို ရှုံ့ချပြီး ဘာသာရေးနှင့် လူမျိုးရေး ပဋိပက္ခမှန်သမျှကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားကြမည်။

၄။ လူသားအချင်းချင်း သင့်မြတ်မှု ရရှိစေရန်၊ မျှတ သဘောထားကြီးစွာဖြင့် သည်းခံခွင့်လွှတ်ကြရန် အားလုံးသော လူသားများနှင့် အားလုံးသော ဘာသာရေးခေါင်းဆောင်များ ပါဝင်ဆောင်ရွက်သွားရန် နှိုးဆော်တိုက်တွန်းသွားကြမည်။

၅။ လူမျိုး အသားရောင် ကိုးကွယ်သည့်ဘာသာ စသည့် ကွဲပြားမှုကို မကြည့်ဘဲ လူမျိုးမရွေး ဘာသာမရွေး လူသားတိုင်း၏ အခွင့်အရေးဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ကိုင်ရှာဖွေရေး လုံခြုံရေးတို့ကို လူသားအားလုံး အညီအမျှရရှိစေရန် လူသားတိုင်းမှာ တာဝန်အသီးသီးရှိကြောင်းကို ဘာသာရေးခေါင်းဆောင်အားလုံးက လူသားအားလုံးကို နှိုးဆော်သွားကြမည်။

၆။ လက်ရှိ လူနေမှုအဆင့်အတန်း ကွာခြားမှုများကို မျှတညီညွတ်စေရန် နိုင်ငံအချင်းချင်း၊ လူသားအချင်းချင်း၊ ပစ္စည်းဥစ္စာ အတတ်ပညာ အထောက်အပံ့ အကူအညီပေးခြင်းဖြင့် လူ့ဘဝ ဆင်းရဲချမ်းသာ

ကွာခြားမှုကို လျော့ပါးသွားစေရန်အတွက် အချင်းချင်း ကူညီကြရန် ဘာသာရေးခေါင်းဆောင်များက ဦးဆောင် နှိုးဆော်သွားကြမည်။

၇။ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင် အနေအထားကို ထိန်းသိမ်းရန်နှင့် ပြန်လည် ပြုစုပျိုးထောင်ရန်၊ လူသားထုတစ်ရပ်လုံးကို ပညာပေးရန်အတွက် တိုက်တွန်းနှိုးဆော်ရန်ကိစ္စတို့ကို ဘာသာရေးခေါင်းဆောင်များက ဦးဆောင်နှိုးဆော်သွားကြမည်။

၈။ အမျိုးမျိုးသော ဘာသာဝင်အသီးသီး လူမျိုးစု အသီးသီးတို့ ငြိမ်းချမ်းညီညွတ်စွာ ဤကမ္ဘာမှာ နေနိုင်ရေးအတွက် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထား ရိုသေလေးစားမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ သဘောထားကြီးမှု စသော ကောင်းမြတ်သော စိတ်ထားများ ထွန်းကားတိုးတက်လာစေရန် ဘာသာရေးခေါင်းဆောင်များက တိုက်တွန်းနှိုးဆော်သွားကြမည်။

၉။ ဤကမ္ဘာပေါ်ရှိ လူသားအားလုံး လုံခြုံစိတ်ချစွာ အသက်ရှင်နေနိုင်ရေးအတွက် ကမ္ဘာဖျက် အနုမြူလက်နက်ကြီးများနှင့် အခြားဆိုးဝါးပြင်းထန်သော လက်နက်များအားလုံး ဖျက်သိမ်းနိုင်စေရန် ဘာသာရေးခေါင်းဆောင်များသည် ကုလသမဂ္ဂနှင့် လက်တွဲဆောင်ရွက်သွားကြမည်။

၁၀။ ဤကမ္ဘာတွင် လူသားတစ်ယောက်ချင်း၏ အတွင်းစိတ်ဓာတ် ငြိမ်းချမ်းမှုသည် လူ့လောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ် ဖြစ်သည်ဟူသော အချက်ကို လူသားအားလုံး တန်ဖိုးထားကျင့်သုံးကြရန် မိမိတို့၏ အကျင့်အသိကို လူသားတို့အား ဝေငှရန် ဘာသာရေးခေါင်းဆောင်အားလုံးတို့က အဓိဋ္ဌာန်ပြုကြသည်။

- ပဋိပက္ခမှုများနှင့် အကြမ်းဖက်မှုများကို ရှောင်ရှားရန်၊
- အကြမ်းဖက်မှုများ ဖြစ်ပေါ်လာလျှင် မေတ္တာ၊ ကရုဏာ၊ ခန္တီ၊ ပညာတို့ဖြင့် ဖြေရှင်းသွားကြရန်၊
- လူ့တန်ဖိုးနှင့် လူ့အခွင့်အရေးများကို တန်ဖိုးထား လေးစားမြှင့်တင်သွားကြရန်၊

- ဤကိစ္စအားလုံးကို ဘာသာရေးခေါင်းဆောင်အားလုံးတို့က ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်တွဲဆောင်ရွက်သွားကြမည်ဟု အဓိဋ္ဌာန်ပြုကြောင်း ဖော်ပြသောအားဖြင့် အထက်ပါ အချက် (၁၀) ချက်တို့ကို ဘာသာရေးခေါင်းဆောင်များက သဘောတူ လက်မှတ်ရေးထိုးကြေညာလိုက်ပါသည်။


နိဂုံးချုပ်အားဖြင့် –

ဤဘာသာရေးခေါင်းဆောင်တို့၏ အစည်းအဝေးကြီး ပေါ်ပေါက်လာခြင်းသည် "၁၉၆၂-၁၉၇၁ အထိ (၁၀) နှစ်တိုင်တိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်သွားခဲ့သော မြန်မာပြည်သား ဦးသန့်၏ အိပ်မက်ကို ယခုကဲ့သို့ အကောင်အထည်ဖော်ကြခြင်းဖြစ်သည်" ဟု ဤအစည်းအဝေးကြီး၏ အတွင်းရေးမှူးချုပ် ဘာဝါဂျိန်းနှင့် UN အတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့က ပြောကြားသွားပါသည်။

<u>ရည်ညွှန်း</u>

- Summit Speech by Dr. Ñanissara

✦



အမေရိကန်နိုင်ငံ နယူးယောက်မြို့
၂၀၀၀ ပြည့်နှစ် ဩဂုတ်လ (၂၈) ရက်နေ့မှ (၃၁) ရက်ထိ ပြုလုပ်ကျင်းပသည့်
ကမ္ဘာ့ကုလသမဂ္ဂ ( ၂၀၀၀ ပြည့် ) ထောင်စုနှစ် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ
ငြိမ်းချမ်းရေး ထိပ်သီးညီလာခံတွင်

# အရှင်ဉာဏိဿရ

မြွက်ကြားသည့်

# လက်တွဲလျှောက်ရန် တူညီသောလမ်းကို ရှာကြပါစို့

ကျွန်ုပ်တို့လူသားများသည် မမြင်နိုင်သည့် ဖြစ်နိုင်ခွင့်ရှိသည့် စွမ်းရည်သတ္တိများ ကိန်းအောင်းနေသော ထူးဆန်းသည့် သတ္တဝါများဖြစ်ကြသည်။ သူတော်ကောင်းစာတ်လက္ခဏာများနှင့် လူဆိုးလူမိုက် သဘာဝသတ္တိများသည် လူသားတို့သန္တာန်ဝယ် အစဉ်ကိန်းအောင်းလျက်ရှိနေသည်။

*(အနုသယခုနစ်ပါး၊ ဟိတ် ၆ ပါး ပစ္စည်းတရားတို့ကို ရည်ညွှန်းပါသည်။)*

သူတော်ကောင်း သူယုတ်မာစာတ်တို့သည် တစ်စုံတစ်ခုသော တန်ခိုးအာဏာ ပြင်ပစွမ်းရည်တို့ကို မသုံးမူ၍ ပင်ကိုရှိသော အကြောင်းသတ္တိ

အားလျော်စွာ မမှျော်လင့်သော အချိန်နေရာမှာ ကျွန်ုပ်တို့၏ ဘဝမျက်နှာပြင်သို့ ပေါ်ထွက်လာနိုင်ကြသည်။ ထို သူတော်ကောင်းစာတ်၊ သူယုတ်မာစာတ်တို့သည် အဆင့်ပေါင်းများစွာဖြင့် ကိုယ်တွင်း၌ လွှမ်းမိုးလျက်ရှိကြသည်။

မပြတ်မောင်းနှင်နေသည့် စက်ယန္တရားသဖွယ်ဖြစ်သည့် အလွန်အစွမ်းထက်သော လူသားတို့၏ စိတ်အစဉ်ဝယ် ကိုယ်ကျင့်သီလ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ပညာ ဟူသော ရတနာသိုက်ကြီးနှင့် ရက်စက်ကြမ်းကြုတ်ခြင်း၊ မနာလိုဝန်တိုခြင်း၊ ကောက်ကျစ်ယုတ်မာ စဉ်းလဲခြင်းဟူသော အညစ်အကြေးပုံကြီးကို ကျွန်ုပ်တို့ ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။

ထိုအရည်အချင်းတို့ကို တိုးတက်ပွားများအောင် လေ့ကျင့်နေခြင်းဖြင့် ကျွန်ုပ်တို့သည် လူသားများအတွက် ကောင်းကျိုးချမ်းသာပေးမည့် ကျေးဇူးရှင်များလည်း ဖြစ်လာနိုင်ပါသည်။ လူ့လောကကြီးကို ဒုက္ခပေးမည့် နတ်ဆိုးများလည်း ဖြစ်လာနိုင်ပါသည်။ လူ့လောကကြီးအတွက် မှန်မြတ်သော လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ကျွန်ုပ်တို့ကိုယ်ကို မှန်မြတ်သောအဆင့်သို့ မြှင့်တင်လိုကြပါလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သန္တာန်ဝယ် ကိန်းအောင်းနေသော ယုတ်မာမှုအားလုံး အကြွင်းမဲ့ ပယ်ရှားရန်နှင့် မြင့်မြတ်သည့်စိတ်ဓာတ်နှင့် သူတော်ကောင်းမျိုးစေ့များကို ပြုစုပျိုးထောင် ပွားများရန် အကောင်းဆုံး အမြင့်ဆုံး ကြိုးစားအားထုတ် လေ့ကျင့်ကြရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကိုယ်တွင်းသန္တာန်ဝယ် ကိန်းအောင်းနေသော တန်ဖိုးမဖြတ်နိုင်သည့် ရတနာသိုက်ကြီးကို ဖော်ထုတ်ရန် တရားနှင့်လျော်သော သည်းခံမှု၊ တရားနှင့်လျော်သော အားထုတ်မှုနှင့် မွန်မြတ်သော အလိုဆန္ဒများ အဆက်မပြတ် အလွန်လိုအပ်ကြပါသည်။ မိမိတို့သန္တာန်မှာ ကိန်းအောင်းနေသည့် ရတနာသိုက်ကို ဖော်ထုတ်ခြင်းနှင့် အညစ်အကြေးပုံကြီးကို စွန့်ပစ်ခြင်းဟူသည့် အလုပ်ကို မဖွံ့ဖြိုးသည့်လူမျိုး ဆင်းရဲသားများပင်လျှင် လုပ်နိုင် အားထုတ်နိုင်သည့် အလုပ်ကိစ္စမျိုးဖြစ်ပါသည်။

သို့ဖြစ်ခြင်းကြောင့် လူသားများ၏ ဘဝတန်ဖိုးကို မြှင့်တင်ရာ၌ စီးပွားဥစ္စာ ရာထူးအာဏာတို့သည် အမှန်တကယ် မရှိမဖြစ်သော အရာဝတ္ထုများ မဟုတ်ကြပါ။ အမှန်စင်စစ် လူသားတို့၏ ဘဝတန်ဖိုးကို ရှာဖွေစုဆောင်းမြှင့်တင်

ရာ၌ ကောက်ကျစ်ခြင်း၊ ရက်စက်ယုတ်မာခြင်း၏ မျိုးစေ့များကို ဖယ်ရှား သုတ်သင်ခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်း၊ အကျင့် ကောင်းခြင်း၊ ချစ်ခြင်း၊ သနားခြင်း၊ အသိပညာဖြင့် စူးစမ်းခြင်းတို့ကို ပြုစု ပျိုးထောင်၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းတို့သည်သာ ပဓာနကျသော အရည်အချင်းများ ဖြစ်ကြပါသည်။

ဤအချက်၌ အလွန်ပြင်းထန်သော အဖျက်ဓာတ်တစ်ခုသည် လူသား တို့သန္တာန်၌ ကိန်းဝပ်လျက်ရှိပါ၏။ ၎င်းမှာ ဒေါသပင်ဖြစ်သည်။ ထိုမကောင်းသော အဖျက်ဓာတ်အ င်အားစုကို ဖယ်ရှားနိုင်ရုံသာမက လူသားတို့ကို မွန်မြတ်သော အဆင့်သို့ ပို့တင်ပေးနိုင်သော တည်ဆောက်ရေးစွမ်းအားစု အကျင့်မြတ်သည် မေတ္တာ (အဒေါသ) ပင် ဖြစ်ပါသည်။

လူသားတို့၏ ဘဝသမိုင်းတွင် ဖျက်မရအောင် အမည်းစက်များ စွန်းထင်းစေခဲ့ပြီး များစွာသော ကြောက်မက်ဖွယ်ကောင်းသည့် ယုတ်မာမှုကြီးများ ဖြစ်ပေါ်စေသည်မှာ တာဝန်ရှိသော လူသားတို့သန္တာန်ဝယ် ကိန်းဝပ်နေသော မကောင်းဓာတ်တစ်ခု ဖြစ်သည့် ရက်စက်ခြင်း – ဟိံသနာ တရားပင်ဖြစ်သည်။ ထို ဝိဟိံသရောဂါကို ကုသရန် အကောင်းဆုံးဆေးကား သနားစောင့်ရှောက်ခြင်း ကရုဏာတရားပင် ဖြစ်ပါသည်။

လူသားအချင်းချင်း တိုင်းပြည်အချင်းချင်း မူဝါဒ နည်းစနစ်အချင်းချင်း အား အပြန်အလှန် အဆိပ်ဖြစ်စေသည့် မကောင်းသောဓာတ်တစ်ခုမှာ ဣဿာ (မနာလိုခြင်း) တရားပင် ဖြစ်ပါသည်။ အဆိပ်သဖွယ်ဖြစ်သည့် ဤဣဿာတရား သည် လူသားအချင်းချင်း ဆိုးရွားသော လုပ်ကြံမှုများနှင့် အလွန်အန္တရာယ်များ သော ထိပ်တိုက်ရင်ဆိုင် အပြိုင်အဆိုင်ပြုမှုများကို ဖြစ်ပေါ်စေပါသည်။ အဆိပ်သင့် မူးယစ်ဆေးဝါးသဖွယ်ဖြစ်သည့် ဤဣဿာတရားကို အကောင်းဆုံး ကုနိုင်မည့် နတ်ဆေးကား သူတစ်ပါးတို့၏ ကောင်းကွက်ကလေးများကို စိတ်ဝင်စား ဝမ်းသာတတ်သည့် မုဒိတာပင် ဖြစ်ပါသည်။

လူသားတို့၏ စိတ်ဓာတ်တည်ငြိမ်အေးချမ်းမှု၊ ညီညွတ်မှုကို ပြောင်းပြန် လှန်စေနိုင်သော လူသားတိုင်းနှင့် သက်ဆိုင်သော အချက်နှစ်ခုမှာ နှစ်သက်ဖွယ် သော အာရုံများကို တပ်မက်ခြင်းနှင့် မနှစ်သက်ဖွယ် အာရုံများအပေါ်၌ ဒေါသ

ဖြစ်ခြင်းတို့ပင် ဖြစ်ပါသည်။ ဥပေက္ခာဘာဝနာသည် ထိုဆန့်ကျင်ဘက်နှစ်ခုလုံးကို ဖယ်ရှားနိုင်သည်။

ဤ မွန်မြတ်သန့်စင်သော အကျင့်တရားလေးပါးတို့ကို ဗြဟ္မစရိယ တရားလေးပါး (သို့) ဗြဟ္မဝိဟာရ တရားလေးပါးဟု ခေါ်ဆိုနိုင်ပါသည်။ အကယ်၍ လူသားတို့သည် ဤအကျင့်မြတ်လေးပါးတို့ကို စိတ်ဆန္ဒထက်သန်စွာ ထိထိရောက်ရောက် ကျင့်ကြံအားထုတ်နိုင်ကြပါလျှင် အထက်ပါ အကျင့်မြတ်လေးပါးတို့က စိတ်ဓာတ်ရေးရာ အောက်တန်းကျနေပြီဖြစ်သော ကမ္ဘာကြီးကို မြှင့်တင်နိုင်ရန် စွမ်းနိုင်ကြမည် ဖြစ်ပါသည်။

လူသားအားလုံးတို့သည် ကိုးကွယ်သည့် ဘာသာ၊ ပြောဆိုသည့် ဘာသာစကား၊ အသားအရောင်၊ လူမျိုးလူတန်းစား မခွဲခြားမူ၍ တညီတညွတ်တည်း စိတ်ဆန္ဒပြင်းပြစွာဖြင့် ဤအကျင့်မြတ်လေးပါးတို့ကို ကျင့်ကြံအားထုတ်နိုင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာကြီးကို သန္တိသုခကမ္ဘာကြီးအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်ကြမည်ဖြစ်ပါသည်။ ထိုအခါ ထိုသန္တိသုခကမ္ဘာကြီး၌ ကျွန်ုပ်တို့အားလုံး တစ်ခုတည်းသော ကမ္ဘာ၏စံပြကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် ညီညွတ်ငြိမ်းချမ်းစွာ နေထိုင်နိုင်ကြမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဤ ဗြဟ္မစရိယ အကျင့်မြတ်လေးပါးတို့ကို ချွင်းချက်မရှိ သတ္တဝါလောက ကမ္ဘာလောကတစ်ခုလုံး ပျံ့နှံ့ရောက်ရှိစေရန် ပွားများကျင့်ဆောင်သင့်ကြပါသည်။ ဤအကျင့်မြတ်လေးပါးတို့၏ အကျိုးဆက်ကား ကြီးမြတ်သော သဘောထားပင် ဖြစ်ပါသည်။ လူသားတိုင်း လူမျိုးတိုင်းတို့သည် မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ ကျေးဇူးရှင်များ ဖြစ်သင့်ပါသည်။

မေတ္တာဘာဝနာသည် လူသားတို့၏ စိတ်နှလုံးကို နူးညံ့စေပါသည်။ ကမ္ဘာ့နိုင်ငံများ၏ အသင်းအဖွဲ့များကို စစ်လက်နက်ပစ္စည်း အကူအညီများ ပေးကမ်းထောက်ပံ့ကြမည့်အစား မေတ္တာဟူသည့် သန့်ရှင်းမွန်မြတ်သော အထောက်အပံ့ အကူအညီကို ပေးကမ်းခြင်းသည်သာ အကူအညီကင်းမဲ့နေသော ဤကမ္ဘာကြီး၌ အမှန်တကယ် လိုအပ်သော ထိရောက်သော အကူအညီကို ပေးရာရောက်ပေမည်။ အမှန်စင်စစ် မေတ္တာဟူသည် မိမိနှင့် သူတစ်ပါး နှစ်ဦးသားတို့

အကြားမှာ ခွဲခြားမှုမပြုဘဲ လူသားအားလုံး၏ အကျိုးစီးပွားနှင့် စစ်မှန်သော ငြိမ်းချမ်းရေး ချမ်းသာရေးအတွက် ရိုးသားဖြူစင်သောဆန္ဒကို ခေါ်ဆိုရခြင်းဖြစ်ပါသည်။

ကိုယ်တိုင် ရင်မှာလွယ်၍ မွေးထားသော သားတစ်ယောက်တည်းရှိသော မိခင်သည် ထိုသားအား မိမိအသက်ကိုပင် စွန့်၍ စောင့်ရှောက်လေဘိသကဲ့သို့ ကျွန်ုပ်တို့သည် လူ့လောကကြီးတစ်ခုလုံးအပေါ်မှာ အပိုင်းအခြားမရှိသော မိခင်စိတ်နှင့်တူသော မေတ္တာကို ဖြန့်ချိပို့လွှတ်သင့်ကြပါသည်။ ဤသည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်ပါသည်။

ထို့ကြောင့် 'မေတ္တာဟူသည် ရာဂတဏှာနှင့် ရောနှောသော ချစ်ခြင်းမဟုတ်၊ မိခင်က သားကို ချစ်သကဲ့သို့ သန့်ရှင်းသော ချစ်ခြင်းပင်' ဖြစ်ပါသည်။ ထိုနည်းတူစွာ အခြားတိုင်းပြည် အခြားလူမျိုးများအပေါ်၌ ကျွန်ုပ်တို့ထားသော မေတ္တာသည် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေး ချမ်းသာရေး အကျိုးစီးပွားတိုးတက်ရေးအတွက် ရိုးသားသောဆန္ဒ၊ ရိုးသားသန့်ရှင်းသော ချစ်ခြင်းသာ ဖြစ်ရပါမည်။

ကျွန်ုပ်တို့သည် နိုင်ငံရေးအယူအဆ မတူမျှခြင်းဟူသော အတားအဆီးကြီးကို ပြတ်ပြတ်သားသား ဖယ်ရှားလျက် အားလုံးသော တိုင်းပြည်၊ နိုင်ငံလူမျိုး လူတန်းစား ကမ္ဘာသူ ကမ္ဘာသား လူသားအားလုံးအပေါ်၌ အပိုင်းအခြား အဆီးအတားမရှိသည့် ကမ္ဘာ့ညီအစ်ကိုမောင်နှမ စိတ်ဓာတ်ကို တိုးပွားအောင် ကြိုးစား ဖြန့်ချိရမည်ဖြစ်ပါသည်။

ကမ္ဘာကြီး၏ အကျိုးစီးပွားနှင့် စစ်မှန်ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် ရိုးသားဖြူစင်သောဆန္ဒဟု ဆိုရသည့် ဤမေတ္တာသည် နိုင်ငံရေးညီအစ်ကိုမောင်နှမ စိတ်ဓာတ်မျိုးမဟုတ်၊ လူမျိုးရေး၊ အမျိုးသားရေး၊ ဘာသာရေး ညီအစ်ကိုမောင်နှမ စိတ်ဓာတ်မျိုး မဟုတ်ပါ။ နိုင်ငံရေး ညီအစ်ကိုမောင်နှမစိတ်ဓာတ် ဆိုသည်မှာ နိုင်ငံရေးဝါဒ အယူအဆတူကြသူများ၏ စိတ်ဓာတ်ပင် ဖြစ်ပါသည်။ ဥပမာ - ဒီမိုကရေစီ ညီအစ်ကိုမောင်နှမများ၊ ဆိုရှယ်လစ် ညီအစ်ကိုမောင်နှမများ၊ ကွန်မြူနစ် ညီအစ်ကိုမောင်နှမများ စသည်တို့ ဖြစ်ပါသည်။ လူမျိုးစု ညီအစ်ကိုမောင်နှမနှင့် အမျိုးသားရေး ညီအစ်ကိုမောင်နှမများ ဆိုရာမှာလည်း လူမျိုးတူ၊ နိုင်ငံတူ ညီအစ်ကိုမောင်နှမစိတ်ဓာတ်များကိုသာလျှင် တင်းကြပ်ကျဉ်းမြောင်းစွာ ပြောဆို

ဤသို့လျှင် ကျဉ်းမြောင်းသော လူမျိုးချစ်စိတ်များ လွှမ်းမိုးပြီး ကျယ်ပြန့်သော လူသားချစ်စိတ်ဓာတ်များ ခေါင်းပါးမှုတို့ကြောင့် ငါ့အမျိုး မြတ်သည်၊ သူ့အမျိုး ယုတ်သည်၊ ငါတို့ဝါဒ မြတ်သည်၊ သူတို့ဝါဒ ယုတ်သည် စသည်ဖြင့် မကြာခဏ ငြင်းခုံခဲ့ကြသည့်အတွက် ထိုငြင်းခုံကြသူတို့သည် ကြမ်းတမ်းသော စစ်ပွဲကြီးများ၊ သနားခြင်းကင်းမဲ့စွာ ကောင်းကင်က ဗုံးမိုးရွာခြင်းများဖြင့် လူသားပေါင်းများစွာတို့၏ အသက်တို့ကို သတ်ခဲ့ဖူးကြကုန်ပြီ မဟုတ်ပါလော။ အလွန်လျှင် ကြမ်းတမ်းရက်စက်သော ဒုတိယကမ္ဘာစစ်ကြီး၏ အဖြစ်အပျက်များသည် ယနေ့ထက်တိုင် ကမ္ဘာသူ ကမ္ဘာသားအားလုံး မေ့မရနိုင်လောက်အောင် စိတ်နှလုံးနာကျင်စွာ ထိခိုက်လျက် ရှိနေသေးသည်မှာ သင်ခန်းစာပင် ဖြစ်ပါသည်။ ဆူပူလှုပ်ရှားသည့် အပြုအမူများ၊ ချောင်းမြောင်းပုန်းအောင်း၍ လုပ်ကြံသတ်ဖြတ်ခြင်းများသည် ဤကမ္ဘာမှ ကွယ်ပျောက်သင့်ပါပြီ။ ဤအပြုအမူ အမူများကို ရှောင်ရှားသင့်ကြပါသည်။ လူမျိုးရေးနောက်ခံနှင့် ယုံကြည်မှု မတူကြသော်လည်း သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ချစ်ခြင်းတို့ကို အခြေခံ၍ လူသားအားလုံး ညီညွတ်သော ပေါင်းသင်းဆက်ဆံရေးကို တည်ဆောက်သင့်ကြပါသည်။

မေတ္တာတရားဆိုသည်မှာ ဘာသာရေးအရ ချစ်သည့် ဘာသာရေး ညီအစ်ကိုမောင်နှမစိတ်ဓာတ်မျိုး မဟုတ်ပါ။ ကမ္ဘာ့ဘာသာရေးသမိုင်းကိုကြည့်လျှင် အကန့်အသတ်ဖြင့် ချစ်ကြသည့် ဘာသာရေး ညီအစ်ကိုမောင်နှမ စိတ်ဓာတ်များကြောင့် ဘာသာရေးငြင်းခုံမှုများ၊ ဘာသာရေးပဋိပက္ခများ၊ အမည်ခံသက်သက်မျှဖြစ်သော မွန်မြတ်သော စစ်ပွဲဟု ခေါ်ကြသည့် ဘာသာရေးစစ်ပွဲများသည် ဘာသာတရားအဓိပ္ပာယ်နှင့် မေတ္တာကရုဏာ ကင်းမဲ့စွာ ဖြစ်ပေါ်ခဲ့ဖူးကြပါပြီ။ ရိုးသားဖြူစင်စွာ ပွင့်လင်းမှန်ကန်စွာ ပြောဆိုရေးသားခဲ့ကြသော အမျိုးသား အမျိုးသမီး အချို့ အရှင်လတ်လတ် မီးရှို့အသတ်ခံရခြင်း စသည်များ ရှိခဲ့ဖူးသည်မှာ ဘာသာတရားနှင့် လူသား တခြားစီ ဖြစ်ခဲ့ကြသည့် သက်သေသာဓကများ ဖြစ်ကြပါသည်။ ပြင်လို့မရ ဖျက်လို့မရသည့် ကမ္ဘာ့သမိုင်းတို့၌ ဖော်ပြထားသည့်အတိုင်း မြောက်မြားစွာ လွန်ကျူးခဲ့ကြသော မိုက်မဲသည့် ပြစ်မှုကြီးများသည် ကမ္ဘာ့သမိုင်းတွင် ညစ်ထေးရိုင်းပြစွာ စွန်းထင်းခဲ့ပြီး ဖြစ်လေသည်။ ရက်စက်သော ဘာသာရေးစစ်ပွဲကြီးများ ဖြစ်ပေါ်ခဲ့သည်ကို ကမ္ဘာ့သမိုင်း၏ စာမျက်နှာမှာ ရေးထိုးထားခဲ့ကြပြီးဖြစ်သည်။

လူသားတို့အတွင်း နူးညံ့သော ဆက်ဆံမှု၊ ခိုင်မြဲသော ငြိမ်းချမ်းမှု၊ အနှစ်သာရရှိသော ချမ်းသာမှုတို့ကို တည်ဆောက်ရန် ရိုးသားသော သန့်ရှင်းသော ဘာသာရေးနိုးကြားမှုနှင့် ညီညွတ်မှုများသည် ကိုယ်ကျင့်တရား ခန်းခြောက်နေသော ယနေ့ကမ္ဘာ၌ အထူးပင် လိုအပ်လျက်ရှိနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသီးသီးသော ဘာသာရေးခေါင်းဆောင်များနှင့် စိတ်ဓာတ်ရေးပညာရှိများ၏ မွန်မြတ်သော စည်းမျဉ်းနှင့် မူဝါဒများကို အခြေခံ၍ ချစ်ခြင်း၊ သနားခြင်း၊ ကျိုးကြောင်းဆင်ခြင်သိမြင်ခြင်း၊ သုံးသပ်ခြင်း၊ တရားမျှတခြင်း၊ ညီညွတ်ခြင်းဖြင့် ပြည့်ဝသော သန့်ရှင်းအသုံးဝင်သည့် လူ့ဘောင် လူ့လောကသစ်တစ်ခုကို ဂရုတစိုက် သတိပညာဖြင့် တည်ဆောက်ရမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓက "အချင်းချင်း ခိုက်ရန်ပြုခြင်းကို ရန်တုံ့ပြန်ခြင်းဖြင့် မငြိမ်းချမ်းနိုင်၊ ရန်ကို မေတ္တာဖြင့်သာ ငြိမ်းချမ်းစေနိုင်၏။ ဤသည်ကား ရှေးဟောင်းကမ္ဘာ့ဥပဒေဖြစ်သည်။ နောက်နောင်မှာလည်း ဤဥပဒေအတိုင်းပင် ဖြစ်သည်" ဟု ဟောတော်မူခဲ့ပါသည်။

မေတ္တာတရားသည် ထိန်းသိမ်းဆောက်တည်ရာ၌ ငြိမ်းချမ်းသည့် စွမ်းအားတစ်ခုဖြစ်သည်။ ထို့ကြောင့် မေတ္တာတရား၌ အဖျက်ဓာတ်၏ လွှမ်းမိုးမှုများကို တုံ့ပြန်တတ်သော စွမ်းရည်သတ္တိရှိပါသည်။ ဥပမာ – မုန်းတီးခြင်းကို အကြောင်းပြု၍ တွေးသမျှ အတွေးအခေါ်တို့သည် မည်သည့်ဝါဒ နည်းစနစ်မှာမဆို အဆိပ်နှင့်တူသော အဆိုး၊ မကောင်းကျိုးတို့ကိုသာ ဖြစ်စေတတ်ကြပါသည်။ အခြားတစ်ဖက်မှာ မေတ္တာကို အရင်းခံသော အတွေးအကြံများသည် အေးချမ်းသော ညီညွတ်သော ချမ်းသာသော ကြွယ်ဝသော စိတ်ဓာတ် ရုပ်ဓာတ်ဆိုင်ရာ အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေပါသည်။

မြတ်ဗုဒ္ဓသည် လူသားတို့၏ ဘဝပြဿနာ အထွေထွေကို ဖြေရှင်းနိုင်ရန်၊ တင်းမာမှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရန်၊ လွတ်မြောက်နိုင်ရန် နည်းလမ်းကို ရှာဖွေရာ၌ ကိုယ်ကျင့်တရား၏ အရေးပါပုံကို အလေးအနက် ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တကိုယ်ကောင်းမဆန်သည့် အတွေးအခေါ်များ၊ မည်သူ့ကိုမျှ ရန်မပြုသော အတွေးအခေါ်များ၊ ဆူပူသောင်းကျန်းခြင်း၊ ရက်စက်ခြင်းကင်းသော အတွေးအခေါ်များ စသည့် မှန်သော

အတွေးအခေါ် သမ္မာသက်ပွတရားများကို အလေးအနက် လေ့ကျင့်ယူရန် အထူး လိုအပ်ပါသည်။

ယနေ့ ကမ္ဘာကြီးတွင် များစွာသော ရက်စက်ကြမ်းကြုတ်မှုများ၊ ဆင်းရဲဒုက္ခများ၊ စစ်ဘေးကိုတွေး၍ ကြောက်ရွံ့စိုးရိမ်ခြင်းများ၊ ဆူပူလှုပ်ရှား သောင်းကြမ်းမှုများဖြင့် ပြည့်လျက် ရှိနေသည်။ တိုင်းပြည်များနှင့် လူများကလည်း လက်နက်တွေ အပြိုင်လုပ်၊ စစ်ကိုပြင်၊ လက်နက် တန်ဆာဆင်နေကြပါသည်။ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည်အကြား လုပ်ဆောင်နေကြသည့် လက်နက်ပြိုင်ပွဲ တွေ အကြားတွင် လူသားများသည် အသက်အန္တရာယ်နှင့် အမြဲရင်ဆိုင်နေရပြီး ထိတ်လန့်စိုးရိမ်နေကြရပါသည်။ ထိုကဲ့သို့ ပြင်ဆင်ထားသော လက်နက်များ သည် အချိန်အခါမရွေး လူသားတို့၏ အသက်ပေါင်းများစွာကို သေစေဖို့အတွက် ပစ်လွှတ်ရန် အဆင်သင့်အနေအထားမှာ ရှိနေကြသည်။ သို့ဖြစ်ခြင်းကြောင့် ယနေ့ ကမ္ဘာသည် ပြည့်စုံငြိမ်းချမ်းသော၊ ညီညွတ်သော ကမ္ဘာတစ်ခုအတွင်း၌ လူသားအားလုံး ညီအစ်ကိုမောင်နှမများသဖွယ် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင် ရေးအတွက် ကျယ်ပြန့်သော မေတ္တာ၊ အတိုင်းအတာ ပမာဏမရှိသော ကရုဏာ၊ အပြစ်ကင်းသော ဝမ်းမြောက်ခြင်း မုဒိတာ၊ ကြီးကျယ်မြင့်မြတ်သော သည်းခံခြင်း၊ မှန်ကန်သော အသိအမြင်နှင့် သဘောထားကြီး၍ ရိုးဖြောင့်ခြင်းတည်းဟူသော လူ့အရည်အချင်းတို့ကို အမှန်ပင် မဖြစ်မနေ လိုအပ်နေပြီ ဖြစ်ပါသည်။

- ကျွန်ုပ်တို့သည် ကမ္ဘာကြီး၏ ရန်သူဖြစ်သော ဒေါသအာဃာတကို ပယ်သတ်နိုင်စေရန် ရိုးသားဖြူစင်သော ချစ်ခြင်းမေတ္တာကို ပွားများ ရမည်ဖြစ်ပါသည်။
- ကျွန်ုပ်တို့သည် လူသားတို့၏ ရန်သူဖြစ်သော ရက်စက်ခြင်း၊ ဟိံသနာကို ဖယ်ရှားနိုင်စေရန် တန်ဖိုးကြီးမားလှသော သနား ကြင်နာခြင်း ဟူသည့် ကရုဏာကို တိုးချဲ့ပွားများရမည် ဖြစ်ပါ သည်။
- ကျွန်ုပ်တို့သည် မုဝါဒစနစ်အားလုံးတို့၏ အဆိပ်သဖွယ်ဖြစ်သည့် ဣဿာ မနာလိုခြင်းဟူသော အဆိပ်ကို ကာကွယ်နိုင်စေရန် သန့်ရှင်းစွာ ဝမ်းမြောက်ခြင်းဟူသော မုဒိတာကို ပွားများရမည် ဖြစ်သည်။

- ကျွန်ုပ်တို့သည် အဝိဇ္ဇာကြောင့်ဖြစ်သော နှစ်သက်ဖွယ်အာရုံများ အပေါ်၌ ငြိကပ်ခြင်းတဏှာနှင့် မနှစ်သက်ဖွယ် အာရုံများပေါ်၌ ဒေါသဖြစ်ခြင်းတို့ကို ဖယ်ရှားပစ်ရန် ဥပေက္ခာတရားကို ပွားများရမည် ဖြစ်ပါသည်။

ယနေ့ကမ္ဘာဝယ် ရုပ်ဝတ္ထုရှုထောင့်က ကြည့်လျှင် စက်မှုပညာ၊ နည်းပညာ၊ လျှပ်စစ်ပညာ၊ သိပ္ပံပညာတို့၏ တိုးတက်မှုမှာ အမြင့်ဆုံးအဆင့်သို့ ရောက်နေကြသော်လည်း လူသားတို့၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမှာ တဟုန်ထိုး ကျဆင်းလျက် ရှိနေပြီး ဆင်းရဲမွဲပြာကျနေပေသည်။ ယနေ့ခေတ် လူအများစု၏ စိတ်သန္တာန်ဝယ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ပညာအစစ် ဉာဏ်အစစ်တို့မှာ ခေါင်ပါးကင်းမဲ့လျက် ရှိနေကြသည်။ ထို့ပြင် လူငယ်မျိုးဆက်သစ်များမှာလည်း စက်မှုသိပ္ပံ၊ နည်းပညာလျှပ်စစ်ပညာတို့ ကြွယ်ဝနေကြသော်လည်း ကိုယ်ကျင့်တရားနှင့် မွန်မြတ်သောစိတ်မှာ ခန်းခြောက်လျက် ရှိနေပေပြီ။ တိုင်းပြည်နှင့်လူမျိုး ကြီးပွားတိုးတက်ရေးအတွက် ရုပ်ဝတ္ထုနှင့် စိတ်ဓာတ်ပါ နှစ်ခုလုံး တိုးတက်ရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် ယနေ့ တိုးတက်မှုသည် စိတ်ဓာတ်ဖွံ့ဖြိုးမှုနှင့် ရုပ်ဓာတ် တိုးတက်မှု ဤနှစ်ခု ဟန်ချက်မညီ ဖြစ်နေပါသည်။

ယနေ့ လူသားများ၏စိတ်ဓာတ် မွဲပြာကျ ဆင်းရဲမှုကို မြှင့်တင်ရန် ကြိုးစားအားထုတ်ကြရာ၌ အားလုံးသော ဘာသာရေးခေါင်းဆောင်များ၊ စိတ်ဓာတ်မြှင့်တင်ရေး ပညာရှင်များသည် ခေတ်သစ်ပညာရေးနှင့် ကိုယ်ကျင့်တရား ပညာရေးနှစ်ခု အညီအမျှ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေးစနစ် တည်ဆောက်ပုံ အဆောက်အအုံကြီး တစ်ခုလုံးကို အစမှ အခြေခံမှစ၍ တအုံလုံး ပြုပြင်ပြင်ဆင်ရမည်ကို သတိပြုသင့်ပေသည်။

ယေဘုယျအားဖြင့် အမှန်တကယ် ကောင်းမွန်သော ပညာရေးစနစ်သည် လူသားတို့၏ ကျဆင်းနေသော စိတ်အရည်အချင်းနှင့် ကိုယ်ကျင့်တရားကို မြှင့်တင်ပေးရေး၊ စား၊ နေ၊ ဝတ်၊ ဆင်းရဲခြင်း၊ လူနေမှုစနစ် နိမ့်ကျခြင်းတို့မှ လွတ်မြောက် ထွက်ပေါက်ရရေးအတွက် တာဝန်ယူနိုင် ညီမျှအောင် လုပ်ဆောင်နိုင်ရမည်ဖြစ်သည်။

ဆိုလိုသည်မှာ စိတ်နေသဘောထား အောက်တန်းကျမှုနှင့် လူနေမှုစနစ် နိမ့်ကျမှုကို ဟန်ချက်ညီအောင် မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်မျိုးကို ပြောင်းလဲ တည်ထောင်ရမည်ဟု ဆိုလိုသည်။ ယနေ့ ရုပ်ဝတ္ထုတိုးတက်ရေးသည် ကောင်းစွာ လုံလောက် ပြည့်စုံပါသည်။ သို့သော် ယနေ့ ရုပ်ဝတ္ထုကမ္ဘာ၌ စိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးတိုးတက်မှုသည် အနိမ့်ဆုံးအနေအထားသို့ ဆင်းနေပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် လူသားတို့၏ စိတ်ဓာတ်ကို မြှင့်တင်ရန် အထူးသဖြင့် ယနေ့ကမ္ဘာရှိ ကျွန်ုပ်တို့၏ သားငယ် သမီးငယ်များ၏ ကိုယ်ကျင့် တရားကို ပညာရေးစနစ်သစ်တစ်ခုဖြင့် ကြိုးစားမြှင့်တင်ပေးရန် အထူးလိုအပ်နေ ပါသည်။ ထိုသို့ မြှင့်တင်ဖို့ရန် ကျွန်ုပ်တို့သည် တိုင်းပြည်နိုင်ငံအသီးသီး၏ ပညာရေးစနစ်ကြီးတစ်ခုလုံးကို ပြောင်းလဲဖို့ ပြုပြင်မြှင့်တင်ဖို့ လိုအပ်ပေသည်။

ကိုယ်ကျင့်တရားဆိုင်ရာ ပညာရေးစနစ်၊ ဘာသာရေးဆိုင်ရာ ပညာရေး စနစ်၊ စိတ်ဓာတ်နှင့် အတွေးအခေါ်ဆိုင်ရာ ပညာရေးစနစ်၊ သက်ဆိုင်ရာ တိုင်းပြည် နှင့် လူမျိုးတို့၏ ဘာသာရေးယဉ်ကျေးမှု ရေမြေသဘာဝ လူနေမှုတို့နှင့် လျော်ညီ စွာ စီမံကိန်းများ၊ နည်းစနစ်များ၊ သင်ကြားပို့ချပုံများကို ရေးဆွဲလုပ်ကိုင် ဆောင် ရွက်သင့်ပြီဟု အကြံပြုပါသည်။

ဤသို့သော ကမ္ဘာ့လိုအပ်ချက်များကြောင့် ကျွန်ုပ်တို့ ဘာသာရေး ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စိတ်ဓာတ်ရေးခေါင်းဆောင်တို့သည် တူညီသော မျှော်လင့်ချက်၊ တူညီသော ယုံကြည်ချက်၊ တူညီသော ခံယူချက်၊ တူညီသော အတွေးအခေါ်၊ တူညီသော စီမံချက်ဟူသည့် တစ်ခုတည်းသော လမ်းပေါ်မှာ လက်တွဲအတူလျှောက်နိုင်ရန် တစ်ခုတည်းသော စားပွဲမှာ အတူ တွေ့ဆုံကြဖို့ လိုအပ်နေသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ထို့ပြင် ညီညွတ်သော ဘုရင့်နိုင်ငံတော် (UK)၊ ညီညွတ်သော ပြည် နယ်များ (US)၊ ညီညွတ်သောနိုင်ငံများ (UN) တို့ကဲ့သို့ ညီညွတ်သော ဘာသာရေးအဖွဲ့များ (United Religions UR) ဟု တစ်ခုတည်းသော အစည်း အရုံးကြီးတစ်ခု တည်ထောင်ဖို့ လိုအပ်ကြောင်း အကြံပြုပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ညီညွတ်သော ဘာသာရေးအဖွဲ့ (UR) ကို ဖွဲ့စည်းနိုင်ခဲ့လျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ကူညီ၍ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လူသား တို့၏ ဘဝပြဿနာများကို ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

- စိတ်ဆိုးခြင်းကို မေတ္တာဖြင့် အောင်မြင်ရာ၏။
- စိတ်ထားကောက်ကျစ်ခြင်းကို စိတ်ဓာတ်ကောင်းမြတ် ဖြောင့်မတ်ခြင်းဖြင့် အောင်မြင်ရာ၏။
- တကိုယ်ကောင်းဆန် တစ်ယောက်ကောင်းကြံစည်မှုကို ရက်ရောစွာ ပေးကမ်းခြင်း ဝေငှခြင်းဖြင့် အောင်မြင်ရာ၏။
- မမှန်စကားပြော လှည့်ဖြားသောအကျင့်ကို အမှန်အဖြောင့် ပြောကြားခြင်းဖြင့် အောင်မြင်ရာ၏။

ဤသည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်ပါသည်။

ယုံကြည်မှု၊ ခံယူချက်၊ အယူဝါဒ မတူမှုသည်ကို အကြောင်းပြု၍ ကျွန်ုပ်တို့အချင်းချင်း လမ်းကြောင်းတစ်ခုပေါ်မှာ လက်တွဲမလျှောက်နိုင်ကြသေးလျှင် ကမ္ဘာ့ညီအစ်ကိုမောင်နှမစိတ်ဓာတ်မျိုး မထားနိုင်ကြသေးလျှင် ကမ္ဘာကြီးကို ချစ်ခြင်း၊ သနားခြင်းဖြင့် စောင့်ရှောက်နေကြသော ဆရာပေါင်းများစွာ၊ ခေါင်းဆောင်ပေါင်းများစွာတို့၏ များစွာသောအဖွဲ့များ၏ အကျိုးပြု ဆောင်ရွက်ချက်များသည် ကမ္ဘာ့အကျိုးစီးပွားကို ဆောင်ရွက်နေလျက်နှင့်ပင် အကျိုးမပြီး အချည်းနှီးဆုံးရှုံးလွဲချော်သွားကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့ လူသားအားလုံးသည် တစ်ခုတည်းသော ကမ္ဘာကြီး၏ ကမ္ဘာ့တိုင်းရင်းသားများဖြစ်ကြသည့်အားလျော်စွာ မေတ္တာနှင့် ခန္တီဟူသော အများဆိုင်လမ်းကြောင်းပေါ်မှာ ကမ္ဘာ့ညီအစ်ကိုမောင်နှမစိတ်ဖြင့် အားလုံး လက်တွဲလျှောက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ သို့သော် ဤစိတ်ထားနှင့် ဤကျင့်စဉ်သည် လက်တွေ့မှာ လွယ်ကူပုံမပေါ်ဟု ဆိုလိုက ဆိုနိုင်ပါသည်။ သို့ရာတွင် ချစ်ခြင်းနှင့် သည်းခံခြင်းဟူသော တူညီသော လမ်းကြောင်းပေါ်မှာ ညီအစ်ကိုမောင်နှမစိတ်ဖြင့် အားလုံး လက်တွဲလျှောက်ခြင်းသည် ကမ္ဘာဖျက် လူသတ်လက်နက်ကြီးများ ထုတ်လုပ်ခြင်း၊ ရက်စက်ကြမ်းကြုတ်သော စစ်ပွဲကြီးများကို ဆင်နွှဲခြင်းထက် ပို၍လည်း မခက်ပါ။ ပို၍လည်း စိတ်ညစ်ပင်ပန်းဖွယ် မရှိပါဟု ပြောချင်ပါသည်။


မှန်ပါသည်။ လူသားအချင်းချင်းအပေါ် မေတ္တာထားခြင်း၊ သည်းခံခွင့်လွှတ်ခြင်းသည် ကမ္ဘာဖျက် လက်နက်ကြီးများ ထုတ်လုပ်ခြင်း၊ ကမ္ဘာဖျက်

စစ်ပွဲကြီးများ ဆင်နွှဲခြင်းလောက် မခက်ခဲရုံမျှမက လက်တွေ့လည်း ပိုကျ၍ ကောင်းကျိုးလည်း ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ချစ်ခြင်း၊ သည်းခံခြင်းဖြင့် အတူတကွ လက်တွဲကြပါစို့၊ ကမ္ဘာ့ညီအစ်ကိုမောင်နှမ စိတ်ဓာတ်ကို တည်ဆောက်ကြပါစို့၊ အများဆိုင်လမ်းမပေါ်မှာ လက်တွဲလျှောက်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသတည်း။

သစ္စာတရားနှင့် ခန္တီဓာတ်ကို ကမ္ဘာအရပ်ရပ် ပျံ့နှံ့ထွန်းကားပါစေ။ မေတ္တာနှင့် ခန္တီတရား နေရာတိုင်း လူသားတိုင်းမှာ ထွန်းကားပါစေ။ သတ္တဝါအားလုံး ငြိမ်းချမ်းခြင်း၊ ချမ်းသာခြင်းကို အပြည့်အဝ အစစ်အမှန် ရရှိကြပါစေ။

*စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။*

အရှင်ဉာဏိဿရ
သီတဂူ ဗုဒ္ဓဝိဟာရ
အော်စတင်မြို့၊ တက္ကဆက်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
ဩဂုတ်လ (၂၄) ရက်၊ ၁၃၆၂ ခု၊ ဝါခေါင်လပြည့်ကျော် (၁၀) ရက်



## ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး ဦးဂိုအင်ကာ ၏

# အဇ္ဈတ္တ ငြိမ်းချမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး

၂၀၀၀ ခုနှစ်၊ ဩဂုတ်လနှောင်းပိုင်း၌ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ကမကထပြုမှုဖြင့် ကုလသမဂ္ဂ၌ ကျင်းပသော ကမ္ဘာ့ ဘာသာရေး သာသနာရေး ခေါင်းဆောင်ပေါင်း (၁၀၀၀) ပါဝင် စုဝေး တက်ရောက်သော ထောင်စုနှစ် ကမ္ဘာ့ဘာသာရေး ထိပ်သီးညီလာခံကြီး တွင် ဂုရုကြီး ဦးဂိုအင်ကာလည်း ပါဝင်တက်ရောက်ခဲ့သည်။ ဤညီလာခံ ၏ ဦးတည်ချက်မှာ စိတ်ရှည် သည်းခံမှုကို တိုးမြှင့်ရန်၊ ငြိမ်းချမ်းရေးကို တိုးပွားစေရန်၊ ဘာသာအချင်းချင်း အပြန်အလှန် ပြောဆိုဆွေးနွေးရေးကို အားပေးရန်တို့ဖြစ်သည်။

ညီလာခံကြီး၌ မတူညီသော ရှုထောင့်၊ မတူညီသော အမြင် ပေါင်းများစွာကို တင်ပြခဲ့ကြပြီး သဘောထားကွဲလွဲရန် အလားအလာ သည်လည်း ကြီးမားလာခဲ့သည်။ ညီလာခံကိုယ်စားလှယ်ကြီးများသို့ တင်ပြသော ဦးဂိုအင်ကာကြီး၏ တင်ပြဆွေးနွေးချက်မှာ ဘာသာရေး လမ်းစဉ်အားလုံး၌ လူသားအားလုံးနှင့် သက်ဆိုင်သော သဗ္ဗသာ ဓာရဏ ဓမ္မ ဟူသော ဘုံတူညီချက် ပါရှိနေကြကြောင်း မီးမောင်းထိုး စမ်းပြခဲ့ သည်။ သူ၏ မှတ်ချက်ပေး ပြောကြားချက်များကို ထပ်တလဲလဲ မစဲသော လက်ခုပ်သြဘာသံများဖြင့် လက်ခံခဲ့ကြသည်။

မိတ်ဆွေများနဲ့ဓမ္မရေး ဘာသာရေးလောကမှ ခေါင်းဆောင်ကြီးများခင်ဗျား...

ဒီနေရာဌာနမှာ ဒီလိုအံ့ဩဖွယ်ကောင်းလှတဲ့ ညီလာခံ အခါသမယကြီး ဖြစ်ပေါ်လာတဲ့အတွက် ကျွန်တော်တို့က ကမကထပြု ဆော်ဩစည်းရုံးတဲ့ပုဂ္ဂိုလ်များကို ကျေးဇူးဥပကာရ တင်ရှိလှပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အားလုံး စုရုံးပြီး လူသားထုအားလုံးရဲ့ အကျိုးကို ဆောင်ရွက်နိုင်ကြပါတယ်။ အခု ကျင်းပတဲ့ အခါသမယကြီးဟာ ကျွန်တော်တို့အားလုံး ပေါင်းစည်းပြီး လူသားထု အတွက် အကျိုးဆောင်ရွက်နိုင်တဲ့ အံ့ဩဖွယ် အခါသမယကြီးလည်း ဖြစ်ပါတယ်။ *ဘာသာရေးဟာ ပေါင်းစည်းညီညွတ်မှုကို ဖန်တီးနေရင် ဘာသာရေးပဲ မည်ပါတယ်။ ပေါင်းစည်းညီညွတ်မှုကို ဖြိုးခွဲပြီဆိုရင်တော့ ဘာသာရေးဟာ ဘာသာရေး မဟုတ်တော့ပါဘူး။* (လက်ခုပ်သံများ)။ ဘာသာရေးဆိုတာ လူတွေကို ကွဲပြားခြားနားစေဖို့ မဟုတ်ပါဘူး။ လူတွေကို ပေါင်းစည်းညီညွတ်စေဖို့ပဲ ဖြစ်ပါတယ်။ (လက်ခုပ်သံများ)။

ဘာသာကူးပြောင်းမှုနဲ့ပတ်သက်လို့ စကားတွေ အများကြီး ပြောဆိုခဲ့ကြပါပြီ။ ကူးပြောင်းမှုကို ထောက်ခံကြတာရှိသလို၊ ဆန့်ကျင်ကြတာတွေလည်း ရှိပါတယ်။ ကျွန်တော်ကတော့ ကူးပြောင်းမှုကို ထောက်ခံတဲ့သူပါ။ မဆန့်ကျင်ပါဘူး။ (ပရိသတ်ကြီး အာရုံစိုက် အကဲခတ်နေကြ၏။) ဒါပေမဲ့ ကျွန်တော်ထောက်ခံတဲ့ ကူးပြောင်းမှုဆိုတာက ဘာသာရေးအဖွဲ့အစည်းတစ်ခုက တခြားဘာသာရေးအဖွဲ့အစည်းတစ်ခုကို ကူးပြောင်းတာကို ဆိုလိုတာမဟုတ်ပါဘူး။ အဲဒါမျိုး မဟုတ်ပါဘူး။ *မုန်းဆင်းရဲမှုကနေ ငြိမ်းချမ်းပျော်ရွှင်မှုကို ကူးပြောင်းတာကို ဆိုလိုတာပါ။ နှောင်ဖွဲ့မှုကနေ လွတ်မြောက်မှုကို ကူးပြောင်းတာကို ဆိုလိုတာပါ။ ရက်စက်မှုကနေ သနားကြင်နာမှုကို ကူးပြောင်းတာကို ဆိုလိုတာပါ။* (လက်ခုပ်သံများ)။ ဒါဟာ ဒီနေ့ခေတ်ကြီးမှာ လိုအပ်နေတဲ့ ကူးပြောင်းမှုဖြစ်ပါတယ်။ ဒီအချက်ဟာ ဒီကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ အဓိက ထားသင့်တဲ့ အချက်ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ရှေးပဝေသဏီ အိန္ဒိယနိုင်ငံကြီးကနေ ကမ္ဘာကြီးနဲ့ လူသားတွေကို ငြိမ်းချမ်းရေး၊ ညီညွတ်သင့်မြတ်ရေး သဝဏ်မှာတမ်းကို ပေးကမ်းခဲ့ရုံတွင် မကသေးဘဲ သစ္စာအလင်းဉာဏ် ပေါက်မြောက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများ

ဟာ ငြိမ်းချမ်းရေး၊ ညီညွတ်သင့်မြတ်ရေးကို ဖော်ဆောင်ပုံ နည်းနာနိသျှတွေကို လည်း ပေးကမ်းခဲ့ကြပါတယ်။ ကျွန်တော့်အဖို့မှာတော့ လူ့အဖွဲ့အစည်းကြီးရဲ့ ငြိမ်းချမ်းရေးအတွက် စဉ်းစားရာမှာ လူတစ်ဦးချင်းရဲ့ကိစ္စကို လျစ်လျူရှုထားလို့ မရဘူး ထင်ပါတယ်။ *လူတစ်ဦးချင်းရဲ့စိတ်ထဲမှာ ငြိမ်းချမ်းမှုမရှိဘူးဆိုရင် လူ့လောက ကမ္ဘာကြီးမှာ စစ်မှန်တဲ့ငြိမ်းချမ်းရေး ရှိတယ်ဆိုတာ ကျွန်တော်ကတော့ဖြင့် နားမလည် နိုင်ပါဘူး။* (လက်ခုပ်သံများ)။ ကျွန်တော့်မှာ ယောက်ယက်ခတ်တဲ့စိတ် ရှိနေ မယ်ဆိုရင် တစ်ချိန်လုံး ဒေါသတွေ၊ အမုန်းတရားတွေ၊ စိတ်ဆိုးစိတ်ယုတ်တွေ၊ ရန်ငြိုးတွေ ရှိနေမယ်ဆိုရင် ကမ္ဘာကြီးကို ကျွန်တော်က ဘယ်လိုလုပ်ပြီး ငြိမ်းချမ်း ရေး ပေးစွမ်းနိုင်ပါ့မလဲ။ (လက်ခုပ်သံများ)။ ကျွန်တော့်ကိုယ်မှာ ငြိမ်းချမ်းရေးမှ မရှိဘဲကိုး။ ကျွန်တော်ဟာ စိတ်မငြိမ်သက်တဲ့သူ ဖြစ်နေပြီကိုး။

ဒါကြောင့် သစ္စာအလင်းဉာဏ် ပေါက်မြောက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများက မှာကြားထားခဲ့ကြပါတယ်။ *ပထမဦးဆုံး မိမိကိုယ်မှာ ငြိမ်းချမ်းရေးရအောင် ရှာပါ* တဲ့။ ဒီတော့ မိမိရဲ့သန္တာန်မှာ ငြိမ်းချမ်းမှုအစစ် ရှိသလား၊ မရှိဘူးလားဆိုတာ စူးစမ်းကြည့်ရမယ်။ အားလုံးသော ပညာရှိသုခမိန်ကြီးများ၊ သူတော်ကောင်းကြီး များ၊ လောကကို ကြည့်ရှုစောင်မသူကြီးများက မိမိကိုယ်ကို သိအောင်လုပ်ပါလို့ အကြံပေးခဲ့ကြပါတယ်။ *သိအောင်လုပ်ပါဆိုပေမယ့် အပေါ်ယံဦးနှောက် အသိဉာဏ် သက်သက်လောက်နဲ့ သိရမှာမဟုတ်ပါဘူး။ စိတ်ကြည်နူး နှစ်သက်မှု၊ ရှိခိုးပူဇော် ကိုးကွယ်ပသမှု အဆင့်လောက်ကို လက်ခံရုံမျှနဲ့ သိတာမျိုးကို ပြောတာ မဟုတ်ပါ ဘူး။* တကယ့်ကိုယ်တွေ့ ကျင့်ကြံအားထုတ်လို့ သိရတဲ့ အစစ်အမှန် အဆင့်မျိုးနဲ့ သိတာမျိုးကို ဆိုလိုတာပါ။ မိမိသန္တာန်မှာရှိတဲ့ မိမိနဲ့ပတ်သက်တဲ့ အမှန်တရား တွေကို ကိုယ်တွေ့အားထုတ်လို့ သိရတဲ့ အဆင့်မျိုးနဲ့ စတင်တွေ့ကြုံ သိမြင်ပြီ ဆိုရင်တော့ အခက်အခဲပြဿနာ အများအပြားဟာ ပြေလည်ရှင်းလင်းသွားပါ တော့တယ်။

လောကသုံးပါးရဲ့ အမှန်သစ္စာဖြစ်တဲ့ သဘာဝနိယာမတရားကြီးကို စပြီး သိရှိနားလည်လာပြီပေါ့။ ခေါ်ချင်သေးတယ်ဆိုရင် အနန္တတန်ခိုးတော်ရှင် ထာဝရသခင်ရဲ့ နိယာမအမှန်တရားလို့ ခေါ်လိုက်ဦးပေါ့။ ဒီလောကသုံးပါး အမှန်သစ္စာတရားဟာ လူတစ်ဦးချင်းရော၊ လူအားလုံးပါ အသုံးပြုလို့ရတဲ့

တရားပါ။ မိမိရဲ့ အဇ္ဈတ္တကို စတင်ရှုပွားတဲ့အခါ မိမိမှာ ဒေါသတွေ၊ အမုန်းတရားတွေ၊ စိတ်ယုတ်စိတ်ဆိုးတွေ၊ ရန်ငြိုးတွေ ဖန်တီးဖြစ်ပေါ်နေတယ်ဆိုတာ တွေ့ရတော့တာပါပဲ။ ဒီအခါမှာ *ဪ...ငါဟာ ငါ့ဒေါသရဲ့ ပထမဆုံးသော စားစာခံ သားကောင်ဖြစ်နေပါပကောလား* လို့ ချက်ချင်းပဲ သိလိုက်ရတယ်။ မိမိဟာ မိမိရဲ့သန္တာန်မှာ ဖန်တီးလိုက်တဲ့ အမုန်းတရား ရန်ငြိုးတွေရဲ့ ပထမဆုံးခံရတဲ့ စားစာခံ သားကောင်ပဲ ဖြစ်ပါတယ်။ (လက်ခုပ်သံများ)။ မိမိကိုယ်ကို ထိခိုက်နစ်နာအောင် လုပ်ပြီးတဲ့နောက်မှသာ တခြားသူကို ထိခိုက်နစ်နာစေပါတယ်။ မိမိက အလျင်ဦးစွာ ခံရတာပါ။ ဒါဟာ သဘာဝနိယာမတရားပါပဲ။

မိမိရဲ့သန္တာန်ကို ရှုဆင်ခြင်လိုက်တယ်ဆိုရင် မိမိရဲ့စိတ်ထဲမှာ မကောင်းတဲ့ အကုသိုလ်စိတ်တွေ ဖြစ်ပေါ်ဖန်တီးလိုက်တာနဲ့တစ်ပြိုင်နက် ရုပ်ပိုင်းဆိုင်ရာဘက်မှာ တုံ့ပြန်မှုတွေ အများကြီး ဖြစ်လာတယ်ဆိုတာ တွေ့လာရပါတော့တယ်။ ဒီတုံ့ပြန်မှုတွေက ဘာလဲဆိုတော့ ခန္ဓာကိုယ်ဟာ ပူလောင်စပြုလာတယ်။ ကိုယ်အပူချိန် တိုးလာတယ်။ နှလုံးခုန် မြန်လာတယ်။ စိတ်က တင်းမာပြီး မွန်ထူလာတယ်။ ဒီတော့ မိမိဟာ ဆင်းရဲဒုက္ခခံစားရတဲ့လူ ဖြစ်နေပြီပေါ့။ *မိမိမှာ အကုသိုလ်စိတ်တွေ ဖြစ်ပေါ်လာပြီး ပူလောင်ဆင်းရဲလာပြီဆိုရင် ဒီပူလောင်ဆင်းရဲမှုကို မိမိထံမှာပဲ နေပေးပါလို့ ကန့်သတ်ချုပ်ချယ်ထားလို့ မရပြန်ပါဘူး။ မရတဲ့အပြင် မိမိရဲ့ပူလောင်ဆင်းရဲမှုကို သူတစ်ပါးအပေါ်ဖြန့်ကြဲနေမိပြန်တယ်။* မိမိနဲ့ ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ပူလောင်တင်းမာစေတော့တာကြောင့် မိမိနဲ့ပေါင်းသင်းဆက်ဆံနေကြရတဲ့သူတိုင်းဟာလည်း (မိမိစာတ် ကူးသွားပြီး) ပူလောင်ဆင်းရဲသွားကြရပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ ငြိမ်းချမ်းမှုအကြောင်း၊ ပျော်ရွှင်ချမ်းမြေ့မှုအကြောင်းတော့ ဟောပြောနေပါတယ်။ တစ်တေတေကို ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ခန္ဓာကိုယ်မှာ ဖြစ်ပျက်နေတာတွေက ဟောပြောတာထက် ပိုပြီး အရေးကြီးပါတယ်။ ပြီးတော့တစ်ခါ မိမိမှာ အကုသိုလ်တွေ ကင်းရှင်းနေပြန်တယ်ဆိုရင် စိတ်ဟာလည်း စင်ကြယ်နေတယ်။ ဒီတော့ သဘာဝနိယာမတရားကြီးက သူ့အလုပ်ကို စလုပ်ပြန်ပါပြီ။ စိတ်ထဲမှာ အကုသိုလ်တွေ မရှိတဲ့ ဒီအခိုက်ကလေးမှာ မိမိသန္တာန်ထဲ ရှုကြည့်လိုက်တဲ့အခါ ဟော...ကြည့်စမ်း။ သဘာဝနိယာမမေမွက ငါ့ကို ဆုလာဘ်တွေ ပေးနေပြန်ပါပြီကော။ ငါဟာ သိပ်ငြိမ်းချမ်းတယ်ဆိုတာ တွေ့ရပြန်တယ်။

ဒါကြောင့် ဒီဘာသာ၊ ဟိုဘာသာ၊ ဒီယဉ်ကျေးမှုအစဉ်အလာ၊ ဟိုယဉ်ကျေးမှုအစဉ်အလာ၊ ဒီတိုင်းပြည်၊ ဟိုတိုင်းပြည် ဆိုတာတွေနဲ့ ပတ်သက်နေတဲ့ ဘယ်သူမဆို သဘာဝနိယာမကို ချိုးဖောက်ပြီး မိမိစိတ်ထဲ အကုသိုလ်တွေ ဖြစ်ပေါ်စေမယ်ဆိုရင်တော့ ထိုပုဂ္ဂိုလ်ဟာ ဧကန်မုချ ဆင်းရဲလာရတော့တာပဲ။ သဘာဝဓမ္မက ဒီလူကို ဒဏ်အပြစ်ပေးနေပြီလေ။ *မိမိရဲ့သန္တာန်မှာ လောင်တဲ့ ငရဲမီးပေါ့။ ဒီအတွင်း ငရဲမီးကို စတင်ခံစားရပြီဆိုရင် ဒါဟာ ကိုယ်ပျိုးတဲ့မျိုးစေ့ပါပဲ။ သေသွားပြီးရင်လည်း အခုပျိုးလိုက်တဲ့ ငရဲအပူမီးကလွဲလို့ တခြား ဘာမှရှာမှာ မဟုတ်ပါဘူး။* (လက်ခုပ်သံများ)။ ဒါ သဘာဝနိယာမသက်သက်ပါပဲ။ ပြီးတော့တစ်ခါ မိမိစိတ်ကို စင်ကြယ်အောင်ထားပြန်ပြီး မေတ္တာ ကရုဏာတွေနဲ့ အပြည့်ဖြစ်နေပြန်ပြီဆိုပြန်တော့ ကောင်းကင်သုခဘုံကြီးမှာ မိမိခံစားနေရပြန်တာပဲပေါ့။ (လက်ခုပ်သံများ)။ ဒီမျိုးစေ့တွေက ဒီလူသေပြီးတဲ့နောက်မှာလည်း ချမ်းသာသုခ အသီးတွေကလွဲလို့ တခြားဘာအသီးကိုမှ ပေးဆက်အပ်နှင်းမှာ မဟုတ်ပါဘူး။ *မိမိကိုယ်ကို ဟိန္ဒူလို့ ခေါ်ခေါ်၊ မွတ်ဆလင်လို့ပဲ ခေါ်ခေါ်၊ ခရစ်ယာန်၊ ဂျိန်း စသဖြင့် ခေါ်ချင်ရာခေါ် ဘာမှမထူးခြားပါဘူး။ လူဟာ လူပါပဲ။ လူ့စိတ်ဟာ လူ့စိတ်ပါပဲ။* (လက်ခုပ်သံများ)။

ဒါကြောင့် ကူးပြောင်းမှုဆိုတာ မစင်ကြယ်တဲ့စိတ်ကနေ စင်ကြယ်တဲ့ စိတ်ကိုပဲ ကူးပြောင်းသင့်ပါတယ်။ လူတွေဟာ ဘယ်လိုများ ပြောင်းလဲသွားကြတာပါလဲ။ ဒီလိုမျိုးအကုသိုလ်က ကုသိုလ်စိတ်ကို ကူးပြောင်းတဲ့ အံ့ဩဖွယ် ကူးပြောင်းမှုတွေ ဖြစ်ပေါ်လာတာဟာ ပဋ္ဌလက်နည်း မျက်လှည့်နည်းတွေ၊ အံ့ဖွယ်သရဲ တန်ခိုးတွေကြောင့် လုံးဝမဟုတ်ပါဘူး။ ဒီပြောင်းလဲမှုဟာ မိမိတို့ရဲ့အဇ္ဈတ္တ သန္တာန်မှာရှိတဲ့ ရုပ်နဲ့နာမ်တို့ အပြန်အလှန် ကျေးဇူးပြု ဖြစ်ပျက်နေကြတာကို ရှုမှတ်ရတဲ့ သိပ္ပံနည်းစနစ်ကြောင့်ပါပဲ။ နာမ်တရားက ရုပ်တရားအပေါ် စိုးမိုးခြယ်လှယ်နေပုံ၊ ရုပ်တရားက နာမ်တရားအပေါ် စိုးမိုးစီမံနေပုံတွေပါပဲ။ အဲဒီလိုဆက်ကာ ဆက်ကာ ရှုသွားမယ်ဆိုရင် ငါ အကုသိုလ်တွေ ဖန်တီးတဲ့အခါ ဒုက္ခခံစားရတယ်။ အကုသိုလ်တွေက ကင်းလွတ်နေတဲ့အခါ ငြိမ်းချမ်းမှု ပြေပြစ်မှုတမှုတွေကို ခံစားရပြန်တယ်။ ဩော်…ဒီလို ရှုမှတ်ရတဲ့နည်းဟာ လူတိုင်းလူတိုင်း ကျင့်လို့ရသားပဲ ဆိုတဲ့ သဘာဝနိယာမဓမ္မကို သဘောပေါက် နားလည်လာပါတယ်။

ကျွန်တော်တို့ရဲ့ ရှေးဟောင်းအိန္ဒိယနိုင်ငံကြီးမှာ ပွင့်ထွန်းခဲ့တဲ့ အလင်းသစ္စာဉာဏ်ရှင် ပုဂ္ဂိုလ်ကြီး ညွှန်ကြားပြသထားခဲ့တဲ့ အံ့ဩဖွယ်ကောင်းလှတဲ့ ဒီအစဉ်အလာ၊ ဒီနည်းဟာ ကမ္ဘာကို ပျံ့နှံ့သွားခဲ့ပါတယ်။ ဒီနေ့ခေတ်မှာလည်းပဲ လူ့အဖွဲ့အစည်း အမျိုးမျိုး၊ ယဉ်ကျေးမှုအမျိုးမျိုး၊ ကိုးကွယ်မှုဘာသာအမျိုးမျိုးက လူတွေဟာ ရှေးက ရရှိခံစားခဲ့ကြရတဲ့ အကျိုးကျေးဇူးတွေကို ရရှိကြဖို့ ဒီနည်းကို လာရောက်ပြီး ကျင့်သုံးနေကြပါပြီ။ ဒီလို ကျင့်သုံးသင်ယူပြီးနောက်မှာ ဟိန္ဒူဟာ ဟိန္ဒူ၊ ဗုဒ္ဓဘာသာဟာ ဗုဒ္ဓဘာသာ၊ မွတ်ဆလင်ဟာ မွတ်ဆလင်၊ ခရစ်ယာန်ဟာ ခရစ်ယာန်တွေပဲ ဆက်လက်ဖြစ်နေကြပါတယ်။ ဒီလို အမည်နာမ ပညတ်ချက်၊ အမှတ်တံဆိပ်ဆိုတာတွေက ဘာမှမဖြစ်တဟ်ပါဘူး။ လူသားဟာ လူသားပါပဲ။ ဒါပေမဲ့ ကြီးမားတဲ့ အပြောင်းအလဲကတော့ အစပြုလာပါတယ်။ သူတို့ဟာ တကယ့်ဓမ္မလူသားတွေ ဖြစ်လာတယ်။ မေတ္တာ ကရုဏာတွေ ပြည့်ဝလာတယ်။ သူတို့ ပြုမူလုပ်ကိုင်တဲ့ အရာတွေဟာလည်း သူတို့အတွက်ရော အခြားသူတွေအတွက်ပါ ကောင်းကျိုးပြုနေပါတယ်။ မိမိစိတ်ထဲမှာ ငြိမ်းချမ်းမှုကို ဖန်တီးလိုက်တဲ့အခါ မိမိရဲ့ ဘေးပတ်ဝန်းကျင်တစ်ခုလုံးဟာလည်း ငြိမ်းချမ်းမှုလှိုင်းတွေနဲ့ ထုံမွှမ်းသွားပါတယ်။ မိမိကို လာရောက်ပေါင်းသင်း ဆက်ဆံကြတဲ့သူတိုင်းဟာလည်း ငြိမ်းချမ်းမှုကို စပြီး ခံစားကြရပါတယ်။ ဒီလို ကူးပြောင်းမှုကမှ တကယ့်ကူးပြောင်းမှုအစစ်ဖြစ်ပါတယ်။ တခြား ကူးပြောင်းမှုတွေက ဘာမှ သုံးမရပါဘူး။ (ရှည်လျားသော လက်ခုပ်သံများ)။

ဒါ့အပြင် ရှိပါသေးတယ်။ ကျွန်တော်တို့ရဲ့ ရှေးဟောင်း အိန္ဒိယပြည်က ပါးလိုက်တဲ့ မှာတမ်းသဝဏ်လွှာကို ကျွန်တော် ဖတ်ကြားပါရစေ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၃၀၀) ကျော်က ကျောက်သားပေါ်မှာ ရေးထိုးထားခဲ့တဲ့ စိတ်ကောင်းစေတနာပါရှိတဲ့ မှာတမ်းပါ။ လူ့လောကကြီးတစ်ခုလုံးအတွက် အမှာသွှာပါးထားခဲ့ပါတယ်။ ရေမြေသနင်း ပြည့်ရှင်မင်းတို့ တိုင်းနိုင်ငံကို ဘယ်လိုအုပ်ချုပ်ရတယ်ဆိုတာကို ဖော်ပြထားတဲ့ စံပြဘုရင် သီရိဓမ္မာသောကမင်းကြီးရဲ့ အမှာလွှာဖြစ်ပါတယ်။ ဒီမှာတမ်း ကျောက်စာမှာ ဆိုထားတာက '**တစ်စုံတစ်ယောက်သောသူသည် မိမိ၏ ဘာသာအယူဝါဒကို ချီးမွမ်းဂုဏ်တင်ပြီး သူတစ်ပါး၏ ဘာသာအယူဝါဒကို ကဲ့ရဲ့ရှုတ်ချခြင်း မပြုသင့်ပေ**' လို့ ဖြစ်ပါတယ်။ ဒီနေ့ ခေတ်ကမ္ဘာကြီးအတွက်

ဒီသတင်းစကားဟာ အရေးကြီးပါတယ်။ သူတစ်ပါးရဲ့ဘာသာကို ကဲ့ရဲ့ရှုတ်ချမှု ပြုပြုနေပြီး၊ ငါ့ဘာသာတရားက အကောင်းဆုံး၊ ငါ့ဘာသာတရားက အမြတ်ဆုံး လို့ ပြောနေမယ်ဆိုရင် ဒီအခါမှာ ဒီလူဟာ လူ့အဖွဲ့အစည်းအတွက် ပြဿနာ အခက်အခဲတွေကို ဖန်တီးနေတာပဲ ဖြစ်ပါတယ်။ အသောကမင်းကြီး ဆက်ပြီး ရေးထားတာက **'ဤသို့မပြုလုပ်မူ၍ သူတစ်ပါး ကိုးကွယ်သည့် ဘာသာအယူကို လည်း အကြောင်းအမျိုးမျိုးဖြင့် ချီးမွမ်းဂုဏ်ပြုအပ်၏'** တဲ့။ ဘာသာတစ်ခုရယ်လို့ နာမည်တစ်လုံးနဲ့ ထိုက်တန်တဲ့ ဘာသာတိုင်းမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဆိုတဲ့ ကောင်းမြတ်တဲ့ အနှစ်သာရတော့ ရှိကြပါတယ်။ ကျန်တဲ့ အခြားဘာသာ တိုင်းက အဲဒီဘာသာကို အဲဒီအနှစ်သာရကြောင့် ချီးမွမ်းဂုဏ်ပြုကြရပါတယ်။ အပြင်ပန်းအသွင်ပုံစံကတော့ ကွာဟခြားနားကြစမြဲပါ။ သူ့အစီအရင်က တစ်မျိုး၊ ကိုယ့်အစီအရင်က တစ်မျိုး၊ သူ့ပူဇော်ပသမှုက တစ်ဖုံ၊ ကိုယ့်ပူဇော်ပသမှုက တစ်ဖုံ၊ သူ့အခမ်းအနားက တခြား၊ ကိုယ့်အခမ်းအနားက တခြား၊ သူ့ယုံကြည် ချက်က တစ်သွယ်၊ ကိုယ့်ယုံကြည်ချက်က တစ်သွယ်နဲ့ မတူညီနိုင်ကြပါဘူး။ ဒီမတူညီတဲ့ အရာတွေအတွက်နဲ့ စကားမများကြပါစို့နဲ့။ အတွင်းပိုင်း အနှစ်သာရ ကိုသာ အလေးပေးကြပါစို့။ ဒါဆိုရင် ဘာမှ စကားများစရာ မရှိပါဘူး။

အသောကမင်းကြီးက ဆိုထားပြန်ပါတယ်။ **'ဤသို့ချီးမွမ်းဂုဏ်တင် ခြင်းဖြင့် မိမိ၏ ဘာသာဝါဒကို ရှင်သန်စေသကဲ့သို့ သူတစ်ပါးတို့၏ ဘာသာဝါဒ အတွက်လည်း အကျိုးဆောင်ရာ ရောက်လိမ့်မည်။ ဤသို့မဟုတ်မူ၍ ပြုခဲ့ပါသော် မိမိသည် မိမိဘာသာတရား၏ သေတွင်းကို တူးနေပြီး အခြားဘာသာတရားကိုလည်း ထိခိုက်ပျက်စီးစေပါသည်။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိ၏ ဘာသာ တရားကို ဂုဏ်တက်စေအံ့ဟု ကြံရွယ်ကာ မိမိဘာသာတရားကို ကြည်ညိုမှုကြောင့် မိမိဘာသာကို အမွှမ်းတင်ပြီး သူတစ်ပါး၏ ဘာသာတရားကို ကဲ့ရဲ့ရှုတ်ချလေ၏။ သို့သော် ထိုသူ၏ အပြုအမူသည် မိမိ၏ ဘာသာတရားကို ပို၍ ထိခိုက်နစ်နာ စေပါသည်'**

ကိုင်း နောက်ထပ် မှာတမ်းတစ်ခု ရှိပါသေးတယ်။ ဓမ္မနဲ့စပ်တဲ့ မှာတမ်း ပါ။ လူသတ္တဝါအားလုံးနဲ့ သက်ဆိုင်တဲ့ သဗ္ဗသာဓာရဏနိယာမဆိုင်ရာ မှာတမ်း ပါ။ အဲဒါကတော့ **'ခမ်းသိမ်းသောသူတို့နာယူကြကုန်ရာ၏။ စည်းလုံးညီညွတ်**

**ခြင်းသည် ကောင်းမြတ်၏။ ရန်လို စကားများခြင်းသည် မကောင်း၊ အခြားသူတို့ နှစ်သက်လက်ခံသော ဘာသာဝါဒ၏ အဆိုအမိန့်ကိုလည်း နာယူချင်သောဆန္ဒ ရှိကြကုန်ရာ၏'** လို့ ဖြစ်ပါတယ်။

ဒါကြောင့် သဘောထား ကွဲလွဲမှုတွေ၊ ကဲ့ရဲ့ရှုတ်ချမှုတွေကို ပြုမယ့်အစား ဘာသာတရားတိုင်းရဲ့ အဆုံးအမများထဲက အနှစ်သာရကိုသာ အလေးထား ဂရုပြုကြပါစို့။ ဒီလိုပြုမူကြမယ်ဆိုရင် တကယ့်စစ်မှန်တဲ့ ငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ သဟာဇာတ မျှတပြေလည်မှုတွေ ရရှိလာမှာ ဖြစ်ပါတယ်ခင်ဗျား။ (လက်ခုပ်သံများ)။

✦

ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး ဦးဂိုအင်ကာ ၏
သံဃာတော်သို့ ဟောကြားခြင်း

# အရှုတ္တ ငြိမ်းချမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး

၂၀၀၂ ခုနှစ် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်
ဓမ္မကာယ ဖောင်ဒေးရှင်း၏ နိုင်ငံပေါင်းစုံ ဂိုဏ်းပေါင်းစုံမှ သံဃာတော်များ၊
ဥပါသကာနှင့် ဥပါသိကာမများ၊ ကြည်ညိုသဒ္ဓါ ပွားကြသူများအား
ဝိပဿနာတရားအကြောင်း ဟောကြားပြောရန် ဖိတ်ကြားချက်အရ
သွားရောက် ဟောကြားပြောချက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကြည်ညိုလေးစားရပါသော သံဃာတော် အရှင်သူမြတ်များဘုရား။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ရတနာသုံးပါးတို့၏ ဥပါသကာ၊ ဥပါသိကာမများနဲ့၊ သဒ္ဓါကြည်လင် ပါရမီရှင် ပုဂ္ဂိုလ်များခင်ဗျား...

သံဃာတော်အရှင်သူမြတ်များကို ဖူးမြော်ကန်တော့ရဖို့ တပည့်တော်တို့ ဒီနေရာမှာ စုရုံးကြရတာဟာ အင်မတန်မှ ကြီးကျယ်မြင့်မြတ်တဲ့ အခါသမယကြီးပဲ

ဖြစ်ပါတယ်ဘုရား။ ဒီနေရာ ဒီအခါသမယကြီးမှာ တပည့်တော်တို့ဟာ နိုင်ငံပေါင်းစုံက သံဃာတော်များရဲ့ ကြည်ညိုနှစ်သက်ဖွယ်ကောင်းလှတဲ့ သင်္ကန်းရောင်စဉ်ကဲ့သို့ အမျိုးစုံလင်လှတဲ့ အရဟာဒ္ဓဇ ဖန်ရည်သင်္ကန်းရောင် အမျိုးမျိုးကို ဖူးတွေ့ကြည်ညိုရပါတယ်ဘုရား။

*စကားချပ်။ ။ သင်္ကန်းရောင်စဉ်ဆိုသည်မှာ ကြွရောက်လာကြသော နိုင်ငံပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံမှ ရဟန်းများ၏ သင်္ကန်းရောင်အမျိုးမျိုးကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။*

ဒီသင်္ကန်းရောင်အမျိုးမျိုးနဲ့ သံဃာတော် အရှင်သူမြတ်များဟာ တစ်ပင်တည်းသော သစ်ပင်ကြီးက ဖြာထွက်သွားတဲ့ သစ်ကိုင်းများပဲ ဖြစ်ပါတယ်။ သံဃာတော် အရှင်ဘုရားများအားလုံးဟာ မြတ်ဗုဒ္ဓ၊ မြတ်ဓမ္မ တည်းဟူသော သစ်ပင်ကြီးက စွမ်းအင်တွေ၊ ခွန်အားတွေကို ရရှိကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀၀) ကျော်အတွင်းမှာ များပြားလှတဲ့ ဂိုဏ်းကွဲတွေ စတင်ခဲ့ပါတယ်။ ဒါဟာ သဘာဝပါပဲ။ ဂိုဏ်းအမျိုးမျိုး ကွဲပြားနေပေမယ့် ဒီဂိုဏ်းတွေမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်ရဲ့ အနှစ်သာရတွေ ရှိကြပါတယ်။ ဂိုဏ်းတိုင်းမှာ တသမတ်တည်းရှိနေတဲ့ အနှစ်သာရကတော့ ကြောင်းကျိုးဆက် တရားဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ပါပဲ။ ဒီတရားတော်ဟာ မြတ်ဗုဒ္ဓရဲ့ ရွှေဉာဏ်တော်ပဲ ဖြစ်ပါတယ်။ ဒီတရားတော်ကို မြတ်ဗုဒ္ဓ တွေ့ရှိတော်မူခဲ့တဲ့အခါမှာ '**ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမသ္မိံ အသတိ ဣဒံ နဟောတိ**' ဒီတရားရှိရင် ဒီတရားရဲ့ အကျိုးတရား သေချာပေါက် ရှိတယ်။ ဒီတရားမရှိရင် သူ့ရဲ့အကျိုးတရားလည်း မရှိနိုင်ဘူးတဲ့။ ဒီတရားတော်ကို မြတ်ဗုဒ္ဓ တွေ့ရှိမှုဟာ ဂိုဏ်းအားလုံးက လက်ခံထားကြတဲ့ မဟာတွေ့ရှိမှုကြီးပဲ ဖြစ်ပါတယ်။ ပြီးတော့ သစ္စာလေးပါးတရားကိုလည်း ဂိုဏ်းအားလုံးက လက်ခံကြပါတယ်။ တပည့်တော်တို့က ဒီဂိုဏ်းနာမည်၊ ဟိုဂိုဏ်းနာမည်၊ ဒီတိုင်းပြည်၊ ဟိုတိုင်းပြည် စသဖြင့်ခေါ်ကြပေမယ့် ဒီအမည်နာမ ပညတ်ချက်တွေက ဘာမှမထူးပါဘူး။ ဂိုဏ်းအားလုံးက သစ္စာလေးပါး တရားတော်ကို လက်ခံကြပါတယ်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ ဆိုတဲ့ လမ်းစဉ်ကိုလည်း အားလုံးလက်ခံကြပါတယ်။ ဒါတွေက မြတ်ဗုဒ္ဓရဲ့ အဆုံးအမ အနှစ်သာရတွေပါပဲ။ ဒီတရားတွေနဲ့ လွဲရင် တရားအားလုံးနဲ့ လွဲတော့တာပဲ ဖြစ်ပါတယ်။ ဒီတရားတွေဟာ ဂိုဏ်းတိုင်းမှာ ရှိတယ်ဆိုတာ တပည့်တော်တို့ တွေ့ရပါတယ်။

မြတ်ဗုဒ္ဓဟာ ဆင်းရဲမှုအမှန်တရား *(ဒုက္ခသစ္စာ)*၊ ဆင်းရဲမှု အမှန်တရားရဲ့ အကြောင်းရင်းအမှန်တရား *(သမုဒယသစ္စာ)*၊ ဒီအကြောင်းတရားကို ပယ်သတ်တဲ့ လမ်းစဉ်အမှန်တရား *(မဂ္ဂသစ္စာ)*၊ ဆင်းရဲအပေါင်းမှ လုံးဝလွတ်မြောက်တဲ့ အခြေအနေဖြစ်တဲ့ အမှန်တရား *(နိရောဓသစ္စာ)* ဆိုတဲ့ သစ္စာတရားတွေကို တွေ့ရှိတော်မူခဲ့တဲ့ အံ့ဩဖွယ် ဆရာသခင်မြတ် ဖြစ်ပါတယ်။ ဒီအရိယအဋ္ဌင်္ဂိက မဂ်လို့ခေါ်တဲ့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ လမ်းစဉ်ဟာ မြတ်ဗုဒ္ဓသာသနာနဲ့ ပတ်သက်တဲ့ ဂိုဏ်းအားလုံးသာမက အခြားပုဂ္ဂိုလ်များကပါ လက်ခံထားကြတဲ့ လမ်းစဉ်ဖြစ်ပါတယ်။ ဒီအင်္ဂါရှစ်ဖြာ မဂ္ဂသစ္စာလမ်းစဉ်ကို သီလ၊ သမာဓိ၊ ပညာရယ်လို့ အပိုင်းသုံးပိုင်း ပိုင်းခြားပြန်ပါတယ်။ သီလ ဆိုတာ ကိုယ်ကျင့်သိက္ခာပါပဲ။ နာမည်တစ်ခုနဲ့ ရပ်တည်နေကြတဲ့ ဘာသာတရားတိုင်းဟာ သီလခေါ်တဲ့ ကိုယ်ကျင့်သိက္ခာကို လက်ခံကြပါတယ်။ လူတွေကိုလည်း သီလပြည့်စုံတဲ့ဘဝနဲ့ အသက်ရှင်နေထိုင်ဖို့ ဟောပြောကြပါတယ်။ ပြီးတော့ တပည့်တော်တို့ဟာ မိမိရဲ့စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်မှုမရှိဘဲ ဒီလို သီလပြည့်စုံတဲ့ဘဝနဲ့ ဘယ်လိုလုပ် အသက်ရှင်နေနိုင်ပါ့မလဲ။ ဒါကြောင့် မြတ်ဗုဒ္ဓက သမာဓိဆိုတာကို ဟောကြား ဆုံးမရပြန်ပါတယ်။ မိမိရဲ့စိတ်ကို ထိန်းကွပ်စိုးမိုးနိုင်ပါစေတဲ့။ ဒါတွင်မကသေးပါဘူး။ စိတ်ရဲ့စင်ကြယ်မှုလည်း ရှိပါသေးတယ်။ မြတ်ဗုဒ္ဓဟာ ထိုးထွင်းသိမြင်ခြင်း၊ ပိုင်းခြားသိမြင်ခြင်း ဆိုတဲ့ ပညာလို့ခေါ်တဲ့ ပဋိပတ္တိအကျင့်နဲ့ စိတ်ကို စင်ကြယ်အောင် လုပ်နည်းကိုလည်း ပြသဆုံးမတော်မူခဲ့ပြန်ပါတယ်။

မြတ်ဗုဒ္ဓလက်ထက်တော်အခါနဲ့၊ မြတ်ဗုဒ္ဓ လွန်တော်မူပြီးတဲ့နောက်မှာ တည်ရှိနေခဲ့တဲ့ အခြားဘာသာတွေက ကျမ်းတွေကို မွှေနှောက်လေ့လာကြည့်ရှုတဲ့အခါ ဘာသာဝါဒအမျိုးမျိုးက လူတွေဟာ သီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးပါးကို လက်ခံခဲ့ကြတယ်ဆိုတာ တွေ့ရပါတယ်။ ဒါဆိုရင် မြတ်ဗုဒ္ဓက ထူးခြားတဲ့ ဘယ်လိုအသစ်အဆန်းတွေကို တွေ့ရှိပြီး ဖြည့်ဆည်းပေးခဲ့ပါသလဲ။ သူ့ရဲ့ ဖြည့်စွက်ဟောကြားချက်ကတော့ လူတွေကို လက်တွေ့ကျင့်ကြပါလို့ တိုက်တွန်းတော်မူခြင်းပဲ ဖြစ်ပါတယ်။ သဘောတရားရေးအဆင့်လောက်နဲ့ လက်ခံယုံကြည်ရုံမျှသာဆိုရင် မပြည့်စုံသေးပါဘူး။ ပြီးတော့လည်း မြတ်ဗုဒ္ဓက ဒါတွေကို ဘယ်လို ကျင့်သုံးရမယ်ဆိုတဲ့ အံ့ဩဖွယ် ကျင့်နည်းတွေကိုလည်း ပေးသနားတော်

မူခဲ့ပါတယ်။ ဒီအတွက် စိတ်ကို တည်ငြိမ်စေမှုဆိုတဲ့ သမာဓိဟာ အလွန်အရေးကြီးပါတယ်။ ဒါဟာ ကိလေသာစင်ကြယ်မှုရဲ့ အခြေခံဖြစ်တဲ့ *စိတ္တေကဂ္ဂတာ* ဆိုတဲ့ အာရုံတစ်ခုတည်းမှာ စိတ်ကို စူးစိုက်ထားခြင်းပဲ ဖြစ်ပါတယ်။ ဒီလို စူးစိုက်နိုင်အောင် လုပ်ရာမှာ သမာဓိရဲ့ အာရုံဟာ ရာဂ၊ ဒေါသ၊ မောဟတွေ ကင်းနေတဲ့ အာရုံဖြစ်ရပါမယ်။ ဒီအတွက်လည်း မြတ်ဗုဒ္ဓက သမာဓိထူထောင်နည်း အများအပြားနဲ့ သမာဓိအာရုံ အများအပြားကို ပြသပေးတော်မူခဲ့ပါတယ်။ လူသိအများဆုံး သမာဓိအာရုံကတော့ အသက်ရှူမှုအပေါ် သတိကပ်ထားခြင်းပါပဲ။ ဝင်လေဝင်ရင် ဝင်တဲ့အတိုင်း၊ ထွက်လေ ထွက်ရင် ထွက်တဲ့အတိုင်း ရှုသိနေရပါတယ်။ ပြီးတော့ နှာသီးဖျားရဲ့အောက်၊ အထက်နှုတ်ခမ်းရဲ့အပေါ် သေးငယ်တဲ့နေရာကလေးမှာ စိတ်ကို စူးစိုက်ခိုင်းပါတယ်။ မြတ်ဗုဒ္ဓက **"နာသိကဂ္ဂေ"** လို့ မိန့်ပါတယ်။ ဒါ့အပြင် အခုပြောခဲ့တဲ့ သေးငယ်တဲ့နေရာလေးဟာလည်း **"နာသိကဂ္ဂေ"** ပါပဲ။ ဒီစကားကို ပိုပြီး ရှင်းလင်းသွားအောင် မြတ်ဗုဒ္ဓ မိန့်တော်မူတာက **"ဥတ္တရောဋ္ဌဿ ဝေမဇ္ဈ ပဒေသ"** (အထက်နှုတ်ခမ်းရဲ့ အပေါ်နားလေးက အလယ်တည့်တည့်နေရာ) လို့ ဖြစ်ပါတယ်။ ဒီနေရာကလေးမှာ အာရုံကို မြဲမြဲ စူးစိုက်ထားပြီး ဝင်လေ ဝင်တဲ့အတိုင်း၊ ထွက်လေ ထွက်တဲ့အတိုင်း သဘာဝအတိုင်းဖြစ်တဲ့ နဂိုပုံမှန် ထွက်လေ ဝင်လေကို ရှုသိ ရှုသိ နေရပါတယ်။

မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ ဒေသနာတော်တစ်ရပ်လုံးမှာ ဒီကျင့်စဉ်ကို ဘယ်သူမဆို ကျင့်လို့ရတယ်ဆိုတာ တွေ့ရပါတယ်။ ဘာသာခြားက လူတွေတောင်မှ လွယ်လွယ်ကူကူ ကျင့်လို့ရပါတယ်။ မိမိက အသက်ရှူတဲ့လေမှာ သတိကို ထူထောင်ရတာပါပဲ။ ထွက်လေ ဝင်လေဟာ ထွက်လေ ဝင်လေမျှသာပဲ။ ဒီလေကို ဒါကတော့ ဗုဒ္ဓဘာသာရဲ့လေ၊ ဒါကတော့ ဟိန္ဒူရဲ့လေ၊ မွတ်ဆလင်ရဲ့လေ၊ ခရစ်ယာန်ရဲ့လေ စသဖြင့် ခေါ်လို့မရပါဘူး။ ဒီလို ခေါ်လို့မရတော့ (ဒီလေကို အဖွဲ့အစည်းတစ်ခုက ပိုင်တာမဟုတ်လို့မို့) မိမိရှူနေတဲ့လေဟာ သဘာဝသစ္စာပဲပေါ့။ ဒီနေရာလေးကို အာရုံစိုက်ပြီး ဆက်ဆက်ရှုသွားတဲ့အခါ ဒီနေရာကလေးမှာ စိတ်တည်ကြည်လာတာကို တွေ့ရပါတယ်။ ဒါဟာ စိတ်အထင်မဟုတ်ပါဘူး။ ဒီ လက်တွေ့အမှန်တရားနဲ့ပဲ မိမိရဲ့စိတ်ဟာ စူးရှသထက် စူးရှ၊ သိမ်မွေ့သထက် သိမ်မွေ့၊ ဝေဒနာတွေကို သိသထက် သိနိုင်လာပါတော့တယ်။ ဒီလို ကျင့်ပြီး စိတ်က အာရုံကို ခံစားသိရှိလာတဲ့အခါ အထက်နှုတ်ခမ်းရဲ့

အပေါ် ဒီနေရာကလေးမှာ ကာယသမ္ဘဿဇာဝေဒနာ တစ်မျိုးမဟုတ်တစ်မျိုး သိရှိခံစားလာရတယ်ဆိုတာ တွေ့ရပါတယ်။ ရုပ်ခန္ဓာတစ်ခုလုံး ဘယ်နေရာမှာ မဆို၊ ဝေဒနာတွေဟာ တစ်ခုမဟုတ်တစ်ခု အမြဲမပြတ် ရှိနေကြပါတယ်။ ဒါဟာ နိယာမတရားပါပဲ။ မြတ်ဗုဒ္ဓက ဒီဆေဒနာနဲ့ ဒီဝေဒနာကို ခံစားမှုအပေါ် အင်မတန် အလေးပေးတော်မူပါတယ်။ ဒီနေရာကလေးက စတင်ပြီး ကျင့်ရင်း ကျင့်ရင်းနဲ့ ယောဂီဟာ ဆံဖျားကနေ ခြေဖျားတိုင် ခန္ဓာကိုယ်တစ်ခုလုံးမှာ ဝေဒနာတွေကို သိရှိခံစားလာရပါတယ်။ နေရာတိုင်းမှာ ဝေဒနာတစ်ခုမဟုတ်တစ်ခု ရှိနေပါတယ်။ ဒီဝေဒနာကို သတိကပ်ထားရပါတယ်။ ဝေဒနာတွေကို ခံစားရမှုဟာလည်း နေရာတိုင်းမှာ ရှိပါတယ်။ ဒီအခါကျတော့ ပဋိစ္စသမုပ္ပါဒ် တရားတော်က ထင်ရှား လာပါပြီ။ 'သဠာယတနပစ္စယာဖဿော'။ ဒွါရခြောက်ခုနဲ့ ဆိုင်ရာဆိုင်ရာ အာရုံ အသီးသီးတို့ ပေါင်းဆုံကြပါပြီ။ ဒီလို ထိတွေ့ပေါင်းဆုံကြတော့ 'ဖဿပစ္စယာ ဝေဒနာ' တဲ့။ ထိတွေ့ပေါင်းဆုံရာကနေ ဝေဒနာကို ခံစားမှုကလေး ဖြစ်ပေါ် လာတယ်။ ဒီနောက်မှာတော့ တုံ့ပြန်မှု စတင်ဖြစ်ပေါ်လာပါတော့တယ်။ 'ဝေဒနာ ပစ္စယာ တဏှာ' တဲ့။

တပည့်တော်တို့ အိဂျစ်ပူရီမှာ တည်ထောင်ထားတဲ့ သုတေသနဌာနမှာ အိန္ဒိယနိုင်ငံက အခြားဘာသာရဲ့ ကျမ်းစာတွေကို မွှေနှောက်လေ့လာကြည့်တဲ့အခါ ဂျိန်းဘာသာနဲ့ ဗြဟ္မဏ ဘာသာများမှာလည်း ဒီကျင့်စဉ် ရှိတယ်ဆိုတာ တွေ့ရပါ တယ်။ သူတို့ဆုံးမတာက ကာမဂုဏ် အာရုံတွေကို မလိုက်စားနဲ့၊ အာရုံတွေကို မတုံ့ပြန်နဲ့။ အာရုံတွေနဲ့ တွေ့ဆုံတဲ့အခါ ဒီအာရုံတွေအပေါ် တဏှာ၊ ဒေါသတွေ မဖြစ်စေနဲ့ဆိုပြီး ဆုံးမကြတယ်။ ဒါပေမဲ့ သူတို့ထက်ပိုထူးခြားတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ထူးခြားချက်တစ်ခုတော့ ရှိပါတယ်။ ဒီအံ့ဩဖွယ် ထူးခြားချက်ကတော့ **ဒွါရနဲ့ အာရုံ ပေါင်းဆုံတဲ့အခါ အဆင်း အသံ စတဲ့ အာရုံတွေကို တုံ့ပြန်တာ မဟုတ်ပါဘူးတဲ့။ ဖြစ်ပေါ်လာတဲ့ ဝေဒနာကိုသာ တုံ့ပြန်တာပါ တဲ့။** ပြင်ပအာရုံ တွေဟာ မျက်စိ၊ နား၊ နှာခေါင်း စတဲ့ ဒွါရခြောက်ခုနဲ့ ထိတွေ့ပေါင်းဆုံကြပြီ ဆိုမှတော့ ခန္ဓာကိုယ်မှာ ဝေဒနာခံစားမှုဆိုတာ မုချ ဖြစ်ပေါ်လာတော့တာပါပဲ။ ဒီဝေဒနာ ခံစားမှုက သာယာဖွယ်ဖြစ်ရင် တပည့်တော်တို့က လောဘတဏှာနဲ့ တုံ့ပြန်တယ်။ ခံစားရတာက မသာယာဖွယ်ဖြစ်ရင် ဒေါသနဲ့ တုံ့ပြန်ကြတယ်။

ဘာသာပြန်သူ စကားချပ်။ ။ သာယာဖွယ်အာရုံကို ခံစားနေရစဉ် လိုချင်နှစ်သက်မှု၊ သာယာမှု ဖြစ်ပေါ်သည်ကို လောဘတဏှာနှင့် တုံ့ပြန်သည်ဟု ခေါ်သည်။ မသာယာဖွယ်အာရုံကို ခံစားနေရစဉ် အလိုမကျမှု၊ မုန်းတီးမှု ဖြစ်ပေါ်သည်ကို ဒေါသနှင့် တုံ့ပြန်သည်ဟု ခေါ်သည်။ သာယာဖွယ်လည်း မဟုတ်၊ မသာယာဖွယ်လည်း မဟုတ်သော ကြားနေအာရုံများကို ခံစားနေရစဉ် ထိုအာရုံကို သတိမပြုမိဘဲ ရှိနေသည်ကို မောဟနှင့် တုံ့ပြန်သည်ဟု ခေါ်သည်။ ဝိပဿနာ မရှုသော အချိန်တိုင်းမှာ ဤတုံ့ပြန်မှု (၃) ခု အမြဲရှိ၏။

ခံစားရတဲ့ ဝေဒနာအပေါ် အထူးတလည် အလေးထားတဲ့ ကျင့်စဉ်ဟာ သူများနဲ့မတူတဲ့ မြတ်ဗုဒ္ဓရဲ့ တွေ့ရှိမှုကြီးပါပဲ။ ဒီအချက်ဟာ လောကသဘာဝ နိယာမ အမှန်တရားကြီးကို သိရှိခံစားနိုင်ဖို့ တံခါးဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

မိမိက ဆက်လက်ကျင့်သွားတဲ့အခါကျတော့ ပြင်ပအာရုံတွေကို တုံ့ပြန်နေတာမဟုတ်ပါပဲ တကယ်တော့ ခံစားရတဲ့ဝေဒနာတွေကိုသာ တုံ့ပြန်နေတာပါကလားဆိုတာ မိမိရဲ့အသိမှာ ရှင်းလင်းလာတယ်။ ဒီလို သိတဲ့အဆင့်အထိ မရောက်ရင်တော့ ခန္ဓာကိုယ်မှာ ဝေဒနာတွေအားလုံးကို ခံစားနေရလို့တောင်မှ လောဘ၊ ဒေါသတွေနဲ့ တုံ့ပြန်နေသလား၊ မနေဘူးလားဆိုတာ မသိနိုင်ကြပါဘူး။ အတိတ်ကာလက အနည်ထိုင်နေတဲ့ အညစ်အကြေးတွေဖြစ်တဲ့ အနုသယ ကိလေသာတွေအားလုံးဟာ စိတ်ထဲ အနက်ရှိုင်းဆုံးနေရာမှာ ကျန်ရှိနေပါတယ်။ ဒီလို နက်ရှိုင်းတဲ့ ရေသောက်မြစ်အဆင့်ကို ရောက်အောင်သွားပြီး ဒီအနုသယ ကိလေသာတွေကို မသုတ်သင်ဘူးဆိုရင်တော့ တပည့်တော်တို့ဟာ ဒုက္ခဆင်းရဲက လွတ်မြောက်တယ်လို့ မဆိုနိုင်သေးပါဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေကို သိရှိခံစားလိုက်ကြပါ။ ဒါပေမဲ့ လောဘ၊ ဒေါသနဲ့တော့ မတုံ့ပြန်လိုက်ကြပါနဲ့လို့ ဝေဒနာအပေါ် အထူးအလေးပေး ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဝိပဿနာမှာ အရေးပါတဲ့အချက်ကြီး နှစ်ချက်ကတော့ ခန္ဓာကိုယ်နေရာတိုင်းမှာ ပေါ်သမျှဝေဒနာကို သိရှိခံစားနိုင်စေဖို့ ဣန္ဒြေ (ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ) တွေကို ပွားများရမယ်ဆိုတဲ့အချက်နဲ့ လောဘ၊ ဒေါသ၊ မောဟနဲ့ မတုံ့ပြန်ဘဲ အနိစ္စရှု(ပညိန္ဒြေ)ပွားရင်း ဥပေက္ခာနဲ့ နေရမယ်ဆိုတဲ့အချက်တို့ပါပဲ။

ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေရဲ့ သဘောသဘာဝကို ယောဂီအနေနဲ့ သိနားလည်ပါတယ်။ အဲဒီ သဘာဝကတော့ ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားတယ် ဆိုတဲ့ မမြဲမှု အနိစ္စလက္ခဏာပဲ ဖြစ်ပါတယ်။ ဒီသိမြင်မှုဟာ စိန္တာမယ ဆိုတဲ့ ဉာဏ်ကစားလို့၊ ဦးနှောက်ဉာဏ် ကွန့်မြူးလို့ သိလာတဲ့အသိမျိုး မဟုတ်ပါဘူး။ စိတ်ကြည်နူး နှစ်သက်မှုအဆင့်လောက်၊ ကြည်ညိုကိုးကွယ် ပူဇော်ပသမှုအဆင့်လောက်နဲ့ သိတဲ့အသိမျိုး မဟုတ်တော့ပါဘူး။ မြတ်ဗုဒ္ဓက လူတိုင်းကို ခန္ဓာတွေ့ တွေ့ပြီး သိစေချင်တော်မူပါတယ်။ ဒါကြောင့်လည်း ဘာဝနာမယပညာကို ဦးစားပေး အလေးထားတော်မူခဲ့ခြင်း ဖြစ်တယ်။ သုတမယပညာ၊ စိန္တာမယပညာတို့ဟာ မှတ်သားစရာအချက်တွေ၊ နည်းပေးလမ်းညွှန်မှုတွေ၊ နှစ်သက်လိုလား စိတ်ဝင်စားမှုတွေကို ပေးစွမ်းကြတာမို့ ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်ထဲက အကျိုးကျေးဇူးအစစ်တွေကို ရရှိဖို့ကျတော့ ဘာဝနာမယပညာနဲ့မှသာ ဖြစ်နိုင်ပါတယ်။

အမှန်သစ္စာတရားကို တကယ်တွေ့မြင်ခံစားပြီး သိကြရမှာပါ။ ယောဂီဟာ ဒီလိုတွေ့မြင်ခံစားရင်း ခံစားရင်းနဲ့ ဝေဒနာကို အသုံးချပြီး မိမိရဲ့ နဂိုအမူအကျင့်ပုံစံတွေ ပြောင်းလာပါတော့တယ်။ နောက် သဘောပေါက် ရှင်းလင်းလာတဲ့ အချက်တစ်ခုကတော့ မိမိစိတ်ထဲမှာ အညစ်အကြေးတစ်ခုခုကို ဖန်တီးလိုက်တဲ့ အခါတိုင်း မိမိဟာ ဒီအကုသိုလ်အညစ်အကြေးရဲ့ ပထမဆုံး ဓားစာခံသားကောင် ဖြစ်လာတယ်ဆိုတာကို သိမြင်လာခြင်းပါပဲ။ **'ပုဗ္ဗေ ဟနတိ အတ္တာနံ၊ ပစ္ဆာ ဟနတိ သော ပရေ'** မိမိကိုယ်ကို ပထမဦးဆုံး ထိခိုက်နစ်နာစေပါတယ်။ ဒီနောက်မှသာ သူတစ်ပါးကို ထိခိုက်နစ်နာစေတယ်။ ဒါကြောင့် မိမိကိုယ်မှာ ငြိမ်းချမ်းမှု၊ ပြေပြစ်မှုတမှု ရရှိအောင် အရင်ဦးစွာ လုပ်ရတာ ဖြစ်ပါတယ်။ မိမိကိုယ်မှာ ဒါတွေ ပြည့်စုံပြီးမှ သူတစ်ပါးတွေကို ပေးဝေနိုင်ပါလိမ့်မယ်။ ဒီအချက်ကို သိနားလည်ထားသင့်ပါတယ်။ သိနားလည်တဲ့အခါကျတော့ သီလဟာလည်း အားကောင်းသထက် ကောင်းလာပါပြီ။ ဒါကြောင့် မြတ်ဗုဒ္ဓ မိန့်တော်မူတာကတော့ ပညာက သီလကို ပိုပြီးစင်ကြယ်အောင် ကူညီသလို၊ သီလကလည်း ပညာကို ပိုပြီးစင်ကြယ်အောင် ကူညီတယ်။ လက်နှစ်ဖက်ကို ဆေးကြောတဲ့အခါ လက်တစ်ဖက်က အခြားလက်တစ်ဖက်ကို စင်ကြယ်အောင် ပွတ်သပ်ပြီး အချင်းချင်း ကူညီသလိုပါပဲ။

အလားတူပါပဲ။ ပညာသိက္ခာ အားကောင်းလာတော့ မိမိ ဘာကြောင့် သီလစောင့်ထိန်းရတယ်ဆိုတာ စပြီး သိလာပါတယ်။ တစ်ဦးတစ်ယောက်ကို သတ်မယ်ဆိုရင် မသတ်ခင်မှာ မိမိစိတ်ထဲမှာ ဒေါသ၊ မုန်းတီးမှု၊ မလိုလားမှု၊ ရန်ငြိုးဖွဲ့မှုတွေကို အကြီးအကျယ် ဖြစ်စေရတာမို့ သူတစ်ပါးကို မသတ်ဖြတ်သင့်ဘူးဆိုတာ အသိဉာဏ်မှာ ရှင်းလာတယ်။ မိမိစိတ်ထဲမှာ အကုသိုလ်ဖြစ်လာတဲ့အခိုက်မှာ မိမိဟာ အလွန်ဆင်းရဲလာတယ်။ ကာယကံနဲ့ဖြစ်ဖြစ် ဝစီကံနဲ့ဖြစ်ဖြစ် လွန်ကျူးတဲ့လူတိုင်း မိမိရဲ့စိတ်ထဲမှာ အကုသိုလ် အညစ်အကြေး တစ်ခုမဟုတ် တစ်ခု ဖြစ်ပေါ်နေစေပါတယ်။ အခြားလူတစ်ဦး ပိုင်ဆိုင်တဲ့ပစ္စည်းတစ်ခုကို ခိုးယူတဲ့အခါမှာလည်း အလွန်ကြီးမားတဲ့လောဘကို မဖြစ်စေဘဲ ခိုးလို့ကို မရပါဘူး။ စိတ်ရဲ့ နက်ရှိုင်းတဲ့အပိုင်းအထိ ရောက်ရှိသွားပြီး ဒီအကုသိုလ်တွေကို ဆေးကြောသန့်စင်နေပြီ ဆိုတဲ့အခါကျတော့ မိမိသန္တာန်မှာ ငြိမ်းချမ်းမှု၊ ပြေပြစ်မှုကို စတင်သိရှိလာပါတယ်။ ငါဟာ လောဘကို ဖန်တီးလိုက်တာနဲ့ တစ်ပြိုင်နက်မှာပဲ ငါ့စိတ်ထဲက ငြိမ်းချမ်းမှု၊ ပြေပြစ်မှု၊ မျှတမှုတွေ ဆုံးပါးကုန်ပြီ။ ငါဟာ ဆင်းရဲတဲ့လူ ဖြစ်လာပြီ။ အခြားပုဂ္ဂိုလ်တစ်ဦးရဲ့ ပစ္စည်းကို ခိုးယူပြီး အခြားသူကို နစ်နာအောင် မလုပ်ရသေးခင်မှာ ငါဟာ ငါ့ကိုယ်ငါ မချမ်းမြေ့အောင်၊ ဆင်းရဲအောင် ပထမဆုံး လုပ်နေမိတာပါကလားဆိုပြီး သဘောပေါက်လာတယ်။

ဒီလိုပါပဲ။ ကာမေသုမိစ္ဆာစာရကံ လွန်ကျူးရာမှာလည်းပဲ မိမိရဲ့ နက်ရှိုင်းတဲ့ အတွင်းစိတ်ထဲမှာ ဆန္ဒ၊ ရာဂနဲ့ အလွန်များပြားတဲ့ မငြိမ်သက်မှုကြီးကို စတင်ဖြစ်ပေါ်စေရပါတယ်။ ဒီအခါကျတော့ ငြိမ်းချမ်းမှု၊ ပြေပြစ်မှု၊ မျှတမှုတွေ ဆုံးပါးကုန်ပြီး၊ မိမိဟာလည်း လူဆင်းရဲကြီး ဖြစ်လာပါတော့တယ်။ အလားတူပဲ ဝစီကံမှုနဲ့ မုသားစကား ပြောဆိုပြီး လိမ်လည်ရတဲ့အခါ သူတစ်ပါးနစ်နာအောင် ဖရုသဝါစာ ပြောတဲ့အခါ မိမိစိတ်ထဲမှာ အကုသိုလ် အညစ်အကြေးတစ်ခုခုကို ဖန်တီးရပါတယ်။ တကယ်တော့ ဘယ်သူမှ မိမိကိုယ်ကို မနစ်နာစေချင်ကြပါဘူး။ ဆင်းရဲစွာ မနေချင်ကြပါဘူးဆိုတာကိုတော့ နားလည်ကြပါတယ်။ နားလည်ပေမယ့် အဝိဇ္ဇာကြောင့် မိမိရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတာကို မိမိကိုယ်တိုင်တောင် မသိလိုက်ကြပါဘူး။

လူတစ်ဦးဟာ ပိဋကတ်တော်အားလုံး၊ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်အားလုံးကို ဖတ်ရှုဖတ်လို့တော့ ရနိုင်ပါတယ်။ ဒါပေမဲ့ လက်တွေ့ကျင့်ကြံလို့သိတဲ့

အသိမရှိဘူးဆိုရင် မိမိရဲ့စိတ်ထဲ နက်ရှိုင်းတဲ့နေရာမှာ ဘာဖြစ်နေတယ်ဆိုတာ မသိနိုင်ပါဘူး။ ပြီးတော့လည်း ခန္ဓာကိုယ်တစ်ခုလုံးမှာ တစ်ချိန်လုံး အကုသိုလ် အညစ်အကြေးကို တစ်ခုမဟုတ်တစ်ခု ဖန်တီး ဖန်တီးလို့ နေမိပါတယ်။ **'သဗ္ဗော သမ္ပဇ္ဇလိတော လောကော၊ သဗ္ဗော လောကော ပကမ္ပိတော'** (အလုံးစုံသော လောကကြီးဟာ တရှိန်ရှိန် လောင်ကျွမ်းနေတယ်။ အလုံးစုံသော လောကကြီးဟာ တုန်လှုပ်နေတယ်။) ရုပ်ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တုန်လှုပ်မှုလှိုင်းကလေးများ ဖြစ်ပေါ်လာတယ်။ စကြဝဠာကြီးတစ်ခုလုံးဟာလည်း တုန်လှုပ်မှုတွေ ဆက်ကာ ဆက်ကာ ဖြစ်ပျက်ပြီး နေပါတယ်။ **ဩော်...ငါ့ရဲ့စိတ်ထဲမှာ အကုသိုလ်တစ်ခုခုကို ဖန်တီးတဲ့အခါတိုင်း ဒီတုန်လှုပ်မှုတွေဟာ ခံစားရတာ အလွန်မသာယာဖြစ်လာပြီး ငါဟာ ဆင်းရဲလာတော့တယ်။ ဒီအကုသိုလ်တွေ ကင်းသွားပြန်တော့ ငါ့ရဲ့စိတ်ဟာ စင်ကြယ်လာပြီး ဒီတုန်လှုပ်မှုကလေးတွေဟာ သာယာဖွယ် ဖြစ်လာတယ်။ ဒီအခါမှာ ငါဟာ သိပ်ငြိမ်းချမ်းပြီး သိပ်ကို ပြေပြစ်မှုတလာပြန်တယ်** ဆိုပြီး သဘောပေါက်လာပါတယ်။

ဒီလို တွေ့ကြုံသိမြင်မှုနဲ့ပဲ သီလဟာလည်း ခိုင်မာသထက် ခိုင်မာလာတယ်။ ဒီတော့ ပညာက သီလကို ပိုပြီး အားကောင်းအောင်၊ ပိုပြီး စင်ကြယ်အောင် စပြီး အထောက်အကူပြုလာပါတယ်။ ဒီနည်းကို မြတ်ဗုဒ္ဓ မပွင့်ခင်မှာပဲ ဖြစ်ဖြစ်၊ ပွင့်ဆဲကာလမှာပဲဖြစ်ဖြစ်၊ မြတ်ဗုဒ္ဓ လွန်တော်မူပြီးနောက်မှာပဲဖြစ်ဖြစ် တခြား ဘယ်ဘာသာမှာမှ ဘယ်အခါမှာမှ မတွေ့နိုင် မရနိုင်တဲ့နည်း ဖြစ်ပါတယ်။ ဒီအချက်ဟာ လူ့လောကကြီးအတွက် မြတ်ဗုဒ္ဓက ပေးအပ်ဖြည့်ဆည်းခဲ့တဲ့ အကြီးမြတ်ဆုံး ဖြည့်ဆည်းမှုကြီး ဖြစ်ပါတယ်။ ဒီအဆုံးအမနည်းနဲ့ မိမိရဲ့ပညာကို ပွားရပါတယ်။ မိမိသန္တာန်မှာ ဖြစ်ပျက်နေတာတွေကို ရှုကြည့်ရပါတယ်။ ဒီအခါမှာ မိမိရဲ့ ပင်ကိုအမူအကျင့်ဟာ စိတ်ရဲ့ အပေါ်ယံလောက်မှာသာ မဟုတ်ဘဲ အတွင်းကပါ စတင်ပြောင်းလဲလာပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမဟာ စိတ်ကို အနက်ရှိုင်းဆုံးအပိုင်းအထိ ဖြူစင်သန့်ရှင်းစေရေးပဲ ဖြစ်ပါတယ်။ အဆိပ်ပင်ကြီးတစ်ပင်လိုပါပဲ။ အဆိပ်ပင်ကြီးကို ခုတ်လှဲပေမယ့် အမြစ်တွေက အထဲမှာ ကျန်နေဆဲပါ။ ဒါဆိုရင် နောက်ထပ် သစ်ပင်အညှောင့်ကလေးတစ်ခု ဒီသစ်ပင် ငုတ်ကနေ ပေါက်လာဦးမှာပါပဲ။ ဒီတော့ ဒီအမြစ်ကနေ မလွတ်နိုင်သေးဘူးပေါ့။

ဒါကြောင့် ဒီအကုသိုလ်တွေ စတင်ဖြစ်ပေါ်တဲ့ သစ်ပင်ရဲ့ ရေသောက်မြစ်နေရာအထိ ဆင်းပြီး အလုပ်လုပ်ကြရပါလိမ့်မယ်။

ခန္ဓာကိုယ်ပေါ်က ဝေဒနာတွေကြောင့် တပည့်တော်တို့ဟာ ဘာခံစားမှုတွေ ဖြစ်နေကြရတယ်ဆိုတာ သိနိုင်ပါတယ်။ အလွန်ကြမ်းတမ်းပြင်းထန်ပြီး အစိုင်အခဲလို ဖြစ်နေတဲ့ မသာယာဖွယ် ဝေဒနာတွေကိုတော့ လွယ်လွယ်ကူကူ သိရှိခံစားနိုင်တာပေါ့။ မပြင်းထန်တဲ့ နာကျင်မှု၊ မပြင်းထန်တဲ့ ဖိနှိပ်မှု၊ လေးလံမှု၊ ထုံကျင်မှုကလေးတွေကိုလည်း သိရှိခံစားနိုင်ပါတယ်။ ဝေဒနာကတော့ အမျိုးအစားပေါင်းများစွာ ရှိကြပါလိမ့်မယ်။ ဒါပေမဲ့ ယောဂီက ဥပေက္ခာနဲ့ပဲ နေရမှာပါ။ ဘယ်လိုဝေဒနာ အမျိုးအစားပဲဖြစ်ဖြစ် ပေါ်လာသမျှဝေဒနာတိုင်းမှာ ဖြစ်ခြင်း၊ ပျက်စီးခြင်း (ဥဒယ ဝယ) ဆိုတဲ့ လက္ခဏာတစ်မျိုးတည်းပဲ ရှိတယ်ဆိုတာကို သိနားလည်ထားပြီး ဥပေက္ခာနဲ့ပဲ နေရပါတယ်။ ဒီအချက်ကို သဘောပေါက်ထားရပါမယ်။ သို့သော်လည်း သုတမယ၊ စိန္တာမယဉာဏ်အဆင့်၊ ကြည်ညိုကိုးကွယ်ပူဇော်ပသမှု အဆင့်လောက်နဲ့ သိတဲ့အသိမျိုးကတော့ အထောက်အကူမပြုနိုင်ပါဘူး။ လက်တွေ့ကျင့်ပြီးတော့ သိရှိခံစားရတဲ့အခါ သီလဟာ အားကောင်းသထက် ကောင်းလာတာ တွေ့ရပါတယ်။ ဒီတော့ ပညာဟာလည်း အားကောင်းလာပါတယ်။ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးလုံးဟာ (တစ်နည်း မဂ္ဂင်ရှစ်ဖြာလမ်းစဉ်ဟာ) မြတ်ဗုဒ္ဓက လောကလူသားတွေကို ပေးအပ်ခဲ့တဲ့ တရားပါပဲ။ ဥပမာအားဖြင့် – တစ်ချောင်းနဲ့တစ်ချောင်း အချင်းချင်းပံ့ပိုးထောက်ကန်ထားကြတဲ့ သုံးချောင်းထောက်လိုပါပဲ။ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးလုံးဟာလည်း အချင်းချင်း ကူညီထောက်ပံ့ပြီးတော့ ကျေးဇူးပြုနေကြပါတယ်။ ***ဒီသုံးမျိုးကြောင့် လူတစ်ဦးရဲ့ဘဝဟာ မေ့နဲ့ပြည့်ဝနေရတာပါ။*** တစ်နည်းအားဖြင့် ငြိမ်းချမ်း ပြေပြစ်မှုတလို့ နေရတာ ဖြစ်ပါတယ်။

လောကလူသားတွေကို မြတ်ဗုဒ္ဓ ပေးတော်မူခဲ့တဲ့ ဒီအံ့သြဖွယ်နည်းကို လူနတ်ဗြဟ္မာသတ္တဝါအားလုံး ကျင့်သုံးနိုင်ပါတယ်။ သီးသန့် လူ့အသိုင်းအဝိုင်း၊ သီးသန့်တိုင်းပြည်၊ သီးသန့်ဂိုဏ်းအစဉ်အဆက်တစ်ခုအတွက် ကန့်သတ်ထားတဲ့ နည်းမဟုတ်ပါဘူး။ လူသားတိုင်းဟာ လူသားပါပဲ။ လူ့စိတ်ဟာ လူ့စိတ်ပါပဲ။ အဝိဇ္ဇာကြောင့် ကိလေသာ တစ်မျိုးမဟုတ်တစ်မျိုး ဖန်တီးနေမိကြတယ်။ ကိုယ့်ဘာသာကိုယ်လည်း ဆင်းရဲအောင်လုပ်နေမိကြတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက

ဒီနည်းကို ပေးတော်မူခဲ့တာပါ။ မိမိခန္ဓာကိုယ်ပေါ်က ဝေဒနာအမျိုးမျိုးကို သိရှိခံစား နိုင်စေဖို့ စိတ်ကို စူးစိုက်ရပါတယ်။ အာရုံတစ်ခုတည်းမှာ စူးစိုက်တဲ့သမာဓိပေါ့။ ဒီအခါမှာ မိမိဟာ ဒီအာရုံ၊ ဒီဝေဒနာ အတိုက်ခာတ်တွေကို လောဘ၊ ဒေါသနဲ့ တုံ့ပြန်မနေတော့ဘူးဆိုတာ သိမြင်လာပါတယ်။

*ဘာသာပြန်သူ၏ စကားချပ်။ ။ မိမိကိုယ်ကာယ၌ သာမန်အချိန်မှာ ဖြစ်ပေါ်နေမှန်း မသိနိုင်လောက်အောင် အလွန်သိမ်မွေ့သော ကိုယ်တွင်းအထိအတွေ့ (ကာယသမ္ဘဿဇဝေဒနာ) ကို အလွန်အားကောင်းသော သမာဓိဖြင့် ရှုမှသာ သိရှိ ခံစားရသည်။ ဤသို့ အလွန်သိမ်မွေ့၍ ငုပ်လျှိုးနေသော ဝေဒနာမျိုးကို ခံစားသိရှိ နိုင်စွမ်းရှိအောင် ပွားများထားသော စိတ်အခြေအနေကို စိတ်၏ အနက်ရှိုင်းဆုံး အပိုင်းဟု ခေါ်သည်။*

ခန္ဓာကိုယ် နေရာတိုင်းက ဝေဒနာတွေကို သိရှိခံစားနိုင်အောင် စိတ်ရဲ့ နက်ရှိုင်းတဲ့အပိုင်းအထိ ရှုကြရပြီး မိမိရဲ့ ပင်ကိုအမူအကျင့်ဟောင်းတွေကို ပြောင်းပစ်ရပါတယ်။

နောက်ပြီး သာယာဖွယ် တသိမ့်သိမ့် တငြိမ့်ငြိမ့် ဝေဒနာတွေကို ခံစားပြီး ရှုရတဲ့အခါမှာ ရာဂါနုသယလို့ခေါ်တဲ့ ကိန်းအောင်းအနည်ထိုင်နေတဲ့ တဏှာ တွေကို ပယ်သတ်နိုင်တယ်ဆိုတာ သဘောရှင်းလာပါလိမ့်မယ်။ သာယာဖွယ် ဝေဒနာတွေကို ခံစားရစဉ်မှာ ဒီဝေဒနာတွေကို တပ်မက်တဲ့ တဏှာနဲ့ အတုံ့အပြန် မလုပ်ဘူး။ နောက်ထပ် တဏှာအသစ် မပွားဘူးဆိုရင် ကိလေသာအဟောင်း တွေကပဲ သုတ်သင်ခံကြရပါတယ်။ '**ခီဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ**' (ကံ ကိလေသာ အဟောင်းကုန်ပြီ။ ကံ ကိလေသာအသစ်လည်း မဖြစ်ပေါ်တော့ဘူး။) ဒီလိုပါပဲ။ ပဋိဃာနုသယခေါ်တဲ့ ဒေါသဟာလည်း မသာယာတဲ့ ဝေဒနာကို ခံစားရတဲ့ အခါမှသာ (မတုံ့ပြန်ခြင်းဖြင့်) သုတ်သင်လို့ ရနိုင်ပါတယ်။

အိန္ဒိယနိုင်ငံမှာ မြတ်ဗုဒ္ဓလွန်တော်မူပြီး နှစ်ငါးရာလောက်မှာ ဒီတရား တော်ဟာ ကံမကောင်း အကြောင်းမလှစွာနဲ့ ကွယ်ပျောက်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီတရားတော်ဟာ အခြားနိုင်ငံကို ရောက်သွားခဲ့တယ်။ မူရင်းဖြစ်တဲ့နိုင်ငံ မှာတော့ လုံးဝ ကွယ်ပျောက်သွားခဲ့ပါတော့တယ်။ ကျမ်းစာတောင် မကျန်ရစ် အောင် ပျောက်ဆုံးခဲ့တာပါ။ ဒီတရားတော်နဲ့ပတ်သက်တဲ့ စာမျက်နှာပေါင်း (၁၅၀၀၀) လောက်ရယ်၊ အဋ္ဌကထာ၊ ဋီကာ စာမျက်နှာပေါင်း (၃၀၀၀၀)

လောက်ရယ်ဟာ မူရင်းနိုင်ငံကနေ ပျောက်ကွယ်သွားခဲ့တာပါ။ ဝိပဿနာ ပဋိပတ္တိနည်းလည်းပဲ ပျောက်ခဲ့ပါတယ်။ ဒီနည်းကို ထိန်းသိမ်းထားခဲ့ကြတဲ့ သံဃာတော်များကို တပည့်တော်တို့ အင်မတန် ကျေးဇူးတင်ရပါတယ်။ မဟုတ်ရင်တော့ တပည့်တော်တို့ဟာ ဒီနေ့ခေတ် ဒီနေ့လောကကြီးရဲ့ တစ်ခဲနက် အမှောင်ထုကြီးထဲမှာ ရောက်နေကြရပါလိမ့်မယ်။ အရှင်ဘုရားတို့အားလုံး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြလို့ လူတွေဟာ ဒီနည်းကို ရရှိကြရပါတယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၅၀၀ မှာ ဓမ္မဟာ ပြန်လည်ရှင်သန် စည်ပင်လာပြန်ပါပြီ။ ဓမ္မရဲ့ ပြန်လည်နိုးကြားမှုဆိုတဲ့ ဒုတိယသာသနာခေတ် အစပြုနေပြီး လူ့ဘောင်အဖွဲ့အစည်းအမျိုးမျိုးက လူတွေ လက်ခံရယူနေကြပါပြီ။ ဒီတရားတော်ဟာ မိမိကိုယ်ကို ဗုဒ္ဓဘာသာဝင်လို့ ခေါ်နေကြတဲ့သူတွေအတွက်လောက်သာ ကန့်သတ်ထားတာ မဟုတ်ပါဘူး။ အားလုံးအတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘာသာဝါဒအမျိုးမျိုးက လူတွေ ဝိပဿနာကို လာရောက်ပါဝင်ပြီး အားထုတ်နေကြပါတယ်။ ဒီနေ့အချိန်မှာ မတူကွဲပြားတဲ့ ဘာသာဝင်တွေ ဝိပဿနာ ဆယ်ရက်တရားပတ်ကို မဝင်ရောက်ဖူးသေးတဲ့ ဘာသာအယူဝါဒ ကမ္ဘာပေါ်မှာ မရှိတော့ပါဘူး။ ဘာသာဝင်များသာ မဟုတ်ပါဘူး၊ ဘာသာတိုင်းက ဘာသာရေးခေါင်းဆောင်များလည်းပဲ တရားပတ်တွေကို လာရောက်နေကြပါပြီ။ ဘာကြောင့်လဲဆိုတော့ ဝိပဿနာဟာ သိပ်ကို ကောင်းမွန်ပြီး သိပ္ပံနည်းကျတယ်၊ အကျိုးကျေးဇူးပြုတယ်၊ ရှုဆဲမျက်မှောက်ကာလမှာ **အကာလိကဒိဋ္ဌဓမ္မ** အကျိုးပေးတယ်ဆိုတာကို သူတို့တွေ့ကြရလို့ပဲ ဖြစ်ပါတယ်။ ရှုဆဲအခိုက်မှာ ဘယ်လို အမှန်တရား၊ အရှိတရားတွေကိုပဲတွေ့တွေ့ ဒီအမှန်တရားနဲ့ပဲ စခန်းသွားနေရပါတယ်။ ဒါပါပဲ။ စိတ်ကူးတာ၊ ကြံစည်တွေးတောတာ မဟုတ်ပါဘူး။ တမလွန်ဘဝကျမှ အကျိုးခံစားရမယ့် **သမ္ပရာယိကဓမ္မ** မဟုတ်ပါဘူး။ ရှုဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ဘယ်အရာမဆို **သံဒိဋ္ဌိကဓမ္မ**တွေပါပဲ။

ရှုရုံသာရှုပါ။ ရှုရုံမျှကလေးသာ ရှုပါ။ ဒါဆို မိမိရဲ့စိတ်ကို စတင်ဆေးကြောနေပါပြီ။ အပေါ်ယံမှာသာ စင်ကြယ်စေတာ မဟုတ်ပါဘူး။ အနက်ဆုံးအပိုင်းမှာပါ စင်ကြယ်စေပါတယ်။ မြတ်ဗုဒ္ဓကလည်း '**သစိတ္တပရိယောဒါပနံ**' ဆိုတဲ့ စကားကို သုံးခဲ့ပါတယ်။ ဘယ်တုံးကမှ '**သစိတ္တသြဒ်ပနံ**' လို့ မဟော

ခဲ့ပါဘူး။ **ညြဒါပန်** မဟုတ်ပါဘူး။ **ပရိယောဒါပန်၊ ပရိပုဏ္ဏ** ပဲ ဖြစ်ပါတယ်။ နာမ်ခန္ဓာ နာမ်အဖွဲ့အစည်းတစ်ခုလုံး စင်ကြယ်သွားရတာ ဖြစ်ပါတယ်။ စိတ်ရဲ့ အပေါ်ယံအပိုင်းလောက်ကိုသာ စင်ကြယ်စေတာဆိုရင်တော့ ကိလေသာနဲ့ ဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်ပါဘူး။ နက်ရှိုင်းတဲ့အတွင်းပိုင်းမှာ ပင်ကိုအမူအကျင့် စရိုက်ဟောင်းတွေ ရှိနေကြပါလိမ့်ဦးမယ်။

တပည့်တော်ဟာ အလွန်သဘောထားတင်းမာတဲ့ ရှေးရိုးစွဲ ဟိန္ဒူမျိုးနွယ်ထဲက မွေးဖွားလာသူဖြစ်ပါတယ်။ ဒီဝါဒအစဉ်အလာမှာ မြတ်ဗုဒ္ဓရဲ့ တရားတော်နဲ့ ပတ်သက်ပြီး နားလည်မှုလွဲတာတွေ၊ အထင်အမြင်လွဲတာတွေ ရှိခဲ့ပါတယ်။ တကယ်ဆိုတော့ ဒီဘာသာမှာလည်း စိတ်ကို စင်ကြယ်စေတဲ့၊ ငြိမ်သက် တည်ကြည်စေတဲ့ ကမ္မဋ္ဌာန်းနည်းတွေ ရှိပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓရဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို စိတ်ရဲ့ နက်ရှိုင်းတဲ့အဆင့်ထိ ပထမဆုံး အားထုတ်တဲ့အခါကျတော့ ရေသောက်မြစ်ကစပြီး စင်ကြယ်လာပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ရဲ့ အနက်ရှိုင်းဆုံးအပိုင်းဟာ ခန္ဓာကိုယ်ပေါ်က ဝေဒနာတွေနဲ့ အမြဲထိတွေ့ ဆက်ဆံနေလို့ပါပဲ။ ပြီးတော့လည်း ဒီဝေဒနာတွေကို အမြဲတမ်းပဲ တုံ့ပြန်နေပါတယ်။ သာယာဖွယ် ဝေဒနာကို ခံစားရရင် လောဘတဏှာနဲ့ တုံ့ပြန်တယ်။ မသာယာဖွယ် ဝေဒနာကျတော့ ဒေါသနဲ့ တုံ့ပြန်တယ်။ ဒီလိုနဲ့ ရာဂ၊ လောဘ၊ ဒေါသတွေဟာ အမြဲတမ်းပဲ ဆက်ဆက်ပြီး ဖြစ်ပေါ်နေပါတယ်။ ရာဂ၊ လောဘ၊ ဒေါသတွေကို အပေါ်ယံအပိုင်းမှာတော့ ပယ်နိုင်ဖို့ ကြိုးစားကြပါတယ်။ တပည့်တော် မွေးဖွားကြီးပြင်းခဲ့တဲ့ ဘာသာအစဉ်အလာမှာ ဒီအချက်တွေကို သင်ကြားခဲ့ကြပါတယ်။ ကောင်းတန်သလောက် ကောင်းတယ်ဆိုတာကိုလည်း တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမကို ကျင့်သုံးတဲ့အခါကျတော့ စိတ်ရဲ့ အပေါ်ယံပိုင်းလောက်သာ မဟုတ်တော့ဘဲ၊ နာမ်ခန္ဓာ အစုအဝေးတစ်ခုလုံး စင်ကြယ်သွားပါတော့တယ်။ ဒါကြောင့် ဒီလိုစင်ကြယ်ဖို့အတွက် စိတ်ရဲ့ နက်ရှိုင်းတဲ့အပိုင်းအထိရောက်အောင် ထိုးဖောက်ပြီး ရှုသွားရပါမယ်။ ဒီအတွက် တပည့်တော်တို့ဟာ ဝေဒနာတွေကို ခံစားပြီး ဒီဝေဒနာတွေကို အမြဲတမ်း တုံ့ပြန်လို့ချည်းနေတဲ့ နေရာဖြစ်တဲ့ ရေသောက်မြစ်အဆင့်ကို ရောက်အောင် ရှုရခြင်းဖြစ်ပါတယ်။ ဒီလိုရှုမှပဲ မွေးရာပါအမူအကျင့်ပုံစံတွေကို ပြောင်းလဲသွားကြပါမယ်။

ခုချိန်မှာ စိတ်ပိုင်းဆိုင်ရာ အခက်အခဲအမျိုးမျိုး၊ စိတ်ပြဿနာအမျိုးမျိုးကို ခံစားနေကြရတဲ့ ယောဂီအများအပြားကို ဝေဒနာတွေကို ရှုဖို့ သင်ကြားပေးနေရပါတယ်။ စိတ်ဓာတ်တွေ အင်မတန်ကျဆင်းပြီး ပူပန်မှု အလွန်များနေတဲ့လူတွေ မြတ်ဗုဒ္ဓရဲ့ တရားတော်ဆီ ရောက်လာကြပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမက **'ဝေဒနာသမောသရဏာ သဗ္ဗေဓမ္မာ'** တဲ့။ စိတ်ထဲမှာ ဘာပဲဖြစ်ပေါ်ဖြစ်ပေါ်၊ ပေါ်လာသမျှဟာ ကိုယ်ကာယပေါ်က ဝေဒနာတွေနဲ့ အတူတွဲပြီး ဖြစ်ပေါ်တယ်လို့ ဆိုထားပါတယ်။ ဒီအချက်ဟာ ဓမ္မရေးရာ သိပ္ပံပညာရှင်ကြီးဖြစ်တဲ့ မြတ်ဗုဒ္ဓက တွေ့ရှိခဲ့တဲ့အရာပါပဲ။ မြတ်ဗုဒ္ဓမပေါ်မီက ဒီအချက်ကို ဘယ်သူမှ မသိခဲ့ကြပါဘူး။ ဒီတော့ မိမိဟာ စိတ်ဓာတ်အရမ်းကျနေပြီဆိုရင် မိမိကိုယ်ကာယမှာ ဝေဒနာတစ်ခုခုတော့ ပေါ်လာရစမြဲပဲ။ ဒီဝေဒနာကိုသာ ရှုပါ။ ဥပေက္ခာလည်း မြဲမြဲပွားနေပါ။ ဒါပေမဲ့ တုံ့ပြန်မှုတော့ မလုပ်ပါနဲ့။ ဒီအခါကျတော့ စိတ်ဓာတ်ကျဆင်း ညှိုးငယ်မှုဟာ နည်းနည်းချင်း၊ တဖြည်းဖြည်းချင်း ပျောက်ပျက်သွားပြီး မိမိဟာလည်း ဒီအခြေအနေက လွတ်မြောက်လာတော့တာပေါ့။

အရက်အစွဲနာတဲ့လူတွေလည်း ဒီတရားပတ်ကို လာရောက်ကြပါတယ်။ ဒီလူတွေဟာ သူတို့ရဲ့ အရက်စွဲမှု၊ မူးယစ်ဆေးစွဲမှုတွေက လွတ်မြောက်ချင်ကြတာပေါ့။ မြတ်ဗုဒ္ဓရဲ့ တရားတော်က ဒီလိုဆိုထားပါတယ်။ **"မင်းတို့ အရက်တွေ၊ မူးယစ်ဆေးဝါးတွေကို စွဲတာမဟုတ်ပါဘူး။ ဆေးလိပ်တွေကို စွဲတာ မဟုတ်ပါဘူး။ မင်းတို့စွဲနေတာက မင်းတို့ခန္ဓာမှာ ခံစားလိုက်ရတဲ့ ဝေဒနာကိုပဲ စွဲနေတာဖြစ်တယ်"** တဲ့။ သမ္မုတိသစ္စာအနေနဲ့တော့ ဟုတ်ပါတယ်။ အရက်စွဲတာ၊ ဆေးစွဲတာ၊ ဒါမှမဟုတ် ဟိုဟာစွဲတာ ဒီဟာစွဲတာလို့ ဆိုလို့ရပါတယ်။ ဒါပေမဲ့ တကယ်နက်ရှိုင်းတဲ့ ပရမတ္ထသစ္စာအနေနဲ့တော့ ဝေဒနာတွေကို စွဲလမ်းနေတာပဲ ဖြစ်ပါတယ်။ အရက်ကို သောက်လိုက်တဲ့အခါမှာ မိမိခန္ဓာကိုယ်မှာ ထူးခြားတဲ့ဝေဒနာတစ်မျိုးကို ခံစားလာရတယ်။ ပြီးတော့ ဒီဝေဒနာကို ကြိုက်စပြုလာတယ်။ ပြီးတော့ ဒီဝေဒနာမျိုးကို နောက်တစ်ခါ ထပ်လိုချင်ပြန်ပါတယ်။ လိုချင်တော့ အရက်ကို ထပ်သောက်ပြန်တယ်။ ဒီဝေဒနာလေးကို တစ်ခါပြန်ပြီး ရလာပြန်တယ်။ ဒီတော့ အပေါ်ယံ သမ္မုတိသစ္စာနယ်ပယ်မှာတော့ မိမိက အရက်ကို စွဲတာပဲပေါ့။ တခြားမူးယစ်သေစာတစ်ခုခုကို စွဲတာလို့လည်း ဆိုလို့

ရတာပေါ့။ ဒါပေမဲ့ တကယ့်ပရမတ္တအဆင့်မှာတော့ မိမိက မိမိကိုယ်မှာ ခံစားနေရတဲ့ ဝေဒနာကို ဖွဲလမ်းတာပဲ ဖြစ်ပါတယ်။ **'ဝေဒနာ ပစ္စယာ တဏှာ'** ပေါ့။

ဒါကြောင့် အံ့ဩဖွယ် တွေ့ရှိချက်ဖြစ်တဲ့ ဝိပဿနာနည်းဟာ မြတ်ဗုဒ္ဓ မပွင့်ခင်က ဘယ်သူမှ မသိခဲ့ကြတဲ့နည်းပဲ ဖြစ်တယ်။ ဒီတွေ့ရှိချက်က လူတွေကို ဆင်းရဲဒုက္ခထဲက လွတ်မြောက်စေဖို့ ထွက်ရပ်လမ်းကို ပြသပေးနေပါတယ်။ အရက်စွဲတဲ့လူတွေ တရား (၂) ပတ်၊ (၃) ပတ်အတွင်း အရက် လုံးဝပြတ်သွားကြပါတယ်။ ဒါဟာ ဘာကြောင့်လဲ၊ ပဋ္ဌလက်နည်း၊ မျက်လှည့်နည်း မဟုတ်ပါဘူး။ တန်ခိုးနဲ့ လုပ်တာလည်း မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာစစ်စစ်ပါပဲ။ အရင်ကတော့ ငါဟာ ဒီစွဲလမ်းနေတဲ့ ဒီဝေဒနာကို ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုနေပြီ၊ ထာဝရ အမြဲတမ်းတည်မနေဘူး။ အနေးနဲ့အမြန်ဆိုသလို ပျောက်သွားတတ်တယ်။ ဒီဝေဒနာ ဘယ်လောက်ကြာကြာခံမလဲ၊ ငါစောင့်ကြည့်လိုက်ပါဦးမယ်ဆိုပြီး ဝိပဿနာရှုရှုနေပြီဆိုတော့ အရက်သောက်လို့ ခံစားရတဲ့ ဒီဝေဒနာအပေါ် တပ်မက်မှုဟာလည်း အားနည်းသထက် နည်းလာပါတော့တယ်။ မိမိဟာလည်း အနှောင်အဖွဲ့ထဲကနေ စတင် လွတ်မြောက်နေပါပြီ။

မြတ်ဗုဒ္ဓရဲ့ ဒီအံ့ဩဖွယ် တွေ့ရှိမှုကြီးဟာ အတိတ်ကာလတုန်းကလည်း လူတွေကို ကောင်းကျိုးပြုခဲ့ပြီ၊ အခုလည်း ကောင်းကျိုးပြုနေပြီ။ အကျဉ်းထောင်တွေထဲက အင်မတန်စိတ်ခက်ထန်တဲ့ ရာဇဝတ်သား အများအပြားဟာ ပြောင်းလဲသွားကြပြီ။ သူတို့ ဘယ်လိုပြောင်းလဲသွားကြတာလဲ။ သူတို့ ဝိပဿနာ စပြီးရှုကြတဲ့အခါ အာနာပါနနဲ့ သုံးရက်လောက် အလုပ်လုပ်ကြရပါတယ်။ ဒီအချိန်မှာ နှာခေါင်းအောက်က ဒီနေရာကလေးမှာ ဝေဒနာကို စတင်ခံစားကြရပါတယ်။ နောက်တော့ ခန္ဓာကိုယ်နေရာတိုင်းမှာ တွေ့ကြုံခံစားကြရပါတယ်။ ဒီအချိန်မှာ ဒီတရားပတ်မှာ ပြသနေတဲ့ ဆရာဖြစ်သူက သူတို့စိတ်ထဲကို ဘယ်လိုအတွေးမျိုးတွေ ဝင်ရောက်လာသလဲလို့ မေးပါတယ်။ အကျဉ်းသားတိုင်းလိုလိုဟာ သူတို့စိတ်ထဲမှာ မကောင်းတဲ့အကြံအစည် တစ်ခုခုရှိကြပါတယ်။ ဥပမာအားဖြင့် – ငါ ထောင်ကထွက်ရင် ပြန်ပြီးလက်စားချေမယ်။ ငါ့ကို ထောင်ကျအောင် သက်သေထွက်ဆိုတဲ့သူကို ငါသတ်မယ်။ ငါ့ကို ဖမ်းခဲ့တဲ့ ရဲကိုလည်း သတ်မယ်။ ငါ့ကို ထောင်ကျအောင် ဆုံးဖြတ်ခဲ့တဲ့ တရားသူကြီးကိုလည်း သတ်ရမယ်ဆိုပြီးတော့

ဒီလိုပဲ လက်စားချေလိုစိတ်၊ ဒေါသ၊ အမုန်းတရား၊ အလိုဆိုး ဆိုတဲ့ အကြံအစည် အားလုံးရှိကြတယ်။

ဝိပဿနာက မိမိကို လမ်းညွှန်ခေါ်ဆောင်သွားတဲ့အခါကျတော့ မိမိ စိတ်ထဲမှာလည်း ဒီအကြံအစည်က ရှိနေတာဆိုတော့ ဘယ်လိုများ ဖြစ်မှာပါလဲ။ မိမိ အခုလောလောဆယ်မှာ ခံစားနေရတဲ့ ဝေဒနာကိုသာ ရှုရပါတယ်။ စပြီး ရှုလိုက်ပြီဆိုတဲ့အခါ ပူလောင်တဲ့ ဝေဒနာကို စတင်တွေ့ရပါတယ်။ ဒေါသတွေ၊ အမုန်းတရားတွေကို ဖန်တီးနေစဉ်မှာ မိမိခန္ဓာကိုယ်တစ်ခုလုံးမှာ ပူလောင်မှုတွေ၊ နှလုံးခုန်တာတွေ တိုးလာပါတယ်။ စိတ်ဟာလည်း တင်းမာခက်ထန်လို့ လာပါ တော့တယ်။ ဒီအချိန်မှာ မိမိဟာ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ် ဖြစ်လာပြီပေါ့။ ဒီအခါ မိမိဘာလုပ်နေပြီလဲ၊ ကိုယ့်ကိုယ်ကို အန္တရာယ်ပြုနေတာပေါ့။ **'ပဌမ ဟနတိ အတ္တာနံ'** မိမိကိုယ်ကို ရှေးဦးစွာ သတ်ဖြတ်နေပြီ။ ထောင်ကထွက်လာတဲ့အခါ ထိုပုဂ္ဂိုလ်ကို နောင် (၁၀) နှစ်ကြာမှ၊ ဒါမှမဟုတ် အနှစ် (၂၀) ကြာမှ သတ်နိုင်မယ်။ ဒါပေမဲ့ ကိုယ့်ဟာကိုယ်ကျတော့ အခုသတ်နေပြီ။ အခုအန္တရာယ်ပြုနေပြီ။ ဒီတော့ ငါ့ကိုယ်ငါ အခု သတ်နေပါပြီလား။ ငါ့ကိုယ်ငါ အခု ဖျက်ဆီးနေပါပြီလားလို့ သဘောပေါက်လာတယ်။ ဒီလိုနဲ့ တဖြည်းဖြည်းချင်း မိမိရဲ့ အမူအကျင့်ဟောင်း ထဲကနေ စတင်လွတ်မြောက်လာပါတော့တယ်။ ရာဇဝတ်သားစိတ်ဓာတ်ရှိတဲ့ ဒီအကျဉ်းသား အများအပြားဟာ သမ္မာသမ္ဗုဒ္ဓမြတ်ဘုရားရဲ့ သိပ္ပံနည်းကျလှတဲ့ နည်းလမ်းအရ ဒီအဆုံးအမ တရားတော်ကြောင့် ပြောင်းလဲသွားကြပါပြီဘုရား။

တပည့်တော် မြန်မာပြည်က ထွက်ခွာလာခဲ့တုန်းက တပည့်တော် ပြန်ပြီး အမှတ်ရမိပါသေးတယ်။ တပည့်တော်ရဲ့ ဆရာသမားက သိပ်ကို လှိုက်လှဲ တဲ့ဆန္ဒနဲ့ ပြောခဲ့ဖူးပါတယ်။ အခု အိန္ဒိယနိုင်ငံရဲ့ကျေးဇူးကို ပြန်ဆပ်ဖို့ အချိန် ကျပြီ။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယမှာ ဒီအံ့ဩဖွယ် အဖိုးမဖြတ်နိုင်တဲ့ ရတနာ ကြီး ပျောက်ဆုံးသွားခဲ့လို့ပဲ။ ဒီတော့ မူရင်းဇာတိတိုင်းပြည်ဟာ ဒီဝိပဿနာကို ပြန်ပြီး ရစေရမယ်။ ဒါကြောင့် သူဟာ ဒီတိုင်းပြည်ကိုလာပြီး ဝိပဿနာတရားကို ပြပေးချင်ခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် သူ မလာနိုင်ခဲ့ပါဘူး။ ဒီတော့ တပည့်တော်က သူ့ကိုယ်စား လာခဲ့ရပါတယ်။ နောက် (၃) နှစ်လောက် ကြာတဲ့အခါ တပည့်တော်ဟာ မဟာတ္တမဂန္ဒီကြီးရဲ့ လက်ရင်းတပည့်တစ်ဦးဖြစ်တဲ့ ***ဝိနောဝါဘာဝီ*** ဆိုတဲ့သူကို တွေ့ခဲ့ပါတယ်။ သူဟာ သူတော်ကောင်းတစ်ဦး

ဖြစ်ပါတယ်။ တပည့်တော် သူ့ကိုတွေ့တော မြတ်ဗုဒ္ဓရဲ့ ဝိပဿနာတရားတော်ဟာ စိတ်ကို စင်ကြယ်စေတယ်၊ လူတွေကို လုံးဝ ပြောင်းလဲစေတယ်လို့ တပည့်တော်က သူ့ကို ပြောပြခဲ့ပါတယ်။ ဒါကို သူ မယုံပါဘူး။ သူက ဘာပြောသလဲဆိုတော့ *"ဒီကိစ္စဟာ ဘုရားသခင်ရဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာ ရှိမှသာ ဖြစ်နိုင်တဲ့ကိစ္စပဲ။ ဘယ်သူက ဒီအတွက် နည်းလမ်းကို ဘယ်လိုလုပ်ပေးနိုင်မှာလဲ"* လို့ ဆိုပါတယ်။

ဒီနည်းဟာ တပည့်တော်မှာ တကယ်ပဲ အလုပ်ဖြစ်နေပါပြီလို့ တပည့်တော် ကျိန်ပြောလိုက်တယ်။ တပည့်တော်ဟာ အလွန်ဒေါသကြီးတဲ့လူ၊ အတ္တဆန်လွန်းတဲ့လူ၊ သွေးဆူလွယ်ပြီး စိတ်တိုလွယ်တဲ့လူဖြစ်ကြောင်း၊ အခု တပည့်တော် တစ်ယောက်တည်းသာမက ထောင်နဲ့ချီတဲ့လူတွေ ဒီလိုမျိုး အကျိုးကျေးဇူးတွေ ရရှိနေကြပြီဖြစ်ကြောင်း ပြောလိုက်ပါတယ်။ ဒီတော့ သူက စိန်ခေါ်လာတယ်။ ထောင်ထဲက ကြမ်းတမ်းခက်ထန်တဲ့ ရာဇဝတ်သားတွေ ပြောင်းလဲလာမယ်ဆိုရင် ဗုဒ္ဓရဲ့ ဝိပဿနာတရား အကျိုးအာနိသင်ရှိပုံကို သူ လက်ခံမယ်။ မဟုတ်ရင်တော့ လက်မခံဘူးလို့ ပြောပြီး စိန်ခေါ်တယ်။ တပည့်တော်ကလည်း ပြောလိုက်တယ်။ ကျွန်တော်က ဒီနိုင်ငံကို အခုမှရောက်လာတဲ့ လူသစ်ပါ။ ဒီတော့ ခင်ဗျားပဲ ထောင်ထဲမှာ တရားပတ်ဖြစ်နိုင်အောင် စီစဉ်ပါ။ ကျွန်တော် ထောင်ထဲ ဝင်ပြပေးပါမယ်လို့ ပြောတော့ သူ စီစဉ်မပေးနိုင်ခဲ့ပါဘူး။ သူ သေဆုံးပြီးနောက်ကျမှ ဂျေပူရ်မြို့က ထောင်ထဲမှာ ပထမဆုံး ထောင်တရားပတ်ကို လူတစ်ယောက်က စီစဉ်ပေးခဲ့ပါတယ်။ အံ့သြဖွယ် အကျိုးကျေးဇူးတွေကို ရရှိခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံအစိုးရက ဝိပဿနာဟာ အကျဉ်းသားတိုင်းအတွက် အရေးတကြီး လိုအပ်တဲ့ အရာ ဖြစ်တယ်ဆိုပြီး အကျဉ်းထောင်အားလုံးကို ညွှန်ကြားစာပို့ခဲ့တယ်။ အခုတော့ အိန္ဒိယမှာသာ မကတော့ပါဘူး၊ အခြားတိုင်းပြည်တွေမှာလည်း ထောင်တွင်းတရားပတ်တွေ လုပ်နေကြပါပြီ။ ဒီအမေရိကန်နိုင်ငံကြီးမှာလည်း အိန္ဒိယမှာလိုပဲ ဝိပဿနာကို အကျဉ်းထောင်မှာ ပြသပေးနေပါပြီ။ ဒီအဆုံးအမ တရားတော်ဟာ သိပ္ပံနည်းကျတယ်၊ မျက်ကန်းယုံကြည်မှု မဟုတ်ဘူးဆိုတာ ဒီအချက်က သက်သေပြနေတာပဲ ဖြစ်ပါတယ်။ ဒါကို ကျင့်သုံးရင် အကျိုးကျေးဇူးဆိုတာ ရလာမယ်။ ဘယ်သူမဆို ကျင့်သုံးလို့ရတယ်။ ဒီအခါ သူတို့လည်း ဒီအကျိုးကျေးဇူးမျိုး ရကြလိမ့်မယ်။ ဒါကြောင့် ဒီမှာ သိပ္ပံနည်း အလွန်ကျပြီး၊ အမှန်သစ္စာတရားကို

ပို့ဆောင်ပေးတဲ့ ဝိပဿနာနည်းရှိတယ်။ မျက်စိမှိတ် ယုံစရာမလိုဘူး။ မိမိကိုယ်တိုင် တွေ့ထိခံစားလို့ရတယ်။ မိမိအတွက် ကောင်းကျိုးပြုတယ်ဆိုတာ တွေ့ရမယ်။ ဒီလိုတွေ့မှ လက်ခံပါ။ မိမိအတွက်သာမက သူတစ်ပါးအတွက်လည်း ကောင်းကျိုးပြုတယ်လို့ လူတွေကို လက်ခံယုံကြည်အောင် လုပ်တဲ့နေရာမှာ ဒီအချက်က တပည့်တော်အတွက် သိပ်အထောက်အကူပြုပါတယ်။

ဒီနေရာမှာ ကာလာမသုတ္တန် (ကေသမုတ္တိသုတ္တန်) တရားတော်က ထင်ရှားလာပါတော့တယ်။

- 'မိမိတို့ရဲ့ မျိုးနွယ်အစဉ်အဆက်က လက်ခံယုံကြည်ရုံမျှနှင့်လည်း မယုံလိုက်ပါနဲ့။
- လူအများက လက်ခံယုံကြည်ရုံမျှနှင့်လည်း မယုံလိုက်ပါနဲ့။
- အကြိမ်ပေါင်းများစွာ နားကြားကြရတာမို့လည်း မယုံလိုက်ပါနဲ့။
- ယုတ္တိတန်လှပါတယ်ဆိုပြီးတော့လည်း မယုံလိုက်ပါနဲ့။
- လေးစားခံညားဖွယ် ဥပဓိရုပ်ရှိတဲ့ လူတစ်ယောက်၊ ဒါမှမဟုတ် ငါလို ဆရာသမားက သင်ကြားပြသနေတာမို့လည်း မယုံလိုက်ပါနဲ့။
- မိမိတို့ရဲ့ကျမ်းဂန်စာပေနဲ့ ညီညွတ်နေရုံမျှနှင့်လည်း မယုံလိုက်ပါနဲ့' တဲ့။

အခု ဒီမှာကတော့ အံ့သြဖွယ်ကောင်းလှတဲ့ ဆရာသခင်မြတ်က ပြောနေပါပြီ။ *မယုံလိုက်ပါနဲ့၊ မယုံလိုက်ပါနဲ့၊ မယုံလိုက်ပဲနဲ့* တဲ့။ ကိုယ်တိုင်တွေ့ကြုံခံစားကြည့်ပါဦး။ မိမိအတွက်ရော၊ သူတစ်ပါးအတွက်ပါ အမှန်တကယ် ကောင်းတယ်ဆိုတာ တွေ့ရမှ လက်ခံပါ။ အဲဒီအခါကျတော့ လက်ခံရုံသာမကဘဲ ဘဝတစ်လျှောက်လုံး ဒီတရားနဲ့ အသက်ရှင် နေထိုင်သွားပါလို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဟိုတုန်းက တပည့်တော်ဟာ မြတ်ဗုဒ္ဓရဲ့ တရားတော်နဲ့ပတ်သက်ပြီး အထင်လွဲမှားမှုအမျိုးမျိုး၊ ယုံမှားသံသယအမျိုးမျိုးနဲ့ လာခဲ့ပါတယ်။ ဒီတရားတော်ထံကို တပည့်တော် ရောက်ခဲ့ရတဲ့ အခြေအနေ အကြောင်းတရားတွေလည်း ရှိခဲ့ပါတယ်။ ဒီလိုမှ အကြောင်းအားလျော်စွာ မရောက်ခဲ့ဖြစ်ဘူးဆိုရင် "ဒီတရားက

ဗုဒ္ဓဘာသာတရားကြီးပဲ၊ (ဒီတရားအားထုတ်လိုက်လို့) ငါ ဗုဒ္ဓဘာသာဝင် ဖြစ်သွားရင် ဘယ်လိုများ ဖြစ်သွားမလဲ၊ ဟာ မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီတရားဟာ ငါ့အတွက် မဟုတ်ဘူး၊ ဘာညာနဲ့" တွေးပြီး အားထုတ်ကြည့်ဖို့ ဝန်လေးတွန့်ဆုတ်လို့ နေခဲ့မိပေလိမ့်မယ်။ တပည့်တော်တို့ရဲ့ မူရင်းဘာသာမှာ ပြောလေ့ရှိတာက –

*'သွာဓဂ္ဂေမေ နိဒါနံ စရိယာ၊ ပရဓဂ္ဂေမော ဘယာဝ' 'သင်ရဲ့ ဘာသာထဲမှာပဲ သေဆုံးပါ၊ တခြားဘာသာကို ဘယ်တော့မှ မသွားပါနဲ့'* တဲ့။ တပည့်တော်တို့ကို လေ့ကျင့်ခန်းပေးခဲ့တဲ့ စကားဖြစ်ပါတယ်။

တပည့်တော်ဟာ မြတ်ဗုဒ္ဓရဲ့ တရားတော်ကို လက်တွေ့စမ်းသပ်ချင်လာတဲ့အကြောင်းက ဘာကြောင့်လဲဆိုတော့ မြတ်ဗုဒ္ဓရဲ့တရားဟာ သီလ၊ သမာဓိ၊ ပညာကလွဲလို့ တခြားဘာမှမရှိဘူးဆိုတာ တပည့်တော် ကြားသိခဲ့ရလို့ပဲ ဖြစ်ပါတယ်။ '**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ**' ဘုရားရှင်တော်ဗုဒ္ဓအားလုံးဟာ ဒီ သီလ၊ သမာဓိ၊ ပညာ သုံးမျိုးကိုသာ သွန်သင်ဆုံးမ ဟောကြားကြပါတယ်။ တပည့်တော်ရဲ့ ဆရာသမားကလည်း တပည့်တော်ကို မေးဖူးပါတယ်။

"ခင်ဗျားက ဟိန္ဒူအသိုင်းအဝိုင်းမှာ ခေါင်းဆောင်ဖြစ်တယ်…ခင်ဗျားတို့ဟိန္ဒူဘာသာက သီလကို ဆန့်ကျင်ကန့်ကွက်မှုများ ရှိပါသလား"

"ဘယ်သူက ကန့်ကွက်နိုင်ပါ့မလဲ ဆရာကြီး"

"ဒါဆိုရင် သမာဓိမရှိဘဲနဲ့ကော သီလကို ဘယ်လိုစင်ကြယ်အောင် ကျင့်နိုင်ပါ့မလဲ…သမာဓိကိုရော ကန့်ကွက်မှု ရှိပါသေးသလား"

"မကန့်ကွက်နိုင်ပါဘူး ဆရာကြီး…ဘယ်လိုလုပ် ကန့်ကွက်နိုင်ပါ့မလဲ"

"ကောင်းပြီ…ပညာဟာလည်း စိတ်ကို စင်ကြယ်စေဖို့ပဲ။ ပညာကိုရော ကန့်ကွက်ပါဦးမလား"

"မကန့်ကွက်နိုင်ပါဘူး ဆရာကြီးခင်ဗျာ"

"ကောင်းပြီ…ကျွန်တော်ကလည်း ဒီသုံးမျိုးကိုပဲ ခင်ဗျားကို ပြသမှာပါ။ ဒါကိုပဲ မြတ်ဗုဒ္ဓကလည်း ဆုံးမခဲ့တာပါ။ လူတိုင်း လက်ခံပြီးတော့ စမ်းကြည့်လို့ ရပါတယ်"

တပည့်တော် ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဒီဝိပဿနာနည်းကို ကျွန်တော် စမ်းကြည့်ပါရစေပေါ့။ ဆယ်ရက်အတွင်းမှာပဲ ဒီလိုမျိုး အံ့သြဖွယ်ကောင်းတဲ့ အကျိုးကျေးဇူးတွေ ပေါ်လာပါတော့တယ်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဓမ္မရေးဆိုင်ရာမှာပါ အကျိုးကျေးဇူး အများကြီးရရှိခဲ့ပါတယ်။ အခု တပည့်တော် နောက်ကြောင်းလာလမ်းကို ပြန်လှည့်ကြည့်စရာ မလိုတော့ပါဘူး။ ဒီလမ်းစဉ်ဟာ အင်မတန် အံ့သြဖွယ်ကောင်းတဲ့ လမ်းစဉ်ပါပဲ။ နောက်တော့ တပည့်တော်ရဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေ အများအပြားပဲ စတင်အားထုတ်ခဲ့ကြပါတယ်။ သူတို့လည်း တပည့်တော်ရရှိတဲ့ အကျိုးကျေးဇူးမျိုး ရရှိသွားခဲ့ကြပါတယ်။ အခုဆိုရင် ကမ္ဘာတစ်ဝန်းလုံးက သိန်းပေါင်းများစွာသော လူတွေ ကျင့်သုံးနေကြပါပြီ။ ဒီအဆုံးအမ တရားတော်ဟာ လူသားအားလုံး အတွက် ဘုံဓမ္မဖြစ်ပြီး အကျိုးကျေးဇူးတွေကို ပေးစွမ်းတဲ့ တရားဖြစ်ပါတယ်။

ဒီနေ့ သံဃာတော်အရှင်သူမြတ်များကို ဖူးတွေ့ရတာ တပည့်တော် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ သင်္ကန်းရောင်စဉ်လို ဖန်ဝါသင်္ကန်းရောင် အမျိုးမျိုးကို မြင်ရတဲ့အခါ တပည့်တော် အလွန်ကြည်နူးဝမ်းသာ ဖြစ်ရပါတယ်။ အံ့သြဖွယ် ဓမ္မတရားတော်ဟာ ကမ္ဘာတစ်ဝန်းကို ပျံ့နှံ့သွားပါပြီဘုရား။ ပြီးတော့ အရှင်ဘုရားတို့ သံဃာတော်အပေါင်းဟာလည်း ဓမ္မရဲ့ တမန်တော်များ ဖြစ်တော်မူကြပါတယ်ဘုရား။ မြတ်ဗုဒ္ဓကလည်း မိန့်မှာတော်မူခဲ့ပါတယ်။ *'စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ - ရဟန်းတို့၊ လူအပေါင်း၏ အကျိုးငှာ၊ လူအပေါင်း၏ ချမ်းသာခြင်းအလို့ငှာ ဒေသစာရီ ကြွချီကြကုန်လော့'*။ ယခု ဒီတရားတော်မြတ်ကြီး ပြန့်ပွားနေပါပြီ။ ပြန့်ပွားရမယ့် အခါသမယလည်း ဆိုက်ရောက်လာပါပြီ။ ဓမ္မကို ကျင့်သုံးခြင်းဆိုတဲ့ ပဋိပတ္တိကို ကျင့်နိုင်ဖို့အတွက် အရှင်ဘုရားတို့ သံဃာတော်များက ပရိယတ္တိကို ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပါတယ်။ ပဋိပတ္တိကိုလည်း အရှင်မြတ်တို့ သံဃာတော်များ ထိန်းသိမ်းတော်မူခဲ့ကြပါတယ်။ အခု ဒီပဋိပတ္တိဟာ ကမ္ဘာအနှံ့ ပျံ့နှံ့ရပါတော့မယ်။ ဒါဟာ တပည့်တော်ရဲ့ စိတ်ထဲမှာ ခံစားရပုံ ဖြစ်ပါတယ်ဘုရား။

လူတွေဟာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ဝိပဿနာတရားကို လက်တွေ့ ခံစားကြရပါပြီ။ သူတို့ဟာ အကာလိက အခါမလင့်တဲ့ ဒိဋ္ဌဓမ္မအကျိုးကို ရရှိ

ကြပါပြီ။ သေဆုံးပြီးတဲ့နောက်မှ ဒီဟာရမယ်၊ ဟိုဟာရမယ်ဆိုတာမျိုး မဟုတ်ပါဘူး။ သေပြီးနောက် တမလွန်မှာလည်း မိမိတို့ အခုရရှိတဲ့အရာကိုပဲ မုချရရှိကြရပါလိမ့်မယ်။ ချက်ချင်းလက်ငင်း အကျိုးပေးတဲ့ အံ့ဩဖွယ်ရာကောင်းတဲ့ ဒီဝိပဿနာဟာ လူအပေါင်းကို ဆွဲဆောင်နေပါပြီ။ လူ့ဘောင်လူ့အဖွဲ့အစည်းအမျိုးမျိုးက လူအမြောက်အမြား ပါဝင်ကျင့်သုံး အားထုတ်နေကြပါပြီ။ ခေါင်းဆောင်ပုဂ္ဂိုလ်တွေလည်း ဝိပဿနာ တရားပတ်များမှာ ပါဝင်နေကြပါပြီ။ ဒါတွေကြားရတော့ အရှင်ဘုရားများ ဝမ်းမြောက်ကြပါလိမ့်မယ်။ ခရစ်ယာန်ဘုန်းကြီးနဲ့ သီလရှင် (၂၀၀၀) ကျော် လာရောက်အားထုတ်သွားကြပါပြီ။ ဆယ်ရက်တရားပတ်တစ်ခု ပြီးဆုံးတဲ့ တစ်ခေါက်တုန်းကဆို ထိပ်တန်းခရစ်ယာန် သီလရှင်အိုကြီးတစ်ယောက်က **"ဂိုအင်ကာကြီး... ရှင် ပြသနေတာတွေဟာ ဗုဒ္ဓဘာသာ နာမည်ခံပြီး ခရစ်ယာန်တရားတွေကို ပြသနေတာများလား"** လို့ မေးခဲ့ဖူးပါတယ်။ တပည့်တော် ပြသနေတာက **'ဓမ္မ'** ပါ။ ဓမ္မဆိုတာ တစ်ဦးတစ်ယောက်ကို ကူညီစောင်မဖို့ပါ။ ဒီဓမ္မကို ဘယ်လိုနာမည်မျိုးနဲ့ပဲဖြစ်ဖြစ် ခေါ်နိုင်ပါတယ်။ **တပည့်တော်ပြသတာက ကိုယ်ကျင့်တရား (သီလ)၊ စိတ်တည်ကြည်မှု (သမာဓိ) နဲ့ စိတ်ကို စင်ကြယ်စေမှု (ပညာ) ကို ပြသနေတာပါ။ ယေရှုခရစ်ကလည်း စိတ်နှလုံး ဖြူစင်မှု၊ ချစ်ခြင်းမေတ္တာ၊ ကရုဏာ၊ မုဒိတာတွေကိုပဲ အလိုရှိခဲ့တာပါပဲ။**

ဒါပေမဲ့ ဒါတွေကို လက်တွေ့မကျင့်လို့ကတော့ စင်ကြယ်မှုတွေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ ဘယ်လိုလုပ်ရလာနိုင်မှာလဲ။ မိမိရဲ့ နာမ်ခန္ဓာတစ်ခုလုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနဲ့ ဘယ်လိုလုပ် ပြည့်ဝလာနိုင်ပါ့မလဲ။ အကုသိုလ်၊ ကိလေသာတွေကို ပယ်သတ်ဖို့ ဒီသိက္ခာ (၃) ပါးကို ကျင့်ကြရပါတယ်။ အကုသိုလ် အညစ်အကြေးတွေ ရှိနေသမျှကာလပတ်လုံး စစ်မှန်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ မရှိနိုင်ပါဘူး။ ဒါပေမဲ့ ခုတော့ စိတ်ကို စင်ကြယ်စေတဲ့နည်းလည်း ရှိနေပြီ။ ဒီလိုဆိုရင် မိမိကိုယ်ကို ခရစ်ယာန်လို့ခေါ်ခေါ်၊ ဟိန္ဒူလို့ခေါ်ခေါ်၊ မွတ်ဆလင်၊ ဗုဒ္ဓဘာသာ ကြိုက်သလိုခေါ်နိုင်ပါတယ်။ ခေါ်ရုံနဲ့တော့ ဘာမှမထူးခြားပါဘူး။ လူဟာ လူပါပဲ။ လူ့စိတ်ဟာ လူ့စိတ်ပါပဲ။ ဒီလို (ပြတ်သားတဲ့အမှန်တရား) ကြောင့်လည်း လူအမြောက်အမြား လာရောက်နေကြပါတယ်။ မွတ်ဆလင်ဘာသာဝင်တွေတောင် လာရောက်နေကြပါပြီ။

ဆစ်(ခ်)တွေ၊ ဟိန္ဒူတွေလည်း အလားတူပါပဲ။ မိမိတို့ရဲ့ ဘာသာဝင်တွေ တရားစခန်းကို မလာကြတဲ့ ဘာသာဝါဒဆိုတာ ကမ္ဘာမှာ မရှိတော့ပါဘူး။ သူတို့လည်း ဒီအကျိုးတရားမျိုးကိုပဲ ကိုယ်စီကိုယ်ငှ ရသွားကြပါတယ်။ ယခု အချိန်ကောင်း အခါကောင်းကြီး ဆိုက်ကပ်နေပါပြီ။ ဓမ္မရတနာမြတ်ကြီး ကမ္ဘာတစ်ခွင်မှာ ပျံ့နှံ့ပါတော့မယ်။ သံဃာတော်အရှင်သူမြတ်များရဲ့ ကောင်းမြတ်တဲ့ မေတ္တာစေတနာဟာ ဒီလူတွေအားလုံးကို စွမ်းအင်နဲ့ ခွန်အားတွေ ပေးစွမ်းပါတယ်။ အခုအခါ ကမ္ဘာအနှံ့ ဝိပဿနာဓမ္မကို ပြသဖို့ လေ့ကျင့်ပြီးသား တရားပြဆရာ ပေါင်း (၈၀၀) ရှိနေပါပြီ။ သူတို့ဟာ သံဃာတော်အရှင်သူမြတ်များရဲ့ ကောင်းမြတ်တဲ့ စေတနာ မေတ္တာများမှ အင်အားတွေ ရရှိကြပါတယ်။ မင်္ဂလာတရားတော်အကြောင်းကို "**သမဏာနဉ္စ ဒဿနံ ဧတံမင်္ဂလမုတ္တမံ**" လို့ တပည့်တော် ဟောပြောတဲ့အခါ သံဃာတော်တို့ကို ဖူးတွေ့ရတာ ဘယ်လောက် ကြည်နူးရတယ် ဆိုတာ တပည့်တော် အမှတ်ရရသွားပါတယ်။ တပည့်တော်ဟာ သံဃာတော် အရှင်သူမြတ်များရဲ့ အရိပ်အာဝါသမှာ ထိတွေ့ခိုလှုံလျက်ရှိပါတယ်။ ဒါဟာ ရောမ အခွင့်ထူးကြီးပါပဲ။ ဘာပြုလို့လဲဆိုတော့ တပည့်တော်တို့ဟာ ဓမ္မကို သံဃာတော်များထံက ရရှိကြလို့ပါပဲ။ မြတ်ဗုဒ္ဓရဲ့ ဥဒါန်းစကားတစ်ခွန်းကို တပည့်တော် အမှတ်ရမိပါသေးတယ်။ "**သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ**" တဲ့။ မြတ်ဗုဒ္ဓ ပွင့်တော်မူခြင်းဟာ ချမ်းသာသုခများစွာဖြစ်သော အခွင့်အခါ အခြေအနေဖြစ်ပါတယ်။ စစ်မှန်တဲ့ သုခချမ်းသာ ဖြစ်ပေါ်လာပါတယ်။ ပြီးတော့ "**သုခါ သဒ္ဓမ္မ ဒေသနာ**" တဲ့။ တရားတော်ကို ဟောကြားခြင်းဟာ ချမ်းသာသုခကို ဖြစ်စေပါတယ်။ သစ္စာတရားကို သိမြင်စေခြင်းဟာ ကြီးစွာသော ချမ်းသာသုခကို ဆောင်ပါတယ်။ ပြီးတော့ "**သုခါ သံဃဿ သာမဂ္ဂီ**" လို့ မြတ်ဗုဒ္ဓက ဟောတော်မူပါတယ်။ သံဃအဖွဲ့အစည်းကြီး များလှစွာသော သံဃာတော်အပေါင်းတို့ စုစည်းညီညွတ်ကြတဲ့အခါ ချမ်းသာခြင်း ဖြစ်ရပါတယ်။ ပြီးတော့ တပည့်တော်တို့က ဖူးတွေ့ရတဲ့အခါမှာလည်း စိတ်၏ချမ်းသာခြင်းများစွာ ဖြစ်ရပါတယ်။ ဗုဒ္ဓဘာသာ မဟုတ်တဲ့ နိုင်ငံများမှာ များပြားလှတဲ့ သံဃာတော်များကို တစ်စုတစ်ဝေးတည်း ဖူးမြင်ရဖို့ အလွန်ခက်ခဲလှပါတယ်။

ဒီနေရာမှာတော့ အရေအတွက် တစ်ရာကျော်ရှိတဲ့ သံဃာတော်အရှင်သူမြတ်များ စုဝေးနေကြပါပြီ။ ဒီတော့ "**သမဂ္ဂါနံ တပေါ သုခေါ**" သံဃာတော်

များနဲ့တကွ ဥပါသကာ၊ ဥပါသိကာမများ၊ ဝိပဿနာပဋိပတ္တိအကျင့်ကို ကျင့်ကြပြီဆိုတဲ့အခါမှာလည်း အတိုင်းမသိတဲ့ ရွှင်လန်းမှု၊ ချမ်းသာမှုများ ဖြစ်ပေါ်လာရပါတယ်။ ဒါကြောင့် ဒါဟာ သံဃာတော်အရှင်သူမြတ်များရဲ့ ကျေးဇူး၊ ဓမ္မရတနာရဲ့ ကျေးဇူးပဲ ဖြစ်ပါတော့တယ်ဘုရား။

- ဓမ္မရတနာသည် ကမ္ဘာတစ်ဝန်းလုံး၌ ပျံ့နှံ့ပါစေသတည်း။
- ဆတက်ထမ်းပိုး လူများစွာ တိုး၍ တိုး၍ ဓမ္မ၏အကျိုးကျေးဇူးများကို ခံစားနိုင်ကြပါစေသတည်း။
- ဆတက်ထမ်းပိုး လူများစွာ တိုး၍ တိုး၍ ဒုက္ခဆင်းရဲမှ လွတ်မြောက်နိုင်ကြပါစေသတည်း။
- ဆတက်ထမ်းပိုး လူများစွာ တိုး၍ တိုး၍ ဆင်းရဲအပေါင်းမှ အပြီးတိုင် လွတ်မြောက်ခြင်းသို့ ဆိုက်ရောက်နိုင်ကြပါစေသတည်း။
- ရာဂ၊ ဒေါသ၊ မောဟ တည်းဟူသော အမှောင်ထုအပေါင်းကို ပယ်ဖျောက်လျက် ဓမ္မရတနာသည် နေမင်းသဖွယ် ထွန်းလင်းပါစေသတည်း။
- စိရံ တိဋ္ဌတု သဒ္ဓမ္မော
- သတ္တဝါအပေါင်း ချမ်းမြေ့ကြပါစေ။
- သတ္တဝါအပေါင်း ငြိမ်းချမ်းကြပါစေ။
- သတ္တဝါအပေါင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

<u>ရည်ညွှန်း</u>

- ဦးဥက္ကသေန (ချင်းတွင်း) ၏ 'ဓမ္မရတနာ ပြန့်ပွားရေး ကြိုးပမ်းမှုနှင့် ကမ္ဘာ့အခမ်းအနား ဟောပြောချက်'

✦

# နိုင်ငံတကာ ဗုဒ္ဓါနုဿတိဘာဝနာ

## (မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အမြင်)

❖ မတည်မြဲခြင်း အနိစ္စဟူသည့် အခြေခံသဘောတရားကို ၎င်း၏ အခြေအမြစ်အဖြစ် လက်ခံထားသော ဘာသာတစ်ခုကို ထာဝရ တည်မြဲသည့် အရည်အသွေးရှိသည်ဟု တင်ပြရခြင်း (သို့) ဖော်ပြရခြင်းသည် ရှေ့နောက်မညီဟန်ရှိသော်လည်း မှန်ကန်သည့် အဆိုတစ်ရပ် ဖြစ်ပါသ ည်။

❖ လူသားအား စိတ်ပိုင်းဆိုင်ရာ အနှောင်အဖွဲ့နှင့် အခြားသော အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်စေသည်။ ဤအခြေခံကျသော ချဉ်းကပ်မှုသည် ဗုဒ္ဓဝါဒအား အချိန်ကာလအကန့်အသတ်မဲ့ဖြစ်ရန် ကူညီထောက်ပံ့ပေးသော ဗုဒ္ဓဝါဒ၏ အလွန်အရေးကြီးသည့် သဘောတရား တစ်ခု ဖြစ်ပါသည်။

❖ ယနေ့ အလွန်အရေးပါသော အကြောင်းတစ်ရပ်မှာ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားကျောင်းကန်များသို့ တစ်ကြိမ်တစ်ခါမှ မသွားရောက်ပါဘဲလျက်၊ ဗုဒ္ဓဘာသာနိုင်ငံများ၌ အဆင့်ဆင့် ပြောင်းလဲပြုပြင်ထားသော ဘာသာရေး ထုံးတမ်းအဖွဲ့အစည်းများသို့ မဝင်ရောက်ပါဘဲလျက် မြတ်စွာဘုရား တရားတော်၏ အကြောင်းအကျိုး ညီညွတ်မှုကို မိမိတို့၏ စိတ်ထဲ နှလုံးထဲ၌ သိမြင်၍ ဗုဒ္ဓဘာသာ၏ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသော လူထောင်ပေါင်းများစွာ ရှိခြင်းပင်ဖြစ်သည်။

ဒေါက်တာ အာနန္ဒဂုရု
(ကုလသမဂ္ဂ၊ ယူနက်စကို အရာရှိ)

# ကုလသမဂ္ဂ စင်မြင့်ပေါ်မှ ဗုဒ္ဓတရား

## ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ

ဤစာအုပ်ငယ်ကို ရေးသားသူ ဒေါက်တာဂုရှသည် သီဟိုဠ်နိုင်ငံ ဝန်ထမ်းတစ်ဦးအဖြစ် တိုင်းအုပ်ချုပ်ရေးတွင် စတင်ထမ်းရွက်သည်။ ထို့နောက် သီဟိုဠ်နိုင်ငံဝန်ကြီးချုပ်၏ တွဲဖက်အတွင်းရေးမှူးအဖြစ် ခန့်ထားခြင်းခံရသည်။ သူသည် သီဟိုဠ်နိုင်ငံ ဗုဒ္ဓဘာသာကောင်စီ၏ အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ပြီးလျှင် သာသနာတော်နှစ် (၂၅၀၀) ပြည့် အခမ်းအနားကျင်းပရန် စီမံဆောင်ရွက် ရန်တာဝန်ကို ပေးအပ်ခြင်းခံရသည်။

၁၉၅၆ ခုနှစ် ဒေါက်တာဂုရှသည် ပညာရေးဝန်ကြီးဌာနသို့ တွဲဖက်အတွင်းရေးမှူးအဖြစ် ပြောင်းရွှေ့ရပြီးလျှင် ပညာရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဌာနညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်များ၏ ညွှန်ကြားရေးမှူးနှင့် အကြီးတန်း တွဲဖက်အတွင်းရေးမှူးတာဝန်အသီးသီးကို ထမ်းရွက်ခဲ့ရသည်။

သူသည် အမေရိကန်ပြည် ဘတ်ဖဲလိုးမြို့ရှိ နယူးယောက်ပြည်နယ် တက္ကသိုလ်တွင် အာရှလေ့လာရေးဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် တစ်နှစ်ဆောင်ရွက်ပြီးလျှင် ယူနက်စကိုအဖွဲ့၌ တာဝန်ထမ်းရွက်သည်။ ပါရီမြို့တွင် ပညာရေးစီမံကိန်းအတွက် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်၌ တစ်နှစ်တာ တာဝန်ထမ်းရွက်ပြီးနောက် နယူးဒေလီမြို့ရှိ ယူနက်စကို၌ သုံးနှစ်ကျော် တာဝန်ထမ်းရွက်သည်။ ပညာရေးစီမံကိန်းနှင့် အုပ်ချုပ်မှုဆိုင်ရာ အာရှတက္ကသိုလ်ကို ကမကထပြုပြီးလျှင် ယခုအခါ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ယူနက်စကို ဒေသဆိုင်ရာ ပညာရေးရုံးတွင် ပညာရေးအုပ်ချုပ်မှုအကြံပေးအရာရှိအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဤစာအုပ်ငယ်တွင် ဒေါက်တာဂုရုသည် စိတ်ဝင်စားဖွယ် ဖတ်စရာများကို ရေးသားပေးထားသည်။ ခေတ်သစ်ဘဝတွင် ဗုဒ္ဓဘာသာ၏ လိုအပ်မှုများကို အသေးစိတ် ဆွေးနွေးထားပြီးလျှင် ထိုအကြောင်းအရာကို အမှန်တရား ရှာဖွေနေကြသော သာမန်လူသားများ၏ အကျိုးငှာ အလွန်ရှင်းလင်းသောပုံစံဖြင့် ထင်လင်းစွာ ဖော်ထုတ်ပေးထားသည်။

ဤစာအုပ်ငယ်၏ စာမျက်နှာများ၌ ဉာဏ်ထက်မြက်ပြီး ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသူ ရဲဝံ့စွာ တွေးခေါ်တတ်သူတစ်ဦး၏ ကြိုးပမ်းမှုကို တွေ့မြင်ရလိမ့်မည်။ ဤအကြောင်းအရာကို စာရေးသူ၏ ချဉ်းကပ်ပုံသည် ဗုဒ္ဓဘာသာဝင်များကိုသာမက ဗုဒ္ဓဘာသာဝင် မဟုတ်သူများကိုပါ ဘာသာရပ်နှင့် အကျွမ်းဝင်စေလိမ့်မည်။ ဤတင်ပြမှုသည် ဗုဒ္ဓဘာသာကို ၎င်း၏ မှန်ကန်သော ပင်ကိုသဘာဝ မြင်ကွင်းအတိုင်း ကမ္ဘာသို့ ထိုးပြနိုင်ရုံမျှမက ဗုဒ္ဓမြတ်စွာ၏ သိမ်မွေ့သည့် သင်ကြားမှုများကို သရုပ်ဖော် တင်ဆက်ထိုက်သော နည်းလမ်းအတိုင်း အများပြည်သူတို့၏ မြင်ကွင်းထဲသို့ ရောက်လာအောင် တင်ဆက်ပေးရာလည်း ရောက်သည်။

ကျွန်ုပ်တို့၏ခေတ်ကဲ့သို့ လျင်မြန်စွာ ပြောင်းလဲနေသော ကာလတွင် အများဆုံး ဝေဖန်စိစစ်တတ်သည့် စာဖတ်သူပင်လျှင် ဗုဒ္ဓဝါဒ၏ အမြော်အမြင်ကြီးမှုကိုသာမက ယနေ့ ကျွန်ုပ်တို့အားလုံး၏ ဘဝများအတွက် ဗုဒ္ဓဝါဒ၏ အကြောင်းအကျိုး ညီညွတ်စွာ လက်တွေ့အသုံးကျမှုကိုပါ ဧကန်အမှန်ပင် အထင်ကြီးလေးစားမိမည်ဖြစ်ပါသည်။

ဘာသာတရားသည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ ပစ္စုပ္ပန် လိုအပ်ချက်များနှင့် အကောင်းဆုံး လိုက်ဖက်ညီညွတ်ရမည်။

**အိပ်ခ်ျ၊ အမ်၊ အေ၊ ဒီ ဆီးလဗား**

## ဗုဒ္ဓဝါဒ

ယခု ဗုဒ္ဓဝါဒဆိုတာ ဘာလဲလို့ သိရအောင် ဆန်းစစ်ကြည့်ကြပါစို့။ ဗုဒ္ဓဝါဒနှင့်ပတ်သက်လို့ ကျွန်ုပ်တို့ ဘာတွေသိထားကြသလဲ။ ဗုဒ္ဓဝါဒသည် လူအမျိုးမျိုးအတွက် အဓိပ္ပာယ်အထွေထွေ ရှိနိုင်သည်။ အချို့သူတို့အတွက်

ဗုဒ္ဓဝါဒသည် ဗုဒ္ဓမြတ်စွာ၏ ဘဝဖြစ်စဉ်၊ ဗုဒ္ဓမြတ်စွာနှင့် သူ၏ အနီးကပ်သာဝက များ ချမှတ်ခဲ့သည့် စံနမူနာ၊ လူသားတို့၏ ရှေ့မှောက်၌ လူသားတစ်ယောက် အဖြစ် ရပ်တည်လျက် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးလမ်းစဉ်ကို ချမှတ်ပေး ခဲ့သော လူသားတစ်ယောက်၏ ထွန်းတောက်ပြောင်မြောက်သည့် စွမ်းဆောင်မှု ဟူ၍ အမျိုးမျိုး အဓိပ္ပာယ်ပေါက်လိမ့်မည်။

အချို့သူတို့က ဗုဒ္ဓဝါဒသည် မြတ်စွာဘုရား၏ စကားတော်များကို မှတ်တမ်းတင်ထားသည့် စာမျက်နှာ ထောင်ပေါင်းများစွာ အတွဲပေါင်းများစွာ ရှိသည့် ကြီးကျယ်များပြားသော ဗုဒ္ဓစာပေ၌ ပါရှိသော ဗုဒ္ဓတရားတော်ဖြစ်သည်။ ဤဗုဒ္ဓတရားတော်တွင် အလွန်မြင့်မားသော အလွန်နက်နဲသိမ်မွေ့ ရှုပ်ထွေးလှ သော ပညာသား ကြွယ်ဝသည့် ဘဝဒဿနများကို ဖော်ပြထားသည်ဟု နားလည် ကြလိမ့်မည်။

ထို့နောက် မြတ်စွာဘုရားသည် မည်သည့်အရာကို ဟောကြားထား သည်ဖြစ်စေ၊ ထိုသင်ကြားမှုနှင့် လက်တွေ့ကျင့်နည်းတို့ကို အခြေခံ၍ အလွန်ပြည့်စုံ ကြွယ်ဝသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းခဲ့သည်ကိုကား မည်သူမျှ မငြင်းနိုင်ချေ။ ထိုယဉ်ကျေးမှုသည် အာရှတိုက်၏ ဒေသအသီးသီးသို့ နှစ်ပေါင်း (၂၅၀၀) ကျော် ပျံ့နှံ့သွားပြီးလျှင် ထိုယဉ်ကျေးမှုအတွက် ထိုတိုင်းနိုင်ငံအသီးသီးမှ ကျောထောက် နောက်ခံ အမျိုးမျိုးရှိကြသော အလွှာအသီးသီးမှ လူအပေါင်းတို့သည် အစွန့် ရှည်စွာ တည်တံ့သော စွမ်းဆောင်မှုများဖြင့် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။

အရေအတွက် များပြားသော ဂိုဏ်းဂဏများ သို့မဟုတ် ကျောင်းများ သို့မဟုတ် အတွေးအခေါ်စနစ်များသည် တစ်စတစ်စ ပြောင်းလဲတိုးတက်လာ ကြရာ ဤဂိုဏ်း၊ ကျောင်း၊ စနစ်များအားလုံးသည်ပင် ဗုဒ္ဓဝါဒ၏ အမည်အောက် တွင် နေရာမှန်စွာ ရောက်ရှိသွားကြသည်။

ထို့အပြင် ဗုဒ္ဓဝါဒ၏ အခြားအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်မျိုး ပေါ်ပေါက် လာသည်။ ဤအဓိပ္ပာယ် ဖွင့်ဆိုချက်သည် မြတ်စွာဘုရား တရားတော်၏ အကျိုးဆက်အဖြစ် ဗုဒ္ဓမြတ်စွာ ဟောဖော်ညွှန်ပြခဲ့သည့် ဘဝလမ်းစဉ်အဖြစ် ဗုဒ္ဓမြတ်စွာ၏ တရားတော်ဝန်းကျင်တွင် ရှင်သန်ကြီးထွားလာသော ဘာသာရေး ထုံးတမ်းဓလေ့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ကိုးကွယ်ခဲ့သည်ဖြစ်စေ၊ မကိုးကွယ်ခဲ့သည်ဖြစ်စေ၊

သူ၏ သင်ကြားမှုများသည် ကိုးကွယ်ရာ ဘာသာတစ်ခုဖြစ်လာသည်။ ထိုဘာသာသို့ လူအပေါင်းတို့က သစ္စာခံယူရန် ပြင်ဆင်ထားကြပြီးလျှင် ထိုဘာသာ၌ မိမိ၏ ကိုယ်ပိုင်ထုံးတမ်းဓလေ့များ၊ အဖွဲ့အစည်းများနှင့် ကောင်းမွန်စွာ ပြုလုပ်သည် သို့မဟုတ် မှားယွင်းပြုလုပ်သည်တို့ကို ဆုံးဖြတ်ရန် နည်းလမ်းများ (ဝါ) စံညွှန်းများရှိကြသည်။ ဤသည်လည်း ဗုဒ္ဓဝါဒ၏ ထူးခြားသော အသွင်တစ်မျိုး ဖြစ်ပေ၏။

အကယ်၍ လူတစ်ယောက်သည် ဗုဒ္ဓဝါဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်မျိုးစီကို သီးခြားယူ၍ ဗုဒ္ဓဝါဒဟု သူခေါ်ဆိုမည့် သဘောတရား၏ ခေတ်သစ်ဘဝအပေါ် အကျိုးသက်ရောက်မှုကို စုံစမ်းစစ်ဆေးမည်ဆိုလျှင် အလွန်ကြီးမားသော ဆောင်ရွက်မှုတစ်ရပ်ကို ဧကန်မုချ လုပ်ဆောင်ရလိမ့်မည်။

ကျွန်ုပ်အဖို့တွင် ဗုဒ္ဓဝါဒသည် ဤအရာအားလုံးကို ဆိုလိုသည်။ ဗုဒ္ဓမြတ်စွာနှင့် သူ၏ဘဝ၊ သူဟောကြားထားသော တရားတော်၊ ထိုတရားတော်ကို အခြေခံ၍ တစ်စတစ်စ ပြောင်းလဲတိုးတက်လာသော ယဉ်ကျေးမှု၊ ၎င်းယဉ်ကျေးမှုနှင့် ဆက်စပ်နေသော ဘာသာရေး ဓလေ့ထုံးတမ်းများ အားလုံးတို့သည်ပင် ဗုဒ္ဓဝါဒကို ကိုယ်စားပြုကြ၏။

ဤအရသာ အားလုံးကို ကျွန်ုပ်တို့သည် အသိမ်မွေ့ဆုံးအသွင် အဖြစ်သို့ ပေါင်းတင်စိစစ်ပြီးလျှင် ကျွန်ုပ်တို့တစ်ဦးစီက မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ယူနိုင်သည့် လူသားအတွေ့အကြုံများ၏ အစုအပေါင်းကြီးတစ်ခုအဖြစ် လက်ခံလိုက်သည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓဝါဒ၏ အံ့ချီးလောက်သော ပြိုင်စံရှားမှုကို စတင်သိမြင်လာမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်အခါကပင်လျှင် မြတ်စွာဘုရားသည် ဤအချက်ကို အလေးအနက် ပြောဆိုတော်မူခဲ့သည်။ လူတစ်ယောက်သည် ပညာရှင်တစ်ယောက်အနေဖြင့် ဗုဒ္ဓဝါဒကို အားလုံး လေ့လာရန်မလို။ ဗုဒ္ဓဘာသာသည် သင်္ချာကဲ့သို့ ဘာသာရပ်တစ်ခုမဟုတ်။ သင်္ချာတွင် သီအိုရမ်များအားလုံးနှင့် ပုစ္ဆာပုံစံအမျိုးမျိုး၏ တွက်ချက်ဖြေရှင်းနည်းအမျိုးမျိုးတို့ကို လေ့လာရသကဲ့သို့ မဟုတ်။ ဗုဒ္ဓဘာသာ၌ အခြေခံသဘောတရားများ၊ အခြေခံအကြောင်းရင်းများကို သိလျှင် ပညာရှင်ကဲ့သို့ အသေးစိတ် လေ့လာမှုသည် လက်တွေ့ကျင့်ကြံမှု၏ အရေးကြီးသော ရှေ့ပြေး လိုအပ်ချက်တစ်ရပ် မဟုတ်တော့ချေ။

သို့ဖြစ်၍ ဤကြီးမားကျယ်ပြောသော ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာ သို့မဟုတ် ဗုဒ္ဓစာပေ၊ သို့မဟုတ် ကျွန်ုပ်တို့ထံ ဗုဒ္ဓဝါဒအဖြစ် ဆင်းသက်လာသည့် ကြီးမားကျယ်ဝန်းသော အတွေ့အကြုံများ အပေါင်းအစုမှ ကျွန်ုပ်တို့တစ်ဦးစီသည် ကျွန်ုပ်တို့၏ဘဝ၊ ကျွန်ုပ်တို့၏ ပြဿနာအမျိုးအစားနှင့် ဆီလျော်သော တရား အဆုံးအမကို တွေ့ရှိရပါလိမ့်မည်။

## ကာလကန့်သတ်ချက်မရှိသော တရားတော်

ကျွန်ုပ်သည် ဗုဒ္ဓဝါဒကို အဘယ်သို့လျှင် 'အကာလိက' ဟု ခေါ်ဆိုရသည်ကို မကြာခဏ အံ့ဩမိခဲ့သည်။ 'အကာလိက' သည် 'ကာလကန့်သတ်ချက် မရှိ' ခေတ်ကာလအချိန်အားလုံးအတွက် တည်ရှိသည်ဟု အဓိပ္ပာယ်ရ၏။ ဗုဒ္ဓယဉ်ကျေးမှု သို့မဟုတ် ဗုဒ္ဓဘာသာ၌ ပြောင်းလဲမှုများ ဖြစ်လာသည်ကို ကျွန်ုပ်ပို၍တွေ့ရှိရလေလေ အချိန်ကာလ အမျိုးမျိုး လူဦးရေအမျိုးမျိုး ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ လိုအပ်ချက်များနှင့်အညီ ဗုဒ္ဓဝါဒ၏ ဆက်ကာဆက်ကာ ညှိချိန်ပြုပြင်နိုင်မှုကို ကျွန်ုပ်တွေ့ရလေလေဖြစ်ပြီးလျှင် အစဉ်ထာဝရ ဆန်းသစ်ကာ တည်ရှိနိုင်မည့် တရားတော်ကို မြတ်စွာဘုရားမို့သာလျှင် ဟောကြားနိုင်ပေသည်ဟု ကျွန်ုပ် မြင်သိလာလေလေ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဝါဒသည် အကယ်၍ ယနေ့ အသုံးကျနေပါသေးလျှင် ခေတ်သစ်ဘဝ၌ နေရာယူနိုင်သေးလျှင် ထာဝရတန်ဖိုးများအစုံမှ ပေါ်ထွက်လာသော ထိုကာလကန့်သတ်ချက်မရှိသည့် အသုံးချနိုင်မှု အကြောင်းကြောင့်သာလျှင် ဖြစ်ပေ၏။

မတည်မြဲခြင်း 'အနိစ္စ' ဟူသည့် အခြေခံသဘောတရားကို ၎င်း၏ အခြေအမြစ်အဖြစ် လက်ခံထားသော ဘာသာတစ်ခုကို ထာဝရ တည်မြဲသည့် အရည်အသွေးရှိသည်ဟု တင်ပြရခြင်း သို့မဟုတ် ဖော်ပြရခြင်းသည် ရှေ့နောက် မညီဟန်ရှိသော်လည်း မှန်ကန်သည့် အဆိုတစ်ရပ်ဖြစ်ပါသည်။

ကာလကန့်သတ်ချက်မရှိသော ဝိသေသ လက္ခဏာသည် အရာဝတ္ထုတိုင်းက ဆက်လက်ဖြစ်ပေါ်နေမှုမှ ပေါ်ပေါက်လာသည်။ သို့သော် အဆက်မပြတ် ပြောင်းလဲနေသည့် အသွင်ဖြင့် ဆက်လက်ဖြစ်ပေါ်နေသည်။ အစဉ်အမြဲ ပြောင်းလဲ

ကာ ပြုပြင်တိုးတက်နေသည့် နည်းစဉ်အရ ဆက်ဖြစ်နေသည်ဟူသော အချက်မှ ဆင်းသက်လာခြင်းဖြစ်သည်။

သို့ဖြစ်၍ ဗုဒ္ဓဝါဒသည် အချိန်ကာလအမျိုးမျိုး ယဉ်ကျေးမှုအမျိုးမျိုး တို့နှင့် လိုက်လျောညီထွေ ပြုပြင်ချိန်ညှိနိုင်စွမ်းရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ယနေ့ ကျွန်ုပ်တို့အတွက် ဆီလျော် အောင် အသုံးချနိုင်သည့် သဘောတရားအဖြစ် တွန့်ဆုတ်ခြင်းမရှိဘဲ ဆွဲယူအသုံးပြု နိုင်ပါသည်။

ဗုဒ္ဓဝါဒကို ကာလကန့်သတ်ချက်မှ လွတ်မြောက်အောင် ပြုလုပ်ပေး သည့် အရင်းခံသဘောတရားများကား အဘယ်နည်း။ ၎င်းတို့အနက် အနည်း အကျဉ်းကိုသာ ကျွန်ုပ်ဆွေးနွေးပါရစေ။ ပထမအခြေခံသဘောမှာ ပုဂ္ဂိုလ်တစ်ဦးစီ၏ တာဝန်ရှိမှုကို အသိအမှတ်ပြုခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် အထူးခြား ဆုံးသော ဘာသာရေးဆရာတစ်ဦးဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် လူသားကို အနှောင်အဖွဲ့များအားလုံးမှ လွတ်မြောက်စေသည်။ မည်သည့်အနှောင်အဖွဲ့များ ဖြစ်သနည်းဟူမူ သဘာဝလွန် အနှောင်အဖွဲ့များ၊ ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည်သော အနှောင်အဖွဲ့၊ ဖန်ဆင်းရှင်ကို ပြစ်မှားသည်ဟူသော အနှောင်အဖွဲ့ သို့မဟုတ် အခြားသူတို့ထံမှ အမွေခံရရှိသည့် အခြားသော ဝိသေသ လက္ခဏာ များ (သင်ကိုယ်တိုင် ပြုလုပ်ခဲ့သော အမှုများမှတစ်ပါး) တို့ကို ယုံကြည်သော အနှောင်အဖွဲ့တို့ပင်တည်း။

ထို့ကြောင့် မြတ်စွာဘုရားက ပုဂ္ဂိုလ်တစ်ဦးစီသည် သူ၏ ကိုယ်ပိုင် အရှင်သခင်ဖြစ်သည်ဟု မိန့်ဆိုသည့်အခါ သူသည် သဘောတရားတစ်ခုကို ကြေညာလိုက်ခြင်းဖြစ်သည်။ လူသားက သူနှင့် ပတ်ဝန်းကျင်ကို ထိန်းချုပ်ရန် ယုံကြည်မှု ပို၍ ပို၍ စတင်ရရှိလာသည်နှင့်အမျှ ထိုသဘောတရားသည်လည်း လက်တွေ့အရ ပို၍ အားကောင်းလာသည်။

သို့အတွက် အကယ်၍ ယနေ့တွင် သိပ္ပံနှင့် နည်းပညာတို့ ဖွံ့ဖြိုး တိုးတက်ခြင်းနှင့်အတူ လူသည် သူ၏ကိုယ်ပိုင်အသိဉာဏ်က သူ့အား အခြား သူတို့အားလုံးထက် ပို၍ သာလွန်စေသည်။ သို့မဟုတ် သူ၏ ကိုယ်ပိုင်အသိ ဉာဏ်က သူ့အား ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာ သို့မဟုတ် နိုင်ငံရေး

ဆိုင်ရာ သို့မဟုတ် မည်သည့်အရေးကိစ္စနှင့်မဆို သက်ဆိုင်သော မည်သည့် ပြဿနာကိုမဆို ဖြေရှင်းနိုင်စွမ်းရှိစေသည်ဟု ခံစားလာရသဖြင့် လူသည် သူ၏ အရှင်သခင်ဖြစ်သည်ဟူသော သဘောတရား၊ သူ ဘာပဲလုပ်လုပ် သူလုပ်သည်ကို အမွေခံရရာ သူသည် သူ့အတွက် တာဝန်ရှိသည်ဟူသော သဘောတရားသည် သူ့ကို ကြည့်ရှုစစ်ဆေးရန် အရေးကြီးဆုံးသော နည်းတစ်ခု ဖြစ်မလာပြီလော။

သို့ဖြစ်၍ လူသားအား စိတ်ပိုင်းဆိုင်ရာ အနှောင်အဖွဲ့နှင့် အခြားသော အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်စေသည့် ဤအခြေခံကျသော ချဉ်းကပ်မှုသည် ဗုဒ္ဓဝါဒအား အချိန်ကာလ အကန့်အသတ်မဲ့ဖြစ်ရန် ကူညီထောက်ပံ့ပေးသော ဗုဒ္ဓဝါဒ၏ အလွန်အရေးကြီးသည့် သဘောတရားတစ်ခု ဖြစ်ပေ၏။

ကျွန်ုပ်တို့ ရှေ့သို့ ချီတက်နေစဉ် လူသားက ပို၍ ကြီးကျယ်သော တိုးတက်မှုကို စွမ်းဆောင်နိုင်နေစဉ်အခါ၌ သူ့အဖို့ရာ သူသည် သူ၏ အရှင်သခင်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုရန် ပို၍ လိုအပ်လာလိမ့်မည်။ သူသည် သူ၏ အရှင်သခင်ဖြစ်သည်ကို သူ ပို၍ အခိုင်အမာပြောဆိုနိုင်လေလေ 'အတ္တာဟိ အတ္တာနော နာထော' (မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်သည်) ဟူသော မြတ်စွာဘုရား၏ အဆိုအမိန့်ကို ပို၍ ထုတ်ဖော်ပြောဆိုရာ ရောက်လေလေ ဖြစ်သည်။

## အတွေးအခေါ် လွတ်လပ်မှု

ထို့နောက် အညီအမျှ အရေးကြီးသော အခြားသဘောတရားတစ်ခု ရှိသည်။ ယင်းကား သဘောထား ပွင့်လင်းကျယ်ပြန့်ခြင်း သဘောတရား (ဝါ) တွေးခေါ်ဆင်ခြင်ခြင်း၏ လွတ်လပ်မှုဖြစ်သည်။ ဗုဒ္ဓဝါဒသည် ကျွန်ုပ်တို့အား ဖန်ဆင်းရှင်ဘုရားသခင် သို့မဟုတ် သဘာဝလွန် အနှောင်အဖွဲ့များမှ လွတ်မြောက်စေသည်သာမက လူသားအား တရားသေ အယူဝါဒမှလည်း လွတ်မြောက်စေ၏။

မြတ်စွာဘုရား တရားဟောနေသောအချိန် ခေတ်ကာလကို ကျွန်ုပ်တို့ အာရုံယူကြည့်ကြပါစို့။ ထိုအချိန်သည် ဘာသာရေးသင်ကြားမှု အမျိုးမျိုးတို့က လှုပ်ရှားနိုးကြားနေသည့်အခါဖြစ်၍ ဘီ–စီ ခြောက်ရာစု အိန္ဒိယနိုင်ငံသည် လူသား တစ်ယောက် နေထိုင်ချင်စဖွယ် စိတ်ဝင်စားစဖွယ် အကောင်းဆုံးနေရာဒေသများ

အနက် တစ်ခုဖြစ်ပေသည်။ တရားဒေသနာ အမျိုးအစား အမျိုးမျိုးကို ဟောပြော နေကြသော ဘာသာရေးဆရာများသည် မိမိဘာသာသို့ ကူးပြောင်းလာသူ များများ ရအောင် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်နေကြသည်။ တရားအမျိုးမျိုး လှည့်လည် ဟောပြောနေကြသည်။ ဤဆန်းသစ်သော သင်ကြားမှုများအပြင် နက်ရှိုင်းစွာ အမြစ်စွဲနေကြသည့် ဘာသာရေးစနစ်များလည်း ရှိကြသည်။ ဤဘာသာရေး စနစ်များအားလုံး သီအိုရီ သဘောတရားမှာ 'ကျွန်ုပ်တို့ နည်းလမ်းတစ်ခု တွေ့ရှိပြီ'၊ 'ဒီနည်းလမ်းဟာ လမ်းမှန်ပဲ' 'သင်လာပါ၊ သင်ကယ်တင်ခြင်း ခံရ လိမ့်မည်' ဟု ဖြစ်ပေ၏။

ဤသူတို့အကြားတွင် မြတ်စွာဘုရား ပေါ်ပေါက်လာပြီး ဤသို့ မိန့်ဆို ၏။ 'သင်တို့၏ စာအုပ်ပြောတာကို မယုံကြည်ပါနှင့်၊ သင်တို့၏ ဆရာများ ပြောဆိုကြသော စကားများကိုလည်း မယုံကြည်ကြနှင့်၊ သင်တို့၏ အစဉ်အလာ ပြောဆိုချက်များကိုလည်း မယုံကြည်ပါနှင့်၊ တစ်စုံတစ်ယောက်သောသူ၏ အမိန့် အာဏာနှင့် သင့်ထံ ရောက်လာရုံမျှဖြင့်လည်း တစ်စုံတစ်ရာကို လက်ခံမယူပါနှင့်၊ ထိုတစ်စုံတစ်ရာကို သင်၏ကိုယ်ပိုင်အတွေ့အကြုံဖြစ်အောင် ပြုလုပ်ပါ။ သင့် အတွက် သင်ဆင်ခြင်စဉ်းစားပါ။ မှန်ကန်ကြောင်း သင်ယုံကြည်စိတ်ချသည်အထိ ပြုကျင့်ပါ။ မှန်ကြောင်း သင်ယုံကြည်စိတ်ချလာသည့်အခါ ထိုနည်းလမ်းအတိုင်း ပြုမူပါ'

ဤသည်ကား လူသားအား သူရရှိရန် တိုက်ပွဲဝင်နေသည့် အကြီးကျယ် ဆုံး လွတ်လပ်ခွင့်များအနက် တစ်ခုဖြစ်သော သူ့အတွက်သူ ဆင်ခြင်စဉ်းစား နိုင်သည့် လွတ်လပ်မှုကို အလွန်အားသစ်လောင်းစေသည့် နည်းလမ်းဖြင့် သူ့အား ပေးအပ်လိုက်ခြင်း ဖြစ်ပေ၏။ တစ်ဖန် ဤသည်လည်း ဗုဒ္ဓဝါဒအား ကာလ ကန့်သတ်ချက်မှ လွတ်မြောက်ခြင်းကို ရရှိစေသော သဘောတရားတစ်ခုဖြစ်၏။ လူသားတို့ရှေ့သို့ တိုးတက်စဉ် အချိန်ကာလအားလုံးနှင့် ဗုဒ္ဓဝါဒကို လိုက်ဖက် ညီကာ ခေတ်မီစေသော တရားလည်း ဖြစ်ပေ၏။

အကယ်၍ မြေရှင်ပဒေသရာဇ်စနစ်အောက်၌ ရှိနေမည်ဆိုလျှင် အကယ် ၍ လက်ရှိတိုးတက်မှုများ မဖြစ်ပေါ်မီကဆိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အတွက် ဆင်ခြင်စဉ်းစားနိုင်သည့် အခွင့်အရေးကို ယခုလောက် များများစားစား

ခိုင်ခိုင်မာမာ ပြောဆိုနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။ ဤတိုးတက်မှုများ ဖြစ်ပေါ်လာသည်နှင့်အမျှ ထိုအခွင့်အရေးကို ကျွန်ုပ်တို့ ပို၍ ပို၍ ပြောဆိုနိုင်လိမ့်မည်။ ကျွန်ုပ်တို့ကိုယ်တိုင် အမှားနှင့်အမှန် စူးစမ်းလေ့လာ ဆင်ခြင်သုံးသပ်ခွင့် ရပြီးသည့်နောက်၌ ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချမှုရအောင် ကြိုးပမ်းခဲ့သည်ဟု ခံစားချင်ပေလိမ့်မည်။ ဤစိတ်လွတ်လပ်ခွင့်ကို မချိုးဖောက်ထိုက်သည့် အခွင့်အရေးဟု ကျွန်ုပ်တို့ ယူဆသည်။

ဤသည်ကား ခေတ်သစ်နှင့် အနာဂတ်ခေတ်များတွင် အသုံးချမှု ဆက်လက်ရှိနေသည့် ဒုတိယသဘောတရားဖြစ်ပေ၏။

## ဗုဒ္ဓဝါဒ၏ အခန်းကဏ္ဍ

ထို့နောက် အရေးအကြီးဆုံးသော မေးခွန်း ပေါ်လာပါသည်။ ယနေ့နှင့် အနာဂတ်တွင် လူသည် သူ့အတွက် ခိုင်ခိုင်မာမာ ဘာပြောဆိုလိုသည်ကို ထောက်ခံပေးရုံအပြင် ဗုဒ္ဓဝါဒသည် မှန်အောင်ပြုပြင်ပေးနိုင်စွမ်းရှိသည့် အခန်းကဏ္ဍတစ်ခုကို ရွက်ဆောင်နိုင်လိမ့်မည်လား။ ဤမေးခွန်းနှင့်အတူ ယနေ့ ကျွန်ုပ်တို့အားလုံး သင့်တင့်မျှတသော အတိုင်းအတာဖြင့် ဂရုမူထိုက်သည့် အရေးအကြီးဆုံးသော မြင်ကွင်းတစ်ခု ပေါ်ပေါက်လာပါသည်။

ဤတိုးတက်မှုအားလုံးကို လူသားက စွမ်းဆောင်နေစဉ် ခေတ်သစ်ဘဝ၏ ဖိအားဖြစ်သော အသက်ရှင်သန် ကျန်ရစ်ရေးအတွက် ပြိုင်ဆိုင်မှု၊ သူတစ်ပါးထက် ပို၍ ကောင်းမွန်အောင် လုပ်ဆောင်ရန် ပြိုင်ဆိုင်မှု၊ စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ သို့မဟုတ် မည်သည့်ပုံစံဖြင့်ဖြစ်စေ ယှဉ်ပြိုင်နေရသည့် ဘဝကို နေထိုင်လိုသော ဆန္ဒတို့ကြောင့် စိတ်တင်းကျပ်မှု (ဝါ) စိုးရိမ်ပူပန်မှုကို ဖြစ်ပေါ်စေ၏။

ဤစိတ်တင်းကျပ်မှုများကို သက်သာရာရစေရန်အတွက် လူသည် အပန်းဖြေခြင်းများနှင့် စိတ်ပြေလျော့ခြင်းများကိစ္စတို့ကို ပို၍ ပို၍ ပြောင်းလဲတိုးတက်စေခဲ့ပါသည်။ ဤအရာတို့သည် စိတ်တင်းကျပ်မှုကို အနည်းငယ်ပြေလျော့စေသော အကျိုးကို ဖြစ်ပေါ်စေသည်ဟု ထင်ရသော်လည်း ၎င်းတို့သည်

လူအပေါင်းကို ဆိုးညစ်သည့် ဝဲဂယက် သံသရာအတွင်းသို့ ပို၍ ပို၍ ကျဆင်းလည်ပတ်စေရန်ရှိသည်။

စိတ်တင်းကျပ်မှုဟူသော အကြောင်းကြောင့် လူတစ်ဦးစီသည် မိမိကိုယ်ကို ယုတ္တိလောကမှ လွတ်မြောက်စေရေး လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်စေပါသည်။ ဤယုတ္တိလောကမှ လွတ်မြောက်ရေး လှုပ်ရှားမှုများက အချိန်မြောက်မြားစွာ ကုန်လွန်စေသည့်အတွက် အသက်ရှင်ကျန်ရစ်ရေး နည်းစဉ်ကို အလျဉ်မီအောင် လိုက်ကြိုးပမ်းရပြီးလျှင် မိမိကိုယ်ကို အလွန်အမင်း ပြင်းထန်သော စိတ်တင်းကျပ်မှု၏ ပိုမိုဆိုးရွားသည့် အချိန်ကာလသို့ ရောက်ရှိသွားရ၏။ စီးပွားရေး တိုးတက်မှုက ကြီးထွားလာလေလေ နိုင်ငံရေးအသိဉာဏ် ပွင့်ခြင်းသည်လည်း ကြီးထွားလာလေလေဖြစ်ပြီးလျှင် လူအပေါင်းတို့သည် သူတို့၏ ပုံမှန်တာဝန်များကို လုပ်ဆောင်နိုင်ရန်အတွက် စိတ်ငြိမ်ဆေးများနှင့် အိပ်ဆေးများကို ပို၍ သုံးစွဲလေလေဖြစ်သည်။ သင်သည် နိုးကြားနေရန်အတွက် ဆေးတစ်လုံး၊ အိပ်ပျော်ရန်အတွက် ဆေးတစ်လုံး အပန်းဖြေလျော့ရန်အတွက် ဆေးတစ်လုံး စသည်ဖြင့် စားရသည်။

ယခုရောက်ရှိလာပြီဖြစ်သော ဤသို့သော ခေတ်မီတိုးတက်ခြင်းသည် အလွန်လေးနက်သော အခြေအနေတစ်ရပ်ဖြစ်၏။ ဤအခြေအနေ၌ လူသား၏ တင်းကျပ်မှုများသည် အဆင့်မှတ်တစ်ခုသို့ မြင့်တက်သွားသည်။ ယင်းအဆင့်မှတ်၌ သူရှာဖွေထားသမျှသော အရာအားလုံးသည် ဘာမျှအသုံးမကျသည်ကို သူတွေ့လာရသည်။

ဤစိတ်တင်းကျပ်မှုများအပေါ် ထပ်ဆင့်ကာ နောက်ထပ်ပြဿနာတစ်ရပ် တိုးလာပြန်ပါသည်။ ဤအရာသည်ကား ငြီးငွေ့ဖွယ်ရာ တကုပ်ကုပ်လုပ်ကိုင်ရခြင်းမှ လွတ်မြောက်လာသည့် အကျိုးကြောင့် ယနေ့ လူသားတို့ ရရှိလာသည့် ပိုမိုများပြားသော အားလပ်ချိန်ကို မည်သို့ အသုံးပြုရမှန်း မသိသဖြင့် လူသည် ငြီးငွေ့မှုဟူသော ပြဿနာတစ်ခုနှင့် ရင်ဆိုင်တိုးနေရခြင်းပင်ဖြစ်သည်။

ထို့ကြောင့် တစ်ဖက်တွင် စိတ်တင်းကျပ်မှု၊ အခြားတစ်ဖက်တွင် ငြီးငွေ့မှုတို့နှင့် ရင်ဆိုင်နေရခြင်းနှင့်အတူ အခြားသော ရှုပ်ထွေးမှုအမျိုးမျိုးတို့ ပေါ်ပေါက်လာကြသဖြင့် လူမြောက်မြားစွာတို့သည် အမှန်တကယ်ပင် မပျော်ရွှင်နိုင်ကြတော့ချေ။

ယနေ့ ဤမေးခွန်းကို ကျွန်ုပ်တို့ မေးသင့်သည်။ ကျွန်ုပ်တို့သည် လူအပေါင်းတို့က အမှန်တကယ် ပျော်ရွှင်ကြသော အခြေအနေသို့ ရောက်နေကြပါသလား။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် လူအပေါင်းတို့က သူတို့ရှာဖွေရရှိထားသော အရာအားလုံးရှိစေကာမူ အခြေခံကျသော ဘဝ၏ အစိတ်အပိုင်း အသွင်ဖြင့် အချို့သော အခြေခံအရာကို သူတို့ ဆုံးရှုံးသွားရပြီဟု သိမြင်လာကြသည့် အခြေအနေသို့ ရောက်နေကြပါသလား။

မည်သူ့ကို အပြစ်တင်ရမည်လဲ၊ သိပ္ပံကို ကျွန်ုပ်တို့ အပြစ်တင်ရမလား၊ နည်းပညာကို ကျွန်ုပ်တို့ အပြစ်တင်ရမလား။ နိုင်ငံရေးစနစ်များကို ကျွန်ုပ်တို့ အပြစ်တင်ရမည်လား။ ကျွန်ုပ်တို့ အမွေခံရရှိသော သို့မဟုတ် ပြုစုပျိုးထောင်ခဲ့ကြသော စီးပွားရေးစနစ်ကို ကျွန်ုပ်တို့ အပြစ်တင်ရမည်လား။ သို့တည်းမဟုတ် ကျွန်ုပ်တို့ကိုပင် ကျွန်ုပ်တို့ အပြစ်တင်ကြရမည်လား။

## သင်သည် တာဝန်ရှိ၏

မြတ်စွာဘုရား၏ ဘဝပြဿနာကို ရှုမြင်တတ်သော ကိုယ်ပိုင်လမ်းစဉ်သို့ ပြန်သွားလျှင် သင့်ကိုယ်သင် အပြစ်တင်ရမည်ဟု သင်ပြောဆိုလိမ့်မည်။ အကြောင်းကား ဘယ်အရာပဲ လွဲမှားသွားသည်ဖြစ်စေ သင်သည်သာ တာဝန်ရှိ၏။ သင်သည် သင်၏ အရှင်သခင်ဖြစ်သည်မဟုတ်လော။ သင်သည် ထိုအရာကို သွားစေခဲ့၏။ သင်၏ အရှင်သခင်သည် ထိုအရာကို သွားစေခဲ့၏။ သင်၏လက်များအတွင်းမှ ထိုအရာကို ထွက်ခွာသွားစေခဲ့၏။ ပြဿနာတို့ကို သင့်လက်ထဲကပင် ထုတ်လွှင့်ခွင့်ပြုစေခဲ့၏။ အခွင့်အရေးတာဝန်ကိုလည်း လက်လွှတ်စေခဲ့၏။

လူတစ်ယောက်ကို "သင်သည် အခွင့်အရေးတစ်ခုကို ကျော်လွန်သွားစေခဲ့၏။ သင်၏ လက်တွင်းမှ ထိုအခွင့်အရေးကို လွှတ်ကျစေခဲ့၏" ဟု ပြောဆို၍ အပြစ်တင်ရန် လွယ်ကူ၏။ သို့သော် ဤသို့အပြစ်တင်ခြင်းသည် အထောက်အကူဖြစ်ပါသလား။ အကျိုးရှိပါသလား။

ဗုဒ္ဓဝါဒ၏ မြင့်မြတ်ကြီးကျယ်မှုသည် သင့်အပေါ်၌ တာဝန်ရှိခြင်းကို သတ်မှတ်ပြီးသည့်နောက် ရပ်တန့်မသွားခြင်း ဟူသည့်အချက်ပေါ်၌ မူတည်၏။

ဗုဒ္ဓဝါဒသည် "ယခု အဲဒါပဲ...ငါတို့ ယခု တရားခံကို ရှာလို့တွေ့ပြီ" ဟု ဆိုပြီး ရပ်မသွားပါ။ နောက်တစ်ဆင့်တက်၍ "ဟော...ဒီမှာ လုပ်နိုင်စရာတွေ အနည်းအကျဉ်း ရှိပါသေးတယ်" ဟု ဆက်ဆို၏။

အကယ်၍ တစ်စုံတစ်ယောက်သောသူသည် တစ်ဖက်တွင် စိတ်တင်းကျပ်မှု၊ အခြားတစ်ဖက်တွင် ငြီးငွေ့မှုနှင့် ခြံရံနေသော လူသားအား ကုစားရန် သို့မဟုတ် ကယ်တင်ရန်အတွက် အဆင့်ဆင့်ပြောင်းလဲပြုပြင် တီထွင်ခဲ့ကြသော အမျိုးမျိုးသော ဘာသာရေးဆိုင်ရာ စိတ်ဝေဒနာကုနည်းဆိုင်ရာ စိတ်ပညာဆိုင်ရာ စီမံဆောင်ရွက်ချက်အမျိုးမျိုးကို စူးစမ်းရှာဖွေ မွှေနှောက်ကြည့်မည်ဆိုလျှင် နည်းမျိုးစုံကို တွေ့ရမည်ဖြစ်သော်လည်း ဗုဒ္ဓဝါဒက ပေးအပ်သည့် အလွန်ရိုးရှင်းသော ညွှန်ကြားချက်အချို့လောက် အကုန်အကျနည်းပြီး လက်တွေ့ကျသော နည်းတစ်ခုခုကိုမျှ တွေ့ရမည်မဟုတ်ပါ။

ဤသို့ဆိုလိုက်သည့်အတွက် "သင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာသည်နှင့်တစ်ပြိုင်နက် ခေတ်သစ်ဘဝ၏ စိတ်တင်းကျပ်မှုများနှင့် ငြီးငွေ့မှုမှ လွတ်မြောက်သွားရောလား" ဟု မေးမြန်းစရာရှိပါသည်။ ထိုမေးခွန်းကို ဖြေဆိုရန်မှာ အလွန်ခက်ခဲပါသည်။ အကြောင်းမှာ လူတစ်ဦးတစ်ယောက်မျှ ဗုဒ္ဓဘာသာဝင် ဖြစ်မလာသောကြောင့် ဖြစ်ပါ၏။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟု တံဆိပ်ခတ်၍ သတ်မှတ်နိုင်သောသူ တစ်ယောက်မျှမရှိပါ။ အကြောင်းမှာ ဗုဒ္ဓဘာသာသည် တံဆိပ်ခတ်နှိပ်ရန် လိုအပ်သော ဒဿနိကဗေဒများ သို့မဟုတ် ဘဝနည်းလမ်းများ သို့မဟုတ် ကိုးကွယ်မှုဘာသာများတွင် မပါဝင်သောကြောင့် ဖြစ်ပါ၏။ ဤတွင် ဗုဒ္ဓဝါဒကို ကိုးကွယ်မှုဘာသာဟု ကျွန်ုပ်ဆိုလိုက်ရခြင်းမှာ ဗုဒ္ဓဘာသာကို တည့်တည့်မတ်မတ် အမျိုးအစားသတ်မှတ်နိုင်သော အခြားသတ်မှတ်ချက် မရှိသောကြောင့် ဖြစ်ပါ၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက လူတို့သည် မြတ်စွာဘုရားထံသို့ သွား၍ သူ၏တရားကို နာကြားကြ၏။ အကယ်၍ ထိုတရားကို နှစ်သက်ကြလျှင် "သင့်ကို ကျွန်ုပ် ဆည်းကပ်ကိုးကွယ်ပါ၏။ သင်၏တရားတော်ကို ကျွန်ုပ် ဆည်းကပ်ကိုးကွယ်ပါ၏။ ဤဘဝလမ်းစဉ်ကို လိုက်နာကျင့်သုံးနေကြသော သင်၏တပည့်သား သံဃာတော်အဖွဲ့အစည်းကို ကျွန်ုပ် ဆည်းကပ်ကိုးကွယ်

ပါ၏'' ဟု သူတို့ ဆိုကြသည်။ ယနေ့၌ပင်လျှင် မည်သူမဆို မိမိကို ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟု ခေါ်ဆိုဖို့အတွက်က ဤမျှသာ ပြုလုပ်ဖို့ လိုပါသည်။

မြတ်စွာဘုရား၏ သင်ကြားမှုများသည် မိမိ၏ ဘဝပြဿနာများနှင့် ဆီလျော်ဆက်စပ်မှု တစ်စုံတစ်ရာရှိသည်ဟု နက်နဲစွာ ယုံကြည်စိတ်ချပြီး ထို သင်ကြားမှု၌ အကျိုးရှိစွာ လိုက်နာကျင့်သုံးနိုင်သော ဘဝလမ်းစဉ်တစ်ခု ရှိသည်ဟု ခံစားရသည်ဆိုလျှင် ထိုသူသည် ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ကိုးကွယ် ပါတော့သည်။ ဤသို့ စိတ်တွင်းမှ ခိုင်မြဲစွာ သက်ဝင်ယုံကြည်လျှင် လုံးဝဥဿုံ အခမ်းအနားမပါရှိဘဲ ဘာသာရေးထုံးတမ်းဓလေ့အရ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သိမ်းသွင်းခြင်းတို့ မပါရှိဘဲ မှတ်ပုံတင်ခြင်း မပါရှိဘဲ သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာပါသည်။

မြတ်စွာဘုရား၏ တရားတော်များကို အကောင်းဆုံး ဘာသာပြန်ဆိုသူ တစ်ဦးဖြစ်သည့် အက်ဖ်အယ်လ်ဝုဒ်ဝေါ်ဒ်က ''သင်ကိုယ်တိုင် ပြုလုပ်သော ကိုးကွယ်မှုဘာသာ'' ဟူ၍ ဗုဒ္ဓဘာသာကို ကင်ပွန်းတပ်ပါသည်။

တစ်စုံတစ်ယောက်သောသူက မိမိကို ဗုဒ္ဓဘာသသာဝင်တစ်ဦးပါဟု တံဆိပ်ခတ်နှိပ်ရန် မလိုသော 'သင်ကိုယ်တိုင် ပြုလုပ်သည့် ကိုးကွယ်မှုဘာသာ' ၌ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရန် လိုက်နာရသော ကျင့်ဝတ်များ သို့မဟုတ် ဥပဒေ စည်းမျဉ်းများ ရှိပါသလား။ မြတ်စွာဘုရား သင်ကြားပြသသည့် ဘဝလမ်းစဉ်ကို လိုက်နာရပါသလား။

ယနေ့ အလွန်အရေးပါသော အကြောင်းတစ်ရပ်မှာ ဗုဒ္ဓဘာသာ စေတီပုထိုးများသို့ တစ်ကြိမ်တစ်ခါမျှ မသွားရောက်ဘဲလျက် ဗုဒ္ဓဘာသာနိုင်ငံများ၌ အဆင့်ဆင့် ပြောင်းလဲပြုပြင်ထားသော ဘာသာရေး ထုံးတမ်းအဖွဲ့အစည်းများသို့ မဝင်ရောက်ဘဲလျက် မြတ်စွာဘုရား တရားတော်၏ အကြောင်းအကျိုး ညီညွတ်မှု ကို မိမိတို့၏ စိတ်ထဲ နှလုံးထဲ၌ သိမြင်၍ ဗုဒ္ဓဘာသာ၏ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသော လူထောင်ပေါင်းများစွာ ရှိခြင်းပင် ဖြစ်သည်။

အမှန်တွင် ကမ္ဘာ့လူဦးရေ၏ ကျယ်ဝန်းသော လူအများစုသည် အကြောင်းတစ်ခုခုကြောင့် ဗုဒ္ဓမြတ်စွာဘုရားအား သတ္တာစောင့်သိကြကြောင်းကို ကျွန်ုပ်တို့ မြင်တွေ့နေရပါသည်။ ဤသည်ကား အံ့ဖွယ်သရဲတစ်ခုဟု ထင်မှတ်ရ လောက်အောင် အထူးခြားဆုံးသော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

## ဘဝလမ်းစဉ်တစ်ရပ်

မြတ်စွာဘုရား ဟောဖော်ညွှန်ပြသော ဘဝလမ်းစဉ်သည် အလွန်ရိုးရှင်းပါသည်။ ထိုဘဝလမ်းစဉ်တွင် လူဝတ်ကြောင်များအတွက် သီလငါးပါးသာရှိသည်။ ထိုသီလငါးပါးမှာ မသတ်ရ၊ မခိုးရ၊ မှားယွင်းသော နည်းလမ်းဖြင့် ကာမဂုဏ် ပျော်ရွှင်မှုများကို မခံစားရ၊ လိမ်မပြောရ၊ မူးယစ်စေသည့် အရက်နှင့် ဆေးဝါးများကို မသုံးရဟူသော အမှန်တကယ်ပင် အလွန်ရိုးရှင်းသော သီလသိက္ခာများ ဖြစ်ပါ၏။

သို့ရာတွင် မြတ်စွာဘုရား ဟောဖော်ညွှန်ပြထားသော ဗုဒ္ဓဘာသာဝင်တို့၏ ဘဝလမ်းစဉ်သည် ဤသီလအမျိုးအစားမျှလောက်ဖြင့် ပြီးဆုံးသွားသည် မဟုတ်ပါ။ လူတိုင်း နားလည်နိုင်အောင် လွယ်ကူရှင်းလင်းစွာ ပြောရမည်ဆိုလျှင် လူတိုင်း လိုက်နာကျင့်သုံးရန် ရည်မှန်းထားသည့်အရာ သုံးခုရှိပါသည်။ ၎င်းတို့မှာ (သင်တို့ သိကျွမ်းထားကြသည့်အတိုင်း ပါဠိစကားလုံးများကို သုံးစွဲရလျှင်) ဒါန၊ သီလနှင့် ဘာဝနာတို့ ဖြစ်ကြပါသည်။

ဒါနသည် သဘောထားပြည့်ဝခြင်း၊ ရက်ရောခြင်းတို့ကို ဖော်ညွှန်းသည့် ပေးကမ်းစွန့်ကြဲခြင်းအမှု ဖြစ်ပါသည်။ ဗုဒ္ဓဝါဒသည် ပထမ မှန်မြတ်သော အပြုအမှုအဖြစ် ဒါနနှင့် စတင်ခြင်းသည် အလွန်အရေးကြီးပါ၏။ ဒါနသည် မိမိကို မှန်ကန်သောလမ်းကြောင်းပေါ် တင်ပေးရန်အလို့ငှာ၊ လူတိုင်း ကျင့်သုံးအပ်၏။ အကြောင်းမှာ ပေးကမ်းစွန့်ကြဲခြင်းသည် ကိုယ်ကျိုးစွန့်လွှတ်သော အပြုအမူတစ်ခု ဖြစ်သောကြောင့်တည်း။

တစ်စုံတစ်ခုကို ပေးကမ်းနိုင်ရန်အတွက် သင်ပိုင်ဆိုင်သောအရာ သင်မြတ်နိုးသောအရာ သင်ခုံမင်တပ်မက်သောအရာကို စွန့်လွှတ်နိုင်ဖို့အတွက် သင့်စိတ်ကို အပြည့်အဝ ပြင်ဆင်ရပါသည်။ ထိုသို့ စွန့်လွှတ်ပေးကမ်းခြင်းကြောင့် ပြဿနာအားလုံးတို့၏ အကြီးဆုံးအကြောင်းရင်းတစ်ခုဖြစ်သော ပါဠိဘာသာဖြင့် လောဘ ဟုခေါ်ဆိုသည့် လိုချင်တပ်မက်မှု၊ အလိုကြီးမှုကို သင် တွန်းလှန်နိုင်ပါသည်။

ထိုဘဝလမ်းစဉ်ကို ကျွန်ုပ်တို့အား ဘယ်ပုံဘယ်နည်းဖြင့် အပ်နှင်းချီးမြှင့်ခဲ့သည်ကို မြင်သိရန် အလွန်စိတ်ဝင်စားဖွယ် ကောင်းပါသည်။ ထိုဘဝလမ်းစဉ်ကို

တစ်ဆင့်ပြီးတစ်ဆင့် လိုက်နာသွားခြင်းဖြင့် ယနေ့ ကျွန်ုပ်တို့အားလုံးလောက်ကို စိတ်အနှောင့်အယှက်ဖြစ်နေစေသော ငြီးငွေ့မှုနှင့် စိတ်တင်းကျင်မှုတို့ကို ပယ်ရှားလိုက်နိုင်ပါတော့သည်။ ဤသို့ ပယ်နိုင်အောင် ဘ၀လမ်းစဉ်ကို ချိုးမြှင့်ပေးခဲ့သည်။

သဘောထားပြည့်ဝမှုသည် လိုချင်တပ်မက်မှုများ၊ အလိုကြီးမှု လောဘနှင့် တွယ်တာတတ်သည့် သဘာ၀ကို တိုက်ဖျက်ရန်အတွက် ဖြစ်ပါ၏။

တစ်ဖန် သီလသည် အချို့သော သိက္ခာပုဒ်များ (ဝါ) လူ့ကျင့်ဝတ်ဆိုင်ရာ သို့မဟုတ် စာရိတ္တဆိုင်ရာ အပြုအမူကို စောင့်ထိန်းခြင်းဖြစ်၏။ မြတ်စွာဘုရားသည် လူတိုင်းအတွက် နည်းပုံစံတစ်မျိုးတည်းဖြင့် စည်းကမ်းစည်းမျဉ်းများကို ချမှတ်၍ မရဟူသော အချက်ကို ကောင်းစွာ သိနားလည်ပါသည်။

သို့အတွက် လူ၀တ်ကြောင်များ လိုက်နာရန် စည်းကမ်းချက် အနည်းငယ်သာ ရှိပါသည်။ ဘာသာရေးဘ၀ဖြင့် နေထိုင်သွားရန် ခံယူထားသူတို့အတွက် စည်းကမ်းချက် အနည်းငယ် ပိုရှိပါသည်။ စည်းကမ်းရှိမှုနှင့် စိတ်ဖြူစင်မှုတို့အတွက် အလွန်တင်းကျပ်တိကျသော လမ်းစဉ်ကို လိုက်နာကျင့်သုံးရန် မိမိတို့ကိုယ်တိုင် ကတိက၀တ်ပြုပြီးကြသော လေးစားထိုက်သည့် ထေရ်ကြီးဝါကြီးများအတွက်မူ ပိုမိုကျယ်ဝန်းသော သိက္ခာပုဒ်များကို ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် သီလသည် အဆင့်ဆင့် ပိုင်းခြားသတ်မှတ်၍ ကျင့်သုံးရသော အရာဖြစ်သည်။ လူတစ်ဦးစီက မိမိ လတ်တလော ကျင့်သုံးနိုင်သလောက် ခံယူစောင့်သုံးနိုင်ပါသည်။

သီလ သို့မဟုတ် ကိုယ်ကျင့်တရား သိက္ခာ သို့မဟုတ် မြတ်စွာဘုရား၏ လူကျင့်ဝတ်ဆိုင်ရာ သင်ကြားမှုတွင် မူလသဘောတရားသို့ ကျွန်ုပ်တို့တစ်ဖန် ရောက်ရှိလာပါသည်။ ၎င်းတို့သည် အမိန့်ပေးချက်များ မဟုတ်၊ ၎င်းတို့ကို အထက်မှ ညွှန်ကြားပြဋ္ဌာန်းပေးလိုက်ခြင်းလည်း မဟုတ်၊ ၎င်းတို့ကို ဗုဒ္ဓမြတ်စွာဘုရားက သဘာ၀လွန် စွမ်းဆောင်နိုင်မှုတစ်ရပ်အနေဖြင့် ညွှန်ကြားပြဋ္ဌာန်းလိုက်ခြင်းလည်း မဟုတ်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ ခံယူစောင့်ထိန်းသော သီလသိက္ခာပုဒ်တစ်ပါးစီသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်လွတ်လပ်သော ဆန္ဒဖြင့် ကျွန်ုပ်တို့အား ကတိခံဝန်ချက်ပြု၍ စောင့်ထိန်းခြင်းသာဖြစ်၏။ ခံယူကျင့်သုံးရန် စကားအသုံး

အနှုန်းမှာလည်း 'ကျွန်ုပ်သည် သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်ခြင်းဖြစ်သော သိက္ခာပုဒ်ကို ခံယူစောင့်ထိန်းပါ၏'၊ 'ကျွန်ုပ်သည် သူ့ဥစ္စာကို၊ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်သော သိက္ခာပုဒ်ကို ခံယူစောင့်ထိန်းပါ၏' စသည်ဖြင့် ဖြစ်၏။ ဤသို့ ခံယူစောင့်ထိန်းခြင်းမှာ ကျွန်ုပ်သည် ကျွန်ုပ်၏ဘဝကံကြမ္မာ၏ အရှင်သခင် ဖြစ်ပြီးလျှင် မည်သို့သောဘဝမျိုးကို ခံယူကျင့်သုံးထိုက်သည်ကို ကျွန်ုပ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချရမည်ဖြစ်သောကြောင့်တည်း။

လမ်းညွှန်သူတစ်ဦးအနေဖြင့် မြတ်စွာဘုရားသည် လူတိုင်း ရှောင်ကြဉ်ထိုက်သော အခြေခံအားနည်းချက်များ (ဝါ) အပြစ်များကို ညွှန်ပြခဲ့သည်။ ကျွန်ုပ်တို့ ကြုံတွေ့နေရသော ပြဿနာအများစု၏ ဒုတိယအကြောင်းရင်းမှာ ကျွန်ုပ်တို့၏ ရက်စက်ကြမ်းကြုတ်မှု (ဝါ) သူတစ်ပါးတို့အား မုန်းတီးမှုဖြစ်သည်။ ပါဠိဘာသာဖြင့် ဒေါသ ဟုခေါ်၏။ သီလသည် ကျွန်ုပ်တို့၏ ပျော့ညံ့မှုအားလုံး၏ ဤဒုတိယအကြောင်းရင်းအတွက် ဖြေဆေးတစ်ခုဖြစ်သည်။ သီလကို စောင့်ထိန်းသည့်အခါ မုန်းတီးမှု (ဒေါသ) ၏ အကြောင်းရင်းကို ကျွန်ုပ်တို့ ချုပ်ထိန်းနိုင်သည်။ တစ်နည်း အတော်အသင့် ပြည့်စုံစွာ ပယ်သတ်နိုင်သည်။

မြတ်စွာဘုရားသည် မုန်းတီးမှု၏ အကျိုးတရားများစွာကို ကောင်းစွာ သိနားလည်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မုန်းတီးမှုဟူသော အကြောင်းကြောင့် မိမိတို့၏ဘဝကို ဖျက်ဆီးလိုက်ကြသော လူတို့ကို မြတ်စွာဘုရား မြင်တွေ့တော်မူခဲ့သည်။ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် 'မုန်းတီးမှုကြောင့် မုန်းတီးမှုသည် မပြီးဆုံးနိုင်'၊ 'သင် အမုန်းပွားလေလေ အခြေအနေ ပိုဆိုးရွားလေလေ' ဖြစ်ကြောင်းကို ပြတ်ပြတ်သားသား မိန့်ကြားနိုင်ခဲ့ပေသည်။

သင်က ကျွန်ုပ်ကို မုန်း၏။ ကျွန်ုပ်က သင့်ကို မုန်း၏။ ကျွန်ုပ်က သင့်ကို ပိုမုန်းလာ၏။ သင်ကလည်း ကျွန်ုပ်ကို ပိုမုန်းလာ၏။ ဤသို့ဖြင့် မုန်းတီးမှုက အဆင့်ဆင့်တိုးပွားလာရာ သင်နှင့်ကျွန်ုပ်တို့သည် မုန်းတီးမှုဟူသော မီးလောင်တိုက်တွင် လောင်မြိုက်ခြင်းခံရသည်အထိ ဖြစ်၏။ ဤပြဿနာကို ဖြေရှင်းရန် တစ်ခုတည်းသောနည်းလမ်းမှာ တစ်ဖက်ဖက်က အမုန်းပွားမှုကို ရပ်တန့်ရန်ဖြစ်ကြောင်း မြတ်စွာဘုရား မြင်တော်မူ၏။

တစ်ဖက်ဖက်ကဖြစ်စေ၊ သို့မဟုတ် နှစ်ဖက်လုံးကဖြစ်စေ၊ မုန်းတီးမှုကို မိတ်ဖြစ်မှုနှင့် သို့မဟုတ် မုန်းတီးမှုကို ချစ်ခင်မှုနှင့် အောင်နိုင်အောင် မကြိုးစားလျှင်

ဤမုန်းတီးမှု အစဉ်အတန်းသည် မည်သည့်အခါမျှ ဆုံးခန်းတိုင် ရောက်မည် မဟုတ်ချေ။ မုန်းတီးမှုကို ကိုင်တွယ်သည့်နည်းလမ်းအပေါ်တွင် ဗုဒ္ဓဝါဒ၏ မွန်မြတ်သော ဘဝဆိုင်ရာ တရားတော်တစ်ရပ်လုံးကို အခြေပြုထားပေသည်။

မွန်မြတ်သော ဘဝသည် ပျော့ညံ့ခြင်းများ၏ ဒုတိယကြောင်းရင်း ဖြစ်သော မုန်းတီးမှုကို တိုက်ခိုက်နေခြင်းကြောင့် ဗုဒ္ဓဝါဒတွင် စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်ပြီး တစ်ဖန် ခေတ်ကာလ ကန့်သတ်ခြင်းမရှိသည့် သဘော တရားတစ်ခုဖြစ်သည့် 'မေတ္တာ' ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ မေတ္တာသည် ဗုဒ္ဓဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ (မေတ္တာအုတ်မြစ်ပေါ် အခြေခံ၍ ဗုဒ္ဓဝါဒကို တည်ဆောက်ထားသည်) မေတ္တာကို ရိုးရှင်းသည့် လူ့ကျင့်ဝတ်သဘောတရား တစ်ခုမျှအဖြစ်သာ မြတ်စွာဘုရား ယူဆသည်မဟုတ်။ မြတ်စွာဘုရားသည် မေတ္တာကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာကာ လေ့လာခဲ့သည်။ အမှန်တွင် မြတ်စွာ ဘုရားသည် မေတ္တာသဘောကို သဘောလေးခုအဖြစ် ခွဲခြမ်းစိတ်ဖြာခဲ့ပြီးလျှင် ထိုသဘောတို့ကို 'ဗြဟ္မဝိဟာရတရား လေးပါး' (ဝါ) 'ဗြဟ္မစိုရ်တရား လေးပါး' ဟု ခေါ်ဆိုသည်။

ယင်းတို့အနက် ပထမသဘောသည် မေတ္တာ (ဝါ) မေထရီ ဟုခေါ်၏။ ထိုသဘောကို သင်တို့ အများစုက ဗုဒ္ဓဝါဒနှင့် ဆက်စပ်ကာ တွေးမိကြလိမ့်မည်။

စကားလုံး၏ ဇာစ်မြစ်နှင့် သမိုင်းကို လေ့လာသော နည်းပညာအရ မေတ္တာသည် ချစ်ခင်ခြင်းဟု အဓိပ္ပာယ်ရ၏။ မြတ်စွာဘုရားက မေတ္တာကို မိခင် တစ်ဦးက တစ်ဦးတည်းသော သားအပေါ် ထားရှိသည့် အရည်အသွေးဖြစ်သည်ဟု အဓိပ္ပာယ်သတ်မှတ်၏။ မေတ္တာသည် ဗြဟ္မာကဲ့သို့ သိမ်မွေ့စွာ နေထိုင်ခြင်း ဟူသည့် ပထမ ဗြဟ္မဝိဟာရတရား ဖြစ်သည်။

ထို့နောက် ကရုဏာ သနားကြင်နာခြင်း လာပါသည်။ ကရုဏာသည် နှလုံးသားမှ ပို၍ လွယ်ကူစွာ စိမ့်ထွက်လာတတ်ပါသည်။ တစ်စုံတစ်ယောက် သောသူက ဒုက္ခနှင့် ကြုံတွေ့နေရပြီး သင်၏အကူအညီကို လိုအပ်နေကြောင်း သင် မြင်တွေ့ရလျှင် သင်၏နှလုံးသားသည် ထိုသူ့ထံသို့ ပြေးသွားပြီး ထိုသူကို သင် အမြန်သွား၍ ကူညီလိမ့်မည်။ ထိုသို့ သူတစ်ပါးထံ အပြေးအလွှားသွားပြီး ကူညီနိုင်သော အရည်အသွေး၊ ဆင်းရဲဒုက္ခရောက်နေသူတို့အတွက် စိတ်မကောင်း ဖြစ်ခြင်းသည် မေတ္တာ၏ အခြားအသွင်အပြင်တစ်ခု ဖြစ်သည်။

မေတ္တာ၏ တတိယသဘောကို လက်တွေ့ကျင့်သုံးရန် ပို၍ ခဲယဉ်း၏။ ထိုသို့ ကျင့်သုံးရန် ကြီးမားသော ချစ်ခင်မှုနှင့် ခံစားမှုတို့ လိုအပ်ပါသည်။ ထိုသဘောကို မုဒိတာဟု ခေါ်၏။ မုဒိတာသည် သူတစ်ပါး၏ ချမ်းသာပျော်ရွှင်မှု၌ ဝမ်းမြောက်နိုင်ခြင်း၊ မျှဝေခံစားနိုင်ခြင်းဖြစ်၏။ သင်၏ စိတ်မှ မနာလိုဝန်တိုမှု အစအနအားလုံးကို ဖယ်ရှားနိုင်ခြင်းဖြစ်၏။ သို့မှသာ သင်၏ အိမ်နီးချင်း သို့မဟုတ် သင်၏ ရန်သူဖြစ်စေကာမူ အခြားပုဂ္ဂိုလ်တစ်ဦး၏ ကောင်းကျိုးချမ်းသာ၌ သင် ဝမ်းမြောက်မွေ့လျော်နိုင်လိမ့်မည်။

နောက်ဆုံးအနေဖြင့် မေတ္တာ၏ စတုတ္ထသဘော လာပါသည်။ ထိုသဘောမှာ အလုံးစုံ ညီညွတ်မျှတခြင်း (ဝါ) ဥပေက္ခာဖြစ်သည်။ ဤသဘောအရ သင့်တွင် မိတ်ဆွေများလည်း မရှိ၊ ရန်သူများလည်း မရှိ၊ သင့်ထက် အဆင့်မြင့်သူလည်း မရှိ၊ သင့်အောက် အဆင့်နိမ့်သူလည်း မရှိ၊ သင့်အတွက် ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး လုံးဝကွဲပြားခြားနားမှုမရှိတော့ပါ။ သင်သည် သတ္တဝါအားလုံး အရာအားလုံး အခြေအနေအားလုံးနှင့် ညီညွတ်မှုသဘောတစ်ရပ်အဖြစ် လုံးဝ ဥဿုံ ပေါင်းစပ်သွားပါတော့သည်။

ဤ နှစ်လိုဖွယ်ကောင်းသော အရည်အသွေး လေးရပ်သည် သင်၏ အပြုအမူများကို ထိန်းချုပ်နိုင်သည့် ဘဝမျိုးကို သင် နေထိုင်တတ်သွားမည် ဆိုပါလျှင် မုန်းတီးမှုအတွက် နေရာမရှိတော့ပါ။ ပြိုင်ဆိုင်မှုအတွက် နေရာမရှိ တော့ပါ။ ယှဉ်ပြိုင်မှုအတွက် နေရာမရှိတော့ပါ။ ထို့ကြောင့် သီလ၏ ဒုတိယ အခြေခံသဘောသည် ကျွန်ုပ်တို့ ကြုံတွေ့ရတတ်သော ဤအခက်အခဲများ အုပ်စု ကို စောင့်ကြပ်ဖယ်ရှားပေးနိုင်သည်။

နောက်ဆုံးလာရှိသော ဘဝလမ်းစဉ်၏ လမ်းညွှန်ချက်တစ်ရပ်မှာ အထူးခြားဆုံးဖြစ်ပြီး ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် သင် ချက်ချင်းဆက်လုပ်ရန် ပြင်ဆင်ကောင်း ပြင်ဆင်နေမည်ဖြစ်သော ဘာဝနာခေါ် တရားရှုပွားခြင်းပင် ဖြစ်သည်။ ဘာဝနာသည် စိတ်ကို လေ့ကျင့်ခြင်းဖြစ်၏။ ဤစကားလုံး၏ ပင်ကို မူရင်းအဓိပ္ပာယ်မှာ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စိတ်ကို ပို၍ ဖွံ့ဖြိုးတိုးတက်စေခြင်း ဖြစ်သည်။

အရာအားလုံးသည် လူ၏စိတ်မှ ပေါ်ထွက်လာသည်ဟု မြတ်စွာဘုရား ယုံကြည်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ဤနည်းဟန်ပုံစံဖြင့် ထုတ်ဖော်ပြောဆို

သည့် အစောဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေ၏။ ကျွန်ုပ်ကိုယ်စားပြုသော အဖွဲ့အစည်း ကမ္ဘာ့ကုလသမဂ္ဂသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤဆောင်ပုဒ်ကို ရေးသားထား၍ **'စစ်ပွဲများသည် လူတို့၏ စိတ်ထဲ၌ စတင်ကြသဖြင့် လူတို့၏ စိတ်ထဲ၌ပင်လျှင် ငြိမ်းချမ်းရေး၏ ကာကွယ်မှုခံတပ်များကို တည်ဆောက်ကြရမည်' ဤအချက်သည် ဓမ္မပဒ၌လာသော ပထမဂါထာ၏ ပထမစာကြောင်းကို ရောင်ပြန်ဟပ်စေ၏။**

ဖြူစင်သော စိတ်၊ ဆောက်တည်လေ့ကျင့်ထားသော စိတ်၊ ကောင်းစွာ ဖွံ့ဖြိုးသော စိတ်၊ အလိုရှိတိုင်း ချုပ်ထိန်းနိုင်သော စိတ်၊ စိတ်တင်းကျပ်မှုနှင့် ငြီးငွေ့မှုတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းအရာများဆီသို့ ထွက်မသွားသော စိတ်၊ အစဉ်တစိုက် နိုးကြားနေပြီး ဆက်လက်ကာ မိမိတို့ ဖွံ့ဖြိုးနေစေသော စိတ်၊ မိမိကိုလည်းကောင်း၊ မိမိအတွင်း၌ရှိသည့် ဘဝလျှို့ဝှက်ချက် ဘဝပြဿနာများနှင့် ဘဝ၏ အမှန်တရားတို့ကိုလည်းကောင်း ရှာဖွေတွေ့ရှိသောစိတ်သည် အကြီးကျယ်ဆုံးသော ရတနာသိုက်ဖြစ်သည်။

စက်မှုနည်းပညာ မြင့်မားစွာ တိုးတက်နေသော ကမ္ဘာကြီး၏ အစိတ်အပိုင်းတွင် လူတို့သည် ဘာဝနာရှုပွားနည်း အမျိုးမျိုးနောက်သို့ အရူးအမူးနီးပါးမျှ လိုက်စားနေကြသည်ကို ယနေ့ ကျွန်ုပ် တွေ့ရသည်မှာ မအံ့သြမိပါ။ မည်သူက မည်သည့်အရာကို ဟောပြောသည် သို့မဟုတ် မည်သည့်ဒဿနိကအမြင် သို့မဟုတ် နည်းနိဿယကို အသုံးပြုသည်ဟူသည်မှာ ခြားနားမှုကို မဖြစ်စေပါ။ အရေးကြီးသည့်အချက်မှာ ခေတ္တခဏမျှ တိတ်ဆိတ်စွာ တွေးခေါ်စဉ်းစားခြင်း၊ ခေတ္တခဏမျှ နက်ရှိုင်းစွာ ထိုးထွင်း၍ စဉ်းစားခြင်း၊ ခေတ္တခဏမျှ ကောင်းသော ဦးတည်ချက်ဖြင့် ကောင်းစွာ ထိန်းချုပ်ထားသော စိတ်၏ လုပ်ဆောင်ခြင်းတို့သည် လူသား၏ ကောင်းကျိုးချမ်းသာအတွက် မရှိမဖြစ် လိုအပ်သည့်အရာဖြစ်ကြောင်းကို လူအပေါင်းတို့ စတင်နားလည် သိမြင်လာသောအချက်ပင် ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ က ဗုဒ္ဓမြတ်စွာဘုရားသည် ဤတူညီသော လမ်းစဉ်ကိုပင် တိကျစွာ သင်ပြပေးတော်မူခဲ့သည်။ အကယ်၍ ယနေ့လူသားတို့၏ လိုအပ်ချက်သည် အခြားဘာမျှမရှိတော့ဟု ဆိုလျှင် စိတ်ငြိမ်းချမ်းမှုကို သူ လိုအပ်နေသည်ဟု ဆိုရမည်။ သူသည် သူ၏ စိတ်တင်းကျပ်မှုများမှ လွတ်မြောက်လိုပြီးလျှင် ငြီးငွေ့မှုကို တိုက်ခိုက်တွန်းလှန်လိုသည်။ ကျွန်ုပ်သည် ဗုဒ္ဓ

ဘဲ့သာ၌ အဖြေကို တွေ့မြင်ရသည်။ အထူးသဖြင့် ဒါန၊ သီလ၊ ဘာဝနာ သုံးမျိုး ပေါင်းစပ်ထားသည့် လမ်းစဉ်ပင် ဖြစ်ပါသည်။

## ဗုဒ္ဓဝါဒီများ၏ အခန်းကဏ္ဍ

ဗုဒ္ဓမြတ်စွာဘုရား၏ ဘာသာရေးဘဝကို အစပျိုးပေးခဲ့သည့် သို့မဟုတ် အခြေခံချပေးခဲ့သည့် သူ၏ ကိုယ်ပိုင်အခြေခံမူဝါဒကို ကြည့်ပါ။ ကျွန်ုပ်တို့သည် ဆင်းရဲစုတ်ပြတ်နေသည့်ဘဝမှ ချမ်းသာကြွယ်ဝသော ဘဝသို့ ကူးပြောင်းသွားကြသော လူမြောက်မြားစွာတို့၏ အကြောင်းကို ကြားဖူးကြ၏။ သို့သော် ဤသည်ကား အကြီးကျယ်ဆုံး မင်္ဂလာတရားဖြစ်သော စိတ်၏ ငြိမ်းချမ်းခြင်းဟု ဆိုရမည့်တရားကို ရှာဖွေရန်အတွက် ချမ်းသာကြွယ်ဝသည့်ဘဝမှ ဆင်းရဲစုတ်ပြတ်သော ဘဝသို့ ကူးပြောင်းသွားသူတစ်ယောက်၏ အကြောင်းဖြစ်ပါသည်။

ဤသို့ ရှာဖွေခြင်း၏ အကျိုးတရားအဖြစ် စိတ်ငြိမ်းချမ်းခြင်း၏ ကြီးမားသော အဟန့်အတားနှင့် ဆင်းရဲခြင်းအားလုံး၏ အကြောင်းရင်းဖြစ်သော တရားသည် တပ်မက်တွယ်တာခြင်း (လောဘ) ဖြစ်ကြောင်းကို သူကိုယ်တိုင် မြင်တွေ့ပြီးနောက် သူတစ်ပါးတို့အား ဟောပြောပေးတော်မူခဲ့သည်။

ထို့ကြောင့် တစ်စုံတစ်ယောက်သောသူက ယနေ့လာရောက်ပြီး "ဒီအချိန်မိနစ်အတွင်းမှာပဲ သင်တို့ကို နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်မတ်မတ် ကျွန်ုပ်ပို့ဆောင်ပေးနိုင်တယ်" ဟု ပြောဆိုလျှင် ကျွန်ုပ်တို့အထဲက လူများစွာသည် ခွင့်လွှတ်ရန် ဆင်ခြေအမျိုးမျိုးပေးကြလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ တချို့က ပြောလိမ့်မည် "ကျွန်ုပ်ရဲ့သမီး မင်္ဂလာဆောင်ပြီးသည်အထိ ကျွန်ုပ် စောင့်ဆိုင်းနေလို့ မရဘူးလား"၊ အခြားတစ်ယောက်ကလည်း "ဒီ ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းအထွေထွေညီလာခံကြီး ပြီးဆုံးတဲ့အထိ ကျွန်ုပ် စောင့်ဆိုင်းလို့ မရဘူးလား" ဟု ပြောပေလိမ့်မည်။

နောက်ဆုံး ဘဝပန်းတိုင်သို့ သွားရောက်ရမည့်အချိန်သို့ ရောက်လာလျှင် ကျွန်ုပ်တို့သည် မိမိတို့၏ ကိုယ်ပိုင်အသီးသီး ပို၍နှစ်သက်သော အချိန်များ ရှိနေကြပါသည်။

ဘဝပန်းတိုင်သို့ ရောက်ရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့ မည်သို့ ဆုံးဖြတ်ကြသည်ဖြစ်စေ၊ ကျွန်ုပ်တို့ ရှောင်တိမ်း၍မရသော အချက်တစ်ချက် ရှိပေသည်။

ဤအချက်သည်ကား ခေတ်သစ်ဖွံ့ဖြိုးတိုးတက်မှုများသည် မလုံခြုံမှု ယှဉ်ပြိုင်မှုတို့နှင့်အတူ ၎င်းတို့နှင့် တွဲဖက်နေသည့် စိတ်တင်းကျပ်မှုများနှင့် ငြီးငွေ့မှုတို့အပြင် အခြား မည်သည့်အရာကိုမျှ ပေးဆောင်နိုင်စွမ်း မရှိခြင်းဟူသော အချက်ပင်တည်း။

ဗုဒ္ဓဝါဒသည် ဤအချက်ကို ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် အလွန်ရိုးရှင်းပြီး အလွန်အစွမ်းထက်မြက်သော နည်းအနည်းငယ်ကို ပေးဆောင်ပါ၏။ ဤနည်းတို့နှင့်အတူ ကျွန်ုပ်တို့၏ ဘဝတွင် ဗုဒ္ဓဘာသာဝင် ဆောင်ရွက်ရန် အခန်းကဏ္ဍရှိပြီးလျှင် ဗုဒ္ဓဘာသာနိုင်ငံများမှ ကျွန်ုပ်တို့သည်လည်း အရေးကြီးသော ကဏ္ဍမှ ဆောင်ရွက်ကြရန် အခန်းကဏ္ဍရှိသည်ဟု ကျွန်ုပ် ခံစားမိပါသည်။

ကျွန်ုပ်တို့၏ တွေးခေါ်မှု၊ ဗဟုသုတနှင့် အတွေ့အကြုံကို လူများနိုင်သလောက် အရေအတွက်များများနှင့် မျှဝေပေးရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ သို့မှသာလျှင် နောက်ဆုံး၌ လူသားများအတွက် ရည်မှန်းထားသော မြတ်စွာဘုရား၏ အဆုံးအမသည် မှောင်ရိပ်ကျနေသော ကမ္ဘာနေရာအနှံ့အပြားရှိ လူသားများထံသို့ ဆက်လက်ရောက်ရှိနေသည်ကို ကျွန်ုပ်တို့အားလုံး မြင်တွေ့ကြရမည်။

ရည်ညွှန်း

- ဒေါက်တာ မင်းတင်မွန်၏ 'ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ'
- Buddhism in modern life by Dr. Ananda Guruge

✦

# ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၏ ထောင်စုနှစ် ငြိမ်းချမ်းရေးထိပ်သီးညီလာခံ ကျင်းပ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ တက်ရောက် မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို တင်ပြခဲ့ပြီးသဘောထားကြေညာချက်များ ဖြန့်ဝေခဲ့

ကမ္ဘာ့ငြိမ်းချမ်းရေးပြဿနာများကို ဖြေရှင်းရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများ၏ အကူအညီဖြင့် ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ၏ ထောင်စုနှစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံကို ဩဂုတ်လ ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်တိုင် နယူးယောက်မြို့တွင် ကျင်းပခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးခေတ်တွင် ပထမဆုံးအကြိမ် ကျင်းပသော အဆိုပါ ဘာသာရေးခေါင်းဆောင် ထိပ်သီးညီလာခံကြီးသို့ နိုင်ငံအသီးသီးမှ ဘာသာရေးခေါင်းဆောင် ၂၀၀၀ ခန့် တက်ရောက်ခဲ့ရာ မြန်မာကိုယ်စားလှယ်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ၊ အကျိုးတော်ဆောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ ဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ၊ တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယနှင့် တိပိဋကဓရ တိပိဋကကောဝိဒ. ဓမ္မဘဏ္ဍာဂါရိက ဒေါက်တာ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ၊ လူပုဂ္ဂိုလ်ကိုယ်စားလှယ်များအဖြစ် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှဖေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဥပဒေစာချုပ်များနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းမြင့်တို့ တက်ရောက်ခဲ့ကြသည်။

## ဆွေးနွေးပွဲများ

ယင်းညီလာခံကြီး၏ ဖွင့်ပွဲအခမ်းအနားကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အဖွဲ့ခွဲအလိုက် ဆွေးနွေးပွဲများကို ဝါဒေါ့ဖ်အော်စတိုးရီးယားဟိုတယ်၌ ကျင်းပခဲ့သည်။

ဩဂုတ် ၂၈ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံလွှတ်တော်၌ ကျင်းပသော ဘာသာရေးခေါင်းဆောင်များ ငြိမ်းချမ်းရေး ထိပ်သီးညီလာခံဖွင့်ပွဲ အခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ညီလာခံအဖွင့်တွင် ညီလာခံ၏ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘဝါဂျိမ်းက မိန့်ခွန်း ပြောကြားပြီး ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဂျိန်းဘာသာ၊ တာအိုဝါဒ၊ အမေရိကန် တိုင်းရင်းဘာသာ၊ ဆစ်ခ်ဘာသာ ကိုယ်စားပြု ဘာသာရေးခေါင်းဆောင်များက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးခဲ့သည်။

မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက မြန်မာနိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ သဝဏ်လွှာကို ဖတ်ကြားသည်။

## ကမ္မဋ္ဌာန်းကျင့်စဉ်

ဩဂုတ် ၂၉ ရက် ညီလာခံ ဒုတိယနေ့တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ဘာသာရေး ခေါင်းဆောင်များက ဆုတောင်း ပြောကြားပြီးနောက်တွင် ကမ္ဘာ့ဘာသာရေး ခေါင်းဆောင်ကြီးများ၏ ငြိမ်းချမ်းရေးထိပ်သီးဆွေးနွေးပွဲ ဂုဏ်ထူးဆောင် သဘာပတိ မစ္စတာ တက်တာနာက ထိပ်သီးညီလာခံ၏ အဓိကရည်ညွှန်းချက်များ ပါဝင်သော မိန့်ခွန်းကို ပြောကြားသည်။ မစ္စတာ တက်တာနာသည် အစည်းအဝေး ကြီး ကျင်းပရန် စတင်အဆိုပြုခဲ့သူဖြစ်ပြီး ညီလာခံအတွက် ငွေကြေးအထောက် အပံ့ပေးသူတစ်ဦးလည်း ဖြစ်သည်။ ထိုနေ့ ဆုတောင်းပွဲတွင် မြန်မာနိုင်ငံဖွား သာသနာပြုကမ္မဋ္ဌာန်းပြဆရာ ဦးဂိုအင်ကာက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မြန်မာ နိုင်ငံမှ ကမ္မဋ္ဌာန်းကျင့်စဉ် အနှစ်သာရတို့ကို တင်ပြ ဆွေးနွေးရာ ပရိသတ်များက နှစ်ခြိုက်ကြသည်။

ဩဂုတ်လ ၃၀ ရက်နေ့၊ တတိယနေ့ ညီလာခံ အစည်းအဝေးကို ဝါဒေါ့ဖ်အော်စတိုရီးယားဟိုတယ်၌ အဖွဲ့ခွဲများဖွဲ့ပြီး ကျင်းပခဲ့သည်။ ညီလာခံကာလအတွင်း နံနက်ပိုင်း ၇ နာရီမှ ၇ နာရီ ၄၅ မိနစ်အထိ တရားထိုင်ပွဲများ ပြုလုပ်ပေးသည်။ တတိယနေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သူရိယာဘိဝံသက အစည်းအဝေးတက်ရောက်လာသူများကို ကမ္မဋ္ဌာန်းတရား ပြသပေးသည်။ အဖွဲ့ခွဲများဖွဲ့ပြီး ဆွေးနွေးသော ဘာသာရပ်လေးခုမှာ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ ခွင့်လွှတ်ရေးနှင့် ပြန်လည်စေ့စပ်ရေး၊ ဆင်းရဲမှုပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ ဖြစ်သည်။ ထိုအဖွဲ့ခွဲများ၏ ပဏာမဆွေးနွေးပွဲများသို့လည်း မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က တက်ရောက်ဆွေးနွေးခဲ့သည်။ ထိုစားပွဲဝိုင်း ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်သဘောထားများကို မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့ပြီး သဘောထားကြေညာချက်များကိုလည်း ဖြန့်ဝေခဲ့သည်။

ဩဂုတ် ၃၁ ရက် ညီလာခံနောက်ဆုံးနေ့တွင် ဘာသာရပ်ကြီးလေးရပ်ကို ဆက်လက်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ဘာသာအသီးသီးမှ ဘာသာရေး ခေါင်းဆောင်များ၏ ဆုတောင်းပွဲများ၊ အနုပညာရှင်များ၏ တေးဂီတများဖြင့် ညီလာခံကို ရုပ်သိမ်းခဲ့သည်။

## ပူဇော်ပွဲ

ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဆရာတော်ကြီးများ ပူဇော်ပွဲကို စက်တင်ဘာ ၂ ရက်တွင် နယူးယောက်မြို့ ဘရွတ်ကလင်ရပ်ကွက် လောကချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နယူးယောက်မြို့နေ မြန်မာလူမျိုး ၁၀၀ ကျော် တက်ရောက်ပူဇော်ခဲ့ကြသည်။

တက်ရောက်လာသော မြန်မာလူမျိုးများကို ဆရာတော်ကြီးများက သုံးမိနစ်ခန့်စီ ဩဝါဒပေးခဲ့သည်။ သီတဂူဆရာတော် အရှင်ဉာဏိဿရကလည်း ဂါထာများဖြင့် ဆရာတော်ကြီးများကို ချီးကျူးပူဇော်ခဲ့သည်။ တက်ရောက်လာသူ

များက ဆရာတော်ကြီးများကို လှူဖွယ်များဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ အခမ်းအနားအပြီးတွင် ဆရာတော်ကြီးများကို နေ့ဆွမ်း ခဲဖွယ်များ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသူများကို နံနက်စာထမင်း ဧည့်ခံကျွေးမွေးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးဆွေးနွေးပွဲ မကျင်းပမီ သြဂုတ် ၂၀ ရက်တွင် ဆရာတော်ကြီးများသည် နယူးယောက်မြို့ရှိ အမြင့်ဆုံး ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကို လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးဆွေးနွေးပွဲအပြီး စက်တင်ဘာ (၁) ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂရှိ ဆွေးနွေးပွဲများ ကျင်းပရာ အစည်းအဝေးခန်းမများကို အသေးစိတ် လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာ ၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆရာတော်ကြီးများသည် စင်္ကာပူနိုင်ငံမှတစ်ဆင့် မြန်မာ့လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဌာနကြီးများရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ကြိုဆိုခဲ့သည်။

**သတင်းစဉ်**

တော်သလင်းလဆန်း (၁၃) ရက်၊ ၁၀ - ၉ - ၂၀၀၀ နေ့ထုတ် ကြေးမုံသတင်းစာမှ

# ဒုတိယပိုင်း

## ဉာဏ်အလင်းခေတ်ကို ဗုဒ္ဓဖြင့် အထွတ်တင်ခြင်း

# ဘာဏ်အလင်းခေတ်ကို ဗုဒ္ဓဖြင့် အထွတ်တင်ခြင်း

ခေတ်ပြိုင်ဘောဂဗေဒပညာရှင် ဂျက်ဖရီဆာ့(ချ)က၊ ဘာဏ်အလင်းခေတ် အိုင်ဒီယာကြီးလေးခုက ကျွန်တော်တို့ခေတ်ကို ပုံသွင်းလိုက်သည်ဟု ဆိုပါသည်။ သူပြောသော အိုင်ဒီယာလေးခုမှာ –

(၁) အဒမ်စမစ်၏ ဈေးကွက်စီးပွားရေးစနစ်၊

(၂) တောမတ်ဂျက်ဖာဆင်၏ ဒီမိုကရက်တစ်နိုင်ငံရေးစနစ်၊

(၃) အီမာနျူရယ်ကန့်၏ လစ်ဘရယ်နိုင်ငံတကာ ဆက်ဆံရေးစနစ်နှင့်

(၄) မောရစ်ယန်း ကွန်ဒိုရက်၏ သိပ္ပံနှင့်နည်းပညာတို့ဖြစ်သည်။

ဆိုခဲ့ပါ အိုင်ဒီယာကြီးလေးခု၏ အကျိုးကျေးဇူးကြောင့် လူ့သမိုင်းတွင် ယခင်က မရှိခဲ့၊ မကြုံခဲ့ဘူးသော အောင်မြင်မှုများစွာရခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့နှင့်တိုင် မူလအိုင်ဒီယာများကို ဖော်ထုတ်ခဲ့သူ ပညာရှင်များ မှန်းဆခဲ့သလို အပြည့်အဝအောင်မြင်မှု မရသေးသည်မှာလည်း အမှန်ပင် ဖြစ်သည်။ ကြည့်ပါ ...။

စမစ်က လူသားတစ်ရပ်လုံးဖွံ့ဖြိုးရေးအထိ မျှော်မှန်းခဲ့သော်လည်း ကမ္ဘာ့လူဦးရေ၏ ခြောက်ပုံတစ်ပုံမျှရှိသော လူသားများမှာ ဆင်းရဲတွင်းမှ မတက်နိုင် ရှိနေဆဲဖြစ်သည်။

ဂျက်ဖာဆင် အဆိုပြုခဲ့သော ဒီမိုကရေတစ်နိုင်ငံရေးစနစ်မှာလည်း မီးခိုးရောင် ဇုန်ထဲမှ အပြည့်အဝ ဖောက်မထွက်နိုင်ရှိနေဆဲ ဖြစ်သည်။

ကန့်က 'ဒီမိုကရက်တစ်နိုင်ငံအချင်းချင်း ဘယ်တော့မှ စစ်မခင်း' ဟု ဆိုခဲ့သည့်တိုင် ကမ္ဘာလုံးချီ စစ်ပွဲကြီးနှစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုထိလည်း စစ်ပွဲသံသရာမှ ရုန်းမထွက်နိုင်ရှိနေဆဲ ဖြစ်သည်။

ကွန်ဒိုရက်ညွှန်းခဲ့သော သိပ္ပံနှင့်နည်းပညာကိုလည်း အပြုထက် အဖျက်ဘက် အသုံးပြုခဲ့ကြသည့် သာဓကများ ရှိခဲ့ပြီး၊ ရှိနေဆဲ ဖြစ်သည်။ ဤတွင် အိန္ဒိယနိုင်ငံသား နိုဘယ်ဆုရ ဘောဂဗေဒပညာရှင်နှင့် ဒဿနဆရာ အမတြာ

ဆင်းက ခေတ်ပြိုင်ကမ္ဘာကြီးအတွက် အာရုတန်ဖိုးသစ်ဆိုသည်ကို ဖော်ထုတ်လိုက်သည်။ 'ဆင်း' ရည်ညွှန်းသော အာရုတန်ဖိုးသစ်မှာ ဗုဒ္ဓ၏ဓမ္မ ဖြစ်ပါသည်။ အထူးသဖြင့် ဗုဒ္ဓ၏ ဓမ္မက္ခန္ဓာများစွာထဲမှ သုံးချက်ကို အဓိကထား ဖော်ထုတ်သည်။ 'လောကတ္ထစရိယဝါဒ'၊ 'ဝိဘဇ္ဇအယူ' နှင့် 'ခန္တီပါရမီ' တို့ ဖြစ်သည်။

ယခင် အာရုတန်ဖိုးဟောင်း (ကွန်ဖြူရှပ်ဝါဒ) မှာ ဉာတတ္ထစရိယဝါဒ ဖြစ်သည်။ ဆွေမျိုးသားချင်း အဝန်းအဝိုင်းအတွင်းတွင်သာ ယုံကြည်မှုဝင်ရိုးကို ဘောင်ခတ်ထားသည်။ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်နှင့် ဘယ်လိုမှ အဟပ်မညီနိုင်ဟု 'ဆင်း' က ဆိုသည်။ ဗုဒ္ဓမြတ်စွာကမူ 'လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ' ဟု ရတနာသုတ်တွင် အတိအလင်းဆိုသည်။ လောကအကျိုးကို ဆွေမျိုးအကျိုး၊ မိမိအကျိုးထက် ရှေ့တင်ထားခြင်းဖြစ်သည်။


ကွန်ဖြူရှပ်၏ အပြုအမူနှုန်းစံမှာ အစဉ်အလာကို ထိန်းသိမ်းရေး၊ အမိန့်နာခံရေးဖြစ်သည်။ ဗုဒ္ဓမြတ်စွာကမူ အရာရာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားစိစစ်ဖို့ ဟောသည်။ ကာလာမသုတ္တန်လာ 'ဝိဘဇ္ဇအယူ' ဖြစ်ပါသည်။ အမှန်တို့ သက်တမ်းတိုတောင်းလာသည့် အိုင်တီခေတ်နှင့် အလွန်လိုက်လျောညီထွေရှိသော စဉ်းစားတွေးခေါ်နည်းဟု 'ဆင်း' က ညွှန်းပါသည်။

'ဆင်း' က နံပါတ်တစ် ဦးစားပေးအဖြစ် ထောက်ပြသည်မှာ ခန္တီပါရမီဖြစ်သည်။ ပဒေသာစုံ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးတွင် မတူခြားနားမှုများကို သည်းခံနိုင်သော ခန္တီပါရမီမှာ အရေးကြီးဆုံးနှုန်းစံတန်ဖိုး ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

စင်စစ် 'ဆင်း' အဆိုပြုလိုက်သော အမွန်အမြတ်တရားသုံးပါးလုံးမှာ ကျွန်တော်တို့နှင့် မစိမ်းပါ။ မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ ဗုဒ္ဓယဉ်ကျေးမှုမှ သန္ဓေတည်ခဲ့သည်မဟုတ်ပါလော။ လက်တွေ့ခံယူကျင့်သုံးနိုင်ဖို့သာ လိုပါသည်။

ခေတ်ပြိုင်ပညာရှင်များ အမှာစကားများကို ဖတ်ရကြားရသောအခါ ဂလိုဘယ်လိုက်ဇေးရှင်းရေစီးတွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်ရသည်ကို အားမပျက်သည့်ပြင် အမှန်ပင် အားတက်ရပါကြောင်း။

*Ref: The Waves Magzine, 1/07 Jan. 200*



# အမတြျာဆင်း (သို့မဟုတ်) ဝိရောဓိကမ္ဘာအတွက် ခန္တီပါရမီကို ဖွင့်ဆို ရှင်းပြသူ

*ယခုစာစုမှာ လန်ဒန်ဘောဂဗေဒကျောင်းမှ ဂုဏ်ထူးဆောင် ပါမောက္ခ မက်(ဟ)နက်ဒေဆိုင်း ရေးသော၊ 'အမတြျာဆင်း' အကြောင်း တစေ့တစောင်း ဖြစ်ပါသည်။*

တစ်လောက ထွက်ခဲ့သော သူ၏ 'အမှတ်အသားသရုပ်နှင့် အကြမ်းဖက်မှု' (Identity and Violence) စာအုပ်တွင် အမတြျာဆင်းက သူ့ကိုယ်သူ ယခုလို သရုပ်ဖော်ခဲ့သည်။ "အာရှတိုက်သား၊ အိန္ဒိယနိုင်ငံသား၊ ဘင်္ဂလားဒေ့(ချ်) မျိုးရိုးမှ ဆင်းသက်လာသော ဘင်္ဂါလီလူမျိုး၊ အမေရိက (သို့မဟုတ်) ဗြိတိန်တွင် နေထိုင်သူ၊ ဘောဂဗေဒသမား၊ ဒဿနပညာတွင် ဟိုစပ်စပ် ဒီစပ်စပ် လုပ်သူ စာရေးဆရာ၊ သသ်ကရိုက်စာတတ်သူ၊ ဒီမိုကရေစီနှင့် လောကီသီးသန့်ဝါဒကို အလေးအနက်ယုံကြည်သူ လူတစ်ယောက်၊ ဣတ္ထိဝါဒီ ပုံမှန်ဖိုသဘာဝ ရှိသော ယောကျ်ား၊ သို့မဟုတ် ယောကျ်ားလျာ၊ မိန်းမလျာများကို လူအနေနှင့်သာ သဘောထားသူ၊ ဘာသာရေးနှင့်မဆိုင်သော နေမှုစတိုင်ရှိသည့် မိရိုးဖလာ ဟိန္ဒူဘာသာဝင်၊ သို့သော် ဗြာဟ္မဏတော့ မဟုတ်။ ပြီးတော့ ပရ

လောကကို မယုံကြည်သူ စသည်ဖြင့်" ဤသည်ပင် အမတြာဆင်းဆိုသော လူတစ်ယောက်၏ များပြားလှသော အမှတ်အသားသရုပ်များဟု ဆိုလိုချင်ဟန် တူပါသည်။

ဆင်းမှာ ကိန်းဘရစ်(ချ)တက္ကသိုလ် ထရိုင်နတီကောလိပ်မှ မာစတာဘွဲ့ ရခဲ့သူ ဖြစ်သည်။ ယခု လောလောဆယ် ဟားဗတ်တက္ကသိုလ်တွင် ဘောဂဗေဒ နှင့် ဒဿနဗေဒတို့ ပို့ချသော ပါမောက္ခတစ်ဦးဖြစ်သည်။ ဘောဂဗေဒဘာသာ ရပ်ဖြင့် နိုဘယ်ဆုရခဲ့သော ပထမဦးဆုံး အိန္ဒိယနိုင်ငံသား အာရှတိုက်သား တစ်ဦးလည်း ဖြစ်သည်။ သို့နှင့်တိုင် သူ့ကို ထူးခြားထင်ရှားစေသည်မှာ ဤအချက်များ တစ်ခုမျှမဟုတ်။ ကမ္ဘာပေါ်တွင် သန်းနှင့်ချီရှိနေသော အဆင်းရဲ ဆုံးလူများ၏ ဘဝနှင့် ဆက်စပ်နေသည့် သူ့အလုပ်ကသာ 'ဆင်း' ကို ယခု အဆင့်နေရာသို့ ပို့ပေးလိုက်ခြင်းဖြစ်သည်။ စင်စစ် 'ဆင်း' မှာ ဆင်းရဲမှုပြဿနာ ကို အထူးစိတ်ဝင်တစား သုတေသနလုပ်ခဲ့သည့် ပထမဆုံး ဘောဂဗေဒပညာရှင် နှင့် ဒဿနပညာရှင် ဖြစ်သည်။

သူ၏ 'ဆင်းရဲမွဲတေမှုနှင့် ဒုဗ္ဘိက္ခန္တရကပ်များ' (Poverty and Famines) စာအုပ်က အငတ်ဘေးများနှင့် ပတ်သက်သော နားလည်ချက်နှင့် ကုထုံး များကို အကြီးအကျယ် အပြောင်းအလဲ ဖြစ်စေခဲ့သည်။ 'ဆင်း' ၏ အမြင်များမှာ အဆန်းတကြယ်တော့ မဟုတ်။ ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ သူက 'အငတ်ဘေး ကြီးများအတွင်း လူတွေ သေကြေ ကျေကြရသည်မှာ စားစရာရိက္ခာ ပြတ်လပ် သောကြောင့် မဟုတ်။ ရိက္ခာဝယ်စရာ ဝင်ငွေမရှိသောကြောင့်' ဟု ဆိုသည်။ အငတ်ဘေး ကျရောက်နေသူများအတွက် ဝင်ငွေကိုသာ ဖန်တီးပေးနိုင်လျှင် ရိက္ခာတွေ ဆိုင်ပေါ်ရောက်လာလိမ့်မည်ဟု သူက အခိုင်အမာဆိုခဲ့သည်။ 'ဆင်း' ၏ 'လွတ်လပ်မှုသည်သာ ဖွံ့ဖြိုးတိုးတက်မှု' (Development as Freedom) စာအုပ်မှာလည်း ပညာလောကကို အတော်လေး ကိုင်လှုပ်ခဲ့ သည်ဟု ဆိုရပါလိမ့်မည်။ ဤစာအုပ်တွင် သူက စီးပွားရေးနှင့် လူမှုရေး လွတ်လပ်မှုရော၊ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများကိုပါ အပြည့်အဝ အားမခံချက်ရှိစေမည့် ဖွံ့ဖြိုးတိုးတက်ရေးပုံစံကို ညွှန်းခဲ့သည်။

ယခုအခါ အသက် ၇၃ နှစ်ရှိပြီဖြစ်သော အမတ္တာဆင်းမှာ သူ၏ ကြွယ်ဝထက်သန်လှသော ဦးနှောက်ကို ၉/၁၁ အလွန် ကမ္ဘာကြီးအတွက် အထူးလိုအပ်နေသော နှုန်းစံတန်ဖိုးတစ်ခုပေါ်သို့ စူးစူးစိုက်စိုက် တင်ထားလိုက်ပြီ ဖြစ်ပါသည်။ အခြားမဟုတ်၊ ခန္တီပါရမီ ဖြစ်သည်။ သူ၏ နာမည်ကျော် 'အငြင်းသန်တဲ့ မန္တိမသား' (Argumentative Indian) အက်ဆေးပေါင်းချုပ် စာအုပ်တွင် 'ဆင်း'က အိန္ဒိယအစဉ်အလာတွင် ကိန်းဝပ်နေသော ဒီမိုကရက်တစ် ဝိညာဉ်ကို ဖော်ထုတ်ပြခဲ့သည်။ အချေအတင် ငြင်းခုံဆွေးနွေးကြခြင်းနှင့် လွတ်လွတ်လပ်လပ် သဘောကွဲလွဲကြခြင်းမှာ ဒီမိုကရက်တစ်ဘဝအတွက် မရှိမဖြစ် အလေ့အထများပင် ဖြစ်သည်။ ဤဓလေ့များ ရှင်သန်အားကောင်း စေရန် ဆန့်ကျင်ဘက်များကို သည်းခံနိုင်သော ခန္တီပါရမီပြည့်ဝဖို့ လိုသည် စသည်ဖြင့် ဖွင့်ဆိုပြခဲ့သည်။ ဒေါသများ၊ အာဃာတများနှင့် အမုန်းမီးပွားတို့ဖြင့် လောင်မြိုက်နေသော ၉/၁၁ လွန် ကမ္ဘာကြီးအတွက် ဆိုခဲ့ပါ ခန္တီပါရမီကို ပွားစီးစေကြရမည်ဟုလည်း သူက ဆော်ဩခဲ့သည်။

အထူးသဖြင့် အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတွင် မတူသော အမှတ် အသားသရုပ်တစ်ခုခုကို မလိုလားအပ်သော တံဆိပ်တစ်ခုခု ကပ်လိုက်နိုင်သည့် အန္တရာယ်ရှိသည်ဟု သတိပေးသည်။ မွတ်စလင်ဘာသာဝင်များ သဘောထား မှန်ကြဖို့ ဖြစ်ပါသည်။ စင်စစ် လူသားအားလုံးမှာ အချင်းချင်း အပြန်အလှန် အမှီသဟဲပြုနေကြရသော သဟဇီဝအနွယ်များသာ ဖြစ်ရာ လူသားအချင်းချင်း ကြား ခန္တီပါရမီနှင့်ယှဉ်သော အသိဉာဏ်ပညာကို ဘာကြောင့် မမွေးမြူနိုင် ရမည်နည်းဟု မေးခွန်းထုတ်သည်။ အရှေ့၊ အနောက် စသော သီးခြားအမှတ် အသားသရုပ်များကိုသာ လိုရာဆွဲ မဲတင်းပြီး လူသား၏ ဘုံအမှတ်အသားသရုပ် ကို မမေ့လျော့အပ်ဟု ဝေဖန်ထောက်ပြသည်။

ရှေ့ပိုင်းက ဖော်ပြခဲ့သော သူ၏ 'အမှတ်အသားသရုပ်နှင့် အကြမ်း ဖက်မှု' စာအုပ်တွင် 'ဆင်း'က အရှေ့နှင့်အနောက်၏ သမိုင်းသင်ခန်းစာများကို မျဉ်းပြိုင်ဆွဲပြပြီး မျက်မှောက်ခေတ်လူသားများကို ဆုံးမချေချွတ်ထားသည်။ ၁၆ ရာစုနှစ်က 'ဂျော်ဒန်နိုဘရူနို' ကို မိစ္ဆာဒိဋ္ဌိ စွပ်စွဲချက်ဖြင့် မီးရှို့သတ်ခဲ့ကြ စဉ်တွင် မဂိုအင်ပါယာမှ အက္ကဗာဘုရင်ကြီးမှာ ဘာသာတရားမျိုးစုံ၊ ယုံကြည်

မှုမျိုးစုံ နှီးနှောဖလှယ်ပွဲကြီးများကို သူ၏ နန်းရင်ပြင်တွင် ကျင်းပပေးခဲ့သည်။ ယနေ့ သိပ္ပံပညာ၏ အသက်ဟုဆိုနိုင်သော အက္ခရာသင်္ချာ၊ အယ်(လ)ဂိုရစ်သမ် စသည်တို့မှာ အာရပ်ဇာစ်မြစ်မှ လာသည်ကိုလည်း မမေ့လျော့ကြဖို့ သတိပေးသည်။ ထို့ထက် ခေါမခေတ်၏ စံတော်ဝင် ဒဿနကျမ်းများကို မှတ်စလင်သောတုဇနများ ကာကွယ်ထိန်းသိမ်းပေးခဲ့သည့်အတွက်သာ ယနေ့ ဥရောပသားတို့ လေ့လာခွင့်ရခဲ့သည်ကိုလည်း ကျေးဇူးမမေ့ကြဖို့ နှိုးဆော်ခဲ့သည်။

စင်စစ် အမတြာဆင်းမှာ အိန္ဒိယသားသက်သက် မဟုတ်။ ဒဿနပညာရှင်သက်သက် မဟုတ်။ ဂလိုဘယ်နိုင်ငံသားစစ်စစ် ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးကို ခန္တီပါရမီဖြင့် ငြိမ်းချမ်းစေလိုသူ ဖြစ်သည်။ သူ၏ မေတ္တာ၊ စေတနာနှင့် သမ္မာစိတ်ဓာတ်မှာ တော်စမိုပိုလီတန်သဘောဆောင်သည်။ သူ၏ လူသားအားလုံးအတွက် စိုးရိမ်သောကမှာ လောကလုံးသဘောဆောင်သည်။ 'ဆင်း' ကား ဝိရောဓိကမ္ဘာအတွက် ခန္တီပါရမီကို ဖွင့်ဆိုလင်းပြသူ ဖြစ်ပါသတည်း။

ကျော်ဝင်း၏ အငြင်းသန်တဲ့ မင်္ဂမသား

*Ref: The Waves Magzine, 1/07 Jan. 2007*

## ဝိဘဇ္ဇဝါဒ အပရိဟာနိယတရားနှင့် ဒီမိုကရေစီအဆက်အစပ်

ဤသို့သော ငြင်းခုံမှုအစဉ်အလာကြွယ်ဝမှုသည် ယနေ့ အိန္ဒိယတိုက်ငယ်၏ ဘဝအထွေထွေအပေါ် ထူးထူးခြားခြားသက်ရောက်မှု ရှိပါသလော။ 'ရှိသည်' ဟု ကျွန်တော်ထင်ပါသည်။ နည်းမျိုးစုံဖြင့် သက်ရောက်မှုရှိသည်ဟု သဘောရသည်။ ဤအစဉ်အလာက ကျွန်တော်တို့၏ လူမှုရေးလောကနှင့် ကျွန်တော်တို့ယဉ်ကျေးမှုဓလေ့၏ သဘောသဘာဝကို ပုံဖော်ပေးလျက်ရှိသည်။ အယူအဆရေးရာများတွင် အများနှင့်မတူ ကွဲလွဲဆန့်ကျင်မှု (heterodoxy) တစ်နည်း အများမိုးခါးရေသောက်တိုင်း လိုက်မသောက်တတ်သည့် ခိုင်မာမှုမျိုးကို သဘာဝအခြင်းအရာအဖြစ် လက်ခံယူဆစေသည်။ ပြောရလျှင် စွဲမြဲသော အငြင်းအခုံဓလေ့မှာ ကျွန်တော်တို့၏ အများနှင့်ဆိုင်သောဘဝတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ပင် ဖြစ်နေပါပြီ။ ဤဓလေ့က အိန္ဒိယနိုင်ငံရေးအပေါ် နက်ရှိုင်းစွာ ဩဇာသက်ရောက်မှုရှိနေသလို အထူးသဖြင့် အိန္ဒိယဒီမိုကရေစီနှင့် လောကီ သီးသန့်ဝါဒဖွံ့ဖြိုးရေးတို့နှင့်ပါ ဆက်စပ်လျက်ရှိနေသည်။

သို့နှင့်တိုင် အိန္ဒိယဒီမိုကရေစီ၏ဇာစ်မြစ်များကို ပြန်လည်ဆန်းစစ်ကြရာတွင် ခေတ်သစ် သောတုဇနအချို့က ဆိုခဲ့ပါအိန္ဒိယယဉ်ကျေးမှုဓလေ့ထက် ဗြိတိသျှကိုလိုနီအမွေကို စံတင်ပြောဆိုနေကြသည်များ ရှိသည်။ အကယ်၍ သူတို့အဆိုမှန်ပါက တစ်ခုတည်းသော နေမဝင်အင်ပါယာကြီးမှ လွတ်လပ်ရေး

ရခဲ့သည်ချင်းတူပါလျက် အခြားသော နိုင်ငံပေါင်းတစ်ရာတွင် ဘာ့ကြောင့် အိန္ဒိယမှာလို ဒီမိုကရေစီစနစ် မရှင်သန်ရပါသနည်းဟု မေးခွန်းထုတ်ချင်စရာ ဖြစ်ပါသည်။ စင်စစ် အိန္ဒိယ၏ဒီမိုကရက်တစ်ဝိညာဉ်မှာ ၎င်း၏ ယဉ်ကျေးမှု ဓလေ့အတွင်းမှာပင် နက်ရှိုင်းစွာ အမြစ်တွယ်ခဲ့ပြီးဖြစ်သည်။ ဤသည်မှာလည်း အိန္ဒိယသားတို့၏ အငြင်းအခုံအစဉ်အလာက ကျေးဇူးပြုခဲ့သောကြောင့်ဟု ဆိုရပါလိမ့်မည်။

ယေဘုယျသဘောပြောရလျှင် လူထုဆင်ခြင်တုံတရား (Public Reasoning) နှင့် ဒီမိုကရေစီ၏ဇာစ်မြစ်များမှာ နက်ရှိုင်းစွာ ဆက်စပ်လျက် ရှိနေတတ်ပါသည်။ ဤသည်မှာ အိန္ဒိယတစ်နိုင်ငံတည်း၏ ထူးခြားမှုမဟုတ်။ တစ်ကမ္ဘာလုံးအတိုင်းအတာ သဘောဆောင်သော တူညီချက်ဖြစ်ပါသည်။ အိန္ဒိယ၏ အားသာချက်မှာ ဆိုခဲ့ပါ လူထုဆင်ခြင်တုံတရားကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဘီစီ ခြောက်ရာစုလောက်ကတည်းက ဗုဒ္ဓ မြတ်စွာဟောကြားခဲ့သော ဝိဘဇ္ဇဝါဒ (ကာလာမသုတ္တာန်)မှာ လူထုဆင်ခြင်တုံ တရား၏ အကြွယ်ဝ အထက်သန်ဆုံး ရေသောက်မြစ်ကြီး ဖြစ်ဖွယ်ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် လွတ်လပ်ရေးရသည်နှင့် အိန္ဒိယမှာ ဒီမိုကရေစီလမ်းကြောင်းကိုသာ တညီတညွတ်တည်း ရွေးချယ်ခဲ့ကြသည်။ အနောက်မဟုတ်သည့် နိုင်ငံများထဲမှ ပထမဆုံး ဒီမိုကရေစီလမ်းဖောက်ခဲ့သည့် နိုင်ငံတစ်ခု ဖြစ်ပါသည်။ ဤသည်မှာ ဥရောပနှင့် အမေရိက (အထူးသဖြင့် ဗြိတိသျှ) တို့၏ ဖွဲ့စည်းပုံစည်းမျဉ်းဆိုင်ရာ အတွေ့အကြုံများကို လေ့လာ နှစ်ခြိုက်ခဲ့သောကြောင့် ဖြစ်သလို (ပိုအရေးကြီးသည့်အကြောင်းမှာ) မိမိတို့၏ ဝိဘဇ္ဇအစဉ်အလာက တောင်းဆိုခဲ့သောကြောင့် ဖြစ်ပါသည်။ ပို၍ တိတိကျကျ ဆိုရလျှင် လူထုဆင်ခြင်တုံတရားဆိုသော ဝိဘဇ္ဇဝါဒနှင့် ဆန့်ကျင်ဘက်များ အပေါ် သည်းခံနိုင်မှုဆိုသော ခန္တီဝါဒတို့က တောင်းဆိုခဲ့သောကြောင့် ဖြစ်ပါ သည်။ ဤတရားအစုံ (ဝိဘဇ္ဇနှင့်ခန္တီ) မှာ အိန္ဒိယယဉ်ကျေးမှု အစဉ်အလာ ဖြစ်သလို ဒီမိုကရေစီ၏ မိနှင့်ဖဟူ၍လည်း ဆိုနိုင်လောက်ပါသည်။

အိန္ဒိယ၏ထူးခြားချက်မှာ ဒီမိုကရေစီစနစ်ကို ရွေးချယ်ရုံသက်သက်မျှ မဟုတ်။ ဤစနစ်ကို ဒူပေနာပေခံ၍ စွဲစွဲမြဲမြဲ ဖက်တွယ်ထားနိုင်ခြင်းပင်

ဖြစ်သည်။ အိန္ဒိယနှင့်ခေတ်ပြိုင် လွတ်လပ်ရေးရခဲ့ကြသော နိုင်ငံအများစုကို ကြည့်လိုက်လျှင် ဒီမိုကရေစီမှာ ထုံ့ပိုင်းထုံ့ပိုင်းနှင့်သာ ခရီးဆက်ခဲ့ရပြီး အာဂန္တု သဘောမျှသာ ရှင်သန်ခွင့်ရခဲ့ပါသည်။ အိန္ဒိယတွင်မူ ဤသို့မဟုတ်။ အိန္ဒိယ ဒီမိုကရေစီတွင် မနည်းလှသော စွမ်းဆောင်ရည် မပြည့်မှုများ၊ အချို့မကျမှုများ ရှိသည့်တိုင် စစ်ဘက်ရော၊ နိုင်ငံရေးပါတီများကပါ ဤစနစ်ကို စွဲစွဲမြဲမြဲ ကျင့်သုံးခဲ့ကြသည်။ အကာအကွယ်ပေးခဲ့ကြသည်။ ဤသည်မှာလည်း အိန္ဒိယ သားတို့၏ ရင်ထဲအသည်းထဲတွင် စွဲမြဲနေသော ဒီမိုကရက်တစ်အစဉ်အလာ၏ ထူးခြားအားကောင်းလှသော သာဓကတစ်ရပ်ဖြစ်ပါသည်။

သို့နှင့်တိုင် အိန္ဒိယဒီမိုကရေစီမှာလည်း အရေးကြီးသော အဆုံးအဖြတ် ကာလတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်သာ ဖြစ်သည်။ ၁၉၇၀ အလွန်နှစ်များလောက်က ဖြစ်ပါသည်။ ထိုစဉ်က အိန္ဒိယရင်ဆိုင်နေရသော အရပ်ရပ်အခက်အခဲ၊ အကျပ်အတည်းများကို အကြောင်းခံ၍ အရေးပေါ်အခြေအနေတစ်ရပ် ကြေညာ နိုင်ရန် နိုင်ငံရေးပါတီတစ်ခုမှ အဆိုပြုခဲ့ဖူးသည်။ ဤအဆိုပြုချက်အရဆိုလျှင် အိန္ဒိယ၏ဒီမိုကရက်တစ် အာမခံချက်များမှာ အားနည်းချည့်နဲ့သွားမည့်သဘော ရှိသည်။ ဤသည်ကို သဘောပေါက်နားလည်သော မဲဆန္ဒရှင်များက ၁၉၇၇ ရွေးကောက်ပွဲတွင် ဤပါတီနှင့် ဤအဆိုကို ခါးခါးသီးသီး ပယ်ချလိုက်ကြသည်။ ဒီမိုကရေစီစနစ်တွင် မပြည့်စုံမှုများ၊ အားနည်းချက်များ မည်မျှပင်ရှိစေ၊ ဆိုခဲ့ပါ မပြည့်စုံမှု၊ အားနည်းမှုများကို တစ်ခဲနက်ဖော်ပြလိုက်ကြခြင်း ဖြစ်ပါသည်။

ဤနေရာတွင် လူတော်တော်များများကြား အထိုက်အသင့် ရေပန်းစား နေသည်ဟု ယူဆရသော အကောက်အယူမှားတစ်ခုအကြောင်း ဖော်ပြရှင်းလင်း လိုသည်။ ဒီမိုကရေစီကို အနောက်၏လက်ဆောင်၊ အနောက်၏ဘိုးဘပိုင် ပစ္စည်းဟု နားလည်လက်ခံထားကြသောအယူအဆ ဖြစ်ပါသည်။ စင်စစ် ဒီမိုကရေစီ၏ အနှစ်သဘောမှာ လူထုများကြား အကျယ်အပြန့် ညှိနှိုင်းဆွေးနွေး ကြခြင်းနှင့်၊ ဤသို့သော အပြန်အလှန်တုံ့ပြန်မှုဖြင့် ရလာသော လူထုဆင်ခြင်တုံ တရားဖြစ်သည်။ ဆိုခဲ့ပါ လူထုများကြား အကျယ်အပြန့်ညှိနှိုင်းဆွေးနွေးကြခြင်း (Public Discussion)၊ တစ်နည်း အပရိဟာနိယတရားမှာ ဗုဒ္ဓခေတ် အိန္ဒိယ လူ့အဖွဲ့အစည်းမှာပင် ရှင်သန်နေခဲ့ပြီးဖြစ်သည်။ ထိုခေတ်က လိစ္ဆဝီတိုင်းဆိုလျှင်

အပရိယာနိယတရားကိုအခြေခံပြီး နိုင်ငံအုပ်ချုပ်ရေးကို စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ထိုစဉ်က အနောက်နိုင်ငံများမှာ ကမ္ဘာမြေပုံပေါ်မှာပင် မရှိသေး။ ဤအဓိပ္ပာယ်အရပြောရလျှင် ခေတ်သစ်ဒီမိုကရေစီစနစ်၏ မူလရေသောက်မြစ်များမှာ အရှေ့မှလာသည်ဟူ၍ပင် ဆိုနိုင်စရာရှိပါသည်။

ယခုအခါ ဝိဘဇ္ဇဝါဒ အပရိဟာနိယတရားနှင့် ဒီမိုကရေစီတို့၏ အဆက်အစပ်ကို ခေတ်ပြိုင်ပညာရှင်အများကပင် သိမှတ်လက်ခံလာကြရပြီဖြစ်သည်။ ဤသို့သောအစဉ်အလာများ ပျံ့နှံ့အမြစ်တွယ်နေသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဒီမိုကရေစီကို အလွယ်တကူ အဖွဲ့အစည်းဘောင်သွင်းလို့ရနိုင်သည်။ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်စရာရှိသည်ဟုလည်း သုံးသပ်ဖော်ပြလာကြသည်။ ဤသို့သော ခေတ်ပြိုင်ပညာရှင်များထဲမှ လူသိများထင်ရှားသူတစ်ဦးဖြစ်သော ဂျွန်ရာဝဲ(လ်)က လူထုဆင်ခြင်တုံတရား (ဝိဘဇ္ဇဝါဒ) နှင့် လူထုများကြား အကျယ်အပြန့် ဆွေးနွေးညှိနှိုင်းကြခြင်း (အပရိဟာနိယတရား) တို့၏ အဆက်အစပ်ကို ခေတ်သစ်အဓိပ္ပာယ်များနှင့် ယခုလိုဖွင့်ပြသည်။

*"လူထုဆင်ခြင်တုံတရားရရှိစေရန် လူထုရေးရာများတွင် လူထုကိုယ်တိုင် ပါဝင်ဆွေးနွေးခွင့် ရှိရမည်။ တစ်နည်းဆိုရလျှင် လူထုဆင်ခြင်တုံတရားကို လူထုများကြား အကျယ်အပြန့် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖော်ထုတ်ရမည် ဖြစ်ပါသည်။ (ဝိဘဇ္ဇဝါဒကို အပရိဟာနိယတရားဖြင့် အကောင်အထည်ဖော်ရမည် ဟူလို။)*

*စင်စစ် ရွေးကောက်ပွဲမှာ ဒီမိုကရေစီအတွက် အရေးကြီးသည့်တိုင် ၎င်းကို ပုံဖော်ပေးသော နည်းလမ်းများထဲမှ တစ်ခုသာဖြစ်သည်။ လူထုများကြား အကျယ်အပြန့်ဆွေးနွေးညှိနှိုင်းမှုကို ထိထိရောက်ရောက် ဖော်ထုတ်နိုင်ရေးမှာလည်း အလားတူအရေးကြီးသည့် နည်းလမ်းတစ်သွယ် ဖြစ်ပါသည်။*

*လူတိုင်းမဲပေးပိုင်ခွင့်ကို လူတိုင်း စိုးရိမ်ကြောင့်ကြမှုကင်းစွာ ပြောရေးဆိုခွင့်၊ နားထောင်ခွင့်၊ ဆုံးဖြတ်ခွင့်များနှင့် ပေါင်းစပ်ပေးနိုင်ဖို့လိုပါသည်။"*

ယခုအခါ လွတ်လပ်သောရွေးကောက်ပွဲနှင့် လျှို့ဝှက်မဲပေးသည့် စနစ်တို့ကိုကျော်၍ ဒီမိုကရေစီ၏အဓိပ္ပာယ်ကို အကျယ်အပြန့် နားလည်စေရေး တူရူချက်မှာ ခေတ်ပြိုင်နိုင်ငံရေးဒဿနများတွင်သာမက 'လူမှုရွေးချယ်ရေး သီအိုရီ'၊ 'လူထုရွေးမှုသီအိုရီ' စသော ဘာသာရပ်အသစ်များတွင် အရေးတကြီး ဖော်ပြထားရသော အကြောင်းအရာတစ်ခုဖြစ်လာပါသည်။ အရေးကြီးသော လူထုရေးရာဆုံးဖြတ်ချက်များ ချမှတ်ကြသည့်ဖြစ်စဉ်တွင် တံခါးဖွင့်ဆွေးနွေး တိုင်ပင်ကြသည့်ဓလေ့က လူ့အဖွဲ့အစည်းနှင့်ပတ်သက်သော အင်ဖော်မေးရှင်းများကို ပြည့်ပြည့်စုံစုံ ရရှိစေရုံမျှမက ရွေးချယ်ပြီးသော ဆုံးဖြတ်ချက်များကိုပါ ပြန်လည်စိစစ်ဖို့အခွင့်အလမ်းများ ရစေသည်ဟု အဆိုပါသီအိုရီများက ဆိုသည်။ 'လူထုရွေးချယ်မှုသီအိုရီ' (Public Choice Theory) ကို စတင်ဖော်ထုတ်ခဲ့သူ ဂျိမ်းဘူချာနန်က သူ့သီအိုရီကို ယခုလိုဖွင့်ဆိုပြသည်။

*"ဒီမိုကရေစီ၏အဓိပ္ပာယ်တစ်ခုမှာ အညီအညွတ် ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် အုပ်ချုပ်နည်းဟု ဆိုနိုင်သည်။ ဤအချက်က ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်များတွင် ပါဝင်ခွင့်ရရှိစေရမည်ဖြစ်သော လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခန်းကဏ္ဍကို ရည်ညွှန်းသည်"*

အိန္ဒိယအစဉ်အလာတစ်ခုဖြစ်သော အပရိဟာနိယတရားကို အိန္ဒိယ၏ နောက်ထပ်အစဉ်အလာတစ်ခုဖြစ်သော ပုဂ္ဂလိကဝါဒ (individualism) နှင့် ဆက်စပ်ဖွင့်ဆိုလိုက်သည်ဟု နားလည်ရပါသည်။ စင်စစ် လူထုများကြား ညှိနှိုင်းဆွေးနွေးအဖြေရှာကြသည့် အစဉ်အလာမှာ အခြားသောအဖွဲ့အစည်းများနှင့် အခြားသောယဉ်ကျေးမှုများတွင်လည်း ရှိသလောက်ရှိကြသည်သာ ဖြစ်ပါသည်။ ရှေးဟောင်း ခေါမနှင့်ရောမဆိုလျှင် ဤသို့သော အပရိဟာနိယ အစဉ်အလာကို အကြီးအကျယ် ချီးပခဲ့ကြသော လူ့အဖွဲ့အစည်းများ ဖြစ်သည်။ သို့နှင့်တိုင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပြောရေးဆိုခွင့်အရာတွင်မူ ကျွန်တော်တို့ အိန္ဒိယကို မမီဟု ဆိုချင်သည်။ ပြောရလျှင် ဘီစီ ၄ ရာစုလောက်က တစ်ကမ္ဘာ လုံးနီးပါးမျှကို အောင်မြင်ခဲ့သော စစ်ဘုရင်ကြီး မဟာအလက်ဇန်းဒါးသည်ပင် လျှင် အငြင်းသန်သော အိန္ဒိယသားတစ်ဦး၏ ပွင့်ပွင့်လင်းလင်းဝေဖန်ချက်ကို ဒုတ်ဒုတ်ထိ ခံခဲ့ရဖူးသည်။

ထိုစဉ်က အိန္ဒိယအနောက်မြောက်တစ်လွှားအပေါ် အောင်နိုင်ခဲ့သော အလက်ဇန်းဒါးကို ဒေသခံ ဂျိမ်းဒသနဆရာများက အလေးမထား ဂရုမစိုက်ကြသလို ခပ်မှန်မှန်ပင် ဆက်ဆံခဲ့ကြရာ ကျွမ်းတိုဟန်ရှိသော အလက်ဇန်းဒါးက ဤသို့မေးသည် ဆိုသတတ်။

"ငါကဲ့သို့သော ကြီးကျယ်သည့် ဧကရာဇ်ဘုရင်ကို အဘယ့်ကြောင့် ကြိုဆိုဂုဏ်ပြုခြင်းအမှု မပြုကြပါသနည်း"

ဤတွင် တုံ့ပြန်လိုက်သော ဂျိမ်းဒသနဆရာတစ်ယောက်၏ အဖြေမှာ ငယ်ရွယ်နုပျိုသော ဧကရာဇ်ဘုရင်လေး၏မာနကို တည့်တည့်ကြီး ထိမှန်လိုက်တော့သည်။ သူ့အဖြေက ဤသို့ -

*"မဟာရာဇာ အလက်ဇန်းဒါး။ မည်သူမဆို မိမိပိုင်ဆိုင်ခွင့်ရှိသလောက်မြေကိုသာ ပိုင်ဆိုင်ကြရစမြဲဖြစ်သည်။ သင်မူကား သင့်အိမ်ရာမှ မိုင်ပေါင်းများစွာခွာပြီး မြေအမြောက်အမြား ပိုင်ဆိုင်နိုင်ရေးအတွက် အချည်းနှီးကြိုးစားခဲ့ပေပြီ။ ဤအတွက် သင့်ကိုယ်သင်လည်း ဆင်းရဲစေခဲ့ပြီ။ လူအများကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့ပြီ။ သို့နှင့်တိုင် လူထဲမှ လူတစ်ယောက်သာဖြစ်သော သင့်အနေနှင့် သင်တိုက်ခိုက်သိမ်းပိုက်ပြီးသော မြေအားလုံးကို ပိုင်ဆိုင်ရပြီ မထင်လေနှင့်။ သင်သေဆုံးသောအခါ သင်ပိုင်သည်ထင်သော မြေအားလုံး သင်နှင့်အတူ ပါလာမည်မဟုတ်။ သင့်အလောင်းကောင်ကို ဖုံးဖိနိုင်ရုံမျှ မြေပမာဏကိုသာ သင်ရပေလိမ့်မည်"*

(ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း၏ 'လူတစ်ယောက် မြေမည်မျှ လိုမည်နည်း' ဝတ္ထုတိုမှာ ဤဖြစ်ရပ်မှ စိတ်ကူးရလာခြင်း ဖြစ်ကောင်းဖြစ်နိုင် ပါသည်။)

အိန္ဒိယအစဉ်အလာ အပရိဟာနိယတရားအကြောင်း ပြောကြမည်ဆိုလျှင် ဂေါတမဗုဒ္ဓမှ အစပြုရပါလိမ့်မည်။ ဗုဒ္ဓက အပရိဟာနိယတရားသည်သာလျှင် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းဟု ဟောကြားတော်မူခဲ့သည်။ (အဇာတသတ်ဘုရင်သို့ ဝေသာလီနှင့်ပတ်သက်သော မိန့်ကြားချက်) ဤဟောကြားချက်ကို အခြေခံ၍ ဗုဒ္ဓဝါဒီများက အနယ်နယ်

အရပ်ရပ်ရှိ ဂိုဏ်းအသီးသီးမှ အယူအဆမျိုးစုံကို အညီအညွတ် ညှိနှိုင်းဆွေးနွေးစေကြသော နီးနှောဖလှယ်ပွဲကြီးများကို အခါအားလျော်စွာ ကျင်းပခဲ့ကြသည်။ ဗုဒ္ဓဘာသာကောင်စီ (Buddhist Council) ဟု အမည်တွင်သော ဆွေးနွေးပွဲကြီးများ ဖြစ်ပါသည်။ (သင်္ဂါယနာသဘောကို ဆိုလိုဟန်တူပါသည်။ ဘာသာပြန်သူ)

ပထမသင်္ဂါယနာကို ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံပြီး မကြာမီ ရာဇဂဟ (ရာဇဂြိုဟ်) တွင် ကျင်းပခဲ့သည်။ နောက်နှစ်ပေါင်းတစ်ရာအကြာ ဝေသာလီတွင် ဒုတိယသင်္ဂါယနာတင်ခဲ့သည်။ အထင်ရှားဆုံးနှင့် အကြီးကျယ်ဆုံး တတိယသင်္ဂါယနာမှာ အသောကဧကရာဇ် (သီရိဓမ္မာသောကမင်းကြီး)၏ ဦးဆောင်မှုဖြင့် ဘီစီ ၂ ရာစုတွင် ပါဋလိပုတ် (ယခု ပတ္တနာ)မှာ ကျင်းပခဲ့သော နီးနှောဖလှယ်ပွဲကြီး ဖြစ်ပါသည်။ ဤသင်္ဂါယနာ အစည်းအဝေးကြီးများ၏ အဓိကရည်မှန်းချက်မှာ ကွဲလွဲချက်များရှိနေသော ဘာသာရေးအခြေခံမူများနှင့် လက်တွေ့ကျင့်စဉ်များကို အကြေအလည်ညှိနှိုင်းဆွေးနွေးပြီး အတည်ပြုဆုံးဖြတ်ကြခြင်းပင် ဖြစ်ပါသည်။ သို့နှင့်တိုင် ဘာသာရေးမဟုတ်သော အခြားလူမှုရေး၊ နိုင်ငံရေးပြဿနာများ ဖြေရှင်းရေးအတွက်လည်း စံပြနမူနာတစ်ရပ်လို ဖြစ်လာခဲ့သည်။ တစ်နည်းဆိုရလျှင် အိန္ဒိယ၏ အပရိဟာနိယအစဉ်အလာကို ဗုဒ္ဓဘာသာက စတင်မျိုးစေ့ချပေးခဲ့သည်ဟု ဆိုနိုင်ပါလိမ့်မည်။

ယနေ့ အာဖဂန်နစ္စတန်အပါအဝင် အိန္ဒိယတိုက်ငယ်တစ်ခုလုံးလောက်ကို သိမ်းပိုက်အုပ်ချုပ်ခဲ့သော အသောကဧကရာဇ်ဘုရင်မှာ ဗုဒ္ဓဘာသာ၏ သာသနာ့သမိုင်းအတွက်သာမက အိန္ဒိယယဉ်ကျေးမှုသမိုင်း တစ်ခုလုံးအတွက်ပါ အလွန်ကျေးဇူးပြုခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ သူ၏အလိုအရ အမုန်းတရားနှင့် အကြမ်းဖက်မှုတို့ ကင်းဝေးမှသာလျှင် အပရိဟာနိယတရားတို့ အမှန်တကယ်ဖွံ့ဖြိုးလာလိမ့်မည်ဟု ဆိုသည်။ သို့အတွက် အမုန်းနှင့် အကြမ်းကို လွန်မြောက်နိုင်သော မေတ္တာစိတ်နှင့် ဆန့်ကျင်ဘက်များအပေါ် သည်းခံနိုင်သော ခန္တီပါရမီတို့ကို မွေးမြူရမည်ဟု ဆော်ဩခဲ့သည်။ သူ၏ ကျောက်စာတိုင်တစ်ခုတွင် ဤသို့ပင် ကမ္ပည်းတင်ခဲ့ဖူးသည်။ 'အခြား သူတစ်ပါးတို့ဂိုဏ်းမှ အယူအဆများကို မတရားသဖြင့် ချိုးနှိမ်ခြင်း၊ မိမိဂိုဏ်း၏

အယူအဆကိုသာ တစ်ဖက်သတ်အမွှမ်းတင်ခြင်းတို့မှာ မိမိဂိုဏ်းကိုလည်း လေးစားရာမရောက်၊ အခြား သူတစ်ပါးတို့၏ဂိုဏ်းကိုလည်း စော်ကားရာ ရောက်ပေသည်' စသဖြင့်။

အသောကမင်းကြီး၏ အပရိဟာနိယအစဉ်အလာကို ဆက်ခံခဲ့သူမှာ နောင် နှစ်ပေါင်းနှစ်ထောင်အကြာတွင် ပေါ်ထွက်လာသော မဂိုအင်ပါယာမှ အက္ကဗာဘုရင်ဖြစ်သည်။ အသောက၏သင်္ဂါယနာမှာ ဗုဒ္ဓဘာသာအဝန်းအဝိုင်း တွင်သာ ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်သော်လည်း အက္ကဗာ၏နန်းရင်ပြင်တွင် ကျင်းပသော ဘာသာတရားပေါင်းစုံ နှီးနှောဖလှယ်ပွဲကြီးများမှာ ယုံကြည်မှု မျိုးစုံကို ကိုယ်စားပြုသည်ဖြစ်ရာ ပို၍ အပြန့်ကျယ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ အဆိုပါ ဘာသာ တရားပေါင်းစုံ နှီးနှောဖလှယ်ပွဲကြီးအပေါ် ဆက်စပ်လွှမ်းခြုံ ထားသော အက္ကဗာ၏ရပ်တည်ချက်မှာ ယခုလိုဖြစ်သည်။

> *"မတူသော အယူအဆများ ညှိနှိုင်းဆွေးနွေးကြရာတွင် အစဉ်အလာ အကောက်အယူများအပေါ် အားပြုသည်ထက် ဆင်ခြင်တုံတရားကို ရှေ့တန်း တင်သည်က လူမှုရေး သဟဇာတဖြစ်မှုကို ပိုမိုဦးတည်စေနိုင် လိမ့်မည်"* ဟူ၍ ဖြစ်သည်။

အပရိဟာနိယ အစဉ်အလာကို ဝိဘဇ္ဇဝါဒနှင့် အထွတ်တင်လိုက်ခြင်းဟု နားလည်ရပါသည်။ ယနေ့လွှမ်းမိုးထားသော ကိုယ်စားပြုဒီမိုကရေစီအဆင့်မှ နောင်အနာဂတ် ကိုယ်တိုင်ပါဝင်လှုပ်ရှားရေး ဒီမိုကရေစီ (Participatory Democracy) သို့ တက်လှမ်းရာတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဆင်ခြင်တုံ တရားက အတော်လေး စကားပြောလိမ့်မည် ထင်သည်။

ကျော်ဝင်း၏ အငြင်းသန်တဲ့ မန္တိမသား

*Ref: The Waves Magzine, 1/07 Jan. 2007*

## အောင်သန်း (မန္တလေး) ၏

# ငယ်သော လုဏ်အယူအဆကို လေ့လာခြင်း

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာ့စီးပွားရေးအကြောင်း စီးပွားရေးပညာရပ် (ဘောဂဗေဒ) အကြောင်း စာအုပ်ပေါင်းမြောက်မြားစွာ ထွက်ပေါ်လျက်ရှိသည်။ သို့သော် ယင်းတို့အနက် သမားရိုးကျအမြင်၊ သမားရိုးကျအတွေး၊ သမားရိုးကျ လေ့လာတွေ့ရှိ သုံးသပ်ချက်တို့နှင့် ဆန့်ကျင်ကာ အတွေးသစ်၊ အမြင်သစ်၊ အသိသစ်က 'ပေး'သော စာအုပ်ဟူ၍ကား မရှိသလောက်ပင် ရှားဘိသည်။

ယနေ့စီးပွားရေးအကြောင်း လေ့လာတင်ပြသည့် စာအုပ်စာတမ်းများ၌ အမျိုးသား ဝင်ငွေမညီမျှမှုများ တတိယကမ္ဘာ၏ စီးပွားရေး အကျပ်အတည်း၊ ကမ္ဘာ့အလုပ်လက်မဲ့ပြဿနာ၊ စစ်အခြေပြု စီးပွားရေး[၁]၏ ဆိုးကျိုးများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မညီမျှသည့် စီးပွားရေးဆက်ဆံမှုများ...စသည် စသည်တို့အကြောင်း သာမန်အတွေးအမြင်ဖြင့် ရေးသားတင်ပြထားချက်တို့ကိုသာ စာဖတ်ပရိသတ်က 'ဖတ်ရှု'ရလျက်ရှိရာ ဤပြဿနာနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ ဖြေရှင်းသင့်သည်ကို အတွေးသစ် အမြင်သစ်ဖြင့် အဖြေရှာပေးနိုင်သည့် ဘောဂဗေဒပညာရှင်တို့၏ ရေးသားချက်များကို တောင့်တလျက်ရှိကြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့မှာ စီးပွားရေး အခြေအနေချင်းလည်းမတူ၊ ပထဝီဝင် အနေအထားနှင့် ယဉ်ကျေးမှုချင်းလည်း ကွဲပြားလျက်ရှိသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့မှာ အရာရာ၌ အမြင်ချင်းတူရန် ခဲယဉ်းပေလိမ့်မည်။ ဖွံ့ဖြိုးပြီးနိုင်ငံတို့အနေနှင့် အရာရာကို စက်မှုလူ့ဘောင်အဖွဲ့အစည်း[၂]၏ ရှုထောင့်မှနေ၍ ရှုမြင်သုံးသပ်တတ်ကြသည်။ အဆင့်မြင့်နည်းပညာ[၃] ပေါ် အခြေခံ၍ တိုးတက်မှု (Progress) ကို ရှာကြံဖော်ဆောင်တတ်ကြသည်။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံတို့နှင့် ဆက်ဆံရာ၌ ၎င်းတို့ပေးမှ ကျွေးမှ စားရမည့်အထောက်အပံ့ခံ နိုင်ငံများသဖွယ် သဘောထားကာ 'အပေါ်စီး'ဖြင့် ဆက်ဆံတတ်ကြသည်။ မိမိတို့အုပ်စု၏ဘက်မှ လိုက်ပါ

---

၁။ Militarized Economy
၂။ Industrial Society
၃။ Hi - Tech

ရပ်တည်ရမည့် ဖွံ့ဖြိုးဆဲနိုင်ငံတို့ကိုသော်မှ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ 'တင်' ပေးနိုင်သည့် နည်းပညာတို့ကို မပေးမှုဘဲ စီးပွားရေးအရသာ (အခြားဖွံ့ဖြိုးဆဲနိုင်ငံများထက်) ပိုပိုသာသာ ထောက်ပံ့တတ်ကြသည်။

သို့နှင့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ကြာလေကွာဟလေ ဖြစ်လာတော့သည်။ ဤကွာဟမှုကို အကြောင်းပြု၍ 'ဆက်ဆံရေး' မပြေလည်မှုများလည်း ပိုမိုပွားများလာသည်။ ဤတွင် 'ပညာသား'ပါသည့် ကြီးနိုင်ငယ်ညှဉ်း လုပ်မှုတွေ ပေါ်ပေါက်လာတော့သည်။

ဤသည်တို့ကား စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်ကို အကြောင်းပြု၍ ကမ္ဘာတစ်ခွင်၌ ဖြစ်ပေါ်တိုးတက်လာသည့် ယေဘုယျအခြေအနေများပင် ဖြစ်သည်။

(အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း) ဤအခြေအနေများကို ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်အဖြေရှာပေးလိုသည့် ပေးနိုင်စွမ်းရှိသည့် ဘောဂဗေဒပညာရှင်ဟူ၍ ရှားပါးလျက်ရှိစဉ် မမျှော်လင့်သော 'နေရာဒေသ'မှ ပညာရှင်တစ်ဦးပေါ်ထွက်လာသည်။

ထိုပညာရှင်မှာ အင်္ဂလန်နိုင်ငံမှ ဘောဂဗေဒပညာရှင် အီး၊ အက်ဖ် ရှူးမာချာ[၁] ဖြစ်သည်။

ရှူးမာချာသည် ၁၉၇၃ ခုနှစ်က ကမ္ဘာ့စီးပွားရေးနှင့်စပ်လျဉ်း၍ အတော်ပင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ထားသော စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စာအုပ်၏အမည်မှာ Small is beautiful ဖြစ်သည်။ မြန်မာလို တိုက်ရိုက်ပြန်ရသော် '**ငယ်သော် လှ၏**' ဟူ၍ပင်တည်း။

ဤစာအုပ်၏ ထူးခြားချက်များကို မတင်ပြမီ စာရေးသူ ရှူးမာချာ၏ အကြောင်းကို အနည်းငယ် တင်ပြပါမည်။

ရှူးမာချာသည် စစ်ပြီးစက ဂျာမနီနိုင်ငံတွင် ဗြိတိသျှအုပ်ချုပ် ကွပ်ကဲရေးအဖွဲ့၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်အဖြစ် အမှုထမ်းခဲ့ပြီးနောက် ၁၉၅၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဗြိတိသျှ ကျောက်မီးသွေးထုတ်လုပ်မှုအဖွဲ့တွင် ဦးဆောင်ဘောဂဗေဒ ပညာရှင်အဖြစ်နှင့်လည်းကောင်း၊ စီမံကိန်းဌာနမှူးအဖြစ်ဖြင့်လည်းကောင်း နှစ်ပေါင်းနှစ်ဆယ်ကြာမျှ ဆောင်ရွက်ခဲ့သည်။

---

၁။ E. F. Schumacher

တစ်ချိန်တည်းမှာပင် ရှူးမာရှာသည် ဗြိတိန်နိုင်ငံ၏ သမ္ဘာအရင့်ဆုံး သမားရိုးကျ စိုက်ပျိုးရေးအဖွဲ့အစည်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် မြေဆီမြေလွှာအသင်း[၁]၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အလယ်အလတ် ပညာ ဖွံ့ဖြိုးရေးအဖွဲ့ကို တည်ထောင်ဦးဆောင်သူအဖြစ်လည်းကောင်း၊ စတုတ္ထကမ္ဘာ လှုပ်ရှားမှုအဖွဲ့၏ နာယကတစ်ဦးအဖြစ်လည်းကောင်း၊ စကော့ဘေဒါကုမ္ပဏီ၏ ဒါရိုက်တာ (ဦးဆောင်ညွှန်ကြားမှုအအဖွဲ့ဝင်လူကြီး) တစ်ဦးအဖြစ်လည်း ကောင်း ဆောင်ရွက်ခဲ့ ဆောင်ရွက်လျက် ရှိပေသည်။

ဤအဖွဲ့အစည်းများအနက် အလယ်အလတ်နည်းပညာဖွံ့ဖြိုးရေးအဖွဲ့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိမည့် ကိရိယာ တန်ဆာပလာများ၊ အသေးစားစက်ပစ္စည်းများ၊ ကုန်ထုတ်နည်းနာနိဿယ များကို ရှာဖွေကြံဆ 'ဖော်ထုတ်'ပေးသည့်အဖွဲ့ဖြစ်သည်။ စတုတ္ထကမ္ဘာလှုပ်ရှား မှုအဖွဲ့မှာ နိုင်ငံရေးအရ ဗဟိုကြိုးကိုင်မှု လျော့ပြေရေးနှင့် ဒေသအလိုက် စီမံခန့်ခွဲခွင့်ရှိရေးအတွက် အရေးဆိုသည့်အဖွဲ့ ဖြစ်သည်။ (အဖွဲ့၏ဌာနချုပ်မှာ ဗြိတိန်နိုင်ငံမှာပင် ရှိသည်။) စကော့ဘေဒါကုမ္ပဏီမှာ ၁၉၂၀ ပြည့်နှစ်က တည်ထောင်ခဲ့သည့် ကုမ္ပဏီဖြစ်သည်။ နောင်တွင် ထိုကုမ္ပဏီကို တည်ထောင်သူ အားနက်ဘေဒါက သူ၏ကုမ္ပဏီကို လုပ်သားများပိုင် ကုမ္ပဏီအဖြစ် စနစ်တကျ ပြောင်းလဲကာ လုပ်သားများကိုပင် အုပ်ချုပ်စေခဲ့သည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲ ရေးနှင့် ကုန်ပစ္စည်းထုတ်လုပ်ရေးတို့ကို စနစ်တကျရေးဆွဲသတ်မှတ်ကာ ဝိသမ လောဘမဖက်ပဲ ညီညီညွတ်ညွတ် လုပ်ကိုင်လာခဲ့ကြရာ ယနေ့တိုင် အောင်မြင် လျက်ရှိသည်။ အများပိုင်ဆိုလျှင် 'ပျက်မည်'ဟူ၍ ထင်ကြေးပေးခဲ့သည့်ကြားထဲ မှ တိုးတက်ကြီးပွားလာသည့် ကုမ္ပဏီဖြစ်ခြင်းကြောင့် ဘောဂဗေဒပညာရှင်တို့ အံ့ဩခဲ့ရသည်။ ရှူးမာရှာသည် ဤကုမ္ပဏီ၏ သဘောထားနှင့် လုပ်နည်း လုပ်ဟန်ကို သဘောကျ နှစ်ခြိုက်သည့်အလျောက် 'ပါဝင်' ခဲ့သည်။

ရှူးမာရှာသည် မဟတ္တမဂန္ဒီ၏ အိမ်တွင်းမှုလုပ်ငန်း အခြေပြုစီးပွားရေး စနစ်ကို အထူးစိတ်ဝင်စားသဘောကျသည်။ ထို့ပြင် ဂန္ဒီ၏ အကြမ်းမဖက်ရေး **(အကြမ်းမှု အနုနှင့်သာ အောင်စေရာ)** ဝါဒနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ အဆိုအမိန့်များကိုလည်း နှစ်သက်လက်ခံသည်။

---

၁။ Soil Association

ရှူးမာရှာမှာ ဤ'အခြေခံ'များအပြင် အခြားသော ဘောဂဗေဒပညာရှင်တို့ထက် သာသည့်ထူးခြားချက်တစ်ချက်လည်း ရှိသေးသည်။ အခြားမဟုတ်။ သူသည် ဘောဂဗေဒပညာရှင်အများစုလို ပန်ကာအောက်က သို့မဟုတ် လေအေးခန်းထဲက စားပွဲနှင့် ကုလားထိုင်မှ မခွာပဲ အဝေးကမ္ဘာဆီမှ စီးပွားရေးအခြေအနေကိုလေ့လာရေးသား မှတ်တမ်းတင်အကြံပေးနေခြင်းမပြုပဲ ဖွံ့ဖြိုးပြီးနိုင်ငံများကိုရော ဖွံ့ဖြိုးဆဲနိုင်ငံများကိုရော ကိုယ်တိုင်ကိုယ်ကြပ် ကွင်းဆင်းလေ့လာခဲ့သူ၊ ပြီးတော့ တတိယကမ္ဘာ၏ အဖွဲ့အစည်းများ၏အမြင်နှင့် သူ၏အမြင်ကို ဥရောပတိုက်တွင် လှည့်လည်ဟောပြောနေသူဖြစ်ပေသည်။

သူ၏ ဤသို့သောအတွေ့အကြုံ၊ ဤသို့သောဝီရိယ၊ ဤသို့သောစေတနာတို့သည် သူ၏အမြင်သစ်၊ အတွေးသစ်၊ အသိသစ်တို့ကို ပေါ်ထွန်းစေသည့် အကြောင်းအရင်းများပင်ဖြစ်သည်။

ဤမျှဆိုလျှင် ကမ္ဘာ့ထိပ်သီး စီးပွားရေးပညာရှင်များအကြောင်းတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့သော 'ဘောဂဗေဒဆိုင်ရာအမြင်သစ်' ကို ရှူးမာရှာအနေနှင့် ဘာကြောင့်တင်ပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း နိဒါန်းသွယ်ခြင်းမှာ လုံလောက်ပြီဟု ထင်ပါသည်။

ယခု သူ၏စာအုပ်အကြောင်း ဆက်လက်၍ အကျဉ်းချုံးတင်ပြပါမည်။

ရှူးမာရှာက သူ၏စာအုပ်ကို အပိုင်းလေးပိုင်း ခွဲထားသည်။ အပိုင်း (၁) ခေတ်သစ်ကမ္ဘာ၊ အပိုင်း (၂) အရင်းအမြစ်များ၊ အပိုင်း (၃) တတိယကမ္ဘာ၊ အပိုင်း (၄) အဖွဲ့အစည်းနှင့်ပိုင်ဆိုင်မှုဟူ၍ ဖြစ်ပြီးအပိုင်းတိုင်း၌ ယနေ့ ကမ္ဘာစီးပွားရေးပါရဂူ (ဘောဂဗေဒပညာရှင်) ဆိုသူတို့၏ အတွေးအမြင်နှင့် ဆောင်ရွက်ချက်များ 'အံချော်'နေပုံကို ခေါင်းစဉ်ငယ်များခွဲ၍ နိုက်နိုက်ချွတ်ချွတ်တင်ပြထားပေသည်။

အပိုင်း (၁) ပါ ခေါင်းစဉ်ငယ်ငါးခုအနက် စိတ်ဝင်စားဖွယ်ကောင်းသည့် ခေါင်းစဉ်ငယ်မှာ ဗုဒ္ဓဘာသာစီးပွားရေးစနစ်[၁] ဟူသော ခေါင်းစဉ်ငယ်ဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် လန်ဒန်မြို့ အန်ထော်နီ ဘလောင်းလီမိတက်က ထုတ်ဝေခဲ့သော Asia: A Hand Book (အာရှတိုက် လက်စွဲစာအုပ်)၌ ရှူးမာရှာရေးသားခဲ့သည့် ဆောင်းပါးဖြစ်သည်။ ပထမတွင် ဘောဂဗေဒပညာရှင်များကသာ

၁။ Buddhist Economics

ဤဆောင်းပါးကို ဖတ်ရှုခဲ့ရာမှ နောင်တွင် အခြားသူများပါ စိတ်ဝင်စားလာခဲ့ရာ စာစောင်ငယ်အဖြစ် အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်ခဲ့ရသည်။

ဤဆောင်းပါးတွင် ဗုဒ္ဓ၏ဟောကြားချက်များကို အတော်ပင် ကိုးကားထားသည်ကို တွေ့ရသည်။ အတ္တနှင့်ပရ မျှတစွာပေါင်းစု၍ လောကအကျိုးကို ဆောင်ရွက်သင့်ပုံ၊ လူတိုင်းလူတိုင်း မလိုအပ်ဘဲ ပိုမိုစားသုံးဖြုန်းတီးမှုကို ရှောင်ကြဉ်သင့်ပုံ၊ ဩကာသလောက (တောတောင်ရေမြေ) တို့၏ သဘာဝ အနေအထားကို ဖျက်ဆီးခြင်း မပြုသင့်ပုံ၊ သမ္မာအာဇီဝ (ကောင်းစွာအသက်မွေးမှုပြုခြင်း) ဟူသော လမ်းစဉ်ကို မဇ္ဈိမပဋိပဒါနည်းဖြင့် ရှာဖွေလိုက်နာကျင့်သုံးသင့်ပုံ၊ အရာရာတွင် ရုပ်ပိုင်းဘဝတိုးတက်မှုကို အဓိကမထားဘဲ စိတ်ပိုင်းဘဝတိုးတက်မှုကိုလည်း ဂရုပြုအားထုတ်သင့်ပုံ စသည်တို့ကို ယနေ့ စက်မှုကမ္ဘာ၏ အနိဋ္ဌာရုံများနှင့် ယှဉ်တွဲသုံးသပ်ကာ တွေးစရာအချက်များကို တင်ပြထား၏။

"ရုပ်ဝါဒီများက ကုန်ပစ္စည်းတို့သာ အဓိကထားသည်။ ဗုဒ္ဓဘာသာဝင်တို့ကမူ လူ့ဒုက္ခများမှ လွတ်မြောက်ရေးကို အဓိကထားသည်။ သို့သော် ဗုဒ္ဓဝါဒသည် အလယ်အလတ်လမ်းစဉ် (မဇ္ဈိမပဋိပဒါဝါဒ) ဖြစ်သောကြောင့် (ရုပ်ပိုင်းကောင်းစားမှု)၊ (ကာယသုခ) နှင့်လည်း ပဋိပက္ခဖြစ်စရာအကြောင်း မရှိချေ။ (ဗုဒ္ဓဝါဒအရဆိုသော်) ဒုက္ခအပေါင်းမှ လွတ်မြောက်ရာလမ်းပေါ်တွင် အတားအဆီးအဖြစ် တည်ရှိနေသည့်အရာမှာ ချမ်းသာကြွယ်ဝမှုမဟုတ်၊ ချမ်းသာကြွယ်ဝမှုကို ခုံမင်ငြိတွယ်ခြင်းသာလျှင် ဖြစ်၏။ သာယာဖွယ်သော အရာဝတ္ထုတို့ကို ခံစားသာယာနေမှု မဟုတ်။ ထိုအရာတို့ကို တောင့်တနေမှုသာလျှင် ဖြစ်၏။ သို့ဖြစ်ရကား ဗုဒ္ဓဘာသာ စီးပွားရေးပညာရပ်၏ အဓိက အချက်မှာ (ထွေလီဆန်းပြားခြင်းမရှိမှုဘဲ) ရိုးရိုးကျင့်ကြံနေထိုင်မှုနှင့် အကြမ်းမဖက်ရေးပင် ဖြစ်ချေသည်" ဟူ၍ တင်ပြထားပုံကို ထောက်ရှုသော် ရှူးမာရှာသည် လောကီစည်းစိမ်နှင့် ချမ်းသာကြွယ်ဝမှုနောက်သို့ တကောက်ကောက်လိုက်နေကြသူတို့ကြောင့် ဤကမ္ဘာကြီးတွင် လူမှုဒုက္ခတွေ ပင်လယ်ဝေနေခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။

(အခြားအကြောင်းအရာများကို ဆက်လက်ဖော်ပြရန်ရှိသေးသဖြင့် ဗုဒ္ဓဘာသာ စီးပွားရေးစနစ်အကြောင်း နောင် အလျဉ်းသင့်ချိန်တွင် ထပ်မံ၍ အကျယ်တင်ပြပါမည်။)

အပိုင်း (၂) အရင်းအမြစ်များတွင် ယနေ့ကမ္ဘာ့ပညာရေးစနစ်များနှင့် လူတို့၏လိုအပ်ချက်များ အံမဝင်ခွင်မကျပဲ ရှိပုံ၊ ကမ္ဘာပေါ်ရှိမြေများကို လူတို့ မှန်ကန်စွာ အသုံးမပြုတတ်သဖြင့် မမွဲသင့်ပဲ မွဲနေ ဆင်းရဲနေကြပုံ၊ ယနေ့ ခေတ်သစ် စက်မှုလုပ်ငန်းအနေနှင့် လူသားတို့အား အကျိုးမပြုဘဲ ရှိပုံ၊ ယနေ့ နျူကလီးယား စွမ်းအင်ကို အသုံးပြုရန် အားထုတ်နေကြခြင်းကြောင့် ကောင်း ကျိုးထက် ဆိုးကျိုးကို လူသားတို့ ကြုံတွေ့နိုင်ဖွယ်ရှိပုံ၊ လူသား၏ အခန်း ကဏ္ဍအား ရှေ့တန်းတင်သည့် 'နည်းပညာ' ကို ဖော်ထုတ်ရန် အထူးလိုအပ် လျက်ရှိပုံ စသည့် စိတ်ဝင်စားဖွယ် အချက်များစွာ တင်ပြထားသည်။

အပိုင်း (၃) တတိယကမ္ဘာတွင်မူ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနှင့် အားထုတ် ဖော်ဆောင်သင့်သော 'တနိုင်စက်မှုလုပ်ငန်းများ' ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ စီစဉ်ချမှတ်သင့်သော နည်းလမ်းများကို သူ၏အတွေ့အကြုံများ အပေါ် အခြေခံ၍ တင်ပြထားရာ အထူးပင် စိတ်ဝင်စားဖွယ် ကောင်းလှသည်။

အပိုင်း (၄) အဖွဲ့အစည်းနှင့် ပိုင်ဆိုင်မှုမှာလည်း မှတ်သားဖွယ်အကြောင်း အရာများ၊ အစိုးရအဖွဲ့များ၊ အထူးသဖြင့် စီးပွားရေးစီမံကိန်းရေးဆွဲသည့် စီးပွားရေးပါရဂူဆိုသူများအတွက် အတွေးနယ်ချဲ့စရာ အချက်အလက်များကို အလေးအနက်တင်ပြထားသော အပိုင်းဖြစ်သည်။

ဤအပိုင်းလေးပိုင်း ပြီးလတ်သော် အနောက်တိုင်းမှ စာအုပ်အများစု ကဲ့သို့ပင် ကျမ်းပြီး နိဂုံးဖြင့် အဆုံးသတ်ထား၏။ ဤနိဂုံးပိုင်းမှာ ရှေ့က အကျယ်တင်ပြခဲ့သည်တို့ကို ခြုံ၍ အနှစ်ချုပ်သဘော ရေးသားထားသည့်အပိုင်း ဖြစ်ရကား ဤအပိုင်းကို စာအုပ်၏ 'အဆီအနှစ်ပိုင်း' ဟုပင် ဆိုသင့်ပေသည်။ ဤအပိုင်းတွင် ယနေ့ ကမ္ဘာသူ ကမ္ဘာသားတို့အနေနှင့် မိမိတို့၏ကမ္ဘာကြီး မပျက်သုဉ်းလိုပါက လိုက်နာကျင့်သုံးထိုက်သော 'အဓိကလေးပါး'[၁] ကို ရှူးမာချာ က ညွှန်ပြထားပေသည်။

ယင်းတို့မှာ (၁) အမှန်တရားကို သိမြင်နိုင်စွမ်းရှိပြီး ထိုသို့သိမြင်မှုကို တကယ်ဖြစ်ပေါ်နေသော အခြေအနေတို့နှင့် လိုက်လျောညီထွေရှိမည့် ဆုံးဖြတ် ချက်များအဖြစ် ပြောင်းလဲနိုင်စွမ်းရှိသော ပညာအမြော်အမြင်၊ (၂) တရားမျှတမှု၊ (၃) စိတ်နှလုံးကြံ့ခိုင်မှု၊ (၄) ရပ်တန်းက ရပ်သင့်သော အတိုင်းအတာကို

၁။ Four Cardinal Virtues

သိမြင်နိုင်စွမ်းရှိမှုတို့ ဖြစ်သည်။ ဤသည်တို့အနက် ထိပ်ဆုံးမှ ခေါင်းချုပ်အဖြစ် ထားရှိသင့်သည်တို့မှာ အမှတ် (၁) သီလဖြစ်သော ပညာ အမြော်အမြင်နှင့် ပြည့်စုံမှုပင် ဖြစ်သည်ဟု ဆို၏။ သိပ္ပံပညာရှင်၊ ဝိဇ္ဇာပညာရှင် ဆိုသူတို့၏ မကြည်လင်သော သို့မဟုတ် နက်နဲမှုမရှိလှသော ပညာအမြော်အမြင်ကို ဆင်ခြင်မိသဖြင့် ရှူးမာရှာက ဤသို့ ဆိုခြင်းပေလောဟု တွေးစရာပင်။

ဤ Small is beautiful စာအုပ်မှ ရှူးမာရှာ၏ အတွေးအမြင် အချို့ကို ထုတ်နုတ်ပြရသော်...

နည်းပညာတိုးတက်မှုကို လမ်းကြောင်းသစ်တစ်ရပ်ပေါ်သို့ ဦးတည်ပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်မိသည်။ ယင်းလမ်းကြောင်းမှာ လူသား၏ တကယ့်လိုအပ်ချက်များဆီသို့ ပြန်လည်ပို့ဆောင်နိုင်မည့် လမ်းကြောင်းဖြစ်သည်။

လူသားသည် သေးငယ်၏။ ထို့ကြောင့် သေးငယ်ခြင်းသည် လှပတင့်တယ်၏။ အလွန်ကြီးမားမှု (ဝါ) ကြီးကြီးမားမား ဖြစ်ပေါ်တိုးတက်မှုကို ရည်မှန်းလုပ်ဆောင်ခြင်းသည် မိမိကိုယ်မိမိ ပျက်စီးဒုက္ခရောက်အောင် ပြုမှုခြင်းပင် ဖြစ်တော့သည်။ (စာ ၁၅၉)

လူသာမန်များသည် ပါရဂူတို့ သာမန်အားဖြင့် မြင်လေ့ရှိသည်ထက် ပို၍ကျယ်ပြန့်စွာ ပို၍လူသားဆန်စွာ မြင်နိုင်စွမ်းရှိတတ်ကြသည်။ (စာ ၁၅၈)

လက်တွေ့ တစ်အောင်စသည် သဘောတရား တစ်တန်ထက်ပို၍ တန်ဖိုးရှိ၏။ (စာ ၃၉)

သိပ္ပံပညာရပ်တိုင်း သင့်တင့်လျှောက်ပတ်သော အကန့်အသတ်များ အတွင်း၌သာ အကျိုးဖြစ်ထွန်းစေနိုင်စွမ်းရှိ၏။ ထိုအကန့်အသတ်များကို ကျော်လွန်လာသည်နှင့်တစ်ပြိုင်နက် မနှစ်မြို့စရာဖြစ်လာပြီး အဖျက်သဘောကို ဆောင်လာပေတော့သည်။ (စာ ၄၆)

စက်မှုလုပ်ငန်း မရှိစေကာမူ လူတို့သည် ဆက်လက်၍ အသက်ရှင်နိုင်ကြသည်။ သို့သော် စိုက်ပျိုးရေးမရှိပါမူကား ဆက်လက်၍ အသက်မရှင်နိုင်ကြချေ။ (စာ ၁၁၁)

ကျောမွဲဆင်းရဲသားတို့၏ မွဲတေမှုကြောင့် ယင်းတို့အနေနှင့် ကျွန်ုပ်တို့၏ နည်းပညာကို အောင်မြင်စွာ နည်းခံလုပ်ဆောင်နိုင်ရန်အကြောင်း လုံးဝ မရှိချေ။ (စာ .........)

..................................................................

အနေနှင့် တန်ခိုးရှင် ဘုရားသခင်ထက်ပင် ပို၍ကောင်းအောင် လုပ်ဆောင်နိုင်သည့် အဆန်းအပြား အပွေလီဆုံးအရာများကို စီမံကိန်းဟုခေါ်တွင်အပ်သော အစီအစဉ်ဖြင့် တစ်ချက်တည်းဖန်တီးပေးနိုင်သည်ဟု ထင်မြင်လျက်ရှိသည်။ (စာ ၁၆၆)

ဖွံ့ဖြိုးမှုဟူသည် ကုန်ပစ္စည်းများဖြင့် စတင်ဖြစ်တည်သည်မဟုတ်ချေ။ လူတို့နှင့် စတင်ဖြစ်တည်ရသည်။ လူတို့၏ပညာရေး၊ လူတို့၏ပေါင်းစပ်ဖွဲ့စည်းမှု၊ လူတို့၏စည်းကမ်းနှင့် စတင်ရသည်။ (စာ ၁၆၈)

ယနေ့ ကမ္ဘာ့ဒေသ အများအပြားတွင် ဆင်းရဲသူတို့မှာ ပို၍ဆင်းရဲလျက်ရှိပြီး ချမ်းသာသူတို့မှာ ပို၍ချမ်းသာလျက်ရှိကြသည်။ ဆောင်ရွက်ကျင့်သုံးစမြဲဖြစ်သော နိုင်ငံခြားမှ ထောက်ပံ့မှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းမှာလည်း ဤပြဿနာကို အပြီးတိုင် ဖြေရှင်းပေးနိုင်စွမ်း ရှိဟန်မတူချေ။ မိမိတို့ကိုယ်မိမိတို့ အားကိုးနိုင်သောသူများကို အကူအညီပေးရေးမှာ အားကိုးရာမဲ့ ဖြစ်နေသူတို့အား အကူအညီပေးရေးထက် အစဉ်သဖြင့် ပို၍လွယ်ကူလှပါသည်။ (စာ ၁၇၁)

အလွန်အမင်း ချမ်းသာကြွယ်ဝခြင်းသည် တန်ခိုးအာဏာ ရှိခြင်းကဲ့သို့ပင် လူကို ဖျက်ဆီးတတ်၏။ (စာ ၂၇၉)

ဤသို့သော အတွေးအမြင်သစ်များဖြင့် 'ပြည့်'လျက်ရှိသည့် ရှူးမာရှာ၏ စာအုပ်ကို စီးပွားရေးပညာရပ်၌ ဝါသနာထုံသူများ၊ စီးပွားရေးပညာရှင် (ဘောဂဗေဒပညာရှင်) များသာမက နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်များနှင့် မိမိတို့ လူ့အဖွဲ့အစည်း၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုသော ခေတ်ပညာတတ်များလည်း လက်မလွှတ်တမ်း ဖတ်ရှုလေ့လာသင့်သည်ဟု ထင်မြင်မိပါသည်။

<u>ကိုးကား</u>

အတွေးအမြင်မဂ္ဂဇင်း။ အတွဲ ၂။ ဒီဇင်ဘာလ ၁၉၈၄။

ခင်မျိုးချစ်၏
# မေတ္တာဟူသည်

ဆရာဦးသုခ၏ မေတ္တာသုတ် ဆောင်းပါးများကို လုံးချင်းစာအုပ်ထုတ်မည်ဖြစ်ရာ ကျွန်မအား အမှာစာရေးရန် တိုက်တွန်းပါသည်။ "အနောက်နိုင်ငံသားတို့၏ အတွေးအခေါ် အယူအဆများကို နောက်ခံထားပြီး ရေးပါ" ဟုလည်း မှာကြားပါသည်။

ထိုအခါ ကျွန်မစိတ်ထဲတွင် ဤသို့ ဖြစ်ပေါ်လာပါသည်။ မေတ္တာသုတ်ဒေသနာတော်၌ လာသည့်အတိုင်း မေတ္တာဘာဝနာ (ဝါ) မေတ္တာဖြင့် ယှဉ်သောစိတ် ပွားများနိုင်သူသည် မည်ကဲ့သို့သောသူ ဖြစ်သနည်း။ စက်မှုသိပ္ပံတွေထွန်းကားသဖြင့် လောကစည်းစိမ်အရာတွင် အထွတ်အထိပ်သို့ရောက်နေသော နိုင်ငံကြီးများက လူမျိုးတွေ မည်သို့ မေတ္တာတရားနှင့် ယှဉ်တွဲနိုင်ကြမည်နည်း။

မေတ္တာသုတ်ဒေသနာတွင် "**သန္တုဿကော စ** = ရောင့်ရဲလွယ်သည်လည်း၊ **အဿ** = ဖြစ်ရာ၏" ဟု ဆိုသည်။

စက်မှုသိပ္ပံထွန်းကားသော နိုင်ငံကြီးသားများ၏ စိတ်နေစိတ်ထားကို အဝေးကပင် သိမြင်အကဲခတ်နိုင်ပါသည်။ 'ရောင့်ရဲလွယ်သည်' ဟူသောစကားသည် သူတို့လောကမှာ လူပျော့၊ လူညံ့၊ လူပျင်းတို့၏ စိတ်ဖြစ်သည်ဟု ယူဆကြသည်။ လောကီအာရုံများကို ဘယ်သောအခါမျှ ရောင့်ရဲနိုင်သည်ဟူ၍မရှိ။ ဆတက်ထမ်းပိုး တိုးတက်ရှာဖွေ ခံစားနိုင်မှ လူရည်တတ်ဟု အမှတ်ပြုကြသည်။

ပိုက်ဆံကြေးငွေ တတ်နိုင်လို့သာဖြစ်လျှင် လောကကြီးမှာ လိုချင်သလောက် စည်းစိမ်တွေ ခံစားနိုင်ကြသည်။ သူတို့အဖို့ မသုံးဆောင် မမှီဝဲအပ်သော ကာမဂုဏ်အာရုံဟူ၍ မရှိတော့ချေ။ သီလ, အကျင့်, သိက္ခာ တံတိုင်းတားဆီးခြင်းမရှိ၊ မီးကုန်ယမ်းကုန် ခံစားနိုင်ကြသည်။

လောကစည်းစိမ်တွေ ခံစားနိုင်ရန်အတွက် သိပ္ပံပညာစက်မှုအင်အားတွေက ထူးပေ့ ဆန်းပေ့ ဆိုသည့် ပစ္စည်းတွေ ထုတ်လုပ်ပေးကြသည်။

ယုတ်စွအဆုံး ထင်ရှားမြင်နိုင်သော ဥပမာပြရလျှင် မော်တော်ကား၊ ရုပ်မြင်သံကြားစက်၊ အိမ်ထောင်ပရိဘောဂ၊ အခန်းဆီး၊ ကူရှင်၊ ကော်ဇောပစ္စည်းတွေ အရောင်မှမညှိုးမီ နောက်ထပ်အသစ်ပေါ်လာလျှင် လဲပစ်ကြသည်။

တစ်နှစ်နှင့်တစ်နှစ် မတူ၊ အသစ်အဆန်းပေါ်လာတိုင်း လဲနိုင်မှ လူရာဝင်သည်။ ထိုအာရုံနောက်သို့ အစဉ်တစိုက်လိုက်နေခြင်းသည်ပင် လူ့ဘဝ၏အရသာဟု ယူဆနေကြသည်။ ထိုအခြေအနေမျိုးတွင် မေတ္တာသုတ်ဒေသနာ၌ ပါရှိသော 'ရောင့်ရဲလွယ်ခြင်း' ဟူသောတရားကို သိမ်းပိုက်နိုင်ကြမည် မဟုတ်ချေ။

မြန်မာလူမျိုးများသည် ရောင့်ရဲလွယ်ကြသည် (သူတို့နှင့် နှိုင်းလျှင်) 'ဒါကြောင့် မတိုးတက်တာပေါ့' ဟု ဆိုချင်ကြသည်။

တိုးတက်ကြီးပွားသည် ဆိုရာတွင် လူအများ လူတမ်းစေ့ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း ပြည့်စုံခြင်းကား လိုလားအပ်ပေသည်။

သို့သော် လျှမ်းလျှမ်းတောက် ကြီးပွားတိုးတက်ရခြင်းသည် မေတ္တာတရား ခေါင်းပါးခြင်း၊ အကျင့်သီလ ပျက်စီးခြင်းတည်းဟူသော အဖြစ်မျိုးတွေ နောက်က ကပ်ပါလာတတ်သည်ကိုလည်း သတိမလွတ်ဖို့ လိုအပ်ပေသည်။

* **သုဘရောစ** = မွေးမြူလွယ်သည်လည်း၊ **အဿ** = ဖြစ်ရာ၏၊၊။
* **အပ္ပကိစ္စောစ** = နည်းသောကိစ္စရှိသည်လည်း၊ **အဿ** = ဖြစ်ရာ၏၊
* **သလ္လဟုက ဝုတ္တိစ** = ပေါ့သော အသက်မွေးခြင်းသည်လည်း၊ **အဿ** = ဖြစ်ရာ၏။

ဤသို့ မေတ္တာသုတ်ဒေသနာတော်၌ လာရှိသော အခြေခံတရားများသည် သူတို့တိုင်းပြည်တွေမှာ ကင်းဝေးလှသည်။ အပ်ပျောက်မြေကျ ရှာမရသည့်နှယ် ရှိတော့သည်။

လောကစည်းစိမ်ကာမဂုဏ် နယ်ချဲ့ချင်တိုင်း ချဲ့နေကြသူတွေကြားထဲတွင် 'နည်းသောကိစ္စ ရှိရမည်' ဟူသောစကားသည် 'ရန်စကား' ဖြစ်နေပေသည်။

ကိုယ့်တစ်ကိုယ်စာအတွက် အာရုံခံစားဖို့ ရလေလိုလေ မရောင့်ရဲနိုင်သူအဖို့ သူတစ်ပါးအပေါ်၌ မေတ္တာတရား အဘယ်မှာ ထားနိုင်ပါတော့မည်နည်း။ အကျင့်သီလသိက္ခာကိုလည်း အဘယ်မှာ စောင့်စည်းနိုင်ပါတော့မည်နည်း။

ထို့ကြောင့် သူတို့ဆီမှာ အကျင့်သီလတွေ မကြားဝံ့ မနာသာအောင် ပျက်စီးနေကြသည်။

ထိုအခြေအနေကို လျစ်လျူရှုမထားနိုင်သော အသိပညာရှင်၊ အတတ်ပညာရှင်တွေ ရှိကြသည်။ ဘယ်လိုများ ပြုပြင်ရပါမည်နည်းဟု **စိန္တယီသု** = ကြံစည်နေကြကုန်သည်။

သူတို့ကြံစည်ပုံကို တင်ပြလိုပါသည်။ သူတို့နိုင်ငံတွေမှာ လူနေမှုအဆင့် အတန်းမြင့်သည်။ နေ့စဉ်ပြုဖွယ်ကိစ္စ အိမ်တွင်း အိမ်ပြင် သွားလာရေး ဗာဟီရ များ ခလုတ်နှိပ်ရုံနှင့် ကိစ္စပြီးကြသည်။

ထိုအခြေအနေမျိုးကို စက်မှုသိပ္ပံပညာဖြင့် ဖန်တီးထားသော စက်ရုံကြီး တွေက လုပ်ပေးကြသည်။ ထိုစက်ရုံကြီးတွေ လည်ပတ်ဖို့ 'လောင်စာ' လိုသည်။ လောင်စာတစ်ခါပြတ်လျှင် အိမ်ထဲတွင် ချက်ရေးပြုတ်ရေးသာမက မျက်နှာသစ်၊ သွားတိုက်ဖို့တောင် မဖြစ်နိုင်တော့ချေ။ သွားရေးလာရေးမှာလည်း ခြေထောက် ချိုးထားသည့်နှယ် ဖြစ်နေကြတော့သည်။ လောင်စာတွေပေါသည့်အခါ စည်းစိမ်ရှိသလောက် လောင်စာပြတ်သောအခါ ဒုက္ခတွေ့ကြရသည်။

ဤသို့ နှာခေါင်းကျည်ပွေ့ တွေ့ကြရဖန်များလာသောအခါ 'ဒီလိုဆို မဖြစ်ချေဘူး' ဟု ထွက်ပေါက်ရှာကြသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က အမေရိကန်ပြည်တွင် (Lindis Farne) လင်းဒစ်ဖန်းခေါ် အဖွဲ့တစ်ခု ပေါ်လာခဲ့သည်။ ထိုအဖွဲ့တွင် သမိုင်းပညာရှင်၊ မနုဿဗေဒပညာရှင်၊ စီးပွားရေးပါရဂူ၊ ရူပဗေဒပညာရှင်၊ သိပ္ပံပညာရှင်များ ပါဝင်သည်။

'လင်းဒစ်ဖန်း' အဖွဲ့ဝင်တစ်ဦးဖြစ်သော ပါရဂူ (Schumacher) သျှူမားခါး ရေးသော (Small is Beautiful) 'ငယ်မှ လှသည်' စာအုပ်တွင် ပါသော အခန်းတစ်ခန်းတွင် ဗုဒ္ဓဘုရားရှင် ဟောတော်မူသော မဂ္ဂင် ၈ ပါးကို ကိုးကား ရေးထားသည်။

'လင်းဒစ်ဖန်း' အဖွဲ့သည် လူတို့ဘဝ ရပ်တည်နေထိုင်ရေးတွင် ကိစ္စ အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ရည်ရွယ်ချက်ကို ဦးတည်၍ လက်တွေ့ စမ်းသပ်နေကြသည်။

အသိပညာရှင်, အတတ်ပညာရှင်များ ခေါင်းဆောင်သော 'လင်းဒစ်ဖန်း' အဖွဲ့သည် မိမိတို့အုပ်စုနေထိုင်ရေးအတွက် ဓာတ်အားကို နေရောင်ခြည် အစရှိသော သဘာဝမှ လုံလောက်ရုံ ရယူကြသည်။ စက်ရုံကြီးတွေကို အားမကိုး ဘဲ ခြေနိုင်လက်နိုင် ကိရိယာတန်ဆာပလာများကို သုံးကြသည်။

"ကမ္ဘာမြေကြီးပေါ်မှာ ဝန်မလေးစေဘဲ ပေါ့ပေါ့ပါးပါး နေကြရအောင်" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားကြသည်။ ဤသည်ပင် "သလ္လဟု

ဝုဋ္ဌိ = ပေါ်သော အသက်မွေးခြင်းသည်၊ **အသ** = ဖြစ်ရာ၏” ဟူသော မေတ္တသုတ်တော် လာရှိသော အဆုံးအမနှင့် ဝင်ဆံ့နေသည်ကို တွေ့ရပေသည်။

‘လင်းဒစ်ဖန်း’ အဖွဲ့ကို စတင်တည်ထောင်၍ ယနေ့အထိ တက်ကြွစွာ ဆောင်ရွက်နေသူ (William Irwin Thompson) ဝီလီယံအာဝင် သော်မဆင်၏ ဆောင်းပါးတစ်ခု (Dialogue) ဒိုင်ယာလော့မဂ္ဂဇင်းတွင် ဖတ်လိုက်ရသည်။

ထိုဆောင်းပါးတွင် ‘လူသားတွေ ရှေ့ကို ဘယ်လို ရပ်တည်မည်နည်း’ ဟူသော ပြဿနာကို တင်ပြဆွေးနွေးထားသည်။ ထိုဆောင်းပါး၌ ပါရှိသော အချက်များကို အကျဉ်းချုပ် လိုရင်းတင်ပြပါမည်။

လူသားတို့၏ နောင်ရေးအတွက် စီမံကိန်းဆွဲရာတွင် အရေးကြီးသော အခြေခံတရားမှာ ‘စက်မှုကိရိယာများကို သေးသေးငယ်ငယ် လုပ်ခြင်း’ ဖြစ်သည်။

လက်ရှိအခြေအနေမှာ လူသားနှင့် စက်တို့၏ အတိုင်းအတာ အဆမတန် ကွာခြားနေသည်။ အစက လူက စက်ကို ခိုင်းဖို့ လုပ်ခဲ့ကြသည်။ ယခုတော့ စက်က လူကို ပြန်ခိုင်းပြီး လူတွေကို စက်တွေက ပြန်‘နှိပ်စက်’ နေကြသည်။ သို့ဖြစ်၍ စက်တွေ အရွယ်အတိုင်းအတာကို လျှော့ပစ်ရမည်။

စက်များ၏အတိုင်းအတာ သေးငယ်ပါမှ လူတွေမှာ စက်၏ ‘နှိပ်စက်ခြင်း’ ခံရသောဒုက္ခ သက်သာကြတော့မည်။ စက်မှုသိပ္ပံအင်အားကြီးမားသဖြင့် ပစ္စည်းတွေ အမျိုးမျိုး အဆန်းထွင်ပြီး လိုသည်ထက်ပိုပြီး အဆမတန် ထုတ်လုပ်ကြသည်။ ထိုပစ္စည်းတွေ ဝယ်ယူသုံးနိုင်ဖို့ ပိုက်ဆံကြေးငွေ အရူးအမူး ရှာကြရသည်။ ထို့ကြောင့် လူတွေ စိတ်နေစိတ်ထား ရုန့်ရင်းကြမ်းတမ်းလာကြသည်။ လူတို့ ယဉ်ကျေးမှု နူးညံ့စေသော ပညာဗဟုသုတ အတွေးအခေါ်များ ခေါင်းပါးလာကြသည်။

တစ်ဖက်က စက်မှုသိပ္ပံက သစ်သမျှ ဆန်းသမျှ ပစ္စည်းတွေကို ထည်လဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကို တန်ဖိုးထားသောစိတ်ကို အားပေးသည်။

လူသားတို့ စိတ်အေးချမ်းမှု၊ ယဉ်ကျေးသိမ်မွေ့မှုကို အားပေးသော ကုန်ပစ္စည်းမျိုးကို တန်ဖိုးမထား၊ မထုတ်လုပ်ဘဲ နေကြသည်။ ထို့ကြောင့် လူတို့၏ စိတ်အေးချမ်းမှု၊ ယဉ်ကျေးသိမ်မွေ့မှုကို တန်ဖိုးမထားဘဲ နေကြသည်။

‘လင်းဒစ်ဖန်း’ အုပ်စုသည် ထိုကဲ့သို့ တန်ဖိုးထား လွဲမှားနေသည်ကို ပြုပြင်ပေးရန် ရည်မှန်းသည်။

ပစ္စည်းအသစ်အဆန်းတွေနောက်သို့ မီးခိုးမဆုံး၊ မိုးမဆုံး လိုက်နေမည့် အစား လူတို့၏စိတ် တည်ငြိမ်ချမ်းသာမှု၊ ယဉ်ကျေးသိမ်မွေ့မှုရအောင် ကြိုးစားမည်ဟူသော အတွေးအခေါ်ကို သွင်းယူလာကြသည်။

'လင်းဒစ်ဖန်း' အုပ်စုသည် ပထမခြေလှမ်းအဖြစ်နှင့် ကိစ္စနည်းနည်းနှင့် ပေါ့ပါးသော အသက်မွေးမှုကို လက်တွေ့စမ်းသပ်နေကြသည်။ သူတို့သည် သိပ္ပံပညာနှင့် စက်မှုအင်အားကို လုံးဝပစ်ပယ်ကြသည်မဟုတ်ချေ။ စက်မှုသိပ္ပံပညာကို လူသားတို့၏ လူတန်းစေ့ နေထိုင်ရေးအတွက် 'ချိန်ချိန်ဆဆ' အသုံးချတတ်အောင် စမ်းသပ်လေ့ကျင့်ကြသည်။

သော်မဆင်က ဤသို့ ဆိုသည်...

*"ကျွန်ုပ်ကိုယ်တိုင် ပါဝင်ဆောင်ရွက်နေသော 'လင်းဒစ်ဖန်း' အုပ်စုသည် နေရာတကာ တိုးတက်ဖွံ့ဖြိုးရမည်ဟူသော အတွေးအခေါ်ကို နောက်ခိုင်းထားခဲ့သည်။ ရှေးရှေးက အသုံးချခဲ့ဖူးသော နည်းနိဿယများ၊ သယံဇာတပစ္စည်းများကို တစ်ဖန်ပြန်၍ အားကိုးလုပ်ကိုင်မှုကို ရှေးရှုလျက်ရှိသည်။*

*ဥပမာ– ဆယ့်တစ်ဧကမျှကျယ်သော မြေပေါ်တွင် အစွမ်းကုန် စိုက်ပျိုးလုပ်ကိုင်လျှင် မည်မျှအကျိုးစီးပွားဖြစ်မည်ကို လက်တွေ့စမ်းသပ်ကြည့်ကြသည်။*

*ရှေးဦးစွာ ဟင်းသီးဟင်းရွက် သစ်သီးဝလံပင်များကို စိုက်ပျိုးကြသည်။ မကြာမီပင် ဆက်လုပ်ကြမည့် အစီအစဉ်များတွင် ကြက်မွေးခြံ၊ ဆိတ်မွေးခြံ၊ လက်မှုပညာလုပ်ငန်း အလုပ်ရုံများအပြင် (Meditation House) ကမ္မဋ္ဌာန်းကျောင်းတစ်ခုလည်း ဆောက်လုပ်ဦးမည်"*

ထိုစာပိုဒ်ကို ဖတ်လိုက်ရသောအခါ ကြက်ခြံ၊ ဆိတ်ခြံတွေ၊ အလုပ်ရုံတွေကြားထဲတွင် ကမ္မဋ္ဌာန်းကျောင်း ပါနေသည်မှာ အတော်ဆန်းနေသည်။ ဘာကြောင့်ပါရသည်ကို 'သော်မဆင်' ၏ ဆောင်းပါး အဆုံးသတ်တွင် ရှင်းသွားသည်။

*"၁၉၈၄ ခုနှစ်ဆိုလျှင်တော့ ကျွန်ုပ်တို့ လမ်းနှစ်ခွမှာ ရပ်နေလျက်သားဖြစ်နေမည်။ ဘယ်လမ်းလိုက်မည်ကို လူတိုင်းလူတိုင်း ထင်ထင်ရှားရှား သိသင့်သည်။*

*တစ်ခုသောလမ်းသည်ကားဆိုလျှင် နျူကလီးယားအင်အား တန်ခိုးကြီးထွားဖို့နှင့် မြေကြီးထဲက သယံဇာတ ရှိရှိသမျှကို ခြစ်ခြုတ်အကုန်ထုတ်ယူဖို့ဆီသို့ ဦးတည်နေသည်။*

*အခြားသောလမ်းသည် ရှေးအဆက်ဆက်က လူ့လောက ပြောင်းလဲစေခဲ့သော ကမ္ဘာ့ဘာသာတရားတော်ကြီးများက ပေးခဲ့သော အစဉ်အလာများကို ပြန်လည်ဆန်းသစ်ခြင်းဆီသို့ ဦးတည်ရှေးရှုနေသည်"*

ထိုဆောင်းပါးကို ဖတ်ရှုရသောအခါ မျက်မှောက်လောကကြီးသည် 'သို့ကလောက် ဟုတ်မှာ၊ ကြားရုံနှင့် ရှူးလောက်သည့် ဘီလူးရွာ' ဆိုတာမျိုး ဖြစ်နေသည်။ ထိုအဖြစ်မှ ထွက်ပေါက်ရှာကြပုံကို တွေ့ရသည်။

ထိုသို့ ထွက်ပေါက်ရှာရာတွင်...

'ပေါ့ပါးသော အသက်မွေးမှုရှိခြင်း၊ နည်းသောကိစ္စရှိခြင်း' ဟူသော တရားအပေါ်မှာ အခြေတည်ထားသည်ကို တွေ့ရသည်။

အကယ်၍သာ သူတို့၏အစီအစဉ်တိုင်း ရှေ့ဆက်သွားနိုင်ခဲ့ပါလျှင် ရင့်သောပညာရှိခြင်း၊ မမက်မောခြင်း စသော အကျိုးတရားများ နောက်က လိုက်လာမည် မလွဲဟု ယူဆနိုင်ပေမည်။


ထိုမှတစ်ဖန် မေတ္တာနှင့်ယှဉ်သောစိတ်ကို မမေ့မလျော့ ဆောက်ဘည်လာနိုင်သောအခါ မှားယွင်းသော အယူဝါဒများ မကပ်ငြိဘဲ သီတင်းသီလနှင့် ပြည့်စုံပေမည်။ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ပေါက်ရောက်နိုင်သော လမ်းစဉ်ဖြစ်ပေသည်။ ထိုအထိ သူတို့သွားနိုင်မည်၊ မသွားနိုင်မည်ကိုကား စောင့်ကြည့်ကြရပေမည်။

အမေရိကန် အသိပညာရှင်များ တီထွင်ကြံဆ စမ်းသပ်နေသော အစီအစဉ်၏ ပထမခြေလှမ်းမှာတော့ မေတ္တာသုတ် ဒေသနာတော်နှင့် ဘောင်ဝင်နေသည်ကို တင်ပြလိုက်ရပါတော့သည်။

ခင်မျိုးချစ်
၅-၂-၈၀

__ကိုးကား__

ဦးသုခ၏ မေတ္တာသုတ်အဖွင့်မှ ခင်မျိုးချစ်၏ အမှာစာ။



# ရာဘင်ဒြာနတ်တဂိုး (၁၈၆၁-၁၉၄၁)

ရာဘင်ဒြာနတ်တဂိုးသည် အစဉ်အလာကြီးလှသော သမ္ဘာရင့် ယဉ်ကျေးမှုကြီးထဲမှာပါသည့် ထောင်စုနှစ်နှင့်ချီ၍ သမဏ်ရှည်ကြာလှပြီဖြစ်သော ဘင်္ဂါလီစာပေ၏ မျှော်စင်ကြီးတစ်ခုဖြစ်သည်။

သူ့စာပေအနုပညာက မွေးထုတ်ပေးလိုက်သော စိတ်အာရုံနိုးကြားမှုကြီးမှာ 'အံ့တစ်ပါး'ဟု ဆိုနိုင်လောက်စရာဖြစ်ခဲ့သည်။ ၁၉၁၃ ခုနှစ် စာပေနိုဘယ်ဆုရရှိခဲ့သော သူ့ကဗျာပေါင်းချုပ် 'ဂီတဥ္စလီ' ဆိုလျှင် အင်္ဂလိပ်ဘာသာပြန် စ,ထွက်သော ငှင်းနှစ် မတ်လမှ နိုဘယ်ဆုကြေညာသော နိုဝင်ဘာလအတွင်း ဆယ်ကြိမ်တိတိ ပြန်ရိုက်ခဲ့ရသည်။

တဂိုး၏ လောကအမြင်မှာ ဂိုဏ်းဂဏ အမှောင့်ပယောဂ ကင်းစင်သည်။ စာအုပ်ပေါင်း နှစ်ရာကျော်တွင် ရေးသားဖော်ပြခဲ့သော သူ့စာပေမှာ အိန္ဒိယသမိုင်းနှင့် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ယဉ်ကျေးမှုပေါင်းစုံကို စုစည်းထင်ဟပ်ထားသလိုရှိသည်။

တဂိုး၏ကဗျာဟန်မှာ ကျော့ရှင်းလှပသော လက်ာသွားနှင့် ပဋ္ဌလက်ဆန်သော ကဗျာမှု၏ သမ္ဘာရသဘောဖြစ်သည်။ သူ့အက်ဆေးများမှာလည်း ဘာသာရပ်မျိုးစုံကို တို့ထိ ရည်ရွယ်ထားသည်။ စာပေ၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုအပြောင်းအလဲ၊ ဘာသာရေးကိုးကွယ်ယုံကြည်မှု၊ ဒဿနရေးရာ စိစစ်ချက်၊ နိုင်ငံတကာဆက်ဆံရေး စသည်...စသည်...။

တော်တော်များများက သတိမပြုမိကြသည့်တိုင် တဂိုးသည် ပါရမီရှင် ပန်းချီဆရာတစ်ယောက်လည်း ဖြစ်သည်။ သူ့ပန်းချီကားများမှာ တစ်မျိုး တစ်ဘာသာ ဆန်းသစ်နေပြီး သရုပ်ဖော်နည်းနှင့် ဒြပ်မဲ့ဟန်ကို ပေါင်းစပ်ထား သလိုရှိသည်။

လူသားတိုင်း ကျိုးကြောင်းဆီလျော်မှုရှိရှိနှင့် လွတ်လွတ်လပ်လပ် အသက်ရှည်ရပ်တည်နိုင်ရေးမှာ ရာဘင်ဒြာတဂိုး တန်ဖိုးထားသော အမြင့်မားဆုံး 'စံ' ဖြစ်သည်။ ဤသည်ပင် သူ၏ယုံကြည်ချက်ဖြစ်သည်။ ဤယုံကြည်မှု အလင်းရောင်အောက်မှာပင် တဂိုး၏ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အမျိုးသားရေး ဝါဒ၊ နိုင်ငံတကာဝါဒ၊ အစဉ်အလာနှင့် ခေတ်မီရေးစသည်...စသည်များကို မှန်းဆကြည့်နိုင်သည်။

တဂိုး၏ တန်ဖိုးထားမှုကို သူ၏ 'ဂီတဥ္စလီ' မှာပင် ပီပီပြင်ပြင် တွေ့နိုင်ပါလိမ့်မည်။ ဂီတဥ္စလီမှ ကဗျာကို ဖတ်ကြည့်ကြပါစို့။

အကြင်အရပ်၌
စိတ်သည် ကြောက်ရွံ့ခြင်းကင်း၏
ဦးခေါင်းကိုလည်း မတ်မတ်ထား၏။

အကြင်အရပ်၌
အသိဉာဏ်တရားသည် လွတ်လပ်၏။

အကြင်အရပ်၌
ကိုယ့်အရည်အချင်း ကျဉ်းမြောင်းသေးသိမ်သော
နံရံတံတိုင်း အကာအရံတို့ဖြင့်
ကမ္ဘာလောကကြီးကို ပိုင်းခြားထားခြင်းကင်း၏။

အကြင်အရပ်၌
သတိသမ္ပဇဉ် စမ်းရေကြည်သည်
ဓလေ့ဟောင်းတည်းဟူသော
ခြောက်သွေ့သော သဲကန္တာရ၌
လမ်းပျောက်ခြင်းကင်း၏။

အို... အဖသခင်
လွတ်လပ်ခြင်း နိဗ္ဗာန်ရှိရာထိုအရပ်၌
ကျွန်ုပ်၏ နိုင်ငံသည်
ရှင်သန်နိုးကြားစေသတည်း။ ။

တဂိုးမှာ နိုင်ငံရေးသမား မဟုတ်သည့်တိုင် ကိုလိုနီစနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတော်တော်များများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည်သာ ဖြစ်သည်။ အထူးသဖြင့် ၁၉၀၅ လှုပ်ရှားမှုတွင် အထူးတက်ကြွစွာ ပါဝင်ခဲ့သည်ဟု ဆိုနိုင်သည်။

ထိုစဉ်က အိန္ဒိယရှိ ဗြိတိသျှအစိုးရက ဘင်္ဂါလ်နယ်ကို နှစ်ခြမ်းခွဲဖို့ အဆိုပြုလိုက်ရာ လူထုအုံကြွမှုကြီးတစ်ခု ထွက်ပေါ်လာတော့သည်။ တဂိုးမှာ ထိုစဉ်ကတည်းက ကိုလိုနီဆန့်ကျင်ရေး ရေစီးထဲသို့ မျောပါသွားခဲ့ရာ ၁၉၁၉ ခုနှစ်၊ ဧပြီလ ၁၃ ရက် 'အမရစ်ဆာ လူသတ်ပွဲကြီး' တွင် အထွတ်အထိပ် ရောက်သွားတော့သည်။ လက်နက်ဆို၍ အပ်တိုမျှပင် မပါသော ငြိမ်းချမ်းစွာ စုဝေးနေကြသူ လူအုပ်ကြီးကို ဗြိတိသျှစစ်တပ်က မောင်းပြန်သေနတ်များဖြင့် တရစပ်ပစ်ခတ်ခဲ့ရာ လူပေါင်း ၃၇၉ ယောက် သေဆုံးပြီး ၂၀၀၀ ကျော် ဒဏ်ရာ ရခဲ့သည်။

ဤလူသတ်ပွဲကြီးအပြီး တစ်လခန့်အကြာတွင် တဂိုးက ဘုရင်ခံထံ တိုက်ရိုက်စာရေးပြီး လွန်ခဲ့သော လေးနှစ်ခန့်က သူလက်ခံရရှိခဲ့သော 'ဆာ' ဘွဲ့ကို ပြန်အပ်လိုက်သည်။ သူ့စာမှာ ဗြိတိသျှတို့၏ ရက်စက်ကြမ်းကြုတ်မှုကို ပွင့်ပွင့်လင်းလင်း ဖွင့်ချလိုက်သော လှံ့ဆော်စာ ဖြစ်သွားတော့သည်။

"...*ကံမကောင်း အကြောင်းမလှရှာသည့် လူထုကြီးကို အနာတရ ဖြစ်စေခဲ့သည့် သင်တို့၏ ကြမ်းကြုတ်ရက်စက်မှုကြီးမှာ သမိုင်းတွင် ရှိခဲ့ဖူးသော မည်သည့်ယဉ်ကျေးသည့် အစိုးရများ၏ အပြုအမူနှင့်မျှ (ခြွင်းချက်အနည်းငယ်မှ လွဲ၍) နှိုင်းယှဉ်ဖွယ်ရာ မရှိတော့ပါ။*

*ဤသို့ ကျူးလွန်လိုက်သည်မှာလည်း လူ့အသက်ပေါင်း မြောက်မြားစွာကို သတ်ဖြတ်ဖျက်ဆီးနိုင်လောက်အောင် လွန်စွာ တန်ခိုး*

*ထွားလှသည့် အုပ်စိုးသူများက လက်နက်မဲ့ အားကိုးရာမဲ့ လူထုကြီး အပေါ် အညှာအတာ ကင်းမဲ့စွာ ရက်စက်ပြလိုက်ခြင်း ဖြစ်သည်။*

*သို့အတွက် နိုင်ငံရေးအရ လျော်ကန်သင့်မြတ်မှု လုံးဝမရှိသလို ကျင့်ဝတ်အရလည်း ကျိုးကြောင်းဆီလျော်မှု လုံးဝမရှိဟု အခိုင်အမာ ဆိုရပါတော့မည်။*

*အအုပ်စိုးခံ, အဖိနှိပ်ခံ လူထုကြီးဘက်မှ မချိတင်ကဲ ဝေဒနာ ခံစားနေရချိန်တွင် သင်တို့ အုပ်ချုပ်သူများမှာ လူထုဝေဒနာကို လျစ်လျူ ရှုထားရုံမျှမက ဤမျှရက်စက်ကြမ်းကြုတ်သော အပြုအမူကိုပင် မှတ်လောက်အောင် သင်ခန်းစာပေးမှုအဖြစ် ကျေနပ်ဂုဏ်ယူနေကြ ပြန်သေးသည်။*

*ဤသို့သော အခြေအနေအောက်တွင် ကျွန်ုပ်အနေနှင့် သင်တို့ ပေးသော ဘွဲ့ထူးဂုဏ်ထူးကင်းစွာဖြင့် အကျွန်ုပ်၏ လူထုနှင့်အတူ ရပ်တည်ပြရပါလိမ့်မည်။*

*သို့အတွက်……………”*

* * *

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးသည်နှင့် တဂိုး၏ ‘ဂျာနာ ဂါနာ၊ မနာအက်ဟီ နာရာခါ’ (လူထုစိတ်ဓာတ်ခေါင်းဆောင်) ကဗျာကို နိုင်ငံတော် သီချင်းအဖြစ် ထိုက်တန်စွာ ရွေးချယ်လိုက်ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးရသောအခါတွင်လည်း တဂိုးကဗျာ ‘အမာဆိုနာ ဘင်္ဂလာ’ ကိုပင် နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ခဲ့သည် ဖြစ်ရာ၊ တဂိုးမှာ နိုင်ငံနှစ်ခု၏ နိုင်ငံတော်သီချင်းနှစ်ပုဒ်ကို ရေးဖွဲ့ပေးခဲ့သော (သမိုင်းတွင်သူတစ်ယောက်သာ ရှိဖူးသည့်) တစ်ဦးတည်းသော တေးပြုစာဆို ဖြစ်လာခဲ့တော့သည်။

> *“နှောင်ကြိုးတည်းခံနေရတဲ့ ဘဝတွေထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပျောက်ဆုံးစေတဲ့ မျှော်လင့်ချက်ကင်းမဲ့ခြင်းဆိုတဲ့ သံကြိုးနဲ့ တုပ်နှောင်ခံထားရတဲ့ ဘဝဟာ အဆိုးရွားဆုံး ဖြစ်ပါ လိမ့်မယ်”*

ဤသည်မှာ မဟာကဝိကြီး၏ လက်ရှိဒဿန ဖြစ်ပါသည်။ ထို မဟာကဝိကြီး၏ ဗုဒ္ဓဓမ္မရေးရာခံယူချက်များကို ဤစာစု၌ စုစည်းဖော်ပြပါသည်။

* * *

## မဟာကဝိကြီး၏ ရဲရဲတောက်စကား

*"ဗုဒ္ဓမြတ်စွာ သစ္စာအလင်းရောင် ရရှိတော်မူရာနေရာ၌ တည်ထားသော စေတီတော်အား ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာ ကိုးကွယ်ဆည်းကပ်မှုကို အနီးကပ် မသိနားမလည်သည့် ပြိုင်ဘက်ဘာသာဝင်တစ်ဦးက သိမ်းပိုက်ထားခြင်းမှာ ခံရပ်နိုင်ဖွယ်မရှိသည့် အမှားဖြစ်သည်ဟူ၍ မိမိတို့၏ ဘာသာတရားအပေါ် သစ္စာမဖောက်သော ဟိန္ဒူလူမျိုးတိုင်းက လက်ခံကြလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်၏။*

*ယင်းသမိုင်းဝင်စေတီတော်ကို ဗုဒ္ဓဘာသာဝင်များ၏လက်ထဲ ပြန်လည်ရောက်ရှိရေးအတွက် အကူအညီပေးရန်မှာ လွတ်လပ်မှုနှင့် တရားမျှတမှုကို ယုံကြည်မြတ်နိုးသော လူတိုင်း၏ တာဝန်ဝတ္တရား ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်၏"*

ဤသည်မှာ ဗုဒ္ဓဂယာကို မဟန့်၏ လက်ထဲမှ ဗုဒ္ဓဘာသာဝင်များ၏ လက်ထဲ ပြန်လည်ရောက်ရှိရေးအတွက် ကြိုးစားအားထုတ်သော တိုက်ပွဲသမိုင်းမှာ အမှန်တရားဘက်မှ မားမားမတ်မတ် ရပ်တည်ပေးသော တဂိုး၏ စကား ဖြစ်သည်။

## ဗုဒ္ဓ နှင့် ဗုဒ္ဓဝါဒ

### (ရာဘင်ဒြာတဂိုးအမြင်)

ကဆုန်လပြည့် ဗုဒ္ဓနေ့ ဝိသာခါ အခါတော်ပွဲဆင်နွှဲရန် အကျွန်ုပ် လာရောက်ရာ၌ အကျွန်ုပ်၏ နှလုံးသည်းပွတ်ထဲတွင် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ဤလောက၌ မွေးဖွားပြီးသော လူသားအပေါင်းတို့တွင် အကြီးဆုံး၊ အမြတ်ဆုံး

လူသားအဖြစ် မှတ်ယူကာ 'ဦးညွှတ်ဂါရဝပြုရန် ဖြစ်ပါသည်။ အကျွန်ုပ်က ဤသို့ ဂါရဝပြုခြင်းသည် သမားရိုးကျ ဝတ်ပြုသည့် သဘောမျှ မဟုတ်ပါ။ ထိုဗုဒ္ဓမြတ်စွာဘုရားအား အကျွန်ုပ်၏ နှလုံးသည်းပွတ်တွင်းက ယုံကြည်ကိုးကွယ်ဆည်းကပ်ကြောင်းကို ထုတ်ဖော်ပြသရန်အတွက်လည်း ဖြစ်ပါသည်။

တစ်ခါက အကျွန်ုပ်သည် ဗုဒ္ဓဂယာသို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်အခါ၌ အကျွန်ုပ်၏စိတ်တွင် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ပွင့်စဉ်အခါ မိမိမှာ လူဖြစ်ပြီး မြတ်စွာဘုရား၏ တရားတော်များကို နှလုံးပြည့်စွာဖြင့် တိုက်ရိုက်မနာကြားခဲ့ရခြင်းအတွက် ရင်ထုမနာ ဖြစ်ခဲ့ရပါသည်။

ဗုဒ္ဓဂယာတွင် ဝေးလံစွာ ပင်လယ်ရပ်ခြား ဂျပန်နိုင်ငံမှ သမုဒ္ဒရာကိုဖြတ်ကျော်ကာ ရောက်လာသော တံငါသည် ဆင်းရဲသူတစ်ဦးကို တွေ့ခဲ့ရပါသည်။ သူသည် မိမိပြုခဲ့ဖူးသော အကုသိုလ်ဒုစရိုက်များအတွက် နောင်တကြီးစွာရလျက် ဗုဒ္ဓဂယာသို့ ဘုရားကို ကြည်ညိုစိတ်ဖြင့် ရောက်လာခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ သူသည် ညနေခင်းမှစ၍ ညဥ့်နက်သန်းခေါင်ကျော်သည့်တိုင်အောင် တင်ပျဉ်ခွေထိုင်ကာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟူ၍ သရဏဂုံဆောက်တည်ကာ နှုတ်မှဖွဖွ ရွတ်ဆိုနေရှာပါသည်။

လွန်လေပြီးသော အနှစ် နှစ်ထောင့်ငါးရာကျော်က သကျသာကီဝင်မင်းသားတစ်ပါးသည် ဤသို့ တိတ်ဆိတ်ငြိမ်သက်သော ညဥ့်၏ နက်ရှိုင်းသောအခါသမယဝယ် သတ္တဝါတို့အား ဆင်းရဲခြင်းအပေါင်းမှ ကင်းဝေးရေးကိုရည်မျှော်ကာ တောထွက်ခဲ့ပါသည်။ ယခု ဤဂျပန်တံငါသည် လူဆင်းရဲသည် သူ၏ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရပါခြင်းအကျိုးငှာ ဗုဒ္ဓထံတော်ပါး၌ ကိုးကွယ်ဆည်းကပ်နေသည်ကို အကျွန်ုပ်မြင်ပေပြီ။

ထိုအခါ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်ချမ်းသာကို ရှာဖွေတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသည် ထိုဂျပန်တံငါသည် သူဆင်းရဲ၏ ရှေ့မှောက်တွင် အသက်ထင်ရှားရှိဆဲကိုပါ အကျွန်ုပ် တွေ့မြင်ရပါပြီ။ အကုသိုလ်ဒုစရိုက်တရားတို့၌ နစ်မွန်းသောသူတို့အား ဘဝလွတ်မြောက်ရေးအတွက် ဗုဒ္ဓမြတ်စွာဘုရားယခုတိုင် အသက်ထင်ရှားရှိနေဆဲပါပဲတကား။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂတရားတို့ အခိုးအလျှံထသော နှလုံးသားရှိသည့် ထိုဂျပန်အမျိုးသားသည်

လူသားတို့၏ အခေါင်ထွတ်ဖျား မြတ်စွာဘုရားကို ထင်ရှားမျက်မြင် တွေ့နေပြီပါကိုး။

အကယ်တန္တု ထိုမြတ်စွာဘုရားသည် သူ့ခေတ်သူ့အခါက အသက်ထင်ရှားရှိခဲ့ကြကုန်သော လူသားတို့အဖို့ စကြဝဠာမင်း ဖြစ်ခဲ့ငြားအံ့။ ထိုမင်းသည် ထိုခေတ်၊ ထိုအခါက လူသားတို့အဖို့မှ ကိုးကွယ်အားထားရာ အစစ်ဖြစ်ကြီးဖြစ်ခဲ့မည်ကား မုချပင်။ သို့ပင်ဖြစ်ငြား အချိန် (ကာလ) ဟူသော မေ့ပျောက်ခြင်း ပမာဒတရား၏ ပိတ်ဆို့တားဆီးမှုကြောင့် ယခုလောက်ဆိုလျှင် ထိုမင်းကို သတိရရှိမည့်လူသား ရှိတော့အံ့ မထင်ပါ။

ယခုမူ ထိုဗုဒ္ဓမြတ်စွာဘုရားသည် အချိန်ကာလဆိုသော တရားကိုလည်း လွန်မြောက်သွားပြီပဲကို။ ထိုမြတ်စွာဘုရားသည် ကာလကို လွန်မြောက်သော မဟာပုရိသ၊ ဥတ္တမပုရိသအဖြစ်ဖြင့် ခေတ်အဆက်ဆက် အသက်ထင်ရှားရှိသည့် လူသားတိုင်း၏ နှလုံးသားမြတ်ပလ္လင်ပေါ်ဝယ် ထက်ဝယ်ခွဲ့ဖွေ ထိုင်နေတော်မူပြီပဲကို။ ယခုမူ အပြစ်ဒုစရိုက်တရားတို့ကို ပြုမိမှား၍ ကြီးစွာသော နောင်တကို မျက်မှောက်ပြုသော ပုထုဇဉ်တို့၏ စိတ်ငြိမ်းချမ်းမှုကို ရှာဖွေရာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု ယုံကြည်ကိုးကွယ် ဆည်းကပ်ရာအဖြစ်ဖြင့် ထိုမဟာယောဂီကြီးသည် တည်ရှိနေပြီပဲကို။

ထိုဗုဒ္ဓမြတ်စွာဘုရားသည် အချိန်ကာလတိုင်းအတွက် သစ္စာတရား၏ ထွန်းပရာအဖြစ် တည်ရှိနေသော်လည်း ယခုကာလ လူသားအပေါင်းတို့မှာ ကိုယ်ကျိုး၊ အတ္တ၊ လောဘ၊ ဒေါသ၊ မာနတရားများဖြင့် တိမ်သလာဖုံးသကဲ့သို့ အမှန်တရား၏တည်ရာ သစ္စာရှင်ကြီးကိုပင် မမြင်နိုင်၊ မတွေ့နိုင် အမိုက်ဖုံးလျက် ရှိကြတုန်းပင်။

ဒုက္ကရစရိယကို ကာလအတန်ကြာကျင့်ပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားသည် ဤလောက၌ ထင်ရှားပွင့်ခဲ့လေပြီ။ ထိုမြတ်စွာဘုရား၏ ကိုယ်တော်မှလည်း သစ္စာတရား ရောင်ခြည်တော်များ ဖြာထွက်ခဲ့လေသည်။ ထိုရောင်ခြည်တော်တို့သည် ကာလနိမိတ်ကိုသော်လည်းကောင်း၊ ဒေသနိမိတ်ကိုသော်လည်းကောင်း ကျော်လွန်ကာ တစ်လောကလုံးသို့ ထွန်းပခဲ့လေပြီ။ ထိုရောင်ခြည်တို့သည် လူမျိုးဟူသော နိမိတ်၊ တိုင်းနိုင်ငံဟူသော နိမိတ်အားလုံးကိုလည်း

ကျော်လွန်ကာ လူသားအပေါင်း၏ နှလုံးသားဝယ် တစ်သွေးတည်း တစ်သားတည်း စိတ်တူဓာတ်တူအောင်လည်း ပြုနိုင်ခဲ့ပြီကို။

အကျွန်ုပ်မြင်တတ်ပါပြီ။ ထိုသူ လူသားအပေါင်းတို့၏ နှလုံးသားဝယ် ခွဲခြားစိတ်မထင်၊ တစ်သွင် တစ်ပြင်တည်း ဖြစ်စေခဲ့သော ထိုမြတ်စွာဘုရားကို လူသားတို့ မေ့ပျောက်ခြင်းဌာ မတတ်သာ၍ အမှတ်ရခြင်း၊ အောက်မေ့ခြင်း၏ တည်ရာအဖြစ်ဖြင့် စေတီပုထိုး, ရုပ်ပွားတော်များစွာကိုလည်း မြေပြန့်၊ တောင်ထိပ်၊ သဲကန္တာရမကျန် နေရာအနှံ့မှာ တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ထိုကဲ့သို့ လူသားတို့၏ ကြည်ညိုသဒ္ဓါတရား ပွားများသောစိတ်ဖြင့် ပြုခဲ့သောကြောင့်လည်း ယခုအခါ ကမ္ဘာတစ်ဝှမ်းလုံးမှာ ဗုဒ္ဓအနုပညာလက်ရာများလည်း ပြန့်ပွား ကျယ်ဝန်းရလေပြီ။ ထိုဗုဒ္ဓမြတ်စွာဘုရားအား အကျွန်ုပ်သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဂျာဗားကျွန်းပေါ်တွင် တည်ထားသော ဘော်ရိုဘူဒိုပုထိုးတော်ကြီးမှ အနုပညာလက်ရာစုံကို အကျွန်ုပ်ဖူးတွေ့ခဲ့ဖူးပြီး။ ရာပေါင်းများစွာသော ဗုဒ္ဓဆင်းတုတော်များဖြင့် ထိုပုထိုးတော်ကြီးကို အနုပညာပြောင်မြောက်စွာ တန်ဆာဆင်လျက် ဝန်းရံထားပါသည်။ ထိုလက်ရာများကို အကျွန်ုပ် စေ့စုံစွာကြည့်ရှုလေ့လာခဲ့ရာ ထိုအနုပညာရှင်များ၏ကြီးမားသော သဒ္ဓါတရားနှင့်တကွ သူတို့၏ ပင်ပန်းကြီးစွာ အားထုတ်ခဲ့မှုများကိုလည်း ထင်ထင်ရှားရှား မြင်ခဲ့မိပါသည်။ ဤသည်ပင်လျှင် 'တပသ' ခေါ် ခြိုးခြံစွာကျင့်ခြင်း၏ နိမိတ်ဖြစ်နေသည်ကိုလည်း အကျွန်ုပ် သတိပြုမိခဲ့ပါ၏။

အနုပညာရှင်အပေါင်းတို့သည် ဤ၌တွင် ကြီးပွားလိုသောစိတ်၊ ဂုဏ်သတင်းကျော်စောခြင်း၊ အချီးအမွမ်းခံလိုခြင်း စသော လောဘ၊ မာနတရားတို့ကို လောင်ကျွမ်းစေသော တပသအကျင့်ဖြင့် မြတ်စွာဘုရားအား စင်ကြယ်သော အနုပညာကို ပြုစုပူဇော်ထားကြသည်ကိုလည်း အကျွန်ုပ် မြင်မိပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ခြေတော်စုံကို ခိုလှုံကာ လောကသိအောင် မိမိ၏ အကုသိုလ် ဒုစရိုက်မှုပြုခဲ့သည်များကို ဝန်ချသောအားဖြင့် ကျောက်စာကမ္ဗည်းရေးထိုးကာ ကြေညာခဲ့သော အသောကရာဇာ၏ ကောင်းမှုတော်များကို အကျွန်ုပ် မြင်ရသောအခါ၌ ထိုမင်း၏ မြတ်စွာဘုရားအား ယုံကြည်ကိုးကွယ်

ဆည်းကပ်သော ဥပါသကာစိတ်ကို အကျွန်ုပ်ရင်မှာ ခံစားသိမြင်ခဲ့ရပါသည်။ သူနှင့်တူသော မင်းလည်း ဤကမ္ဘာပေါ်တွင် နောက်ထပ်ပေါ်ပေါက်ဦးတော့မည်လား။

အသားရောင် ခွဲခြားခြင်း၊ အဆင့်အတန်း ခွဲခြားခြင်း၊ အခွင့်အလမ်း ခွဲခြားခြင်း၊ အယူဝါဒ ခွဲခြားခြင်းဆိုသော ယုတ်မာရက်စက်သော တရားများကြောင့် ဤလူ့မြေပြင်ဝယ် သွေးကွက်များစွာ စွန်းထင်းညစ်ပေခဲ့ရဖူးလေပြီ။ ဤကဲ့သို့ မုန်းတီးခြင်း၊ ခါးသီးခြင်း တရားတို့ဖြင့် လူအချင်းချင်း အဆိပ်မွှန်စေသော ခေတ်၏ ကွယ်ရာမဲ့ဘဝဝယ် မေတ္တာကရုဏာတရားကို ဟောတော်မူသော အကြင် ဥတ္တမပုရိသ၏ မြတ်သောတရားစကားများသည် အကျွန်ုပ်တို့ အဖို့ တမ်းတရာ တရားစစ်ဖြစ်ခဲ့ပါပြီ။

ဤလောက၌ သဒ္ဓါကြည်ညိုခြင်းဖြင့်သာ ပေးကမ်းခြင်းကို ပြုတတ်သော ထိုတရားကိုလည်း အကျွန်ုပ် အလွန်လေးစားမိပါ၏။ ကြောက်စိတ်ဖြင့် ကိုးကွယ်ရသော အကြင်ဘာသာတရားမျိုးကား လူသားအချင်းချင်းကိုလည်း တစ်ဦးအပေါ်တစ်ဦး အရိအသေတန်စေသည်ဟု အကျွန်ုပ် ယူဆပါသည်။

ထိုသို့သော လူအချင်းချင်း အရိအသေကင်းစေသော တရားမျိုးသည် ဘာသာရေးသဘောအရ ဆိုးကျိုးကိုသာ ပေးနိုင်သည်မဟုတ်။ နိုင်ငံရေးအရ၊ လူမှုရေးအရလည်း အဆင့်အတန်းခွဲခြားမှုမျိုးကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ မင်း၏ စည်းစိမ်၊ အဆင့်အတန်းကို သိဒ္ဓတ္ထမင်းသားဘဝ၌ပင် ဗုဒ္ဓမြတ်စွာဘုရားသည် စွန့်လွှတ်ခြင်းဖြင့် လူသားအပေါင်းအား ဆင်းရဲခြင်းမှ လွတ်မြောက်ရေးလမ်းကို ရှာဖွေရန် အားထုတ်ခဲ့လေသည်။

ဗုဒ္ဓဝါဒမှာ လူတန်းစားခွဲခြားသော သဘောထားမရှိ။ သူကား ဘာဘေားရီယန်း (အရိုင်း)၊ သူကား အာရိယန် (လူ့ယဉ်ကျေး) များ ဟူသော အခွဲအခြား မရှိ။ သူသည် အဆင့်အတန်းဟူသော လောကီပကာသန အားလုံးကို စွန့်ပယ်လျက် အရိုးသားဆုံး၊ အနိမ့်ဆုံးဘဝဖြင့် မြိုးခြံသော တပသအကျင့်မြတ်ကို ကျင့်ကြံခဲ့လေသည်။ လူသားတိုင်းကို ဗုဒ္ဓဝါဒက အမြတ်ထားသည်။ အလျှုခံပုဂ္ဂိုလ်ကိုပင် လှူဒါန်းသူက ရိုသေစွာ လှူရသော တရားမျိုး ဖြစ်သည်။ ထိုတရားသည် လူလူချင်း ရန်သူဟုမြင်သော တရားဆိုးတို့၏ ချုပ်ရာကုန်ရာ

တရားဖြစ်သည်။ အဘယ့်ကြောင့် လူကို လူချင်း 'ရန်သူ' ဟူသော စကားဖြင့် သတ်မှတ်ကြကုန်သနည်း။ လူတို့အချင်းချင်း သင်္ကာမကင်းခြင်း၊ စိတ်မချခြင်း၊ မယုံကြည်ကြခြင်းကြောင့်ပင် ဖြစ်သည်။

ဗုဒ္ဓ၏ မေတ္တာဝါဒသည် ထိုကဲ့သို့ လူအချင်းချင်း မယုံသင်္ကာမှု ကင်းဝေးစေသော ကရုဏာတရားမျိုး ဖြစ်သည်။ ကရုဏာတရားဟူသော်ကား ကိုယ်ချင်းစာတရားမျိုးပင်တည်း။ မိမိကိုယ်ကို ပြုစေလိုသကဲ့သို့ သူတစ်ပါး အပေါ်၌ ပြုမူကျင့်ကြံသော တရားပင်တည်း။ ထိုတရားသည် လောကကို ငြိမ်းချမ်းစေသောတရား မဟုတ်ပါလော။

Ref: – ကျော်ဝင်း၏ 'အငြင်းသန်တဲ့ မဇ္ဈိမသား'
– ပါရဂူ၏ 'အိန္ဒိယခရီးသည်'
– ဓမ္မရုပ်စုံမဂ္ဂဇင်း၊ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ

# မဟာတ္တမ ဂန္ဒီ (၁၈၆၉-၁၉၄၈)

၁၉၄၁ ခုနှစ် ဇန်နဝါရီ (၇) ရက် နေ့စွဲဖြင့် မစ္စတာနေရူးက သူ၏ အကျဉ်းစံဘဝ အကျဉ်းထောင်ဒိုင်ယာရီတွင် ယခုလို ရေးသားမှတ်တမ်းတင်ခဲ့သည်။

'ဂန္ဒီ နှင့် တဂိုး'

အသွင်အပြင်အရ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည့်တိုင် သူတို့နှစ်ဦးမှာ အိန္ဒိယသားစစ်စစ်ကြီးတွေ ဖြစ်သည်။ ရေရှည်တွင် အိန္ဒိယ၏ မဟာလူသားကြီးနှစ်ဦး ဖြစ်လိမ့်မည်ဟု မှန်းဆရသည်။

ဤသည်မှာ သူတို့၏ ကောင်းကွက်ကလေး တစ်ချက်နှစ်ချက်ကြောင့် မဟုတ်။ ယနေ့ ကမ္ဘာ့ခေါင်းဆောင်များကြား ကျွန်တော်ခံစားတွေ့ထိရသော သူတို့နှစ်ဦး၏ အမြင့်မားဆုံး လူသားဂုဏ်ရည်ကြောင့် ဖြစ်သည်။

ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီးနှစ်ဦးနှင့် နီးနီးကပ်ကပ် ဆက်စပ်ကျွမ်းဝင်ရခဲ့သည်မှာ ကျွန်တော့်အတွက် မဟာအခွင့်အရေးကြီးပင်ဖြစ်တော့သည်။

* * *


ဂန္ဒီကြီးကို မဟာတ္တမဂန္ဒီအဖြစ် မြှင့်တင်ပေးခဲ့သော တဂိုးက 'လူပုဂ္ဂိုလ် ဂန္ဒီ' ဟူသော ခေါင်းစဉ်ပါ အက်ဆေးတွင် ဤသို့ ရေးသားခဲ့၏။

နိုင်ငံရေးသမားတစ်ယောက်၊ စည်းရုံးရေးသမားတစ်ယောက်၊ ခေါင်းဆောင်ကောင်းတစ်ယောက်အနေဖြင့် ဂန္ဒီမှာ ကြီးကျယ်ထင်ရှားသူ ဖြစ်သည်။ ကျင့်ဝတ်ပြုပြင်ရေးသမားတစ်ယောက်အနေဖြင့် ဆိုလျှင် ပို၍ပင် ကြီးကျယ်မြင့်မြတ်ပါသေးသည်။

အကြောင်းမူ သူ၏ ဆိုခဲ့ပါ ကဏ္ဍနှင့် လှုပ်ရှားမှုများက သူ၏ လူသားပီသမှုကို မကျော်လွန်နိုင်သောကြောင့် ဖြစ်ပါသည်။ ပြောရလျှင် အဆိုပါ လူသားဆန်မှုကြောင့်ပင် သူ၏ နိုင်ငံရေးသမားဘဝ၊ စည်းရုံးရေးသမားဘဝ၊ ခေါင်းဆောင်ဘဝကို ရေရှည်ထိန်းနိုင်ခြင်း ဖြစ်ပါသည်။

သူ၏ တိုက်ပွဲများကို 'သစ္စာဂြဟ' ဟူ၍ ဂန္ဒီက အမည်ပေးထားသည်။ သစ္စာဂြဟ၏ နည်းပရိယာယ်မှာ အကြမ်းမဖက်သော အနုနည်းသက်သက်ဖြင့်

အာဏာဖီဆန် တော်လှန်ရန် ဖြစ်သည်။ ဤနည်းပရိယာယ်ကို အခြေခံသော ဂန္ဒီဝါဒမှာ 'အဟိံသဝါဒ' ဖြစ်သည်။ အဟိံသ ဟူသည်ကား ပါဏာတိပါတကံကို ရှောင်ကြဉ်ခြင်းဖြစ်သည်။ ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် အကြမ်းမဖက်မှုကို သူ၏ နိုင်ငံရေးလက်သုံးဝါဒအဖြစ် ပြဋ္ဌာန်းခဲ့လေသည်။ နိုင်ငံရေးဖိနှိပ်မှုများကို ဤဝါဒဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့လေသည်။



*God is Truth.*
*Truth is God.*
*The only virtue I claim is*
*Truth and non-violence.*
*Gandhi*

*"ဘုရားသခင်သည် သစ္စာတရား၊*
*သစ္စာတရားသည် ဘုရားသခင်၊*
*ကျွန်ုပ် လိုလားတောင်းဆိုသည်မှာ*
*သစ္စာတရားနှင့် အကြမ်းမဖက်ဝါဒပင် ဖြစ်သည်"*

ဟူ၍ ဂန္ဒီက ဆိုမိန့်ခဲ့သည်။

ဂန္ဒီသည် မည်သူ့ကိုမျှ မမုန်းတီး၊ မည်သူ့ကိုမျှ မကြောက်ရွံ့။ အားလုံးအပေါ်တွင် မေတ္တာထားရှိသည်။ 'အဟိံသတရားနှင့် မေတ္တာတရားတို့သည် ကမ္ဘာအရပ်ရပ် နယ်နိမိတ်၏ အတားအဆီးကို လွန်၍ ပျံ့နှံ့လွှမ်းမိုးနိုင်စွမ်းရှိသည်' ဟု ဂန္ဒီက ယုံကြည်ပေသည်။

ဂန္ဒီသည် မြတ်ဗုဒ္ဓ၏ ဩဝါဒကို လက်တွေ့လိုက်နာကျင့်သုံးသည်။

*"ကမ္ဘာပေါ်တွင် ဘယ်သောအခါမှ*
*ရန်ကို ရန်ဖြင့် တုံ့ပြန်ပြေနိုင်စွမ်း မရှိခဲ့၊*
*ရန်ကို မေတ္တာတရားဖြင့်သာ ပြေငြိမ်းစေနိုင်သည်။*
*လူတို့သည် ဒေါသတရားကို မေတ္တာတရားဖြင့် အောင်နိုင်ပါစေ။*
*မကောင်းမှုအကုသိုလ်ကို ကောင်းမှုကုသိုလ်ဖြင့် အောင်နိုင်ပါစေ"*

ဟူ၍ ဂန္ဒီက တိုက်တွန်းနှိုးဆော်ခဲ့သည်။

ဤမေတ္တာတရားထားမှု၊ အကြမ်းမဖက်မှု၊ အနုနည်းအဟိံသဝါဒသည် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ ကြီးကျယ်မြင့်မြတ်သော လောကအမြင် ဖြစ်ပါတော့သည်။

ဂန္ဒီကြီး အနိစ္စရောက်သောအခါ အိန္ဒိယနိုင်ငံသူ နိုင်ငံသားတို့၏ ဝမ်းနည်းကြေကွဲမှုကို ဝန်ကြီးချုပ် နေရူးက အောက်ပါအတိုင်း အသံလွှင့်ပြောကြားခဲ့သည်။

*"ကျုပ်တို့ဘဝမှာ အလင်းရောင်ပျောက်ကွယ်သွားပါပြီ။ နေရာတကာမှာ အမှောင်ဖုံးလွှမ်းသွားပါပြီ။ ကျုပ် သင်တို့ကို ဘာပြောရမယ်၊ ဒီအကြောင်းကို ဘယ်လိုပြောရမယ် မသိတော့ပါ။*

*ကျုပ်တို့ သူ့ကို ခေါ်သလို ဘာဘူကြီး...၊ ကျုပ်တို့ရဲ့ ချစ်မြတ်နိုးလှစွာသော ခေါင်းဆောင်ကြီး...၊ ကျုပ်တို့အမျိုးသားရဲ့ ဖခင်ကြီး...၊ ယခုအခါ မရှိတော့ပါ။*

*သို့ပေမယ့် ကျုပ်ပြောတာ မှားပါတယ်။ ဒီနိုင်ငံမှာ တောက်ပထွန်းလင်းခဲ့တဲ့ အလင်းရောင်ဟာ ရိုးရိုးအလင်းမျိုး မဟုတ်ပါ။ ဒီနိုင်ငံကို နှစ်ပေါင်းများစွာ ထွန်းလင်းတောက်ပစေခဲ့တဲ့ အလင်းရောင်ဟာ... နောင်နှစ်ပေါင်းများစွာ ထွန်းလင်းတောက်ပနေဦးမှာ ဖြစ်ပါတယ်။ နောင်နှစ်ထောင်ပေါင်းများစွာ ဒီအလင်းရောင်ကို ဒီနိုင်ငံမှာ မြင်တွေ့နေရဦးမှာ ဖြစ်ပါတယ်။*

*ကမ္ဘာသူ ကမ္ဘာသားတွေဟာလည်း ဒီအလင်းရောင်ကို တွေ့မြင်နေပါလိမ့်မယ်။ မရေမတွက်နိုင်တဲ့ လူ့နှလုံးသားများကို အလင်းရောင်က ထွန်းတောက်ပေးနေမှာ ဖြစ်ပါတယ်။ ရှင်သန်လျက်ရှိတဲ့ သစ္စာတရားကို ကိုယ်စားပြုနေတဲ့ ထိုလင်းရောင်ခြည်အတွက် ကျုပ်တို့နဲ့ ထာဝရအတူရှိနေမယ့် ပုဂ္ဂိုလ်မြတ်ဟာ ကျုပ်တို့အားလုံးကို မှန်ကန်တည့်မတ်တဲ့ လမ်းစဉ်ဟာ ဘာလဲဆိုတာ သတိရစေမှာပါ။ ကျုပ်တို့တစ်တွေကို အမှားက ဆွဲထုတ်ခဲ့ပြီး ရှေးဟောင်း အိန္ဒိယနိုင်ငံတော်ကို လွတ်လပ်ရေးရယူပေးခဲ့တယ်ဆိုတာ အမြဲသတိရနေမှာပါ..."*

မဟတ္တမဂန္ဒီကား အရှေ့တိုင်း၏ အလင်းတိုင်တစ်တိုင် ဖြစ်သည်။ သူသည် ခေတ်သစ်အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးနှင့် ကြီးပွားတိုးတက်ရေး၏ ရှေ့ဆောင်လမ်းပြ ဖြစ်သည်။ သူ၏ ဒဿနအမြင်များသည် ထူးထူးခြားခြား တရားဓမ္မနှင့် ပြည့်စုံ၍ ကြည်ညိုဖွယ် ဖြစ်သည်။ ဤစာစု၌ သူ၏ ဓမ္မဒဿန သဘောတရားများကို စုစည်းဖော်ပြအပ်ပါသည်။

## မဟတ္တမဂန္ဒီ၏ ဓမ္မရေးရာ ဒဿနကထာ

### ဘာသာရေး

* ကြောက်ခြင်းမရှိသောနေရာတွင်
ဘာသာကို ကိုးကွယ်ခြင်းလည်း မရှိချေ။

* ဘာသာရေး၏ အခြေခံမှာ သီလဖြစ်သည်။
သီလသည် စောင့်ထိန်းခြင်း ဖြစ်သည်။
အိမ်ထောင်ရေးလည်း စောင့်ထိန်းခြင်း သီလတစ်မျိုးပင်ဖြစ်သည်။

* ဘာသာရေးအဆုံးအမများကို စွန့်ပယ်ထားခြင်းသည်
လယ်မြေကို အသုံးပြုဘဲ ပေါင်းမြက်များပေါက်အောင် ပစ်ထားသည်နှင့် တူသည်။

* ကျွန်ုပ်တို့၏ အပြုအမူတိုင်းတွင်
ဘာသာရေးအဆုံးအမများ စိမ့်ဝင်နေသည်။

* ဘာသာရေးအဆုံးအမများက
မျိုးချစ်စိတ်ဓာတ်အပေါ်၌ လွှမ်းမိုးနေသင့်သည်။

* ကျွန်ုပ်၏ အမြင့်ဆုံးဘာသာတရားသည်
အဟိံသ (မညှင်းဆဲခြင်း) ဖြစ်သည်။

* သစ္စာတရားကို သိရန်
တစ်ခုတည်းသော နည်းလမ်းသည် အဟိံသပင်ဖြစ်သည်။

* ဘာသာမဲ့ခြင်းသဘောကို
သင်၏ ဘာသာရေးအဖြစ် မခံယူသင့်ပေ။

* ကမ္ဘာ့ဘာသာကြီးများသည်
တစ်ခုမှ မှားသည်ဟု ကျွန်ုပ် မထင်ပေ။

* ဘာသာတရားများ တစ်ခုကို တစ်ခု သည်းခံသဖြင့်
ထွက်ပေါ်လာသော ငြိမ်းချမ်းရေးကို ကျွန်ုပ် ရယူလိုပါ၏။

* တိုင်းပြည်ကို ကယ်တင်ရန်အတွက်
ကျွန်ုပ်သည် သစ္စာဂြဟနှင့် အဟိံသကို
စတေးသည် မဟုတ်ပါ။

* ဘာသာတရားသည် နှလုံးသား၌ တည်သည်။

* သင့်ကိုယ်သင် ကာကွယ်ရန်လည်းကောင်း
သင်ကိုးကွယ်သော ဘာသာရေးကို ကာကွယ်ရန်လည်းကောင်း
သင်သည် ဗာလပုထုဇဉ် လူဆိုးလူမိုက်များ၏
အကူအညီယူရန် မပြုလုပ်နှင့်။

* ဘာသာရေးသည် လူ၏စိတ်ရိုင်းကို
ယဉ်ကျေးအောင် ဆုံးမသောအရာ ဖြစ်သည်။
ထိုစိတ်ကို လွှတ်ပေးသောအရာမဟုတ်။

* ယုံကြည်ကိုးကွယ်သူများ၏
ဖြူစင်သန့်ရှင်းသော စိတ်ဓာတ်ဖြင့်သာ
ဘာသာတရားတစ်ခုကို မှတ်ကျောက်တင်နိုင်သည်။

* ဘာသာအားလုံး၏ တူညီသောအချက်မှာ
အကြမ်းမဖက်ခြင်း၊ အဒေါသ၊ စေတနာ၊
မေတ္တာတရားပင် ဖြစ်သည်။

* ကျွန်ုပ်၏ ပုဂ္ဂလိကဘာသာရေးမှာ
မည်သူ့ကိုမှ မမုန်းတီးရေးပင် ဖြစ်သည်။

* သစ္စာတရားကို ရှာဖွေသောသူသည်
ကြောက်စိတ်ကို စွန့်လွှတ်ရမည်။
သစ္စာတရားကို ဘယ်တော့မှ နှိမ်နင်း၍ မရချေ။

■

## စွန့်လွှတ်ခြင်း

* စွန့်လွှတ်ခြင်းဖြင့် ရသော လူသား၏ ဝမ်းမြောက်ခြင်းသည် လူနှင့် တိရစ္ဆာန်ကို ကွဲပြားသွားစေသော စိတ်ပင်ဖြစ်သည်။
* စွန့်လွှတ်ခြင်းသည်
  ပျော်ရွှင်ဝမ်းသာမှု မပါလျှင်
  ထိုအမည်ကို မရထိုက်။
* မပြေးသာ၍ ကြောင်၏ စားခြင်းကို ခံရသော
  ကြွက်များ၏ စွန့်လွှတ်ခြင်းကား
  ကုသိုလ်ထိုက်သော စွန့်လွှတ်ခြင်းမဟုတ်။
* ပျော်ရွှင်သောဘဝ၏ လျှို့ချက်သည်
  စွန့်လွှတ်ခြင်း၌ တည်သည်။

■

## ကြောက်ခြင်း

* ကြောက်ခြင်းမရှိလျှင်
  မုန်းခြင်းလည်း မရှိတော့ပေ။
* ဘုရားသခင်ကို ယုံကြည်ခြင်းသည်
  ကြောက်ခြင်း မဖြစ်သင့်ပေ။
* မြွေများ ကင်းများနှင့် အကြောက်အရွံ့ကင်းစွာ
  ကစားလိုသောဆန္ဒ ကျွန်ုပ်မှာ ရှိပါသည်။

■

## ချစ်ခြင်း (မေတ္တာ)

* မေတ္တာတရားသည်
  ကျွန်ုပ်၏ အားအကောင်းဆုံး အင်အားပင်ဖြစ်သည်။
* ချစ်ခြင်းသည် ရယူခြင်းကို မည်သည့်အခါမှ မပြု၊
  ပေးအပ်ခြင်းကိုသာ အမြဲပြုသည်။

* မေတ္တာသည် ခံယူခြင်း၌သာ အမြဲတည်သည်။
မည်သည့်အခါမှ လက်တုံ့ပြန်ခြင်း မပြုပေ။
* ချို့တဲ့သူများအား ပေးကမ်းထောက်မရန်
မေတ္တာတရားလိုသည်။
* မေတ္တာတရားသည် သဘာဝနိယာမ မဟုတ်လျှင်
ဘဝသည် မည်သည့်အခါမျှ ရှင်သန်မည် မဟုတ်ချေ။
* ချစ်ခြင်းသည် ကြောက်ခြင်းကို စွန့်သည်။
* သူရဲဘောနည်းသူသည် ချစ်ခြင်းကို မဖော်ပြနိုင်။
* ချစ်ခြင်းသည် သတ္တိရှိသူတို့၏ အရာသာဖြစ်သည်။
* မုန်းတီးခြင်းကို ချစ်ခြင်း (မေတ္တာ)ဖြင့်သာ အနိုင်ယူပါ။
ရန်သူကို ချစ်ခြင်း (မေတ္တာ) ဖြင့်သာ အနိုင်ယူပါ။
* ကိုယ့်အပေါ်ကောင်း၍ ချစ်ခြင်းမျိုးကား ကုန်သည်သဘောသာ ဖြစ်သည်။
* တစ်ကမ္ဘာလုံးနှင့် ချစ်ခင်စွာ နေရန်
ကျွန်ုပ် ရည်မှန်းချက်ထားပါသည်။

■

## ထိန်းချုပ်ခြင်း

* ကိုယ့်ကိုယ်ကို ထိန်းချုပ်ခြင်းသည်
အဓမ္မအနိုင်ကျင့်ခြင်းမဟုတ်။
* ထိန်းချုပ်ခြင်းနှင့် စည်းကမ်းလိုက်နာခြင်းသည်
လူနှင့် တိရစ္ဆာန်ကို ခြားနားစေသော အရာများဖြစ်သည်။
* တကယ်တမ်း စိတ်ကို ထိန်းချုပ်နိုင်သူကား
နေ့စဉ်နှင့်အမျှ အင်အားတိုးတက်ကြီးပွားပြီး
ငြိမ်းအေးသည်ထက် ငြိမ်းအေးခြင်းကို ရရှိနိုင်ပေသည်။

* မိမိကိုယ်မိမိ ထိန်းချုပ်ရာတွင်
ပထမအဆင့်သည်ကား–
မိမိအတွေးကို ချုပ်တည်းခြင်းပင် ဖြစ်သည်။

■

## ခွင့်လွှတ်ခြင်း

* ခွင့်လွှတ်ခြင်းသည်
ဝိညာဉ်၏ အရည်အချင်းတစ်ခု ဖြစ်သည်။

* ချည့်နဲ့သူသည်
မည်သည့်အခါမှ ခွင့်မလွှတ်နိုင်။
ခွင့်လွှတ်ခြင်းသည်
သန်စွမ်းသူတို့၏ဂုဏ်ဖြစ်သည်။

* အပြစ်ပေးရန် အခွင့်အာဏာရှိလျက်
အပြစ်မယူဘဲ ချုပ်တည်းခြင်းသည်
ခွင့်လွှတ်ခြင်း မည်ပါသည်။

■

## စင်ကြယ်ခြင်း

* ချည့်နဲ့သူတို့၏
တစ်ခုတည်းသော လက်နက်သည်
စင်ကြယ်ခြင်းပင်တည်း။

* မိမိကိုယ်ကိုမိမိ ကာကွယ်ရန်
စိတ်အချရဆုံး အရာသည်ကား
စင်ကြယ်ခြင်းပင် ဖြစ်၏။

* စွန့်လွှတ်ခြင်းသည်
မိမိဆန္ဒနှင့် စင်ကြယ်မှု မပါလျှင်
တန်ဖိုး မရှိပေ။

■

## ဒေါသ၏ နိဂုံး

ခွင့်လွှတ်နားလည်မှု လုံးဝမရှိဘဲ
အကြောမခံ ကလဲ့စားချေ တုတ်တစ်ပြက် ဓားတစ်ပြက်
အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းဟာ
ကမ္ဘာကြီးတစ်ခုလုံး မျက်ကန်းဖြစ်အောင်
ပြုလုပ်ခြင်းဖြင့်သာ အဆုံးသတ်ပါလိမ့်မယ်။

## တန်ဖိုးရှိတဲ့ စာပေ

ကြွံခိုင်ကောင်းမွန်တဲ့ အကျင့်စာရိတ္တကို
ပြုစုပျိုးထောင် မတည်ဆောက်နိုင်ဘူးဆိုလျှင်
စာပေပညာရပ်များဟာ တန်ဖိုးမရှိနိုင်ပါ။

## ပြည်သူ့ဆန္ဒကသာ

အများပြည်သူရဲ့ အယူအဆ, အတွေးအခေါ်ကသာ
လူ့အဖွဲ့အစည်းကို ဖြူစင်အောင် ကြွံခိုင်သန်မာအောင်
ပြုမူဆောင်ရွက်နိုင်ပါတယ်။

## သတ္တိဆိုတာ

သတ္တိဆိုတာ ကိုယ်ကာယစွမ်းရည်က ဖြစ်ပေါ်လာတာမဟုတ်။
သတ္တိဆိုတာ မလျှော့မိုးနိုင်တဲ့ စိတ်ဆန္ဒက
ပေါ်ပေါက်လာတာ ဖြစ်တယ်။

## သံသယသံသရာ

လူတစ်ယောက်ရဲ့ ရည်ရွယ်ချက်
အကြောင်းရင်းနဲ့ ပတ်သက်ပြီး
သံသယစိတ်ဝင်နေတဲ့ အချိန်ကာလမှာ
သူပြုလုပ်ဆောင်ရွက်သမျှ ညစ်နွမ်းနေမှာပါပဲ။

## ဝါဒဖြန့်ကြော်ငြာသော်လည်း

အမျိုးမျိုး အဖုံဖုံ ဝါဒဖြန့်ကြေညာတဲ့အကြောင်းကြောင့်
အမှားဟာ သစ္စာတရား ဖြစ်မလာဘူး။
ဘယ်သူဘယ်ဝါကမျှ မမြင်တွေ့နိုင်တာကြောင့်
သစ္စာတရားဟာလည်း အမှားမဖြစ်နိုင်ဘူး။

## သစ္စာတရားကတော့ သစ္စာတရားပါပဲ

တစ်လောကလုံးက လက်မခံဘဲ ငြင်းဆန်နေသည့်တိုင်
ဘုရားသခင်ကတော့ ရှိနေမှာပါပဲ။
လူထုက မထောက်ခံပေမယ့်လည်း
သစ္စာတရားကတော့ ရပ်တည်နေမှာပါပဲ။
သစ္စာတရားဆိုတာ သဘာဝတရားအရ တည်ရှိနေမှာပါပဲ။

## ရိုးသားဖြောင့်မတ်ခြင်း

ဖြောင့်မှန်တဲ့လမ်းကြောင်းက သွေဖည်ပြီး
ဇွတ်အတင်း လုပ်ဆောင်နေသရွေ့
လူဟာ သူ့ရည်မှန်းချက်ပန်းတိုင်ကို
ဘယ်တော့မှ မရောက်နိုင်ပါ။

## အနစ်နာခံခြင်းအားဖြင့်သာ

မေတ္တာတရားက အပြစ်ပေးတဲ့
တစ်ခုတည်းသော နည်းလမ်းကတော့
"အနစ်နာခံခြင်းအားဖြင့်သာ ဒဏ်ခတ်တာပါပဲ"။

## ထာဝရကောင်းမြတ်မှု

ထာဝရကောင်းမြတ်မှုဆိုတာ မမှန်ကန်မှု အကြမ်းဖက်မှုက
ဘယ်တော့မှ ပေါ်ပေါက်မလာနိုင်ဘူးဆိုတဲ့အချက်ကို
အတွေ့အကြုံက ကျုပ်ကို သဘောပေါက်စေတယ်။

ကျုပ်ယုံကြည်ချက်ဟာ တွေ့ဝေမှုကို နှစ်သက်မိလို့
ဖြစ်တာလို့ ဆိုခဲ့ရင်တောင် အဲဒီအဆိုဟာ
စွဲလမ်းတဲ့ တွေဝေမှုကြောင့် ဖြစ်ရတာလို့
ဝန်ခံရမှာပါပဲ။

## သစ္စာတရားအပေါ် အခြေခံခြင်း

ကျုပ်ရဲ့ ဘာသာတရားဟာ
သစ္စာတရားအပေါ် အခြေခံပါတယ်။
အကြမ်းမဖက်မှုဝါဒအပေါ် အခြေပြုပါတယ်။
သစ္စာတရားဆိုတာကတော့ ကျုပ်ရဲ့ ဘုရားသခင်ပါပဲ။
အကြမ်းမဖက်တဲ့ ဝါဒလမ်းစဉ်ဟာ
ဘုရားသခင်ကို သိနားလည်သဘောပေါက်ခြင်းပါပဲ။

## အကြမ်းဖက်သမားတို့ သွားရာလမ်း

အကြမ်းဖက်သမားတွေဟာ
လူသားတစ်ဦးလို သေရတယ်လို့ သမိုင်းမှာ မထင်ရှားပါဘူး။
သူတို့ဟာ ဓားဦးမှာ သေပျောက်ကုန်ကြတယ်။

## တရားမျှတမှုဆိုတာ

မေတ္တာတရားက ပေးကမ်းတဲ့ တရားမျှတမှုဆိုတာ
လက်နက်ချ အရှုံးပေးခြင်းပါပဲ။
ဥပဒေက ပေးတဲ့ တရားမျှတမှုဆိုတာကတော့
အပြစ်ပေးခြင်းပါပဲ။

## မိမိကိုယ်မိမိ လေးစားယုံကြည်မှုမှာ

မိမိကိုယ်မိမိ လေးစားယုံကြည်မှုမှာ
ညှာတာထောက်ထားစရာကို သိဖို့ မလိုပါ။

## အာဏာနှစ်မျိုး

အာဏာနှစ်မျိုးနှစ်စား ရှိတယ်။
တစ်မျိုးက အပြစ်ဒဏ်ပေးမှာကြောက်ခြင်းမှ ရနိုင်တယ်။
နောက်တစ်မျိုးက မေတ္တာအပြုအမူကြောင့် ရနိုင်တယ်။
မေတ္တာတရားအပေါ် အခြေခံတဲ့ အာဏာကတော့
အပြစ်ကြောက်လို့ ရလာတဲ့အာဏာထက်
အဆ တစ်ထောင် ထိရောက်မှု ရှိတယ်။
ထာဝရတည်မြဲတယ်။

## ကိုးကွယ်ဆည်းကပ်သင့်တဲ့ ဘာသာတရား

လက်တွေ့အကြောင်းကိစ္စမှာ
မကူညီ မပံ့ပိုးနိုင်တဲ့ ဘာသာတရားတစ်ခုဟာ
ဘဝပြဿနာ ဖြေရှင်းရာမှာ
မကူညီ မဖြေရှင်းနိုင်ဘူး။
ဘာသာတရားရယ်လို့ မဆိုနိုင်ပါဘူး။

## အသင်္ချိရိကကုသိုလ်

လုပ်ဆောင်မှုတစ်ခုဟာ
သူ့သဘောတရားအရ ဖြစ်ထွန်းစေတယ်ဆိုရင်
အဲဒီလုပ်ဆောင်ချက်ဟာ အမွန်မြတ်ဆုံးပါပဲ။

## ဖြူစင်မေတ္တာ

မေတ္တာတရားက ဘယ်သောအခါမျှ တောင်းဆိုမှု မပြု။
မေတ္တာတရားဆိုတာ အမြဲတမ်း ပေးကမ်းသမှု ပြုတယ်။
မေတ္တာတရားဟာ အမြဲ အနစ်နာခံတယ်။
ဘယ်သောအခါမှ နာကြည်းမှု မရှိ။
ဘယ်သောအခါမှ တုံ့ပြန်ကလဲ့စား မချေ။

## သစ္စာတရား ပွင့်လာလိမ့်မယ်

သစ္စာတရားဆိုတာ သဘာဝကိုက ခိုင်လုံပြီးသား ဖြစ်တယ်။
သစ္စာတရားကို ဝန်းရံနေတဲ့ အဝိဇ္ဇာပင့်ကူအိမ်ကို
ဖယ်ရှားလိုက်တာနဲ့ တစ်ပြိုင်နက်
သစ္စာတရားဟာ တောက်ပကြည်လင်စွာ ပေါ်လာစမြဲပဲ။

## ဒေါသနဲ့ မာန

ဒေါသတရားဟာ အကြမ်းမဖက်မှု အဟိံသရဲ့ ရန်သူပါပဲ။
မာနတရားကတော့ အကြမ်းမဖက်မှု အဟိံသတရားကို
ဝါးမျိုလိုက်တဲ့ မကောင်းဆိုးဝါး ဖြစ်တယ်။

## တရားခံ

သစ္စာတရားကို အသေးအဖွဲဖြစ်အောင် ပြုသူဟာ
အဟိံသရဲ့ အမြစ်ကို ဖြတ်တောက်ပစ်လိုက်တယ်။
ဒေါသအမျက်ရှိသူဟာ ဟိံသရဲ့ အပြစ်ရှိတဲ့ တရားခံ။

## ခန္တီတရား

သည်းခံခြင်းဆိုတဲ့ ခန္တီတရားဟာ
တစ်စုံတစ်ရာ တန်ဖိုးရှိခဲ့တယ်ဆိုရင်
အဲဒီခန္တီတရားဟာ အချိန်ကာလ အဆုံးသတ်တဲ့အထိ
ကြံ့ကြံ့ခံ တည်ရှိရမယ်။
ပြီးတော့ သက်ရှိထင်ရှားဖြစ်နေတဲ့ ယုံကြည်မှုတရားဟာလည်း
အမှောင်ဆုံးဖြစ်နေတဲ့ မုန်တိုင်းရဲ့ အလယ်မှာတောင်
ထာဝရတည်မြဲနေလိမ့်မယ်။

## မရှိမဖြစ်လိုအပ်ချက်

ပုဂ္ဂလိကဘဝရဲ့ ဖြူစင်မှုဆိုတာ
ခိုင်မာတဲ့ ပညာရေးတည်ဆောက်မှုအတွက်
မရှိမဖြစ် လိုအပ်တဲ့ အခြေအနေတစ်ခုပါပဲ။

## အာဇာနည်

အာဇာနည်တို့ သေခြင်းမျိုးနဲ့ သေရဲတဲ့ သတ္တိမျိုး
ကျုပ်တို့အားလုံးမှာ ရှိကြပါစို့…
အာဇာနည်ဖြစ်ချင်တဲ့ဇော ငမ်းငမ်းတက်သူ
တစ်စုံတစ်ယောက်မှ မဖြစ်ကြပါစေနဲ့။

## ပူးပေါင်းခြင်းနှင့် မပူးပေါင်းခြင်း

ပူးပေါင်းခြင်းဟာ တာဝန်တစ်ရပ်ပဲ ဖြစ်ခဲ့လျှင်
တချို့သော အခြေအနေမျိုးမှာ
မပူးပေါင်းခြင်းဟာလည်း တာဝန်တစ်ရပ်ပဲ ဖြစ်တယ်လို့
ကျုပ် ခိုင်မြဲစွာ ယုံကြည်တယ်။

## သက်မဲ့ခန္ဓာကိုယ်

စိတ်ဓာတ်ချင်း ဆက်သွယ်ပေါင်းစည်းခြင်းဟာ
ကိုယ်ကာယပေါင်းစည်းခြင်းထက် သာလွန်အဖိုးတန်လှတယ်။
စိတ်ဓာတ်အရင်းခံ မပါဘဲ ကိုယ်ကာယချင်း ပေါင်းစည်းခြင်းဟာ
အသက်ဝိညာဉ်မရှိတဲ့ ခန္ဓာကိုယ်ပါပဲ။

## ကျုပ်လက်မခံတဲ့ ဘာသာတရား

ဘာသာအယူအဆ ဒေသနာတစ်ခုဟာ
အကြောင်းအကျိုး ဆင်ခြင်တုံတရားမရှိဘူး။
စာရိတ္တနဲ့ ပဋိပက္ခဖြစ်တယ်ဆိုရင်
ကျုပ် အဲဒီအယူအဆကို ငြင်းပယ်ပါတယ်။

## ဘုရားသခင်ရှိရာ နယ်မြေ

မေတ္တာတရား ထွန်းကားတဲ့ နေရာတိုင်းမှာ
ဘုရားသခင်ဟာလည်း တည်ရှိနေစမြဲပါပဲ။

## အဋ္ဌတ္တငြိမ်းချမ်းရေး

လူတိုင်း အဋ္ဌတ္တငြိမ်းချမ်းရေးကို ရှာဖွေရမယ်။
စစ်မှန်တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့ဆိုတာ
ပြင်ပက ပယောဂအကြောင်းတွေနဲ့တော့
မပတ်သက်ရပါဘူး။

## တစ်ဦးတည်းမူပိုင်မဟုတ်ပါ

နူးညံ့သိမ်မွေ့မှု၊
ကိုယ်ကျိုးစွန့်လွှတ်မှု၊
ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲမှုတွေဟာ
ဘယ်လူမျိုး ဘယ်ဘာသာတရားကမှ
တစ်ဦးတည်းပိုင် မဟုတ်ပါ။

## အမှန်တကယ် ကြီးမြတ်မှု

လူဟာ သူ့လုပ်ဖော် ရဲဘော်ရဲဘက်တွေရဲ့
ကောင်းကျိုးချမ်းသာအတွက်
လုပ်ကိုင်ဆောင်ရွက်တဲ့ အတိုင်းအတာအရ
ကေန်အမှန် ကြီးမြတ်တော့တာပါပဲ။

## အကြွင်းမဲ့သစ္စာ အကြွင်းမဲ့အသိ

တွေးခေါ်မှုမှာ သစ္စာတရား ရှိသင့်တယ်။
ဆိုစကားမှာ သစ္စာတရား ရှိသင့်တယ်။
အပြုအမူမှာ သစ္စာတရား ရှိသင့်တယ်။
သစ္စာတရားကို တိကျမှန်ကန်စွာ သိနားလည်သူအဖို့
သိဖို့ရန် ဘာမှ မကျန်တော့ဘူး။
ဘာကြောင့်ဆို အသိဉာဏ်အားလုံးဟာ
သစ္စာတရားမှာ လိုအပ်စွာ အကျုံးဝင် ပတ်သက်နေလို့ပါပဲ။

## ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ

စိတ်ဆန္ဒရှိတဲ့ လူတိုင်းဟာ
ရင်ထဲက အသံကို ကြားနိုင်ကြတယ်။
ဆန္ဒဆိုတာ လူတိုင်းရဲ့ ရင်တွင်းမှာ
ကိန်းအောင်းနေတတ်စမြဲပါ။

## ယဉ်ကျေးမှု

လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုဆိုတာ
အဲဒီလူမျိုးရဲ့ စိတ်ဝိညာဉ်နဲ့ နှလုံးသားထဲမှာ
အမြဲကိန်းအောင်းနေတတ်ပါတယ်။

## ဂုဏ်ကျက်သရေဆိုတာ

ဂုဏ်ကျက်သရေဆိုတာ လူတစ်ယောက်ရဲ့
ပန်းတိုင်ရောက်လိုတဲ့ မျှော်မှန်းချက်အပေါ်မှာ
တည်ရှိနေတယ်။
ပန်းတိုင်ရောက်ရေးမှာ မူမတည်ဘူး။

## ဝန်ခံခြင်း

အမှားကို ဝန်ခံခြင်းဟာ
ညစ်ပေတာကို လှည်းကျင်းပေးတဲ့
တံမြက်စည်းနဲ့ တူတယ်။
မျက်နှာပြင် တောက်ပသန့်စင်မှု ဖြစ်စေတယ်။
ကျွန်ုပ်ဟာ ဝန်ခံခြင်းအတွက်
စိတ်အလွန်ထက်သန်လှပါတယ်။

ရည်ညွှန်း

- ကျော်ဝင်း၏ ''အငြင်းသန်တဲ့ မဇ္ဈိမသား'
- ဦးသန်းထွတ် (ပါမောက္ခ ငြိမ်း) ၏ 'ဂန္ထ၏ လောကအမြင်'
- ဓမ္မရုပ်စုံမဂ္ဂဇင်း မဟာတ္တမဂန္ထ၏ 'ဒဿနကထာ' ၁၉၉၅၊ မေလ

# နိုင်ငံတကာ ဗုဒ္ဓါနုဿတိဘာဝနာ

(မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင်)

- ဗုဒ္ဓမြတ်စွာသည် အနတ္တတရား ဟောကြားဖို့အတွက် ပွင့်တော်မူလာခြင်း ဖြစ်သည်။

- ဟိန္ဒူတို့၊ ခရစ်ယာန်တို့၊ ဗုဒ္ဓဘာသာတို့ဆိုတာ အမှန်တရားကို မသိမီ အောက်အဆင့်မှာသာ တွေ့ရတဲ့ လေဘယ် Label တွေသာ ဖြစ်တယ်။
  အမှန်တရားကို သိသွားတဲ့အခါ အဲဒီ လေဘယ် (တံဆိပ်) တွေ မရှိတော့။


- မည်သည့်ဘာသာကို ယုံကြည်ကိုးကွယ်သည်ဖြစ်စေ အကျင့် သီလကောင်းဖို့ လိုသည်။
  အကျင့်သီလကောင်းပါက လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို သယ်ပိုးဆောင်ရွက်နိုင်သူ ဖြစ်သည်။

- မြန်မာစာပေသည် ကျေးဇူးသိတတ်မှုဖြင့် စတင်ခဲ့သည်။

- မိမိတို့ကိုယ်စိတ်နှစ်ပါးကို နှိမ့်ချမာန်လျှော့၍ တစ်ဖက်လူအား ရှိခိုးကန်တော့သည့် ကောင်းမွန်မြင့်မြတ်လှသည့် ဤ ဓလေ့သည် ကမ္ဘာပေါ်ရှိ လူအသီးသီးတို့တွင် မြန်မာလူမျိုး တို့မှာသာ ရှိသည်။

ဒေါက်တာ ဖေမောင်တင်

ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး



# ပါမောက္ခ ဒေါက်တာ ဖေမောင်တင် (၁၈၈၈-၁၉၇၃)

အမည်ရင်း မောင်ဖေတင်။ ဖခင်ဦးဖေ၏ နာမည်ကိုရှေ့တန်းတင်၍ ဖေမောင်တင်။ ၂၄ နှစ်သားအရွယ် ငယ်ငယ်ရွယ်ရွယ်နှင့် ပါမောက္ခဖြစ်လာသူ။ ကိုလိုနီခေတ်တွင် မြန်မာထဲမှ ဗွေဆော်ဦး ပါမောက္ခ။ ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး သက်တမ်းတစ်လျှောက် ခေါင်းပေါင်း, တိုက်ပုံအင်္ကျီ တောင်ရှည်ပုဆိုးကိုသာ မြတ်မြတ်နိုးနိုး ဝတ်ဆင်ကျောင်းတက်ရင်း မြန်မာ့သွေး မြန်မာ့ဇာတိမာန်ကို ရုပ်လုံးဖော်ခဲ့သူ။ ကိုလိုနီနယ်ချဲ့ဝန်ထမ်းဘဝတွင် ကိုလိုနီနယ်ချဲ့ကို တော်လှန်တိုက်ပွဲဝင်နေသော မျိုးချစ်သခင်များအား လစဉ်ကြေး ၂၅ ကျပ် ပုံမှန် ထောက်ပံ့နေသူ။

၁၉၀၃ ခုက အထက်တန်းကျောင်းသားဘဝတွင် "မျက်နှာဖြူ ဆရာများကို ကျောင်းသားများ ရှိခိုးရမည်" ဟူသော ပညာမင်းကြီး၏ အမိန့်ကို စတင် ဖီဆန် ငြင်းဆန်သူ။

၁၉၂၄ ခု အင်္ဂလန်မှာ ပညာသင်ကြားနေစဉ် မြန်မာအသင်းရွေးချယ်ပွဲ ကျင်းပရာ မြန်မာပြည်ဘုရင်ခံဟောင်း ဆာဟာဒေးဗစ်အဒမ်ဆင်နှင့် ယှဉ်ပြိုင် အရွေးခံ၊ မတရားအနိုင်ရသော အဒမ်ဆင်ကို ပြန်လှန်တရားစွဲ အောင်ပွဲခံခဲ့သူ။

၁၉၃၆ ခု ပူပူနွေးနွေး ကောလိပ်ကျောင်းအုပ်ဘဝတွင် လက်အောက်ငယ်သားတို့အပေါ် မဖွယ်မရာ ဆက်ဆံသော မျက်နှာဖြူ ဓာတုဗေဒပါမောက္ခ ပီးကော့ ဆိုသူအား ရာထူးမှ ဖြုတ်၊ ကျောင်းမှ ထုတ်ပစ်ခဲ့သူ။

တက္ကသိုလ်မှာ နေရာမရရှာသော မြန်မာစာကို နေရာရအောင် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သူ။ မြန်မာစာလောကကြီးကို အုံနှင့်ကျင်းနှင့် တက်လာအောင် အားရှိခွန်ရှိ လုပ်ဆောင်ခဲ့သူ။ သူ့တပည့် တက္ကသိုလ်ကျောင်းသားများကို ကုန်းဘောင်ခေတ် နောက်မြီးဆွဲဘဝမှ လွတ်စေချင်သူ။ တက္ကသိုလ်ကို တက္ကသိုလ် ပီသစေချင်သူ။ ပညာလိပ်ပြာ နိုးခဲ့သူ။ ဗုဒ္ဓမြတ်စွာ၏ အဆင့်မြင့်ပါဠိဘာသာ ကျမ်းများကို ကမ္ဘာသုံးအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ဗုဒ္ဓသာသနာကို အပြန့် ကျယ်စေခဲ့သူ။ ထိုမျိုးချစ်အာဇာနည် ပညာရှင်ကြီး ဒေါက်တာ ဖေမောင်တင်၏ ဗုဒ္ဓမြတ်စွာအပေါ် အမြင်များကို စုစည်းတင်ပြအပ်ပါသည်။

## လန်ဒန်ရောက် ကန်တော့ပန်း

ဦးဖေမောင်တင်ဟု ခေါ်သည်
ကျော်သည်
ဒေါင်းနေပြည်တော်ရဲ့အံ့ဖွယ်၊
ပညာရှင် သူရဲကောင်း အာဇာနည်
အစဉ်အလာ မော်ကွန်းတည်
စာပေယဉ်ကျေးမှု
အသစ်ပြု သုခမိန်
ဉာဏ်တိမ်ညွန့်စား
ဝင့်ကြွား ဂုဏ်ရောင်ပြောင်
ဦးဖေမောင်တင်။

ဦးဖေမောင်တင်ဟု ခေါ်သည်
တော်သည်
အင်းဝနေပြည်တော်ရဲ့ မျိုးဆက်
ပျို့ အခက်အနွယ်
ဘာသာဗေဒ ယှက်ဖလှယ်

ပျို အက္ခရာ
မွန်ကျောက်စာ
ပါဠိ သဒ္ဒါ တံခွန်ထောင်
ခေတ်စမ်းစာပေ ခေါင်းဆောင်
ဦးဖေမောင်တင်။

ဦးဖေမောင်တင်ဟု ခေါ်သည်
မော်သည်
လူပီသစွာ ကျင့်ကြံ
မဟုတ်မခံ စိတ်ထား
နှလုံးသား ဖြူဖြူစင်
မှန်မည်ထင် ဝံ့စား
မှားသည်မြင် ဆန့်ကျင်
သမိုင်း ကမ္ပည်းတင်လူသား
မြတ်သော စံထားချက်နဲ့ လောကဝန်ဆောင်
ဦးဖေမောင်တင်။

ဦးဖေမောင်တင်ဟု ခေါ်သည်
ပျော်သည်
အရှေ့ဆီမှ အနောက်သွား
အနောက်ဆီမှ အရှေ့ပြန်
ပညာသံတမန် တစ်ဦးအလား
ဗုဒ္ဓတရားဒေသ နာတော်ကို ဆွေးနွေး
ယေရှုကောင်းခြင်း ဓမ္မတေးကို ရွတ်ဆို
ဘာသာပေါင်းစည်း ညီညွတ်ရေးကို ကြိုဆို
လေးစားကြည်ညိုဖွယ် စိတ်ထား
အတ္တ ကိုယ်ကျိုးအမှားကို ရှောင်
ပရ အများကောင်းကျိုးကို တည်ထောင်
ဦးဖေမောင်တင်။

ဦးဖေမောင်တင်ဟု ခေါ်သည်
ကျော်သည်၊ တော်သည်
မော်သည်၊ ပျော်သည်
မျက်လုံး အကြည်အိမ် ဝင်းပ
ရင်တွင်း အသည်းအိမ် နုရွ
'တပည့်က ဆရာ့ထက် တော်ရမတဲ့'
'ဆရာ့ထက် တပည့် လက်စောင်းထက်ရမတဲ့'
မိန့်ခဲ့ အမှာစကား
ထားခဲ့ စေတနာတရား
ကောင်းစားတဲ့ တပည့်တွေကို ကြည့်ကြည့်ပြီး
တော်ကြတဲ့ တပည့်တွေကို ကြည့်ကြည့်ပြီး
ပီတိအပြုံးတွေ ဝေပြီးရင်း ဝေ
မုဒိတာ အင်အားတွေ စေပြီးရင်း စေ
တပည့်တွေရဲ့ စားဝတ်နေရေးကိစ္စ
ငွေကြေးက အစ
လူမှုရေးက အစ
ပညာရေးက အစ
ဖေးဖေးမမ နိုင်သမျှဆောင်
အာစရိယ မြင်းမိုရ်တောင်
ဦးဖေမောင်တင်။

ဦးဖေမောင်တင်ဟု ခေါ်သည်
ပါမောက္ခ အရည်အချင်း ပြည့်ဝသူ
မြန်မာလူမျိုး တစ်ယောက်
တစ်သောင်း တစ်ယောက် မပေါ်
တစ်သိန်း တစ်ယောက် မပေါ်
တစ်ခေတ် တစ်ယောက် မပေါ်
လူစားကောက် ရွေးယူလို့မရ

လူပွားဖောက် မွေးမြူလို့မရ
(လုံး၀) တုပလို့ မရနိုင်အောင်ကိုဘဲ
ကဲကဲ လွန်လွန်
စွံစွံ ကျွံကျွံ
ချွန်ခဲ့ရော့လေသလား
ပြိုင်စံရှား ဦးဖေမောင်တင်။

ဦးဖေမောင်တင်ဟု ခေါ်သည်
မြန်မာပြည်သား
အာရှတိုက်သား
တစ်ယောက်အားတည်းနဲ့ သမိုင်းကို ထူထောင်ခဲ့သူ
ကလောင် တစ်ချောင်းတည်းနဲ့
စာပေသစ်လမ်းကြောင်းကို ထွင်းဖောက်သူ
ထိုဂုဏ်ဟူသည်ကား
ကြေးပြားဆိုင်းဘုတ်တွင် ထွင်းထု၍ မရ
အခမ္မလုယူ ချိတ်ဆွဲခွင့် မရ
ဟန်ပြဟန်ဆောင် ထင်မှတ်မှားအောင် လုပ်ခွင့်မရ
သမိုင်းက အတည်ပြု
အပြည်ပြည်ဆိုင်ရာ
ပညာရှင်အစုက ချီးမွမ်း
ရဟန်းရှင်လူ
ပြည်သူပြည်သား အများထုက
တစ်ခဲနက် မြှောက်စား
ကြည်ညိုလေးစား လွမ်းဆွတ်ခြင်း
ချစ်ခင်ခြင်း၊ နှမြောခြင်း
ထာဝရအောက်မေ့ခြင်း အတုမဲ့စွာ
ထိုက်တန်စွာ ရယူသွားသူ

ဆရာကြီး ဦးဖေမောင်တင် ခင်ဗျား
စာပေ သား မြေး တပည့်တစ်ယောက်
(ဆရာကြီးကို အကြောင်းပြု၍)
လန်ဒန် ရောက်ခိုက်
ကဗျာတစ်ပိုဒ် စီကုံး
နှလုံးစိတ်ဝမ်း လှိုက်လှဲတုန်ခါ
ထိခြင်း ငါးဖြာဖြင့်
ပူဇော် ကန်တော့လိုက်ပါ၏။
ပူဇော် ကန်တော့လိုက်ပါ၏။
ပူဇော် ကန်တော့လိုက်ပါ၏။

ကောင်းရာ ဘုံအလွှာမှ
သာဓု ခေါ်နိုင်စေသတည်း။
သာဓု ခေါ်နိုင်စေသတည်း။
သာဓု ခေါ်နိုင်စေသတည်း။

*[School of Oriental and African Studies, University of London တွင် ၁၉၉၈၊ စက်တင်ဘာလ ၁၁ မှ ၁၃ ရက်အထိ ကျင်းပသော 'ဆရာကြီး ဦးဖေမောင်တင် (၁၁၁) နှစ်ပြည့် အမှတ်တရ' အခမ်းအနား၌ ကိုယ်တိုင်ရေးသား ရွတ်ဆိုသည့် ကဗျာ။]*

မောင်သွေးသစ်
စကိုင်သစ်၊ ၁၉၉၉၊ ဇွန်

# စံတိုး ၏
# ဆရာကြီး ဦးဖေမောင်တင်နှင့် နိဗ္ဗာန်လမ်း

၁။

တစ်ခါတစ်ရံ အမှတ်မထင် ကြုံတွေ့ရသော အတွေ့အကြုံတစ်ခုသည် တစ်စုံတစ်ရာသော အသိအမြင်ကို ပေး၏။ တစ်စုံတစ်ရာသော ခံစားမှုကို ဖြစ်စေ၏။ ထိုအသိအမြင် ထိုခံစားမှုမျိုးကို ရံဖန်ရံခါ ထပ်မံသိမြင် ခံစားရသော အခါ ထိုအတွေ့အကြုံမျိုးသည် ရိုး၍သွားကာ စိတ်ထဲ၌ မှတ်မှတ်ရရ မရှိ တော့ဘဲ ရောထွေး၍သွားတော့၏။ အတွေ့အကြုံတစ်ခုသည် ပထမ အမှတ် မထင် တွေ့ကြုံခဲ့ရခြင်း ဖြစ်သော်လည်း ထိုအတွေ့အကြုံကပေးလာသော အသိအမြင်သည် ကျယ်ဝန်းနက်ရှိုင်းလွန်းသည်နှင့်အမျှ ခံစားမှုသည် ပြင်းထန် လွန်း၊ စွဲထင်လွန်းလျှင်ကား အချိန်မည်မျှ ကြာမြင့်ခဲ့စေကာမူ ရင်ထဲ၌ စွဲစွဲမြဲမြဲ ထူးထူးခြားခြား မှတ်မှတ်ထင်ထင် ဖြစ်နေပေတော့သည်။

၂။

ဆရာဇော်ဂျီနှင့် ဆရာကြီးတစ်ဦးတို့ ဦးဆောင်သော ဆရာများက ဆရာကြီး ဦးဖေမောင်တင်အား ဆရာကြီး၏ အသက် ၈၀ ပြည့်သော မွေးနေ့ တွင် ဂါဝရပြုပူဇော်ကန်တော့ကြရန် စီစဉ်ကြ၏။ ထိုပူဇော်ပွဲတွင် ဆရာကြီးအား အမှတ်တရ ထူးထူးခြားခြား လက်ဆောင်တစ်ခုပေးရန်လည်း စိတ်ကူးမိ၏။ ဆရာကြီး၏ ပုံတူပန်းချီကားတစ်ခု ဖြစ်၏။ ထိုအစီအစဉ်ကို တာဝန်ယူ အကောင်အထည်ဖော်ရသူများမှာ စာရေးဆရာ ကျော်အောင်၊ ညွှန့်ကြူးနှင့် မင်းကျော်တို့ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်များမှာ ကျွန်တော်လေးစားခင်မင် ရင်းနှီးသူ များဖြစ်ပြီး အခွင့်ကြုံတိုင်း ကျွန်တော့်အား တာဝန်ပေးတတ်ကြသူများလည်း ဖြစ်၏။ ယခုလည်း ထိုပုံတူပန်းချီကားရေးရန် တာဝန်ကို ကျွန်တော့်အားပင် ပေး၏။ သတင်းကောင်းကို ယူဆောင်လာသူမှာ ကျွန်တော်က 'အစ်ကိုကြီး' ဟု ခေါ်သော စာရေးဆရာ မင်းကျော် ဖြစ်၏။ ယခင် မိုးဝေမဂ္ဂဇင်း အဆောက် အအုံ သမဂ္ဂစာပေတွင် ကျွန်တော်တို့ ဆုံမိသောအခါက ဖြစ်၏။ ကျွန်တော် လည်း ထိုတာဝန်ကို ဝမ်းမြောက်စွာ လက်ခံလိုက်သည်။

၃။

ပုံတူမဆွဲမီ တစ်ရက်တွင် ကျွန်တော့်အား ဆရာကြီးနှင့် မိတ်ဆက်ပေးရန် ဆရာကြီးအိမ်သို့ ခေါ်သွားကြ၏။ ကျွန်တော့်ကို လိုက်ပို့ကြသူများမှာ ကိုကျော်အောင်နှင့် ကိုမင်းကျော်တို့ ဖြစ်၏။ ကျွန်တော့်မှာ ဆရာကြီး၏အိမ် မည်သည့်ရပ်ကွက်တွင် ရှိကြောင်း မသိ။ ထိုစဉ်က တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတည်ရှိရာ မန္တလေးဆောင်မှ တက္ကသိုလ်ဝင်းကိုဖြတ်၍ အင်းလျားလမ်းခုလပ်တွင် ဘယ်ဘက်သို့ ဖဲ့ဆင်းသွားသော လမ်းကြားကလေး တစ်ခုထဲသို့ ချိုးကွေ့လိုက်ကြသည်။ ထိုလမ်းထဲတွင် ခရစ်ယာန် ဘုရားရှိခိုး ကျောင်းတစ်ခု ရှိ၏။ ထိုဘုရားရှိခိုးကျောင်းနှင့် မျက်စောင်းထိုးရှိ အိမ်ငယ် တစ်ဆောင်သို့ ရောက်မှပင် ထိုအိမ်ငယ်သည် ဆရာကြီး ဦးဖေမောင်တင်၏ အိမ်ဖြစ်ကြောင်း သိရတော့သည်။

အိမ်ကလေးမှာ အင်္ဂလိပ်လို 'ကော့တေ့ချ်' ခေါ်ရမည်လား မသိ။ တစ်ထပ် လုံးချင်း ဖြစ်၏။ အိမ်ရှေ့စင်္ကြံကို သံဇကာ ကာထားသည်။ ထိုစင်္ကြံသည်ပင် ဧည့်ခန်းဖြစ်သည်။ သို့ဖြစ်ရာ ဧည့်ခန်းမှာ ကျဉ်း၍ ရှည်မျောမျော ဖြစ်နေသည်။ ပုံစံဟောင်းသော ကုလားထိုင်များချထား၍ ရှေ့တွင် လူတစ်ယောက် လျှောက်ရုံ သာကျန်တော့သည်။ ပါမောက္ခတစ်ဦး၊ ပထမဆုံး မြန်မာလူမျိုး တက္ကသိုလ် ကျောင်းအုပ်ကြီးတစ်ဦး၊ မြန်မာစာပေသမိုင်းတွင် အစဉ်အလာကြီးမားခဲ့သူ ပုဂ္ဂိုလ်တစ်ဦးနှင့် ထိုအိမ်ငယ်ကို ကျွန်တော့်အဖို့ ခက်ခဲစွာ ဆက်စပ်နေရစဉ် မှာပင် ဆရာကြီး ဦးဖေမောင်တင်ကို တွေ့ရလေသည်။

ဆရာကြီးသည် အနည်းငယ် နွမ်းနယ်နေဟန်ရှိသော်လည်း ကျန်းမာ သန်စွမ်းလျက်ရှိ၏။ ဆံပင်များမှာ ဖွေးဖွေးဖြူနေပြီ။ အရပ်အမောင်းကောင်း၍ ခန္ဓာကိုယ်မှာ အရပ်နှင့် လိုက်ဖက်စွာ ဟုတ်ခိုင်သည်။ အသားဖြူ၍ မျက်နှာ ကြည်လင်ပျော့ပျောင်းသည်။ အသံမှာ တိုးညှင်းသော်လည်း အင်အားရှိသည်။

ကျွန်တော့်ကို မိတ်ဆက်ပေးရာ အသိအမှတ်ပြုပြုံး၍ စကားပြောလေ သည်။ ထွေရာလေးပါး စကားကောင်းနေကြစဉ် အတွေ့အကြုံနှင့် ဉာဏ်ပညာ ကြီးမားလှသူ ပုဂ္ဂိုလ်တစ်ဦး၏ ငြိမ်းချမ်းသော အနေအထိုင်၊ အရာရာကို အသင့် အတင့် နှလုံးသွင်းနိုင်မှု၊ ရောင့်ရဲတင်းတိမ်နိုင်မှုတို့ကို ဆရာကြီး၏ ပျော့ပျောင်း သော မျက်နှာပေါ်တွင် ရှာဖွေတွေ့ရှိနေ၏။

၄။

နောက်တစ်နေ့တွင် ပုံဆွဲရန် ကျွန်တော် ရောက်သွားလျှင် ဆရာကြီးကို အိမ်မှာ အဆင်သင့်ပင် တွေ့ရသည်။ ကျွန်တော်တို့ ဧည့်ခန်းမှာပင် အလုပ်လုပ်ကြမည် ဖြစ်၏။ ဆရာကြီးကို ကုလားထိုင်ပေါ်၌ ထိုင်စေကာ ကျွန်တော်က ဆရာကြီး၏ခြေရင်း ကြမ်းပြင်ပေါ်တွင် ထိုင်၍ ရေးဆွဲရန် စီစဉ်သည်။ ဆရာကြီး သက်သာသလိုသာနေရန် ကျွန်တော်က ပြောရာ ဆရာကြီးက 'မင်း အဆင်ပြေအောင်သာလုပ်၊ မင်း အဆင်ပြေအောင် ငါ့ကို ကြိုက်သလို နေခိုင်းပါ' ဟု ပြန်ပြော၏။

ကျွန်တော်သည် အလုပ်လုပ်နေရင်း ဆရာကြီးနှင့် စကားပြောခွင့် ရသည်။

"ဆရာကြီးကို ကျွန်တော် မမြင်ဖူးခင်က အသားညိုလိမ့်မယ်လို့ ထင်မိပါတယ်"

"ဟေ မင်းက ငါ့ကို သိလို့လားကွ"

"ဆရာကြီးအကြောင်းကိုတော့ စာထဲမှာ ဖတ်ဖူးပါတယ်၊ လူကိုယ်တိုင်တော့ ဆရာကြီး အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်နေတဲ့အခါ အဝေးက မသဲမကွဲမြင်ဖူးပါတယ်"

"နေပါဦး၊ မင်းက ဘာကြောင့် အသားညိုလိမ့်မယ်လို့ ထင်ရတာလဲ"

ကျွန်တော်လည်း ကိုယ့်စကားနှင့်ကိုယ် အခက်တွေ့နေကာ ကြံရာမရ ဖြစ်နေရာမှ

"ဆရာကြီးလို ပထမဆုံး မြန်မာလူမျိုး တက္ကသိုလ်ကျောင်းအုပ်ကြီး၊ မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာစာပေကို မြှင့်တင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးမျိုးဟာ ရှေးမြန်မာလူကြီးတွေလိုပဲ အရပ်မြင့်မြင့် အသားညိုညိုနဲ့ ဖြစ်မှာပဲလို့ ထင်မိလို့ပါ"

ဆရာကြီးက ထိုအကြောင်း စကားဆက်မပြောတော့ပေ။ ကျွန်တော့် အလုပ်အကိုင် အဆင်ပြေ မပြေ မေးသည်။ ဆရာကြီးတို့ခေတ်က ပန်းချီလောက အကြောင်းပြောသည်။ ပန်းချီဆရာ ဦးဘဉာဏ်အကြောင်း၊ ပါမောက္ခ ဝါ့ဒ်၊ မစ္စတာ ကင့်ချ် စသည့် ပုဂ္ဂိုလ်များအကြောင်းလည်း ပါသည်။ တက္ကသုလ် လောကအကြောင်းလည်း ပါသည်။ ရယ်လည်း ရယ်ရသည်။ ဗဟုသုတလည်း ရသည်။

ပုံကြမ်းလောင်းပြီး၍ အောက်ခံဆေးသုတ်နေစဉ် ကျွန်တော့်စိတ်ထဲတွင် စိတ်ကူးတစ်ခု ဖျတ်ခနဲ ရမိသည်။ ဆရာကြီး၏ ပုံတူနောက်ခံတွင် ဆရာကြီး အနှစ်သက်ဆုံး အဆောက်အအုံ တစ်ခုခု၊ အရာဝတ္ထု တစ်ခုခုကို ထည့်ရေးရန် ဖြစ်၏။ သို့ဖြင့် ဆရာကြီးအား ကျွန်တော့်စိတ်ကူးကို ရှင်းပြရင်း မည်သည့် အဆောက်အအုံ၊ မည်သည့် အရာဝတ္ထုကို ဆရာကြီး အနှစ်သက်ဆုံး ဖြစ်ပါလဲ ဟုမေးရာ ဆရာကြီးသည် အတန်ကြာ တွေးနေပြီးမှ

"ဒီလိုဆိုရင်ကွာ၊ ပုဂံက ဘုရားတွေမှာ တကယ့်ပုံစံ မုခ်ဝတွေထားတာ မင်းတွေ့ဖူးတယ် မဟုတ်လား၊ ဆရာ အဲဒီ မုခ်ဝပုံတစ်ခု ထည့်ချင်တယ်"

ကျွန်တော့်မှာ ရုတ်တရက် မင်သက်မိသလို ဖြစ်သွားသည်။ ကျွန်တော့် အထင်နှင့် တခြားစီဖြစ်နေသောကြောင့်ပင်။ ဆရာကြီးသည် ပထမဆုံး မြန်မာ လူမျိုး တက္ကသိုလ်ကျောင်းအုပ်ကြီး။ ဆရာကြီးနှင့် တက္ကသိုလ်မှာ ခွဲခြား၍မရခဲ့။ ဆရာကြီးသည် တက္ကသိုလ်အပေါ် သံယောဇဉ်ကြီးသူ ဖြစ်သည်။ တက္ကသိုလ်မှ တပည့်တပန်းတို့အပေါ် သံယောဇဉ်ကြီးသူဖြစ်သည်။ ယခု အသက်အရွယ် ကြီးရင့်၍ တာဝန်များမှ အနားယူနေရသည့်အချိန်မှာပင် တက္ကသိုလ် ပရိဝုဏ် အနီးမှာပင် နေထိုင်လျက်ရှိသည်။ သို့ဖြစ်၍ ကျွန်တော့်မှာ ဆရာကြီး အနှစ် သက်ဆုံးဖြစ်မည် ထင်သည်တို့ကို တစ်မျိုးတွေးထားမိ၏။ ဘွဲ့နှင်းသဘင် အဆောက်အအုံ၊ ယုဒသန်ဆွမ်းစင်၊ သစ်ပုပ်ပင်ကြီး၊ အဓိပတိလမ်းမ စသည်ဖြင့်၊ ယခု ကျွန်တော် ကြားရသည်နှင့် တခြားစီ။

ဆရာကြီးက စကားဆက်သည်။

"အဲဒီမုခ်ဝတွေကို ဘယ်လို အဓိပ္ပာယ်နဲ့ ဘုရားတွေမှာ ဆောက်ထားရ တယ်ဆိုတာ မင်း သိသလား"

ကျွန်တော် မသိပါ။ သို့ဖြစ်၍ ဘာမျှ ပြန်မပြောဘဲ ငြိမ်ဝပ်စွာပင် ဆရာကြီး၏ စကားဆက်ကို စောင့်နေမိသည်။ ဆရာကြီးက ဆက်၍

"ဒီလိုကွ၊ တို့အနေနဲ့ မုခ်ဝလို့ ခေါ်နေပေမယ့် တကယ်တော့ မုခ်ဝ သဘော မဟုတ်ဘူး၊ ဥပမာ ဘုရားဖူးတစ်ယောက်ဟာ ဘုရားကိုလာတော့ ဒီနေရာကို ဖြတ်လာခဲ့ရတယ်၊ ဒီကနေပြီးမှ အာရုံခံကို ရောက်မယ်၊ ဘုရားကို ဝတ်ပြုမယ်၊ ပူဇော်မယ်၊ ပြီးတော့ ဆုတောင်းမယ်၊ ဆုတောင်းတော့ ဘာဆု တောင်းမလဲ၊ နိဗ္ဗာန်ဆုပေါ့၊ ဒီတော့ ဒီအဆောက်အအုံဟာ ဘုရားကို ဝင်လာ

ဖို့သဘောသာ မဟုတ်တော့ဘဲ ဘဝသံသရာက လွတ်မြောက်ရာ နိဗ္ဗာန်ကို သွားဖို့ လမ်းစသဘော၊ ဘဝရဲ့ ဒုက္ခအပေါင်းက လွတ်မြောက်ရာ ထွက်ပေါက် သဘောပဲ”

ဆရာကြီး၏ အသံမှာ ညင်သာလှသည်။ ဆရာကြီး၏ မျက်လုံးအစုံမှာ တောက်ပမှုမရှိဘဲ အဝေးသို့ ငေးနေသည်။ ဆရာကြီး၏ ခန္ဓာကိုယ်မှာ ကျွန်တော့်အနားတွင် ရှိနေသော်လည်း ဆရာကြီး၏ စိတ်ဝိညာဉ်မှာ ဝေးရာ တစ်နေရာသို့ ရောက်နေသကဲ့သို့ပင်။ ဆရာကြီးသည် ထိုစကားကို ပြောနေစဉ် မိမိကိုယ်မိမိ မေ့လျော့နေသည် ထင်သည်။ ဆရာကြီးသည် ထိုမြန်မာမှုတစ်ရပ်ကို မည်သည့်သဘောဖြင့် ရှင်းပြလေသနည်း။ ထိုအဆောက်အအုံကို မည်သည့် စိတ်ကူးဖြင့် အနှစ်သက်ဆုံးပစ္စည်းအဖြစ် ရွေးချယ်ခဲ့ရသနည်း။ ဆရာကြီးသည် မိမိ၏ မြန်မာမှု မြတ်နိုးသည့် စိတ်ဓာတ်ကို ပြသလို၍လော။ ပုဂံမှ မြန်မာ့ အားမာန်ကို ဂုဏ်ယူဝင့်ကြွားလို၍လော။ သို့မဟုတ် ဆရာကြီးဆန္ဒမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုခြင်းပေလော။

၅။

ကျွန်တော်သည် အတွေ့အကြုံတစ်ခုကို အမှတ်ထင်ထင် တွေ့ကြုံခဲ့ရသည်။ ထိုအတွေ့အကြုံကပေးသော အသိအမြင်သည် ကျယ်ဝန်းနက်ရှိုင်းလှသည်နှင့်အမျှ ထိုအတွေ့အကြုံမှ ဖြစ်စေသော ခံစားမှုသည် စူးရှပြင်းထန်လှသည်။ ယခုအခါ ထိုအသိအမြင်၊ ထိုခံစားမှုကို ဖြစ်စေခဲ့သော ပုဂ္ဂိုလ်ကြီး ကွယ်လွန်ခဲ့သည်မှာ ကြာချေပြီ။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီး၏ ညင်သာလှသော အသံလှိုင်းသည် ကျွန်တော့်ရင်ကို ပြင်းထန်စွာ ရိုက်ခတ်နေဆဲပင်တည်း။

**စံတိုး**

ငွေတာရီ၊ ၁၉၇၆၊ ဒီဇင်ဘာလ

# မိုးမျှော် ၃၁ ထပ်တိုက် ဥပမာ

## THE SIMILE OF SKYSCRAPER

*By Professor U Pe Maung Tin*

ကျွန်ုပ်သည် အမေရိကန်ပြည် ချီကာဂိုတက္ကသိုလ်တွင် ပါဠိနှင့် ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်း သင်ကြားပို့ချရန် ဧည့်ပါမောက္ခအဖြစ် ၁၉၅၇–၅၉ ပညာသင်နှစ် ၂ နှစ်တာမျှ ဆောင်ရွက်ခဲ့ရသည်။

ချီကာဂိုတက္ကသိုလ်သို့ အောက်တိုဘာလ ၁ ရက်နေ့ ရောက်ရှိသွားရာ ကျွန်ုပ်ပို့ချရမည့် ဗုဒ္ဓဘာသာအတန်းတွင် ရန်ကုန်တက္ကသိုလ်မှာကဲ့သို့ ကျောင်းသားသစ်များကို မတွေ့ရဘဲ ဘွဲ့လွန်ကျောင်းသားများနှင့် သုတေသနသမားများသာ ပါဝင်ကြောင်း တွေ့ရှိရသည်။ ထို့ထက် ကျွန်ုပ်အဖို့ အံ့အားသင့်ရသည်မှာ ဗုဒ္ဓဘာသာကို စိတ်ပါဝင်စားသော တက္ကသိုလ်ဆရာ နှစ်ယောက်သုံးယောက် ကျွန်ုပ်၏အတန်းတွင် ပါဝင်နေခြင်း ဖြစ်၏။

ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်)တရားကို မူတည်၍ ဟောကြားအပ်သော ဓမ္မစကြာတရားတော်ကား ဗုဒ္ဓကိုယ်တော်တိုင် ပထမဆုံး ဟောပြောပြသည့် တရားဓမ္မဖြစ်၍ ကျွန်ုပ်၏ အတန်းတွင်လည်း ဓမ္မစကြာကပင် စတင်ရပေမည်။ ဓမ္မစကြာကို ပို့ချမည်ဆိုသော် ဆင်းရဲခြင်း၏ သဘောအဓိပ္ပာယ်ကို အခြေခံသိရှိအောင် ရှင်းပြရန်လိုပေမည်။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယ သစ္စံ၊
ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊
မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊
သံ ခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ။

ဤပါဠိတော်ကို ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်းများစွာ အင်္ဂလိပ်လိုဖြစ်စေ၊ မြန်မာလို ဖြစ်စေ ပို့ချခဲ့ပေါင်း များလှပေပြီ။ အခက်အခဲ မရှိခဲ့။

ထိုစဉ်က ကျွန်ုပ်အတန်းများရှိ ကျောင်းသားအားလုံးလိုလိုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အတိုင်း ဗုဒ္ဓတရားကို နားမဝေးကြပေ။ ယခုချီကာဂိုတက္ကသိုလ်တွင်မူ ဆင်းရဲခြင်း၏ အကြောင်းခံ အမှန်တရားများကို တပင်တပန်း အားထုတ်ရှင်းလင်းပြသည့်တိုင်အောင် ဘဝင်မကျနိုင်ဟန် ရှိနေပုံကို တွေ့ရသည်။ သင်ခန်းစာ နှစ်ချိန် သုံးချိန်မျှ ပို့ချပြီးသည်အထိ ဤအတိုင်းပင် ရှိနေကြသေးကြောင်း သူတို့၏မျက်နှာများက အထင်းသား ဖော်ပြနေသည်။ ဤအတွက် ကျွန်ုပ်မှာ စိတ်ပျက်ရ၏။ မိရိုးဖလာ အခြေခံချင်း၊ ယဉ်ကျေးမှု အခြေခံချင်း၊ လူမှုပတ်ဝန်းကျင် အခြေခံချင်း မတူညီကြသည့်အချက်ကို ထည့်သွင်းစဉ်းစားလျက် ရန်ကုန်တက္ကသိုလ်တွင် သင်သလို ချီကာဂိုတက္ကသိုလ်တွင် သင်ကြားရန်မသင့်ဟု ကျွန်ုပ် ကြို၍ မြင်ထားပြီးဖြစ်သဖြင့်လည်း စိတ်ပျက်မိရပြန်၏။ သို့ဖြစ်ရာ ဆင်းရဲခြင်း၏ သဘောတရားများကို အဘယ့်ကြောင့် ကျွန်ုပ်၏ အတန်းသားများ ဘဝင်မကျ ဖြစ်နေကြသည်ကို ကျွန်ုပ် အကြောင်းရှာရတော့မည်။

ကျွန်ုပ် တွေ့ရှိမိသည့် အကြောင်းမှာ ဤသို့ ဖြစ်၏။ သူတို့အဖို့ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း တစ်စုံတစ်ရာ ကြုံလာရလျှင် ထိုဆင်းရဲခြင်းတို့ကို ဖယ်ရှားပစ်ခြင်းဖြင့်သာ ချမ်းသာပျော်ရွှင်မှုကို ရနိုင်သည်ဟု စွဲမြဲယုံကြည်နေကြသည်။ ဥပမာအားဖြင့် သံကို စင်အောင် ချွတ်နိုင်က သံမဏိ ဖြစ်သကဲ့သို့တည်း။

ဤနည်းမှာ သူတို့၏နိုင်ငံ (အမေရိကန်) ကို ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများအနက် ရှေ့တန်းသို့ ရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေသည့်နည်းပင် ဖြစ်သည်။

ယနေ့ ကမ္ဘာတွင် အရာရာကို 'သိပ္ပံပညာ' နည်းအမျိုးမျိုးဖြင့် တိုးတက်အောင် ပြုလုပ်ဖန်တီးနိုင်သည်ဟု သူတို့ ယုံကြည်ကြသည်။ ဤသို့ စွဲမြဲယုံကြည်နေခြင်းကြောင့် ဗုဒ္ဓ ဟောကြားသည့် ဒုက္ခသစ္စာကို တကယ်တမ်းနားမလည်နိုင်အောင် ရှိနေကြခြင်းပင် ဖြစ်သည်။ ဗုဒ္ဓ၏ ဒုက္ခသစ္စာကို သူတို့အနေဖြင့် မည်သို့ အဓိပ္ပာယ်ကောက်ယူနိုင်သည်ကို အောက်တွင် နှိုင်းယှဉ်၍ပြပါမည်။

၁။ **ဇာတိပိဒုက္ခာ**။ ။ အမိဝမ်းတွင်း၌ သန္ဓေတည်နေရခြင်း၊ မွေး ဖွားရခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

အမေရိကန်နိုင်ငံတွင် ဆေးဘက်ဆိုင်ရာ သိပ္ပံပညာသည် ပဋိသန္ဓေနေခြင်း၊ မွေးဖွားခြင်းတို့ကို လွယ်ကူစေလျက်ရှိ၏။ သဘာဝအတိုင်း မွေးဖွားရန် ခဲယဉ်းနေလျှင် မနာမကျင် ခွဲစိတ်၍ မွေးနိုင်ကြပြီ။ ဤနည်းဖြင့် အခက်အခဲကို 'ဖယ်ရှား' ပစ်နိုင်ရာ အဘယ်မှာလျှင် ဆင်းရဲခြင်းဟု ဆိုသင့်ပါသနည်း။ ဤသို့ သူတို့ မြင်နေကြဟန်တူသည်။

၂။ **ဇရာပိဒုက္ခာ**။ ။ အိုမင်းရင့်ရော်ရခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

သူတို့နိုင်ငံတွင် 'လူ့ဘဝအစ အသက် ခုနစ်ဆယ်က' ဟု ဆိုရိုးပြု ကြ၏။ မြန်မာနိုင်ငံမှာကဲ့သို့ 'မြန်မာအို ကျောင်းကြို ကျောင်းကြား' ဟု မယုံကြည်ကြပေ။ သူတို့ဆီက အသက် ခုနစ် ဆယ် လူကြီးများသည် လူငယ်နှင့်မခြား သွားလာလှုပ်ရှားကြ၊ စားကြသောက်ကြ၊ လုပ်ကြကိုင်ကြလျက်ပင် ရှိသည်။ လူငယ်များ တွင် အသင်းအဖွဲ့များ ရှိသလို လူကြီးကလပ်များဖွဲ့၍ ပျော်ပျော် ရွှင်ရွှင် နေတတ်ကြသည်။ ထို့ကြောင့် အိုမင်းရင့်ရော်ခြင်းကို ဆင်းရဲသည်ဟု မမှတ်ယူကြပေ။

၃။ **ဗျာဓိပိဒုက္ခော**။ ။ နာရခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

အထက်တွင် ဆိုခဲ့သည့်အတိုင်း နာခြင်း၊ ဖျားခြင်းတို့ကို ပျောက်ကင်းအောင် ကုသနိုင်သည့် ဆေးပညာသည် သူတို့နိုင်ငံ တွင် အထူးတိုးတက်နေသည် မဟုတ်လော။ ကုသ၍ မရနိုင်သော ရောဂါအချို့ ယနေ့ ရှိနေသေးသော်လည်း တစ်နေ့တွင် ဤရောဂါ မျိုးကို ပျောက်အောင် ကုနိုင်သည့် သိပ္ပံနည်းများ တွေ့ရှိလာရ မည်ဟု စိတ်ချစွာ မျှော်လင့်ထားကြ၏။ သို့ဖြစ်ရာ နာခြင်းကို လည်း ဒုက္ခဟု မမြင်ကြတော့ချေ။

၄။ **မရဏမ္ပိဒုက္ခံ။** ။သေခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

သူတို့အဖို့ ယခုဘဝသည် နောက်ဆုံးဘဝပင် ဖြစ်၏။ သေခြင်း အခြားမဲ့၌ ကောင်းကင်ဘုံသို့ သွားရဖို့သာ ရှိသည်။ ထိုကဲ့သို့ သေခြင်းကို ကောင်းကင်ဘုံ တံခါးဖွင့်ခြင်း ဖြစ်သည်ဟု ယုံကြည်နေသူများအား သေခြင်းသည် ဆင်းရဲ၏ဟု ရှင်းပြရန် မလွယ်ကူပေ။

၅။ **အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။** ။မချစ်မနှစ်သက်သော သူတို့နှင့်အတူတကွ ပေါင်းသင်းနေထိုင်ရခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

သူ့အဖို့ မချစ်မနှစ်သက်သူတစ်ဦးနှင့် ဆက်လက်နေထိုင်ရန် မလိုပေ။ အမြန်ဆုံး ခွဲခွာကြဖို့သာ ရှိသည်။ မချစ်သူကို အမြန်ဆုံးကွာ၍ ချစ်သူတစ်ယောက်အစား အမြန်ဆုံးရှာ၍သာ ပြဿနာကို ဖြေရှင်းလျက်ရှိကြသည်။ 'သဘော်ဆိပ် တစ်ခုရောက်၊ ချစ်သူ တစ်ယောက်ထား' ဆိုသော သင်္ဘောသားကဲ့သို့ သူတို့သည် အချစ်ကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားကြသည်။ ဟောလိ ဝုဒ်မှာဆိုလျှင် လင်မယား ကွာရှင်းပြတ်စဲခြင်းသည် ရိုးလျက်နေချေပြီ။ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်းကို စိတ်ညစ်နေရန် မလိုဟု သူတို့အနေဖြင့် မှတ်ယူကြ၏။

၆။ **ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။** ။ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

၇။ **ယံမ္ပိစ္ဆံ နလဗ္ဘတိ ဒုက္ခံ ။** ။လိုချင်တောင့်တအပ်သည်ကို မရခြင်းသည် ဆင်းရဲ၏။ (ဗုဒ္ဓ)

သူတို့နိုင်ငံတွင်မူ လူနေမှုအဆင့်အတန်း အလွန်မြင့်၏။ လူ ၃ ယောက်လျှင် ကားတစ်စီး ရှိနေကြသည်။ အကြံကောင်းလျှင် ကြိုးစားလျှင် သန်းကြွယ်သူဌေး နေ့ချင်းညချင်း ဖြစ်လာ

နိုင်သည်။ လိုချင်စရာဟူသမျှကို တစ်နေ့မရ တစ်နေ့ရရမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် လိုချင်တောင့်တသည်ကို မရသော ဆင်းရဲခြင်းကို ဘဝင်မကျနိုင်ခြင်း ဖြစ်မည်။

အထက်ပါအကြောင်းများသည် ကျွန်ုပ်၏ ဗုဒ္ဓဘာသာအတန်းမှ အတန်းသားများ အဘယ်ကြောင့် ဆင်းရဲခြင်း၏ သဘောတရားကို လက်ခံနားလည်နိုင်ခြင်း မရှိသည့် အခြေခံအကြောင်းများပင် ဖြစ်သည်။ သူတို့နားလည်အောင် ရှင်းပြရန် ကျွန်ုပ် ထင်သလောက် မလွယ်ကူချေ။ အကယ်၍သာ လူ့ဘဝကို သူတို့နိုင်ငံတွင် မြင်တွေ့နေကျ မိုးမျှော်တိုက်ကြီးမျိုးနှင့် ထင်ဟပ်၍ ရှင်းပြနိုင်ပါက ယခု သင်ပြနည်းထက် ပို၍ အောင်မြင်မည်ဟု ကျွန်ုပ် စဉ်းစားမိ၏။ ဤနည်းကို ပထမဆုံး အသုံးပြုရန် မကြာမီ အခွင့်အလမ်းတစ်ခု ပေါ်လာပါသည်။ ၁၉၅၈ ခု၊ မတ်လတွင် ဘတ်(က)နဲလ်တက္ကသိုလ်မှ ကျွန်ုပ်အား ဗုဒ္ဓဘာသာအကြောင်း ဟောပြောရန် ဖိတ်ကြားလာသဖြင့် နှစ်ကြိမ် သွားရောက် ဟောပြောရသည်တွင် အဆိုပါ မိုးမျှော်တိုက်ကြီး ဥပမာကို အသုံးပြုခဲ့သည်။ ဘတ်(က)နဲလ် တက္ကသိုလ်တွင် ဟောကြားချက် အကျဉ်းချုပ်မှာ ဤသို့ဖြစ်၏။

"မိတ်ဆွေတို့....ဒီကနေ့ ကျွန်တော် မိတ်ဆွေတို့ကို ဥပမာတစ်ခုနဲ့ ထင်ဟပ်ပြီးတော့ ဗုဒ္ဓဟောကြားတဲ့ ဒုက္ခသစ္စာ (ဆင်းရဲခြင်း အမှန်အကြောင်းတရား)ကို ပေါ်လွင်အောင် ရှင်းပြသွားပါမယ်၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများအနေနဲ့ ဒီစကြဝဠာကြီးမှာ ဘုံပေါင်း ၃၁ ဘုံ ရှိပါတယ်၊ ကျွန်တော်တို့လူသားများရှိနေတဲ့ လူ့ဘုံဟာ ၃၁ ဘုံရဲ့ ပဥ္စမဘုံ ဖြစ်တယ်၊ လူ့ဘုံရဲ့အောက်မှာ ငရဲသားတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသူရကယ်တွေ ရှိနေတဲ့ အပါယ်လေးဘုံရှိတယ်၊ လူ့ဘုံရဲ့အထက်မှာတော့ နတ်ပြည် ၆ ဘုံနဲ့ သူ့အထက်မှာ အမြင့်ဆုံး ဗြဟ္မာ့ဘုံအသီးသီးမှာ သူ့ကာလ အပိုင်းအခြားနဲ့ စံစရာရှိရင် စံ၊ ခံစရာရှိရင် ခံပြီး အဖန်တလဲလဲ ဘဝအမျိုးမျိုးနဲ့ ဘုံအမျိုးမျိုးမှာ အသစ်အသစ်ဖြစ်နေရတဲ့ အစဉ်ကြီးကို သံသရာလို့ ခေါ်တယ်။

ဒီသံသရာကြီးဟာ ဘယ်လောက် ရှည်လျားသလဲဆိုတော့ ရေးရေးထင်မြင်လာအောင် သင်တို့ရဲ့ လက်ရှိဘဝကနေပြီး ရှေ့ဘဝတွေကို မျှော်ကြည့်

စမ်းပါ၊ ဘဝအသစ် အသစ်တွေ ဖြစ်ပြီးရင်း ဖြစ်ရင်းနဲ့ ဆင်းရဲမှု တာရှည် သလောက် သံသရာကြီးဟာလည်း ရှည်လျားနေတာကို မှန်းဆနိုင်ကြလိမ့်မယ်၊ မိတ်ဆွေတို့ ထင်လွယ်မြင်လွယ်အောင် ဒီမှာရှိတဲ့ မိုးမျှော်တိုက်ကြီးတစ်ခုနဲ့ ထင်ဟပ်ပြီး ပြပါမယ်၊ စောစောက ပြောခဲ့တဲ့ ၃၁ ဘုံကြီးဟာ ၃၁ ထပ်တိုက် ကြီးတစ်တိုက် ဆိုပါတော့၊ သည် ၃၁ ထပ်တိုက်ကြီးထဲ ရောက်နေတဲ့သူတွေ အတွက် ထွက်စရာ တံခါးပေါက် မရှိပါဘူး၊ ဒီတိုက်ကြီးအတွင်းမှာပဲ အထပ်တစ်ခုခုကို သွားလို့ရပါတယ်၊ ဘယ်လိုသွားမလဲ၊ ရိုးရိုး မိုးမျှော်တိုက် ကြီးထဲမှာတော့ သက်ဆိုင်ရာ ခလုတ်ကိုနှိပ်ပြီး သွားရတယ်၊ အောက်ထပ် ဆင်းချင်ရင် အောက်ထပ်ခလုတ်ကို နှိပ်ရတယ် မဟုတ်လား၊ ၃၁ ဘုံနဲ့ တူတဲ့ ၃၁ ထပ်တိုက်ကြီးထဲမှာတော့ ရိုးရိုး တိုက်ကြီးတွေထဲမှာ ခလုတ်နှိပ် ရတာလို မလွယ်ဘူး၊ ကာယကံရှင်ရဲ့ ကောင်းမှုကံ၊ မကောင်းမှုကံ ဆိုတဲ့ အကျိုးဆက် အတိုင်းသာ ကောင်းတဲ့အထပ်၊ ဆိုးတဲ့အထပ်တွေကို ရောက်ရ တယ်၊ ကိုယ်ရောက်ချင်တိုင်း ရောက်လို့ မရဘူး။

ကျွန်တော်တို့ အခုရောက်နေတဲ့ အထပ်ဟာ ဒီ ၃၁ ဘုံ ဆိုတဲ့ တိုက်ကြီးရဲ့ ပဥ္စမထပ် ဖြစ်တဲ့အကြောင်း ပြောခဲ့ပါတယ်၊ သည်အထက်ကနေပြီး ကျွန်တော်တို့ သေသွားပြီးနောက် အထက်ကို ဖြစ်စေ၊ အောက်ကို ဖြစ်စေ၊ လက်ရှိ အထပ်မှာပဲအသွင်တစ်မျိုးနဲ့ဖြစ်စေ ကူးပြောင်းရဦးမှာပါ၊ သည်တစ်ခါ မှာ ကောင်းတာလုပ်ခဲ့သူအဖို့ ကောင်းတဲ့နေရာကိုရောက်ပြီး ဆိုးတာလုပ်ခဲ့သူ အဖို့တော့ ဆိုးတဲ့နေရာကို ရောက်မှာ ဖြစ်ပါတယ်၊ အသွင်တစ်မျိုးနဲ့ သို့မဟုတ် ပို၍ ကောင်းတဲ့အသွင်၊ ယုတ်ညံ့သွားသော အသွင်တစ်ခုခုနဲ့ နတ်ဆိုရင်လည်း နတ်ဘုံမှာပဲ ပြန်ရောက်၊ လူဆိုရင်လည်း လူ့ဘုံမှာပဲ ပြန်ရောက်၊ တိရစ္ဆာန် ဆိုရင်လည်း တိရစ္ဆာန် တစ်မျိုးမျိုးမှာပဲ ပြန်ဖြစ်ဆိုတာမျိုးလည်း ရှိနိုင်ပါတယ်၊ ဒါပေမဲ့ သည် ၃၁ ထပ်တိုက်ကြီးထဲကတော့ ထွက်လို့မရပါဘူး၊ သည်အတွင်း မှာပဲ ဟိုနေရာရောက် သည်နေရာရောက် အဖန်တလဲလဲ ရောက်နေရတာပါ။

ကဲ သည်လိုဆိုရင် မိတ်ဆွေတို့အနေနဲ့ သည်လိုအကျဉ်းထောင်နဲ့တူတဲ့ ၃၁ ထပ်တိုက်ကြီးထဲက မထွက်ဘဲ ဘယ်လောက်ကြာကြာ နေနိုင်ကြမလဲ၊ သည်တိုက်ကြီးထဲမှာ ဘယ်လောက် ပျော်ပျော်ရွှင်ရွှင် နေရနေရ စားချင်တာ စားရ၊ လုပ်ချင်တာ လုပ်ရဦးတော့ (ငါဟာ သည်တိုက်ကြီးထဲမှာ အကျဉ်းခံ

နေရပါကလား)လို့ သိလာတာနဲ့ တစ်ပြိုင်နက် သည်သာယာမှုတွေကို နှစ်သက်နိုင်ပါတော့မလား၊ သည်လိုပဲနေသွားချင်မလား၊ နေသွားလို့ရမလား စဉ်းစားကြည့်ကြစမ်းပါ၊ သတ္တဝါတိုင်းဟာ ကိုယ်သွားချင်တဲ့ နေရာကို သွားနိုင်တဲ့ လွတ်လပ်ခွင့်ကိုသာ ရရှိလိုတယ် မဟုတ်လား၊ ဒါကြောင့် မလွတ်လပ်တဲ့ဘဝမှာ နေရတဲ့ သာယာမှုတွေဟာ တကယ်ဆိုတော့ ဆင်းရဲမှုတွေပါပဲ၊ သည်လို သဘောပေါက်ထားရင် သံသရာကြီးမှာ ဘဝအသစ် အသစ်တွေ အဖန်တလဲလဲ ဖြစ်ပေါ်နေသမျှ ကောင်းတဲ့ဘဝရောက်ရောက်၊ ဆိုးတဲ့ဘဝရောက်ရောက် ဆင်းရဲခြင်းပဲလို့ မြင်လာနိုင်ပါတယ်။ သည်အကြောင်းကို ထွက်ပေါက်မရှိတဲ့ ၃၁ ထပ်တိုက်ကြီး ဥပမာနဲ့ ထင်ဟပ်ကြည့်ကြဖို့ပါပဲ၊ ဒါဟာ ဗုဒ္ဓ ဆိုလိုတဲ့ ဆင်းရဲခြင်း အမှန်တရားပါပဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုတဲ့ မှတ်သားလို့ရအောင် အမည်တပ်ထားတဲ့ ဝေါဟာရတွေအရ မွေးဖွားရခြင်း ဆင်းရဲ၊ အိုရ နာရ သေရခြင်း ဆင်းရဲဆိုတာတွေကို သာမန်အားဖြင့် နားလည်ထားတာထက် အခု ကျွန်တော် ရှင်းပြခဲ့တဲ့ တရားကိုယ်သဘောကို ရှုကြည့်မှသာ ဆင်းရဲမှုအမှန်တရားကို ရိပ်စားမိကြမှာ ဖြစ်ပါတယ်၊ အခု ပြောခဲ့တာတွေဟာ ဗုဒ္ဓတရားရဲ့ မူလအခြေခံအကြောင်းဖြစ်တဲ့ ဆင်းရဲခြင်း အမှန်တရား (ဒုက္ခသစ္စာ) ရဲ့ သဘောပါပဲ။

အားလုံး သစ္စာတရား လေးပါး ရှိပါတယ်၊ ဒီသစ္စာတရား လေးပါးကို တကယ်တမ်း မသိကြလို့၊ မကျင့်နိုင်ကြလို့ သတ္တဝါတွေဟာ ဘဝအသစ်အသစ်တွေကို တွယ်တာပြီး သံသရာကြီးထဲမှာ တပင်တပန်း ပြေးလွှားကျင်လည်နေကြရရှာတယ်ဆိုတာ ဗုဒ္ဓက သိတော်မူတဲ့အတွက် ဗုဒ္ဓ ပထမဆုံး ဟောပြောပြသတဲ့ ဓမ္မစကြာ တရားတော်မှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာလေးပါးကို ထည့်သွင်းညွှန်ပြထားခြင်း ဖြစ်ပါတယ်၊ ဒီသစ္စာလေးပါးကို ကျွန်တော် ရှင်းပြပါမယ်။

၁။ **ဒုက္ခသစ္စာ။** ။ မွေးဖွားခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ ဝမ်းနည်းရခြင်း၊ ပူပန်ရခြင်း၊ နာကြည်းရခြင်း၊ ကြေကွဲရခြင်း ဆင်းရဲနှင့် လိုချင် တောင့်တရာမရ၍ ဤဆင်းရဲခြင်း ဆိုပြီး အချုပ်အားဖြင့် ဆင်းရဲခြင်း အကြောင်းတရား ငါးမျိုးကို ဒုက္ခသစ္စာလို့ ခေါ်ပါတယ်။

၂။ **သမုဒယသစ္စာ။** ။ ဆင်းရဲခြင်း၏ အကြောင်းဖြစ်တဲ့ တပ်မက်တွယ်တာမှု အမှန်တရား ဖြစ်တယ်၊ ဒီတရားသဘောဟာ ဆင်းရဲခြင်းကို ဧကန်ဖြစ်စေတယ်လို့ ဗုဒ္ဓက ညွှန်ပြတယ်၊ ဘဝအသစ်၌ တစ်ဖန်ဖြစ်ရန် တပ်မက်တွယ်တာခြင်း၊ တဏှာလောဘနှင့် ယှဉ်၍ဖြစ်စေ၊ ရာဂနှင့် ယှဉ်၍ဖြစ်စေ တပ်မက်တွယ်တာခြင်းမျိုးတွေဟာ သမုဒယသစ္စာဆိုတဲ့ အမှန်တရားတစ်ခုပဲ ဖြစ်တယ်။

၃။ **နိရောဓသစ္စာ။** ။ ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်ကြောင်း သိအပ်၊ မြင်အပ်တဲ့ အမှန်တရားကို ခေါ်ဆိုခြင်း ဖြစ်တယ်၊ တဏှာလောဘကို ပယ်နိုင်ဖို့၊ စွန့်နိုင်ဖို့၊ ခွာနိုင်ဖို့၊ ဖြတ်တောက်နိုင်ဖို့ သိမြင်အားထုတ်အပ်တဲ့ အမှန်တရားလို့ ဆိုလိုပါတယ်။

၄။ **မဂ္ဂသစ္စာ။** ။ သည် မဂ္ဂသစ္စာ ဆိုတဲ့ အမှန်တရားကတော့ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ဆိုလိုပါတယ်။ တစ်နည်းပြောရရင် ၃၁ ဘုံက ထွက်မြောက်ရာ လမ်းပါပဲ၊ သည်ကျင့်စဉ်မှာပါရှိတဲ့ လမ်းရှစ်သွယ်ကတော့ ကောင်းစွာသိမြင်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ ပြုခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်းနှင့် ကောင်းစွာ တည်ကြည်ခြင်းတို့ပဲ ဖြစ်ပါတယ်၊ မဂ္ဂင်ရှစ်ပါးလို့လည်း ခေါ်ပါတယ်။

နောက်ဆုံးပြောခဲ့တဲ့ မဂ္ဂင်ရှစ်ပါးကို အစု သုံးစု ခွဲလို့ရပါတယ်။ ပညာ၊ သိက္ခာနဲ့ သမာဓိ ဆိုတဲ့ အစု သုံးစု ဖြစ်ပါတယ်။ ပထမ အစုမှာပါတဲ့ လမ်းနှစ်သွယ်ကတော့ ကောင်းစွာ သိမြင်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒုတိယအစုမှာ ပါတာကတော့ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ ပြုလုပ်ခြင်း၊ ကောင်းစွာ အသက်မွေးခြင်း ဆိုတဲ့ ကျင့်စဉ်သုံးမျိုး ဖြစ်ပါတယ်။ တတိယအစုမှာ ပါတာကတော့ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း ဆိုတဲ့ စူးစိုက်ခြင်း သုံးမျိုးပဲ ဖြစ်ပါတယ်။

ဗုဒ္ဓက သည် မဂ္ဂင်ရှစ်ပါး ကျင့်စဉ် ရှစ်မျိုးကို အလယ်အလတ် ကျင့်စဉ်လို့ ညွှန်ပြခဲ့တယ်၊ အလယ်အလတ်ကျင့်စဉ်လို့ ဆိုရတဲ့ အကြောင်းကတော့ သည်လမ်းစဉ်ဟာ အစွန်းနှစ်ဖက်ကို ရောက်အောင်မသွားဘဲ အစွန်းနှစ်ဖက်ကို ပယ်ဖို့ပါပဲ။ ဘယ်လို အစွန်းတွေပါလဲ။ အစွန်းတစ်ခုကတော့ လောကကြီးရဲ့ သာယာမှုတွေမှာ နစ်မြုပ်ပြီး သံသရာက လွတ်ရာလွတ်ကြောင်းကို မေ့လျော့နေခြင်း ဆိုတဲ့ အစွန်းတစ်ဖက်၊ တစ်ဖက် အစွန်းတစ်ခုကတော့ မိမိကိုယ်မိမိ အလွန်အကျူး ညှဉ်းပန်းနှိပ်စက်ပြီး လောကကြီးက စွန့်ခွာနိုင်ဖို့ ကြိုးစားနေတဲ့ အစွန်းဖြစ်တယ်။ သည်နှစ်ပါးမှာ ပထမအစွန်းဟာ လောကအာရုံတွေကို အလွန်အကျူး ခင်တွယ်နေတဲ့အတွက် သည်လောကကြီးက မလွတ်မြောက်နိုင်ဘူး၊ ကာမ ချမ်းသာခြင်းကိုသာ အဖန်တလဲလဲ ခံစားခြင်းဖြစ်လို့ ဗုဒ္ဓက ငြင်းပယ်ပါတယ်။ ဒုတိယအစွန်းကတော့ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်ပြီး သည်လောကကြီးက လွတ်မြောက်အောင် မဆောင်ရွက်နိုင်တဲ့အတွက် ဗုဒ္ဓက ပယ်ခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓက အထက်မှာ ပြောခဲ့တဲ့ မဂ္ဂင်ရှစ်ပါးကို အလယ်အလတ်ကျင့်စဉ်လို့ ညွှန်ပြခြင်း ဖြစ်တယ်၊ ဒုက္ခကို ချုပ်ငြိမ်းအောင် ပြုလုပ်တဲ့နည်းကို လက်တွေ့ဥပမာနဲ့ ပြောရရင် အနာရောဂါတစ်ခုကို ပျောက်ကင်းအောင် ရောဂါရဲ့ အကြောင်းအရင်းကိုရှာပြီး သည်ရောဂါနဲ့ ကိုက်ညီမယ့် ဆေးဝါးကို အသုံးပြု ကုသရတဲ့ ဥပမာပါပဲ၊ ဒုက္ခဟာ ရောဂါ ဆိုပါတော့၊ ရောဂါဖြစ်ရခြင်း အကြောင်းအရင်းကို သိအောင် လုပ်ရသလို ဒုက္ခ ဖြစ်ရာဖြစ်ကြောင်း၊ တပ်မက်တွယ်တာမှုတွေကို တွေ့အောင် ရှာရပါတယ်၊ သိအောင်မြင်အောင် လုပ်ရပါတယ်။ တွေ့ပြီဆိုတော့ အနာရောဂါတစ်ခုကို ပျောက်ကင်းနိုင်မယ့်ဆေးကို ရှာဖွေရသလို ဆေးနဲ့တူတဲ့ နည်းလမ်းကို ရှာရပါတယ်။ နောက်ဆုံး သည်ဆေးနဲ့ပျောက်အောင် ကုရသလို ဒုက္ခမှ လုံးလုံးလျားလျား လွတ်မြောက်အောင် သွားနိုင်တဲ့ အကျင့်ကို လက်တွေ့ကျင့်ရပါတယ်။ သည်အကျင့်ကို အထက်က ပြောခဲ့တဲ့အတိုင်း အလယ်အလတ် အကျင့်လို့ ခေါ်ပြီး လမ်းရှစ်လမ်း ပါဝင်ကြောင်း ညွှန်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဒီမျှဆိုရင် ဗုဒ္ဓဟာ သတ္တဝါများအပေါ် အဘယ်မျှလောက် ကရုဏာကြီးမားတော်မူတယ်ဆိုတာ မိတ်ဆွေတို့ စဉ်းစားလို့ ရလောက်ပြီထင်ပါတယ်။

သည်ဘ၀ကနေပြီး အဖန်တလဲလဲ ဆင်းရဲကျင်လည်နေရမယ့် သံသရာမှ လွတ်မြောက်ရာလမ်းကို ဗုဒ္ဓက ညွှန်ပြတော်မူခဲ့ပါတယ်။"

ကျွန်ုပ် ပို့ချခဲ့သည့် ဗုဒ္ဓဘာသာအကြောင်း ဟောပြောချက်မှာ အထက်ပါအတိုင်းပင် ဖြစ်သည်။ နောက် ခြောက်လခန့်ရှိသောအခါ ဘဲလွိုက်ကောလိပ်မှ တစ်ဖန် ဖိတ်ကြားပြန်ရာ ဤအတိုင်းပင် မိုးမျှော် ၃၁ ထပ်တိုက်ဥပမာကို ဆောင်၍ ဟောပြောခဲ့ပြန်သည်။ ဤအကြိမ်တွင် ဘတ်(က)နဲလ်တက္ကသိုလ်မှာ ဟောစဉ်ကထက် ပို၍အောင်မြင်၍ ကျွန်ုပ် ဟောပြောအပြီးတွင် ပရိသတ်ထဲမှ ကိုယ်တိုင်ထွက်၍ ချီးကျူးသူများပင် တွေ့ရသည်။ သူတို့သဘောပေါက်အောင် ဟောပြောနိုင်ခြင်းမှာ ၃၁ ဘုံကို ၃၁ ထပ် မိုးမျှော်တိုက်ကြီး ဥပမာနှင့် ထင်ဟပ်ပြောခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်သည် ဗုဒ္ဓဘာသာအကြောင်း ဟောပြောသင်ကြားပို့ချဆွေးနွေးရန် အကြောင်းပေါ်တိုင်း ဤဥပမာကိုပင် လက်သုံးပြုပါတော့သည်။ ဟောပြောပွဲတစ်ခု၌မူ ပရိသတ်ထဲမှ "ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ဖြစ်ချင်ပါတယ် ဆရာကြီး" ဟုပင် ထပြောသူများ ပေါ်ပေါက်လာသဖြင့် ကျွန်ုပ်အဖို့ ကြည်နူးမိခဲ့ရပါကြောင်း။

## စာရေးသူ

ဤဆောင်းပါး ရေးသားသူပါမောက္ခ ဦးဖေမောင်တင်သည် နှစ်ပေါင်းများစွာ စာပေပညာရှင်ကြီးအဖြစ် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ပြီး ၁၉၇၇ ခု၊ မတ်လ ၂၁ ရက်နေ့ အသက် ၈၅ နှစ်တွင် ကွယ်လွန်ခဲ့ပေသည်။ ဆရာကြီးသည် အသက် ၂၄ နှစ် အရွယ်ကစ၍ ရန်ကုန်ကောလိပ် (နောင်တွင် ရန်ကုန်တက္ကသိုလ် ပါဠိပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သော ထက်မြက်ခဲ့သည့် ပညာရှင်တစ်ဦး ဖြစ်ပါသည်။

၁၉၂၀ ခုနှစ်တွင် အောက်(စ်)ဖို့ဒ် တက္ကသိုလ်သို့ တက်ရောက်ခဲ့စဉ် အဋ္ဌသာလိနီ ပါဠိတော် နှစ်တွဲကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။ (The Expositor) ဟု စာအုပ်အမည်ပေးခဲ့သည်။ ဝိသုဒ္ဓိမဂ် ပထမတွဲကို အင်္ဂလိပ်ဘာသာ (The path Purity) ဟု အမည်ပေးလျက် ထိုအချိန်တွင်ပင်

ပြန်ဆိုပြီးစီးခဲ့သည်။ ဝိသုဒ္ဓိမဂ်နှင့် နှစ်တွဲ ကျန်ရှိနေသည်ကို ၁၉၂၈ ခုနှစ်နှင့် ၁၉၃၁ ခုနှစ်တွင် အသီးသီး အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့လေသည်။ ယင်းစာအုပ်များကို လန်ဒန် ပါဠိအသင်းကြီးမှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဆရာကြီးသည် မြန်မာစာပေနှင့် မွန်စာပေကို မိမိရရ နှံ့စပ်သိမြင်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ပါမောက္ခ မစ္စတာလုစ်နှင့် တွဲဖက်၍ သုတေသနစာပေ အများအပြား ပြုစုခဲ့ရာ ၁၉၂၃ ခုနှစ်တွင် 'မှန်နန်းရာဇဝင်တော်ကြီး' ကိုလည်းကောင်း၊ ၁၉၃၅–၃၆ တွင် 'မြန်မာနိုင်ငံ ရှေးဟောင်းကျောက်စာများ' ကိုလည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဗိုလ်မှူးဘရှင်တို့နှင့် စာစောင် အသီးသီးတွင် ဆရာကြီး၏ စာတမ်းအများအပြားကို ဖတ်ရှုခဲ့ကြရပေသည်။ နိုင်ငံတာဝန်မှ အငြိမ်းစားယူပြီးနောက်ပိုင်း ဆရာကြီး ရေးသားခဲ့သည်များအနက် (Buddhist Devotion and Meditation) အမည်ရှိ ကျမ်းတစ်ကျမ်းလည်း ပါဝင်သည်။

ဆရာကြီးသည် ဇရာဒုဗ္ဗလ အရွယ်ပိုင်း၌ ကာလရှည်ကြာစွာ သူ အမှုထမ်းခဲ့သည့် တက္ကသိုလ်အနီးရှိ အိမ်ကလေးတစ်လုံးတွင် ဆရာကြီးကတော်နှင့်အတူ ရောင့်ရဲစွာပင် အေးအေးချမ်းချမ်း နေထိုင်သွားရှာသည်။ ဆရာကြီး ကွယ်လွန်ခြင်းမှာ ဗုဒ္ဓဘာသာ လေ့လာလိုက်စားသည့် ပုဂ္ဂိုလ်တစ်ဦး ဆုံးရှုံးရခြင်းပင် ဖြစ်သည်။ စိတ်အားတက်ကြွဖွယ်ရာ၊ ကြည်လင်ချမ်းမြေ့ဖွယ်ရာ ကောင်းလှသည့် ဆရာကြီးအား တပည့်အများ၊ မိတ်ဆွေအများကလည်း နှမြောတသကြပေသည်။

အထက်ပါ ဆောင်းပါးမှာ ဆရာကြီး မကွယ်လွန်မီကလေးတွင် ရေးသားသွားသည့် ဆောင်းပါးဖြစ်ရာ သူ၏ဆောင်းပါးကို သူကိုယ်တိုင် ဖတ်ရှုသွားခွင့် မရရှာတော့ပေ။

ရွှေလမ်းငွေလမ်း၊ အမေရိကန်–မြန်မာ ဆက်ဆံမှုမှတ်တမ်း
ရန်ကုန်၊ အမေရိကန် ပြန်ကြားရေးဌာန၊ ၁၉၈၀။

ညိုမြ (ဘာသာပြန်)

■

## မြကေတု ၏

# ဘာသာခြားတစ်ဦး၏ မဂ္ဂင်ရှစ်ပါးတရား

ကမ္ဘာစစ် ပြီးစီးခဲ့၍ တိုင်းပြည်ငြိမ်သက်အေးချမ်းစ ပြုလာသည်နှင့် တစ်ပြိုင်နက် ရန်ကုန်တက္ကသိုလ်မှာလည်း ၁၉၄၆ ခုနှစ် အချိန်အခါကစပြီး အခက်အခဲတွေ အမျိုးမျိုးကြားမှ ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျွန်တော်သည် မန္တလေးတက္ကသိုလ်သို့ရောက်ပြီး မြန်မာစာ ဌာနမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်လျက် ရှိနေပါသည်။ ထိုအချိန်အခါ အထိ ကျွန်တော်၏ ဆရာကြီး ဦးဖေမောင်တင်ကို ကျွန်တော် မတွေ့ရှိရ သေးပါ။ ဆရာကြီးသည် စစ်ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် အမေရိကန်ရှိ ချီကာဂိုတက္ကသိုလ်တွင် ဧည့်သည် ပါမောက္ခအဖြစ် ဖိတ်ခေါ်ခန့်ထားခြင်းကို ခံရပြီး ဗုဒ္ဓစာပေများကို ပို့ချနေသည်ဟု သိရပါသည်။ ဆရာကြီးသည် ဝိသုဒ္ဓိမဂ်၊ ပဋိစ္စသမုပ္ပါဒ်၊ ဓမ္မစကြာကျမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ခဲ့သောကြောင့် အမေရိကန် တက္ကသိုလ်များက အလွန်လေးစားကြပါသည်။

အမေရိကန်တွင် ၂ နှစ်ခန့် ဗုဒ္ဓကျမ်းစာများကို ပို့ချရင်း ပြည်နယ် အရပ်ရပ်က ဖိတ်ကြားသဖြင့် ဗုဒ္ဓဘာသာ တရားများကို ဟောပြောခဲ့ရသည်ဟု သိရပါသည်။ ဤသို့ ဟောပြောရှင်းလင်းပြသဖြင့် အချို့သော အမေရိကန်သား များသည်ပင် ဗုဒ္ဓဘာသာတရားကို ကိုင်းရှိုင်းပြီး ဗုဒ္ဓဘာသာဝင်များအဖြစ် ကူးပြောင်းလာကြကြောင်းကိုလည်း ဆရာကြီး ပြောပြသဖြင့် သိရှိရပါသည်။ သို့သော် ဆရာကြီးကိုယ်တိုင်ကမူ ခရစ်ယာန်ဘာသာဝင် ဖြစ်ပြီး ဗုဒ္ဓဘာသာ တရားကို လေးစားသူပင် ဖြစ်သော်လည်း ကိုးကွယ်သည့် ဘာသာမှာ ခရစ် ယာန်ဘာသာပင် ဖြစ်ပါသည်။

ဆရာကြီးနှင့် မတွေ့ရသည်မှာ ကြာမြင့်လှပြီး တွေ့ချင်သည့်စိတ် ဖြစ်ပေါ်နေပါသည်။ သို့သော် အမေရိကန်မှ ပြန်လာပြီးနောက် မည်သည့် နေရာ၌ နေထိုင်သည်ဟူ၍ မသိ။ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားဟူ၍ မရှိ။ မစုဆောင်းမိသေးသော ဆရာကြီးအား ဝမ်းနည်းတသ နေမိရာဝယ် ၁၉၆၉ ခုနှစ် တစ်နေ့သော နွေရာသီကာလဝယ် မန္တလေးမြို့သို့ရောက်နေသော ကျွန်တော့် ထံသို့ ဆရာကြီးထံမှ ကြေးနန်းတစ်စောင် ရောက်ရှိလာပါသည်။ ကြေးနန်းတွင် ဆရာကြီးက သူ့အား နောက်တစ်နေ့နံနက်တွင် လေယာဉ်ပျံကွင်းသို့ လာကြို

ပါမည့်အကြောင်း၊ လူထုဦးလှထံသို့လည်း ကြေးနန်းရိုက် မှာကြားထားကြောင်း သိရပါသည်။

ဆရာကြီး လာမည့်နေ့ နံနက်တွင် လူထုဦးလှနှင့်အတူ ကျွန်တော်တို့ လေယာဉ်ကွင်းသို့ သွားရောက် ကြိုဆိုကြပါသည်။ ဆရာကြီးမှာ ဝလို့ဖြိုးလို့ လေယာဉ်ပေါ်မှ ဆင်းလာသည်ကို တွေ့ကြရလျှင် ကျွန်တော်တို့မှာ ဝမ်းသာ လိုက်ရသည်ဖြစ်ခြင်း။

ထိုအခါမှ အကျိုးအကြောင်းကို သိကြရပါတော့သည်။ ဆရာကြီး လာသည့်ကိစ္စမှာ မန္တလေးတွင် ကျင်းပမည့် မြန်မာပြည်လုံးဆိုင်ရာ ခရစ်ယာန် ဘာသာဝင်များ ကွန်ဖရင့်တွင် တရားဟောပြောရန် ဖိတ်ကြားသဖြင့် လာရောက် ကြောင်း၊ တပည့်ဖြစ်သူ ကျွန်တော်နှင့် မတွေ့ရသည်မှာ ကြာလှပြီဖြစ်၍ ကျွန်တော်၏ အိမ်၌ပင် တည်းခိုနေထိုင်မည် ဖြစ်ကြောင်းကို သိရှိကြရပါတော့ သည်။ လူထုဦးလှနှင့် ကျွန်တော့်အားလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ် ယာန်များ ကွန်ဖရင့်တွင် သူသည် ထူးထူးခြားခြား ဗုဒ္ဓဘာသာတရားကို ဟောကြားချင်ပါသဖြင့် မန္တလေးရှိ ဓမ္မမိတ်ဆွေများကိုလည်း ဖိတ်ကြားပေးပါ မည့်အကြောင်း တိုက်တွန်း စေခိုင်းပါတော့သည်။ ကျွန်တော်နှင့် ဦးလှတို့ သည်လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကြပြီး ဆရာကြီးသည် ဘယ်လိုရည်ရွယ်ချက်နှင့် ဗုဒ္ဓဘာသာမိတ်ဆွေများကို ဖိတ်ကြားခိုင်းနေပါသနည်း ဟူ၍ မတွေးတတ်အောင် ရှိနေကြပါတော့သည်။ သို့တစေ ဆရာကြီး၏ အလိုကျ ဖြစ်ရလေအောင် နီးစပ်ရာ ဗုဒ္ဓဘာသာမိတ်ဆွေများကို ကျွန်တော်တို့ လိုက်လံ ဖိတ်ကြားပေးရပါတော့သည်။

ကွန်ဖရင့်နေ့သို့ ရောက်သောအခါ ကျွန်တော်တို့ အိမ်မှ ထွက်ခွာလာ ကြပါသည်။ လမ်းတွင် ဆရာကြီးက ပြောလိုက်သည်မှာ...

"ဟော့ ချမ်းမြ၊ ငါဟာ အခု အသက် ၈၀ ရှိနေပြီကွယ့်၊ မန္တလေးကို လာတာဟာ ဒီတစ်ခါ နောက်ဆုံးပဲလား မသိဘူးကွယ့်၊ မင့်ဆရာကတော်က လည်း ပြောတယ်ကွာ၊ ငါ့အသက် ၈၀ ကျော်ရင် ဘယ်ကိုမှ သွားခွင့်မပေးတော့ ဘူးတဲ့၊ နောက်ဆုံးလာရတဲ့အခါဖြစ်လို့ ငါတော့ ဒီတစ်ခါ ဗုဒ္ဓဘာသာတရားကို ဟောချင်နေတယ်ကွာ၊ ငါ အမေရိကန်မှာ ဟောခဲ့တဲ့ တရားအဆီအနှစ်တွေပါ ကွယ်၊ မင်းတို့လည်း ငါ့တရားကို နာကြည့်ကြစမ်းပါဦး"

ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသည်။ ဆရာကြီး ယခုလာသည်မှာ နောက်ဆုံးအကြိမ်ပဲ ဆိုသည့် စကားကလည်း တစ်မျိုးကြီးပဲ။ ဝမ်းနည်းသလိုလို။ နောက်ပြီး ဗုဒ္ဓဘာသာတရားကို ဟောချင်သည်ဟူသော စကားကလည်း အဆန်းပါလား။ ကျွန်တော့်စိတ်တွေ ဂယောင်ချောက်ချား ဖြစ်ကုန်ပြီ။ ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေများကို ဖိတ်ပေးပါဆိုသဖြင့် လူထုဦးလှနှင့် ကျွန်တော်တို့က ဖိတ်ပေးခဲ့သည်။ ဘုရားရှိခိုးကျောင်းထဲကျခါမှ ကျွန်တော်တို့ မျက်နှာပူစရာ ဖြစ်နေမည်လော ဟူ၍ ဦးလှနှင့် ကျွန်တော်တို့ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာဖြင့် မျက်နှာမထားတတ်အောင် ရှိနေကြပါသည်။ ဆရာကြီးသည် ဤတရားများကိုပင် အမေရိကန်ပြည်အရပ်ရပ်၌ ဟောခဲ့ဖူးကြောင်း၊ ဤတရားကို ဟောသဖြင့်လည်း အချို့ ခရစ်ယာန်ဘာသာဝင်များပင် ဗုဒ္ဓဘာသာ ဖြစ်လာကြကြောင်း ဆရာကြီး ပြောပြသဖြင့် သိကြရပါသည်။ ထူးဆန်းလှပါသည်။ ခရစ်ယာန် တရားဟောဆရာကြီးက ဘယ်လိုဗုဒ္ဓဘာသာတရားမျိုးကို ဟောပြမှာလဲ။ ကျွန်တော်က ဖိတ်ထားသဖြင့် ရှေ့နေကြီး ဦးခင်မောင်ဒွေးလည်း ကြွလာပါသည်။

မန္တလေးမြို့ ကယ်လီ ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ ကျွန်တော်တို့ ရောက်လာကြပါသည်။ ထိုနေ့နံနက်ကပင် ရန်ကုန်မှ စိတ်ပညာဌာန ပါမောက္ခဟောင်း ခရစ်ယာန်ဘာသာဝင် နာယကကြီး ဒေါက်တာလှဘူးသည်လည်း ရောက်လာပါသည်။ ကယ်လီ ဘုရားရှိခိုးကျောင်းဝင်းအတွင်း၌ ဓမ္မမိတ်ဆွေ ခရစ်ယာန်ဘာသာဝင်အပေါင်း ပြည့်ညပ်လျက်ရှိသည်ကို တွေ့ရပါသည်။ မည်သည့်နေ့ရက် ဖြစ်သည်ကိုကား ကျွန်တော် မမှတ်မိတော့ပါ။ နွေရာသီရက်တစ်ရက်ပင် ဖြစ်ပါသည်။ ထိုနေ့ ကြွရောက်လာသော ခရစ်ယာန်ဘာသာဝင်များအားလုံး သိရှိကြပါလိမ့်မည်။ ကျွန်တော် အပိုထည့်ရေးနေသည်ဟုဆိုလျှင်လည်း ထိုနေ့က တရားနာခဲ့သူများက ကျွန်တော့်ဘက်က အမှန်တရားကို လက်ကိုင်ထားကြလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ခရစ်ယာန်ဘာသာဝင် လူကြီးများ အစုံအညီ ရောက်ကြလျှင် ကွန်ဖရင့်တရားကို ဖွင့်ပါတော့သည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေများကိုလည်း ရှေ့ဆုံး လက်ယာဘက်တွင် နေရာချထားပါသည်။ ခရစ်ယာန်ဘာသာဝင်များ၏ ထုံးစံအတိုင်း ရှေးဦးစွာ ဓမ္မသီချင်းများကို သီဆိုကြရပါသည်။

ရှေ့ခုံတန်းလျားအောက်တွင် ဓမ္မသီချင်းစာအုပ်များ ရှိပါသည်။ သူတို့ ထုတ်ယူဖတ်ကြသည့်နည်းတူ ကျွန်တော်တို့ကလည်း ဖတ်ဆိုကြပါသည်။ မဆိုတတ်သော်လည်း စန္ဒရားသံနှင့်အတူ ပါးစပ်ကို လှုပ်ကြရပါသည်။ ရောမမြို့ရောက်လျှင် ရောမသားလိုပင် နေကြရမည် မဟုတ်ပါလား။

ထို့နောက် သီချင်းဆိုရပ်စဲပြီး ခရစ်ယာန် ဆရာကြီးတစ်ဦး၏ သီလပေးသံကို နာခံကြရပါသည်။ ထို့နောက် ခရစ်ယာန် ဆရာကြီးတစ်ဦးက မေတ္တာပို့ပါသည်။ ထို့နောက်တွင် ဆရာကြီး ဦးဖေမောင်တင်အား အတွင်းရေးမှူးက ဘာသာတရားကို ဟောပါမည့်အကြောင်း ဖိတ်ခေါ်လိုက်ပါသည်။

ဆရာကြီး ဦးဖေမောင်တင်သည် နေရာမှထကာ တရားဟောစင်မြင့်ရှိရာသို့ လေးတွဲ့သော ခြေလှမ်းများဖြင့် တက်လာပါသည်။ ဘုရားရှိခိုးကျောင်းတစ်ဆောင်လုံးမှာလည်း အပ်ကျလျှင် ကြားရမလောက်ပင် ငြိမ်သက်လျက်ရှိနေပါသည်။ တရားနာလူအပေါင်းတို့သည်ကား ကြွလာသော ဆရာကြီး၏မျက်နှာ ကို ကြည့်ကြလျက် လေးစားကြည်ညိုနေကြဟန် တူပါသည်။ ကျွန်တော်၏စိတ်ထဲ၌ကား ဆရာကြီးကို လက်ယှက်ရှိခိုးမိရလောက်အောင် ကြည်ညိုနေမိပါတော့သည်။ 'ငါ့အဘိုးဟာ သာယာဝတီမြို့က မြန်မာမင်းများလက်ထက်မှာ သာသနာပိုင်တစ်ဦး ဖြစ်တယ်တဲ့ကွယ်' ဟူသော ကျွန်တော့်အား ဆရာကြီးကိုယ်တိုင် ပြောခဲ့ဖူးသော စကားကို ကြားယောင်နေမိပါသည်။ လေးဆေးသော ဣန္ဒြေဖြင့် ဆရာကြီးသည် တရားဟောကုလားထိုင်တွင် ထိုင်လိုက်ပါသည်။ ထို့နောက် ဆရာကြီးထံမှ တည်ငြိမ်လေးနက်သောအသံ ထွက်ပေါ်လာပါသည်။

"ကြွရောက်လာကြသော ဓမ္မမိတ်ဆွေအပေါင်းတို့၊ ကျွန်တော့်အား အသက်အရွယ်ကို ထောက်ထား၍ တရားကို ထိုင်ပြီး ဟောရသည်ကို ခွင့်လွှတ်စေချင်ပါတယ်။ တရားကို မရိုသေလို့တော့ မဟုတ်ပါဘူး၊ လောကမှာ တရားဆိုတာဟာ ခရစ်ယာန်ဘာသာပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာပဲဖြစ်ဖြစ်၊ မဟာမေဒင်ဘာသာပဲဖြစ်ဖြစ် ပုဂ္ဂိုလ်ကိုခင်မှ တရားကို မင်ကြတာပါ၊ ဘာသာတရားဆိုတာဟာ ကိုယ့်ဘာသာတရား တစ်ခုတည်းကိုသာ ကျင့်ကြံအားထုတ် စိတ်ဝင်စားနေဖို့ မကောင်းပါဘူး၊ တခြားဘာသာတွေကိုလည်း ကျင့်ကြံလိုက်စားပြီး ဆင်ခြင်နိုင်ရမယ်၊ နှိုင်းယှဉ်ကြည့်နိုင်ရမယ်၊ ဒါမှသာ ကိုယ့်ဘာသာတရားဆိုတာ

ဘယ်လို၊ သူများ ဘာသာတရားရဲ့ အယူအဆက ဘယ်လို ခွဲခွဲခြားခြား သိနိုင်ကြမှာ ဖြစ်တယ်။ သူတစ်ပါး၏ ဘာသာတရားကို လိုက်စားကျင့်ကြံ ကြည့်မည်ဆိုလျှင်လည်း တို့ကနနန်း ဆိတ်ကနန်း အပေါ်ယံကြောနဲ့ ကျင့်ကြံ သုံးသပ်ကြည့်လို့ဖြင့် အနှစ်သာရကို မမြင် မတွေ့နိုင်ကြပါဘူး။ ဗုဒ္ဓဘာသာ တရားရဲ့ အဆီအနှစ်ကို သုံးသပ်ကြည့်ချင်ရင် ဗုဒ္ဓဘာသာတရားကို နီးနီး ကပ်ကပ် လေ့လာကြည့်နိုင်မှသာ မြင်နိုင်မှာပါ။ ဗုဒ္ဓဘာသာတရားဟာ အလွန် သိမ်မွေ့တယ်၊ နူးညံ့တယ်၊ လွန်စွာ အနှစ်သာရရှိတယ်ဆိုတာကို သိရလျှင် ဘာကြောင့် သိမ်မွေ့ရတယ်၊ နူးညံ့ရတယ်ဆိုတာကို လေ့လာကြည့်ဖို့ လိုပါ တယ်။ ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးများနဲ့လည်း နီးနီးကပ်ကပ် ထိတွေ့ ဆက်ဆံပေါင်းသင်းပြီး သူတို့၏တရားကို စူးစမ်းရှာဖွေကြည့်ကြရပါမယ်။

ဘုန်းကြီးကို မကြည်ညိုလို့ အနားလည်း မကပ်ချင်ဘူး၊ အနားကပ် ပြန်ရင်လည်း ရှိခိုးနေရဦးမှာလား၊ ဘုန်းကြီးနဲ့ စကားပြောရမှာကလည်း ခက်တယ်၊ ခရစ်ယာန်တစ်ယောက်က ဗုဒ္ဓဘာသာတစ်ယောက်နဲ့ ဆက်ဆံနေ တာကို တွေ့ကြရင်လည်း အထင်သေးခံရမယ်၊ ဒါတွေကြောင့် ငါဟာ ရှောင် ကြဉ်မှ ဖြစ်မယ်လို့ ကိုယ့်ကိုယ်ကို ဟိတ်ကြီးဟန်ကြီးနဲ့ လုပ်နေရင်ဖြင့် ဘယ် တော့မှ ဗုဒ္ဓဘာသာတရားရဲ့ သိမ်မွေ့ပုံ၊ နူးညံ့ပုံတို့ကို သိကြရမှာမဟုတ်ဘူး။ ကိုယ့်ဘာသာတရားတစ်ခုတည်းကိုသာ ခင်မင်တွယ်တာ မက်မောနေတော့မှာပဲ ဖြစ်ပါတယ်။ သည်တော့ ဘာသာတရားကို နှိုင်းယှဉ်လေ့လာနိုင်ရမယ့် အခွင့် အရေးတွေဟာ ဆုံးရှုံး၍သာ နေကြရမှာပဲ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ တရားကိုလည်း နီးနီးကပ်ကပ် လေ့လာကြည့်ပါ၊ နီးနီးကပ်ကပ်လည်း ဆက်ဆံကြည့်ကြပါ။

ဘုရားသခင်က ငါမှတစ်ပါး တခြားသူကို ရှိမခိုးရ၊ ဆည်းမကပ်ရလို့ ဟောကြားထားသော်လည်း တကယ်စင်စစ်ဆိုရင် စိတ်ဖြင့် ခံယူချက်ကသာ အရေးကြီးပါတယ်။ ဥပမာဆိုရင် မိဘ၊ မိဘ ဆိုတဲ့ ဂုဏ်ကျေးဇူးဟာ အလွန် ကြီးလှပါတယ်။ ဒါဖြင့် မိဘကို ရှိခိုးလျှင်ကော အပြစ်ရှိပါသလား၊ ဒါကတော့ လူတိုင်း ခံယူချက်တစ်မျိုးစီ ရှိနေကြမှာပါ။

လူဆိုတာ ဒုက္ခများတယ်၊ ဆင်းရဲတယ် ပူပင်တယ်၊ ဒေါသ မောဟတွေ က များတယ်၊ လူ့ဘုံကြီးဟာ ကျဉ်းမြောင်းလှတယ်၊ ဆင်းရဲရှိရင် ငင်းဆင်းရဲ

ခြင်းမှကင်းသော နိဗ္ဗာန်ဆိုတာ ရှိရမယ်လို့ ဗုဒ္ဓတရားက ယူဆတယ်။ လူ့ဘုံသာ မဟုတ်သေး၊ နတ်ဖြစ်လည်း ဆင်းရဲဒုက္ခ မကင်းသေးဘူး၊ ဗြဟ္မာဖြစ်လည်း ဆင်းရဲဒုက္ခ မကင်းသေးဘူး။ ဒါတွေကြောင့် ဘဝဆိုတဲ့ သံသရာမှာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ငရဲကျလိုက်၊ တိရစ္ဆာန်ဖြစ်လိုက်၊ အသူရကာယ်ဘုံ သွားလိုက်နဲ့ တပြောင်းပြန်ပြန် စုန်ဆန်သွားလာနေကြရတဲ့ ၃၁ ဘုံဆိုတာဟာ ရှိတယ်။ နိဗ္ဗာန်မရောက်မီစပ်ကြားမှာ သတ္တဝါတွေဟာ ၃၁ ဘုံမှာ ကျင်လည်နေကြရတယ်လို့ ဗုဒ္ဓဘာသာက ဆိုတယ်။ ကောင်းကင်ဘုံဆိုတာ လူတိုင်း မရောက်နိုင်ကြပေဘူး။ ဒီ ၃၁ ဘုံ ဆိုတာဟာ ဘာနဲ့ အလားတူသလဲဆိုတော့ အနောက်နိုင်ငံတွေမှာ တွေ့နေကြရတဲ့ အထပ်ပေါင်းများစွာရှိတဲ့ မိုးမျှော်တိုက်ကြီးတွေနဲ့ တူတယ်။ အဲဒီ ၃၁ ထပ်ရှိတဲ့ တိုက်ကြီးတစ်ခု ဆိုကြပါစို့။ အဲဒီမှာ လူတွေဟာ ကိုယ့်အကြောင်းနဲ့ကိုယ် ဆင်းတဲ့လူက ဆင်း၊ တက်သည့်သူက တက်နဲ့ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ အလုပ်များနေကြတယ် ဆိုပါတော့၊ ဆင်းလိုက်ကြ၊ တက်လိုက်ကြ ဆိုတာကလည်း အဲဒီ (Elevator) ဆိုတဲ့ ခလုတ်ကို နှိပ်လိုက်ရင် ဆင်းတဲ့သူအတွက်က ဆင်း၊ တက်တဲ့သူ အတွက်က တက်နဲ့ အထက်ပို့၊ အောက်ပို့ လုပ်ပေးနေတဲ့ ဓာတ်လှေကားကြီး တွေက အဆင်သင့် ရှိနေကြတယ်။ ၃၁ ဘုံသားတွေဆိုတာက ဒီလိုပါပဲ။ ဘဝတွေများစွာကို ဆင်းလိုက်ကြ၊ တက်လိုက်ကြနဲ့ ခြေရာတွေကတော့ ထပ်လောက်အောင် များစွာကျန်နေပြီပဲ။ ဒါပေမဲ့ သတိမထားတဲ့ လူတွေ အတွက်ကတော့ အဲဒီ ၃၁ ဘုံကနေ အပြင်ကို ထွက်လို့ရမည့်၊ သည်ထက် သာယာ အသက်ရှူချောင်မည့် ထွက်ပေါက်ကို မမြင်နိုင်ကြလေဘူး။ လူ့ဘုံ၊ နတ်ဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံတွေကိုသာ စုန်ဆန်သွားလာနေကြရတာပါပဲ။

သတိမထားကြလို့ပေါ့။ ထွက်ပေါက်ဆိုတာက ရှိနေတာပဲဟာ။ မလွယ် ပေါက်ကလေးတွေ ဆိုကြပါစို့။ တော်တော်တန်တန် လူဟာ ဒီထွက်ပေါက် ကလေးတွေကို မမြင်ဘူး။ သည်ထွက်ပေါက်က ထွက်ရင် ရတာပဲ။ ဒါတွေက ဘာတုံးလို့ဆိုတော့ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားပါပဲ။ အဲဒီတရားရှစ်ပါးကို သေသေချာချာ သိမြင်ရင် ၃၁ ဘုံက ထွက်ပေါက်ဖြစ်တဲ့ မလွယ်ပေါက်ကို တွေ့မြင်ပြီလို့ မှတ်ကြရမယ်။ အဲဒီ မလွယ်ပေါက်ကမှ ထွက်ပြီး သာယာဝပြော အေးငြိမ်းလှတဲ့ နိဗ္ဗာန်ခရီးကို သွားနိုင်ကြမှာ ဖြစ်တယ်။

အဲဒီ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ မလွယ်ပေါက်ရှစ်ခုတွေက –

၁။ သမ္မာဒိဋ္ဌိ – မှန်ကန်စွာ ရှုမြင်တတ်ခြင်း၊ မှန်ကန်စွာ ယူဆတတ်ခြင်းပါပဲ။ ကိလေသာ, တဏှာ, လောဘ, ဒေါသ, မောဟတွေက ဖုံးနေရင် မှန်ကန်စွာ မမြင်တတ်ကြဘူးတဲ့။ အဲဒါ မှန်ကန်စွာ မြင်တတ်ကြဖို့ လိုတယ်။

၂။ သမ္မာသင်္ကပ္ပ – မှန်ကန်စွာ ကြံစည်ခြင်းတဲ့၊ လောဘရမ္မက်ကို လိုက်၍ မှန်ကန်စွာ မကြံစည်နိုင်တာတွေ၊ အတ္တကိုစွဲပြီး မှန်ကန်စွာ မကြံစည်နိုင်တာတွေကို ဖယ်ရှားပစ်ကြရမယ်။

၃။ သမ္မာဝါစာ – မှန်ကန်စွာ ပြောကြရမယ်တဲ့၊ ချစ်စေလို သည်ပါးစပ်၊ မုန်းစေလို သည်ပါးစပ်ပဲ၊ မှန်ကန်တဲ့သစ္စာဆိုတာ ရှိကြရမယ်။ မုသာဝါဒကို မသုံးဘဲလောကမှာ မှန်တာကိုသာ ပြောကြလုပ်ကြရမယ်လို့ ဆိုလိုတယ်။

၄။ သမ္မာကမ္မန္တ – မှန်ကန်စွာလည်း လုပ်ကိုင်ရမယ်တဲ့၊ စီးပွားရေး မတော်လောဘစိတ် မရှိရဘူး၊ သူတစ်ပါး ပျက်စီးစေပြီး ကိုယ်တစ်ယောက်တည်း ကောင်းစားမယ့် အလုပ်ဆို ရှောင်ရမယ်တဲ့။

၅။ သမ္မာအာဇီဝ – မှန်ကန်စွာ အသက်မွေးကြရမယ်တဲ့၊ အသက်မွေးမှု မှန်ကြရဲ့လား၊ ပရိယေသန မူလက ဒုက္ခတဲ့၊ အသက်မွေးမှုကို ရှာကြံရာ၌ ရှေးဦးစွာသော ဒုက္ခ အရင်းအစစ်ကတော့ အသက်မွေးဝမ်းကျောင်းရတဲ့ ဒုက္ခပဲ မဟုတ်လား၊ သူများဥစ္စာကို မတော်လောဘနဲ့ လိုချင်တယ်၊ ခိုးမယ်၊ တိုက်မယ် ဆိုတာတွေကို ရှောင်ကြဉ်ရမယ်တဲ့။

၆။ သမ္မာဝါယမ – မှန်ကန်စွာ လုံ့လထုတ်ကြရမယ်တဲ့၊ တလွဲဆံပင်ကောင်းနေကြလို့ မဖြစ်သေးဘူး၊ ယခု ပစ္စက္ခအတွက် လုံ့လ၊ နောင်သံသရာအတွက် လုံ့လရယ်လို့ အားထုတ်ကြရမယ်တဲ့။

၇။ **သမ္မာသတိ** – မှန်ကန်စွာ အောက်မေ့တတ်ကြရမယ်တဲ့၊ သတိရှိကြရမယ်တဲ့၊ ဉာဏ်ရှိကြရမယ်တဲ့ မဟုတ်လား၊ မမှားခင်က မိမိ မှားတော့မယ်ဆိုရင် သတိ ဆိုတာကို အရင်ပေါ်လာပါစေတဲ့၊ သတိရှိတော့ ဟီရိဩတ္တပ္ပ ဆိုတဲ့ ရှက်ခြင်း၊ ကြောက်ခြင်းက တားမြစ်ပေးလိမ့်မယ်။

၈။ **သမ္မာသမာဓိ** – စိတ်အာရုံထား မှန်ကန်ရမယ်တဲ့၊ စိတ်တည်ကြည်ရမယ်၊ လူ့စိတ်ကို မျောက်စိတ်လို မမွေးကြရဘူးတဲ့၊ ကတိတစ်လုံးကို မဖျက်ကြရဘူး၊ မဟုတ်တာကိုဖြင့် မလုပ်ရဘူး၊ ငတ်လို့ သေချင် သေသွားပါစေ ဆိုတဲ့ စိတ်အာရုံမျိုးကို မွေးကြရမယ်။

အဲဒီ မလွယ်ပေါက် ရှစ်ပေါက်ကို တွေ့ရင်ဖြင့် ၃၁ ဘုံက ထွက်နိုင်မယ်၊ နိဗ္ဗာန်ရောက်ချင်ရင် အဲဒီ မလွယ်ပေါက်တွေကို အပတ်တကုတ် ရှာကြရမယ်တဲ့၊ အဲဒီလိုပင် ဗုဒ္ဓဘာသာတရားက ဆိုတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာတရားဟာ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ အဆီအနှစ်နဲ့လည်း ပြည့်စုံတယ်၊ သည်တရားတွေကို ကျုပ်တို့၊ ခင်ဗျားတို့ရဲ့ ခရစ်ယာန်တရားနဲ့ ယှဉ်ပြီး ကြည့်နိုင်မှ မိမိတို့ လိုလားတဲ့ နိဗ္ဗာန်ကို ရောက်ကြရမှာ ဖြစ်တယ်၊ အသင်တို့အားလုံး ကောင်းကင်ဘုံသို့ ရောက်နိုင်ကြပါစေသတည်း။ ရောက်နိုင်ကြပါစေသောဝ်။

* * *

'အာမင်း' ဟူသော ကောင်းချီး အနုမောဒနာသံကြီးလည်း ဘုရားရှိခိုးကျောင်းကြီးတစ်ခုလုံးကို သိမ့်သိမ့်တုန်ခါ လှုပ်ရှားသွားပါတော့သတည်း။

ဆရာကြီးနှင့် ကျွန်တော်တို့ တရားပွဲပြီးဆုံးလျှင် အိမ်သို့ ပြန်လာကြပါသည်။ တစ်လမ်းလုံး ကျွန်တော်တို့ စကားမပြောခဲ့ကြ။ ကျွန်တော့်စိတ်၌ကား တအုံနွေးနွေးနှင့် ရှိနေသည်။ ဆရာကြီးသည် ဗုဒ္ဓဘာသာတရားကို ကိုယ်တိုင်နားလည်ရုံမျှမက ဝိသုဒ္ဓိမဂ်ကျမ်းကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ဖူးသည်။ ပဋိစ္စသမုပ္ပါဒ်နှင့် ဓမ္မစကြာတို့ကိုလည်း ဘာသာပြန်ဆိုခဲ့ဖူး၏။ နိုင်ငံခြားတွင် ပါဠိဘာသာ၌ ပါရဂူ ဖြစ်ပေသော ပါဠိဒေဝီအမည်ရ ပါမောက္ခ

မစ္စဒေးဗစ်နှင့်လည်း အကြေအလည် ဗုဒ္ဓတရားကို ဆွေးနွေးခဲ့ဖူး၏။ ဒါပေမဲ့ ဆရာကြီးသည် ခရစ်ယာန်ဘာသာဝင် ရင့်မကြီးပေပါပဲကလား။ ဆရာကြီးကို တခြားသူများက –

'ဆရာကြီးဟာ ဗုဒ္ဓဘာသာလား၊ ခရစ်ယာန်လား' ဟူ၍ မေးသည်ဖြစ်ငြားအံ့၊ ဘယ်တော့မှ အဖြေကို မပေး။ 'ခင်ဗျားကကော ကျုပ်ကို ဘယ်လိုထင်သလဲ' ဟူ၍ ပြန်မေးတတ်သည်။ ဆရာကြီးသည် ဗုဒ္ဓဘာသာကို လေးစားသည့် ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်သည်ဟု ရဲရဲဆိုရအံ့ ထင်သည်။

ဆရာကြီး အသက်ရှင်လျက် ရှိသည့်အခါက ကျွန်တော် လေးငါးခေါက်မျှ ဆရာကြီးအိမ်သို့ ရောက်ခဲ့သေးသည်။ ကန်တော့ခဲ့ပါသေးသည်။ ပါး တစ်ခြမ်း ကိုက်နေသဖြင့် တရုတ်အပ်စိုက် ကုထားသည်ကို တွေ့ရသည်။ ကျွန်တော် မန္တလေးသို့ ပြန်လာပြီးနောက် ဆရာကြီး ရင်ဘတ် အအေးမိရောဂါရသဖြင့် ဆေးရုံပို့ရသည်ဟု ကြားသိရသည်။ ဆရာကြီးသည် ဘုရား ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သည့် သေခြင်းတရားကို ၁၉၇၃ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့ နံနက်တွင် လက်လျှော့ အရှုံးပေးလိုက်ရချေပြီ။

ဤမျှ ဗုဒ္ဓဘာသာတရားကို လေးစား၍ နားလည်သော ကျမ်းတတ်ပုဂ္ဂိုလ်ကြီးတစ်ဦးသည် အဘယ့်ကြောင့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တစ်ဦး မဖြစ်ခဲ့ပါသနည်းဟု ကျွန်တော် စဉ်းစားနေမိသည်။ ဆရာကြီးသည် သေသည့်တိုင်အောင်ပင် ခရစ်ယာန်ဘာသာ ဖြစ်ခဲ့သည်။ သေသည့်တိုင်အောင်လည်း ဗုဒ္ဓဘာသာတရားကိုဖြင့် လေးစားခဲ့သူ ဖြစ်သည်။

တစ်ခုတော့ ရှိသည်ဆိုရမလား မသိ။ ဆရာကြီးနှင့် နီးနီးကပ်ကပ် ရင်းနှီးစွာ နေထိုင်လာခဲ့ပြီး သုံးနှစ်ကြာမျှတိုင်အောင် ဆရာကြီး၏ နှုတ်ပြောစကားများကို အသံသွင်းယူ၍ သူ၏ အတ္ထုပ္ပတ္တိကို 'ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်' အမည်ဖြင့် ပြုစုထုတ်ဝေသော စာရေးဆရာမ မလေးလုံ၏ အတ္ထုပ္ပတ္တိ ဝတ္ထု၊ အတွဲ(၂)၊ စာမျက်နှာ (၄၅၈) တွင်မူ ဆရာကြီးက သူ့အား ပြောပြသည့်အတိုင်း အသံသွင်းရေးမှတ်ထားသည့် အချက်တစ်ချက်ကား ရောဂါဖိစီးနှိပ်စက်ခံနေရစဉ်အခါက –

"ဘဘရဲ့ ယုံကြည်ခြင်း၊ လျော့ရဲပေါ့ဆမှုအတွက် ဘုရားသခင်က ကြိမ်လုံးနဲ့ ရိုက်သလား မသိဘူး၊ ဒေါက်တာ ကာပင်ကာက ဘဘကို

ခရစ်ယာန်လားလို့ မေးတုန်းက မဟုတ်ဘူးလို့ ပြောခဲ့တာလည်း ပါမယ် ထင်တယ်” တဲ့။

ကျွန်တော် မလေးလုံ၏ ဘာသာကူးရှည် အတ္ထုပ္ပတ္တိကိုဖတ်၍ စဉ်းစားနေမိတော့သည်။ ထိုအခါက ဆရာကြီးသည် ဒေါက်တာ ကာပင်ကာကို သူ ခရစ်ယာန် မဟုတ်ဘူးလို့ အဘယ့်ကြောင့် ပြောလိုက်မိပါသနည်း ဟူ၍။

■

## ဝန်ခံချက်

- မန္တလေးမြို့ ကယ်လီဘုရားရှိနိုးကျောင်း၌ ဟောပြောသော ဆရာကြီး၏ ဟောပြောချက်များကို ကျွန်တော်ကိုယ်တိုင် လက်ရေးတိုဖြင့် ကူးယူထားချက်များ ဖြစ်ပါသည်။

## ကိုးကားချက်

- စာရေးဆရာမ မလေးလုံ ရေးသားပြုစုသော 'ဖေမောင်တင် (သို့မဟုတ်) ဘာသာကူးရှည် အတ္ထုပ္ပတ္တိ' အတွဲ (၂)၊ စာမျက်နှာ (၄၅၈)၊ သစ္စာ စာပေတိုက်၊ ၃၉ လမ်း၊ ရန်ကုန်၊ ၁၉၇၅ ခုနှစ်။
- မြကေတု၏နှောင်းခေတ် 'တက္ကသိုလ်ဘဝမှတ်တမ်းများ' (၁၉၉၅)

# ဗုဒ္ဓစာပေ နှင့် ဦးဖေမောင်တင်

မြန်မာလူမျိုးများထဲမှ ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ်ဘာသာ ပြန်ဆို၍ မြန်မာကို ကမ္ဘာသိအောင် စွမ်းဆောင်ခဲ့သော အစောပိုင်း ပညာရှင်များထဲတွင် **ဦးဖေမောင်တင်** (၁၈၈၈–၁၉၇၃) သည် တစ်ဦးအပါအဝင် ဖြစ်သည်။ ၁၉၁၂ ခုနှစ်၊ ဇူလိုင် ၂၄ ရက်နေ့တွင် ဦးဖေမောင်တင်သည် ရန်ကုန်ကောလိပ်၌ ပါဠိ ပါမောက္ခရာထူး ခန့်အပ်ခြင်းခံရသည်။ ထိုစဉ်က ဦးဖေမောင်တင်မှာ အသက် ၂၄ နှစ်ခန့်သာ ရှိသေးသည်။ သို့သော် ရန်ကုန်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ကို ပါဠိဘာသာဖြင့် လည်းကောင်း၊ ကာလကတ္တားတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ပါဠိဘာသာဖြင့် လည်းကောင်း ရရှိပြီး ဖြစ်သည်။ မြန်မာအမျိုးသားများထဲမှ ပါမောက္ခရာထူးကို ပထမဦးဆုံး ရရှိခြင်းပင် ဖြစ်သည်။

ဦးဖေမောင်တင်သည် ပါဠိ ပါမောက္ခရာထူးအရ **ဘားနဒ် အခမဲ့စာကြည့်တိုက်**[၁] ၏ စာကြည့်တိုက်မှူးရာထူးနှင့် စာကြည့်တိုက် အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး တာဝန်များကိုလည်း ထမ်းဆောင်ရသည်။ ထို့ပြင် လန်ဒန် **ပါဠိစာပေ အသင်းကြီး**[၂] ၏ ပါဠိစာမူရှာဖွေရေး အကျိုးဆောင်တာဝန်ကို စတင် ထမ်းဆောင်ရာ ကွယ်လွန်သည့်တိုင် တရားဝင် ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။ ဦးဖေမောင်တင်သည် ပါဠိ ပါမောက္ခတစ်ဦး အနေဖြင့် ပါဠိစာပေ သင်ကြားရေး၊ ဗုဒ္ဓဘာသာ ရဟန်းတော်များ ပထမပြန် စာမေးပွဲ စစ်ဆေးရေးတာဝန်များအပြင် ပါဠိဘာသာဖြင့် တည်ရှိသော အဋ္ဌကထာကျမ်းကြီး နှစ်စောင်ကို အင်္ဂလိပ် ဘာသာ ပြန်ဆိုခဲ့သည်။

ဦးဖေမောင်တင်သည် တက္ကသိုလ်တွင် ပါဠိဘာသာ သင်ကြားရေးအတွက် ၁၉၁၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် **ဒီပဝံသမှတ်စုများ**[၃] နှင့် **ခုဒ္ဒကပါဌ**[၄] ကို လည်းကောင်း၊ ၁၉၁၄ ခုနှစ်တွင် **အခြေပြု ပါဠိသဒ္ဒါ**[၅] နှင့် **ဓမ္မပဒ**[၆] ကို ရောမအက္ခရာ ဖလှယ်၍ တည်းဖြတ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ် ဝိဇ္ဇာဘွဲ့ စာမေးပွဲအတွက် ပြဋ္ဌာန်းထားသော **မိလိန္ဒပဥှာ**[၇] ကို လည်းကောင်း၊ ၁၉၁၈ ခုနှစ်တွင် **ပါဠိဖတ်စာ**[၈] နှင့် ၁၉၂၀ တွင် **ကျောင်းသားသုံး ပါဠိ အင်္ဂလိပ် အဘိဓာန်**[၉] အင်္ဂလိပ်ဘာသာဖြင့် ထွက်ပေါ်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ဦးဖေမောင်တင်သည် အစိုးရ ပညာတော်သင် အဖြစ် အင်္ဂလန်သို့ စေလွှတ်ခြင်းခံရသည်။ အင်္ဂလန်ရှိ **အောက်စဖို့ဒ် တက္ကသိုလ်၊ အက်ဇီတာကောလိပ်**[၁၀] ၌ ပညာဆက်လက် ဆည်းပူးပါသည်။ ထိုသို့ အင်္ဂလန်တွင် ပညာသင်ကြားနေစဉ် ဦးဖေမောင်တင် အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသော အဋ္ဌကထာကျမ်းနှစ်စောင်ကို ပါဠိစာပေအသင်းမှ ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် **အဋ္ဌသာလိနီ**[၁၁] **ပထမတွဲ** ကို လန်ဒန် ပါဠိစာပေအသင်း စာစဉ်အမှတ် ၈ အဖြစ် လည်းကောင်း၊ ၁၉၂၁ ခုနှစ်တွင် **အဋ္ဌသာလိနီ ဒုတိယတွဲ** ကို ပါဠိစာပေအသင်း စာစဉ်အမှတ် ၉ အဖြစ် လည်းကောင်း ထွက်ပေါ်လာသည်။ အဋ္ဌသာလိနီကျမ်းမှာ အဘိဓမ္မာ ၇ ကျမ်းတွင် ပထမဦးဆုံးကျမ်းဖြစ်သည့် ဓမ္မသင်္ဂဏီကျမ်း၏ အဖွင့်အဋ္ဌကထာကျမ်း တစ်စောင်ဖြစ်သည်။ အဋ္ဌကထာကျမ်းပြုသူမှာ ရှင်မဟာဗုဒ္ဓဃောသ ဖြစ်သည်။ ဦးဖေမောင်တင်၏ အင်္ဂလိပ်ဘာသာပြန် အဋ္ဌသာလိနီကျမ်း ထွက်ပေါ်လာသောအခါ **ဘိက္ခုသီလာစာရ**[၁၂] က **အက်စ်**[၁၃] ကလောင်အမည်ခံ၍ ၁၉၂၀ ပြည့်နှစ်ထုတ် **မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်**[၁၄] အတွဲ ၁၀၊ အပိုင်း ၃ နှင့် ၁၉၂၃ ခုနှစ်ထုတ် အတွဲ ၁၃၊ အပိုင်း ၂ တို့တွင် **စာအုပ်ဝေဖန်ချက်**[၁၅] ရေးသားကာ ကြိုဆိုခဲ့သည်။ ဦးဖေမောင်တင်၏ အဋ္ဌသာလိနီ အင်္ဂလိပ်ဘာသာပြန်ကျမ်းကို လန်ဒန် ပါဠိစာပေအသင်းမှ ၁၉၅၈ ခုနှစ်တွင် ထပ်မံ ပုံနှိပ်ပါသည်။

၁၉၂၃ ခုနှစ်တွင် ဦးဖေမောင်တင်၏ အင်္ဂလိပ်ဘာသာပြန် **ဝိသုဒ္ဓိမဂ်ကျမ်း ပထမပိုင်း**[၁၆] ထွက်ပေါ်လာပါသည်။ လန်ဒန် ပါဠိစာပေအသင်း ဘာသာ

ပြန်စာစဉ်အမှတ်၁၀ အဖြစ် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် **ဝိသုဒ္ဓိမဂ် ဒုတိယပိုင်း** ကို စာစဉ် ၁၇ အဖြစ် လည်းကောင်း၊ ၁၉၃၁ ခုနှစ်တွင် **ဝိသုဒ္ဓိမဂ် တတိယပိုင်း** ကို စာစဉ်အမှတ် ၂၁ အဖြစ် လည်းကောင်း သုံးပိုင်းခွဲ၍ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ ဦးဖေမောင်တင်သည် ဝိသုဒ္ဓိမဂ် ပထမပိုင်းကိုပင် အောက်စဖို့ဒ်တက္ကသိုလ် **စာပေဝိဇ္ဇာဘွဲ့**[၁၇] အတွက် တင်သွင်းခဲ့သည်။ မြန်မာအမျိုးသားများထဲမှ စာပေဝိဇ္ဇာဘွဲ့ကို အင်္ဂလန်မှ ပထမဦးဆုံး ရရှိခြင်းပင် ဖြစ်သည်။

ဦးဖေမောင်တင်သည် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ ပထမဦးဆုံး အောင်မြင်စွာ ဘာသာပြန်ဆိုနိုင်သည့်အတွက် ထိုင်း(ဟိုးဒယား) ဘုရင်က ဆုငွေ ပေါင်တစ်ထောင် ချီးမြှင့်ပါသည်။ ဦးဖေမောင်တင်သည် ဆုငွေအားလုံးကို လန်ဒန် ပါဠိစာပေအသင်းကြီးသို့ ပြန်လည် လှူဒါန်းခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဦးဖေမောင်တင် အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည့် ဝိသုဒ္ဓိမဂ် သုံးပိုင်းလုံးကို ပေါင်း၍ တစ်အုပ်တည်းအဖြစ် လန်ဒန် ပါဠိစာပေအသင်းကြီးမှပင် ထပ်မံပုံနှိပ်ခဲ့သည်။ ဤအကြိမ်တွင် စာအုပ်ကုန်ကျစရိတ် အလှူရှင်မှာ မလေးရှားနိုင်ငံ ပီနန်မြို့မှ မလေးအမျိုးသားသူဌေး **ယပ်အင်ဟိုး**[၁၈] ဖြစ်သည်။

ဝိသုဒ္ဓိမဂ်ကျမ်းသည် ပိဋကတ်သုံးပုံတွင် မပါဝင်သော်လည်း ထေရဝါဒ ဗုဒ္ဓစာပေတွင် အလွန် အရေးပါလှပါသည်။ အထူးသဖြင့် ပဋိပတ္တိဆိုင်ရာ ကျင့်စဉ်များဖြစ်ရာ ခက်ခဲနက်နဲ သိမ်မွေ့လှသည်နှင့်အမျှ အင်္ဂလိပ်ဘာသာ ပြန်ဆိုရန် မလွယ်ကူလှပါ။ ထို့ကြောင့် အိန္ဒိယပြည် မဟာဗောဓိ အသင်းကြီးကို တည်ထောင်သူ သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံသား **အနာဂါရိက ဓမ္မပါလ**[၁၉] သည် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာ ပြန်ဆိုနိုင်သူအား ရူပီငွေ တစ်ထောင် ပေးလှူလိုပါ၍ ဘာသာပြန်နိုင်သူ ရှာဖွေပေးပါရန် လန်ဒန်ပါဠိအသင်းထံ မေတ္တာရပ်ခံခဲ့သည်။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာ ပြန်ဆိုနိုင်ရန် အရှေ့တိုင်းပညာရပ်များကို လိုက်စားသည့် ဥရောပနှင့် အမေရိကမှ ပညာရှင်များ ကြိုးပမ်းခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အမေရိကန်ပြည် ဟားဗတ်တက္ကသိုလ်မှ **ပါမောက္ခ လန်းမင်း**[၂၀] သည် ဝိသုဒ္ဓိမဂ် ပထမပိုင်းကို အင်္ဂလိပ်

ဘာသာ ပြန်ဆို၍ **ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များဆိုင်ရာ အမေရိကန် အကယ်ဒမီစာစောင်**[၂၁] အတွဲ ၄၉၊ အမှတ် ၃ (၁၉၁၃၊ ဩဂုတ်) တွင် ဖော်ပြခဲ့ဖူးပါသည်။ အမေရိကန် ဗုဒ္ဓစာပေပညာရှင် **ဟင်နရီကလာဝါရင့်**[၂၂] နှင့် **ဓမ္မာနန္ဒကောသမ္ဗီ**[၂၃] တို့သည်လည်း ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်ဘာသာပြန်ရန် ကြိုးပမ်းပါသည်။ သို့သော် သက္ကတဘာသာကိုသာ ကျွမ်းကျင်၍ ပါဠိစာပေနှင့် တည်ရှိနေသော ဝိသုဒ္ဓိမဂ်ကျမ်းကြီးအတွက် ဘာသာပြန်ရန် အခက်အခဲနှင့် ကြုံတွေ့ရသည်။ နောက်ပိုင်းတွင် ဟင်နရီကလာဝါရင့်သည် ပါဠိဘာသာကို လေ့လာလိုက်စား၍ သီဟိုဠ်နှင့် မြန်မာ မူကွဲလေးမူကို တိုက်ဆိုင်ကာ ရောမအက္ခရာ ဖလှယ်နိုင်ခဲ့သည်။ ဤသည်မှာ ဝိသုဒ္ဓိမဂ်နှင့် ပတ်သက်သော အမေရိကန် ပညာရှင်များ၏ ကြိုးပမ်းချက်များ ဖြစ်သည်။

လန်ဒန် ပါဠိအသင်းကြီးအနေဖြင့်မူ ကနဦးတွင် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ပါဠိစာပေ ကျွမ်းကျင်သော ပညာရှင်များ ခွဲဝေပြန်ဆိုရန် စီစဉ်ပါသည်။ ဝိသုဒ္ဓိမဂ် ပထမပိုင်း 'သီလ' ခန်းကို မြန်မာအမျိုးသား ပါဠိပါမောက္ခ ဦးဖေမောင်တင်က လည်းကောင်း၊ ဒုတိယပိုင်း 'သမာဓိ' ခန်းကို ရခိုင်အမျိုးသား အရေးပိုင် ဦးရွှေဇံအောင်က လည်းကောင်း၊ တတိယပိုင်း 'ပညာ' ခန်းကို လန်ဒန် ပါဠိစာပေအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ **မစ္စက်ရီးစ်ဒေးဗစ်**[၂၄] က လည်းကောင်း အင်္ဂလိပ်ဘာသာ ပြန်ဆိုရန် ဖြစ်သည်။

မစ္စက်ရီးစ်ဒေးဗစ်မှာ ပါဠိဘာသာ ကျွမ်းကျင်၍ လယ်တီဆရာတော်ကိုယ်တိုင်ကပင် ပါဠိဒေဝီ အမည်ပေးကာ ချီးမြှောက်ခဲ့သည်။ ထို့ပြင် ၁၉ဝ၄ တွင် ဗုဒ္ဓအဘိဓမ္မာ (၇) ကျမ်းတွင် ပထမဦးဆုံးဖြစ်သည့် **ဓမ္မသင်္ဂဏီကျမ်း**[၂၅] ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည်။ အရေးပိုင် ဦးရွှေဇံအောင်မှာလည်း ၁၉၁ဝ ပြည့်နှစ်တွင် **အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း**[၂၆] နှင့် ၁၉၁၅ တွင် တတိယမြောက် အဘိဓမ္မာကျမ်း ဖြစ်သည့် **ကထာဝတ္ထု**[၂၇] ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည်။ ဝိသုဒ္ဓိမဂ် ပထမပိုင်း သီလခန်းကို ဘာသာပြန်ဆိုရမည့် ပါဠိပါမောက္ခ ဦးဖေမောင်တင်မှာ အသက်အရွယ်အားဖြင့် ငယ်ရွယ်သော်လည်း ၁၉၂ဝ ပြည့်နှစ်တွင် အဋ္ဌသာလိနီကျမ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုမည့် ပညာရှင် သုံးဦးလုံးသည် ထိုအချိန်က အသင့်တော်ဆုံးဟု ဆိုရပါမည်။

နောက်ပိုင်းတွင် အရေးပိုင် ဦးရွှေဇံအောင် ယစ်မျိုးမင်းကြီးအဖြစ် ရာထူးတိုးကာ အလုပ်တာဝန်များ များပြားလွန်းရာမှ ဘာသာပြန်ဆိုမည့် အစီအစဉ် ပြောင်းလဲသွားသည်။ မူလက ပညာရှင်သုံးဦး ခွဲဝေထမ်းဆောင်ရမည့်တာဝန်ကို ဦးဖေမောင်တင် တစ်ဦးတည်း ဆောင်ရွက်ခဲ့သည်။ ဦးဖေမောင်တင်သည် ဝိသုဒ္ဓိမဂ် ပါဠိတော်မှ အင်္ဂလိပ်ဘာသာ ပြန်ဆိုရာတွင် ရတနာပုံခေတ် ပြည်ဆရာတော် ရှင်မေဓာဘိဝံသ (၁၇၈၈–၁၈၆၃) ၏ မြန်မာပြန် နိဿယကို အမှီပြုခဲ့ရကြောင်း နိဒါန်းတွင် မိန့်ဆိုထားသည်။

ဝိသုဒ္ဓိမဂ် အင်္ဂလိပ်ဘာသာပြန် လုပ်ငန်းကြီးသည် အလွန် ခက်ခဲနက်နဲလှသည်မှာ ပြောစရာ မလိုပါ။ အထူးသဖြင့် ဤလုပ်ငန်းကြီးကို ညဉ့်နက်သန်းခေါင်တိုင် စိတ်ဝင်စားစွာ အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သော ဦးဖေမောင်တင်၏ ဖွဲ့လုံ့လကို တစ်အိမ်တည်းနေ အင်္ဂလိပ်အမျိုးသား ကြေးတိုင်မင်းကြီးဟောင်း **ဂျေအက်စ်ဖာနီဗယ်**[၂၈] ၏ ချီးကျူးစကားကို ထောက်၍ ခန့်မှန်းနိုင်ပါသည်။ ဂျေအက်စ်ဖာနီဗယ် ကိုယ်တိုင်ကပင် ဖွဲ့လုံ့လ ကြီးမားသည့် သုတေသန ပညာရှင်တစ်ဦးအဖြစ် အလွန်ထင်ရှားပါသည်။

ဦးဖေမောင်တင်၏ ဝိသုဒ္ဓိမဂ် အင်္ဂလိပ်ဘာသာပြန် ကျမ်းကြီး ထွက်ပေါ်လာသောအခါ ဘိက္ခုသီလာစရက ၁၉၂၃ ခုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ် အတွဲ ၁၃၊ အပိုင်း ၂ တွင် ဝေဖန်ချက် ရေးထားပါသည်။ ထို့ပြင် အဂ္ဂမဟာပဏ္ဍိတ ဆရာမြို့ကလည်း ၁၉၃၂ ခုနှစ်၊ ဇန်နဝါရီလထုတ် ဂန္ဓလောက မဂ္ဂဇင်း အတွဲ ၁၄၊ အမှတ် ၈၄ တွင် အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဝေဖန်ချက် ရေးသားခဲ့သည်။

အထူးသဖြင့် ဦးဖေမောင်တင်၏ ဝိသုဒ္ဓိမဂ် အင်္ဂလိပ်ဘာသာပြန် ဂုဏ်ရည်ကို ကျမ်းနိဂုံးတွင် မစ္စက်ရီးစ်ဒေးဗစ်က အလွန်အမင်း ချီးကျူးဂုဏ်ပြုပါသည်။

'ပင်ပန်းဖွယ်ဖြစ်သော မကြာခဏ စိတ်အားလျှော့ဖွယ်ဖြစ်သော အလွန်ခက်ခဲ၍ ပင်ပန်းလှသည့် ဘာသာပြန် လုပ်ငန်းကြီးကို လက်ရှိ စာဖတ်သူများနှင့် လာလတ္တံ့သော စာဖတ်ပရိသတ်တို့၏ အကျိုးငှာ မဆုတ်မနစ်သော လုံ့လဥဿာဟ ခွဲသတ္တိဖြင့် ပြီးဆုံးသည့်တိုင်အောင် စွမ်းဆောင်ခဲ့သော

ဦးဖေမောင်တင်၏ ကျေးဇူး အထူးအောက်မေ့ကြောင်း၊ ယခုအခါ ဗုဒ္ဓဘာသာဆိုင်ရာ ဤကျမ်းကြီးကို ကမ္ဘာသို့ ပထမဆုံး တင်ပြနိုင်ပြီဖြစ်၍ အထူးအားရနှစ်သက်ဖွယ်ဖြစ်ရကြောင်း၊ မိမိစကားမဟုတ်သော ပါဠိဘာသာစကားမှ မိမိဘာသာစကား မဟုတ်သော အင်္ဂလိပ်ဘာသာသို့ ချောမောအောင်မြင်စွာ ဘာသာပြန်ဆိုနိုင်ခြင်းသည် အံ့ဖွယ်တစ်ပါး ဖြစ်၍ So the man Pe Maung Tin Because also of the Worthy Ones ဟု အားရဝမ်းသာ ချီးကျူးခဲ့ပါသည်။

*[The Path of Purity (reprint. 1971) p. 879-882] ?*

ဦးဖေမောင်တင်သည် အင်္ဂလန်မှ ပြန်လာပြီးနောက် ၁၉၂၄ စက်တင်ဘာ ၁ ရက်နေ့မှ ၁၉၃၆ ဇွန် ၁၇ ရက်နေ့ထိ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဌာန ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၉၃၆ ဇွန် ၁၈ ရက်မှ ၁၉၄၁ ဧပြီ ၂၄ ရက်နေ့ထိ ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် လည်းကောင်း၊ ၁၉၄၃ မေ ၁ ရက်နေ့မှ ၁၉၄၅ ဧပြီ ၃၀ ရက်နေ့ထိ ဂျပန်ခေတ် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေစဉ် ၁၉၃၁ တွင် **ပါဠိဖတ်စာ**၊ ၁၉၃၅ တွင် **အခြေပြုပါဠိသဒ္ဒါ** စာအုပ်များကို မြန်မာဘာသာဖြင့် ပြုစုထုတ်ဝေခဲ့သည်။ အခြေပြုပါဠိသဒ္ဒါမှာ ၁၉၁၄ ခုနှစ်က ရောမအက္ခရာဖြင့် ပြုစုခဲ့သော စာအုပ်ကို မြန်မာပြန်ဆိုခြင်း ဖြစ်သည်။

ဦးဖေမောင်တင်သည် အငြိမ်းစားယူပြီးနောက် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါဠိ ပါမောက္ခအဖြစ် လည်းကောင်း၊ ပြင်ပ စာစစ်အဖြစ် လည်းကောင်း ဆက်လက် တာဝန်ပေးခြင်း ခံရသည်။

၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင် **ဒေါက်တာဘွဲ့**[၂၉] ပေးအပ်သည်။

၁၉၅၇–၁၉၅၈ တွင် အမေရိကန်ပြည် ချီကာဂိုတက္ကသိုလ် ခရစ်ယာန်သမ္မာကျမ်းစာဌာနတွင် ဗုဒ္ဓဘာသာအကြောင်း ဟောပြောပို့ချရန် ဧည့်ပါမောက္ခအဖြစ် ထမ်းဆောင်ပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ် ၁၉၅၈ ခုနှစ်ထဲတွင် ချီကာဂိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင် **ဒေါက်တာဘွဲ့**[၃၀] ထပ်မံ ချီးမြှင့်ခြင်း ခံရသည်။

၁၉၆၀ ခုနှစ်တွင် ဦးဖေမောင်တင်သည် ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာတို့၏ ယုံကြည်မှု နှိုင်းယှဉ်လေ့လာထားသည့် **ဆုတောင်းခြင်းနှင့် ဘာဝနာ**[၃၁] စာအုပ်ငယ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြုစု၍ မြန်မာခရစ်ယာန် ကောင်စီမှ ထုတ်ဝေခဲ့သည်။

၁၉၆၄ ခုနှစ်တွင် **ဗုဒ္ဓဘာသာ ဆုတောင်းပုံနှင့် ဘာဝနာပွားပုံ**[၃၂] ကို ပြုစု၍ လန်ဒန်မှ ပုံနှိပ်ထုတ်ဝေပါသည်။ ယင်းစာအုပ်တွင် အပိုင်းနှစ်ပိုင်း ပါဝင်၍ ပထမပိုင်းတွင် နမောတဿ ဘုရားရှိခိုး၊ ရတနာသုံးပါး၊ မဟာပုရိသ လက္ခဏာတော်၊ ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထားရာ သတ္တဋ္ဌာန၊ အဋ္ဌဋ္ဌာန၊ နဝဋ္ဌာနများ၊ ယေဓမ္မာ ဟေတု ပဘဝါ၊ ဩကာသ ဘုရားရှိခိုး၊ သံဗုဒ္ဓေဂါထာ၊ ဆုတောင်းပတ္တနာ အာသီသ၊ ဘုရားရှင်၏ အာဝေနိက ဂုဏ်တော်၊ မေတ္တာပို့ခြင်း၊ ရတနသုတ်၊ အင်္ဂုလိမာလသုတ်၊ ဆွမ်းရေဆီမီး ပန်းလှူခြင်း၊ အမျှဝေခြင်း၊ ပုဂံခေတ် အလောင်းစည်သူမင်းကြီး၏ ရွှေဂူကြီး ကျောက်စာလာ ဆုတောင်း၊ ရွှေတိဂုံဘုရားအကြောင်းနှင့် ရွှေကျင်ဆရာတော်၏ ဝိစိတြဝန္ဒနာ ဘုရားရှိခိုးတို့ကို နှစ်သက်ဖွယ် ရှင်းလင်းရေးသားထားပါသည်။ ဒုတိယပိုင်းတွင် ဗုဒ္ဓဘာသာဆိုင်ရာ ကမ္မဋ္ဌာန်းကျင့်စဉ်များကို တင်ပြထားသည်။

၁၉၇၀ ခုနှစ် ဒီဇင်ဘာလတွင် လန်ဒန်ပါဠိစာပေ အသင်းကြီး၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံမှ ပါဠိ အဋ္ဌကထာ အုပ်ရေ ငါးဆယ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးအတွက် **ပါဠိအဋ္ဌကထာ အင်္ဂလိပ်ဘာသာ ပြန်ဆိုရေး အဖွဲ့**[၃၃] ဖွဲ့စည်းပါသည်။ ဤအဖွဲ့တွင် ဦးဖေမောင်တင်သည် အယ်ဒီတာ တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ရုံမျှမက ဗုဒ္ဓဝံသ **အဋ္ဌကထာ**[၃၄] ကို အင်္ဂလိပ် ဘာသာ ပြန်ဆိုရန် တာဝန်ယူခဲ့သည်။ နောက်ပိုင်းတွင် မျက်စိအားနည်းမှု ကြောင့် ဆက်လက် တာဝန်မယူနိုင်ခဲ့သော်လည်း အဖွဲ့အတွက် များစွာ အားကိုးခြင်းခံရသည်။

၁၉၇၂ ခုနှစ်အတွင်း လန်ဒန် ပါဠိစာပေအသင်း၏ ဥက္ကဋ္ဌဖြစ်သော **ဒေါက်တာမစ္စအိုင် အီဘီဟောနား**[၃၅] အား ဂုဏ်ပြုထုတ်ဝေမည့် အထူးထုတ် စာစောင်အတွက် **ထေရဝါဒ ဗုဒ္ဓဘာသာ**[၃၆] စာတမ်းကို ရေးသားခဲ့သည်။ ထို့နောက် တပည့်ဖြစ်သူ သူဌေး ဦးသာဝင်း၏ မေတ္တာရပ်ခံချက်အရ ဓမ္မ

စကြာနှင့် အနတ္တလက္ခဏသုတ်ကို ပါဠိမှ အင်္ဂလိပ်သို့ ဘာသာပြန်ပါသည်။ ထိုသို့ ပြန်ဆိုရာတွင် လယ်တီဆရာတော်၏ မြန်မာပြန်မှုကို လက်ကိုင်ထားခဲ့သည်။ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီးစီးပါသည်။ သို့သော် စာအုပ်အဖြစ်မူ ဦးဖေမောင်တင် ကွယ်လွန်ပြီးနောက် ၁၉၇၈ ခုနှစ်တွင်မှ **ဗုဒ္ဓ၏ တရားဦး ဓမ္မစက္ကပဝတ္တနသုတ်နှင့် အနတ္တလက္ခဏသုတ်**[၇] အမည်ဖြင့် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာယှဉ်၍ ထွက်ပေါ်လာပါသည်။ ဦးဖေမောင်တင်၏ အင်္ဂလိပ်ဘာသာပြန်နှင့် ပတ်သက်၍ ဒေါက်တာထင်အောင်က အင်္ဂလိပ်ဘာသာပြန်မှု အမျိုးမျိုးအနက် ဆရာကြီး ဦးဖေမောင်တင်၏ အင်္ဂလိပ်ဘာသာပြန်သည် အကောင်းဆုံးဟု ဆိုနိုင်ကြောင်း နိဒါန်းတွင် မိန့်ဆိုထားသည်။

ဦးဖေမောင်တင်သည် မကွယ်လွန်မီ အချိန်အတွင်းမှာပင် ဗုဒ္ဓစာပေအချို့ကို အင်္ဂလိပ်ဘာသာ ဆက်လက်ပြန်ဆိုပါသည်။ ၁၈၇၃ ခုနှစ်က မောင်းထောင်ဆရာတော် ဖွဲ့ဆိုခဲ့သော **ရွှေတိဂုံဆံတော်ရှင် ဘုရားရှိခိုးထောမနာ ၁၂ ဂါထာ** ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီးစီးခဲ့သည်။ ထို့နောက် ရွှေကျင်ဆရာတော် ၁၈၈၃ ခုနှစ်က ဖွဲ့ဆိုခဲ့သော **ဒိဗ္ဗစက္ခုဝန္ဒနာ** ဘုရားရှိခိုးဂါထာ ၇၅ ဂါထာတော်ကို ဆက်လက်ပြန်ဆိုရာ ဂါထာ ၅၅ အရောက် ၁၉၇၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ နံနက်တွင် ဦးဖေမောင်တင်သည် ရုတ်တရက် ကွယ်လွန်ခဲ့ပါသည်။

ဆရာကြီး ဦးဖေမောင်တင်၏ ဘဝကို ခြုံ၍ သုံးသပ်ကြည့်လျှင် ဆရာကြီးသည် ငယ်စဉ်ကပင် ခရစ်ယာန်ဘာသာဝင် ဖြစ်ခဲ့သည်။ သို့သော် ဘဝတစ်လျှောက်လုံး မြန်မာစာပေ၊ မြန်မာသမိုင်း၊ ပါဠိစာပေ၊ ဗုဒ္ဓတရားတော်များနှင့်သာ အချိန်ကုန်လွန်ခဲ့ရကြောင်း တွေ့နိုင်ပါသည်။

အထူးသဖြင့် ခက်ခဲနက်နဲလှသော ပါဠိအဋ္ဌကထာ ကျမ်းကြီးနှစ်စောင်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ရာ ကမ္ဘာကပင် လေးစားခဲ့ရပါသည်။

ထို့ပြင် ဆရာကြီးသည် ဗုဒ္ဓဝါဒ၏ အနှစ်သာရဖြစ်သော အနတ္တတရားတော်နှင့် မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို အလွန် စိတ်ညွတ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

သာဓကပြရသော် အနတ္တတရားတော်နှင့် ပတ်သက်၍ ၁၉၆၆ ခုနှစ်၊ ဧပြီလအတွင်းက အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသနှင့်

ဆွေးနွေးခဲ့ပါသည်။ မဂ္ဂင်ရှစ်ပါးနှင့်ပတ်သက်၍ ၁၉၆၉ ခုနှစ်က မန္တလေးမြို့ ကယ်လီဘုရားရှိခိုးကျောင်းဝင်းအတွင်း ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်ဘာသာဝင်များ ကွန်ဖရင့်တွင် ဗုဒ္ဓဘာသာဆိုင်ရာ မဂ္ဂင်ရှစ်ပါးကို ဟောပြောခဲ့ပါသည်။

ဆရာကြီး ဦးဖေမောင်တင်သည် ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်သော်လည်း ဘဝတစ်လျှောက်လုံး ဗုဒ္ဓတရားတော်များနှင့်အညီ နေထိုင်၍ လောဘ၊ မောဟ၊ ဒေါသ နည်းပါးသော သူတော်ကောင်း ပညာရှိ အာဇာနည် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကိုကား မည်သူမျှ ငြင်းပယ်နိုင်မည် မဟုတ်ပါ။ ဆရာကြီးကား တစ်ခေတ်တစ်ယောက် ပေါ်ပေါက်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်မွန်တစ်ဦးပါတည်း။

၂၃ - ၉ - ၉၈

ကျမ်းကိုး


၁။ ဇေယျာ၊ မောင်။ 'ဦးဖေမောင်တင်၏ ဘဝဖြစ်စဉ် ရက်စွဲများ'၊ ယဉ်ကျေးမှုမဂ္ဂဇင်း။ အမှတ် ၁ (ဧပြီ ၁၉၉၇)၊ စာ ၁၅၇-၁၆။

၂။ မင်းသုဝဏ်၊ 'ဦးဖေမောင်တင်အား ကန်တော့ခြင်း'၊ မြန်မာစာပေသမိုင်း၊ ရေးသူ ဦးဖေမောင်တင်။ ၄ ကြိမ်။ ရန်ကုန်၊ စံပယ်ဦး၊ ၁၉၈၇။ စာ ၂၃-၂၇။

၃။ မြကေတု။ နှောင်းခေတ်တက္ကသိုလ် ဘဝမှတ်တမ်း။ ရန်ကုန်၊ မိုးမင်းစာပေ၊ ၁၉၉၅။

၄။ လေးလုံ၊ မ။ ဖေမောင်တင် သို့မဟုတ် ဘသက်ရှည်၊ ၂ တွဲ၊ ရန်ကုန်၊ သစ္စာစာပေ၊ ၁၉၇၅။

၅။ သုတေသနစာစဉ်သမိုင်း။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၇၀။

၆။ သော်ကောင်း။ ဦး။ 'ဦးဖေမောင်တင်၏ စာစုစာရင်း'၊ ငွေတာရီ၊ မှတ် ၉၆ (ဖွန် ၁၉၆၈)၊ စာ ၇၅/၇၈၊ ၂၁၁/၂၁၂။

၇။ Buddhaghosa. Visuddhimagga of Buddhaghosacariya. Ed. by Henry Clarke Warren. Rev, by Dharmanata Kosambi. 1950.

၈။ Lu Pe Win, U. 'Professor Pe Maung Tin : obituory'. J.B.R.S. Vol 1-56, Pt. 2 (December 1973) P. 61-67.

၉။ Nyi Nyi. 'Sayagyi U Pe Maung Tin : a personal tribute' W.P.D (25 March 1973) P. 5.

<u>အညွှန်း</u>

၁။ Bernard's Free Library
၂။ London,
၃။ Depavamsa
၄။ Khuddaka Patha
၅။ A Pail Primer
၆။ Dhammapada
၇။ Milinda Panha
၈။ A Pali Reader
၉။ The Student's Pali - Engligh Dictionary
၁၀။ Oxford University, Exeter College
၁၁။ The Expositor [Atthasalin] Vol. I
၁၂။ Baikkhu Silacara
၁၃။ 'S'
၁၄။ The Journal of Burma Research Society
၁၅။ Book Review
၁၆။ The Path of Purity [Visuddhimagga] Part-I
၁၇။ B. Litt
၁၈။ Mr. Yap Eng Hoe
၁၉။ Anagarika H. Dha
၂၀။ Prof. Lanman
၂၁။ American Academy of Arts and Sciences
၂၂။ Henry Clarke Warren
၂၃။ Dharmananda Kosambi
၂၄။ Mrs. Rhy David
၂၅။ Buddhist Psychological Ethics
၂၆။ Compendium of Philosphy

၂၇။ Point of Controversy

၂၈။ J. S. Furnivall

၂၉။ LL. D

၃၀။ Ph. D

၃၁။ Prayer and Meditation

၃၂။ Buddhist Devotion and Meditation

၃၃။ Pali Attakatha Translation Project Committee

၃၄။ Buddhavamsa Atthakatha

၃၅။ Dr. Miss. I, B. Horner

၃၆။ Some aspects of Theravada Buddhsm

၃၇။ Buddha's First Sermons : Dhamma Cakkapavattana. Sutta and Anattalakhana Sutta

မိုးကျာနယ်၊ အောက်တိုဘာလ ၁၉၉၈

※ ဗုဒ္ဓဘာသာ၏ အနှစ်သာရမှာ
ဝေဖန်ဆန်းစစ်၍ လက်တွေ့ကျင့်သုံးခြင်းဖြစ်။


※ ပုဂ္ဂိုလ်စွဲကင်းကင်း၊ ဆရာစွဲကင်းကင်း၊
အစဉ်အလာစွဲကင်းကင်းဖြင့်
ဝေဖန်ဆန်းစစ်လက်ခံသော ဝိဘဇ္ဇဝါဒ။

※ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ကာ
အထီးကျန် တောနေရဟန်းအဖြစ်
အသွင်ပြောင်း ခံယူသွားသော သိဒ္ဓတ္ထကို
သာမန်ပြည်သူတို့ သဘောမတွေ့နိုင်။

※ Renaissance & Reformation
သမိုင်းဝင် ခေတ်ပြောင်းတော်လှန်ရေးများသည်
မြတ်စွာဘုရား၏ ကာလာမသုတ္တန် ကွင်းဆက်ဖြစ်။

ဗိုလ်ချုပ်အောင်ဆန်း

(1915-1947)



## ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅ - ၁၉၄၇)

မိုလ်ချုပ်အောင်ဆန်းသည် လန်ဒန်မြို့ အမှတ် ၁၀၊ ဒေါင်းနင်းလမ်း ဗြိတိသျှဝန်ကြီးချုပ်နေအိမ်မှာ ၂၇–၁–၄၇ နေ့က မြန်မာ့လွတ်လပ်ရေးအတွက် 'အောင်ဆန်း အက်တလီစာချုပ်' ချုပ်ဆိုခဲ့၏။ ထို့ကြောင့် သူ့ကို သူ့ပြည်သူများက လွတ်လပ်ရေးဗိသုကာဟု လည်းကောင်း၊ လွတ်လပ်ရေးဖခင်ဟု လည်းကောင်း မော်ကွန်းထိုးကြ၏။

၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ဥမကွဲ သိုက်မပျက် တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်ရေး၏ သင်္ကေတဖြစ်သော 'ပင်လုံစာချုပ်' ကို ချုပ်ဆိုခဲ့၏။ ထို့ကြောင့်လည်း သူ့ကို ပြည်ထောင်စုဖခင်ဟု မှတ်ယူကြ၏။ ရှားရှားပါးပါး ထူးထူးခြားခြား အမျိုးသားခေါင်းဆောင် Natioral Lealder of Unique Caliber အဖြစ် တညီတညွတ်တည်း မှတ်ယူကြ၏။

*အောင်ဆန်း၏ အသိဉာဏ်နှင့် နိုင်ငံရေးအမြော်အမြင်ကြီးမားမှုသည် သူ့အသက်အရွယ်နှင့် မလိုက်ဖက်အောင်ပင် ထူးချွန်ပြောင်မြောက်လှပါပေသည်။*

*Aung San's intelligence and political insight are unsual for his age.*

ဤသည်မှာ အိန္ဒိယနိုင်ငံခေါင်းဆောင်ကြီး ပဏ္ဍစ် ဂျဝါဟာလာနေရူး၏ မှတ်ချက်ဖြစ်သည်။ ဗြိတိသျှနိုင်ငံရေး စစ်ရေးခေါင်းဆောင်များကလည်း သူတို့အမြင်ကို အသီးသီးမှတ်တမ်းတင် ဂုဏ်ပြုထားကြပါသည်။ မောရစ်ကောလစ် (Maurice Collis) ကလည်း ဤသို့ မှတ်တမ်းတင်သွားခဲ့သည်။

*သမိုင်းအစဉ်အလာအရ ကမ္ဘာ့ထိပ်သီးသူရဲကောင်းတို့သည် အချိန်အခါ အခြေအနေ တိကျမှန်ကန်တော့မှ ပေါ်ထွက်လာစမြဲဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကို ရယူဆောင်ကြဉ်းပေးမည့် သမိုင်း၏ အဓိကပုဂ္ဂိုလ်အဖြစ် သမိုင်း၏ တောင်းဆိုချက်အရ ပေါ်ထွက်လာသူကား 'အောင်ဆန်း' ပင် ဖြစ်သည်။ အောင်ဆန်း ပေါ်ပေါက်လာခြင်းသည်ကား ခေတ်၏ အမှတ်အသားလက္ခဏာ တစ်ခု ဖြစ်ပေသည်။ ကျွန်ုပ်တို့ ဗြိတိသျှ၏ သဘောထား ပြောင်းလဲစေခဲ့သော အချက်အလက်များကပင်လျှင် အောင်ဆန်း ပေါ်ပေါက်ရေးအတွက် လမ်းဖွင့်ပေးသလို ဖြစ်ပေသည်။ ဤသည်ကား ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်များ ပေါ်ပေါက်လာသည့် အစဉ်အလာတစ်မျိုး ဖြစ်သည်။*

Maurice Collis ၏

Last and first in Burma မှ ကောက်နုတ်ချက်။

* * *

ဖီးလ်မာရှယ် ဝီလျံစလင်း (Field Marshal wiliam slim) က ဤသို့ မှတ်တမ်းတင် ဂုဏ်ပြုသွားခဲ့ပါသည်။

*ကျွန်ုပ်အနေဖြင့် သူ့အား အကဲဖြတ်ကြည့်ရာ၌ အောင်ဆန်းသည် ကျွန်ုပ် စောစောက ထင်မိသလို ရက်စက်ကြမ်းကြုတ်ပြီး မူဝါဒမရှိသော ပြောက်ကြားခေါင်းဆောင်တစ်ဦး မဟုတ်ဘဲ သူ့တိုင်းပြည်ကို အမှန်တကယ်ချစ်သော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး အဖြစ်လည်း တွေ့ရပေသည်။ ယင်းသို့သော ပုဂ္ဂိုလ်မျိုး တွေ့ရခဲလေသည်။*

*အောင်ဆန်းနှင့်ပတ်သက်၍ ကျွန်ုပ်အထင်ကြီးမိသော အရည်အချင်းကား သူ၏ ရိုးသားဖြောင့်မတ်မှုပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်စိတ်ထဲ၌ အောင်ဆန်းနှင့် အလုပ်လုပ်လျှင် ကောန်မှချ အလုပ်ဖြစ်မည်ဟု ဆုံးဖြတ်လိုက်မိတော့သည်။*

Field Marshall Wilham Slim ၏

From Defeat Into Victory မှ ကောက်နုတ်ချက်

* * *

"လူမှာ အရေးကြီးဆုံးက ကိုယ်ကျင့်တရားနဲ့ အမှန်တရားကို မြတ်နိုးမှုပဲဖြစ်တယ်။ အခြေအနေ အချိန်အခါ နေရာဒေသမရွေး မှန်တာကိုသာ ပြောရဲတဲ့သတ္တိ ရှိရမယ်"

ဤသည်မှာ ဗိုလ်ချုပ်၏ တဖွဖွဆုံးမစကားဖြစ်၏။ ယင်းသည် ဗိုလ်ချုပ်၏ ခံယူချက်လည်း ဖြစ်၏။ ယထာဝါဒီ တထာကာရီ I pratise what I preach ဟု ပြောလေ့ရှိသူဖြစ်၏။ လိပ်ပြာသန့်သူ ဖြစ်၏။

ဤခံယူချက် ဤစိတ်ဓာတ်သည် ငယ်စဉ်ဘဝမှ စ၍ ပါလာခဲ့၏။ မွေးရာပါဗီဇသတ္တိဟု ဆိုနိုင်၏။ သူ၏ လူမမယ် ဘဝဇာတ်ကြောင်း တစ်စွန်းတစ်စအကြောင်း ဤသို့ ကြားသိခဲ့ရ၏။

ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမည့် (စနေသား – ငယ်နာမည် မောင်ထိန်လင်း) လေးနှစ်သားအရွယ်က ဖြစ်၏။ မိခင်ဒေါ်စု (အမေစု) သည် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပြီး အရောင်းအဝယ် ကောင်းစွာ လုပ်ကိုင်တတ်သူဖြစ်သည်။ ဆန်စပါးရောင်းဝယ်ခြင်းလည်း လုပ်သည်။ စပါးပေးနည်းဖြင့် ငွေလည်း ချေးသည်။ အိမ်တွင် စပါးများ ဝယ်လှောင်ထားပြီး ကျေးလက်တောရွာမှ လူများအား တစ်ဆင့်ရောင်းသည့်အလုပ်လည်းလုပ်သည်။

တစ်နေ့သ၌ တောမှ စပါးဝယ်သူများ ရောက်လာပြီး ဈေးစကားပြောနေကြစဉ် လေးနှစ်သားအရွယ် မောင်ထိန်လင်းခေါ် အောင်ဆန်းကလေးသည် လှေကားအဆင်းအတက်နေရာတွင် ဆော့ကစားနေသည်။

စပါးဝယ်သူများက ဈေးဆစ်ကြရာ မိခင်ကြီး ဒေါ်စုက "ကိုင်း မင်းတို့ ဒီလောက် လိုချင်နေမှ ငါကပဲ လျှော့ပေးလိုက်မယ်။ ဒီစပါးကို ငါဝယ်တုန်းက ခြောက်ဆယ်နဲ့ ဝယ်ထားရတယ်။ ဒါပေမဲ့ မင်းတို့ကို ငါးဆယ်ဈေးနဲ့ ပေးလိုက်ပါ့မယ်"ဟု ပြောလေရာ ထိုစကားကိုကြားလိုက်သူ အောင်ဆန်း (ထိန်လင်း) ကလေးက "ဟာ အစ်မကလည်း မဟုတ်တာ ပြောရှေ့မယ်၊ ဒီစပါးကို အစ်မက ငါးဆယ်ဈေးနဲ့ ဝယ်ထားတာ ကျွန်တော်သိတယ်၊ ဟုတ်တာပြောမှ ဥစ္စာပေါမည်၊ လိမ်ပြောတာ မကောင်းဘူး" ဟု ခပ်တည်တည် ဝင်ပြောလိုက်သဖြင့် အားလုံးက ဝိုင်းရယ်မောကြသည်။

ဧည့်သည်များ ပြန်သွားသောအခါ မိခင်ကြီးက သားငယ်ကို အနီးသို့ ခေါ်ယူ၍ ပေါင်တွင်းကြော ဆွဲလိမ်ရင်း "လူကြီးတွေ ပြောကြတဲ့ စကားကြားမှာ မင်းက ဘာဖြစ်လို့ ဝင်ပြောရတာလဲ၊ နောက်ကို ဒီလို မပြောနဲ့"ဟု ဆုံးမရာ ထိန်လင်းခေါ် အောင်ဆန်းကလေးက အလွန်နာကျင်သော်လည်း မငိုဘဲ "အစ်မက လိမ်ပြောတာကိုး"ဟု အရွယ်နှင့် မလိုက်အောင် သူ၏ ယုံကြည်ချက်အတိုင်း ပြန်ပြောခဲ့လေသည်။

တက္ကသိုလ်နေဝင်း၏
'ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း' စာအုပ်မှ ကောက်နုတ်ချက်

* * *

## အနိုင်မခံ

သခင်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝ အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာတွင် William Ernest Henley (1809. 1903) ၏ Invictus ကဗျာသည် သူ့လမ်းညွှန်သဘောတရားဖြစ်လာ၏။

ထိုကဗျာ ဘာသာပြန်ကို "အနိုင်မခံ" ဟူသော ခေါင်းစဉ်ဖြင့် အိုးဝေ မဂ္ဂဇင်း အတွဲ ၆၊ အမှတ် ၁ (၁၉၃၆) တွင် မဂ္ဂဇင်းခေါင်းကြီးပိုင်းအဖြစ် ထည့်သွင်းဖော်ပြလိုက်၏။

မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ ကိုအောင်ဆန်း၏ ကဗျာဘာသာပြန် လက်ရာ ခေါင်းကြီးပိုင်းမှာ ဤသို့ ဖြစ်၏။

## အနိုင်မခံ

ငါ့အား ဖုံးလွှမ်းထားသော
လကွယ်သန်းခေါင် ဤမိုက်မှောင်အတွင်းမှနေ၍
အနိုင်မခံ အရှုံးမပေးတတ်သော
ငါ၏စိတ်ဓာတ်ကို ဖန်ဆင်းပေးသည့်
နတ်သိကြားတို့အား ငါ ကျေးဇူးတင်ပါ၏။
လောကဓံတရားတို့၏
ရက်စက်ကြမ်းကြုတ်သော လက်ဆုပ်တွင်းသို့
ကျရောက်နေရငြားသော်လည်း
ငါကား မတုန်လှုပ်၊ မငိုကြွေး။
ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့်
ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏
ညွတ်ကား မညွတ်။
ဤလောဘ ဒေါသတို့
ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား
သေခြင်းတရားသည်
ကြောက်မက်ဖွယ်ရာ ငံ့လင့်လျက်ရှိ၏
သို့သော် ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရအံ့။
သုဂတိသို့ သွားရာတံခါးဝသည်
မည်မျှ ကျဉ်းမြောင်းသည် ဖြစ်စေ၊
ယမမင်း၏ ခွေးရေပုရပိုက်၌
ငါ့အပြစ်တို့ကို
မည်မျှပင် များစွာ မှတ်ထားသည်ဖြစ်စေ
ငါကား ဂရုမပြု။
ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍
ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်သတည်း။

မြ ကေတု၏

'နှောင်းခေတ်တက္ကသိုလ်ဘဝမှတ်တမ်းများ' စာအုပ်မှ ကောက်နုတ်ချက်

* * *

## သံလိုက်နှင့်တူသော ဗိုလ်ချုပ်

ဗိုလ်ချုပ်နှင့်ပတ်သက်ပြီး ကျွန်တော်ရေးတဲ့ 'ငါးနှစ်ရာသီ၊ ဗမာပြည်' ဆိုတဲ့ စာအုပ်မှာ ဗိုလ်ချုပ်နှင့်ပတ်သက်ပြီးတော့ ရေးထားတာက ဘယ်လို ရေးထားသလဲဆိုလျှင် –

"ဗိုလ်ချုပ်ဟာ သံလိုက်နဲ့တူတယ်၊
သူနဲ့တွေ့တဲ့အခါဆိုရင် တွေ့တဲ့လူဟာ
မေတ္တာတွေ, စေတနာတွေ, ကရုဏာတွေ ပိုလာတယ်။
သူ့ကိုမကြည်ညိုတဲ့သူ မရှိသလောက်ဖြစ်နေတယ်၊
သူ့ကို ပုံအပ်ချင်တဲ့စိတ်တွေ
တဖွားဖွားပေါ်လာတယ်။
သူနဲ့တွေ့တဲ့အခါမှာ စေတနာတွေ, မေတ္တာတွေ,
ကရုဏာတွေ ပုံအင်ချင်တဲ့စိတ်တွေ
ယုံကြည်ချင်တဲ့စိတ်တွေ ပေါ်လာတယ်ပဲ" လို့
ကျွန်တော်ရေးထားပါတယ်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ အင်္ဂါနေ့

*(မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယညီလာခံတွင် ဝန်ကြီးချုပ် သခင်နု တင်သွင်းသော 'ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံး၍ ကြေကွဲဝမ်းနည်းခြင်း အဆို' လွှတ်တော်ညီလာခံမှတ်တမ်းမှ ကောက်နုတ်ချက်)*

* * *

## တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းသော အလုပ်ကိုသာ လုပ်သော နိုင်ငံရေးသတ္တဝါ

တက္ကသိုလ်တွင် ရှိစဉ်က ကိုအောင်ဆန်းသည် ပြုံးသော မျက်နှာထားကို ထားခဲ၏။ သူ့မျက်နှာထားသည် သုန်မှုန်၏။ တစ်ခါတွေ့ဖူးသောသူကို နောက်တစ်ခါတွေ့လျှင် နှုတ်ဆက်ချင်မှ ဆက်၏။ သူ့ကို သိသူက ပြုံးပြသော်လည်း သူသည် တုံ့ပြန်၍ ပြုံးချင်မှ ပြုံး၏။ ဥက္ကဋ္ဌဖြစ်သဖြင့် သူ့ကိုကား ကျောင်းသားတိုင်းက သိကြ၏။ သူကလည်း အစဉ်လိုလို နိုင်ငံရေးကိုသာ တွေးနေဟန် တူ၏။ ဗမာပြည်၏ လွတ်လပ်ရေးအတွက် စိတ်ပူပုံရ၏။

ထို့ကြောင့် သူသည် သုန်မှုန်လျက်နေသည်။ သူစကားပြောလျှင်လည်း နိုင်ငံရေးအကြောင်းကိုသာ ပြောသည်။

သူထမင်းစားနေစဉ် ဧည့်သည်ဝင်လာလို့လည်း ဗမာ့စည်းဝတ်ထုံးစံအရ "ထမင်းစားပါဦးလား" ဟု ခေါ်ချင်မှ ခေါ်သော လူစားမျိုး ဖြစ်၏။ ဒါတွေကြောင့် သူ့ကို မိတ်ဆွေရင်းများက ကြောင်သည်ဟု အမှတ်ထားကြ၏။

သူ့တွင် သိမ်မွေ့ခြင်းမရှိ။ အလှအပကို မမက်မော။ သူသည် ကြမ်းတမ်းသည်။ ရိုင်းသည်။ ဆက်ဆံပေါင်းသင်းရေးတွင်ရှိသော ဧည့်ဝတ်ထုံးစံ ယဉ်ကျေးခြင်း စသည်တို့ကို သူသည် လုံးဝ ဂရုမစိုက်။ ဂီတ, ပန်းချီ, သဘင်ဝသော အနုပညာရပ်များကို မလိုက်စား။ သူ့ကိုယ်သူ အတင်းယဉ်ကျေးအောင်မလုပ်။ သူ၏ နဂိုရ်အတိုင်း ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်းပင် မပြုပြင်ဘဲ နေ၏။

သူ့တွင် နိုင်ငံရေးဝိညာဉ်ကား ပြင်းထန်လှချေ၏။ သူသည် နိုင်ငံရေးကိုသာ တစ်ခုတည်းလုပ်သော လူတစ်ဦးဖြစ်၏။ သူသည် ရိုင်း၏၊ ကြမ်း၏၊ ကြောင်၏၊ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်း မဟုတ်၊ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာ လုပ်သော နိုင်ငံရေးသတ္တဝါဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ။

ဒဂုန်တာရာ၏ တာရာမဂ္ဂဇင်း 'လူကို လေ့လာခြင်းကဏ္ဍ<br>
အောင်ဆန်း သို့မဟုတ် အရိုင်း' ဆောင်းပါးမှ ကောက်နုတ်ချက်

* * *

## ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာထဲမှ ဗုဒ္ဓဝါဒဆိုင်ရာ အမြင်သဘောထားများ

(၁၉၉၈ ခုနှစ်၊ နှစ်ငါးဆယ်ပြည့် ရွှေရတုလွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားရှားပါးပါးဖြစ်နေသော စာပေလက်ရာများကို 'ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ' ဟူသော အမည်ဖြင့် တက္ကသိုလ်များ သမိုင်းသုတေသနဌာန၊ အကြီးတန်း သုတေသနမှူး ဆရာဦးမြဟန်က သုတေသနပြု ထုတ်ဝေဖြန့်ချိလိုက်ပါ၏။ မြန်မာတို့ ဂုဏ်ယူဖွယ်ကျမ်းစာ ဖြစ်ပါ၏။ ထိုကျမ်းစာထဲမှ ဗုဒ္ဓဝါဒအပေါ် အမြင်သဘောထားများကို ရွေးထုတ်တင်ပြ

လိုက်ပါ၏။ ဤသည်မှာ ဗုဒ္ဓမြတ်စွာအပေါ် ဗိုလ်ချုပ်အောင်ဆန်း၏ အမြင်ပင် ဖြစ်တန်ရာပါ၏။)

* * *

## BURMA AND BUDDHISM

ယခုထိ ရှာဖွေစုဆောင်းရရှိသမျှတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပထမဆုံး ဆောင်းပါးမှာ တက္ကသိုလ်ကျောင်းသားဘဝက ရေးခဲ့သည့် Burma and Buddhism ဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါးကို ၁၉၃၅ ခုနှစ်၊ ဧပြီလထုတ် ဂန္ထလောက The World of Books မဂ္ဂဇင်းတွင် ရေးသားခဲ့သည်။

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အခြေအနေနှင့် မြန်မာလူငယ်များ၏ အခန်းကဏ္ဍ၊ ရှေးဓလေ့ထုံးစံအယူဝါဒများနှင့် ပတ်သက်၍ လူငယ်များ ၏ သဘောထားတို့နှင့် စပ်လျဉ်း၍ သူ့အမြင်ကို တင်ပြသုံးသပ်ထားသည့် ဆောင်းပါး ဖြစ်သည်။ ထိုသို့ သုံးသပ်တင်ပြရာတွင် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အခြေအနေသည် ခေတ်ပြောင်းကာလတစ်ရပ် ဖြစ်သည်။ ခေတ်လူငယ်များ သည်လည်း ခေတ်ပြောင်းသည်ကို သိရှိသည်နှင့်အညီ မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုကြသည့် အပြုသဘောနှင့် အရာရာကို အမှန်အတိုင်း ရှုမြင်သုံးသပ်ပြီး ခေတ်သစ်ထူထောင်ရန် အားသန်နေကြသည်။ သို့သော်လည်း ရှေးဓလေ့ထုံးစံ အယူဝါဒများနှင့်ပတ်သက်၍ သဘောထား မတူကြသည်ကို လည်း တွေ့ရှိရကြောင်းများ ပထမ ရေးသားထားသည်။

ရှေးဓလေ့ထုံးစံအယူဝါဒများသည် ခေတ်အဆက်ဆက် လူအများ လက်ခံကျင့်သုံးခဲ့သဖြင့် အရေးပါနေသော်လည်း အချို့အယူအဆများမှာ ခေတ်နှင့် မကိုက်ညီတော့ကြောင်း ခေတ်လူငယ်အချို့က သိမြင်လာကြသည်။

ရှေးအယူအဆများနှင့် ပတ်သက်၍ ပယ်သင့်သည်များရှိသကဲ့သို့ လက်ခံပြီး ပိုမိုကောင်းမွန်အောင် ပြုပြင်သွားရမည့် အရာများလည်း ရှိသည်။ ထို့အတူ နဂိုရ်အတိုင်း ထားရမည့်အရာများလည်း ရှိသည်ဟူ၍ ခံယူသည့် လူငယ်များလည်း ရှိသည်။ တစ်ချိန်တည်းတွင် ရှေးဟုံးအယူဝါဒများကို အလျင် အမြန် ပြောင်းလဲပစ်လိုသူများ ရှိသကဲ့သို့ လုံးဝမပြောင်းလိုသူများလည်း ရှိသည်။

ထိုအစွန်းရောက်သမားများအတွက် ဂေါတမမြတ်စွာဘုရား၏ တရားတော်တွင် အဖြေရှိသည်ဟု တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းက တင်ပြထားသည်။

## ဗုဒ္ဓဘာသာ၏ အနှစ်သာရ

ဗုဒ္ဓဘာသာ၏ အနှစ်သာရမှာ ဝေဖန်ဆန်းစစ်၍ လက်တွေ့ကျင့်သုံးနည်း ဖြစ်သည်။ ထိုနည်းမှာလည်း ကေသမုတ္တိသုတ်ခေါ် ကာလာမသုတ္တန်လာ ဂေါတမမြတ်စွာဘုရား၏ ဟောကြားချက်ဖြစ်သည်။

ထိုဟောကြားချက်မှာ –

* အယူဝါဒတစ်ခု၏ အများအမှန်ကို ဆုံးဖြတ်ရာတွင် တစ်ဆင့်ကြားမှု ဖြင့်လည်း ဟုတ်ပြီမှန်ပြီဟု လက်မခံသင့်။
* မိရိုးဖလာ အယူဝါဒဖြစ်၍လည်း လက်မခံသင့်။
* 'ဤအရာသည် ဤသို့ဖြစ်သတဲ့' ဟူသော ကောလာဟလဖြင့်လည်း လက်မခံသင့်။
* ကျမ်းဂန်လာစာပေနှင့် ညီညွတ်သည်ဆိုရုံနှင့်လည်း လက်မခံသင့်။
* မိမိတို့ ယုံကြည်ထိုက်သောပုဂ္ဂိုလ်၏ စကားဖြစ်သည်ဟုဆိုကာ ပုဂ္ဂိုလ်စွဲဖြင့်လည်း လက်မခံသင့်။
* မိမိတို့ လေးစားသော ဆရာ၏ စကားဖြစ်သည်ဟုဆိုကာ ဆရာစွဲဖြင့်လည်း လက်သင့်မခံဘဲ ဝေဖန်စစ်ဆေးကာ လက်တွေ့ လုပ်ကြည့်၍ အကျိုးရှိသည့် အယူဝါဒ (ဝိဘဇ္ဇဝါဒ) ကိုသာ လက်ခံရမည်ဆိုသည့် အချက် ဖြစ်သည်။

ဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်သော အထက်ဖော်ပြပါ ဝိဘဇ္ဇဝါဒကို သုံး၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် တိုးတက်ကြီးပွားရေးအတွက် လုပ်ဆောင်သွားကြရန်မှာ မြန်မာနိုင်ငံသားအားလုံး၏ အဓိကတာဝန်ဖြစ်သည်ဆိုသော တိုက်တွန်းချက်ဖြင့် ဆောင်းပါးကို နိဂုံးချုပ်ထားသည်။ (စာ–၉)

## လောကဝိဟာ

တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၏ နောက်စာပေလက်ရာ တစ်ခုမှာ 'လောကဝိဟာ' ခေါင်းစဉ်ပါ ဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါးကို ၁၉၃၇ ခုနှစ် စက်တင်ဘာလထုတ် မျိုးညွန့် မဂ္ဂဇင်းတွင် တွေ့ရ၏။

ဆောင်းပါးတွင် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက အကြောင်းများ ပထမ ပြောသည်။ ထို့နောက် လူများစတင်ပေါ်ပေါက်လာပြီး လူရိုင်းခေတ်မှ လူယဉ်ကျေးခေတ်သို့ ရောက်လာပုံ၊ စိုက်ပျိုးရေးလုပ်ငန်းများ ပေါ်လာပုံ၊ မင်းကျင့်တရားဆယ်ပါးနှင့် သင်္ဂဟတရားလေးပါး ပေါ်လာပုံ ပြောသည်။ ထို့နောက် မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံ၊ မီးသင်္ဘောနှင့် လျှပ်စစ်ခေတ်သို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံ ဆက်ပြောသည်။ ထို့နောက် အရင်းရှင်နယ်ချဲ့စနစ်ကြောင့် ပထမကမ္ဘာစစ်ကြီးဖြစ်ကာ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ပုံ၊ ကမ္ဘာ့ပြဿနာများအတွက် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် မူစလင်ဘာသာတို့၏ အဆုံးအမများလည်း အသီးသီးရှိပုံ ပြောသည်။

မည်သို့ဆိုစေ လောကဝိဟာတည်းဟူသော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကကို လေ့လာရာမှ ရရှိသော ပညာသည်သာ လောကတည်းဟူသော တက္ကသိုလ်ကြီးအကြောင်း လေ့လာရာ လောကဝတ္တရားဖြစ်ကြောင်း နိဂုံးချုပ်ထားသည်။

ပညာစစ်၏ သဘောနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ခံယူချက်ကို တင်ပြထားသည့် ဆောင်းပါးဖြစ်သည်။ (စာ-၉) ပညာစစ်ကို ရရန် လွတ်လပ်စွာ တွေးတောပြောဆို ဆွေးနွေးလုပ်ကိုင်လိုသော စိတ်ကို မွေးရန် လို၏။ ဤအချက်ကို ပညာရေးကျွမ်းကျင်သူ ပုဂ္ဂိုလ်များက Academic Freedom ပညာသင်ကြားရေး လွတ်လပ်ခွင့်ဟု ခေါ်ကြ၏။

ဤအချက်ကား ကမ္ဘာ့ရာဇဝင်ကို တစ်မျိုးတစ်မည်ပြောင်းလဲသွားစေသည့် ရီနေဆန်နှင့် ရီဖော်မေးရှင်းခေါ် ခေတ်သစ်ဝါဒ လောကဓာတ်ပညာ ပြန့်ပွားရေး အကြောင်းရင်းတည်း။

ဤအချက်ကား ကျွန်ုပ်တို့ ဂေါတမဘုရားသခင် ဟောကြားတော်မူသော ကာလာမသုတ္တန် သဘောအရပင်တည်း။ ဗိုလ်ချုပ်အောင်ဆန်းသည် ဂေါတမမြတ်စွာဘုရား၏ ကာလာမသုတ္တန်ကို အထူးသဘောကျပုံ ရသည်။

ထို့ကြောင့် Burma and Buddhism ဆောင်းပါးတွင်လည်း ကာလာမသုတ္တန်ကိုပင် အဓိကထား ပြောသွားခဲ့သည်ကို ရှေ့ပိုင်းတွင် တွေ့ခဲ့ရပြီးဖြစ်သည်။

ဤဆောင်းပါးတွင်လည်း ဥရောပ၌ ပေါ်ပေါက်လာသော ရီနေဆန် Renaissance နှင့် ရီဖော်မေးရှင်း Reformation ခေါ် ခေတ်ပြောင်းလှုပ်ရှားမှုများသည် ဂေါတမမြတ်စွာဘုရား၏ ကာလာမသုတ္တန်လာ ဝေဖန်စစ်ဆေးပြီးလက်တွေ့စမ်းသပ် လုပ်ကိုင်နည်းသဘောများကြောင့် ပေါ်ပေါက်ခဲ့ရသည်ဟု တင်ပြထားသည်။ (စာ-၁၄)

လူတွေ တရား မစောင့်နိုင်သည့် အကြောင်းမှာလည်း လောဘတရားကြောင့် ဖြစ်၏။ လောဘတရားဖြစ်ခြင်းမှာလည်း ပုဂ္ဂလိကပစ္စည်းပေါ်လာသဖြင့် ငါ့ဟာ, ငါ့အိမ်, ငါ့ခြံ စသဖြင့် ငါတည်းဟူသော သက္ကာယဒိဋ္ဌိ အရင်းခံသည့် လောဘ၊ ထိုလောဘကြောင့် မောဟတည်းဟူသော မသိမလိမ္မာမိုက်မဲမှု ဖြစ်လာ၏ဟူ၍ တရားသဘောဖြင့်လည်း ဆွေးနွေးတင်ပြထားသည်။ (စာ-၂၀)

## ပညာဆိုသည်မှာ

ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာမဆိုပေ။ ပညာသည် အတိုင်းအဆမထင် အလွန်ကျယ်ပြောနက်နဲလှပေသည်။ ကမ္ဘာရှိစာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို ဖော်ပြခြင်းငှာ မတတ်နိုင်ပေ။ ပညာအားလုံးကို လောကပြင်ကျယ်တည်းဟူသော အကြီးဆုံးကျောင်း၌သာ တွေ့ရှိနိုင်ပေသည်။ ထိုလောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည့်အချိန်အထိ ပညာသင်များဖြစ်နေကြလေသည်။ လှေနံ ဓားထစ်ဆိုသော အလုပ် အပြော အတွေးတို့မှာ ပညာ၏ အဓိပ္ပာယ် ဆန့်ကျင်ဘက်ပေတည်း။

* ပညာသည် စာအုပ်များထဲ၌သာ ရှိသည် မဟုတ်၊ စာအုပ်များကို ကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင်ရပေမည်။
* ပညာသည် လူ၏ ရာဇဝင်ကိုသာ ပြုပြင်တိုးချဲ့ရုံသာ မဟုတ်၊ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။

* ရာဇဝင်ကို သိရုံသာ မဟုတ်၊
ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။
* လောကဓာတ်ပညာကို သိရုံသာ မဟုတ်၊
လောကဓာတ်ပညာကို တိုးတက်နိုင်စေရမည်။
* လောကအကြောင်းကို နားလည်စေရုံသာ မဟုတ်၊
သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။

အမှန်အားဖြင့် သမာဓိဆိုသော စကားကို နက်နက်နဲနဲ ဆင်ခြင်လျှင် လောကရှိ လူအပေါင်းတို့မှာ သမာဓိလက်ကိုင် ရကြသူများ ရှားပေသည်။ သမာဓိဆိုသည်မှာ လောက၏ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်၊ အဖြစ်အပျက်သနစ်စုံကို ပိုင်းခြားထင်ထင်သိမြင်၍ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်း ဝမ်းမသာ၊ ပကတိစိတ်ထား ဉာဏ်အမြင်အရ လူချီးမွမ်း လူကဲ့ရဲ့ ဘေးဒုက္ခအန္တရာယ်ကို မထိတ်မလန့် တသမတ်တည်း တည်ငြိမ်စွာရှိခြင်းကို ဆိုပေသည်။ ဘုရား အစရှိသော သူတော်ကောင်းတို့၏ စိတ်တည်နေပုံမျိုးတည်း။

## အယူအဆရေးရာ ပြောင်းလဲခြင်း

လူတစ်ယောက်၏ အယူဝါဒ ပြောင်းလဲသည်ကို တွေ့လျှင် ထိုလူသည် မတည်သူ၊ ရှေ့နောက် မညီသူဟု လူအများက ထင်တတ်ကြသည်။ အယူဝါဒ ပြောင်းလဲခြင်းသည် ဉာဏ်အမြင်ပြောင်းလဲမှု ဖြစ်သည်။ သမာဓိမတည်ခြင်း မဟုတ်၊ သမာဓိမတည်ခြင်းမှာ ကိုယ်ကျင့်တရား ဖောက်လွဲဖောက်ပြန်ခြင်း ဖြစ်သည်။

လူတစ်ယောက်၏ သက်တမ်းတွင် မူလက သိမြင်ထားသော အယူဝါဒတို့သည် အမှန်ချည်း ဖြစ်သည်ဟု မဆိုနိုင်၊ ပြုပြင်ပြောင်းလဲရမည်သာ ဖြစ်သည်။ အတွေ့အကြုံ ဉာဏ်အမြင်အလျောက် ပြောင်းလဲမှု ရှိရမည်သာ ဖြစ်သည်။ သို့သော် ထိုပြောင်းလဲမှုမှာ အကောင်းဘက်သို့ ဦးတည်သော ပြောင်းလဲမှု ဖြစ်ရမည်။

ပုထုဇဉ်လူသားတိုင်း အမှားနှင့် မကင်းနိုင်ကြောင်း၊ ထို့ကြောင့် လူတစ်ယောက်အနေနှင့် အယူဝါဒပြောင်းရာတွင် ပထမတွင် မှားချင်လည်း မှားမည်။ သို့သော် ကိုယ့်အမှားကို သိဖို့သာ လိုသည်။ အမှားသိမှ အမှန်ကို

မြင်ပြီး အမှန်ရောက်အောင် ပြုပြင်သွားမည့် သဘောကိုလည်း ရေးသားထားသည်။

## သိဒ္ဓတ္ထကို စံနမူနာထား

ထိုသို့ အယူဝါဒပြောင်းလဲမှုနှင့် ပတ်သက်၍ ဂေါတမမြတ်စွာဘုရား၏ ဖြစ်စဉ်နှင့်ယှဉ်ကာ ဆွေးနွေးတင်ပြထားချက်လည်း ပါသည်။

> "သိဒ္ဓတ္ထမင်းသားသည် မင်းစည်းစိမ်ကို စွန့်၍ သောင်မမြင် ကမ်းမမြင် ရသေ့ရဟန်းအသွင်ဖြင့် လျော်တေသက်န်းဝတ်ဘဝမျိုးသို့ ပြောင်းလဲမှုသည် သာမန်အားဖြင့် ကြည့်လျှင် မှားသည်ဟု ထင်စရာ ဖြစ်သည်။ သို့သော် မင်းစိတ် မင်းဝါဒကို ဆန့်ကျင်၍ လောကီစည်းစိမ်ကိုစွန့်၍ နိဗ္ဗာန်ရောက်သည့် ပြောင်းလဲမှုမျိုးမှာ အကောင်းပြောင်းလဲတိုးတက်သည့် ပြောင်းလဲမှု ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည်ပင်လျှင် မိမိဉာဏ်အမြင်အရ အယူဝါဒပြောင်းရာတွင် အနုမာန မှန်းဆချက်ဖြင့် ပြောင်းလဲပြီး ခြောက်နှစ်တိုင်တိုင် ကျင့်ကြံပြီးမှ သဗ္ဗညုတဉ္ဉာဏ်တော်ကို ရခဲ့သည်မှာလည်း အမှားတွေ့ရပြီးမှ အမှန်သို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ အယူဝါဒပြောင်းရာတွင် ထိုသို့သော အကောင်းပြောင်းခြင်းမျိုး ဖြစ်ရမည်။ အမှားတွေ့က အမှန်ရောက်အောင် ပြုပြင်သွားရမည်" ဆိုသည့် အတွေးအခေါ်များဖြင့် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးလက်စတွေ့ရသည်။ (စာ-၃၄၊ ၃၅၊ ၃၆၊ ၃၇)

မြဟန်၏ 'ဗိုလ်ချုပ်အောင်ဆန်း စာပေလက်ရာ' မှ ကောက်နုတ်ချက်

<u>ရည်ညွှန်းကျမ်းစာများ</u>


၁။ ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်း (မေမြို့ချစ်ဆွေ)


၂။ ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း (တက္ကသိုလ်နေဝင်း)

၃။ အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း (တက္ကသိုလ်နေဝင်း)

၄။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ (ကလောင်စုံ)

၅။ နောင်းခေတ်တက္ကသိုလ် ဘဝမှတ်တမ်း (မြကေတု)

၆။ ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ (မြဟန်)



## ဒေါက်တာ ကေ၊ သီရိဓမ္မနန္ဒ နာယက မဟာထေရ်

ဒေါက်တာကေ၊ သီရိဓမ္မနန္ဒသည် လွန်ခဲ့သော အနှစ် ၅၀ ကျော်ကပင် မလေးရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ ပင့်ဖိတ်ခြင်းကို လက်ခံတော်မူပြီး မလေးရှား (အစ္စလာမ်) နိုင်ငံ၌ မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာများ ပြန့်ပွားရေးကို ဆောင်ရွက်တော်မူရန်အတွက် ကြွရောက်တော်မူလာသည်။ အရှင်မြတ်သည် မလေးရှားတွင် သာသနာတော်ပြန့်ပွားရေးကို မဆုတ်မနစ် လုံ့လပြုဆောင်ရွက်တော်မူခဲ့သည်။

၁၉၆၁ ခုနှစ်တွင် အရှင်မြတ်၏ ကျေးဇူးကြောင့် မလေးရှား ဗုဒ္ဓသာသနာပြုအသင်းတော်ကြီးကို တည်ထောင်နိုင်ပြီး သာသနာပြုအလုပ်များစွာကို ဆောင်ရွက်တော်မူနိုင်ခဲ့လေသည်။ အနှစ် ၅၀ ကာလအတွင်း သာသနာပြန့်ပွားရေးအတွက် အင်္ဂလိပ်ဘာသာဖြင့် ကျမ်းပေါင်း ၅၅ ကျမ်းမက ရေးသားပြုစုတော်မူပြီး ဖြစ်လေသည်။ အရှင်မြတ်၏ ကြိုးပမ်းမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို လည်းကောင်း၊ ထိုင်းတက္ကသိုလ်တစ်ခုက ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Ph.D) နှင့် သီရိလင်္ကာတက္ကသိုလ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Ph.D) များ ချီးမြှင့်ဆက်ကပ်ခြင်းကို ခံရလေသည်။

"ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဟူသော နာမည်ဖြင့် ဆန်းလွင် (ရှင်အာဒိစ္စရံသီ) မြန်မာပြန်ထားသော What Buddhists Believe ဟူသော ဤကျမ်းကိုလည်း ဘာသာပေါင်းများစွာဖြင့် ပြန်ဆိုထားပြီး ဖြစ်သည်။

ပူးတွဲဖော်ပြပါ စာစုများသည် ထိုကျမ်းမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။

## ဗုဒ္ဓ၏ ကာလမဲ့ အမှန်သစ္စာတရား

### ခြသေ့်မင်းရဲ့ဟောက်သံ

*ဗုဒ္ဓဟောကြားတော်မူသော ဓမ္မဒေသနာတော်များကို နာကြားကြရပြီး နောက်တွင် လူပေါင်းများစွာတို့သည် မိမိတို့၏ ရှေးက လက်ခံယုံကြည် ထားကြသော မှားယွင်းသော ဘာသာရေး အယူအဆများ၊ ယုံကြည်မှု များကို စွန့်လွှတ်ရန် ဆုံးဖြတ်ကြသည်။*

ဗုဒ္ဓဘာသာသည် ဘယ်ဘက်ကကြည့်ကြည့် လှပနေသော ကျောက် ကောင်းတစ်လုံး ဖြစ်တယ်။ ကိုယ်ရည်ကိုယ်သွေး ကွဲပြားခြားနားကြသော လူပေါင်းများစွာကို ဆွဲဆောင်နိုင်တယ်။ ဤကျောက်ကောင်း၏ မျက်နှာသွင်ပြင် အမျိုးမျိုးကို အဘက်ဘက်က အမှန်သစ္စာတရားကို ရှာသူများအနေနှင့် စမ်းသပ် စစ်ဆေးနိုင်သော နည်းလမ်းများ၊ ချဉ်းကပ်ပုံများလည်း ရှိတယ်။ စမ်းသပ်သူ၏ အသိဉာဏ် အဆင့်ဆင့်၊ အကျင့်သီလ အဆင့်ဆင့်ကို လိုက်၍လည်း၊ မိမိတို့၏ ကွဲပြားနေသော အသိဉာဏ် အဆင့်အတန်းကို လိုက်၍လည်း စမ်းသပ်ခံတယ်။

ဗုဒ္ဓဓမ္မသည် လူသားများအပေါ် မဟာကရုဏာထားသော အလောင်း တော် သာကီမင်းသားတစ်ပါး၏ ကာလကြာမြင့်စွာ အပြင်းအထန် ဒုက္ကရစရိယ အကျင့်ဖြင့် ရှာဖွေခဲ့ရသော အကျိုးရလဒ် အသီးအပွင့် ဖြစ်တယ်။ လောကီ စည်းစိမ်ချမ်းသာမှန်သမျှ စုပုံလောင်းချ ခံစားနေရသော အိမ်ရှေ့ဥပရာဇာ မင်းသားဘဝကို ရခဲ့လင့်ကစား သူ၏ လောကီစည်းစိမ်ချမ်းသာအားလုံးကို ပယ်စွန့်တော်မူပြီး ခက်ခဲကြမ်းတမ်းလှစွာ ဒုက္ကရစရိယဖြင့် သစ္စာရှာပုံတော်

ခရီးကို ထွက်ခွာပြီး လူသားတို့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခ အနာရောဂါကို ကုစားနိုင်သည့် ဆေးကောင်းတစ်လက်ကို ရှာဖွေပေးခဲ့တယ်။

ဆင်းရဲခြင်း ပြဿနာအားလုံးကို သက်သာစေသည့် ဖြေရှင်းနည်းကို ရှာဖွေဖို့ စိတ်အားထက်သန်စေခဲ့တယ်။ အတိတ်က လူတွေ ထုံးတမ်းစဉ်လာအရ လက်ခံနေခဲ့ကြတဲ့ နတ်ဘုရားကိုလည်း မင်းသားသည် အားကိုးအားထားပြုခြင်းမျိုး မလုပ်ဘဲ သူ့ဘာသာ ပြဿနာရဲ့ အဖြေကို ရှာခဲ့တယ်။

သူဟာ ဒီအပြင်းအထန် ရှာပုံတော်ခရီးကို လွတ်လပ်တဲ့ စိတ်ဓာတ်၊ ပွင့်လင်းတဲ့ နှလုံးသားနှင့်အတူ ရိုးသားဖြောင့်မတ်တဲ့ ရည်ရွယ်ချက်၊ မြင့်မြတ်တဲ့ စိတ် အဓိဋ္ဌာန်၊ မမောမပန်းနိုင်တဲ့ သည်းခံခြင်း ခန္တီတရားများနှင့် အစစ်အမှန်ဖြစ်တဲ့ မဟာကရုဏာ နှလုံးသားပိုင်ရှင် ပီသစွာ ဒုက္ခဆင်းရဲအပေါင်းက သက်သာခွင့်ရဖို့အတွက် ထက်သန်လှတဲ့ စိတ်ဆန္ဒနှင့် ပြုလုပ်ခဲ့တာ ဖြစ်တယ်။

ဒါကို သီရိဓမ္မနန္ဒ ဆရာတော်ကြီး ရေးသားထားပုံမှာ ဤသို့ ဖြစ်သည်။

He did an intensive search with a free and open mind, guided solely by His sincerity of purpose, noble resolution, inexhaustible patience, and a truely compassionate heart with the ardent wish to relief suffering.

ဒုက္ကရစရိယကို ခြောက်နှစ်ကြာ ကျင့်ပြီးမှ အကျင့်မှား၊ အကျင့်လွန်တွေကိုလည်း ပြုလုပ်ခဲ့မိပြီးမှ မြတ်သော အလောင်းတော်မင်းသားဟာ ရည်မှန်းချက်ကို အောင်မြင်တော်မူခဲ့တာ ဖြစ်တယ်။ နောက်ဆုံး ဗောဓိဆုကြီးဖြစ်တဲ့ သမ္မာသမ္ဗောဓိအမှန်၊ ဘုရားအဖြစ်ကို ကေန်မုချ ရတော်မူခဲ့တာ ဖြစ်တယ်။ သဗ္ဗညု မြတ်စွာဘုရားဖြစ်ပြီးနောက်မှ ကိုယ်တော်မြတ်သည် ဗုဒ္ဓဘာသာလို့ ခေါ်တဲ့ ဓမ္မဒေသနာတော်များကို လောကလူသားများအား ဟောကြားသင်ကြားပေးတော်မူခဲ့တာ ဖြစ်တယ်။

တစ်ခါက မြတ်ဗုဒ္ဓက ဤသို့ မိန့်တော်မူတယ်။ "ရဟန်းတို့၊ ကောသရာဇာခြင်္သေ့မင်းသည် ညနေခင်းအခါမှာ သူ့ရဲ့ သားရဲတွင်းက ထွက်လာတယ်။ သူ့ကိုယ်သူ အကြောဆန့်လိုက်ပြီး အရပ်လေးမျက်နှာကို လှည့်လည်ကြည့်လိုက်တယ်။ ဒီလို ကြည့်ပြီးမှ သုံးကြိမ်တိုင်တိုင် ဟောက်လိုက်တယ်။ ဒီလို ဟိန်းဟောက်ပြီးမှ အစာရှာဖို့ ထွက်ခွာသွားတယ်"

"ရဟန်းတို့၊ သားရဲတို့ရဲ့ဘုရင် ကေသရာဇာခြင်္သေ့မင်းရဲ့ ဟောက်သံကို ကြားရတဲ့ အရပ်ရပ်မှာ ရှိကြတဲ့ သားတိရစ္ဆာန်တွေဟာ ကြောက်လန့်တုန်လှုပ်ကုန်ကြတယ်။ တွင်းအောင်းသတ္တဝါတွေက တွင်းထဲဝင်ပုန်းကြတယ်။ ရေနေသတ္တဝါတွေကလည်း ရေထဲဆင်းပြေးကြတယ်။ တောထဲနေတဲ့ တိရစ္ဆာန်တွေကလည်း တောထဲဝင်ပြေးကြတယ်။ ငှက်တွေကလည်း လေထဲ ပျံသွားကြတယ်။ ဒီအခါ ကျေးလက်တောရွာမှာ ရှိနေကြတဲ့ အုပ်စိုးသူတို့ရဲ့ ဆင်တွေ၊ မြို့ပြနန်းတော်မှာ ရှိကြတဲ့ ဆင်တွေကလည်း ထူးခတ်ထားတဲ့ သားရေလွန်ကြိုးတွေကို အပိုင်းပိုင်းပြတ်အောင် ဆွဲဖြတ်ပစ်ကြတယ်။ ကြောက်ချေးပါပြီး ကစဉ့်ကလျား ပြေးကုန်ကြတယ်။ ကေသရာဇာခြင်္သေ့မင်းရဲ့ တိရစ္ဆာန်တွေအပေါ်မှာရှိတဲ့ စွမ်းအားဟာ အလွန်ကြီးကျယ်တယ်။ ထို့အတူ ရဟန်းတို့ လောကမှာ ဗုဒ္ဓမြတ်စွာတစ်ပါး ပွင့်ထွန်းပေါ်ပေါက်လာတဲ့အခါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဓမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားက 'ဤကား ငါစွဲ အတ္တဒိဋ္ဌိ ဖြစ်တယ်။ ဤကား ငါစွဲ အတ္တစွဲမှ ကင်းဝေးကြောင်း အကျင့်ကောင်းဖြစ်တယ်' လို့ ဓမ္မဒေသနာတော်ကို ဟောတော်မူတယ်"

ဒီစကားကို ကျေးဇူးရှင် သီရိဓမ္မနန္ဒထေရ်မြတ် ရေးသားတင်ပြထားပုံကလည်း နှစ်သက်ဖွယ် ကောင်းပါတယ်။

'Just so, monks, is it when a Buddha arises in the world, an Arahant, a Perfecfly Enlightened One, perfect in wisdom and in conduct, wayfarer, knower of the worlds, the unsurpassed trainer of those who can be trained, teacher of gods and men, a Buddha, an Exalted One. He teaches the Dhamma: Such is the nature of concept of self; this is the way leading to the ending of such Self.'

ဘယ်သို့သော နတ်ဒေဝါမျိုးတွေပဲဖြစ်ဖြစ် တထာဂတ (ဘုရားရှင်တော်မြတ်)ရဲ့ တရားဓမ္မသံကို နာကြားကြရတဲ့အခါ အများအားဖြင့်တော့ ကြောက်လန့်ကြတယ်။ သူတို့အားလုံး တုန်လှုပ်ကြတယ်။ သူတို့က "ငါတို့ ထင်ခဲ့ကြ

တာက မြဲတယ်လို့ ထင်ခဲ့ကြတာ၊ ခုတော့ မမြဲပါကလား။ ခိုင်မြဲတယ်။ တည်တံ့တယ်လို့ ငါတို့ ထင်ခဲ့ကြတာလည်း ခုတော့ မခိုင်မြဲပါကလား”လို့ ဆိုမြည်တမ်းကြတယ်။ “ငါတို့ ထင်ထားတဲ့ အတ္တဆိုတာကလည်း မမြဲခြင်း၊ မတည်တံ့ခြင်း၊ အစဉ်မရှင်သန်နိုင်ခြင်း သဘောပဲဖြစ်နေတယ်။ ဒီလို တထာဂတရဲ့ စွမ်းအားဟာလည်း နတ်နှင့် လူသားများရဲ့ လောကအပေါ်မှာ အင်အားကြီးတယ်”

(အင်္ဂုတ္တရနိကာယ်)

## ဗုဒ္ဓဘာသာဆိုတာ ဘာလဲ

*ဗုဒ္ဓဘာသာဆိုတာ ဘာမှ မဟုတ်ဘူး။ အရိယာသစ္စာပဲ ဖြစ်တယ်။*

ဗုဒ္ဓဘာသာဆိုတာ ဘာလဲ။ လူများစွာတို့က ဗုဒ္ဓဘာသာကို ဒဿနပညာတစ်ခုလားဆိုပြီး စူးစမ်းလေ့လာကြတဲ့အခါ သူတို့ မျက်စိလည်ကုန်ကြတယ်။ ဒါဟာ ဘာသာရေး ယုံကြည်မှုလား၊ ဒါမှမဟုတ် ဘဝနေနည်းတစ်ခုလား။ အဖြေကို ရိုးရိုးရှင်းရှင်း ပေးရရင်တော့ ဗုဒ္ဓဘာသာဟာ ဒါပဲ၊ ဟိုဟာပဲ ဆိုပြီး သတ်သတ်မှတ်မှတ် ပြောဖို့ရာ မလွယ်ပါဘူး။ ကျယ်ဝန်းနက်နဲလွန်းလို့ပါ။ အမှန်ကတော့ ဗုဒ္ဓဘာသာမှာ ဒဿနပညာလည်း ပါတယ်။ ယုံကြည်ကိုးကွယ်မှုလည်း ပါတာပဲ။ ဘဝနေနည်းတွေလည်း ပါပါတယ်။

ဒီလို ဗုဒ္ဓဘာသာကို ကဏ္ဍခွဲတာတို့၊ တံဆိပ်ကပ်တာတို့က လူတွေကို လွယ်လွယ်နဲ့ သိမြင်လာအောင်လို့ ဆိုင်းဘုတ် ထောင်ပြတာနဲ့ တူပါတယ်။ အကယ်၍ ဗုဒ္ဓဘာသာကို ကျွန်ုပ်တို့က ဆေးဆိုင်တစ်ဆိုင်နဲ့ ဥပမာ နှိုင်းပြရရင်တော့ ထင်ရှားတာက ဆေးဆိုင်မှာ တပ်ထားတဲ့ ဆိုင်းဘုတ်က ရောဂါအနာကို ကုသပေးနိုင်တာ မဟုတ်ပါဘူး။ ဒါ ထင်ရှားပါတယ်။ ဆေးကသာ ရောဂါကုရာမှာ စွမ်းဖို့သာ အရေးကြီးပါတယ်။ ဆေးပေါ်မှာ ကပ်ထားတဲ့ တံဆိပ်က အရေးမပါပါဘူး။ ဒီအတိုင်းပါပဲ။ မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်တွေကသာ အစွမ်းထက်တာပါ။ ကျေးဇူးပြုနိုင်တာပါ။ ဒါကြောင့် ဗုဒ္ဓဘာသာကို ဆိုင်းဘုတ်တစ်ခုခု တပ်ပြီး မသတ်မှတ်ပါနှင့်။

ခေတ်ကာလ အမျိုးမျိုးမှာ အသက်ရှင်နေခဲ့ကြတဲ့ လူအမျိုးမျိုး၊ ဒေသအမျိုးမျိုးမှာ ဗုဒ္ဓဘာသာကို ကမ္ပည်းအမျိုးမျိုး တပ်ခဲ့ကြပါတယ်။ အဓိပ္ပာယ်

အမျိုးမျိုး ဖွင့်ခဲ့ကြတယ်။ တချို့ လူတွေက ဗုဒ္ဓဘာသာဆိုတာ အယူသည်း အစွဲသန်တဲ့ ဓလေ့ထုံးစံတွေရဲ့ အစုအပေါင်းတစ်ခုပဲလို့ ထင်ကြတာလည်း ရှိတာပဲ။ နောက် လူတစ်စုကျတော့ ဗုဒ္ဓဘာသာဟာ လောကီရေး အောင်မြင်မှုတွေအတွက် အသုံးချဖို့ လွယ်တဲ့အရာတစ်ခုလို့ တံဆိပ်ကပ်ကြတာလည်း ရှိတယ်။ နောက်လူတစ်စုကျတော့ ဗုဒ္ဓဘာသာဆိုတာ ရှေးကျတဲ့ အယူဝါဒတစ်ခုလို့ သတ်မှတ်ကြပြန်တယ်။ နောက် လူတစ်စုလည်း ရှိသေးတယ်။ သူတို့ကျတော့ ဗုဒ္ဓဘာသာဆိုတာ ပညာရှင်တွေနဲ့သာ သက်ဆိုင်တဲ့ အတွေးအခေါ်စနစ်တစ်ခု အနေနဲ့ပဲ အကျိုးသက်ရောက်မှုရှိတယ်လို့ ယူကြပြန်တယ်။ တခြား လူစုတွေကျတော ဒါဟာ သိပ္ပံနည်းကို ရှာဖွေတွေ့ရှိမှုတစ်ခုလို့ သတ်မှတ်ကြပြန်တယ်။ ဘုရား တရား အပေါ် ကြည်ညိုတဲ့ လူတွေကျတော့ ဗုဒ္ဓဘာသာဆိုတာ သူတို့အဖို့တော့ ဘဝတစ်ခုလုံးနဲ့ ဆိုင်တယ်။ မိမိနှင့်တကွ နီးစပ်သူ ဆွေမျိုးသားချင်းများအတွက်ပါ ဘဝရဲ့ ပြည့်စုံစေမှုတစ်ခုပဲလို့ ခံယူတတ်ကြတယ်။

ပညာရှင်တချို့ကျပြန်တော့ ဗုဒ္ဓဘာသာဆိုတာ အိန္ဒိယနိုင်ငံရဲ့ ရေခံမြေခံ ပတ်ဝန်းကျင်က ထုတ်ပေးလိုက်တဲ့ ထုတ်ကုန်ပစ္စည်းတစ်ခုပဲ ဖြစ်တယ်။ အိန္ဒိယပြည်မှာ ပေါ်ထွန်းခဲ့ဖူးတဲ့ ဘာသာအယူဝါဒကွဲတစ်ခုပဲ ဖြစ်တယ်လို့ ဆိုကြပြန်တယ်။ အမှန်ကတော့ ဗုဒ္ဓဘာသာဆိုတာ အထွေအထူး ပြောနေပေမယ့် တခြား ဘာမှ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဟာ အရိယာ သစ္စာတရားပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာဟာ အစစ်အမှန်ဖြစ်တဲ့ ပရမတ္ထသစ္စာကို ဉာဏ်ပညာဖြင့် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓ သိမြင်တော်မူတဲ့ တစ်လောကလုံးနဲ့ ဆိုင်တဲ့ ပြဿနာများဟာ ရိုးရိုးစဉ်းစား ဆင်ခြင်တဲ့ဉာဏ်နဲ့ ရတာ မဟုတ်ဘူး။ ဉာဏ်စဉ် အဆင့်ဆင့်ကို မြင့်မားအောင် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ပြီးရတဲ့ ဝိသုဒ္ဓိမဂ် ပညာနဲ့မှ ရတာဖြစ်တယ်။

ဆင်ခြင်ဉာဏ်နဲ့ သိပ္ပံနည်းကျ သဘောထားရှိမှုကြောင့်လည်း ဗုဒ္ဓဘာသာဟာ ခေတ်အဆက်ဆက် ပေါ်ဖူးသမျှ ဘာသာရေးခေါင်းဆောင် ဆရာကြီးများအနက်မှာ လုံးလုံးလျားလျား တစ်မူထူးပြီး ထင်ရှားနေတာ ဖြစ်တယ်။ မှန်ပါတယ်။ မြတ်ဗုဒ္ဓ ပွင့်ထွန်းတဲ့ အချိန်ကာလဟာ အိန္ဒိယပြည်မှာ အမှန်တရားကို စူးစမ်းတဲ့ ဉာဏ်အဆင့်အတန်း မြင့်မားပြီး ကိုယ်ကျင့်တရားဘက်က

လည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေကြတဲ့အခါ အသိဉာဏ်ပညာ အမှောင် အဝိဇ္ဇာထုထဲကနေပြီး ဓမ္မရဲ့ အလင်းရောင်ပြန်ပြီး အိန္ဒိယပြည်မှာ ရှင်သန်နိုးထ လာတဲ့အခါလည်း ဖြစ်တာ မှန်ပါတယ်။

နှစ်ပေါင်း ထောင်ချီပြီး ဘာသာရေးနဲ့ ဒဿန အယူအဆတွေ ဖြစ်ထွန်း ခဲ့မှုက ဉာဏ်ပညာဖြစ်ပေါ်ရာ အိန္ဒိယမြေပြင်ပေါ်မှာ မြေဆီဩဇာ ဖြစ်စေတဲ့ အယူအဆတွေ စံနှုန်းတွေ အနည်ကျခဲ့လို့လည်း ဒီမြေဟာ ဓမ္မမျိုးစေ့ကျပြီး ရှင်သန်ဖို့ အကောင်းဆုံး ပတ်ဝန်းကျင် အခြေအနေကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါကို သီရိဓမ္မနန္ဒထေရ်မြတ် သရုပ်ဖော် ရေးသားထားပုံမှာ ဤသို့ ဖြစ်ပါတယ်။

Thousands of years of religious and philosophical developmant had left on the intellectual soil of India a rich and fertile deposit of ideas and ideals which formed the best possible environment into which the seed of Dhamma could fall.

ဂရိနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် ဘေဘီလုံနိုင်ငံတွေလို အတွေး အခေါ်ဘက်က အထွတ်အထိပ် ရောက်နိုင်ခဲ့ကြပေမယ့် အိန္ဒိယနိုင်ငံက တောထဲ တောင်ထဲမှာ ကျင့်ကြံအားထုတ်နေကြတဲ့ အရညဝါသီ တောမှီ ရသေ့ရဟန်း သူတော်စင် အရိယာကြီးများ ရောက်ခဲ့ကြတဲ့ ဉာဏ်အရည်အသွေး အဆင့် အတန်းကို မီအောင်တော့ မရောက်နိုင်ခဲ့ကြပါဘူး။ ဝေးလံလှတဲ့ အရပ်က ပျံလာတဲ့ မျိုးစေ့လို ပေါက်ပွားလာတဲ့ သဗ္ဗညုတ ဉာဏ်မျိုးစေ့ဟာလည်း အာကာသနဲ့ ကာလထဲက ဝေးလံတဲ့အရပ်အထိ ကမ္ဘာအနှံ့ကို အိန္ဒိယပြည်ရဲ့ အရှေ့မြောက်ဘက် အစွန်အဖျားကနေပြီး ပြန့်ပွားပြီး ပေါက်ဖွားထွန်းကား သွားခဲ့ပါတယ်။

ဒီ သဗ္ဗညုတ ဉာဏ်မျိုးစေ့ဟာ ဂေါတမဗုဒ္ဓခေါ်တဲ့ လူသား စင်စစ်ရဲ့ အတွေ့အကြုံကိုမှီပြီး အပြည့်အဝ ဖြစ်ထွန်းပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာရဲ့ သဘောတရားအားလုံးဟာ ဒီသဗ္ဗညုတ ဉာဏ်အလင်းဆိုတဲ့ အတွေ့အကြုံကနေ စီးထွက်လာကြတာချည်း ဖြစ်ပါတယ်။ ဒီသဗ္ဗညုတဉာဏ် ကို ကိုယ်တိုင်တွေ့ကြုံ ခံစားသိမြင်တော်မူပြီးမှပဲ သူဟာ သူ့ရဲ့ ဓမ္မဒေသနာ

တော်တွေကို တရားသေ ယုံကြည်မှုမျိုး၊ ဂမ္ဘီရသဘောမျိုး ဘာမှ မပါဘဲ တစ်လောကလုံး သိနိုင် မြင်နိုင် ခံစားနိုင်တဲ့ အတွေ့အကြုံ စစ်စစ်အဖြစ် လောကကို သူက သစ္စာတရားတစ်ခုအဖြစ် ပေးတော်မူခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဗုဒ္ဓဘာသာရဲ့ တကယ် အဓိပ္ပာယ်ဖွင့်ဆိုချက် အမှန်ဟာ ဘာလဲဆိုရင် 'အရိယာသစ္စာတရား' ပဲ ဖြစ်တယ်။ သတိပြုသင့်တာက ဗုဒ္ဓ ရှင်တော်မြတ်ဘုရားဟာ ဘယ်တော့မှ သဘောတရား (သီဝရီ) သက်သက်ကို သင်ကြားပေးတော်မူခြင်း မရှိဘူးဆိုတဲ့ အချက်ပဲ။ သူက လက်တွေ့စမ်းသပ်ခံတဲ့ သဘောအဖြစ်နဲ့ပဲ သူ သိမြင်တွေ့ကြုံခဲ့တဲ့ အသိဉာဏ်၊ နားလည်မှု၊ သစ္စာသိမှုပေါ် မူတည်ပြီး သင်ပေးပါတယ်။

ဗုဒ္ဓဘာသာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက သစ္စာဓမ္မနဲ့ ဖွဲ့စည်းထားတဲ့ တရားအဖြစ် စတင်ပေါ်ပေါက်ခဲ့တယ်။ ဂေါတမဗုဒ္ဓ ရှင်တော်မြတ်ဘုရားက စတင် ဟောကြားတော်မူခဲ့တာပါ။ ဒီတရားကို မြတ်ဗုဒ္ဓ စတင် မိတ်ဆက်ဟောကြားတော်မူကတည်းက သူ့ ရည်ရွယ်ချက်က လူတွေရဲ့ စိတ်ထဲမှာ ငါစွဲ အတ္တစွဲကြီးပြီး ထာဝရ အသက်ရှင်နေနိုင်ပြီး လောကီအာရုံ ကာမဂုဏ်တရားတွေကို ခံစားပျော်ပါးလိုတဲ့ ဘဝရည်မှန်းချက်မျိုး မထွန်းကားစေဖို့ ဖြစ်တယ်။ ကိုယ်တော်မြတ် ရည်ရွယ်တော်မူတာက ယခု ရထားတဲ့ ဘဝဟာ ဘာမှ အနှစ်သာရ မရှိဘူး။ အချည်းအနှီးပဲဆိုတာကို သိမြင်စေပြီး သူ ရှာဖွေတွေ့ရှိခဲ့တဲ့ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာ လွတ်မြောက်ခြင်းအမှန် မြတ်နိဗ္ဗာန်ကို ပို့ဆောင်နိုင်တဲ့ လက်တွေ့ကျတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်လမ်းကို ညွှန်ပြဖို့သာပဲ ဖြစ်တယ်။

His intention was to point out the futility of the worldly life and to show the correct, practical Path to savation that He discovered.

မြတ်ဗုဒ္ဓရဲ့ မူရင်း ဒေသနာဟာ လူ့ဘဝနဲ့ လောကသဘာဝအမှန်ကို ဖွင့်လှစ်ပြဖို့ပဲ ဖြစ်တယ်။ သို့သော်လည်း ဓမ္မ (ဗုဒ္ဓရဲ့ ဒေသနာ) ဆိုတဲ့ ဗုဒ္ဓ ဟောတရားတော် မူရင်းနဲ့ ဗုဒ္ဓဟောတရားအပေါ် အခြေခံပြီး နောက်ထပ် ထွန်းကားလာတဲ့ ယုံကြည်ကိုးကွယ်မှု ဘာသာအယူဝါဒကိုတော့ ခွဲခြား သိမြင်ဖို့ လိုတယ်။

မြတ်ဗုဒ္ဓရဲ့ ဒေသနာတွေဟာ ဘာသာယုံကြည် ကိုးကွယ်မှုကို စတင်တည်ထောင်ခဲ့ရုံတွင်မက လူ့ယဉ်ကျေးမှုကြီးတစ်ခုလုံး ဝေဝေဆာဆာ ဖူးပွင့်လာဖို့ကိုလည်း အားပေးခဲ့တာ ဖြစ်တယ်။ ဒီတရားဒေသနာတော်တွေဟာ လူ့သမိုင်းတစ်လျှောက်မှာ လူပေါင်းများစွာ၊ နိုင်ငံတွေရဲ့ ယဉ်ကျေးမှု ပြုစုပျိုးထောင်ရာမှာလည်း ကြီးမားတဲ့ ယဉ်ကျေးမှု တွန်းအား ဖြစ်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာဟာ လူတို့ရဲ့ အံ့ဖွယ်သမိုင်း စွမ်းဆောင်မှုများအဖြစ် ဗုဒ္ဓစာပေဘက်မှာရော၊ ဗုဒ္ဓအနုပညာဘက်မှာရော၊ ဒဿနပညာဘက်မှာရော၊ ကိုယ်ကျင့်တရား ပညာဘက်မှာရော၊ ဗိသုကာလက်ရာတွေဘက်မှာရော၊ ယဉ်ကျေးမှုဘက်ပေါင်းစုံမှာ အောင်မြင်မှုတွေ ရရှိခဲ့တယ်။ ရာစုနှစ်များအတွင်း နိုင်ငံတကာမှာလည်း လူမှုရေးအဖွဲ့အစည်း လှုပ်ရှားမှုမျိုးတွေ မရေမတွက်နိုင်အောင်ပဲ ဆောင်ရွက်နိုင်ခဲ့တယ်။ အားလုံးဟာ မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်ကို ရည်ညွှန်းကြတာချည်းပါ။ မြတ်ဗုဒ္ဓရဲ့ သမိုင်းကြောင်းကိုလည်း တပည့် သံဃာတော်များရဲ့ ကောင်းမှုတော်များအဖြစ် ရွှေပုရပိုက်ပေါ်မှာ တင်နိုင်ခဲ့ကြပါတယ်။ ဘာသာရေးယုံကြည်မှုနဲ့ ဓလေ့ထုံးစံတွေဟာလည်း ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ သိပ္ပံနည်းကျ ဘဝနေနည်းကို ဖြစ်ပေါ်စေခဲ့တယ်။ ဘာသာရေး ကိုင်းရှိုင်းမှုကလည်း ဘုရားပွင့်တော်ချိန် တရားတော်ကို စတင် ဟောကြားတော်မူစဉ်ကတည်းက ဘဝရဲ့ အဓိပ္ပာယ်နဲ့ ဘာသာတရားရဲ့ အဓိပ္ပာယ်ရဲ့ ရည်မှန်းချက် အမှန်ကိုလည်း သိနားလည်စေခဲ့ပါတယ်။

## လူ့ယဉ်ကျေးမှုအပေါ် ဗုဒ္ဓဘာသာ၏ အကျိုးသက်ရောက်မှု

ခေတ်သစ် ကမ္ဘာလောကကြီးထဲမှာ ဗုဒ္ဓဘာသာဟာ ယဉ်ကျေးမှုစွမ်းအားကြီးတစ်ခုအဖြစ်နဲ့ တည်ရှိနေဆဲ ဖြစ်ပါတယ်။ ယဉ်ကျေးမှုစွမ်းအားတစ်ခုအဖြစ် ဗုဒ္ဓဘာသာဟာ ကိုယ့်ကိုယ်ကိုယ် လေးစားခြင်း၊ ဝတ္တရားကို နားလည်တတ်တဲ့ စိတ်ဓာတ်တွေကို မရေမတွက်နိုင်လောက်အောင် များပြားတဲ့ လူတွေကို ဖြစ်ပေါ်စေပြီး လူမျိုးများစွမ်းအင်ကို လှုံ့ဆော်ပေးလျက် ရှိတယ်။ စိတ်ဓာတ် တိုးတက်မှုကို ပြုစုပေးတယ်။ လူရဲ့ ကိုယ်ပိုင် တွေးခေါ်စွမ်းအားကိုလည်း ဆွဲဆောင်ခြင်းအားဖြင့် ဖြစ်ပေါ်စေတယ်။ လူတွေအနေနဲ့ ဘာသာရေး အမြင်ကျဉ်းမှုလို အမျိုးသားရေး အမြင်ကျဉ်းမှုလို အယူသီးမှုမျိုးတွေက

လွတ်မြောက်ပြီး သည်းခံတတ်အောင် ခွင့်လွှတ်တတ်အောင်လည်း စိတ်ဓာတ်ကို မြှင့်တင်ပေးတယ်။ ရိုင်းသူကို ယဉ်ကျေးသိမ်မွေ့အောင်၊ အမြင်ကျယ် အမြင်ရှင်းပြီး နူးညံ့တဲ့ စိတ်သဘောထားရှိတဲ့ တိုင်းသူပြည်သားမျိုး ဖြစ်အောင်လည်း ချော့မွတ်စေတယ်။ တိုရှင်းလိုရင်းကို ဆိုရရင် ဗုဒ္ဓဘာသာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားထားတတ်တဲ့ စိတ်ဓာတ်ဖြစ်ပေါ်အောင် လူ့ဘဝရဲ့ ကံကြမ္မာကို ဖန်တီးနိုင်ခွင့်ဟာ မိမိလက်ထဲမှာပဲ ရှိတယ်။ မိမိမှာသာ မိမိရဲ့ဘဝအဆင့်ကို အမြင့်ဆုံး အမြတ်ဆုံးဖြစ်အောင် စွမ်းဆောင်နိုင်စွမ်းဟာလည်း မိမိရဲ့ ဉာဏ်ပညာဖွံ့ဖြိုးမှု စွမ်းရည်ပေါ်မှာပဲ တည်တယ်ဆိုတာကို သင်ကြားပေးတော်မူတယ်။

နှစ်ပေါင်း ၂၅၀၀ ကျော် ကာလအတွင်းမှာ ဗုဒ္ဓဘာသာသည် လူသားတစ်ရပ်လုံးရဲ့ သုံးပုံတစ်ပုံလောက်ကို စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ခဲ့တယ်။ ယခု မျက်မှောက်ခေတ်ကာလတိုင်အောင် ဗုဒ္ဓဘာသာရဲ့ လူကြိုက်များမှုဟာ အင်အားကြီးမားဆဲပဲ ရှိတယ်။ ဗုဒ္ဓရဲ့ ဓမ္မဒေသနာဟာ လူသားများရဲ့ အကြွယ်ဝဆုံး လူ့အရင်းအမြစ်အဖြစ် တည်ရှိနေတာဟာလည်း လူသားများရဲ့ ဘယ်တော့မှ လိုဘ မပြည့်နိုင်တဲ့ လိုအင်ဆန္ဒတွေကို ကျော်လွန်ပြီး ပိုပြီး အဆင့်မြင့်ဉာဏ်ကိုရအောင် မြှင့်တင်ပေးနိုင်ခဲ့လို့ပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာရဲ့ ရှုထောင့်ရဲ့ အကျယ်အဝန်းကို ပြောရရင် ဘဝကို ရှုမြင်တဲ့ မြတ်ဗုဒ္ဓရဲ့အမြင်၊ အယူအဆများဟာ စိတ်မောလူပန်း ဖြစ်နေကြတဲ့ ဉာဏ်ပညာရှိကြတဲ့ အသိဉာဏ်ကြွယ်သူတွေကို ဆွဲဆောင်နိုင်တယ်။ သို့သော်လည်း မြတ်ဗုဒ္ဓရဲ့ အမြင်၊ အယူအဆများဟာ ဉာဏ်ပညာနဲ့ ပတ်သက်တဲ့ ကာယစွမ်းအားနဲ့ စိတ်သက်သာမှု ပေးရာမှာ ရိုးရိုး အသိပညာပိုင်းအရ မစွမ်းမသန်တာကို ကျော်လွန်ပြီး စွမ်းဆောင်အား ရှိတယ်။

နောက်တစ်ချက် ဗုဒ္ဓဘာသာရဲ့ လူ့စိတ်နဲ့ အကြိုက်ဖြစ်တဲ့ အကြောင်းကတော့ ဘဝ သရုပ်မှန်သဘောကို ဖော်ပြပေးတယ်။ လောကကြီးရဲ့ သရုပ်မှန်သဘောကိုလည်း ဖော်ပြတယ်။ သူရူးတို့ ပျော်ရာသုခဘုံမျိုးကို စိတ်ကူးနဲ့ ဖန်တီးပေးပြီး အဲဒီလို ဘုံခန်းနဲ့လည်း မြှောက်ပြီး မဆွဲဘူး။ နောက်ပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ ငရဲခန်းနဲ့လည်း အဆန်းတကြယ် ကြောက်စရာတွေ၊ လန့်စရာတွေကို ပြပြီးလည်း မခြောက်လှန့်ဘူး။

ဒီအမြင်ကို သီရိဓမ္မနန္ဒအရှင်မြတ် ရေးသား ဖော်ပြပုံကလည်း နှစ်သက်စရာကောင်းတယ်။ နားလည်လွယ်တဲ့ ခေတ်ဆန်တဲ့ အင်္ဂလိပ်စာ အရေးအသားနဲ့ ဖော်ပြထားတယ်။

It does not entice people into living in afool's paradise, nor does it frighten and agonize people with all kinds of imaginary fears and guilt feelings.

ဗုဒ္ဓဘာသာက ကျွန်ုပ်တို့ဟာ ဘယ်လိုသတ္တဝါ၊ ဘယ်လိုဘဝ၊ ဘယ်လိုလောကမျိုးမှာ နေနေရတယ်ဆိုတာကို တိတိကျကျ ဓမ္မဓိဋ္ဌာန်နည်းနဲ့ ပြတယ်။ ပြီးတော့ ဒီလိုဘဝမျိုးက လုံးဝ လွတ်မြောက်အောင် ဘယ်လိုလုပ်ရင် ရတယ်ဆိုတဲ့ နည်းလမ်းကိုလည်း ညွှန်ပြတယ်။ ငြိမ်းချမ်းတဲ့ဘဝ။ ငြိမ်းအေး ငြိမ်သက်ပြီး သုခချမ်းသာရနိုင်တဲ့ ဘဝမျိုးဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းကိုလည်း ပြတယ်။

ဘာသာရေး ယုံကြည်ကိုးကွယ်မှုများက သင်ကြားပြီး လက်ခံထားတဲ့ ကိုယ်ကျင့်တရား စံနှုန်းတွေကို ဆန့်ကျင်တဲ့ပြန်မှုရဲ့ အန္တရာယ်က ယနေ့လူ့လောကကို ကယ်တင်မယ်ဆိုရင် ဗုဒ္ဓဘာသာသည်သာ အထိရောက်ဆုံးယာဉ်တစ်ခု ဖြစ်တယ်။ ဗုဒ္ဓဘာသာသာလျှင် လူသားတို့ရဲ့ ယုံကြည်ကိုးကွယ်ရာအစစ် ဖြစ်တယ်။ ဒီဘာသာကို တည်ထောင်ခဲ့တဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာလည်း လူသားစင်စစ် ဖြစ်တယ်။ လူသားရဲ့ အောင်မြင်မှုအပေါ် သူ့ရဲ့ ရုပ်လောကကြီးကို ချုပ်ကိုင်နိုင်စွမ်းအားက လွှမ်းမိုးနေတဲ့ ယခုလိုခေတ်ကာလမျိုးမှာ လူသားဟာ အထိန်းချုပ်ရအခက်ဆုံးဖြစ်တဲ့ သူ့ရဲ့ အတ္တ (တစ်ကိုယ်ကောင်းစိတ်) ကို ထိန်းချုပ်နိုင်ခြင်းအပေါ်မှာ သူ ဖန်တီးနိုင်တဲ့ အောင်မြင်ခြင်းဖွဲ့တည်နေတယ်ဆိုတာကို ပြန်ပြီးသုံးသပ်ကြည့်ရင် သိနိုင်ပါတယ်။ ဒီလေ့လာစူးစမ်းမှုမှာ ခေတ်သစ်လူသားအနေနဲ့ ဗုဒ္ဓဘာသာဟာ သူ့ရဲ့ များပြားလှတဲ့ ပြဿနာတွေ၊ သံသယတွေအတွက် အဖြေပေးနိုင်တာကို တွေ့ရမှာဖြစ်တယ်။

ယနေ့ ယခုအချိန်မှာ ဗုဒ္ဓဘာသာဟာ အနောက်တိုင်း ကမ္ဘာလောကလူသားတွေရဲ့ စိတ်ကို ဆွဲဆောင်မှုများပါတယ်။ အယူသန်တာမျိုး မရှိပဲ

ဆင်ခြင်ဉာဏ်ရှိတဲ့ ဦးနှောက်နဲ့ ခံစားတတ်တဲ့ နှလုံးသား နှစ်မျိုးစလုံးကို ကျေနပ်မှုပေးနိုင်တာကြောင့်ပဲ ဖြစ်တယ်။ သူတစ်ပါးအပေါ်မှာ သည်းခံခွင့်လွှတ်နိုင်စွမ်းနဲ့ ကိုယ့်ကိုယ်ကိုယ် အားကိုးအားထားပြုမှုကိုသာ တိုက်တွန်းအားပေးထားတာရယ်၊ ခေတ်သိပ္ပံပညာရဲ့ ရှာဖွေတွေ့ရှိချက်တွေဟာ လူ့ဘဝကို အပြုသဘောဆောင်ရင်း လက်ခံပွေ့ပိုက်နိုင်တာရယ်ကြောင့် အနောက်တိုင်းသားများကို ဆွဲဆောင်နိုင်တာ ဖြစ်တယ်။ လက်ရှိဘဝကို ကိုယ်ကြိုက်သလို ဖန်ဆင်းနိုင်စွမ်းရှိတာဟာ လူသားတစ်မျိုးတည်းပဲ ရှိတယ်ဆိုတာကို ညွှန်ပြတာ။ ကိုယ့်ဘဝ ကိုယ့်ကြမ္မာကို လိုသလို ပုံသွင်းသရုပ်ဖော်နိုင်တာ လူပဲ ရှိတယ်လို့ ပြညွှန်တာလည်း ဗုဒ္ဓဘာသာပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာကို ဘဝနေနည်းသစ်တစ်ရပ်အဖြစ်၊ ယုံကြည်ကိုးကွယ်မှုသစ်တစ်ရပ်အဖြစ် လက်ခံကိုးကွယ်လာကြတဲ့ သန်းပေါင်းများစွာသော လောကတစ်ခွင်လုံးရှိ လူသားများအပေါ်မှာ ငြိမ်းချမ်းခြင်းနဲ့ မေတ္တာ ကရုဏာတရားဆိုတဲ့ ဗုဒ္ဓဘာသာရဲ့ သတင်းစကားများဟာ ရောင်ခြည်သန်းလျက် ရှိနေပါပြီ။

## လူသားများအတွက် မြတ်ဗုဒ္ဓရဲ့ အကျိုးပြုမှု

ဗုဒ္ဓဘာသာသည် ယုံကြည်ကိုးကွယ်ရာ ဘာသာတရားတစ်ခုအဖြစ် လူသားများအား မျှော်လင့်ချက်များနှင့် စိတ်အားထက်သန်မှုတွေကို ကောင်းကောင်း ပေးနိုင်တယ်။ လူ့အဖွဲ့အစည်းအတွင်းမှာလည်း ထိန်းကျောင်းရလွယ်တဲ့ ဘဝနေနည်းတစ်မျိုးနဲ့ လူသားအချင်းချင်း ရိုင်းပင်းတဲ့ စိတ်ဓာတ်တွေဖြစ်ပေါ်လာအောင်၊ ငြိမ်းချမ်းရေးနဲ့ ရောင့်ရဲလွယ်မှု စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးလာအောင်လည်း ကြိုးပမ်းပြီး မွေးမြူပေးပါတယ်။ ဒီဘာသာဟာ လူလောက သာယာဝပြောရေးကိစ္စမှာ အစဉ်အမြဲ ရှေ့တန်းမှာ နေခဲ့တာဖြစ်တယ်။

It has been in the forefront of human welfare.

နိုင်ငံရေးကိစ္စမျိုးမှာပင် အရေးကိစ္စ အများအပြားမှာ ထိထိရောက်ရောက် ထိုးဖောက်ပြီး ပြဿနာများကို ကျော်လွှားသွားနိုင်အောင် မှုမှုတတ ဆောင်ရွက်နိုင်ခဲ့တာတွေကိုလည်း မှတ်တမ်းတင်ထားခံရပြီး ဖြစ်တယ်။ အများ သဘောတူ လက်ခံနိုင်တဲ့ အစီအစဉ်များနဲ့ ကျင့်ဝတ်သိက္ခာတန်ဖိုးများကို အခြေခံပြီး ပြဿနာတွေကို ဖြေရှင်းပေးနိုင်ပါတယ်။

အရှေ့တိုင်း လူ့ယဉ်ကျေးမှုရဲ့ သိသာထင်ရှားတဲ့ မွေးရန့်ကိုလည်း ဗုဒ္ဓဘာသာက သင်းပျံ့ကြိုင်လှိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့တယ်။ ကိုယ်ကျင့်သိက္ခာပိုင်း အခြေခံများနဲ့ သိမ်မွေ့တဲ့ အမူအကျင့်တွေကိုလည်း လူတွေကြားထဲမှာ တစ်နည်းမဟုတ် တစ်နည်း လက်ခံကျင့်သုံးလာအောင်လည်း ထောက်ပံ့ပေးနိုင်ခဲ့တယ်။

Buddhism has supplied fine and ethical basic attitudes amongst the people who adopted it in one form or another.

မှန်ပါတယ်။ ကြီးကျယ်မြားမြောင်လှတဲ့ ဗုဒ္ဓဘာသာရဲ့ စွမ်းဆောင်ရည်များ အားလုံးကိုတော့ လူအများက သဘောမပေါက်ကြသေး။ ကောင်းကောင်းမသိကြသေးပါဘူး။ ဒီသဘောထား အမြင်တွေ စွမ်းဆောင်နိုင်မှုတွေကို အကန့်အသတ်နဲ့ပဲ လူတွေက လက်ခံနိုင်ကြသေးတာ အမှန်ပါ။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်နဲ့ ယေဘုယျစွမ်းရည်တွေကိုတော့ စာပေအနုပညာပိုင်းမှာ ဗုဒ္ဓဘာသာရဲ့ လက်တွေ့ အကျိုးပြုစွမ်းဆောင်ချက်တွေက အရိပ်လွှမ်းလျက် ရှိပါတယ်။ ဒါပေမဲ့ အကြီးကျယ်ဆုံး ဗုဒ္ဓဘာသာရဲ့ စွမ်းရည်ကတော့ အရာရာကို ဆင်ခြင်တုံတရားအပေါ် အခြေခံ တည်ထားခြင်းပဲ ဖြစ်ပြီး၊ ဒါကိုတော့ ဘယ်ဘာသာတရားကမှ မယှဉ်နိုင်ပါဘူး။ (ဆင်ခြင်တုံတရားဟာ လူတိုင်းရဲ့ နောင်တသံဝေဂကို ပပျောက်အောင် စွမ်းဆောင်နိုင်စွမ်းရှိတယ်။ ဒီဆင်ခြင်တုံတရားဟာ လူမှာပဲ ရှိတယ်။ လူပဲ ဆင်ခြင်တုံတရားကို ပိုင်ဆိုင်တယ်။ ဒီတရားက လူ့ဘဝကို ယဉ်ကျေးသိမ်မွေ့စေတယ်။) (စိတ်လှုပ်ရှား ခံစားမှုလိုမျိုး လူ့သဘာဝရဲ့ တခြားအစိတ်အပိုင်းကြောင့် ဆင်ခြင်တုံတရားဟာ ဘယ်လောက်ပင်မှုန်ဝါးဝါး ဖြစ်နိုင်စေကာမူပေါ့)

အကယ်၍ ဗုဒ္ဓဘာသာရဲ့ အခြေခံတန်ဖိုးတွေကို ပြန်လည်ဆန်းသစ်လိုရင် ပြန်၍ တစ်ဖန် တန်ဖိုးထားလိုရင် အခါအားလျော်စွာ မရေမရာ မသေမချာတဲ့ ဗျာဒိတ်စကားတွေလို သဘာဝမမှတာတရားကို လွန်တဲ့ တန်ခိုးတော်တွေအပေါ်မှာ မူတည်ပြီး လုပ်လို့မရပါဘူး။ သဘာဝကျကျ သဘာဝယုတ္တိ၊ အာဂမယုတ္တိ ဆိုတဲ့ ဆင်ခြင်တုံတရားအပေါ်မှာပဲ မူတည်လုပ်ရမှာ ဖြစ်တယ်။

လူသားများရဲ့ လူမှုရေးနဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများအတွက် ဗုဒ္ဓဘာသာက အကျိုးပြုဖို့ စွမ်းဆောင်နိုင်ခဲ့တာတွေဟာ အမှတ်ရစရာ

ဖြစ်လွန်းလို့ ကိုယ်တော်မြတ်ရဲ့ ဓမ္မဒေသနာတော် သတင်းစကားတွေဟာ အာရှတိုက်နိုင်ငံ များစွာမှာ ပျံ့နှံ့ပြီး လူမျိုးပေါင်းများစွာရဲ့ အတုမရှိ ပြိုင်ဘက်ကင်းတဲ့ ချစ်ခင်လေးစားမှု ကြည်ညိုကိုးကွယ်မှုကို ခံခဲ့ရတယ်။

## ပရမတ္ထသစ္စာတရား

*မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်များထဲမှာသာ အကြွင်းမဲ့ ပရမတ္ထသစ္စာကို တွေ့နိုင်တယ်။*

ဗုဒ္ဓဘာသာမှာ သစ္စာတရား နှစ်မျိုးကို အသိအမှတ်ပြု လက်ခံထားတယ်။ မြင်သာတဲ့ သမုတိသစ္စာက တစ်ခု။ ပြီးတော့ အစစ်အမှန် မဖောက်ပြန်တဲ့ ပရမတ္ထသစ္စာက တစ်ခု ဖြစ်တယ်။ ပရမတ္ထသစ္စာကိုတော့ မှန်းဆချက်တို့ သဘောတရားသက်သက်တို့အားဖြင့် မသိနိုင်ဘူး။ ကမ္မဋ္ဌာန်း ဘာဝနာအားထုတ်ခြင်းဖြင့် ရတဲ့ ပဋိဝေဓဉာဏ်နဲ့သာ သိမြင်နိုင်တယ်။

မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်ဟာ လောကရဲ့ ပရမတ္ထသစ္စာ အမြင်တွေပဲ ဖြစ်တယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာဟာ ကောင်းကင်ဘုံက ကျလာတယ်ဆိုတဲ့ ဗျာဒိတ်တော်တွေနဲ့ ဆိုင်တဲ့ ထာဝရဘုရားရဲ့ ထိန်းချုပ်ပြုပြင်ခံရတဲ့ ဘာသာယုံကြည်ကိုးကွယ်မှုမျိုး မဟုတ်ဘူး။ ဒီဘာသာတရားဟာ သဘာဝတရားရဲ့ ဖြစ်တည်နေပုံ ပရမတ္ထသစ္စာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို သိပ္ပံနည်းအကျဆုံး ဆင်ခြင်ဉာဏ်သက်သက်နဲ့ ချဉ်းကပ်လေ့လာတဲ့ ပထမဆုံး နမူနာပြ ဘာသာ အယူအဆ ဖြစ်တယ်။

It is the first example of the purely scientific approach applied to questions concerning the ultimate nature of existence.

အချိန်ကာလမရွေး မှန်ကန်တဲ့ ဒီသစ္စာတရားကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဘယ်နတ်ဘုရားရဲ့ အကူအညီ အထောက်အပံ့မှ မပါဘဲ ရှာဖွေတွေ့ရှိပြီး ဖော်ထုတ်တော်မူခဲ့တာ ဖြစ်တယ်။ ဒီတရားဒေသနာတော်များမှာ ဘယ်အကဲစမ်းမှုမျိုးကိုမဆို အခြေခံမူတွေ ဘာမှ အပြောင်းအလဲ မရှိဘဲနဲ့ ယှဉ်ပြိုင်ရင်ဆိုင်နိုင်တဲ့ ခိုင်ခံ့တဲ့ အင်အားလည်း အပြည့်ရှိတယ်။

This same teaching is strong enough to face any challenge without changing the basic principles of the doctrine.

ဘယ်ဘာသာ ယုံကြည်ကိုးကွယ်မှု (religion) အနေနဲ့မဆို ခေတ်သစ် ကမ္ဘာ့အခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်အောင်ဆို မူရင်း ဒေသနာတွေမှာ အပြောင်းအလဲတွေ လုပ်ကြရတာ ရှိတယ်။ ဒါတွေက အခြေခံမူဝါဒ ခိုင်မာခြင်းမရှိတဲ့ ပရမတ္ထသစ္စာ ဉာဏ်အမြင်မပါတဲ့ ဘာသာအယူဝါဒမျိုးတွေပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာကတော့ မြတ်ဗုဒ္ဓရဲ့ မူရင်းဒေသနာတော်တွေကို အင်မတန်ခက်ခဲတဲ့ ခေတ်သစ်ကမ္ဘာ့အခြေအနေတွေထဲမှာတောင်မှ ဘာမှ အပြောင်းအလဲ လုပ်စရာ မလိုဘူး။ မူရင်းအတိုင်းပဲ ထိန်းသိမ်းထားနိုင်ခဲ့တယ်။ မြတ်ဗုဒ္ဓဟာ လူတစ်ဦးတစ်ယောက်ချင်းအတွက် ဖြစ်စေ၊ တစ်လောကလုံးအတွက် ဖြစ်စေ၊ ဘယ်အကျင့်မျိုးကိုမှ ကိုယ်ကျင့်သီလ မပါဘဲ ကိုင်းရှိုင်းမှု မပါဘဲ ထည့်သွင်းဟောကြားခဲ့တာဆိုလို့ ဘာဆိုဘာမှ မရှိဘူး။ ကိုယ်ကျင့်သီလ မပါတဲ့ အဲဒီလို အမူအကျင့်တွေဟာ မြတ်ဗုဒ္ဓရဲ့အမြင်မှာ ဘာသာရေးတန်ဖိုး (ယုံကြည်ကိုးကွယ်မှုတန်ဖိုး) ဘာမှ မရှိဘူး။ ကျွန်ုပ်တို့အနေနဲ့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားခဲ့တဲ့ ဓမ္မဒေသနာများနဲ့ ဗုဒ္ဓဘာသာလို့ နာမည်တပ်ပြီး လူတွေအကြိုက်လိုက်ပြီး ဟောကြားနေကြတာတွေကို ခွဲခြား နားလည်ရမှာပဲ။

ဘယ်ဘာသာ ယုံကြည်ကိုးကွယ်မှုမျိုးမှာမဆို ဒီဘာသာကို စတင်တည်ထောင်တဲ့ ပုဂ္ဂိုလ် ဟောကြားတဲ့ တရားဒေသနာများသာမကဘဲ နောက်လူတွေ ထည့်သွင်းတဲ့ ဝတ်ပြုပူဇော်တဲ့ အခမ်းအနား၊ ဓလေ့ထုံးစံတွေဟာ မူရင်းဒေသနာတော်တွေကို ဖုံးလွှမ်းသွားတဲ့ထိ ပေါင်းမြက်များ ထသလို တောထပြီး ပေါ်ပေါက်တတ်ကြတာချည်း ဖြစ်ပါတယ်။ ဒီပူဇော်ပသမှုနဲ့ဆိုင်တဲ့ ပွဲသဘင်အခမ်းအနားတွေဟာလည်း ဒီဘာသာကို ကိုးကွယ်ကြတဲ့ လူမျိုးများ ကျင့်သုံးခဲ့ကြတဲ့ ယဉ်ကျေးမှု အစဉ်အလာတွေအပေါ်မှာ အစပျိုးပြီး ဖြစ်လာကြတာ ဖြစ်တယ်။ ကမ္ဘာပေါ်မှာထွန်းကားတဲ့ ဘာသာတရားကြီးတွေကို တည်ထောင်ခဲ့ကြတဲ့ မူရင်းဆရာကြီးများကတော့ ဘယ်လိုပူဇော်ရမယ်၊ ဘယ်လို ပသရမယ်လို့ အတိအကျ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ပေးခဲ့ကြတာမျိုး မရှိကြပါဘူး။ မူလဘာသာရေးကို စတင်တည်ထောင်တဲ့ပုဂ္ဂိုလ်ရဲ့ နောက်ကာလကျမှ ပေါ်ပေါက်လာကြတဲ့ ဘာသာရေးခေါင်းဆောင်တွေက ဒီဘာသာကို

လုပ်ထုံးလုပ်နည်း ဓလေ့ထုံးစံတွေချပြီး နောက်လိုက်တွေ မသွေဖည်သွား အောင်လို့ ထုံးတမ်း၊ စည်းကမ်းတွေ သတ်မှတ်လာကြတာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ ‘ဗုဒ္ဓဘာသာ’ လို့ ခေါ်တဲ့ ဘာသာယုံကြည်ကိုးကွယ်မှုမျိုး မှာတောင် မြတ်ဗုဒ္ဓ လက်ထက်အခါက ဘုရားကိုယ်တော်တိုင်နဲ့ သူ့ရဲ့ ရှေ့က တပည့်သာဝကများ ပြုလုပ်ခဲ့တဲ့ အလေ့အကျင့်တွေ ထုံးတမ်းအစဉ်အလာတွေနဲ့ အပြင်ပန်းအားဖြင့် အင်မတန် ကွဲပြားခြားနားတဲ့ အပေါ်ယံဟန်ပြ ဓလေ့ထုံးစံ တွေ ပေါ်ပေါက်ခဲ့ပါသေးတယ်။ ရာစုနှစ် ပရိစ္ဆေဒ များစွာ ကြာမြင့်တဲ့တိုင် ယဉ်ကျေးမှု ပတ်ဝန်းကျင် အခြေအနေတွေရဲ့ ဩဇာသက်ရောက်မှုကြောင့် မြန်မာ၊ ထိုင်း၊ တရုတ်၊ တိဗက်၊ သီရိလင်္ကာနဲ့ ဂျပန် ဗုဒ္ဓဘာသာတွေဟာ ကွဲပြားခြားနားကုန်ကြတာ တွေ့ရတယ်။ ဒါပေမဲ့ ဓလေ့ထုံးစံ ဒီ ကွဲပြားခြားနား မှုတွေဟာ တစ်ခုနဲ့တစ်ခု ပဋိပက္ခ အသွင်မျိုး မဆောင်ကြပါဘူး။ ဘာကြောင့်လဲ ဆိုတော့ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ သစ္စာတရား အမြင်ကတော့ အကြွင်းမဲ့ အမှန်တရားအဖြစ် တည်ရှိနေလို့ပဲ ဖြစ်တယ်။ အပေါ်မြင် ရုပ်အသွင်အား ဖြင့်သာ ဒီသစ္စာတရားကို ဖော်ဆောင်ပုံများဟာ ကိုးကွယ်သူများရဲ့ ဘဝ နေနည်းကို လိုက်ပြီး ကွဲပြားကုန်ကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ပရိနိဗ္ဗာန်စံပြီးနောက် ရာစုနှစ် အနည်းငယ် ကြာလာတဲ့အခါ မြတ်ဗုဒ္ဓရဲ့ တပည့်သာဝကများဟာ ကိုယ်တော်မြတ်ရဲ့ မူရင်းဒေသနာတော်အပေါ် အခြေခံပြီး စုဝေးညီညာ သင်္ဂါယနာ တင်ခဲ့ကြတယ်။ ဘာသာယုံကြည်ကိုးကွယ်မှုကို စုစည်းကြတဲ့ အခါကျတော့ နောင်းလူများက တခြား ဘာသာရေး အယူအဆများ၊ ယုံကြည်မှုများ အတွင်းသို့ အံ့ဖွယ် အဆန်းတကြယ်တွေကိုရော၊ ဂမ္ဘီရ သဘောတွေ၊ ဗေဒင် ယတြာ သဘောတွေ၊ ဂါထာမန္တရား၊ လက်ဖွဲ့ အစီအရင်တွေ၊ တန္တရ မန္တရတွေ၊ ဆုတောင်းဂါထာ တွေနဲ့ ပူဇော်ပသပုံ၊ ဓလေ့ထုံးစံ၊ စည်းကမ်း နည်းလမ်းတွေကို ထည့်သွင်း ပေါင်းစပ်လာကြတယ်။ ဒါတွေဟာ မူရင်းဒေသနာတော်တွေထဲမှာ မပါတာ တွေပါ။ ဒါတွေပေါ်ပေါက်လာတဲ့ အခါကျတော့ မြတ်ဗုဒ္ဓရဲ့ မူရင်းဒေသနာ တော်ထဲက အရေးကြီးတဲ့ ကိုယ့်ကိုယ်ကိုယ် သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံ အောင် ကိုယ့်အားကိုယ်ကိုးပြီး ထူထောင်ကြရမယ်ဆိုတဲ့ အဆုံးအမတွေကို

လူတွေက လျစ်လျူရှုလာကြတယ်။ မူလဘုရားဟော တရားတော်အတိုင်း လိုက်နာကျင့်ကြံဖို့ထက် လူတွေက ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ကင်း ဘေးရှင်းဖို့ အရေးလောက်၊ ကံကောင်းဖို့, ဘဝအကျိုးပေး ကောင်းဖို့လောက်ကိုသာ ပိုပြီး အရေးထားလာကြတယ်။ ကြာလာတော့ လူတွေစိတ်ထဲမှာ မြတ်ဗုဒ္ဓရဲ့ မူရင်းဒေသနာတော်တွေအပေါ် စိတ်ဝင်စားမှု နည်းလာပြီးတော့ ကံဆိုးကြမ္မာဆိုးတွေ ပပျောက်အောင် ယတြာချေတာတို့၊ ဂြိုဟ်စာကျွေးတာတို့၊ အောက်လမ်းနည်းတွေကိုပဲ ပိုပြီး စိတ်ဝင်စားလာခဲ့ကြတယ်။ အချိန်ကြာမြင့်လာခဲ့တာနဲ့အမျှ မူရင်းဘာသာရေး ယုံကြည်ကိုးကွယ်မှု အမှန်တွေ အလေ့အကျင့်တွေဟာ ဆုတ်ယုတ်လာခဲ့တယ်။ လူတွေရဲ့ စိတ်မှာ လောကီကောင်းစားရေးကိစ္စက ပိုပြီး အရေးကြီးလာတော့တယ်။ ယခုခေတ်တိုင်အောင် လူအများရဲ့ စိတ်ထဲမှာ သူတို့ကြုံတွေ့ရတဲ့ ကံမကောင်း အကြောင်းမလှတာတွေကို ပြင်ပက တန်ခိုးသိဒ္ဓိတွေ အားကိုးနဲ့ ပပျောက်အောင် လုပ်နိုင်တယ်လို့ ပိုပြီး ယုံကြည်လာကြတယ်။ ဒီယုံကြည်ချက်ကို ခုခေတ်တိုင်အောင် လူတွေရဲ့ စိတ်ထဲမှာ စွဲနေတုန်းပဲ ရှိသေးတယ်။ ဒီတော့ မိမိကိုယ်တိုင် သီလ၊ သမာဓိ၊ ဉာဏ်ပညာတွေ တိုးတက်ဖွံ့ဖြိုးလာအောင်၊ ခွန်အားရှိလာအောင် လုပ်ဖို့ကိစ္စကို လျစ်လျူရှုလာကြတယ်။ နောက်တစ်နည်းပြောရရင် လူတွေက ဒီလို ပဥ္စလက်နည်း အောက်လမ်းနည်းတွေကို ဗုဒ္ဓဘာသာကို နာမည်တပ်ပြီး လုပ်လာကြတာကြောင့် ကိုယ့်အသိဉာဏ်ပညာ တိုးတက်ရေးဆိုတဲ့ လူ့ဉာဏ်ပညာကိစ္စကို အပြစ်တင်ချင်လာကြတာ တွေ့ရတယ်။ ဒီလူတွေဟာ တကယ်တမ်းကျတော့ သန့်ရှင်း စင်ကြယ်လှတဲ့ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်မြတ်ကို ညစ်နွမ်းအောင် လုပ်နေကြတဲ့လူတွေပဲ ဖြစ်ကြပါတယ်။

သို့ဖြစ်ရာ နိုင်ငံတကာမှာ ကျွန်ုပ်တို့ မြင်တွေ့နေကြရတဲ့ ခေတ်သစ်ဘာသာ အယူဝါဒတွေဟာ အဲဒီ နိုင်ငံတွေမှာ နေကြတဲ့ လူမျိုးတွေ၊ သာမန်လူတွေက သူတို့ရဲ့ လူမှုရေးနှင့် ယဉ်ကျေးမှု ပတ်ဝန်းကျင်နဲ့ လိုက်ဖက်အောင် ကိုယ့်စိတ်ကြိုက် ပြုပြင်မွမ်းမံထားတဲ့ ဘာသာယုံကြည် ကိုးကွယ်မှုတွေ ဖြစ်နေကြပါပြီ။ ဒါပေမဲ့ စတင်ပေါ်ပေါက်လာကတည်းက ဗုဒ္ဓဘာသာကတော့ ကောင်းကင်ဘုံမှ ကျလာတယ်ဆိုတဲ့ ဘာသာတရားမျိုး မဟုတ်ဘဲ လူ့လောကမှာ ရှည်လျားတဲ့ သမိုင်းကြောင်းတစ်လျှောက် တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုး

တိုးတက် ပြောင်းလဲလာတဲ့ ယုံကြည်ကိုးကွယ်မှုမျိုး ဖြစ်တာကြောင့် ဒီဘာသာတရားရဲ့ ဆင့်ကဲဖြစ်စဉ်မှာ လူပေါင်းများစွာဟာ မူရင်းဒေသနာတော်ဆီက တဖြည်းဖြည်းချင်း ဝေးကွာသွားကြပြီး ကွဲပြားတဲ့ ဂိုဏ်းဂဏသစ်တွေ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

လူတွေရဲ့ ဘာသာကို နာမည်တပ်ပြီး မျက်ကန်း ယုံကြည်ကိုးကွယ်တာမျိုးတွေကို မြင်တွေ့ကြရတဲ့အခါ ဘာသာတရားတစ်ခုရဲ့ စစ်မှန်မှုကို ပြောချင်လို့ ဖြစ်ဖြစ်၊ ရှုတ်ချပုတ်ခတ်ချင်လို့ပဲ ဖြစ်ဖြစ် အဆောတလျင် မလုပ်သင့်ပါ။ ဒီဘာသာတရားရဲ့ သဘာဝအမှန်ကို သိနားလည်ချင်ရင် မူရင်းဒေသနာတော်ကို သေသေချာချာ စူးစမ်းလေ့လာသင့်ပါတယ်။

နှောင်းလူတွေ တိုးချဲ့ပြုလုပ်ကြတဲ့ အယူအဆတွေ၊ အလေ့အကျင့်တွေ အရောရော အနှောနှော ဖြစ်နေတာကြောင့် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ မူရင်းဓမ္မဒေသနာတော်များဘက်ကို လှည့်ကြမှသာ ကျွန်ုပ်တို့အတွက် အသုံးဝင်မှာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာလို့ နာမည်ခံပြီး လူတွေ ဘယ်လိုပဲ ယုံကြည်ကိုးကွယ်နေနေ မြတ်ဗုဒ္ဓရဲ့ မူရင်း အနှစ်ဒေသနာ အစစ်တွေကတော့ ဗုဒ္ဓရဲ့ ပိဋကတ်တော်တွေထဲမှာ အထင်အရှား ရှိနေပါသေးတယ်။

## ဗုဒ္ဓဘာသာရဲ့အဓိက ဂိုဏ်းကြီးများ

*ဗုဒ္ဓဘာသာကို အမှန်အတိုင်း ယုံကြည်ကိုးကွယ် ဆည်းကပ်ချင်သူများ အနေနှင့်ဆိုလျှင် ဘယ်ဂိုဏ်းဂဏထဲမှ မပါဘဲ ဆည်းကပ်ကိုးကွယ်လို့လည်း ဖြစ်ပါတယ်။*

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ရာစုနှစ် အနည်းငယ်အတွင်း ဗုဒ္ဓရှင်တော်မြတ်၏ မူရင်း ဓမ္မဒေသနာတော်များကို ကိုယ်စားပြုသည်ဟု ဆိုပြီး သာသနာတော်အတွင်း ဂိုဏ်းဂဏပေါင်း ၁၈ ဂိုဏ်း ပေါ်ပေါက်လာတယ်။ ဒီလို အယူကွဲ ဂိုဏ်းကွဲတွေ ပေါ်ပေါက်လာရတာဟာ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူခဲ့တဲ့ ဒေသနာတော်တွေကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြ၊ အယူအဆအမျိုးမျိုးနဲ့ နားလည်ခဲ့ကြတာကို အခြေခံပြီး ကွဲကုန်ကြတာပဲ ဖြစ်တယ်။ ကာလကြာလာတော့ ဒီဂိုဏ်းအမျိုးမျိုးဟာ ပဓာနဂိုဏ်းကြီးနှစ်ဂိုဏ်းအဖြစ် ပေါင်းသွားကြတယ်။ ထေရဝါဒနဲ့ မဟာယာနဆိုပြီး ဖြစ်လာကြတယ်။

ယနေ့အခါမှာတော့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများဟာ ဒီနှစ်မျိုးပဲ သိသိသာသာ ကွဲပြားနေကြပြီ ဖြစ်ပါတယ်။

အခြေခံအားဖြင့်တော့ မဟာယာန ဗုဒ္ဓဘာသာဟာလည်း မြတ်ဗုဒ္ဓရဲ့ ဟောကြားထားတဲ့ တရားအပေါ်မှာအခြေခံတာပါပဲ။ သူတို့က လူသားတိုင်းမှာ ဘုရားဖြစ်နိုင်တဲ့ အလားအလာတွေ ပါရှိတယ်လို့ ယူဆကြတယ်။ ဒီ ဘုရားဖြစ်နိုင်တယ်ဆိုတာ သူ့အလိုလို ဖြစ်နိုင်တာ မဟုတ်ဘူး။ လူကိုယ်တိုင်ရဲ့ သမ္မပ္ပဓာန် လုံ့လနဲ့ စိုက်ထုတ်မှသာ ဖြစ်နိုင်တာလို့ ထေရဝါဒကိုးကွယ်သူတွေဘက်က သဘောထားပြီး ပြောကြတယ်။ မဟာယာနတွေဘက်က ပြောပြန်တာက သူတို့အနေနဲ့ ဘဝလွတ်မြောက်ခွင့်ကို ဗောဓိသတ္တ ဘုရားလောင်းတွေရဲ့ အကူအညီနဲ့ ရအောင် လုပ်လို့ရနိုင်တယ်လို့ ယုံကြည်ကြပြန်တယ်။ သူတို့ရဲ့ အယူအဆက ဗောဓိသတ္တ ဘုရားလောင်းဆိုတာ နောင်ပွင့်မည့် ဘုရားလောင်းတွေ ဖြစ်ကြတယ်။ လူသားများအပေါ်မှာထားတဲ့ သူတို့ရဲ့ မေတ္တာကရုဏာတရားကြောင့်သာ သူတို့က ဗုဒ္ဓဘုရားအဖြစ်ကို ချက်ချင်းမယူသေးဘဲ လူသားများကို အရင် ဘဝလွတ်မြောက်မှုရအောင် ကူညီကယ်တင်ဖို့အတွက် ဆိုင်းငံ့ထားကြတာလို့ ယူဆကြတာဖြစ်တယ်။ ဒီလို အခြေခံ အယူအဆ မတူဘဲ ကွဲပြားနေကြစေကာမူ တိပိဋကမှာ လာတဲ့ ဓမ္မဒေသနာအရ လုံးဝ သဘောထားကွဲနေကြတာတော့ မဟုတ်ပါဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဗုဒ္ဓဘာသာဝင်တွေကို သစ္စာတရားကို သတိထားပြီး ရှာဖွေစူးစမ်းဖို့ကို အားပေးတော်မူတာဖြစ်တော့ သူတို့မှာလည်း ပိဋကတ်တော်တွေကို သူတို့ကလည်း သူတို့နားလည်သလို လွတ်လပ်စွာ အဓိပ္ပာယ်ဖွင့်ခွင့် ရှိကြတာပါပဲ။ ဒါတွေထက် ပိုပြီးအဓိကကျတာက မဟာယာနပဲဖြစ်ဖြစ်၊ ထေရဝါဒပဲဖြစ်ဖြစ် မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုပုံကတော့ တစ်မျိုးတစ်စားတည်းပါပဲ။ ကြည်ညိုခြင်း အတူတူပါပဲ။

မဟာယာနနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ နှစ်ခုမှာ တူညီတဲ့ အချက်တွေဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ သကျမုနိ ဗုဒ္ဓမြတ်ဘုရားကို နှစ်ဂိုဏ်းလုံးက သူတို့ရဲ့ ဆရာအာစရိယအဖြစ် သဘောထားပြီး ကိုးကွယ်ကြတာပါ။

၂။ အရိယာသစ္စာ လေးပါး မြတ်တရားကလည်း တစ်သဘော တည်းပါပဲ။

၃။ မဂ္ဂင်ရှစ်ပါး မြတ်တရားကလည်း တစ်ထပ်တည်း တူညီကြ တာပါပဲ။

၄။ 'ပဋိစ္စသမုပ္ပါဒ်' တရားတော်နဲ့ ပတ်သက်လို့လည်း ဘာမှ မကွဲ ဘူး။ တစ်သဘောတည်းပါ။ အတူတူပါပဲ။

၅။ နှစ်ဂိုဏ်းစလုံးက ထာဝရဖန်ဆင်းရှင် ဘုရားဝါဒကို ငြင်းပယ် ကြတာချည်းပဲ။ တစ်သဘောတည်းပါပဲ။

၆။ နှစ်ဂိုဏ်းစလုံးက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေး သုံးပါး အမြင်မှာရော သီလ၊ သမာဓိ၊ ပညာ အမြင်တွေမှာပါ ဘာမှ မကွဲပြားပါဘူး။ အားလုံး အတူတူပါပဲ။

တချို့လူတွေမှာတော့ ထေရဝါဒဟာ တစ်ကိုယ်ကောင်းဝါဒ ဆိုတဲ့ အမြင်မျိုး ရှိတတ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ထေရဝါဒက ကိုယ့် အတွက်၊ ကိုယ့်ဘဝလွတ်မြောက်ရေးကို လုပ်ဖို့ အရေးထားဟောလို့ဖြစ်တယ်။ ဒါပေမဲ့ တစ်ကိုယ်ကောင်း အတ္တစွဲသန်တဲ့ လူဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဘယ်လိုလုပ်ပြီး ရနိုင်ပါ့မလဲ။ မဟာယာနနဲ့ ထေရဝါဒ နှစ်ဂိုဏ်းစလုံးက ဗောဓိသုံးမျိုး၊ ယာန သုံးမျိုး အယူအဆကို အတူတူလက်ခံကြတာပါ။ ဘုရား အဖြစ် ဆုကြီးပန်တာကိုတော့ အမြင့်ဆုံးလို့ သဘောထားပါတယ်။ မဟာယာန ကတော့ ဂမ္ဘီရဆန်တဲ့ ဗောဓိသတ္တ ဘုရားလောင်း အမျိုးမျိုးကို ဖန်တီးထားကြ တယ်။ ထေရဝါဒကတော့ ဗောဓိသတ္တ ဘုရားလောင်းဟာလည်း လူထဲက လူပဲ။ လူအဖြစ်နဲ့ သူ့ဘဝတစ်ခုလုံးကို ပါရမီဖြည့်ခြင်းဖြင့်သာ ကုန်လွန်စေပြီး အဆုံးစွန်ဘဝမှာ လောကကြီး ပျော်ရွှင်ချမ်းမြေ့ပြီး သာယာရေးအတွက် သဗ္ဗညုဗုဒ္ဓအဖြစ် လူ့ဘဝမှာပဲ ဖြစ်လာတဲ့လူကို ဘုရားအလောင်းတော်လို့ သဘောထားတာ ဖြစ်တယ်။

ဟီနယာန (ယာဉ်ငယ်)၊ မဟာယာန (ယာဉ်ကြီး) ဆိုတဲ့ ဝေါဟာရ တွေဟာ ထေရဝါဒ ပိဋကတ်ကျမ်းစာတွေထဲမှာ မပါပါဘူး။ ပါဠိ ပိဋကတ် တော်တွေထဲမှာရော၊ အဋ္ဌကထာတွေထဲမှာရော ဒီစကားလုံးတွေကို လုံးဝ မတွေ့ရပါဘူး။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဟာ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်တုန်းက အိန္ဒိယနိုင်ငံမှာ ထွန်းကားခဲ့တဲ့ ဘုရားလက်ထက်တော်အခါက တည်ရှိခဲ့တဲ့ ရှေးဟောင်း ဘာသာရေး ထုံးတမ်းစဉ်လာတွေကို လိုက်နာသူများ ဖြစ်ကြပါတယ်။ ဘာသာရေးကိစ္စတွေကိုလည်း ပါဠိ အသုံးအနှုန်းနဲ့ပဲ ပြုလုပ်ကြတယ်။ ထေရဝါဒကလည်း သဗ္ဗညုဘုရားအဖြစ်ကို ရောက်ပြီးမှ နိဗ္ဗာန်ပန်းတိုင်ကို မျက်မှောက်ပြုလိုတဲ့ မျှော်လင့်ချက်လည်း ရှိကြပါတယ်။ ပစ္စေကဗုဒ္ဓါ ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ကို စံဝင်ခြင်းသဘောကိုလည်း မျှော်လင့်တောင့်တကြတယ်။

ထေရဝါဒ အများစုကတော့ ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်စံဝင်ခြင်းနည်းလမ်းကို ပိုပြီးနှစ်သက်ကြတယ်။ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း စတဲ့ ဗုဒ္ဓဘာသာလူမျိုးများဟာ ထေရဝါဒဂိုဏ်းသားများ ဖြစ်ကြပါတယ်။ မဟာယာနတွေကတော့ ရှေးကျတဲ့ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းတွေကို ပြောင်းလဲပစ်တတ်ကြတယ်။ မဟာယာနတွေက ရှေးရိုးဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းတွေကို သူတို့နေထိုင်တဲ့ နိုင်ငံ၊ လူမျိုးတွေရဲ့ ဓလေ့ထုံးစံတွေနဲ့ ကိုက်ညီအောင် ပြောင်းလဲပစ်တတ်ကြတယ်။ ပြီးတော့ ဘာသာရေးကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာလည်း (ပါဠိတော်ကို မသုံးဘဲ) တရုတ်ဆို တရုတ်ဘာသာ၊ ဗီယက်နမ်ဆို ဗီယက်နမ်ဘာသာ၊ တိဗက်ဆို တိဗက်ဘာသာ၊ ဂျပန်ဆို ဂျပန်ဘာသာ စကားတွေနဲ့ပဲ ရွတ်ဖတ် သရဇ္ဈာယ်ကြတယ်။ ဒါကြောင့် မဟာယာနတွေဟာ ဗုဒ္ဓကိုရော ဗောဓိသတ္တ ဘုရားလောင်းကိုရော (တန်းတူထားပြီး) ဂုဏ်ပြုကြတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်၊ ကိုရီးယားမှာ ရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ မဟာယာန ဂိုဏ်းသားများ ဖြစ်ကြတယ်။ တိဗက်နဲ့ မွန်ဂိုးလီးယားကျတော့ 'ဝဇ္ဇာယာန' လို့ ခေါ်တဲ့ တခြားဗုဒ္ဓဘာသာတစ်မျိုးကို ကိုးကွယ်ကြတယ်။ ပညာရှင်တွေကတော့ 'ဝဇ္ဇာယာန' ဂိုဏ်းခွဲဟာလည်း မဟာယာန ဗုဒ္ဓဘာသာထဲ သက်ဝင်တယ်လို့ သဘောထားကြတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ ပညာရှင်တွေ အားလုံးက ဟိနယာန၊ မဟာယာန ဆိုတဲ့ ဝေါဟာရတွေဟာ နှောင်းကာလကျမှ တီထွင်ကြတာတွေ ဖြစ်တယ်လို့ ယူဆကြတယ်။ သမိုင်းကြောင်းအရ ပြောရရင်တော့ ဒီစကားလုံးတွေ ပေါ်မလာခင် ကာလကြာမြင့်စွာကတည်းက ထေရဝါဒဆိုတဲ့ ဝေါဟာရဟာ တည်ရှိနေပြီးသား ဖြစ်ပါတယ်။

ဘီစီ ၃၀၀ လောက်က အိန္ဒိယက သီရိမ္မာသောကမင်း လက်ထက်မှာ မူရင်း ဗုဒ္ဓဘာသာလို့ ပညာရှင်များအားလုံးက အသိအမှတ် ပြုထားတဲ့ ထေရဝါဒဟာ သီရိလင်္ကာနိုင်ငံကို စတင်ရောက်ရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မဟာယာနဆိုတာ ရှိကို မရှိသေးဘူး။ မဟာယာနက ဒီနောက်ပိုင်းကျမှ ပေါ်လာတဲ့ နောက်မှပေါက်တဲ့ ရွှေကြာပင် ဖြစ်ပါတယ်။ ခရစ်ယာန် အယူဝါဒ စတင်ပေါ်ပေါက်တဲ့ (ဘီစီ ၅၀၀) ကျော်ကျမှ ပေါ်လာတာဖြစ်တယ်။ ဘီစီ ၃၀၀ ကတည်းက ထေရဝါဒပါဠိ ပိဋကတ်တော်များနှင့်တကွ အဋ္ဌကထာကျမ်း များဟာ သီရိလင်္ကာနိုင်ငံကို ရောက်ရှိခဲ့တာပါ။ သီရိလင်္ကာမှာပဲ ထေရဝါဒဆိုတဲ့ တိတိကျကျ ဂိုဏ်းတစ်ခုအဖြစ်နဲ့ အခိုင်အမာ တည်လာခဲ့တာပါ။ ဟီနယာန ဂိုဏ်း အဖြစ်နဲ့ ရောက်လာခဲ့တာ မဟုတ်ပါဘူး။ ဒီ ဟီနယာန အငြင်းပွားမှုကို နောက်ပိုင်းကျမှ အိန္ဒိယပြည်မှာ မဟာယာနတွေက လုပ်လာခဲ့ကြတာပါ။ ဒါကြောင့် မဟာယာနထဲမှာရော၊ ဟီနယာနထဲမှာရော ထေရဝါဒကို ထည့်ဖို့ မသင့်ပါဘူး။ သို့သော် ၁၉၅၀ ခုနှစ်တုန်းက ကမ္ဘာ့ဗုဒ္ဓဘာသာ သဟာယ (World Fellowship of Buddhists) ကို စတင် ဖွဲ့စည်းတည်ထောင်ကြတဲ့ အချိန်မှာ အရှေ့တိုင်း၊ အနောက်တိုင်းက အသိပညာ ရင့်ကျက်တဲ့ ပုဂ္ဂိုလ်များက ဟီနယာနကို အသိအမှတ် မပြုကြဘဲ ထေရဝါဒကိုသာ တရားဝင် အသုံးပြုခဲ့ ကြပါတယ်။ အရှေ့တောင်အာရှမှာ ထွန်းကားတဲ့ ဗုဒ္ဓဘာသာဟာ ထေရဝါဒ ဘာသာပဲ ဖြစ်ပါတယ်။ ယခုအချိန်အထိ အမြော်အမြင်နည်းတဲ့ ခေတ်မမီတဲ့ လူတွေကတော့ ဟီနယာနဆိုတဲ့ စကားလုံးကို သုံးနှုန်းနေတတ်ကြတုန်း ရှိသေး တယ်။ မဟာယာန သုတ္တန်တစ်ခုဖြစ်တဲ့ သန္ဓိနိမောစန* သုတ်မှာလည်း ထေရဝါဒနဲ့ မဟာယာနသည် (ဧကယာန) ယာန တစ်ခုတည်းပဲ ဖြစ်တယ်။ ဒါက ဗုဒ္ဓဘာသာ နှစ်မျိုး၊ 'ယာန' နှစ်မျိုး ကွဲနေတာ မဟုတ်ဘူးလို့ ရှင်းရှင်း လင်းလင်း ဖော်ပြထားတယ်။

မတူညီတဲ့ ကွဲပြားနေတဲ့ ဗုဒ္ဓဘာသာများမှာ မတူညီတဲ့ ထင်မြင်ယူဆ ချက်တွေ ရှိကြပေမယ့် အနှစ် ၂၀၀၀ ကျော် ကာလအတွင်းမှာ ဒီဂိုဏ်းကွဲ အချင်းချင်း အကြမ်းဖက်တာ၊ သွေးထွက်သံယို ပဋိပက္ခ ဖြစ်တာမျိုး လုံးဝ မရှိခဲ့ပါဘူး။ ဒါဟာ ဗုဒ္ဓဘာသာရဲ့ သည်းခံနိုင်တဲ့ ခန္တီသတ္တိထူးပဲ ဖြစ်ပါတယ်။

---

* Samdhi Nirmorcana Sutta.

## လူ့ယဉ်ကျေးမှုအမှန်ကို မြှင့်တင်သောတရား

### ခေတ်မီတဲ့ဘာသာအယူ

*ဗုဒ္ဓဘာသာဟာ ဘာသာရေးကို စိန်ခေါ်တဲ့ ခေတ်သစ်အယူအဆအားလုံးကို ရင်ဆိုင်ရန်အတွက် အင်အားအပြည့်အဝ ရှိပါတယ်။*

ဗုဒ္ဓဘာသာရဲ့ အယူအဆများဟာ ရှေးခေတ် အယူအဆများရော ခေတ်သစ် အယူအဆများပါ ကြွယ်ဝလာရေးအတွက် အကြီးအကျယ် အကျိုးပြုခဲ့ပါတယ်။ ဗုဒ္ဓဘာသာရဲ့ ကြောင်းကျိုးဆက်နွှယ်မှု တရားအမြင် (ပဋိစ္စသမုပ္ပါဒ်) အပြန်အလှန် အကျိုးပြုတဲ့ တရား၊ အာရုံသိ ဖြစ်ပေါ်ပုံတရားနှင့် လက်တွေ့ အသုံးချသဘောအမြင်အပြင် အကျင့်သီလအပေါ်မှာ အလေးအနက်ပြုမှု၊ ထာဝရ ဝိညာဉ်ကောင် ရှိတယ်ဆိုတာကို ငြင်းပယ်ခြင်း၊ ဗဟိဒ္ဓလောကက သဘာဝလွန်တရားများနှင့် မပတ်သက်မှု၊ မလိုအပ်တဲ့ ပူဇော်ပသမှု (သီလဗ္ဗတပရာမာသ) များကို ပယ်မှု၊ အာရုံသိနှင့် ဆင်ခြင်သိ နှစ်ခုကိုသာ လက်ခံမှု စသည့် သဘောအမြင်များဟာ ခေတ်သစ် သိပ္ပံပညာက လက်ခံထားတဲ့ တွေ့ရှိချက်များ အမြင်အယူအဆများနှင့် အံဝင်ခွင်ကျ ဖြစ်နေတယ်။

ဗုဒ္ဓဘာသာတရားဟာ ဆင်ခြင်ဉာဏ်ပေါ် အခြေခံတဲ့ ဘာသာ အယူဝါဒတစ်ခုမှာ ရှိသင့်တဲ့ အရည်အသွေးများအားလုံး ပါရှိပါတယ်။ ဒါကြောင့် ဒီတရားဟာ အနာဂတ် ကမ္ဘာလောကကြီးအတွက်လည်း သင့်တော်တယ်။ ဒီဘာသာဟာ သိပ်ကို သိပ္ပံနည်းကျတယ်။ သိပ်ကို ဆင်ခြင်တုံတရားနဲ့ ညီပြီးယုတ္တိ ရှိတယ်။ ပြီးတော့ သိပ်ကို တိုးတက်တဲ့ အမြင်အယူအဆတွေ ရှိတာကြောင့် ခေတ်သစ် ကမ္ဘာလောကကြီးထဲမှာ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာဟာ သိပ်ကို ဂုဏ်ယူစရာ ကောင်းလှပါတယ်။ ဗုဒ္ဓဘာသာရဲ့ ချဉ်းကပ်နည်းဟာ သိပ္ပံပညာထက်တောင်မှ သိပ္ပံနည်း ပိုကျပါသေးတယ်။

ဘာသာတရားတွေကို စတင် တည်ထောင်ခဲ့ကြတဲ့ ဘာသာရေးခေါင်းဆောင်ကြီးများအနက် ဗုဒ္ဓရှင်တော်မြတ် တစ်ပါးတည်းကသာ သူ့ရဲ့နောက်လိုက် သာဝကများကို စူးစမ်းလေ့လာတဲ့ စိတ်ဓာတ်ဖွံ့ဖြိုးရေးကို အားပေးရုံမျှမက သူ့စကားကိုပင်ဖြစ်ပါစေ မျက်စိမှိတ်ပြီး ယုံကြည်လက်ခံခြင်း မပြု

ကြဖို့ကို ဆိုဆုံးမတော်မူတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာကို တကယ့် ခေတ်မီတဲ့ ဘာသာတရားလို့ ခေါ်ရင် ပုံကြီးချဲ့လွန်းတယ်လို့ မဆိုနိုင်ပါ။

ဗုဒ္ဓဘာသာသည် စည်းကမ်း စနစ်တကျ လက်တွေ့ ဘဝနေနည်းကို အပြည့်အစုံ ဖော်ပြတဲ့အပြင် မိမိကိုယ်ကိုယ် ပြုစုပျိုးထောင်ပုံ ပျိုးထောင်နည်းကိုပါ ဂရုတစိုက် ချမှတ်ပေးထားတဲ့ ဘာသာဖြစ်တယ်။ ဒါတွင် မကသေးပါ။ ဒီဘာသာဟာ သိပ္ပံနည်းကျ ပညာသင်ကြားနည်းကိုလည်း ဖော်ထုတ်ဟောကြားထားတဲ့ ဘာသာဖြစ်တယ်။ ဒီဘာသာဟာ ဘယ်လို အကျပ်အတည်း အခက်အခဲနဲ့ ကြုံရတဲ့ ကာလမျိုးမှာမဆို စိတ်ရဲ့ ငြိမ်းချမ်းမှုရအောင် ပြန်လည်ထိန်းသိမ်းပေးနိုင်တယ်။ အနာဂတ်မှာ ရင်ဆိုင်လာရမည့် အပြောင်းအလဲများအားလုံးကိုလည်း ငြိမ်သက်တည်ကြည်တဲ့ စိတ်နှလုံးထားမျိုးနှင့် ရင်ဆိုင်နိုင်ရေးကိုလည်း ကူညီပေးတယ်။

ကောင်းပါပြီ။ ခု ဗုဒ္ဓဘာသာက အဖြေပေးမယ်။ ယခု ပြောခဲ့တဲ့ လိုရင်းအချက်တွေ အားလုံးကို ဉာဏ်ပညာနှင့် စိတ်ကို စင်ကြယ်အောင် လုပ်ခြင်းဖြင့် ပေါက်မြောက်အောင်မြင်အောင် လုပ်နိုင်တယ်။ ဘဝ အဆင့်မြင့် မဂ်လမ်းပေါ်ကိုရောက်ဖို့အရေးမှာ ဉာဏ်ပညာသည်သာ ပဓာန ကျပါတယ်။ စိတ်စင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ) ကတော့ စိတ်ကို ငြိမ်သက်စေတယ်။ ငြိမ်းအေးစေတယ်။ သင်္ခါရလောကကြီးထဲမှာ စိတ်ရှုပေါက်ခြင်း၊ စိတ်လေလွင့်ခြင်း ကင်းစွာ ဥပေက္ခာတရား လက်ကိုင်ထားပြီး နေနိုင်တဲ့ ကိုယ် ဖြစ်စေပါတယ်။

ဒီလို ခေတ်သစ် သိပ္ပံနှင့် စက်မှုနည်းပညာတွေ ထွန်းကားတဲ့ ဒီကာလမှာတော့ ဗုဒ္ဓဘာသာသည်သာ အမှန်ပင် အသင့်တော်ဆုံး အကိုက်ညီဆုံး ဘာသာ ဖြစ်နေပါတယ်။ သဘာဝတရားနဲ့ သိပ္ပံပညာဆီကလာတဲ့ အလင်းရောင်၊ သမိုင်းကြောင်းက ဖြစ်ပေါ်လာတဲ့ အလင်းရောင်၊ စကြဝဠာကြီးတစ်ခုလုံးက ထွက်လာတဲ့ အလင်းရောင်ဟာ မြတ်ဗုဒ္ဓရဲ့ အရိယာသစ္စာတရားအပေါ် အခြေခံတဲ့ ထွန်းပတဲ့ ဒေသနာတော်များအားဖြင့် ရောင်ခြည်ဖြာလျက်ရှိပါတယ်။

## သိပ္ပံခေတ်ကြီးထဲက ဘာသာ

သိပ္ပံမပါတဲ့ ဘာသာရေးဟာ အကျိုးပဲ၊ ဘာသာရေးမပါတဲ့ သိပ္ပံပညာဟာ လည်း အကန်းပဲ။

ဒီနေ့ ကျွန်ုပ်တို့သည် သိပ္ပံခေတ်ကြီးထဲမှာ အသက်ရှင်လျက် နေထိုင်ကြရတယ်။ ဘဝရဲ့ ဘက်ပေါင်းစုံမှာ သိပ္ပံပညာရဲ့ အကျိုးသက်ရောက်မှုတွေက ရှိနေတယ်။ ၁၇ ရာစုခေတ်မှာ သိပ္ပံစက်မှု တော်လှန်ရေးကြီး ဖြစ်ပေါ်လာပြီးခဲ့ကတည်းက သိပ္ပံပညာဟာ ကျွန်ုပ်တို့ တွေးတောသမျှ လုပ်ကိုင်သမျှ ကိစ္စခပ်သိမ်းအပေါ်မှာ ဩဇာလွှမ်းမိုးနေခဲ့တာ ဖြစ်ပါတယ်။

ရှေးရိုးအစဉ်အလာ ဘာသာကိုးကွယ်ယုံကြည်မှုအပေါ်မှာ သက်ရောက်တဲ့ သိပ္ပံရဲ့ အကျိုးသက်ရောက်မှုသည် အထူးသဖြင့် အင်အားကြီးမားပါတယ်။ ခေတ်သစ် သိပ္ပံပညာရဲ့ ဖိနှိပ်မှုအောက်မှာ အခြေခံကျတဲ့ ဘာသာ အယူအဆများစွာတို့သည် ကြေမွ ပျက်စီးကုန်ကြရတယ်။ အသိဉာဏ်ပညာ ရှိသူတွေ၊ ဗဟုသုတနှင့်ပြည့်စုံတဲ့ ပညာရှင်တွေက ရှေးက ဘာသာ အယူဝါဒတွေကို ဆက်ပြီး လက်မခံလိုကြတော့ပါဘူး။ ထာဝရဘုရား ကိုးကွယ်ယုံကြည်မှုဘာသာရဲ့ မှန်းဆတွေးခေါ်မှုနဲ့ ကျမ်းဂန်ထဲပါရင် မှန်တယ်လို့ ယူဆကြတဲ့ ဓမ္မစက်အပေါ် အခြေခံတဲ့ သိပ္ပံပညာနဲ့ ကင်းဝေးတဲ့ မှန်တယ်လို့ ယူဆခဲ့ကြတာတွေကို လက်ခံဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ပါဘူး။ ဥပမာအားဖြင့် ခေတ်သစ် စိတ်ပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်တဲ့ လူ့စိတ်ဟာ လူ့ကိုယ်ခန္ဓာကြီးလိုပဲ သဘာဝရဲ့ ကြောင်းကျိုးနိယာမနှင့်အညီ ဖြစ်ပေါ်နေတာသာ ဖြစ်တယ်။ မပြောင်းလဲတဲ့ ဝိညာဉ်ဆိုတာလည်း တချို့ဘာသာတွေ ပြောသလို မတွေ့ရပါဘူး။

တချို့ ဘာသာရေးသမားတွေက သူတို့ဘာသာက တရားသေ အစွဲသန် နေခဲ့ကြတဲ့ အယူအဆတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သိပ္ပံပညာရဲ့ ရှာဖွေတွေ့ရှိ ချက်တွေကို ပယ်ချဖို့ဘက်ကို ရွေးချယ်လာကြတယ်။ ဒီလို အစွဲသန် အယူသီးတဲ့ စိတ်သဘောထားများဟာ လူ့ဘ၀ တိုးတက်ရေးကို အနှောင့်အယှက် ဖြစ်စေပါ တယ်။ ခေတ်သစ် လူသားများအနေနဲ့ ဘာကိုမှ မျက်ကန်း ယုံကြည်မှုမျိုးနှင့် မယုံတော့ရကား အစဉ်အလာအရ လက်ခံထားခဲ့ကြတာတွေပဲ ဖြစ်ဖြစ်၊ မယုံ နိုင်တော့တာကြောင့် ဒီလို အယူအစွဲသန်တဲ့ ဘာသာရေးသမားတွေ အတွက် တော့ ဘာသာတရားကို မယုံကြည်တော့တဲ့ လူတွေ တိုးပွား များပြားလာတာ နဲ့ပဲ ရင်ဆိုင်ကြရတော့မှာပဲ။

တစ်နည်းဆိုရရင် တချို့ ဘာသာရေးဆရာတွေကလည်း ခေတ်က လူအများ လက်ခံထားတဲ့ အယူအဆများ၊ သိပ္ပံသဘောတရားများနှင့် လိုက် လျောညီထွေ တည်နေနိုင်အောင် မိမိတို့ရဲ့ အယူအစွဲများကို ခေတ်နှင့်အညီ အဓိပ္ပာယ်သစ်တွေ ဖွင့်ဖို့ ကြိုးစားလာကြပြန်တယ်။ ဒီကိစ္စမှာ ထောက်ပြရမှာက ဒါ၀င်ရဲ့ သဘာ၀ရဲ့ ဆင့်ကဲပြောင်းလဲတိုးတက်မှု သီ၀ရီ (အီဗော်လူးရှင်း သီ၀ရီ) ပါ။ ဘာသာရေးသမား အများအပြားက လူကို ဘုရားသခင်က တိုက်ရိုက် ဖန်ဆင်းတော်မူခဲ့တာလို့ ယုံကြည်လက်ခံလာခဲ့ကြတယ်။ ဒါကို တစ်နည်း တစ်လမ်းအားဖြင့် ဒါ၀င်က လူဟာ တဖြည်းဖြည်း မျောက်ဝံကနေ ပြောင်းလဲ တိုးတက်ပြီး လူပုံသဏ္ဌာန်ဖြစ်လာတာ ဖြစ်တယ်လို့ ဖော်ထုတ်လိုက်တော့ ဘုရားက ဖန်ဆင်းတယ်ဆိုတဲ့ ဘာသာ အယူ၀ါဒတွေဟာ အားလုံး ကမောက် ကမ ဖောက်ထိုးမှောက်လှန် ဖြစ်ကုန်ကြတော့တာပေါ့။ ဉာဏ်ပညာရှိတဲ့ လူတိုင်း က ဒါ၀င် ပြောတာကို လက်ခံလာကြတယ်။ ဒီအခါကျတော့ ဘာသာရေး ဆရာများအနေနဲ့ မိမိတို့ ရှေးက လက်ခံထားခဲ့ကြတဲ့ ဖန်ဆင်းခြင်း အယူ၀ါဒကို အနက်အဓိပ္ပာယ်သစ် ပြန်ဖွင့်လာကြရတော့တယ်။ အစက သူတို့ ငြင်းဆန်ဖို့ ကြိုးစားခဲ့တဲ့ ဒါ၀င် သီအိုရီနဲ့ ကိုက်ညီအောင် အနက်အဓိပ္ပာယ်သစ် ဖွင့်ကြရ တော့တယ်။

ခေတ်သစ် သိပ္ပံပညာရှင်များရဲ့ ရှာဖွေတွေ့ရှိချက်များအရ ဘာသာ အယူ၀ါဒ များစွာတို့မှာ လက်ခံလာခဲ့ကြတဲ့ စကြ၀ဠာ အမြင်တွေဟာ သမုတိ

သဘောတွေသာ ဖြစ်ကြပြီး ဒါတွေကို သိပ္ပံပညာက ကျော်လွှန် ဖြတ်တက်သွားပါတယ်။ ယေဘုယျအားဖြင့် ပြောနိုင်တာကတော့ ဘာသာတရားများဟာ လူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုခဲ့ကြတယ် ဆိုတာပါ။

ဘာသာတရားတွေက လူ့ဘဝ တန်ဖိုးတွေ၊ စံတွေကို ချမှတ်ပေးခဲ့ကြပါတယ်။ လူ့ဘဝရဲ့ လမ်းညွှန်သဘောတရားတွေကိုလည်း ဖော်ထုတ်ပေးခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီလို ကောင်းမှုတွေ လုပ်ခဲ့သမျှ ခေတ်သစ်ကာလမှာ ဒီဘာသာ အယူဝါဒတွေဟာ ဆက်ပြီး သက်ဆိုးရှည်ဖို့တော့ဖြင့် မဖြစ်နိုင်သလောက်ပါပဲ။ ဒီသိပ္ပံခေတ်ကြီးကျမှ လူတွေက အရင်က တရားသေ ချမှတ်ခဲ့ကြတဲ့ အယူသီးမှုတွေ နေရာမှာ အမှန်သစ္စာတရား အမြင်ကို ချမှတ်လာကြတာကြောင့် ပူဇော်ပသမှု ပွဲလမ်းသဘင်တွေဟာလည်း အစက ရှိခဲ့တဲ့ မူရင်းအဓိပ္ပာယ်တွေကို လျော့ထွက်လာခဲ့ကြပြီ ဖြစ်ပါတယ်။

## ဗုဒ္ဓဘာသာနှင့်ပညာ

လွန်ခဲ့တဲ့ ရာစုနှစ် စတင်သည့် အချိန်တိုင်အောင် ဗုဒ္ဓဘာသာသည် သိပ္ပံပညာနှင့် အတွေ့အထိ မရှိတဲ့ နိုင်ငံများထဲမှာသာ တည်ရှိနေခဲ့ပါသေးတယ်။ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာရဲ့ သင်ကြားချက် ဒေသနာတော်များဟာ စတင်ပေါ်ပေါက်တဲ့ အချိန်ကတည်းက ပွင့်လင်းပြီး သိပ္ပံနည်းကျ အတွေးအခေါ်ရှိခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာရဲ့ သင်ကြားချက်တွေဟာ သိပ္ပံပညာရဲ့ စိတ်ဓာတ်နှင့် ထွေးပိုက်ခြင်းကို ခံယူနိုင်တဲ့ အကြောင်းတစ်ခုက မြတ်ဗုဒ္ဓသည် ဘယ်အခါကမှ လှေနံဓားထစ် အယူသီး အစွဲသန်မှုကို အားမပေးခဲ့တာကြောင့်ပါ။ မြတ်စွာဘုရားက သူ့ရဲ့ တရားဒေသနာတော်များသည် ထာဝရ ဘုရားကို ယုံကြည်မှုတွေ ကောင်းကင်ကျဘုရားရဲ့ နှုတ်ကပါဌ်တော်ကျမ်းများအပေါ်မှာ မူတည်တယ်လို့ လုံးဝ မဟောခဲ့တဲ့အပြင် သူဟောတဲ့တရားများဟာ မလျော့လွှန်း၊ မတင်းလွှန်းဘဲ လွတ်လပ်စွာ တွေးခေါ်မှုကို ခွင့်ပြုထားခဲ့တာ ဖြစ်ပါတယ်။

ဒုတိယ အကြောင်းက ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အရိယာသစ္စာတရားကို ချဉ်းကပ်ရာမှာ သိပ္ပံစိတ်ဓာတ်မျိုး ရှိတာကို တွေ့ရခြင်းပါ။ မြတ်ဗုဒ္ဓရဲ့

အရိယာသစ္စာတရားကို ရှာဖွေဖော်ထုတ်ပြီး စမ်းသပ်စစ်ဆေးပုံသည် သိပ္ပံပညာက လုပ်ပုံလုပ်နည်းမျိုးနှင့် တူနေပါတယ်။ သိပ္ပံပညာရှင်ဟာ ဗဟိဒ္ဓလောကကို ရှုမှတ်လေ့လာရာမှာ ဓမ္မဓိဋ္ဌာန် သဘောကို လိုက်ပါတယ်။ ပြီးတော့ သိပ္ပံသီဝရီတစ်ခုကို ထူထောင်တဲ့အခါ အထပ်ထပ် လက်တွေ့စမ်းသပ် စစ်ဆေးပြီးမှ ထုတ်ဖော်ပြောဆိုတာ ဖြစ်တယ်။

လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်ကာလတုန်းက မြတ်ဗုဒ္ဓသည်လည်း သိပ္ပံပညာရှင်တွေ အသုံးပြုတဲ့ နည်းလမ်းကို အသုံးပြုခဲ့ပြီး မိမိရဲ့ အဇ္ဈတ္တလောကကို ပုဂ္ဂလဓိဋ္ဌာန်မပါ ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် ကိလေသာ သံယောဇဉ်ကင်းကင်းနှင့် ရှုပွား လေ့လာတော်မူတယ်။ ပြီးတော့ သူ့ရဲ့ သာဝကကြီးများကိုလည်း ဘယ်ဒေသနာကိုမှ မိမိတို့ကိုယ်တိုင် ဝေဖန်သုံးသပ် စိစစ်စမ်းသပ်ခြင်း မပြုရသေးဘဲနှင့် မှန်ပြီ၊ ဟုတ်ပြီဟု လက်မခံကြလေနှင့်ဟု သင်ကြားဆုံးမတော်မူခဲ့တယ်။ ဒီခေတ် သိပ္ပံပညာရှင်တွေက သူတို့ရဲ့ စမ်းသပ် စစ်ဆေးချက်တွေကို ပုံတူမိတ္တူ မကူးရဘူးလို့ မတောင်းဆိုသလိုပဲ မြတ်ဗုဒ္ဓကလည်း သူ တွေ့ကြုံခံစား သိမြင်တော်မူခဲ့တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်ဟာ သူပဲရနိုင်တယ်။ တခြား လူတွေနှင့် မသက်ဆိုင်ဘူး။ မပတ်သက်ဘူးလို့ လုံးဝဟောတော်မူခြင်း မရှိခဲ့ပါ။

ဒီလို သစ္စာတရားကို ရှာဖွေစူးစမ်းရာမှာ မြတ်ဗုဒ္ဓသည် ယခုခေတ် သိပ္ပံပညာရှင်များလိုပဲ ခွဲခြမ်းစိတ်ဖြာ လေ့လာတဲ့ ဝိဘဇ္ဇနည်းကိုပဲ အသုံးပြုခဲ့တာ ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အန္တိမသစ္စာ ဖြစ်တဲ့ ပရမတ္ထသစ္စာတရားကို သဗ္ဗညုတဉာဏ်ကိုရအောင် ကြိုးပမ်းကြရာမှာ လက်တွေ့ ကျင့်ကြံအားထုတ်နည်းကို သိပ္ပံပညာရှင်တွေက လုပ်နည်းကိုင်နည်း ပေးသလို ပေးခဲ့တာ ဖြစ်တယ်။ မြတ်ဗုဒ္ဓသည် သိပ္ပံပညာရှင်တွေရဲ့ စိတ်ဓာတ်နှင့် တစ်သဘောတည်း တစ်ထပ်တည်းရှိတာ များပါတယ်။ ဒါပေမဲ့ သိပ္ပံပညာရှင်တွေနဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ အားလုံး အတူတူပဲလို့ ဆိုရင်တော့ မမှန်ပါ။ သိပ္ပံပညာဟာ လူသားများရဲ့ ဘဝမှာ ပိုမိုသက်သာ လွယ်ကူစွာ နေနိုင်အောင် လက်တွေ့ကျကျ စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ လူတွေ ရှေးက အိပ်မက်တောင် မမက်နိုင်ခဲ့တာတွေကို အံ့ဩရလောက်အောင် တွေ့ကြုံခံစားစေနိုင်ခဲ့ပါတယ်။ ဒါလည်း

မှန်ပါတယ်။ သိပ္ပံပညာက လူသားတွေကို ရေထဲမှာ ငါးထက်တောင် ပိုပြီး ကူးနိုင်အောင် လုပ်ပေးခဲ့ကြတယ်။ ငှက်ထက်တောင် ပိုပြီး အမြင့်မှာ ပျံသန်းနိုင်အောင် လုပ်ပေးခဲ့ကြပါတယ်။ လပေါ်မှာတောင် လမ်းလျှောက်စေနိုင်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ သမုတိသစ္စာ လောကီဉာဏ်ကိုသာ ရထားတဲ့ သိပ္ပံပညာရဲ့ သိမှုနယ်သည် အတွေ့အကြုံပေါ်မှာပဲ သက်သေခံ ထင်ရှားရှိပါတယ်။ ပြီးတော့ သိပ္ပံပညာက သိတဲ့ သစ္စာတရား (သမုတိသစ္စာ) ဟာလည်း အမြဲပြောင်းလဲနေတယ်။ သိပ္ပံပညာက လူသားကို မိမိစိတ်ကို ထိန်းသိမ်းနိုင်တဲ့ နည်းလမ်းကို မပေးနိုင်ပါ။ ပြီးတော့ သိပ္ပံပညာက လူသားများအတွက် ကိုယ်ကျင့်သီလ စောင့်ထိန်းနိုင်စွမ်းနဲ့ လမ်းညွှန်မှုကိုလည်း မပေးနိုင်ပါ။ အံ့သြစရာတွေ အများကြီးရှိပေမယ့် သိပ္ပံပညာဟာ ဗုဒ္ဓဘာသာက လက်မခံနိုင်တဲ့ အကန့်အသတ်တွေ အများကြီး ရှိနေပါတယ်။

## သိပ္ပံပညာ၏ အကန့်အသတ်များ

လူတွေ မကြာခဏ အများကြီး ကြားသိနေကြရတာက သိပ္ပံပညာက ဘာတွေကို ဘယ်လောက် လုပ်ပေးနိုင်တယ်ဆိုတာ ဖြစ်တယ်။ မကြားရတာက သိပ္ပံပညာက ဘာတွေကိုတော့ မလုပ်ပေးနိုင်ဘူး ဆိုတာပါ။ သိပ္ပံပညာဟာ လူရဲ့ အာရုံက တစ်ဆင့်ရတဲ့ အသိပညာအပေါ်မှာသာ အခြေခံထားရတဲ့ အကန့်အသတ် ရှိတယ်။ အာရုံ ငါးပါးနှင့် မြင်တာ၊ ကြားတာ၊ ထိတာ၊ တွေ့တာလောက်ကိုပဲ သိတာများတယ်။ အာရုံခံနယ်ကို ကျော်လွန်ပြီး ဉာဏ်နဲ့ ထိုးထွင်းသိမြင်တာကိုတော့ သိပ္ပံပညာက အသိအမှတ် မပြုလိုကြပါ။ သိပ္ပံပညာကရတဲ့ သစ္စာကို သိတဲ့ အသိပညာတွေဟာ အာရုံသိအပေါ် အခြေခံပြီး ယုတ္တိနည်းကျ ဆင်ခြင် သိမြင်တာတွေသာ ဖြစ်တယ်။ ဒါတွေကလည်း အမြဲပြောင်းလဲနေတယ်။ သမုတိသစ္စာတွေသာ ဖြစ်တယ်။ ဒီတော့ အချိန်ကာလရဲ့ အစမ်းသပ်ကို မခံနိုင်ဘူး။ ထာဝရ ဘယ်အချိန်မှာမဆို မှန်တာတွေ မဟုတ်ကြပါဘူး။ ဒီအချက်ကို သိမြင်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ဟာ သီဝရီတစ်ခုကို ဒီ့ထက်ကောင်းတဲ့ သီဝရီတစ်ခုနဲ့ အစားထိုးလာရင် အစက သီဝရီကို စွန့်ပယ်ဖို့အတွက် အမြဲ အဆင်သင့် ဖြစ်နေတတ်ပါတယ်။

သိပ္ပံပညာက ဗဟိဒ္ဓလောကကို သိမြင်နားလည်ဖို့ကိုသာ ကြိုးပမ်းပါတယ်။ ဒီတော့ လူသားရဲ့ အဇ္ဈတ္တလောကရဲ့ အပေါ်ယံ မျက်နှာပြင်လောက်ကိုသာ အရေးအကြောင်း ထင်အောင် ခြစ်မိနေတယ်။ စိတ်ပညာဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာကလည်း လူသားရဲ့ အဇ္ဈတ္တသန္တာန်ကို နက်နက်ရှိုင်းရှိုင်း လေ့လာတိုင်းထွာနိုင်တာ မဟုတ်ပါဘူး။ ဒါကြောင့် လူသားတွေရဲ့ စိတ်ပျံ့လွင့်မှုကို စိတ်ယောက်ယက်ခတ်မှုတွေ ဘာကြောင့် ဖြစ်ရသလဲဆိုတဲ့ အကြောင်းရင်းအမှန်ကို မသိပါဘူး။

လူတစ်ယောက်ဟာ စိတ်ပျက်ပြီး ဘဝကို ငြီးငွေ့ မုန်းတီးလာတဲ့အခါ သူ့ရဲ့ အတွင်းစိတ်ထဲမှာ အနှောင့်အယှက် ဖြစ်စရာတွေ ပြည့်နှက်ပြီး စိတ်ယောက်ယက်ခတ်လာတဲ့အခါ သိပ္ပံပညာဟာ ဒီလူသားကို ကူညီနိုင်ဖို့အတွက် လက်နက်အပြည့်အစုံ တပ်ဆင်ထားတာ မရှိပါ။ ပတ်ဝန်းကျင်ကသာ အရာရာကို ဖန်တီးပေးစွမ်းနိုင်တယ်လို့ သဘောထားတဲ့ လူမှုသိပ္ပံပညာတွေကတော့ လူသားရဲ့ စိတ်ပျော်ရွှင်ရေးကို အတိုင်းအတာ တစ်ခုအထိ ဆောင်ရွက်ပေးနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ လူဟာ တိရစ္ဆာန်နဲ့ မတူတာက ရုပ်ပိုင်းသက်သာ ချောင်ချိမှုရအောင် ဆောင်ရွက်ပေးနိုင်ရုံနှင့် မလုံလောက်ပါဘူး။ လူသားဟာ ရုပ်ပိုင်း သက်သောင့်သက်သာရှိမှုထက် ပို၍ စိတ်ဆင်းရဲမှု စိတ်ပျက်အားငယ်မှုတွေကို နေ့စဉ်ဘဝ အတွေ့အကြုံထဲမှာ ခံစားနေရတဲ့ စိတ်မသက်သာစရာတွေကို သက်သာအောင် လုပ်ပေးဖို့လည်း လိုအပ်ပါသေးတယ်။

ဒီနေ့ ကမ္ဘာကြီးမှာ လူများစွာဟာ ကြောက်ရွံ့ထိတ်လန့်မှုဒဏ်၊ စိတ်ယောက်ယက်ခတ်မှုဒဏ်၊ စိတ်လုံခြုံမှု မရှိတဲ့ဒဏ်တွေကို ခံစားနေကြရတယ်။ ဒါပေမဲ့ ဒါတွေကို သိပ္ပံပညာက သက်သာပျောက်ကင်းသွားအောင် မစွမ်းဆောင်ပေးနိုင်ဘူး။ သိပ္ပံပညာက သာမန်လူတစ်ယောက်ကို သူ့စိတ်ကို သူ အစိုးရအောင် ထိန်းသိမ်းတဲ့ နည်းကို သင်မပေးနိုင်ဘူး။ **သူ့ရင်ထဲမှာ လောင်နေတဲ့ ကိလေသာမီးကြောင့် သူ့ကိုယ်မှာ တိရစ္ဆာန် သဘာဝတွေ ပေါ်လာရင် သိပ္ပံပညာက ဒီလူ စိတ်အေးချမ်းတည်ငြိမ်သွားအောင် လုပ်မပေးနိုင်ဘူး။**

သိပ္ပံပညာသည် လူသားအား သူတော်ကောင်း ဖြစ်အောင် လုပ်ပေးနိုင်သလား။ တကယ်လို့သာ သိပ္ပံပညာက လူသားကို သူတော်ကောင်း ဖြစ်အောင် လုပ်ပေးနိုင်ပါလျှင် ဘာကြောင့် သိပ္ပံနှင့် စက်မှုနည်းပညာတွေ တိုးတက်ဖွံ့ဖြိုး

နေတဲ့ လူ့အဖွဲ့အစည်း၊ တိုင်းနိုင်ငံတွေထဲမှာ ကိုယ်ကျင့်တရား မရှိတဲ့ အပြုအမူတွေ၊ လက်နက်အားကိုး အကြမ်းဖက် လုပ်ရပ်တွေ၊ ဇရပ္ပ ဖြစ်ပေါ် နေကြရပါသလဲ။ အပေါ်ယံ ဗဟိဒ္ဓအားဖြင့် လူသားအကျိုးအတွက် သိပ္ပံ ပညာ၏ စွမ်းဆောင်အောင်မြင်မှုတွေ၊ အကျိုးပြုမှုတွေ ရှိခဲ့ပါသော်လည်း သိပ္ပံပညာသည် လူသားရဲ့ အဇ္ဈတ္တသန္တာန်စိတ်ဓာတ်ကို အခြေခံအားဖြင့် ပြောင်းလဲအောင်တော့ မတတ်နိုင်ခဲ့ပါဘူးဟုဆိုလျှင် ဆိုသင့်မည် ထင်ပါတယ်။ သိပ္ပံပညာ လုပ်ပေးနိုင်တာက လူကို ပိုပြီး အမှီအခို အားကိုးစိတ် များအောင် ရယ်၊ မပြည့်စုံဘူးဆိုတဲ့ ခံစားချက်တွေ ပိုများလာအောင်ပဲ လုပ်ပေးနိုင်ခဲ့တာပါ။ သိပ္ပံပညာက လူသားရဲ့ ဘဝမှာ မလုံခြုံမှုတွေ ပိုများအောင် လုပ်ခဲ့ရုံသာမက လူသားတို့ရဲ့ ကမ္ဘာကြီး တစ်ခုလုံးကို လုံးဝဥဿုံ ဖျက်ဆီးပစ်နိုင်တဲ့ ခြိမ်း ခြောက်မှုများကြောင့် မလုံခြုံတဲ့ ခံစားမှုတွေ ပိုများလာအောင်ပဲ လုပ်ခဲ့နိုင်တာပါ။

သိပ္ပံပညာဟာ လူ့ဘဝအတွက် အဓိပ္ပာယ်ရှိတဲ့ ဘဝရည်မှန်းချက်၊ ဘဝပန်းတိုင်ကိုလည်း မပေးနိုင်ဘူး။ ပြီးတော့ လူ့ဘဝမှာ ဘာကြောင့် အသက်ရှင်နေရတာလဲဆိုတဲ့ မေးခွန်းအတွက်လည်း ရှင်းလင်းတဲ့ အဖြေကို မပေးနိုင်ဘူး။ သိပ္ပံပညာသည် သဘာဝအားဖြင့် လောကီရေး သက်သက် သဘောကိုပဲ ဆောင်တယ်။ လူသားရဲ့ မှန်မြတ်တဲ့ အရိယာပန်းတိုင်နဲ့ မသက် ဆိုင်ဘူး။ ရုပ်ဝါဒဟာ သိပ္ပံအတွေးအခေါ်ထဲက ပေါက်ပွားလာတာ ဖြစ်တယ်။ ဒါကြောင့် လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဘဝပန်းတိုင်ဟာ ရုပ်ပိုင်းဆိုင်ရာ ကျေနပ် နှစ်သိမ့်မှုရတာထက် အများကြီး ပိုမို မြင့်မားတယ်ဆိုတာကို ငြင်းပယ်ခဲ့တယ်။

သိပ္ပံပညာရဲ့ ရွေးချယ်ပြီး ပြုလုပ်တဲ့ သဘောအယူအဆတွေနှင့် သမုတိသစ္စာသဘောကြောင့် သိပ္ပံပညာသည် အလွန်အနှစ်သာရရှိတဲ့ အကြောင်း ကိစ္စတွေနှင့် ပြဿနာများစွာကို အဖြေမပေးဘဲ ချန်ထားတယ်။ ဥပမာ ပြရရင် လူတွေကြားထဲမှာ ဘာဖြစ်လို့ မညီမျှမှုတွေ ဒီလောက် များနေရတာလဲလို့ မေးတဲ့အခါ ဘယ်သိပ္ပံနည်းကျ အဖြေကိုမှ ဒီလို မေးခွန်းမျိုးအတွက် မပေးနိုင် ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမေးခွန်းတွေက သိပ္ပံပညာရဲ့ ကျဉ်းမြောင်းတဲ့ နယ်ကို ကျော်လွန်နေလို့ပဲ ဖြစ်တယ်။

## ပညာရှိ မသိတဲ့ အဝိဇ္ဇာ

မြတ်ဗုဒ္ဓရဲ့ ဖွံ့ဖြိုးအောင် ပွားများထားတဲ့ လောကုတ္တရာဉာဏ်ဟာ အာရုံကို အခြေခံတဲ့ အသိဉာဏ်နဲ့ ယုတ္တိဗေဒ ထောင်ချောက်ထဲက စိန္တာမယ ဉာဏ်ကို ကျော်လွန်ထွက်သွားပြီး ပညတ်နယ်၊ သမုတိသစ္စာနယ်ရဲ့ အကန့်အသတ်များ ဟိုဘက်ထိ ပေါက်ရောက်ပါတယ်။ တစ်နည်းအားဖြင့် လူသားရဲ့ အသိဉာဏ်သည် စုဆောင်းသိုလှောင်ထားတဲ့ ယင်းအချက်အလက်တွေအပေါ်မှာ အခြေခံပြီးမှ ဆောင်ရွက်နိုင်တယ်။ အလုပ်လုပ်နိုင်တာ ဖြစ်တယ်။ ဘာသာရေးနယ်မှာဖြစ်ဖြစ်၊ ဒဿနပညာနယ်မှာဖြစ်ဖြစ်၊ သိပ္ပံပညာနယ်၊ အနုပညာနယ်မှာဖြစ်ဖြစ် ဒီအတိုင်းပါပဲ။

အာရုံဒွါရတွေက တစ်ဆင့် စိတ်အတွက် သတင်းအချက်အလက်တွေကို စုဆောင်းရတာ ဖြစ်တယ်။ ဒီသတင်းအချက်အလက်တွေဟာ နည်းပေါင်းစုံအရ သိမ်နုပ်ပါတယ်။ ဒီလို အလွန် အကန့်အသတ်များတဲ့ အာရုံသိက ရတဲ့ သတင်းအချက်အလက်တွေဟာ လောကကို ကျွန်ုပ်တို့ရဲ့ နားလည်ပုံကို လွဲချော်သွားအောင် ပြုနိုင်ပါတယ်။

လူတချို့က သူတို့မှာ ဗဟုသုတ များတယ်ဆိုပြီး ဝါကြွားနေတတ်ကြတယ်။ စင်စစ်တော့ ကျွန်ုပ်တို့အနေနဲ့ သိတာ နည်းလေလေ၊ ကျွန်ုပ်တို့ရဲ့ ရှင်းလင်းတင်ပြချက်တွေဟာ သေချာပေါက် မှန်ဖို့ များလေလေပဲ ဖြစ်တယ်။ ပိုပြီး သိလေလေ ကျွန်ုပ်တို့ရဲ့ အကန့်အသတ်ရှိမှု၊ ချွတ်ယွင်းမှုတွေကို ပိုပြီး သိလေလေပဲ ဖြစ်တယ်။

အလွန်ဉာဏ်ထက်တဲ့ ပညာရှင်တစ်ယောက်က တစ်ချိန်က စာတစ်အုပ် ရေးခဲ့တယ်။ ဒီစာအုပ်ဟာ သူ့စိတ်အထင်မှာတော့ အကြွင်းမဲ့ မှန်တဲ့စာအုပ်လို့ ထင်ထားတယ်။ သူ့စာအုပ်ထဲမှာ စာပေနှင့် ဒဿနပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအားလုံးအတွက် အစပျိုးထားတာတွေ ပါတယ်လို့ အောက်မေ့တယ်။ သူ့စွမ်းဆောင်မှုကို ဂုဏ်ယူဝင့်ကြွားပြီး သူ့ရဲ့ အထူးကောင်းမွန်လှတဲ့ စာအုပ်ကို သူ့လို ပညာဉာဏ်၊ ပညာ ထက်မြက်လှတဲ့ လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်တွေကို ပြတယ်။ သူ့စာအုပ်အပေါ် သုံးသပ်ပေးပါလို့လည်း တောင်းပန်တယ်။ ဒီအခါ သူပြောသလို လုပ်ပေးရမည့်အစား လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်က စာရွက်

တစ်ရွက်အပေါ်မှာ သူသိတာတွေအားလုံးနဲ့ မသိတာတွေအားလုံးကို ရေးချခိုင်းတယ်။ စာရေးသူပုဂ္ဂိုလ်ဟာ ဒီအခါမှ ထိုင်စဉ်းစားတယ်။ အတန်ကြာလာတော့ သူသိတာတွေကို ရေးချလို့တောင် မရတော့ဘူး။ ဒီအခါကျတော့ သူက သူ့စိတ်ကို ဒုတိယမေးခွန်းဘက်ကို ပြောင်းလိုက်တယ်။ သူ မသိတာတွေကို ရေးချဖို့ပေါ့။ အဲဒီအခါကျတော့လည်း သူမသိတာကို ရေးချလို့ မရပြန်ဘူး။ နောက်ဆုံးကျမှ သူလည်း အတ္တမာန် ကျသွားပြီး လက်လျှော့လိုက်တယ်။ အဲဒီအချိန်မှာ သူ နားလည်လိုက်တာက သူသိတယ် ထင်ခဲ့တာတွေဟာ အဝိဇ္ဇာဆိုတဲ့ မသိမှုပါကလား ဆိုတာ။

ဒီကိစ္စမှာ ရှေးခေတ်က အေသင်မြို့ နိုင်ငံမှာ ပေါ်ထွန်းခဲ့တဲ့ ပညာရှိ ဒဿနိကဗေဒဆရာကြီး ဆော့ခရတ္တိကို လူတွေက သူသိသမျှကို ပြောပါလို့ မေးကြတော့ သူက "ငါ တစ်ခုပဲ သိတယ်။ အဲဒါက ငါ ဘာမှ မသိသေးဘူး ဆိုတာပဲ" လို့ ဖြေခဲ့တယ်။

"I know only one thing- that I don't know"

* * *

## သိပ္ပံပညာကို လွန်၍

ဗုဒ္ဓဘာသာသည် အသိပညာနယ်နှင့် စပ်လျဉ်း၍ ခေတ်သစ် သိပ္ပံပညာရှင်များ လက်ခံထားသော အသိပညာနယ်ထဲ ပိုမိုကျယ်ဝန်းသော အသိပညာနယ်ကို လက်ခံရာတွင် သိပ္ပံပညာကို ကျော်လွန်သွားတယ်။ ဗုဒ္ဓဘာသာသည် အာရုံဒွါရများကတစ်ဆင့်ရသော အတွေ့အကြုံ သိသဘောကိုလည်း လက်ခံသည့်ပြင် စိတ်ကို ဘာဝနာပွားများခြင်းဖြင့် ပျိုးထောင်ယူ၍ ရအပ်သော ကိုယ်တိုင် ခံစားပြီး ထိုးထွင်းသိမြင်သော ပဋိဝေဓဉာဏ်ဖြင့် ရသော အသိပညာကိုလည်း လက်ခံတယ်။ စိတ်ကို အဆင့်မြင့် သမာဓိ၌ တည်အောင် လေ့ကျင့်ပျိုးထောင်ခြင်းအားဖြင့် ဘာသာရေး အတွေ့အကြုံများကို ကိုယ်တိုင် ထိတွေ့ခံစားလာရကာ ကိုယ်တိုင် စိစစ်၍လည်း ရတယ်။ ဘာသာရေး အတွေ့အကြုံသည် စမ်းသပ်ခန်းထဲမှာ စမ်းသပ်ပွဲနှင့် စမ်းသပ်၍ရသော အတွေ့အကြုံမျိုးလည်း မဟုတ်။ အဏုကြည့် မှန်ဘီလူး (မိုက်ကရိုစကုပ်) နှင့် ကြည့်ပြီး စိစစ်လို့ရတဲ့ အတွေ့အကြုံမျိုးလည်း မဟုတ်ပါ။

သိပ္ပံပညာက ရှာလို့ တွေ့တဲ့သစ္စာ ဆိုတာက သမုတိသစ္စာပါ။ ဒီသစ္စာက အနိစ္စသဘောပဲ ရှိတယ်။ တစ်ချိန်လုံး ပြောင်းလဲနေတဲ့ သဘောရှိတယ်။ မြတ်ဗုဒ္ဓ ရှာလို့တွေ့တဲ့ သစ္စာက ပရမတ္ထသစ္စာ ဖြစ်တယ်။ အရိယာသစ္စာလို့လည်း ခေါ်တယ်။ အရိယာသစ္စာ (သစ္စာဓမ္မ) က မပြောင်းလဲဘူး။ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် မှန်ကို မှန်တယ်။

ထို့အပြင် ရွေးပြီး သဘောတရားကို စိတ်ကူးထုတ်တဲ့ သိပ္ပံပညာနှင့် နှိုင်းယှဉ်လိုက်ရင် မြတ်ဗုဒ္ဓက ပညာရှိများအနေနဲ့ သဘောတရား သီဝရီတွေကို စွဲလမ်းခြင်း မပြုဖို့ကို အားပေးတယ်။ သိပ္ပံပညာပဲ ဖြစ်ဖြစ်၊ ဘာပညာပဲဖြစ်ဖြစ် သဘောတရားဟာ မှန်လှပြီ၊ ဟုတ်လှပြီလို့ စွဲမထားရဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားကတော့ သဘောတရား သီဝရီတွေကို ထုတ်ဖော်နေဖို့ထက် အရိယာသစ္စာ၊ ပရမတ္ထသစ္စာဉာဏ်ကို ရဖို့မှာ ရိုးသားဖြောင့်မတ်စွာ ဓမ္မနှင့်အညီနေတဲ့ ဘဝနေနည်းအတိုင်း နေတတ်ဖို့က ပိုပြီးအရေးကြီးကြောင်းကို သင်ကြားပေးတော်မူတယ်။ ဝတ္ထုအာရုံ ကာမဂုဏ်တရားတွေအပေါ် ငြိမ်သက်တဲ့စိတ်နှလုံးထားနှင့် တဏှာကို ပယ်သတ်ပြီးနေတဲ့ ဖြောင့်မတ်မှန်ကန်သော ဘဝနေနည်းကသာလျှင် မိမိတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာရှိတဲ့ လိုရင်းရည်မှန်းချက်ကို ရှာလို့ တွေ့နိုင်တယ်။

ဗုဒ္ဓဘာသာမှာ သဘောတရားထက် လက်တွေ့သဘောက ပိုပြီး အရေးပါတယ်။ လူတစ်ယောက်ဟာ သဘောတရားတွေကို အများကြီး လေ့လာပြီး လက်တွေ့ကျတော့ ဘာမှ မလုပ်ဘူးဆိုရင် ဒီလူဟာ ချက်နည်းပြုတ်နည်း စာအုပ်ထဲက နည်းတွေကို ရွတ်ဖတ်နေပြီး စားစရာ ဟင်းတစ်ခွက်ကိုတောင် ကိုယ်ထိလက်ရောက် မချက်တတ်တဲ့လူနှင့် တူနေမှာပါ။ သူ့ဗိုက်ထဲက ဆာလောင်မွတ်သိပ်နေတာကို ဟင်းချက်နည်း စာအုပ်ကို ဖတ်ပြီး ဟင်းချက်နည်းမျိုးစုံကို သိနေရုံနဲ့တော့ ပြေပျောက်သွားအောင် လုပ်နိုင်မှာ မဟုတ်ပါ။ လက်တွေ့ကသာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရေးမှာ မရှိမဖြစ် လိုအပ်တဲ့အချက်ဖြစ်တယ်။ တချို့ ဗုဒ္ဓဘာသာဂိုဏ်းတွေ၊ ဥပမာ–ဇျင်ဗုဒ္ဓဘာသာမှာ ဆိုရင် လက်တွေ့ကို သဘောတရားထက်အရင် ရှေ့က ထားတယ်။

သိပ္ပံနည်းဆိုတာက ဗဟိဒ္ဓကိုပဲ ပဓာနထားတယ်။ ခေတ်သစ် သိပ္ပံပညာရှင်တွေဟာ သဘာဝတရားနှင့် ဓာတ်သဘာဝတွေကို မိမိတို့ရဲ့ ဘဝ

သက်သောင့်သက်သာ နေပျော်ဖွယ်ဖြစ်အောင် လုပ်ရာမှာ အသုံးချဖို့လောက်ပဲ အာရုံထားကြတယ်။ တစ်ခါတလေကျတော့ ပတ်ဝန်းကျင် လေထု ညစ်ညမ်းချင် ညစ်ညမ်းပါစေ အရေးမစိုက်ဘူး။ ပတ်ဝန်းကျင် အဆင်ပြေမှုထက် မိမိတို့ အကျိုးအမြတ် ရှိဖို့လောက်ပဲ ကြည့်ပြီး လုပ်တတ်ကြတယ်။ ဗုဒ္ဓဘာသာကတော့ အတွင်းအဇ္ဈတ္တကို ဦးတည်ချက် ထားတယ်။ လူသားရဲ့ အဇ္ဈတ္တ တိုးတက်ဖွံ့ဖြိုးရေးကို ပဓာနထားတယ်။ နိမ့်ကျတဲ့အဆင့်မှာ ဗုဒ္ဓဘာသာက လူသားအနေနဲ့ မိမိတို့ရဲ့ ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျ သဟဇာတဖြစ်အောင် ဘယ်လို နေ့စဉ်ဘဝမှာ နေသင့်တယ်ဆိုတာကို သင်ကြားပေးတယ်။ ပိုပြီး မြင့်မားတဲ့အဆင့်ကျတော့ လူသားကို မိမိရဲ့ ပုထုဇဉ်သဘာဝကို ကျော်လွန်ပြီး စိတ်ကို ဘာဝနာနည်းဖြင့် လေ့ကျင့်ပျိုးထောင်ပြီး အရိယာဉာဏ်အဆင့်ကို ဘယ်လိုတက်လှမ်းရမယ်ဆိုတာကို ပြတယ်။

ဗုဒ္ဓဘာသာဟာ စိတ်ကို လေ့ကျင့်ပျိုးထောင်ရာမှာ ပြည့်စုံတဲ့ နည်းစနစ်ဖြစ်တယ်။ ဒီနည်းဟာ အရိယာသစ္စာဉာဏ်ရဲ့အဆုံး နိဗ္ဗာန်ကို ကိုယ်တိုင် သိမြင် မျက်မှောက်ပြုနိုင်တဲ့အထိ ပို့ဆောင်ပေးနိုင်တယ်။ ဒီစနစ်ဟာ လက်တွေ့လည်း ကျတယ်။ သိပ္ပံနည်းလည်း ကျတယ်။ ဝေဒနာတွေ၊ စေတသိက်တွေကို တဏှာမပါဘဲနှင့် ရှုပွားတဲ့နည်းလည်း ပါတယ်။ သိပ္ပံပညာရှင်ထက် တရားသူကြီးနှင့် ပိုပြီးတူတယ်။ ယောဂီ (ဝါ) တရားအားထုတ်သူဟာ သူ့ရဲ့ အဇ္ဈတ္တလောကကို သတိပဋ္ဌာန်နည်းနဲ့ ရှုမှတ်ပွားများတာ ဖြစ်တယ်။

* * *

## ဘာသာရေး မပါတဲ့ သိပ္ပံပညာ

ကိုယ်ကျင့်သီလ မပါတဲ့ သိပ္ပံပညာဟာ လူ့ဘဝတစ်ခုလုံးကို အကျိုးမပြုဘဲ အန္တရာယ်ကိုသာ ကျရောက်စေမှာ ဖြစ်ပါတယ်။ သိပ္ပံပညာက စက်မှုဘဝကို ထူထောင်ပေးခဲ့ပါတယ်။ ဒီစက်မှုဘဝက ရှင်ဘုရင်ဖြစ်လာတယ်။ ကျည်ဆန်တွေ၊ ဗုံးတွေဟာလည်း သိပ္ပံပညာက ပေးတဲ့ လက်ဆောင်ပစ္စည်းတွေပါပဲ။ ဒီလက်နက်တွေကို သိပ္ပံပညာက လူအနည်းငယ်ရဲ့လက်ကို ဆုလာဘ်သဖွယ် ပေးခဲ့တယ်။ ခုကျတော့ တစ်ကမ္ဘာလုံးက လူသားများရဲ့ ကြမ္မာဟာ ဒီလက်နက်ရှိတဲ့ လူတစ်စုရဲ့ လက်ထဲ ရောက်သွားတယ်။ ကျား

သနားမှ နွားချမ်းသာကိန်း ဆိုက်ရောက်သွားတယ်။ ချကျတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတစ်ရပ်လုံး ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်းတွေကို ခံစားနေရပြီ ဖြစ်တယ်။ သိပ္ပံပညာက သုတေသန ပြုလုပ်ပြီး ဖန်တီးပေးခဲ့တဲ့ အဏုမြူ လက်နက်တွေ၊ အဆိပ်မာတ်ငွေ့တွေ၊ ပိုးမွှား လူသတ်လက်နက်တွေကို အသုံးပြုပြီး ဘယ်အချိန် ကမ္ဘာကြီး ပျက်စီးတော့မှာလဲ ဆိုတာ မသိဘဲ ဖြစ်နေကြရတယ်။ သိပ္ပံပညာဟာ လူသားများကို အကျင့်သီလကောင်းမွန်လာအောင် လမ်းညွှန်မှုပေးဖို့ လုံးဝ မတတ်နိုင်ရှာသာမက လူသားများရဲ့ တဏှာ၊ လောဘ၊ ကိလေသာ မီးတွေ တောက်လောင်ဖို့အတွက် လောင်စာတွေကိုတော့ အမြောက်အမြား ပေးနိုင်တယ်။

အကျင့်သီလ မပါတဲ့ သိပ္ပံပညာဟာ အကျိုးပြုဖို့ထက် ဖျက်ဆီးဖို့ အန္တရာယ်က များတယ်။ လူသားတွေ ရှာဖွေဖော်ထုတ်ခဲ့ကြတဲ့ သိပ္ပံပညာဟာ မိစ္ဆာကောင်ကြီး ဖြစ်လာနေတယ်။ ကံဆိုးချင်တော့ ကြောက်မက်ဖွယ် ဒီမိစ္ဆာကောင်ကြီးဟာ ခုကျတော့ လူထက်တောင် တန်ခိုးကြီးထွားလာနေပါပြီ။ ဒီကြောက်စရာ မိစ္ဆာကောင်ကြီးကို လူတွေက ဘယ်လို ထိန်းချုပ်မလဲ ဆိုတဲ့ နည်းလမ်းကို ဘာသာရေး ကိုယ်ကျင့်တရားနှင့်မှ မရှာဘဲ ဒီအတိုင်း ထားကြရင်တော့ ဒီအကောင်ကြီးက လူတွေကို နိုင့်ထက်ကလူ ပြုမူပြီး ဖျက်ဆီးတော့မယ်။ ဘာသာရေးနဲ့ လမ်းညွှန်မှု မပါရင်တော့ သိပ္ပံပညာသည် လောကကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်ဖို့အထိ ခြိမ်းခြောက်လာတော့မှာပဲ။ သိပ္ပံပညာကို တစ်နည်းတစ်ဖုံအားဖြင့် ဗုဒ္ဓဘာသာလို ဘာသာရေး ကိုယ်ကျင့်သီလ သဘောတွေနဲ့ ပေါင်းစပ်နိုင်မယ်ဆိုရင်တော့ ဒီသိပ္ပံပညာဟာ လူ့လောကကြီးကို နတ်ဘုံနတ်နန်းကြီးအဖြစ် ပြောင်းလဲသွားလောက်အောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအခါကျမှ လောကကြီးတစ်ခုလုံး လုံခြုံငြိမ်းချမ်းပြီး ဝမ်းပန်းတသာ ပျော်ရွှင်ခြင်း သုခတွေကို အပြည့်အဝ ခံစားကြရမှာ ဖြစ်ပါတယ်။

ယခုအချိန်ကာလလောက် သိပ္ပံပညာကို ဘာသာရေးဆိုင်ရာ ကိုယ်ကျင့်သီလနှင့် ပေါင်းစပ်ပေးဖို့ လိုအပ်တဲ့အချိန်ဟာ တစ်ခါတုန်းကမျှ မရှိခဲ့သေးပါ။ သိပ္ပံပညာ မပါတဲ့ ဘာသာရေးဟာလည်း အကျိုးပါ။ ဘာသာရေး မပါတဲ့ သိပ္ပံပညာဟာလည်း အကန်းပဲ ဖြစ်တယ်။

## ဗုဒ္ဓဘာသာကို ထိုက်သင့်ရာ ချီးမွမ်းခြင်း

ဉာဏ်ပညာသဘောကို ကရုဏာ၊ မေတ္တာအပေါ်မှာ အခြေပြုထားတဲ့ ဗုဒ္ဓဘာသာဟာ ခေတ်သစ် သိပ္ပံပညာရဲ့ အန္တရာယ်များတဲ့ ကံကြမ္မာသို့ ရှေးရှုဦးတည်နေခြင်းကို မှန်အောင် ပြင်ဆင်ပေးဖို့အတွက် ပဓာန အခန်းက ပါဝင်နိုင်ပါတယ်။ သိပ္ပံပညာရဲ့ သုတေသနများကို ဗုဒ္ဓဘာသာက ဘာသာရေး၊ ကိုယ်ကျင့်တရားရေးဆိုင်ရာ လမ်းညွှန်မှု ခေါင်းဆောင်မှုကို ပေးနိုင်တယ်။ ဒီနည်းနဲ့ သိပ္ပံသုတေသနတွေဟာ လူသားများအတွက် တောက်ပတဲ့ အနာဂတ် ယဉ်ကျေးမှုကို မြှင့်တင်ပေးနိုင်တယ်။

ဗုဒ္ဓဘာသာက မျက်မှောက်ကာလမှာ မျှော်လင့်ချက် ကင်းပြီး တီထွင်မှုရဲ့ ကျေးကျွန်ဖြစ်အောင် လမ်းပိတ်နေတဲ့ သိပ္ပံ တိုးတက်မှုတွေကို တန်ဖိုးရှိတဲ့ ဘဝပန်းတိုင်တွေ ရှာပေးနိုင်ပါတယ်။

အဲလဗတ်အိုင်စတိုင်းက ဗုဒ္ဓဘာသာကို ထိုက်သင့်တဲ့ ချီးမွမ်းခန်း ထုတ်ခဲ့ဖူးပါတယ်။ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိစာထဲမှာ ဖော်ပြထားတာက *"ခေတ်သိပ္ပံပညာရဲ့ လိုအပ်ချက်တွေနဲ့ အပြိုင်လိုက်နိုင်တဲ့ ဘာသာတရား ရှိတယ်ဆိုရင်၊ အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်တယ်"* လို့ ဆိုခဲ့ပါတယ်။

"If there is any religion that would cope with modern scientific needs, it would be Buddhism"

ဗုဒ္ဓဘာသာတရားကို ခေတ်မီအောင် လုပ်ဖို့အတွက် သိပ္ပံပညာရဲ့ မကြာမီက တွေ့ရှိချက်တွေနှင့် ဘာမှ ပြန်လည်သုံးသပ်နေစရာ မလိုဘူး။ သိပ္ပံပညာနဲ့ လိုက်ဖက်အောင်ဆိုပြီး ဗုဒ္ဓဘာသာက လက်ခံထားတဲ့ တရားတွေကို ဘာတစ်ခုမှ ပစ်ပယ်စရာ မလိုဘူး။ ဗုဒ္ဓဘာသာဟာ သိပ္ပံပညာနဲ့ ရင်ပေါင်တန်းလိုက်နိုင်ရုံသာမက သိပ္ပံပညာထက်တောင်မှ ရှေ့ကို ရောက်နေပါသေးတယ်။ ဘာသာရေးနဲ့ သိပ္ပံပညာ အတွေးအခေါ်ကြားမှာ ဗုဒ္ဓဘာသာက ပေါင်းကူးတံတား ဖြစ်နေတယ်။ ဗုဒ္ဓဘာသာက လူသားတွေကို မိမိတို့ရဲ့ အဇ္ဈတ္တ သန္တာန်မှာရှိတဲ့ ငုပ်နေတဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းတွေကို ရှာဖွေ ဖော်ထုတ်ကြဖို့ကို အားပေးပါတယ်။ ပတ်ဝန်းကျင်လောကထဲမှာ ငုပ်နေတဲ့ စွမ်းအင်သတ္တိတွေကိုလည်း ဖော်ထုတ်ဖို့ကို အားပေးပါတယ်။ *ဗုဒ္ဓဘာသာဟာ ကာလဝိမုတ္တိ တရားပါ။* ***Buddhism is timeless.***

## လွတ်လပ်တဲ့ဘာသာ

ဒါဟာ လွတ်လပ်တဲ့ ဘာသာပါ။ လူသားကို မွန်မြတ်သန့်စင်တဲ့ဘဝကို ရေးရှု ရောက်ရှိစေနိုင်တဲ့ အကြောင်းတရားလည်း ဖြစ်တယ်။

ဗုဒ္ဓဘာသာက ဘယ်သူ့ကိုမှ တခြားဘာသာတွေမှာ ဟောကြားထားတဲ့ တရားတွေကို မလေ့လာရဘူးလို့ မတားဆီးပါ။ မတားရုံမျှမက မြတ်ဗုဒ္ဓက တခြားဘာသာတွေရဲ့ သင်ကြားချက်တွေ ဒေသနာတွေကို လေ့လာပြီး သူ့ဘာသာမှာ ဟောကြားထားတဲ့ တရားတွေနဲ့ နှိုင်းယှဉ် လေ့လာပါလို့တောင်အားပေးပါသေးတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက တခြား ဘာသာကျမ်းဂန် စာပေထဲမှာ ယုတ္တိရှိတဲ့ တရားတွေ၊ ပညာပါတဲ့ သင်ကြားချက်တွေပါလို့ရှိရင် အဲဒီတရားတွေကို ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ လွတ်လပ်စွာ လေ့လာဆည်းပူးနိုင်တယ်လို့ ဟောတော်မူပါတယ်။ အဲဒီ ဒေသနာတွေကို လေးစားသမှုပြုဖို့မှာလည်း လွတ်လွတ်လပ်လပ် ပြုခွင့်ပေးထားပါတယ်။ တချို့ ဘာသာရေးဆရာကြီးတွေက သူတို့ဘာသာဝင်တွေကို မှောင်ထဲမှာ ချောင်ပိတ်ထားလိုကြတာများလည်း ရှိတယ်။ တချို့ဘာသာများဆိုရင် တခြားဘာသာဝင်တွေနဲ့ အတို့အထိတောင် မလုပ်ရဘူး။ တခြားဘာသာရဲ့ ကျမ်းဂန်တွေကိုလည်း မလေ့လာရဘူးလို့ တားဆီးပိတ်ပင်ထားတယ်။

ပိုဆိုးတာက သူတို့ဘာသာထဲမှာပါတဲ့ တရားတွေဟာ ဘယ်လောက်ပဲ ဘဝင်မကျစရာတွေ သံသယဖြစ်စရာတွေ ဖြစ်နေပါစေ။ သူတို့ဘာသာက ဟောထားတဲ့ တရားကိုပဲ နားထောင်ရမယ်။ လုံးဝ သံသယစိတ်မထားရဘူးလို့ပဲ သွန်သင်တယ်။ သူတို့က သူတို့နောက်လိုက်တွေကို တစ်လမ်းသွားစိတ်မွေးခိုင်းနိုင်လေလေ ဒီနောက်လိုက် ဘာသာဝင်တွေကို ထိန်းချုပ်ထားနိုင်ဖို့ လွယ်ကူလေလေပဲ ဖြစ်တယ်။ တကယ်လို့ တစ်ယောက်က လွတ်လပ်စွာ တွေးခေါ်ခွင့်ကို ကျင့်သုံးလာလို့ရှိရင်၊ သူဟာ တစ်ချိန်လုံး အမှောင်ထုထဲ ရောက်နေတာပါကလားလို့ သိနားလည်လာလို့ရှိရင် ဒါဟာ မိစ္ဆာကောင်က သူ့စိတ်ကိုဝင်ပြီး နှောင့်ယှက်ဖျက်ဆီးတာပဲလို့ စွပ်စွဲခံရတော့တာပဲ။ သနားစရာ လူသားဟာ သူ့ရဲ့ ပင်ကိုစိတ်ကိုရော၊ သင်ထားတဲ့ ပညာတွေကိုရော၊ ပင်ကို

ဉာဏ်တွေကိုရော သုံးခွင့်မရအောင် လုပ်ထားတယ်။ တချို့လူတွေက ဘာသာရေးနဲ့ပတ်သက်တဲ့ သူတို့ရဲ့အမြင်တွေကို ပြောင်းလဲချင်လာပြီဆိုရင်လည်း သူတို့ကို မိမိရဲ့ လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်တတ်တဲ့ ဉာဏ်ကို သုံးရလောက်အောင် ပါရမီဓာတ်ခံ မရင့်ကျက်သေးဘူးဆိုပြီး ပြောကြပြန်တယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကတော့ ဘာသာရေးဟာ လူတစ်ယောက်ရဲ့ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်အပေါ်မှာ တည်ရှိစေရမယ်လို့ သဘောထားတော်မူတယ်။ ဘာသာရေးဟာ အစိုးရမင်းများ ချမှတ်တဲ့ဥပဒေ မဟုတ်ဘူး။ ဒါက ဉာဏ်ပညာနဲ့ တိုင်းထွာပြီးမှ လက်ခံနိုင်တဲ့ ကိုယ်ကျင့်သီလ စည်းကမ်းနည်းလမ်းတွေပဲဖြစ်တယ်လို့ ယူဆတော်မူတယ်။

ဗုဒ္ဓဘာသာဝင်များအတွက်မှာတော့ ဘာသာရေး မူဝါဒသဘောထားတွေ စည်းမျဉ်းစည်းကမ်းတွေဟာ ထာဝရဘုရားဆီက ကျလာတဲ့ ကောင်းကင်ကျတရားတွေလည်း မဟုတ်၊ လူတွေ လုပ်ထားတဲ့ တရားဥပဒေတွေလည်း မဟုတ်ကြဘူး။ ဒါက သဘာဝဥပဒေသတွေ လောကဓမ္မတရားတွေပဲဖြစ်တယ်။

အမှန်မှာ ဒီနေ့ ကမ္ဘာပေါ်က ဘယ်အစိတ်အပိုင်းမှာမှ စစ်မှန်တဲ့ဘာသာရေး လွတ်လပ်ခွင့်ဆိုတာ မရှိပါဘူး။ လူမှာ လွတ်လပ်စွာ တွေးခေါ်နိုင်ခွင့်တောင်မှ မရှိဘူး။ လူတစ်ယောက်ဟာ သူ ကိုးကွယ်နေတဲ့ ဘာသာအပေါ် စိတ်တိုင်းမကျတော့ဘူး။ သူသိချင်တဲ့ ပြဿနာတွေအတွက် ကျေနပ်ဖွယ်ဖြေရှင်းချက်တွေကိုလည်း အဲဒီဘာသာက မပေးနိုင်လို့ ဒီဘာသာကို သူက မနှစ်သက်တော့တဲ့အတွက် အခြားဘာသာတစ်ခုခုကို ကူးပြောင်းပြီး ကိုးကွယ်ချင်ရင်တောင်မှ သူ့မှာ လက်ရှိဘာသာကို လွတ်လွတ်လပ်လပ် စွန့်ပယ်နိုင်တဲ့အခွင့်အရေး တခြားဘာသာကို လွတ်လွတ်လပ်လပ် ကိုးကွယ်ချင်လို့ ကိုးကွယ်နိုင်တဲ့အခွင့်အရေးမျိုး မရှိပါဘူး။ အကြောင်းကတော့ ဒီအခွင့်အရေးကို ဘာသာရေးဆရာတွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ ဆွေမျိုးအသိုင်းအဝိုင်း၊ မိသားစုအသိုင်းအဝိုင်းက သူ့ဆီက ယူထားလို့ပဲ ဖြစ်တယ်။ တချို့လူတွေဟာ ဘာသာတစ်ခုကို နားလည်လို့မဟုတ်ဘဲ အချစ်ရေးအတွက် စွန့်လွှတ်လက်လျှော့တာမျိုးလည်း ရှိတော့ရှိတယ်။ ဘာသာရေးကို လူသားရဲ့ အားနည်းချက်နှင့် စိတ်လှုပ်ရှားမှုကို ဖြေဖျောက်ဖို့ကိစ္စမှာ ခုတုံးမဖြစ်သင့်ပါဘူး။ ဘာသာတစ်ခုကတစ်ခုကို ပြောင်းဖို့အရေးမှာ လူတစ်ယောက်ဟာ သေသေချာချာ စုံစုံလင်လင်

စဉ်းစားဆင်ခြင်သင့်တယ်။ ဘာသာရေးဟာ ဈေးအလျှော့အတင်းလုပ်စရာ ပစ္စည်းမဟုတ်ပါ။ လူတစ်ယောက်ဟာ ကိုယ်ကိုးကွယ်နေတဲ့ ဘာသာတစ်ခုကို ကိုယ်ရေးကိုယ်တာ၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ လောကီစည်းစိမ်ချမ်းသာရေး အတွက် လွယ်လင့်တကူ မပြောင်းလဲသင့်ပါ။ ဘာသာရေးကို မိမိရဲ့ ဘာသာ ရေးစိတ်ဓာတ် မြင့်မားရေး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရေး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ ဘဝလွတ်မြောက်ရေးကိစ္စအဖြစ်ပဲ သဘောထားသင့်တယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ တခြားဘာသာဝင်တွေအပေါ်ကို လောကီ စည်းစိမ်ချမ်းသာတွေကို ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နှင့် မိမိတို့ဘာသာထဲကို ဝင်လာအောင် ဘယ်တော့မှ မလုပ်ပါဘူး။ ဆင်းရဲတာတို့၊ နာမကျန်းနေတာတို့၊ စာမတတ်တာတို့၊ မသိနားမလည်တာတို့ကို အမြတ်ထုတ် ခေါင်းပုံဖြတ်ပြီး ဗုဒ္ဓဘာသာဝင် လူဦးရေ တိုးပွားလာအောင်လည်း ဗုဒ္ဓဘာသာဝင်တွေဟာ ဘယ်တော့မှ မလုပ်ဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက သူ့ထံမှာ ဥပါသကာအဖြစ် ခံယူချင်တဲ့ အရိပ်အယောင် ပြလာတဲ့လူကို တွေ့ရင်တောင်မှ မိမိရဲ့ဒေသနာ တော်တွေကို အလျင်စလို လက်ခံခြင်း မပြုဖို့ကို ဆုံးမတော်မူတယ်။ ဒီလူတွေကို မြတ်ဗုဒ္ဓက ဂရုတစိုက် စဉ်းစားကြဖို့ အချိန်ပေးတယ်။ ပြီးမှ ဒီဘာသာကို ကိုးကွယ်လို့ လက်တွေ့ အကျိုးရှိမရှိကို ဆုံးဖြတ်ဖို့ ခိုင်းတော်မူတယ်။

ဗုဒ္ဓဘာသာက အပြင်ပန်းအားဖြင့် ပူဇော်သက္ကာရတို့၊ ဗုဒ္ဓဘာသာဝင် ပါလို့ ပါးစပ်ပြော ခံယူတာတို့ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုရေးကိစ္စမှာ လုံလောက်ခြင်းမရှိဘူးလို့ သဘောထားတယ်။ ဒီသဘောအရ ကြည့်ရင် ငါ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီလို့ ပြောရုံသက်သက်မျှဖြင့် ဘာမှအဓိပ္ပာယ် မရှိတာ ထင်ရှားတယ်။ ဗုဒ္ဓဘာသာကို အင်အား အသုံးပြုပြီး ပြန့်ပွားအောင် လုပ်တာဟာ ပါးစပ်ကတော့ တရားမျှတကြောင်း မေတ္တာထားကြောင်း ဟန်ဆောင်ပြောပြီး လက်တွေ့ကျတော့ ဖိနှိပ်တာ၊ မတရားလုပ်တာပဲဖြစ်တယ်။ ဗုဒ္ဓဘာသာဝင် အစစ်တစ်ယောက်အနေနဲ့ လူတွေက ကိုယ့်ကို ဗုဒ္ဓဘာသာဝင် လို့ ပြောတာ မပြောတာဟာ ဘာမှ အရေးကြီးတဲ့ကိစ္စမဟုတ်ပါ။

ဗုဒ္ဓဘာသာဝင်တိုင်း သိတာက ဗုဒ္ဓဘာသာ နာမည်ခံတာမဟုတ်ဘဲ သစ္စာဉာဏ်ရှိပြီး ပွားများအားထုတ်ခြင်းအားဖြင့်သာ ဘုရားဟောတဲ့ နိဗ္ဗာန်

ပန်းတိုင်ကို ရောက်နိုင်တယ်ဆိုတာပဲဖြစ်တယ်။ ဘာသာဝင်တွေတိုင်းရဲ့အထဲမှာ တစ်ယူသန် အစွန်းရောက်သူတွေ ရှိတတ်ကြတာချည်းပါ။ ဒီလို ဘာသာရေး တစ်ယူသန် အစွန်းရောက်မှုဟာ ဘေးရန်အန္တရာယ် များစေပါတယ်။ ဒီလို ဘာသာရေး အစွန်းရောက် တစ်ယူသန်သူဟာ ဆင်ခြင်ဉာဏ်ကိုလည်း မသုံးနိုင်ဘူး။ သိပ္ပံနည်းကျ လေ့လာပြီး ခွဲခြမ်းစိတ်ဖြာခြင်းကိုလည်း မပြုနိုင်ဘူး။ ဗုဒ္ဓရှင်တော့်မြတ်ရဲ့ အယူက ဗုဒ္ဓဘာသာဝင်တိုင်းဟာ လွတ်လပ်သူဖြစ်ရမယ်။ ဖွင့်ထားတဲ့ စိတ်နှလုံးရှိသူ ဖြစ်ရမယ်။ မိမိရဲ့ဘာသာရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ မိမိကိုယ်ကလွဲပြီး ဘယ်သူ့ရဲ့ အစေးအပါး၊ အလုပ်အကျွေးပြုသူမှ မဖြစ်ရဘူး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုပြီး ဘုရားကို ကိုးကွယ်တယ်ဆိုတာလည်း ကယ်တင်ခြင်းကို ခံရဖို့အတွက် မဟုတ်ဘူး။ အလွန်မွန်မြတ်တဲ့လမ်းညွှန် ဦးဆောင်မှုပြုသူ၊ ဘဝလွတ်မြောက်ရေးအတွက် အားတက်စေသူအဖြစ် ကိုးကွယ်ဆည်းကပ်ခြင်းသာဖြစ်တယ်။ ဗုဒ္ဓကို မျက်ကန်းကိုးကွယ်နည်းနဲ့ ကိုးကွယ်တာမဟုတ်ဘူး။ အသိဉာဏ် သိနားလည်မှုနှင့် ကိုးကွယ်ခြင်းသာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကယ်တင်ရှင်လည်း မဟုတ်ပါ။ လူ့အသွင်နှင့် ကောင်းကင်ဘုံ အဖဘုရားထံက ဆင်းသက်လာတဲ့ လူဝင်စားဘုရားလည်း မဟုတ်ပါ။ လူသားတွေ လုပ်ထားတဲ့ အပြစ်တွေကို ဆေးကြောသုတ်သင် သန့်စင်ပေးဖို့ ပွင့်လာသူလည်း မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓကို ဆရာတစ်ဆူအဖြစ် သဘောထားတာဖြစ်တယ်။ သူဟာ ဘဝ ဆင်းရဲခပ်သိမ်း လွတ်မြောက်ရာအမှန် နိဗ္ဗာန်လမ်းပြသူသာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဟာ လူသားများရဲ့ လွတ်လပ်ခွင့်နှင့် တိုးတက်ကြီးပွားရေးကို အမြဲအားပေးထောက်ခံပါတယ်။ ဗုဒ္ဓဘာသာသည် လူသားများရဲ့ ဘက်စုံဘဝမှာ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွတ်လပ်ရေးအတွက် အမြဲတမ်းရပ်တည်တယ်။ ခေတ်သစ်ရဲ့ သိပ္ပံပညာ တီထွင်မှုများကြောင့် ဗုဒ္ဓဘာသာထဲက နုတ်ပယ်ပစ်စရာ ဘာဆိုဘာမှမရှိပါဘူး။ သိပ္ပံပညာရှင်များက အသစ်အဆန်းတွေကို တီထွင်လေ သူတို့ဟာ ဗုဒ္ဓနှင့် ပို၍နီးစပ်လာလေပဲ ဖြစ်တယ်။

မြတ်ဗုဒ္ဓသည် လူသားများအား ဘာသာရေးရဲ့ ကျေးကျွန်များအဖြစ်က လွတ်မြောက်စေခဲ့ပါတယ်။ ရှင်တော်မြတ်ဘုရား ဗုဒ္ဓက လူသားများကို နတ်

ဆရာ၊ ဘုန်းကြီး လုပ်စားတဲ့လူတွေရဲ့ လက်ဝါးကြီးအုပ်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ အုပ်ချုပ်မှုစနစ်အောက်ကလည်း လွတ်မြောက်စေခဲ့တယ်။ ဗုဒ္ဓမြတ်စွာက ပထမဆုံးအနေနဲ့ လူသားများကို မိမိတို့ရဲ့ အသိဉာဏ် ဆင်ခြင်တုံတရားကို အသုံးပြုဖို့နှင့် စကားမပြောတတ်တဲ့ ကျွဲတွေ၊ နွားတွေလို သူများသွေးဆောင် မောင်းနှင်ရာကို ဘာသာရေး အယူသီး အစွဲသန်မှုဖြင့် သဘောလွယ်စွာ မလိုက်ပါကြဖို့ ဆုံးမတော်မူခဲ့ပါတယ်။

**ဗုဒ္ဓသည် ဆင်ခြင်တုံတရား ပဓာနဝါဒ၊ ဒီမိုကရေစီနှင့် လက်တွေ့အကျိုးပြုမှုရှိပြီး ကိုယ်ကျင့်သီလရှိတဲ့ အပြုအမူများ ဘာသာတရားထဲမှာ ပါရှိရေးအတွက် ရပ်တည်ခဲ့တဲ့ ပုဂ္ဂိုလ်ထူးဖြစ်ပါတယ်။ သူဟာ ဒီလိုသဘောတွေပါရှိတဲ့ ဘာသာတရားကို လူများက လူ့သိက္ခာနှင့်အညီ ကျင့်သုံးလိုက်နာကြဖို့ မိတ်ဆက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်မြတ် ဖြစ်တယ်။**

ဗုဒ္ဓက သူ့ရဲ့နောက်လိုက် သာဝကများကို ဘယ်ကိစ္စဖြစ်ဖြစ် သေသေချာချာ စဉ်းစားသုံးပ်ခြင်းမရှိဘဲနှင့် လက်ခံခြင်း မပြုကြဖို့ ဆုံးမတော်မူခဲ့တယ်။ ကာလာမသုတ်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားက အောက်ပါလမ်းညွှန်ချက်များကို ကာလာမလူငယ်များအတွက် ချမှတ်ပေးတော်မူခဲ့ပါတယ်။

- ဘယ်အရာကိုမျှ သတင်းစကားအပေါ် အခြေပြုပြီး မှန်ပြီဟု မယူကြလေနှင့်။
- ဘယ်အရာကိုမျှ ထုံးစံရှိသည်ဆိုပြီး မှန်သည်ဟု မယူလေနှင့်။
- ဘယ်အရာကိုမျှ ပြောသံကြားနှင့် မှန်ပြီဟု မယူလေနှင့်။
- ဘယ်အရာကိုမျှ ငါတို့ဘာသာ ကျမ်းဂန်စာပေမှာ ပါသည်ဖြစ်၍ မှန်သည်ဆိုပြီးလည်း မယူကြလေနှင့်။
- ဘယ်အရာကိုမျှ ဆင်ခြင်၍ဖြစ်ဖြစ်၊ စောဒကတက်ပြီးဖြစ်ဖြစ် မှန်ပြီဟု မယူဆနှင့်။
- မိမိဘာသာ တွေးခေါ်ဆင်ခြင်ခြင်းဖြင့်လည်း မှန်ပြီ မယူနှင့်။
- မိမိစိတ်အထင် မှန်နိုင်သည်ဆိုပြီးလည်း အမှန်မယူကြနှင့်။
- မိမိ၏ ကိုယ်ပိုင်တွေးတောမျှော်ခေါ်သော ထင်မြင်ချက်ကြောင့်လည်း မှန်ပြီ မယူလေနှင့်။

သူတစ်ပါးကို အားကိုးပြီးလည်း မှန်သည် မယူလေနှင့်။
"ဒါ ငါတို့ဆရာပဲ" ဆိုပြီးလည်း မှန်ပြီ မယူလေနှင့်။

သို့သော် သင်ကိုယ်တိုင်က ဤသို့သောအရာသည် အကုသိုလ်ဖြစ်၏။ မကောင်းဖြစ်၏။ မိမိကိုသော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း ဥပါဒ်အန္တရာယ်ဖြစ်စေ၏။ ဤသို့ဖြစ်လျှင် ထိုအရာကို ငြင်းပယ်ရမယ်။

သင်ကိုယ်တိုင် ဤအရာသည် ကုသိုလ်ဖြစ်၏။ ကောင်း၏။ မိမိကိုသော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း အကျင့်သီလ တိုးတက်ဖွံ့ဖြိုးခြင်းငှာ ဖြစ်၏။ အကျိုးစီးပွားဖြစ်၏။ ဆင်ခြင်တုံတရားနှင့်လည်း ကိုက်ညီ၏။ ပညာရှိတို့ ချီးမွမ်းခြင်းငှာလည်း ဖြစ်၏။ ထိုသို့ဖြစ်မှကား ထိုအရာကိုသာ အမှန်လို့ လက်ခံရမယ်လို့ ညွှန်ပြတော်မူခဲ့ပါတယ်။

ဗုဒ္ဓဘာသာအစစ်ကတော့ မိမိဘဝ လွတ်မြောက်ရေး ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရေးအတွက် ပြင်ပက ဘယ်တန်ခိုးရှင်မျိုးကိုမှ အားမကိုးပါ။ မမြင်ရတဲ့ မသိရတဲ့ တန်ခိုးဣဒ္ဓိပါဒ်တော်ကလာပြီး မိမိရဲ့ ဆင်းရဲဒုက္ခတွေကို ရောက်လာပြီး ကြားဝင် ဖြေရှင်းပေးမယ်လို့လည်း မမျှော်ကိုးဘူး။ နောက်ဆုံး အလိုရှိအပ်တောင့်တအပ်တဲ့ ဘဝချမ်းသာ သုခအစစ်ကြီးကို ရဖို့တွက် မိမိရဲ့စိတ်ကို ဖြူစင်သန့်ရှင်းအောင် ကိလေသာ အညစ်အကြေးတွေကို ကိုယ်တိုင်သုတ်သင်ရှင်းလင်းပစ်ရမယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူတာက ငါ့အား တစ်စုံတစ်ယောက်က မကောင်းသဖြင့် ပြောလျှင် ငါ၏တပည့်သားတို့သည် စိတ်အနှောင့်အယှက် မဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ တုံ့ပြန်ခြင်းသည် သင့်ကိုသာ အန္တရာယ်ဖြစ်စေမည်ဖြစ်သောကြောင့် ဖြစ်၏။ တစ်နည်းအားဖြင့် တစ်စုံတစ်ယောက်သောသူက သင့်အား ချီးမွမ်းမြှောက်စားပြောကြားအံ့။ ငါ၏အဆုံးအမနှင့် ငါ၏တပည့်သားသည် ဝမ်းမြောက်ဝမ်းသာ မဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ စိတ်က တုံ့ပြန်ခြင်းသည် မှန်ကန်သောအဆုံးအဖြတ်ပြုမှုကို အနှောင့်အယှက်ပြုနိုင်သောကြောင့်ဖြစ်၏။ သင်၏စိတ်သည် မာန်တက်ပြီး ဝင့်ကြွားနေသောအခါ သူတို့ချီးမွမ်းသောအချက်သည် ငါ့မှာ အမှန်ပင်ရှိသော အရည်အသွေးဖြစ်သလား ဆိုသည်ကို သင်ကိုယ်တိုင် မသုံးသပ်နိုင်သောကြောင့်ဖြစ်၏လို့ ဗြဟ္မဇာလသုတ်မှာ မြတ်ဘုရား ဟောကြား

တော်မူပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်အစစ်တို့မှာ ရှိသင့်တဲ့ မငဲ့မစောင်းတဲ့ စိတ်နေစိတ်ထားဖြစ်တယ်။

မြတ်ဗုဒ္ဓဟာ အမြင့်မားဆုံးသော လွတ်လပ်ခွင့်ကို လူသားရဲ့ အနှစ်သာရသဘောနှင့်သာမက ဘုရားရဲ့ ဂုဏ်သတ္တိအနေနှင့်ပါ လက်ဆုပ်လက်ကိုင်ပြုထားပါတယ်။ ဒီလွတ်လပ်ခွင့်ဟာ လူသားကို လူ့သိက္ခာတို့မှ ကျဆင်းသွားစေခြင်းလည်း မရှိပါ။ ဒီလွတ်လပ်ခွင့်ဟာ လူတစ်ယောက်ကို အယူအစွဲသန်တဲ့ ဒိဋ္ဌိအမြင်တွေနဲ့ အာဏာရှင်ဆန်တဲ့ ဘာသာရေးထုံးတမ်းတွေ အပြစ်ဒဏ်တွေရဲ့ ကျေးကျွန်ဘဝကလည်း လွတ်မြောက်စေခဲ့ခြင်း ဖြစ်ပါတယ်။

## ဗုဒ္ဓဘာသာဝင်တို့ရဲ့သာသနာပြုအဖွဲ့များ

"အို... ရဟန်းတို့ လူသားများ၏ ကောင်းကျိုးအတွက်လည်းကောင်း၊ အများ၏ ပျော်ရွှင် ချမ်းသာ သုခအတွက်လည်းကောင်း၊ လောကအပေါ် ထားအပ်သော မေတ္တာ ကရုဏာ တရားဖြင့် ကောင်းမှုအတွက် အကျိုးစီးပွားအတွက် လူနှင့်နတ်အပေါင်းတို့၏ ပျော်ရွှင်ခြင်း ချမ်းသာခြင်းအတွက် ခရီးလှည့်လည်၍ သွားကြကုန်လော့" *(ဗုဒ္ဓ)*

ကျွန်ုပ်တို့အနေနှင့် ဗုဒ္ဓဘာသာ သမိုင်းစာမျက်နှာများကို ပြန်ပြီး လှန်ကြည့်မည်ဆိုလျှင် ဗုဒ္ဓဘာသာ သာသနာပြုများသည် ဗုဒ္ဓ၏ မွန်မြတ်သော သတင်းစကားများကိုသာ ငြိမ်းချမ်းသောနည်း၊ လေးစားဖွယ်ကောင်းသော နည်းများဖြင့်သာ ပေး၍ သာသနာပြန့်ပွားအောင် လုပ်ခဲ့ကြကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ဒီလို ငြိမ်းချမ်းတဲ့ သာသနာပြုပုဂ္ဂိုလ်များသည် ဘာသာတရားကို အကြမ်းဖက်သောနည်းနှင့် ပြန့်ပွားအောင် လုပ်ခဲ့ပါမူကား ရက်ဖွယ်သာ ဖြစ်ခဲ့ပါလိမ့်မယ်။

ဗုဒ္ဓဘာသာ သာသနာပြုပုဂ္ဂိုလ်များဟာ ဈေးပြင်ကနား၊ လူစည်ကားရာ အရပ်မှာ ထွက်ပြီး တခြားဘာသာတွေနှင့် အပြိုင်အဆိုင် သာသနာပြုအလုပ်ကိုလည်း မလုပ်ခဲ့ကြပါ။ ပြီးတော့ ဗုဒ္ဓဘာသာသနာပြု ဘယ်ပုဂ္ဂိုလ်မှ (ရဟန်းဖြစ်စေ၊ လူဖြစ်စေကာမူ) မယုံကြည်သူများလို့ ခေါ်တဲ့ လူများရဲ့ မကောင်းကြောင်းတွေကို ထုတ်ဖော် ဟောကြားခြင်းအမှုမျိုးကိုလည်း မပြုကြပါ။ ပြုရန်ကို

မဆိုထားနှင့်။ စဉ်းစားခြင်းပင် မပြုပါ။ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ၊ အမျိုးသားရေးအရ သည်းမခံနိုင်ခြင်း သဘောသည်လည်း ဗုဒ္ဓဘာသာဝင်များရဲ့ စိတ်နေစိတ်ထား မဟုတ်ပါ။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဟောကြားတော်မူတဲ့ တရားတော်တွေထဲမှာ ကျူးကျော်ထိပါးမှုကို ဘယ်တော့မှ ခွင့်ပြုခြင်း မရှိခဲ့ပါ။ ကမ္ဘာကြီး တစ်ခုလုံးဟာ အယူသီးမှု၊ ဘာသာရေး အစွဲသန်မှု သည်းခံခြင်း ကင်းမဲ့တဲ့ အနာရောဂါများ စွဲကပ်ပြီး သွေးထွက်သံယို ဖြစ်ပြီး အနာတရ ဖြစ်ခဲ့တာလည်း များလှပါပြီ။ ဘာသာရေးမှာ ဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲ ဖြစ်ဖြစ် မိမိတို့ရဲ့ ဘဝနေနည်းကို လူတွေက လက်ခံလာအောင် သိသိသာသာ ကြိုးပမ်း အားထုတ်ကြတာ များပါတယ်။ ဒီလိုလုပ်တာကြောင့် သူတို့ဟာ တစ်ခါတလေ ကျတော့ တခြားဘာသာဝင်များအပေါ် သူတို့ရဲ့ ရန်လိုမုန်းထားမှုကို ထုတ်ဖော် ပြသကြတယ်။

ဗုဒ္ဓဘာသာကတော့ လူများရဲ့ လက်ခံထားတဲ့ အမျိုးသားရေး ထုံးတမ်း စဉ်လာများ၊ ဓလေ့ထုံးစံများ၊ အနုပညာ ယဉ်ကျေးမှုတွေနဲ့ ခိုက်ရန်ဖြစ်ပွားခြင်း မရှိဘဲ ဒီရိုးရာ အစဉ်အလာတွေကိုလည်း ချောပြေအောင် ပြုပြင်ပြီး ဆက်လက် တည်ရှိခွင့်ပြုပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ မေတ္တာနှင့် ကရုဏာတော်သည် လူသားများရဲ့ နှလုံးသားများကို ပွင့်စေပြီး သူတို့ ကိုယ်တိုင်က ဒီဒေသနာတော် တွေကို လိုလိုလားလား လက်ခံလာစေပါတယ်။ ဒီနည်းအားဖြင့် ဗုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီးတစ်ခု အဖြစ်သို့ ရောက်အောင် ကူညီပံ့ပိုးခဲ့တာ ဖြစ်တယ်။ လွတ်လပ်တဲ့ နိုင်ငံများက ဗုဒ္ဓဘာသာ သာသနာပြု အဖွဲ့များကို ဖိတ်မန္တက ပြုကြတယ်။ သူတို့က လေးလေးစားစား ကြိုဆိုကြတယ်။ ဗုဒ္ဓဘာသာဟာ သူများနိုင်ငံကို ကိုလိုနီ နယ်ချဲ့စနစ်နဲ့ နိုင်ငံရေး ဩဇာလွှမ်းမိုးပြီး အဲဒီနိုင်ငံထဲကို မိမိဘာသာ အယူဝါဒ သွတ်သွင်းမှုမျိုးကိုလည်း ဘယ်တုံးကမှ မပြုခဲ့ပါ။

ဗုဒ္ဓဘာသာသည် လူ့သမိုင်းမှာ ပထမဆုံး လူမျိုးပေါင်းများစွာကို ခက်ခဲလှတဲ့ ဘာသာစကား ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်သီလချင်း ကွာခြားတဲ့ လူမျိုးပေါင်း များစွာကို အချင်းချင်း နီးစပ်လာအောင် ပြုလုပ်နိုင်ခဲ့တဲ့ ဘာသာ ရေး စွမ်းအားကြီးတစ်ခု ဖြစ်ခဲ့တယ်။

ဗုဒ္ဓဘာသာရဲ့ ရည်မှန်းချက်ဟာ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေးကို စိုးမိုးချုပ်ကိုင်ဖို့လည်း မဟုတ်ဘူး။ ဧကရာဇ်နိုင်ငံကြီး

အင်ပိုင်ယာကြီး ထူထောင်ဖို့ ရည်ရွယ်ချက်လည်း မရှိဘူး။ နယ်သစ်ပယ်သစ် ရရှိရေးဆိုတဲ့ နယ်မြေ ချဲ့ပြောင်း နေထိုင်ဖို့ စိတ်သန်ခြင်းမျိုးလည်း မရှိခဲ့ပါဘူး။ ဗုဒ္ဓဘာသာက ပြချင်တာက လူသားတွေဟာ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းကို ဓမ္မကို ဘယ်လို ကျင့်သုံးပြီးနေရင်ဖြင့် ရနိုင်တယ် ဆိုတာကို ပြဖို့ ရည်ရွယ်ချက် တစ်ခုပဲ ရှိပါတယ်။

ထင်ရှားပြီး လင်းလက်တဲ့ အရည်အသွေးနှင့် ချဉ်းကပ်ပုံဖြင့် ဗုဒ္ဓ သာသနာပြုလုပ်ငန်း လုပ်ခဲ့ပုံ နမူနာ သာဓကကို ပြပါဆိုရင်တော့ အသောက ဧကရာဇ်ဘုရင်ကြီး ပြုလုပ်ခဲ့ပုံကိုပဲ ပြရမှာဖြစ်တယ်။ ဒီ အသောက ဘုရင်ကြီး လက်ထက်မှာပဲ ဗုဒ္ဓဘာသာသည် အာရှတစ်လွှားနှင့် အနောက်တိုင်း နိုင်ငံများ အထိ ပြန့်ပွားခဲ့တာ ဖြစ်ပါတယ်။ အသောကမင်းကြီးက တိုင်းနိုင်ငံ အများ အပြားသို့ ဗုဒ္ဓသာသနာပြု အဖွဲ့များကို စေလွှတ်တော်မူတယ်။ စေလွှတ်ရာမှာ ဗုဒ္ဓဘာသာရဲ့ ငြိမ်းချမ်းခြင်း သတင်းစကားကို မိတ်ဆက်ပေးဖို့ပဲ ဖြစ်တယ်။ အဲဒီခေတ်က တည်ရှိပြီး ဘာသာတရား အားလုံးကို အသောကမင်းကြီးဟာ အရေးထားတယ်။ လေးစားတယ်။ အထောက်အပံ့ အကူအညီတွေကိုလည်း ပေးတယ်။ တခြား ဘာသာတရားများ အပေါ်မှာ သူရဲ့ သည်းခံနိုင်စွမ်းသည် မှတ်သားလောက်ပါပေတယ်။ သူ တည်ထားခဲ့တဲ့ ကျောက်စာတစ်ခုထဲမှာဆိုရင် ခုထိ ဒီကျောက်စာ အိန္ဒိယပြည်မှာ တည်ရှိပါသေးတယ်။ ဘယ်လို ဆိုထားသလဲ ဆိုတော့ "လူတစ်ယောက်သည် မိမိ ယုံကြည်ကိုးကွယ်သည့် ဘာသာတရားကို သာ ဂုဏ်ပြုထိုက်သည် မဟုတ်။ သူတစ်ပါး၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ ကိုလည်း ရှုတ်ချထိုက်သည် မဟုတ်ချေ။ ဒီအကြောင်း ဟိုအကြောင်းတွေကို ထောက်ထားပြီးသကာလ သူတစ်ပါး ဘာသာကိုလည်း ဂုဏ်ပြုထိုက်သည်။

ထိုကဲ့သို့ ပြုမူခြင်းအားဖြင့် မိမိသည် မိမိ၏ဘာသာကို ရှင်သန်ကြီးပွား အောင် ကူညီပံ့ပိုးခြင်း ဖြစ်ပြီး သူတစ်ပါးဘာသာကိုလည်း အလုပ်အကျွေး ပြုရာရောက်သည်။ ထိုသို့ မပြုမူဘဲ တလွဲပြုလုပ်ပါမူကား မိမိသည် မိမိ၏ သေတွင်းကို တူးရာလည်း ရောက်သည့်ပြင် သူတစ်ပါးဘာသာကိုလည်း အန္တရာယ်ပြုရာ ရောက်စေသည်။ မည်သူမဆို မိမိဘာသာကိုသာ ဂုဏ်ပြု မြှောက်စားပြီး သူတစ်ပါး ဘာသာကိုမူ ပြစ်တင်ရှုတ်ချပါမူကား ထိုသူသည်

မိမိ ဘာသာကိုသာ အကြည်ညိုသန်ပြီး ငါဟာ ငါ့ ဘာသာရဲ့ ကောင်းကျိုးကိုပဲ ပြုမည်ဆိုသောစိတ် ဖြစ်ပေါ်လာနိုင်သည်။ ထိုစိတ် ဖြစ်ပေါ်လာပါက သူသည် မိမိ ဘာသာကိုလည်း အကြီးအကျယ် ထိခိုက်နစ်နာစေမည် ဖြစ်၏။ ကောင်းမှု ကိစ္စတွင်လည်း ထိုအတိုင်းပင် ဖြစ်၏။ လူအပေါင်းတို့သည် တခြား ဘာသာများ၏ ဟောကြားတရားများကိုပါ နာကြားကြရသည်။ နာကြားလိုစိတ် ရှိရမည် ဖြစ်သည်" ဟု ဖော်ပြထားပါတယ်။

ဘီစီ ၂၆၈ ခုနှစ်တုန်းက အသောကမင်းကြီးသည် အိန္ဒိယပြည်မှာ မြတ်ဗုဒ္ဓရဲ့ တရားများကို ရှင်သန်နေတဲ့ စွမ်းအားဖြစ်လာအောင် သူ စွမ်းဆောင် တော်မူခဲ့တယ်။ ဆေးရုံတွေ၊ လူမှုရေး အဖွဲ့အစည်းတွေ၊ တက္ကသိုလ်ကြီးတွေကို ယောကျ်ား, မိန်းမ, လူသား အားလုံးအတွက် ထူထောင်ပေးတယ်။ အပန်းဖြေ နားနေရာ နေရာတွေ၊ ရိပ်သာတွေကို ထူထောင်ပေးတယ်။ ရေတွင်း၊ ရေကန် တွေ တည်ဆောက်ပေးတယ်။ ဒီအခါ လူတွေရဲ့စိတ်ထဲမှာ စစ်ရဲ့ ရက်စက် ကြမ်းကြုတ်မှုတွေကို ပိုပြီး ခံစားနားလည်လာတယ်။

အိန္ဒိယနိုင်ငံ သမိုင်းမှာရော တခြားအာရှတိုက် နိုင်ငံတွေမှာပါ အနုပညာ၊ ယဉ်ကျေးမှု ပျိုးထောင်မှု၊ ပညာရေး၊ ယဉ်ကျေးမှု အဖက်ဖက်က အထွတ် အထိပ်ကို ရောက်တဲ့ ရွှေခေတ်ကြီး ဖြစ်ပေါ်ခဲ့တယ်။ ဒီအချိန်တုန်းက ဒီနိုင်ငံ တွေမှာ ဗုဒ္ဓဘာသာရဲ့ ဩဇာအရှိန်အဝါဟာ အကြီးမားဆုံး ဖြစ်ခဲ့တယ်။

ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ဘာသာရေး စစ်တို့၊ မွန်မြတ်သော စစ်ဆိုတာ တို့ ခရူးဆိတ် စစ်ဆိုတာတို့၊ ဘာသာရေး ညှင်းပန်းနှိပ်စက်မှု၊ ခွဲခြားဆက်ဆံမှု ဆိုတာတွေဟာ ဗုဒ္ဓဘာသာနိုင်ငံတွေရဲ့ သမိုင်းမှတ်တမ်းထဲမှာ ရုပ်ပျက် ဆင်းပျက်ဖြစ်ခဲ့တာ ဘာဆိုဘာမှ မရှိပါဘူး။ အိန္ဒိယနိုင်ငံမှာ ၂ ရာစုကနေ ၉ ရာစုခေတ်တိုင်အောင် စည်ကားခဲ့တဲ့ နာလန္ဒတက္ကသိုလ်ကြီးဟာ ဗုဒ္ဓဘာသာ ရဲ့ ထုတ်ကုန်ပစ္စည်းတစ်ခုပါ။ လူ့သမိုင်းမှာ ဒါဟာ ပထမဆုံးသော တက္ကသိုလ် ကြီး ဖြစ်ပြီး ဒီတက္ကသိုလ်မှာ နိုင်ငံတကာက ပညာသင်ဖို့ ရောက်လာကြတဲ့ စာသင်သားတွေကို လက်ခံသင်ကြားပေးခဲ့ပါတယ်။ အတိတ်ကာလတုန်းက လမ်းပန်းအဆက်အသွယ် ခက်ခဲခဲ့တာတောင်မှ အရှေ့တိုင်းက နိုင်ငံများမှာ ဗုဒ္ဓဘာသာနဲ့ အထိအတွေ့ များခဲ့တယ်။ လူတွေဟာ သံကန္တာရတွေ၊ တောင်

တန်းကြီးတွေကို ကျော်ဖြတ်ပြီး ဗုဒ္ဓဘာသာကို ရယူဖို့ ခက်ခက်ခဲခဲ ခရီးသွားခဲ့ကြရပါတယ်။ ဒီလို အခက်အခဲကြီးတွေ အတားအဆီးကြီးတွေ ရှိနေခဲ့ပေမယ့် ဗုဒ္ဓဘာသာဟာ ဝေးလံတဲ့ ဒေသများအထိ ကျယ်ပြန့်သွားခဲ့ပါတယ်။ ဒီခေတ် ဒီအခါမှာတော့ ဒီငြိမ်းချမ်းတဲ့ သတင်းစကားများပါတဲ့ ဗုဒ္ဓဘာသာဟာ အနောက်ဘက် ကမ္ဘာခြမ်းမှာ ပြန့်ပွားလာပြီ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက အနောက်တိုင်းသားများကို ဆွဲဆောင်နိုင်တယ်။ သူတို့ကလည်း ဗုဒ္ဓဘာသာသည်သာ ခေတ်သစ် သိပ္ပံပညာနှင့် သဟဇာတဖြစ်တဲ့ ဘာသာဖြစ်တယ်ဆိုတာကို ယုံကြည်လာကြပါပြီ။

ဗုဒ္ဓဘာသာ သာသနာပြုများအနေနဲ့ သင့်တင့်လျောက်ပတ်တဲ့ ကျင့်စဉ်များ ပါဝင်တဲ့ ဘာသာတရားကို ကိုးကွယ်နေကြတဲ့ လူတွေ ဗုဒ္ဓဘာသာထဲကို ဘက်ပြောင်းပြီး ဝင်လာဖို့ကို အလိုမရှိကြပါဘူး။ လူတွေအနေနဲ့ ကိုယ့်ဘာသာနဲ့ကိုယ် ကျေနပ်နေရင်လည်း ဗုဒ္ဓဘာသာ သာသနာပြုတွေက ဒီလူတွေကို ဘာသာပြောင်းလာအောင် ဘက်ပြောင်းလာအောင်လုပ်ဖို့ ဘာမှမလိုပါဘူး။ တခြားဘာသာရဲ့ သာသနာပြုများက ကောက်ကျစ်စဉ်းလဲသူတွေ၊ မယဉ်ကျေးတဲ့သူတွေ၊ ဒုစရိုက်သမားတွေကို ယဉ်ကျေးပြီး ဘာသာတရားနဲ့ အညီ နေထိုင်တတ်လာအောင် ဆောင်ရွက်ပေးနေလို့ရှိလျှင် ဒီသာသနာပြုလုပ်ငန်းတွေကိုတောင် ဗုဒ္ဓဘာသာ သာသနာပြုတွေက အပြည့်အဝ ကူညီထောက်ပံ့မှုတွေကို ပေးကြရမှာ ဖြစ်တယ်။

တခြားလူတွေနဲ့ ဓမ္မကို မိတ်ဆက်ပေးတဲ့အခါ ဗုဒ္ဓဘာသာ သာသနာပြုတွေအနေနဲ့ စိတ်ကူးယဉ် ပုံကြီးချဲ့ပြောနေတဲ့ နတ်ပြည်၊ နတ်ရွာ၊ နတ်ချမ်းသာတွေကို ပြောပြီး လူတွေကို ဆွဲဆောင်ဖို့ ဘယ်တော့မှ မကြိုးစားပါဘူး။ လူတွေကို လောဘတွေတက်လာအောင် လိုချင်တပ်မက်စိတ်တွေ များလာအောင် ပြောဟောပြီး ဘယ်တော့မှ မဆွဲဆောင်ရပါဘူး။ ဒီလိုဟောမည့်အစား သူတို့က လူ့သဘာဝ အမှန်သဘော နတ်ပြည်ရဲ့ အမှန်သဘောတွေကို ဗုဒ္ဓရှင်တော်မြတ် ဟောကြားထားတဲ့အတိုင်းပဲ ပြောကြ ဟောကြရမှာဖြစ်ပါတယ်။

***Ref:*** – What Buddhist's Believe by Dr. Dhammananda.
– ဆန်းလွင် (အရှင်အာဒိစ္စရံသီ) ၏ 'ဗုဒ္ဓဘာသာတွေ ယုံကြည်ကြတာက'

# နိုင်ငံတကာ ဗုဒ္ဓါနုဿတိ ဘာဝနာ

## မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အမြင်

- ဘုရားအလောင်းတော်သည် လူသားတစ်ဦးအနေဖြင့် မိမိ၏ ခွန်,လုံ့,လ,ဉာဏ်ပညာနှင့် မေတ္တာစေတတ်တို့အားဖြင့် အမြင့်မြတ်ဆုံး, အပြစ်အကင်းဆုံး ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားအဖြစ်ကို ရတော်မူသည်။


- မြတ်စွာဘုရားရှင်သည် တပည့်ယောသားတို့အား စိတ်ဓာတ်မကျစေဘဲ မြင့်မြတ်လှသော ဘဝကို မိမိတစ်ပါးတည်း မူပိုင်လုပ်မည့်အစား တပည့်ယောသားတို့အား မိမိကို နမူနာထား၍ မိမိကဲ့သို့ပင် ကျင့်ကြံကြစေရန် အားပေးဆွဲဆောင်ခဲ့သည်။

- ဗုဒ္ဓဘာသာသည် အမှန်တရားကို ရှာဖွေခြင်းမှ အစပြုခဲ့သည်ဖြစ်၍ ဖန်ဆင်းရှင် ဘုရားတစ်ဆူ (သို့မဟုတ်) ပထမအကြောင်း First Cause ဟုခေါ်သော ထာဝရနှင့်ပတ်သက်သည့် မခိုင်လုံသော အယူအဆများမှ စတင်ပေါ်ပေါက်ခဲ့ခြင်း မဟုတ်ပေ။

- ဗုဒ္ဓမြတ်စွာဘုရားသည် သံသရာမှ လွတ်မြောက်စေခြင်း အကျိုးငှာ မိမိကိုယ်ကိုသာ အားကိုးရန်နှင့် ပြင်ပမှ ကယ်တင်ရှင်များကို မရှာဖွေရန် သင်ကြားခဲ့သည်။ မိမိကိုယ်တိုင်ကလည်း လူသတ္တဝါတို့၏ လွတ်မြောက်ကြောင်းကို ဆောင်ရွက်ပေးနိုင်စွမ်းရှိသူ အကျိုးဆောင်တစ်ဦးဟူ၍ မည်သည့်အခါကမှ တင်ပြခြင်း မရှိခဲ့ပေ။

ဆရာတော် ဦးသေဋ္ဌိလ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု



## ဆရာတော် ဦးသေဋ္ဌိလ၏

## ဓမ္မပုံပြင်နှင့် ဘဝပုံရိပ်

ဆရာတော် ငယ်စဉ်တုန်းက တရုတ်ဝန်ကြီးချုပ်တစ်ယောက်အကြောင်းကို ဖတ်ဖူးတယ်။ သူဟာ တရုတ်ပြည်ကြီးတစ်ခုလုံးကို ရှေးအခါက စိုးမိုးအုပ်ချုပ်ခဲ့တဲ့ ဧကရာဇ်ဘုရင်ကြီးများရဲ့ ဝန်ကြီးချုပ်ပေါ့။

အဲဒီဝန်ကြီးချုပ်ဟာ ဟိုအချိန်တုန်းက အလွန်ထင်ရှား ကျော်ကြားတယ်။ သူ ဒီလိုကျော်ကြားရတဲ့အကြောင်းကလည်း ဝန်ကြီးချုပ်ဖြစ်လို့သာ မဟုတ်ဘဲ စာပေ တတ်မြောက်ကျွမ်းကျင်သောကြောင့်လည်း ဖြစ်တယ်။ သူဟာ ကဗျာဆရာလည်း ဖြစ်တယ်။ စာရေးဆရာလည်း ဟုတ်တယ်။ တရားဟော ကောင်းသူဆိုရင်လည်း မှန်တယ်။ အရည်အချင်းမျိုးစုံတို့နှင့် ပြည့်စုံသူ ပညာရှိတစ်ဦးလို့ ဆိုကြတယ်။

ဤအရည်အချင်းများကြောင့်ပင် ဝန်ကြီးချုပ်ဟာ မိမိကိုယ်မိမိ အထင်ကြီးပြီး မာနထောင်လွှားနေတော့တယ်။ မိမိ၏ အရည်အချင်းများကြောင့် မိမိသည် မာနကြီးထိုက်သူဟူ၍ အထင်ရောက်နေတယ်။ ဒီထင်မြင်ချက်သည် မှန်ကန်သည်ဟု မိမိကိုယ်မိမိ အယုံသွင်းလိုသဖြင့် သူ၏ ဝန်ကြီးများကို ဤကဲ့သို့ ပြောလေ့ရှိသည်။

"အဆွေတို့...တရုတ်ပြည်ကြီးမှာ မည်သူသည် စာအတတ်ဆုံး၊ ပညာ အရှိဆုံးဖြစ်သလဲ ပြောကြပါ"

ထိုအခါ ဝန်ကြီးအားလုံးကလည်း မဆိုင်းမတွဘဲ "တရုတ်ပြည်ကြီး၌ အရှင်သာလျှင် စာအတတ်ဆုံး၊ ပညာအရှိဆုံးဖြစ်တယ်" ဟု ဖြေဆိုတတ်သည်။

သူသည် အလွန်ကျေနပ်နှစ်ခြိုက်လွန်း၍ နောက်ထပ်မေးခွန်းတစ်ခုကို ဆက်လက်မေးပြန်တယ်။

"အသင်တို့ပြောတဲ့အတိုင်း ကျွန်ုပ်သာလျှင် ပညာအရှိဆုံးဆိုတာကို သိရပါပြီ...တရုတ်ပြည်ကြီးတစ်ဝှမ်းလုံးမှာ မည်သူသည် ချစ်ခင်သူ အများဆုံး၊ ရှိသေသူ အများဆုံးဖြစ်ပါသလဲ"

"ထိုသူသည် အရှင်သာလျှင်ဖြစ်၏" ဟူသော အဖြေကို သူ မျှော်လင့်ခဲ့သော်လည်း အားလုံးက ဆိတ်ဆိတ်နေကြသည်ကိုသာ သူ တွေ့မြင်ရတယ်။ ဒါကြောင့် ဒုတိယအကြိမ် ထပ်မေးတယ်။ သူရဲ့ ဝန်ကြီးတွေကတော့ ဆိတ်ဆိတ်နေမြဲပဲ။ တတိယအကြိမ် ထပ်မေးပြန်တယ်။ ဤတစ်ကြိမ်၌ သူက -

"ဘာကြောင့် သင်တို့ ဆိတ်ဆိတ်နေကြသလဲ...အဆွေတို့ ပြောကြပါ၊ ရဲရဲပြောပါ...အဖြေပေးဖို့ မတွန့်ဆုတ်ကြပါနဲ့" ဟု ပြောလိုက်တယ်။

ဤကဲ့သို့ ပြောလိုက်ရာ ဝန်ကြီးများက အဖြေပေးရတော့မည်ဖြစ်၍ ဤသို့ ဆိုကြသည်။

"အကျွန်ုပ်တို့အား အရှင်က အတင်းအကျပ် အဖြေပေးရမည်ဆို၍ အကျွန်ုပ်တို့ ဖြေရပါမည်...တရုတ်ပြည်ကြီးအတွင်း၌ လူချစ်လူခင်အများဆုံး၊ လူအရိုသေဆုံးသူသည်ကား အရှင်မဟုတ်ပါ"

ဤအဖြေသည် ဝန်ကြီးချုပ်အတွက် နားမချမ်းသာဖွယ်ရာဖြစ်၍ ခတ်ဆတ်ဆတ်မေးလိုက်သည်ကတော့ –

"ဒီလိုဆိုရင် ကျွန်ုပ်မဟုတ်တော့ ဘယ်သူပါလဲ"ဟူ၍ ဖြစ်သည်။

ဝန်ကြီးများက "လူတို့ အချစ်ခင်ဆုံးနှင့် အရိုသေဆုံးပုဂ္ဂိုလ်သည်ကား တောတွင်း၌ သီတင်းသုံးနေသော 'ဘုန်းတော်ကြီးအို' တစ်ပါးသာဖြစ်ကြောင်း" ဖြေကြားကြတယ်။

ဒီတစ်ကြိမ် ဆိတ်ဆိတ်နေသူမှာ ဝန်ကြီးချုပ်ပင် ဖြစ်တော့သည်။ သူသည် သူ၏ဝန်ကြီးများ၏ အဖြေကြောင့် အလွန်တုန်လှုပ်ချောက်ချားသွားသည်။ ဝန်ကြီးများပြောခဲ့သည်ကို ပြန်လည်သုံးသပ်ကြည့်သည်။ 'အဘယ်ကြောင့် လူတို့သည် ထိုဘုန်းတော်ကြီးကိုမှ ကြည်ညိုလေးစားကြသနည်း။ ဘုန်းကြီး ဆိုသည်မှာ တရားဓမ္မကိုသာ သိတယ်၊ လောကအကြောင်းကို နားမလည်။ မိမိမှာမူ စာတတ် ပေတတ်ဖြစ်ဖို့ရာ ဟောနိုင်ပြောနိုင်ဖို့ရာ ကဗျာဆရာ စသည်တို့ ဖြစ်ဖို့ရာ အထူးကြိုးစား အားထုတ်ခဲ့ရပါတယ်။ ဘုန်းတော်ကြီးများသည် မယ်မယ်ရရ အလုပ်လုပ်ရသည် မရှိကြ။ ဘာသာရေးတရားဟောပြီး နောင်ဘဝအကြောင်းကိုသာ ဟောပြောရလို့ရှိကြတယ်' စသည်ဖြင့် တွေးတောရင်း ထိုနေရာ၌ပင် ဘုန်းတော်ကြီးထံသို့ သူ သွားတွေ့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဘုန်းတော်ကြီးကို လူချစ်လူခင် အပေါ်များဆုံး၊ ရိုသေသူ အများဆုံးလူ ဟူ၍ အများက လက်ခံခြင်းသည် အကြောင်းတစ်ခုခုတော့ ရှိမည်ဟု သူဆုံးဖြတ်လိုက်ရ၏။ သို့ဖြစ်၍ ဘုန်းတော်ကြီးရှိရာကို စုံစမ်းသည်။ ဘုန်းတော်ကြီးသည် ဝေးလံချောင်ကျသော နေရာတစ်နေရာ၌ သီတင်းသုံးနေသည်။ အသက်အရွယ် ကြီးပြီဖြစ်၍ ပင့်ဖိတ်သော နေရာသို့ လာရောက်နိုင်မည်မဟုတ်၊ သူ့ကို ပင့်ဖိတ်ရန် မဖြစ်နိုင်ဆိုသော အဖြေကို သူ ရရှိသည်။

သို့ဖြစ်၍ တစ်နေ့သ၌ သူသည် မိတ်ဆွေတချို့တို့နှင့်အတူ ဘုန်းတော်ကြီးရှိရာသို့ သွားသည်။ ခရီးသည် ရှည်ဝေးပြီး လမ်းကြောင်း

တိတိကျကျလည်း မရှိပေ။ ဝန်ကြီးချုပ်အဖွဲ့ ရောက်သောအချိန်မှာ ဘုန်းတော်ကြီးသည် တောထဲ၌ ဘုရားအားထုတ်လျက်ရှိသည်။

ဘုန်းတော်ကြီးသည် လူတစ်စု ရောက်နေကြောင်း သိသောအခါ အံ့အားသင့်သွားပြီး၊ သူတို့ လာရောက်ခြင်းကိစ္စကို မေးမြန်းသည်။ သူတို့အထဲမှ လူတစ်ယောက်က ဘုန်းတော်ကြီးအား ဝန်ကြီးချုပ်နှင့် မိတ်ဆက်ပေးလို၍ "အရှင်းဘုရားထံမှောက်သို့ ယခု ရောက်လာသော ပုဂ္ဂိုလ်သည် ပညာအရာ၌ အတတ်မြောက်ဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး တရုတ်ပြည်ကြီးရဲ့ ဝန်ကြီးချုပ်လည်း ဖြစ်ပါတယ်" ဟု လျှောက်ထားသည်။

မထေရ်ကြီးက "ဆရာတော် ဘာလုပ်ပေးရမလဲ" ဟု မေးလိုက်ရာ၊ ဝန်ကြီးချုပ်က ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရားဟာ အလွန်ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ချစ်ခင်သူ ပေါသလောက် ရှိသေသူလည်း ပေါများပါပေတယ်။ ဤသို့ဖြစ်ခြင်း ကြောင့် တိုတောင်းသောမေးခွန်းတစ်ခုကို မေးလို၍ တပည့်တော် လာခဲ့ပါတယ်...တပည့်တော်သည် အလွန်အလုပ်များသူ ဖြစ်သည့်အတွက် အလွန်တိုသော မေးခွန်းကို မေးပါမယ်"

ဘုန်းတော်ကြီးက "ကောင်းပြီ...မေးပါ" လို့ အသာအယာ ပြောလိုက်သည်။

ထိုအခါ ဝန်ကြီးချုပ်က အောက်ပါအတိုင်း လျှောက်ထားသည်။

"ဆရာတော်...လောက၌ ယောကျ်ား သို့မဟုတ် မိန်းမ တစ်ယောက်အဖို့ အရေးကြီးဆုံး လုပ်ရမည့်အလုပ်သည်ကား ဘယ်အရာ ဖြစ်ပါသနည်း။ ဒီမေးခွန်းကို အတိုဆုံးနည်းဖြင့် ဖြေပါ။ စကားတစ်ခွန်း သို့မဟုတ် ဝါကျတစ်ခုဖြင့် ဖြေပါ။ တပည့်တော်မှာ တရားတစ်ပုဒ် နာကြားဖို့ရာ အချိန်မရပါ။ ဘုန်းတော်ကြီးများမှာ အလုပ်လုပ်စရာ မရှိပေမယ့် တပည့်တော်တို့မှာ အလွန်အလုပ်များပါတယ်"

ဝန်ကြီးချုပ်က ဒီလိုလျှောက်ထားတော့ ဆရာတော်က အောက်ပါ ဂါထာတစ်ပိုဒ်ကို ရွတ်ဆိုပြလိုက်တယ်။

**သဗ္ဗပါပဿ အကရဏံ၊**
**ကုသလဿ ဥပသမ္ပဒါ။**
**သစိတ္တ ပရိယောဒပနံ၊**
**ဧတံ ဗုဒ္ဓါန သာသနံ။**

*မကောင်းမှုဟူသမျှကို မပြုရာ၊*
*ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏။*
*မိမိစိတ်ကို ဖြူစင်စေရာ၏၊*
*ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။*

ဓမ္မပဒဂါထာ ၁၈၃

ထိုအခါ ဝန်ကြီးချုပ်က ငြင်းချက်ထုတ်လိုက်သည်။

"အရှင်ဘုရား… တပည့်တော်က ဆရာတော်ထံမှ ထူးဆန်းထွေလာ အံ့သြဖွယ်ရာများ ကြားရမည်လားဟု မျှော်လင့်ခဲ့ပါတယ်… ယခု ဆရာတော် အမိန့်ရှိခဲ့သည်ကတော့ဖြင့် တပည့်တော်အဖို့ မူလတန်း အဆင့်မျှသာ ရှိပါတယ်…ဆရာတော် အမိန့်ရှိတာကို သုံးနှစ်အရွယ် ကလေးသူငယ်ပင် သိပါတယ်"

ဤကဲ့သို့ ကောက်ချက်ချသည်ကို ဆရာတော်က ညင်သာစွာ ပြန်ဖြေလိုက်သည်။

"ကောင်းပြီ…ကောင်းပြီ၊ သုံးနှစ်အရွယ် ကလေးက နားလည်ချင်ရင် နားလည်နိုင်မယ်၊ သို့ပေမယ့် သင်ကဲ့သို့သော အသက် (၇၀) အရွယ် လူကြီးအဖို့ ကျင့်ဖို့ရာကတော့ အထူးပဲ ခက်ခဲပေလိမ့်မယ်"

ဤတစ်ချီမှာ ဝန်ကြီးချုပ်က ဘယ်လိုမှ မတုံ့ပြန်ဘူး။ ဆရာတော်ကပဲ ဆက်လက်ပြောကြားပြန်တယ်။

"ဆိုပြခဲ့တဲ့ ဂါထာရဲ့ အဓိပ္ပာယ်ဟာ လွယ်သယောင်နှင့် ခက်ခဲနက်နဲတယ်။ အပြောလွယ်သလောက် အလုပ်ရခက်တယ်။ တကယ်ကျင့်တော့မှ တကယ်ခက်ကြောင်း သိတယ်။ မကောင်းမှုဟူသမျှကို မပြုလုပ်ဖို့ရာ သင့်ဖို့ လွယ်ကူသလား"

ထိုအခါ ဝန်ကြီးချုပ်က မလွယ်ကူကြောင်း ဝန်ခံရလေ၏။ အထူးသဖြင့် ဝန်ကြီးချုပ်အနေဖြင့် ကိစ္စများမြောင်လှသောကြောင့် ပို၍ ခက်ခဲသည်။ တစ်ခါတစ်ရံ အတိုက်အခံများ၊ ရန်သူများအား ရှောင်တခင် တိုက်ခိုက်ရန် ဘုရင်မင်းမြတ်အား အကြံပေးရသည့်အခါ၊ တစ်ခါတစ်ရံ ထိုသူတို့ကို သတ်ဖြတ်ရသောအခါ ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် အသက်ပေါင်းများစွာ စတေးရသည့်အခါ စသည်တို့ ရှိနိုင်သည်။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန်ဟူသည်ကား ပို၍ပင် ခက်ခဲသေး၏။

ဤပုံတိုကလေး ပြီးဆုံးသောအခါ အထက်ပါ စာကြောင်းလေးကြောင်းကို သိရှိနားလည်ရန် လွယ်ကူသကဲ့သို့ရှိသော်လည်း ၎င်းတို့၏ အနှစ်သာရကို သဘောပေါက်စေရန် လေ့ကျင့်ရာ၌ အလွန်ခက်ခဲကြောင်း။ မဂ္ဂင်ရှစ်ပါး၊ မဇ္ဈိမပဋိပဒါတို့ကို ကောင်းစွာ သဘောပေါက်နိုင်မည်ဖြစ်ကြောင်းတို့ကို ဆရာတော်က ထပ်မံ ရှင်းလင်းဟောကြားပါသည်။ ထို့နောက် ဆရာတော်သည် မဂ္ဂင်ရှစ်ပါးနှင့် မဇ္ဈိမပဋိပဒါအကြောင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဟောကြားသွားပါသည်။

* * *

တစ်ချိန်တစ်ခါတွင်မူ ဆရာတော်သည် အခြားပုဂ္ဂိုလ်များနှင့်အတူ ဗုဒ္ဓဘာသာ ဟောပြောပွဲတစ်ခု၌ စကားပြောခဲ့ရသည်။ အခြားပုဂ္ဂိုလ်များက စာပေဆန်ဆန် ဟောပြောကြသည်။ ဆရာတော်ကမူ ပရိသတ်ကို အကဲခတ်ပြီး တိုတိုနှင့် သရုပ်ပေါ်မည့် ဇာတ်တော်ကြီးတစ်ပုဒ်ကို မှတည်၍ ဟောပြောသည်။ သူဟောပြောရာ၌ ရင်းရင်းနှီးနှီး အေးအေးဆေးဆေး ပြောကြားသဖြင့် ပရိသတ်ကို ဆွဲဆောင်အားရှိသည်။ ဟောပြောပွဲ ဟောပြောချက်များကို သူ့အနေဖြင့် အလွန်နှစ်သက်ကြောင်း သိရ၏။

ဆရာတော်သည် သူတစ်ပါးနှင့် ဆက်ဆံရာတွင် အထူးသဖြင့် ဗုဒ္ဓဘာသာသို့ သက်ဝင်လာစ ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင် ငြိမ်းအေးသည်၊ သိမ်မွေ့သည်။ ထောင်လွှားခြင်း ကင်းမဲ့ပြီး ဟောပြောရာ သင်ကြားရာ၌ အေးဆေးသည်၊ ရှင်းလင်းသည်။ သူသည် မိမိကိုယ်ကို ဆရာတစ်ဆူ၊ ပညာရှင်တစ်ပါး

တရားဟောကောင်းသူတစ်ဦးဟူ၍ ရှေ့တန်းတင်လေ့မရှိ။ ဗုဒ္ဓဓမ္မ ပြန့်ပွားရေး အတွက်ကိုသာ ငြိမ်သက်စွာ အမြဲကြိုးစားအားထုတ်ခဲ့သည်။

ဤမျှလောက်သော စာမျက်နှာအနည်းငယ်တွင် ဆရာတော်၏ ထူးချွန်ပြောင်မြောက်၍ ရှည်လျားသော ဘဝဖြစ်စဉ် အကြောင်းခြင်းရာအချို့တို့ကို ယေဘုယျမျှသာ တင်ပြနိုင်မည်ဖြစ်သောကြောင့် ဆရာတော်၏ သက်တမ်းတစ်ရာ အတွေ့အကြုံ အနည်းအကျဉ်းမျှကိုသာ ဤတွင် ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒါစရိယ တစ်ပါးဖြစ်သည့်အပြင် ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ကမ္ဘာအေးဘုရားနှင့် ရန်ကုန်မြို့ရှိ အခြားသော ဘုရားများစွာတို့၏ ဩဝါဒါစရိယအဖွဲ့ဝင်လည်း ဖြစ်တော်မူသည်။ ဆရာတော်သည် မကြာသေးမီ ကာလတိုင်အောင် ရန်ကုန်မြို့တွင် ရှေးအခါကပင် တည်ထောင်ခဲ့သော အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ စာစစ်သူ တစ်ပါးလည်း ဖြစ်တော်မူသည်။

ဆရာတော်၏ ပညာဂုဏ်နှင့် များပြားလှသော အတွေ့အကြုံတို့ကို အသိအမှတ်ပြု၍ ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်က ဆရာတော်အား အောက်ပါ ဘွဲ့တံဆိပ်များကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။

- ၁၉၅၆ ခုနှစ် အဂ္ဂမဟာပဏ္ဍိတဘွဲ့
- ၁၉၉၀ ပြည့်နှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့
- ၁၉၉၃ ခုနှစ် အဘိဓဇအဂ္ဂမဟာသဓမ္မဇောတိကဘွဲ့

ဗုဒ္ဓဘာသာ၌ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူ၍ ကျမ်းစာသင်ကြားပို့ချ ခြင်း၊ တရားအားထုတ်ခြင်းနှင့် တရားမျက်မှောက်ပြုခြင်းဟူ၍ အပိုင်းသုံးပိုင်း ရှိသည်။ ဆရာတော်သည် သူ၏ သက်တမ်းတစ်လျှောက်လုံး ဤကျင့်စဉ်အတိုင်း စိတ်အားထက်သန်စွာ ကျင့်ခဲ့သောကြောင့် ဆင်းရဲအပေါင်းကို ချုပ်ငြိမ်းစေနိုင်သော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားတော်မြတ်ကို ကမ္ဘာအရပ်ရပ်ရှိ ဝေးလံသော အရပ် ဒေသတို့၌ နေထိုင်ကြသော ထောင်သောင်းမကသော လူတို့ထံသို့ အရောက် ပေးပို့နိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုထက်တိုင်အောင်ပင် သူသည် တရားဓမ္မကို သင်ယူဆဲပင် ရှိသေး၏ဟု ဆရာတော်က ဆိုသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် အတာရှည်ဆုံး တည်တံ့ခိုင်မြဲရေးအတွက် မိမိကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဆရာတော်အား ဤသက်တော်ရာပြည့်အထိမ်းအမှတ်ပွဲ၌ စိမ်းချမ်းမြေ့ဖွယ်ရာ အကောင်းဆုံးနှင့် မှတ်သားဖွယ်ရာ အကောင်းဆုံးသော အကြောင်းအရာများ ဖြစ်ပေလိမ့်မည်။

ဆရာတော် သတိပေးဖူးသည်ကား –

'အသုံးမပြုသော လမ်းများသည် ပျောက်ကွယ်သွားသကဲ့သို့ပင်၊ **ထို့အတူ မြတ်စွာဘုရားရှင် ညွှန်ပြခဲ့သော လမ်းစဉ်သည်လည်း လုံးဝ အသုံးမချဘဲရှိပါက ပျောက်ကွယ်သွားမည်သာတည်း'** ဟူ၍ ဖြစ်သည်။

အရှင်သေဋ္ဌိလ၏ ဗုဒ္ဓဘာသာလက်စွဲ
(ဒေါ်မြတင် ဘာသာပြန်ဆိုသည်)

# ထေရဝါဒ ဗုဒ္ဓဘာသာ

အနောက်နိုင်ငံများ၌ ဗုဒ္ဓဘာသာ ဟူ၍ သိနေကြသော ဘာသာကို တည်ထောင်ခဲ့သူမှာ 'ဂေါတမဗုဒ္ဓ' ဖြစ်၍ 'ဂေါတမ' ဟူသော အမည်သည် သူ၏မျိုးရိုး သို့မဟုတ် မိသားစုအမည်ဖြစ်သည်။ 'ဗုဒ္ဓ' ဟူသော ဝေါဟာရသည်လည်း 'နိုးကြားသူ' သို့မဟုတ် 'အလုံးစုံကို သိသောသူ' ဟူ၍ ဖြစ်သောကြောင့် အမည်နာမတစ်ခုမဟုတ်ဘဲ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ၌ရှိသည့် ဗောဓိပင်ရင်း၌ အလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်ကို ရရှိခဲ့သော ဂေါတမမြတ်စွာဘုရား၏ ဂုဏ်ပုဒ်သာ ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားသည် အိန္ဒိယဘုရင်မင်းမြတ်တစ်ပါး၏ သားတော် ဖြစ်ပြီး၊ ၆၂၃ ဘီစီနှစ်က အိန္ဒိယ–နီပေါ နယ်စပ်တွင် ဖွားမြင်ခဲ့သည်။ အသောကဘုရင်ဧကရာဇ်မင်းကြီးသည် မြတ်စွာဘုရားအား ကြည်ညိုလေးစားသော အထိမ်းအမှတ်အဖြစ် ၂၃၉ ဘီစီနှစ်တွင် မြတ်စွာဘုရား ဖွားမြင်ရာထိုအရပ်၌ ကျောက်စာတိုင်တစ်တိုင် စိုက်ထူခဲ့ပြီး *'ဤနေရာသည်ကား အလုံးစုံကို သိမြင်သော မြတ်စွာဘုရား မွေးဖွားရာ နေရာပေတည်း'* (Here was the Enlightened One born) ဟူ၍ ကမ္ပည်းထိုးခဲ့သည်။ ဂေါတမမြတ်စွာဘုရားကို မွေးဖွားစဉ်အခါက နိုင်ငံအတွင်းမှ ပညာရှိကြီးများက နိမိတ်လက္ခဏာများကို ဖတ်ရှု၍ သူသည် အလွန်တန်ခိုးထက်မြက်သော ဘုရင်မင်းတစ်ပါး သို့မဟုတ်

တန်ခိုးအာဏာ ကြီးမားသော ဘာသာရေးခေါင်းဆောင်ကြီးတစ်ဦး ဖြစ်မည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်။ သူ၏ဖခမည်းတော်သည် သူ့ကို တန်ခိုးထက်မြက်သော ဘုရင်ကြီးတစ်ပါးသာ ဖြစ်စေလို၍ ဘာသာရေးဘက်သို့ စိတ်မညွတ်စေဘဲ၊ လောကီရေးရာ၌သာ စိတ်ဝင်စားမှု ရှိစေလို၍ သားတော်အား လောကအကြောင်း၊ ဘဝအကြောင်းတို့ကို လေးနက်စွာ တွေးတောစဉ်းစားစေနိုင်သည့် မည်သည့် မနှစ်မြို့ဖွယ်ရာ၊ မသာယာဖွယ်ရာများကိုမျှ မတွေ့မြင်နိုင်စေရန်အတွက် စီစဉ်ခဲ့သည်။

သို့ရာတွင် သက်တော် ၂၉ နှစ်သို့ ရောက်သောအခါ ဘုရားလောင်းမင်းသားသည် နန်းတွင်းဥယျာဉ်သို့ သွားရာလမ်း၌ သူ၏သက်တမ်းတစ်လျှောက်တွင် ပထမဦးဆုံးအကြိမ် လူအို၊ လူနာနှင့် လူသေတို့ကို တွေ့ရ၍ လူအားလုံး (တစ်ယောက်မကျန်) တို့သည် မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းတို့ကို မလွှဲမသွေ ခံစားရသည့် သဘာဝရှိကြောင်း၊ လောကီစည်းစိမ်နှင့် ပျော်ရွှင်မှုအားလုံးတို့သည်လည်း နာကြင်မှု (ဆင်းရဲခြင်း) ၏ ရှေ့ပြေးသာလျှင်ဖြစ်ကြောင်းကိုလည်း သူ သိရှိသဘောပေါက်သည်။ ဘုန်းတော်ကြီးတစ်ပါးကို သူ မြင်ရသောအခါတွင်မူ လူအားလုံးတို့၏ ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်ကြောင်းလမ်းကို သိရှိနိုင်ရန်မှာ လောကီ ပျော်ရွှင်မှုအားလုံးကို ပယ်စွန့်ရမည်ဟူ၍ သဘောပေါက် နားလည်သဖြင့် သူသည် မိမိ၏ ထီးနန်းစည်းစိမ်နှင့် နိုင်ငံကိုပါ စွန့်လွှတ်ပြီး ရဟန်း (ascetic) ဘဝကို ခံယူခဲ့ပေသည်။

ဘုရားအလောင်းတော်သည် အမှန်တရားနှင့် ထာဝရ ငြိမ်းချမ်းရေးကို ရှာဖွေရင်း နိုင်ငံအတွင်း အရပ်ရပ်သို့ ရောက်ရှိခဲ့လေသည်။ ထိုစဉ်အခါက ထင်ရှားကျော်ကြားသော ဆရာကြီးများထံ ချဉ်းကပ်ခဲ့သည်။ သို့သော် သူ ရှာဖွေနေသော အမှန်တရားကိုကား မတွေ့မြင် မရရှိခဲ့ပေ။ ခက်ခဲသော အကျင့်ကိုလည်း သူသည် တင်းမာကျပ်တည်းစွာ ကျင်ခဲ့သည်။ သူသည် သာမန်လူတို့ ကျင်နိုင်ခဲ့သော ဒုက္ကရစရိယာအအကျင့်ကို အရိုးပေါ် အရေမျှသာ ကျန်သည်အထိ ခြောက်နှစ်ပတ်လုံး ကျင့်ခဲ့သည်။ ဤကဲ့သို့ ကျင့်သော်ငြားလည်း သူသည် ပင်ပန်းကြီးစွာ ကျင့်လေ၊ ရည်မှန်းချက်ပန်းတိုင်နှင့် ဝေးလေ ဖြစ်ခဲ့သည်။ နောက်ဆုံး၌ မိမိကိုယ်ကို ပင်ပန်းအောင် ညှင်းဆဲသောအကျင့်၏ အကျိုးမရှိပုံကို သူ တွေ့မြင်ရသဖြင့်

သူသည် အစွန်းနှစ်ဖက်ဖြစ်သည့် မိမိကိုယ်ကို ညှဉ်းဆဲသောလမ်းစဉ်နှင့် ကာမဂုဏ်တို့ကို အလွန်အကျူး လိုက်စားသော လမ်းစဉ်တို့ကို ရှောင်ကြဉ်ကာ အခြားလမ်းစဉ်တစ်ခုကို လိုက်နာကျင့်သုံးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ယခု သူတွေ့ရှိသော လမ်းစဉ်သည်ကား အလယ်အလတ် လမ်းစဉ် (မဇ္ဈိမပဋိပဒါ)ဟု ခေါ်တွင်သော မဂ္ဂင်ရှစ်ပါးပင်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးသည် နောင်အခါ၌ မြတ်စွာဘုရားရှင်ဟောကြားသောတရားတို့၏ အဓိကအင်္ဂါရပ်များ ဖြစ်လာသည်။ ဤလမ်းစဉ်ကိုလိုက်နာကျင့်သုံးခြင်းအားဖြင့် ဘုရားအလောင်းတော်၏ ဉာဏ်တော်သည် အစွမ်းကုန် ပွင့်လင်းလာသဖြင့် သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိရှိလာပြီးအလုံးစုံကို သိသော သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိလာတော့သည်။

ဘုရားအလောင်းတော်သည် လူသားတစ်ဦးအနေဖြင့် မိမိ၏ ဇွဲ လုံ့လ၊ ဉာဏ်ပညာနှင့် မေတ္တာစာတ်တို့အားဖြင့် အမြင့်မြတ်ဆုံး၊ အပြစ်ကင်းဆုံး ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ ရတော်မူသည်။ သို့ဖြင့် မြတ်စွာ ဘုရားရှင်က လမ်းဖြောင့် လမ်းမှန်ဖြင့်သာ ဤကဲ့သို့သော မြင့်မြတ်သည့်အဖြစ်ကို ရရှိနိုင်သည်ဟု ပြသခဲ့ပေသည်။ ဗုဒ္ဓဘာသာ၏ ထူးခြားသော အင်္ဂါရပ်တစ်ခုမှာ မည်သူမဆိုလိုအပ်သော လုံ့လဝီရိယ သို့မဟုတ် အားထုတ်မှုရှိမည်ဆိုပါက ဘုရားအဖြစ်ကိုပင် ရည်မှန်းနိုင်ခြင်း ဖြစ်ပေသည်။ ယင်းသည် ဆင့်ကဲဖြစ်စဉ် သဘောမျိုးသာဖြစ်ကြောင်း မိမိ၏ လုံ့လဝီရိယဖြင့် ရယူနိုင်စွမ်းရှိသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် လူတို့၏ ဂုဏ်သိက္ခာကို အလေးအနက်ထား၍ လူသားတို့၏ တန်ဖိုးရှိပုံကိုလည်း သင်ကြားပြသလေ့ရှိသည်။ ဘုရားအဖြစ်ကို ရရှိစေရန် လေ့ကျင့်နေသော ဘုရားလောင်းကို ဗောဓိသတ္တဟု ခေါ်ကြသည်။ ဗောဓိသတ္တ ဘုရားလောင်းသည် အလွန်ဝေးကွာသော အချိန်ကာလတစ်ခု၌ မိမိတစ်ဦးတည်းသာ မဟုတ်ဘဲ၊ သတ္တဝါအပေါင်းတို့ပါ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ဒုက္ခဆင်းရဲအပေါင်းတို့မှ လွတ်မြောက်စေခြင်းဟူသော ပန်းတိုင်ကို ရရှိစေခြင်းအလို့ငှာ မရေတွက်နိုင်သော ဘဝတို့၌ ဒုက္ခဆင်းရဲအပေါင်းကို ခံစားခဲ့ရသည်။ အားလုံးကို စွန့်လွှတ်ခဲ့သည်။ ပါရမီတစ်ခုစီကိုလည်း ဖြည့်ဆည်းခဲ့သည်။ မြတ်စွာဘုရားသည် မိမိ၏ အဦးအစဖြစ်စဉ်ကို ဟောပြောခဲ့သည်။ ဘုရားအဖြစ်ကို ရရှိလိုသောစိတ် စတင်ဖြစ်ပေါ်လာပုံ၊ ထိုစိတ်သည်

ရှင်သန်လာ၍ တဖြည်းဖြည်း အကောင်အထည် ပီပြင်လာပုံနှင့် နောက်ဆုံး၌ အလုံးစုံကို သိမြင်တော်မူသော ဘုရားရှင်ဘဝကို ရရှိပုံတို့ကို ဟောပြောခဲ့သည်။ ဤနည်းဖြင့် မြတ်စွာဘုရားရှင်သည် တပည့်ငယ်သားတို့အား စိတ်ဓာတ်မကျစေဘဲ မြင့်မြတ်လှသော ဘဝကို မိမိတစ်ပါးတည်း မူပိုင်လုပ်မည့်အစား တပည့်ငယ်သားတို့အား မိမိကို နမူနာထား၍ မိမိကဲ့သို့ပင် ကျင့်ကြံကြစေရန် အားပေးဆွဲဆောင်ခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကို ဓမ္မ (Dhamma) (သသ်ကရိုက်ဘာသာဖြင့် Dharma) ဟုခေါ်သည်။ 'ဓမ္မ' ဆိုသည်မှာ 'အမှန်တရား' သို့မဟုတ် 'အမှန်တကယ်ရှိသောတရား' ဖြစ်သည်။ ဥပဒေသ သို့မဟုတ် နိယာမ ဟူ၍လည်း အဓိပ္ပာယ်ရသည်။ ယင်းဥပဒေသသည် လူသားတို့၏ နှလုံးသားနှင့် စိတ်အတွင်း၌ တည်ရှိသော သဘောတရားပင် ဖြစ်သည်။ ယင်းသည် မှန်ကန်ဖြောင့်မတ်ခြင်း သဘောတရား၏ ဥပဒေသ (Principle of righteousness) ကို ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်သည် လူသတ္တဝါတို့အား မြင့်မြတ်သောစိတ်၊ သန့်ရှင်းဖြူစင်သောစိတ်နှင့် စိတ်ကောင်း စေတနာကောင်း ထားရှိရန် တိုက်တွန်းခြင်းသည် မည်သည့်တုရား (သို့မဟုတ် နတ်ဗြဟ္မာ) တို့ကိုမျှ ကျေနပ်အားရစေရန် မဟုတ်ဘဲ မိမိကိုယ်တိုင် ထားရှိသော သဘောတရား (သဘာဝဓမ္မ) ၏ အမြင့်ဆုံးအဆင့်နှင့် ကိုက်ညီစေရန်သာ ဖြစ်၏။

ဤ မှန်ကန်ဖြောင့်မတ်ခြင်းတည်းဟူသော သဘာဝဓမ္မသည် လူသားတို့၏ နှလုံးသားနှင့် စိတ်၌သာ ကိန်းဝပ်သည်မဟုတ်ဘဲ စကြဝဠာအတွင်း၌လည်း တည်ရှိသည်။ စကြဝဠာတစ်ခုလုံးသည် တရားစုဝေးရာ တရားအစုအပေါင်းဖြစ်၍ တရားသဘောတို့ကို ထုတ်ဖော်ပြလျက်ရှိသည်။ ယခုခေတ် သိပ္ပံပညာက တွေ့ရှိသော သဘာဝ နိယာမတရားများသည် ထိုသဘောတရားတို့ကို ဖော်ထုတ်ပြသနေခြင်းမျှသာ ဖြစ်သည်။ လထွက်လာခြင်း၊ လဝင်သွားခြင်း စသည်တို့သည် သဘာဝဓမ္မကြောင့်ပင် ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူ ဓမ္မသည် ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ နက္ခတ္တဗေဒပညာရပ်များက လေ့လာခဲ့သော နည်းလမ်းများအတိုင်း ရုပ်ဝတ္ထုများကို စကြဝဠာအတွင်း လှုပ်ရှားစေသော သဘာဝနိယာမပင် ဖြစ်သောကြောင့်ပေတည်း။ လူတို့၏ နှလုံးသားနှင့် စိတ်ထဲ၌

ဓမ္မသည် ရှိသကဲ့သို့ပင် စကြဝဠာအတွင်း၌လည်း ဓမ္မသည် တည်ရှိ၏။ အကယ်၍ လူတစ်ယောက်သည် တရားဓမ္မနှင့်အညီ နေထိုင်ကျင့်ကြံပါက ဒုက္ခဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ခြင်းတည်းဟူသော နောက်ဆုံးလွတ်မြောက်ခြင်းဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာသည် လူအများ နားလည်ထားသည့် ဘာသာတရားမဟုတ်၊ ယုံကြည်မှုနှင့် ကိုးကွယ်မှုစနစ်ပေါ် မူတည်ထားခြင်းလည်း မဟုတ်ပေ။ ဗုဒ္ဓဘာသာသည် အမှန်တရားကို ရှာဖွေခြင်းမှ အစပြုခဲ့သည်ဖြစ်၍ ဖန်ဆင်းရှင်ဘုရားတစ်ဆူ သို့မဟုတ် ပထမအကြောင်း (First Cause) ဟု ခေါ်သော ထာဝရနှင့်ပတ်သက်သည့် မခိုင်လုံသော အယူအဆများမှ စတင် ပေါ်ပေါက်ခဲ့ခြင်း မဟုတ်ပေ။

ဗုဒ္ဓမြတ်စွာဘုရားသည် လူသားတို့၏အကျိုးငှာ စကြဝဠာကြီး၏ သဘာဝ၊ ၎င်း၏ ဖြစ်ပေါ်လာပုံနှင့် ပျက်စီးပုံတို့အပြင် ဒုက္ခခပ်သိမ်းတို့ ဖြစ်စေခြင်း၏အကြောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအကြောင်းတို့ကို ကိုယ်တော်တိုင် ရှာဖွေတွေ့ရှိခဲ့ပေသည်။ ထိုမြတ်စွာဘုရားသည် မိမိကဲ့သို့ပင် သူတစ်ပါးတို့လည်း ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် အမှန်တရားကို တွေ့ရှိကြစေရန် ရည်သန်လျက် မိမိကိုယ်တိုင် မည်ကဲ့သို့ သုတေသန ပြုလုပ်ခဲ့သည်တို့ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် (သံသရာမှ) လွတ်မြောက်စေခြင်းအကျိုးငှာ မိမိကိုယ်ကိုသာ အားကိုးရန်နှင့် ပြင်ပမှ ကယ်တင်ရှင်ကို မရှာဖွေရန် သင်ကြားခဲ့သည်။ မိမိကိုယ်တိုင်ကလည်း လူသတ္တဝါတို့၏ လွတ်မြောက်ကြောင်းကို ဆောင်ရွက်ပေးနိုင်စွမ်းရှိသူ အကျိုးဆောင်တစ်ဦးဟူ၍ မည်သည့်အခါကမျှ တင်ပြခဲ့ခြင်း မရှိပေ။ သို့သော် သူသည် မိမိကိုယ်တော်တိုင် ပြုလုပ်ခဲ့သောကြောင့် နည်းလမ်းကို သိသည်။ သို့ဖြစ်သော်ငြားလည်း ပြုလုပ်ရမည့်ကိစ္စကို မိမိတို့ကိုယ်တိုင် မပြုလုပ်ဘဲ နေပါက မြတ်စွာဘုရားရှင်သည်လည်း ကျွန်ုပ်တို့အား ပန်းတိုင်ရောက်အောင် ပို့ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ မြတ်စွာဘုရားက လမ်းကို ညွှန်ပြနိုင်သည်။ လမ်းခရီးတစ်လျှောက် တွေ့ကြုံရမည့် အခက်အခဲများ၊ သာယာဖွယ်များ စသည်တို့ကို ဖော်ပြပေးနိုင်မည် ဖြစ်သော်လည်း ကျွန်ုပ်တို့၏

ကိုယ်စား ဘုရားရှင်က ထိုလမ်းကို လျှောက်ပေးနိုင်မည် မဟုတ်ပေ။ မိမိတို့ ကိုယ်တိုင်သာ မိမိတို့ လျှောက်ရပေလိမ့်မည်။

စကြဝဠာ၏ ဖြစ်ရပ်ဖြစ်စဉ်ကို ကြောင်းကျိုးတရား (Law of Cause and Effect) တည်းဟူသော သဘာဝနိယာမက ထိန်းချုပ်ထားသည်။ အကြောင်းတရားတစ်ခုသည် အမြဲပင် အကျိုးတရားအဖြစ်သို့ ရောက်ရှိပြီး၊ ယင်းအကျိုးတရားသည်ပင် အကြောင်းတရား ဖြစ်ရပြန်သည်။ ဤသို့ဖြင့် မွေးဖွားခြင်းနောက်မှ သေဆုံးခြင်းက လိုက်လာပြီး၊ တစ်ဖန် သေဆုံးခြင်းနောက်မှ မွေးဖွားခြင်းက လိုက်လာပြန်သည်။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့သည် ဘဝဖြစ်စဉ်တစ်ခုတည်း၏ ဖြစ်ရပ်နှစ်ရပ်မျှသာ ဖြစ်ကြသည်။ ဤအကြောင်းအကျိုးတရား သို့မဟုတ် *'မွေးဖွားခြင်း သေဆုံးခြင်း စက်ဝိုင်းကို သံသရာဟု ခေါ်သည်'*။ သံသရာ၏ အစကို မည်သူမှ သိနိုင်စွမ်း မရှိသကဲ့သို့ သတ္တဝါတို့၏ အစဦးကို လည်း မသိမှု အဝိဇ္ဇာ၏ ဖုံးလွှမ်းမှုနှင့် ကပ်ငြိမှု တဏှာ၏ ညို့ဓာတ်ကြောင့် မည်သူမျှ မသိနိုင်ကြချေ။ (သံယုတ္တ-၂)

ဗုဒ္ဓဘာသာတရားတော်အရ စကြဝဠာသည် ဆင့်ကဲဖြစ်စဉ်အရ ပေါ်ပေါက်ခဲ့သည်။ သို့သော် သုညမှ ပေါက်ပွားလာခဲ့ခြင်း မဟုတ်ဘဲ ယခင်က ရှိခဲ့ဖူးသော စကြဝဠာတစ်ခု ပြိုကွဲ၍ ပျံ့ကျဲလာသော အပိုင်းအစများမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းစကြဝဠာ ပြိုကွဲပါကလည်း ယင်း၏ အပိုင်းအစများ သို့မဟုတ် အမြဲတမ်း ပြန်လည်၍ အားပြည့်လာသော စွမ်းအား အကြွင်းအကျန်တို့မှ စကြဝဠာအသစ်တစ်ခုကို ဖြစ်ထွန်းစေနိုင်ပါသည်။ ထို့ကြောင့် ဤဖြစ်စဉ်သည် စဉ်ဆက်မပြတ် လည်ပတ်နေသော စက်ဝိုင်းတစ်ခုကဲ့သို့ ဖြစ်သည်။ စကြဝဠာတစ်ခု ဟူသည်ကား ကျွန်ုပ်တို့ သိရှိထားသော ကမ္ဘာပေါင်း သန်းနှင့်ချီ၍ ပါဝင်သည်။ ယင်းကမ္ဘာ (World system) တစ်ခုတွင် နေစဉ်စု (solar system) တစ်ခုနှင့် ဘုံပေါင်း မြောက်မြားစွာ ပါဝင်သည်။

ဆိုးလ် (soul) ဟူသည်ကား အဘယ်သို့ပါနည်း။ လူဟူသောသတ္တဝါသည် ရုပ်နှင့်နာမ် အစုအပေါင်းသာ ဖြစ်၏။ ဗုဒ္ဓဘာသာတရားအရ ဆိုသော် လူ၌ ရုပ်နှင့်နာမ်သာရှိ၍ အစဉ်ထာဝရ တည်မြဲသော ဆိုးလ် (အတ္တ) ဟူသည် မရှိ။ ရုပ်ဟူသည်မှာ မျက်စိဖြင့် တွေ့မြင်နိုင်သော အရည်အချင်းများနှင့် စွမ်းအား

တို့၏ မြင်တွေ့နိုင်သည့် အစိတ်အပိုင်းများဖြစ်သည်။ ရုပ်အမျိုးအစားပေါင်း ၂၈ မျိုးရှိသည်။ နာမ်သည်သာလျှင် သတ္တဝါ၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်ပြီး အရေအတွက်အားဖြင့် လေးမျိုးရှိသည်။ ၎င်းတို့မှာ –

၁။ ခံစားမှုအစု (ဝေဒနာက္ခန္ဓာ)

၂။ မှတ်သားမှုအစု (သညာက္ခန္ဓာ)

၃။ ပြုပြင်မှုအစု (သင်္ခါရက္ခန္ဓာ) နှင့်

၄။ အထူးသိမှု (စိတ်) အစု (ဝိညာဏက္ခန္ဓာ) တို့ ဖြစ်ကြသည်။

သို့ဖြစ်၍ ခန္ဓာငါးပါး သို့မဟုတ် ရုပ်နှင့်နာမ် အင်အားစုတို့ အပြောင်းအလဲပေါ်လိုက်၍ အမျိုးအစား၊ ပုံသဏ္ဌာန် စသည်တို့ အမျိုးမျိုးရှိနိုင်သည်။ လူသားတို့၌ စေတနာ ကောင်းမကောင်းနှင့် အရည်အချင်း စသည်တို့ပေါ်မူတည်၍ ကိုယ်ပိုင်း စိတ်ပိုင်းနှင့် စာရိတ္တပိုင်းဆိုင်ရာ စွမ်းအားများစွာ ရှိသည်။ ထို့ပြင် လူသားတိုင်း၏ စိတ်နှလုံးအတွင်း၌ ဉာဏ်ပညာ အလင်းရောင် မီးပွားရှိကြသည်။ သို့သော် လူတို့၌ တစ်ကိုယ်ကောင်းစိတ် (လောဘ)၊ မုန်းတီးခြင်း (ဒေါသ)၊ မသိနားမလည်ခြင်း (မောဟ) တို့ ဖုံးလွှမ်းနေခြင်းကြောင့် ထိုအလင်းရောင် မီးပွားသည် မှေးမှိန်လျက် ချို့ယွင်းလျက် ရှိလေသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် ဘဝ၏ ရည်ရွယ်ချက် ထားရှိသင့်သည်မှာ သေးငယ်သည်ကို ကြီးထွားအောင် ပြုစုပေးရန်၊ လျော့နည်းနေသည်ကို ပိုလျှံလာအောင် ပြုလုပ်ပေးရန်၊ မသိနားမလည်သည်ကို ဉာဏ်ပညာ ပွင့်လင်းအောင် သင်ကြားပေးရန်၊ **အပြစ်မကင်းသည်ကို အပြစ်ကင်းအောင် ပြုလုပ်ပေးရန်တို့ ဖြစ်သည်။ လူသား ဟူသည် မိမိ၏ကံကြမ္မာကို မိမိဖန်တီးနိုင်သူဖြစ်သည်။ မိမိစိုက်ပျိုးထားသည်ကို မိမိ ရိတ်သိမ်းရမည်သာတည်း။**

ဤသို့လျှင် ရုပ်နှင့်နာမ် အင်အားစုတို့သည် ပေါင်းစည်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းတို့ကိုသာ ပြုလုပ်လျက်ရှိပြီး ၎င်းတို့ကို တည်ငြိမ်ခိုင်မြဲအောင် ထားနိုင်မည့် အမြဲတည်ရှိသော ဆိုးလ် သို့မဟုတ် အတ္တလည်း မရှိချေ။ သံသရာ၏ အကြောင်းဖြစ်သော ဘဝကို တွယ်တာကပ်ငြိခြင်းတည်းဟူသော တဏှာကို အကုန်အစင် မပယ်ဖျောက်နိုင်သရွေ့ ကာလပတ်လုံး ဘဝသံသရာသည်လည်း အတောမသတ် ဆက်လက်၍ လည်နေမည်သာတည်း။ ဤဘဝသံသရာစက်ဝိုင်း

ကို လည်စေသည်မှာ လိုချင်မှုတဏှာဖြစ်ပြီး ထင်ရှားဖြစ်ပေါ်စေသည်ကား စေ့ဆော်မှုပင် ဖြစ်သည်။ ဤအရာကို ကံ (ပါဠိ−ကမ္မ၊ သင်္သကရိုက်−ကာရ်မ) ဟု ခေါ်ကြသည်။ ဤကံ သို့မဟုတ် စေ့ဆော်မှုသည် ဘဝဖြစ်ခြင်း၏ အကြောင်းပေတည်း။

ကံ ဆိုသည်မှာ ရည်ရွယ်၍ပြုလုပ်သော ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်ဟူသရွေ့ ပြုလုပ်ခြင်းအားလုံးကို ဆိုလိုသည်ဖြစ်၍ စိတ်ဖြင့် ကြံစည်ခြင်း၊ နှုတ်ဖြင့် ပြောဆိုခြင်းနှင့် ကိုယ်ဖြင့် ပြုလုပ်ခြင်းအားလုံး အကျုံးဝင်သည်။ ပြုလုပ်လိုက်သော လုပ်ရပ်တစ်ခုစီ၌ အကျိုးသက်ရောက်မှုသည် ရှိ၏။ ယင်းလုပ်ရပ်သည် ပထမတွင် အကြောင်းဖြစ်၍ နောင်တွင် အကျိုးဖြစ်လာသည်။ ထို့ကြောင့် ကံကို အကြောင်းအကျိုးတရားဟူ၍ ခေါ်ဆိုနိုင်သည်။ လူသတ္တဝါသည်လည်း မိမိ၏ ကံကြမ္မာကို မိမိဖန်တီးပြုပြင်နိုင်ခွင့်ရှိသော အရှင်သခင်ဖြစ်သည်။ တစ်နည်းဆိုသော် လူသည် အတိတ်ကာလ၏ သား သို့မဟုတ် သမီး။ အနာဂတ်ကာလ၏ မိခင် သို့မဟုတ် ဖခင် ဖြစ်သည်။ သို့သော် ကံတရားသည် လူ့ဘဝကို လုံးဝထိန်းချုပ်ထားခြင်း မဟုတ်ပါ။ ကံတရားကို အကြောင်းပြ၍ လုံးဝ လက်မြှောက်အရှုံးပေးရန်လည်း မဟုတ်ပါ။ အတိတ်ကာလသည် ပစ္စုပ္ပန်နှင့်အတူ အနာဂတ်ကိုပါ အကျိုးပြုသည်။ သို့ရာတွင် ပစ္စုပ္ပန်သာလျှင် အကယ်စင်စစ် တည်ရှိနေသည်ဖြစ်၍ ပစ္စုပ္ပန်ကာလကို ကောင်းကျိုးအတွက် သို့မဟုတ် ဆိုးကျိုးအတွက် အသုံးပြုသည်ဟု ဆိုရာတွင် လူတစ်ဦးတစ်ယောက်၌သာ တာဝန်ရှိကြောင်းကို သတိပြုအပ်ပေသည်။ လူတစ်ယောက်တွင် လွတ်လပ်စွာ စဉ်းစားခွင့်၊ တွေးတောခွင့်ရှိခြင်းကြောင့် သူ၏ လုပ်ရပ်များကို ပြုပြင်ပြောင်းလဲနိုင်သည်။ သူ၏ အနာဂတ်ကိုလည်း သူ ပြောင်းလဲစေနိုင်သည်။ သို့ဖြစ်၍ သူ၏ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ ကြံစည်ခြင်းတို့သည် သူ့အား ကောင်းသောသူတစ်ယောက် ဖြစ်လာစေဖို့ အလားအလာကောင်းမွန်သည်။ ကောင်းသောကံကို ပြုလုပ်ခြင်း အလေ့အကျင့် တိုးတက်ပွားများလာသောအခါ လူတစ်ယောက်အား မကောင်းမှုဟူသမျှကို အောင်နိုင်စေပြီး၊ သူ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်ပေလိမ့်မည်။

လူတို့၏ ဒုက္ခအပေါင်း ဖြစ်ပေါ်ရခြင်းအကြောင်းရင်း သို့မဟုတ် အရင်းအမြစ်သည် မသိမှု (မောဟ)ပင် ဖြစ်သည်။ ထိုမသိမှုသည်ပင်လျှင် ကံ၏ စွမ်းအားဖြင့် သံသရာကို လည်ပတ်စေသည်။ **ဗုဒ္ဓဘာသာတစ်ယောက်သည်** သီလ၊ သမာဓိ၊ ပညာ တည်းဟူသော အလယ်အလတ်လမ်းစဉ် (မဇ္ဈိမပဋိပဒါ) ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်။ သူသည် ဘဝပေါင်းများစွာကို ဖြတ်သန်းရင်း ပညာ၊ မေတ္တာတို့ဖြင့် တဏှာကို ပယ်ဖျောက်အောင်နိုင်၍ မိမိကိုယ်ကို လုံးဝသန့်ရှင်းပြည့်စုံစေပြီး **နိဗ္ဗာန်ကို မျက်မှောက်ပြုသည်။** ဤသို့ သန့်ရှင်း ပြည့်စုံသော အခြေအနေမျိုးကို ရရှိစေရန် မိမိ၌ရှိသော အရည်အချင်းအားလုံး တိုးတက်ဖွံ့ဖြိုးရမည်ဖြစ်သောကြောင့် မှန်ကန်စွာ စဉ်းစားဆင်ခြင်ခြင်း၊ သဘော ပေါက် နားလည်ခြင်းနှင့် မှန်ကန်သော အသက်မွေးမြူခြင်းတို့ကို စွဲမြဲစွာ အားထုတ် ပြုလုပ်ကြရသည်။

ဗုဒ္ဓဘာသာတရားတော်၏ သင်ကြားပြသချက်အရဆိုသော် ကမ္မဋ္ဌာန်း အားထုတ်ခြင်း၊ ဘာဝနာ ပွားများခြင်းအကျိုးအားကြောင့် တန်ခိုးလက္ခဒ္ဓိပါဒ် ငါးမျိုးကို ရရှိနိုင်သည်။ ထိုငါးမျိုးတို့သည်ကား (၁) နတ်တို့၏ မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)၊ (၂) နတ်တို့၏ နားကဲ့သို့ ကြားနိုင်သောဉာဏ် (ဒိဗ္ဗသောတဉာဏ်)၊ (၃) ရှေးက ဖြစ်ဖူးသော ဘဝများကို ပြန်၍သိသောဉာဏ် (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)၊ (၄) သူတစ်ပါး၏စိတ်ကို သိသောဉာဏ် (စေတော ပရိယဉာဏ်) နှင့် (၅) အာသဝေါတို့ကို ကုန်ခန်းစေနိုင်သောဉာဏ် (အာသဝက္ခယ ဉာဏ်) တို့ ဖြစ်ကြသည်။ ထိုမှတစ်ပါး သူတစ်ဦးတစ်ယောက်သည် အလုံးစုံကို သိသောဉာဏ်နှင့် ပညာတို့၏ အကျိုးအားကြောင့် ယခုဘဝ၌ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုပါက နောက်ထပ်တစ်ဖန် မွေးဖွားတော့မည် မဟုတ်၍ ဘဝသံသရာ စက်လည်း ဤတွင် ပြတ်စဲသည်။

**နိဗ္ဗာန်သည် ဘဝပြတ်ဆုံးခြင်းမဟုတ်၊ မည်သည့်အရာမှမရှိ၊ ဗလာနတ္ထိ သက်သက်ဖြစ်သည်ဟူ၍လည်း မဆိုသာပေ။ နိဗ္ဗာန်ဟူသည် အမြင့်ဆုံး ငြိမ်းအေး ခြင်းနှင့် ချမ်းသာခြင်းတို့ ဖြစ်၍ ပြုပြင်မှုကြောင့်ပြင်သော ဇာတိ နောက်ထပ်တစ်ဖန် လုံးဝမဖြစ်ခြင်းကို ဆိုလိုသည်။** ဗုဒ္ဓဘာသာ ကျမ်းစာများ၌ နိဗ္ဗာန်ကို အမြင့်ဆုံး ကိုးကွယ်ရာ၊ ဘေးကင်းရာနှင့် လွတ်မြောက်ခြင်း၊ ငြိမ်းအေးခြင်း စသည်ဖြင့် ဖော်ပြလေ့ရှိသည်။

ဗုဒ္ဓဘာသာတွင် အပိုင်းသုံးပိုင်းရှိသည်။ ၎င်းတို့သည်ကား စာပေ ပရိယတ္တိပိုင်း၊ လေ့ကျင့်အားထုတ် ပွားများခြင်း ပဋိပတ္တိပိုင်းနှင့် မျက်မှောက်ပြုခြင်း တည်းဟူသော ပဋိဝေဓပိုင်းတို့ ဖြစ်သည်။ တရားစာပေများကို တိပိဋက ဟု ခေါ်သော တောင်းသုံးတောင်း၌ ထိန်းသိမ်းခဲ့ရာ ထိုတောင်းများအတွင်းရှိ ဗုဒ္ဓ မြတ်စွာဘုရားရှင်၏ စကားတော်များသည် ခရစ်ယာန်ဘာသာ သမ္မာကျမ်းစာ၏ (၁၁) ဆ ရှိသည်ဟု အင်္ဂလိပ်ဘာသာ ပြန်ဆိုသူတို့က ခန့်မှန်းကြသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သဗ္ဗညုတ ဉ္စောဏ်တော်ကို ရရှိပြီးသည် နောက် မကြာမီပင် ရဟန္တာများ အပါအဝင် အရိယာများနှင့် အရိယာအဖြစ်ကို ရရှိစေရန် ကျင့်ဆဲရဟန်းတို့ဖြင့် သံဃာအဖွဲ့အစည်းကို ထူထောင်ခဲ့သည်။ သံဃာအရေအတွက်သည် တိုးတက်လာခဲ့သည်ဖြစ်၍ မြတ်စွာဘုရားရှင်၏ သာသနာတော်သက်တမ်း ၄၅ နှစ်တွင် အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံးနှင့် ယင်းကို ကျော်၍ပင် သာသနာတော်သည် ပျံ့နှံ့ခဲ့ပေသည်။ သို့ဖြစ်၍ သတ္တဝါတို့အား လွတ်မြောက်စေတတ်သော ထိုတရားတော်မြတ်ကို လူများစွာထဲမှ မျက်စိအမြင် ရှိသူတို့သာ တွေ့မြင်ရသည်။ ထို့အပြင် အမျိုးသမီးများနှင့် အပ်စပ်သော သိက္ခာ ပုဒ်အနည်းငယ်တို့ကို ဖြည့်စွက်ပြီး ဘိက္ခုနီများအတွက် အလားတူအဖွဲ့အစည်းကို ဖွဲ့စည်းထူထောင်ခဲ့သေးသည်။ **ဒီမိုကရေစီနည်းကျကျ ဖွဲ့စည်းခဲ့သော ဗုဒ္ဓဘာသာ သံဃာအဖွဲ့သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသော ဘာသာရေးအဖွဲ့ ဖြစ်ပြီး ယနေ့တိုင်အောင် ဆက်လက်တည်ရှိသည်။**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ခုနစ်ရက်မြောက်သောနေ့တွင် သံဃာအဖွဲ့၏ အကြီးအကဲဖြစ်သော အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ တရားတော်များကို ဟောကြားတော်မူခဲ့သည့်အတိုင်း တည်တံ့စေရန်အလို့ငှာ သင်္ဂါယနာတင်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် (၃) လအချိန်၊ သာသနာတော်နှစ် (၁) နှစ်၊ (၅၄၄ ဘီစီ) တွင် အဇာတသတ် မင်း၏ အကူအညီဖြင့် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့ အမှူးပြုသော ရဟန္တာမဟာထေရ်ကြီး အပါး (၅၀၀) တို့က ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ထိုသင်္ဂါယနာသည် နှုတ်တက်ရွတ်ဆို သော သင်္ဂါယနာဖြစ်သည်။

ထို့နောက် ရဟန်းအချို့တို့က ဝိနည်းကျင့်ဝတ်နှင့်မညီသော (အဓမ္မ ဝတ္ထု) ဆယ်ပါးကို ဟောပြောပြုကျင့်သည်ကို အကြောင်းပြု၍ သာသနာ့ အန္တရာယ်ကို ဟန့်တားစေရန်နှင့် မြတ်စွာဘုရားရှင်၏ တရားတော်များ တည်တံ့ ခိုင်မြဲစေရန်အတွက် သာသနာနှစ် (၁၀၀) ပြည့်နှစ် (၄၄၃–ဘီစီ) တွင် ကာလာသောကမင်း၏ အကူအညီဖြင့် အရှင်ရေဝတ အမှူးပြုသော ရဟန္တာ မထေရ်မြတ် အပါး (၇၀၀) တို့က ဝေသာလီပြည်၌ ဒုတိယအကြိမ် သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ထိုသင်္ဂါယနာသည်လည်း နှုတ်တက်ရွတ်ဆိုသော သင်္ဂါယနာပင် ဖြစ်သည်။

ထို့နောက် သာသနာနှစ် ၂၃၅ (၂၇၃ ဘီစီ) တွင် သီရိဓမ္မာသောက မင်းကြီး အကူအညီဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးပြုသော ရဟန္တာ မထေရ်ကြီး အပါး ၁၀၀၀ တို့က ပါဋလိပုတ်ပြည်၌ တတိယအကြိမ် သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ထိုတတိယသင်္ဂါယနာတင်သည့်အချိန်က ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့ကြသည်။

ထို့နောက် သာသနာနှစ် ၄၅၀ (၉၀ ဘီစီ) တွင် ဝဋ္ဋဂါမဏိမင်း အကူအညီဖြင့် အရှင်မဟာ ဓမ္မရက္ခိတ၊ အရှင်မဟာ အဂ္ဂတို့ အမှူးပြုသော ရဟန္တာမထေရ်ကြီး အပါး ၅၀၀ တို့က သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံ၌ စတုတ္ထ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်မှစ၍ နှုတ်တိုက် ကျက်မှတ်ခဲ့ရသော ပိဋကပါဠိတော်ကို ဤအကြိမ်တွင် ပေရွက်၌ အက္ခရာတင်တော်မူခဲ့ကြသည်။

ထို့နောက် သာသနာတော်နှစ် ၂၄၁၅ (ခရစ်နှစ် ၁၈၇၁၊ မြန်မာ သက္ကရာဇ် ၁၂၂၂) ခုနှစ်တွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာ တင်ခဲ့ သည်။ မင်းတုန်းမင်းတရားကြီး၏ အကူအညီ အထောက်အပံ့ဖြင့် ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ် အမှူးပြုသော သံဃာတော်အပါး ၂၄၀၀ တို့က သင်္ဂါယနာတင်ခဲ့ကြသည်။ ပိဋကတ်တော်များကို မန္တလေးတောင်ခြေရှိ လောက မာရဇိန် (ကုသိုလ်တော်) ဝင်းအတွင်း၌ စကျင်ကျောက်ဖြူ ၇၂၉ ချပ် ပေါ်တွင် ရေးထွင်း၍ အက္ခရာတင်တော်မူခဲ့ကြသည်။

ထို့နောက် သာသနာတော်နှစ် ၂၄၉၈ (ခရစ်နှစ် ၁၉၅၄၊ မြန်မာ သက္ကရာဇ် ၁၃၁၆) ခုနှစ် ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ ကမ္ဘာအေး

ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာ စတင်ခဲ့ပေရာ သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ်၊ တစ်နည်း မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုသော ၂၅၀၀ နှစ်မြောက် (မေလ ၁၉၅၆) တွင် ပြီးဆုံးသည်။ သင်္ဂါယနာ တင်ရာ၌ မြန်မာဘုန်းတော်ကြီးများနှင့်တကွ ကျန် ထေရဝါဒ လေးနိုင်ငံဖြစ်သော သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့မှ ရဟန်းသံဃာတော် စုစုပေါင်း ၂၅၀၀ တို့ ပါဝင်၍ သင်္ဂါယနာတင်ခဲ့ခြင်းဖြစ်သည်။ ပိဋကတ်ပါဠိတော်များကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ခေတ်ဘာသာစကားများသို့ ဘာသာပြန်ရန် အစီအစဉ်ရှိသည်။

ယခုခေတ်တွင် ဗုဒ္ဓဘာသာဝါဒ နှစ်မျိုးနှစ်စားရှိလေရာ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများ၌ ကျင့်သုံးသော ထေရဝါဒ ဗုဒ္ဓဘာသာနှင့် တရုတ်၊ တိဗက်နှင့် ဂျပန်နိုင်ငံတို့၌ ကျင့်သုံးသော မဟာယာန ဗုဒ္ဓဘာသာတို့ ဖြစ်ကြသည်။

ထေရဝါဒ ဗုဒ္ဓဘာသာ သို့မဟုတ် မထေရ်ကြီးများ၏ လမ်းစဉ် (Way of the Elders) သည် မူလဗုဒ္ဓဝါဒပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ချိန်မှစ၍ ဒုတိယသင်္ဂါယနာတင်ချိန်အထိ ဤဝါဒတစ်မျိုးတည်းသာ ရှိခဲ့၏။ ဒုတိယသင်္ဂါယနာ တင်ချိန်လောက်တွင် မဟာယာနဝါဒ ရှေ့ပြေးဖြစ်သော မဟာသံဃိကဝါဒဂိုဏ်း (Mahasangika school) ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဆာဗတ်စ်တိဝါဒ (Sarvasti Vada) သည် ထေရဝါဒနှင့် ကွဲပြားသော အရေးကြီးသည့် ဒုတိယအုပ်စုအဖြစ်ဖြင့် ပေါ်ပေါက်လာပြန်သည်။ အစကနဦး၌ ခြားနားချက်များသည် အသေးအဖွဲမျှသာဖြစ်သော်လည်း နောင်တွင်မူ ဂိုဏ်းကွဲများ ထပ်ဆင့်ပေါ်ပေါက်လာပြီး များစွာသော ထိုဂိုဏ်းကွဲများသည် မဟာယာန ဖြစ်လာကြသည်။

ထေရဝါဒနှင့် မဟာယာနတို့ အဓိကကွဲပြားချက်တို့မှာ –

(၁) မြတ်စွာ ဘုရားကိုယ်တော်တိုင်နှင့် ပတ်သက်သော အယူအဆများ၊
(၂) ဗောဓိသတ္တနှင့် ပတ်သက်သော ရည်မှန်းထားရှိပုံ၊
(၃) ပိဋကတ်တော် ကျမ်းဂန်စာပေ၊
(၄) ဘုန်းတော်ကြီးများနှင့် ပတ်သက်သော မေထုန်မှု စောင့်စည်းခြင်းနှင့်
(၅) ဘာသာရေးအခမ်းအနား ပြုလုပ်ပုံတို့ ဖြစ်ကြသည်။

ဤဘာသာရေးဝါဒနှစ်ခုတို့ တူညီသော အချက်များမှာ (၁) သစ္စာလေးပါးတရား။ ဤနေရာ၌ ဒုက္ခဆင်းရဲရောက်ရခြင်းသည် ပြောင်းလဲနေသော မမြဲသည့်အရာတို့၌ စွဲလမ်းတပ်မက်ခြင်းကြောင့်ဟူသော အချက်။ (၂) မိမိကိုယ်ကိုမိမိ အစိုးမရခြင်း၊ မပိုင်ဆိုင်ခြင်းတည်းဟူသော အနတ္တသဘောကို လက်ခံထားခြင်း။ (၃) ကြောင်းကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ်တရားကို သူ့နည်းသူ့ဟန်ဖြင့် လက်ခံထားကြခြင်း။ (၄) သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းလမ်းဖြစ်သော မဂ္ဂင်ရှစ်ပါးတရား။ ဤနေရာ၌ အဓိကလိုက်နာရမည့်အချက်များမှာ ကိုယ်ကျင့်တရား (သီလ) ကောင်းမွန်ရန်နှင့် တရားဘာဝနာ ပွားများရန် (သမာဓိ) တို့ ဖြစ်သည်။ (၅) မေတ္တာသည် အခြေခံကျသည်ဖြစ်၍ မေတ္တာဘာဝနာ ပွားများရန်။ (၆) မြတ်စွာဘုရားရှင်၏ အဆုံးအမကို နာခံကျင့်ကြံခြင်းနှင့် (၇) အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်သည် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းဟူ၍ လက်ခံထားခြင်းတို့ ဖြစ်သည်။

အရှင်သေဋ္ဌိလ၏ ဗုဒ္ဓဘာသာလက်စွဲ
(ဒေါ်မြတင် ဘာသာပြန်ဆိုသည်)

# တတိယပိုင်း

## (နောက်ဆက်တွဲ အထွေထွေ)

# သိပ္ပံ နှင့် ဘာသာရေး

The law of kamma, unlike the laws of physics, chemistery, etc. is intangible, immesurable and unpredictable. Since it is an imperceptible law, it cannot be demonstrated by scientific experiments.

[Extract from Daw Yujananni's
MA (Buddha Dhamma) thesis,
International Theravada Buddhist
Missionary University, 2005]

အထက်ပါ စာပိုဒ်သည် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှာ မဟာဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) ဘွဲ့ယူရန် သီလရှင်ဆရာလေး ဒေါ်ယုဇနညာဏီ ၂၀၀၅ ခုနှစ်တွင် တင်သွင်းသော ဘွဲ့ယူစာတမ်းမှ ကောက်နုတ်ချက် ဖြစ်ပါသည်။ မြန်မာပြန်မှာ –

ကံ (ကမ္မ) နိယာမတရားသည် ရူပဗေဒ၊ ဓာတုဗေဒ စသော ဘာသာရပ်နိယာမများနှင့် မတူပါ။ ကံ (ကမ္မ) နိယာမသည် လက်ဆုပ်လက်ကိုင် ကြည့်၍မရပါ။ တိုင်းတာ၍ ရကောင်းသောအရာ မဟုတ်သည့်အပြင် ကြိုတင် ဟောကိန်းထုတ်၍ ရသောအရာလည်း မဟုတ်ပါ။ မြင်နိုင် ကြည့်နိုင်သော အရာမဟုတ်လေသောကြောင့် ကမ္မနိယာမကို သိပ္ပံစမ်းသပ်ချက်ဖြင့် မှန်ကန်ကြောင်း သက်သေပြ၍ မရစကောင်းပါ။

ဗုဒ္ဓဘာသာ၏ အခြေခံပင်မ မဏ္ဍိုင်တစ်ရပ်ဖြစ်သော ကံ (ကမ္မ) တရားကို သိပ္ပံစမ်းသပ်ချက်ဖြင့် သက်သေပြ၍ မရပါ။ ပြစရာလည်း မလိုပါ။ ဘာသာတရားကို သိပ္ပံနည်းကျ သက်သေပြမှ ကျေနပ်မည်။ ဘာသာတရားသည် သိပ္ပံတွေ့ရှိချက်များနှင့် ကိုက်ညီရန် လိုအပ်သည်ဟု ယူဆခဲ့သော် ထိုအယူအဆသည် သိပ္ပံပညာ၏ သဘောသဘာဝကို ကောင်းကောင်း မသိနားမလည်သောကြောင့် ဖြစ်ပါလိမ့်မည်။

၂၀၀၅ ဧပြီလထုတ် စတိုင်သစ်မဂ္ဂဇင်းတွင် မာရေးဂဲ(လ)မန်း၏ 'မဂ္ဂင်ရှစ်ပါး သီအိုရီ' (Eight-fold way theory) ကို ဖော်ပြခဲ့ပါသည်။ အမှုန်ရူပဗေဒပြဿနာများကို ဖြေရှင်းရန်အတွက် ဂဲ(လ)မန်းက သင်္ချာအခြေခံသော ရူပဗေဒသီအိုရီတစ်ရပ်ကို တင်ပြခြင်းဖြစ်၏။ ထိုသီအိုရီကို အမည်ပေးရာ၌ ဗုဒ္ဓဘာသာ၏ အထွဋ်အမြတ်ဖြစ်သော မဂ္ဂင်ရှစ်ပါးကို ယူ၍ သုံးစွဲလိုက်ခြင်းဖြစ်၏။ တကယ်တော့ ဂဲ(လ)မန်း၏ သီအိုရီသည် ဗုဒ္ဓဘာသာတရားနှင့် ဘာဆိုဘာမျှ သက်ဆိုင်ခြင်း၊ ပတ်သက်ခြင်း မရှိပါ။ ဤအချက်ကို မသိသော (အမှုန် ရူပဗေဒ သီအိုရီကို နားမလည်သော)၊ ဘာသာကိုင်းရှိုင်းသူ ပုဂ္ဂိုလ်အချို့ကမူ Eight-fold way theory ပေါ်ပေါက်လာခြင်းကြောင့် ရူပဗေဒ တွေ့ရှိချက်များက ဗုဒ္ဓ၏တရား မှန်ကန်ကြောင်း ထောက်ခံချက်ပေးနေသယောင် အတွေးခေါင်လေသည်။ ဤပုဂ္ဂိုလ်မျိုးသည် မြန်မာနိုင်ငံအတွင်းမှာထက် ပြည်ပတွင် ပို၍ များပြားလေသည်။

## ဗုဒ္ဓဂါယာမှ ဂေါတမ

ဗုဒ္ဓဂါယာတွင် မြန်မာဝိဟာရ၏ ရှေ့တည့်တည့်၌ 'ဂေါတမ်' (GOTAM) ဆိုင်းဘုတ်တင်ထားသော စားသောက်ဆိုင်စုတ်စုတ်ကလေးတစ်ဆိုင်ရှိ၏။ တဲပုတ်ကလေးဖြစ်သည်။ နေရဉ္ဇရာမြစ်ကို ကျောပေးထားသည်။ GOTAM သည် GOTAMA ကို အိန္ဒိယသားအချို့ စာလုံးပေါင်းနည်းဖြစ်၏။ ဂေါတမ်သည် ဂေါတမဖြစ်၏။

ဤစားသောက်ဆိုင်ကလေးသည် ဂေါတမနှင့် ဘာများ သက်ဆိုင်ပါသနည်း။

အလားတူပင် 'သိဒ္ဓတ္ထ' အမည်ပေးထားသော တည်းခိုခန်းနှင့် စားသောက်ဆိုင်တွေ အိန္ဒိယပြည် ဘီဟာနယ်ထဲ၌ တွေ့ရပါသည်။ ဘုရားအလောင်းနှင့် တည်းခိုခန်း ဘာပတ်သက်မှု ရှိပါသနည်း။

အမည်သည် ပညတ်ဖြစ်၏။

Eight-fold way theory သည်လည်း ပညတ်ဖြစ်၏။ မာရေးဂဲ(လ)မန်းက ဤအမည်ကို တပ်လိုက်ခြင်းသည် ဗုဒ္ဓဂါယာက ဂေါတမ ဆိုင်းဘုတ်တပ်ထားသည့် စားသောက်ဆိုင်ကလေးကို အမည်ပေးပုံနှင့် ဆင်တူလှ၏။

သို့ဖြစ်လင့်ကစား 'မဂ္ဂင်ရှစ်ပါး' ကို အမည်နာမအဖြစ် 'ယူ၍ သုံးစွဲ' ထားခြင်းကို ပညတ်အဖြစ် အလေးအနက်မထားဘဲ ခပ်ပေါ့ပေါ့ ကောက်ချက်ချသူတို့က ဗုဒ္ဓဘာသာသည် သစ္စာတရားဖြစ်သည်။ ယခု သိပ္ပံပညာရှင်တို့ကပင် ယူ၍ အသုံးချနေရပေပြီဟု ရေးလာ ပြောလာကြသည်။

## သိပ္ပံ၏အရှိန်အဝါနှင့် ဗုဒ္ဓဘာသာ

၁၉ နှင့် ၂၀ ရာစုတစ်လျှောက် သိပ္ပံပညာသည် အရှိန်အဝါကြီးစွာ တိုးတက်လာခဲ့သည်။ ၂၁ ရာစုအစ ယနေ့ကာလအထိ တိုးတက်နေဆဲဖြစ်၏။ လူသား၏ဘဝကို သိပ္ပံပညာက လွှမ်းမိုးလာခဲ့သည်မှာ မပြီးဆုံးသေးပါ။

လူသာမန်တို့ အထင်ကြီးလာသော သိပ္ပံပညာကို ဘာသာရေးဆရာတို့ကလည်း အသုံးချလိုပုံရသည်။

အတော်အသင့် စာပေဗဟုသုတ လိုက်စားသူများ ကြုံဖူးတွေ့ဖူးမည်ဖြစ်၏။ ဗုဒ္ဓဘာသာသည် မည်သို့မည်ပုံ သိပ္ပံနည်းကျကြောင်း၊ သိပ္ပံ၏ မည်သည့်တွေ့ရှိချက်က ဗုဒ္ဓဟောကြားသည့် ဓမ္မနှင့် မည်သို့ ကိုက်ညီနေကြောင်း ရေးသူ ဟောသူတွေ ရှိသည်။

မည်သည့်ပုဂ္ဂိုလ်က မည်သည့်စာအုပ်တွင် မည်သို့ရေးထားပါသည်ဟု (သုတေသနစာတမ်းတွင် ကျမ်းကိုးပေးသည့်အတိုင်း) ဤနေရာတွင် မဖော်ပြလိုပါ။ မကြာသေးမီကပင် အိုင်းစတိုင်းသည် ဗုဒ္ဓဘာသာကို ယုံကြည်နှစ်သက်သောသူဖြစ်သလိုလို ရေးသားထားသော စာအုပ်တစ်အုပ်ကို ညွှန်းပြီး မဂ္ဂဇင်းတစ်စောင်၌ ရေးသားထားသည်ကို ဖတ်ရှုလိုက်ရသည်။

သိပ္ပံပဒေးကြီး အိုင်းစတိုင်းကို ဗုဒ္ဓဘာသာဆရာက 'အသုံးချ' လိုက်ခြင်းသည် ကြီးစွာသော အမှားဖြစ်၏။

အိုင်းစတိုင်းသည် အရာရာ စီမံဖန်ဆင်းသည့် ဂေါ့(ဒ) (God) ကို သက်ဝင်ယုံကြည်သူဖြစ်၏။ ယုံကြည်သူ သိပ္ပံပညာရှင်များတွင် ထိပ်ဆုံးတန်းမှ ဖြစ်၏။ ဤယုံကြည်မှုသည် ဗုဒ္ဓဘာသာအယူနှင့် အလွဲကြီးလွဲ အချော်ကြီးချော်နေကြောင်း ဗုဒ္ဓဘာသာဝင်တို့ သတိပြုအပ်ပါသည်။

## သိပ္ပံနှင့် ဘာသာရေး မရောထွေးအပ်

ဗုဒ္ဓဘာသာအတွက်သာမဟုတ်ပါ။ မည်သည့်ယုံကြည်ကိုးကွယ်မှုမဆို မရောထွေးသင့်ပါ။ သိပ္ပံပညာသည် ဘာသာအယူဝါဒကို ဝင်ရောက်မစွက်ဖက်သင့်ပါ။

ဘာသာတရားတစ်ခုကို သိပ္ပံနည်းကျပါသည်။ သိပ္ပံနည်းနှင့် စစ်ဆေး၍ မှန်ကန်ကြောင်း သက်သေပြနိုင်ပါသည်။ သို့ဖြစ်သောကြောင့် ယုံကြည်လက်ခံနိုင်ပါသည်ဟု ကောက်ချက်ချမည်ဆိုပါက ဘာသာရေးအပေါ် ယုံကြည်မှု မလုံလောက်သောကြောင့် အားဖြည့်စရာ ရှာဖွေရခြင်းလောမှာ စဉ်းစားဖွယ်ဖြစ်နေသည်။

## ရေးက သင်ခန်းစာ

ကမ္ဘာ့အဓိကဘာသာကြီး ၄ ခုတွင် ဟိန္ဒူဘာသာ၏ ယုံကြည်မှုသည် မည်သို့မည်ပုံ သိပ္ပံအသိပညာနှင့် ကိုက်ညီကြောင်း ပြောဆိုရေးသားကြသည်ကို စာရေးသူ မသိပါ။ ရှိကောင်းရှိပါမည်။ သို့သော် စာရေးသူ မတွေ့ဖူးပါ။ အစ္စလာမ် ဘာသာကိုလည်း သိပ္ပံတွေ့ရှိချက်များနှင့် တိုက်ဆိုင်ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်းကို မကြားဖူး၊ မဖတ်ဖူးပါ။ ရှိတော့ရှိနိုင်ပါမည်။

ဗုဒ္ဓဘာသာအတွက်မူ အထက်တွင် ဆိုခဲ့သည့်အတိုင်း သိပ္ပံတွေ့ရှိချက်များက ဗုဒ္ဓ၏ဓမ္မကို ထောက်ခံပါသည်။ ဗုဒ္ဓဘာသာသည် သိပ္ပံနည်းကျ အယူဝါဒဖြစ်ပါသည်ဟူသော အရေးအပြောကို စာရေးသူတို့ခေတ်တွင် များစွာ ကြုံတွေ့

ရပါသည်။ ၂၀ ရာစုခေတ်တွင် ပေါ်ထွန်းလာသော ဗုဒ္ဓဓမ္မကို အားဖြည့်ချက် ဖြစ်ပုံရသည်။ ၂၀ ရာစုအကုန်တွင် ပို၍ ပို၍ အားကောင်းလာခဲ့သည်။

ဘာသာရေးနှင့် သိပ္ပံပညာ ရောထွေးခဲ့သဖြင့် ကြီးစွာသောအမှား ကြုံခဲ့ရသော သမိုင်းမှတ်တမ်း ရှိပါသည်။ ၁၆–၁၇ ရာစုသည် သိပ္ပံပညာ ထွန်းသစ်စ 'ရီနေဆွန်း' ခေတ် ဖြစ်သည်။ ထိုအချိန်က ရောမအခြေစိုက် ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာသည် ပေါ်ထွန်းစ သိပ္ပံတွေ့ရှိချက်များ အတွေးအခေါ်များကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးနှင့် သူ၏ရုံးတော်က မကြိုက်မနှစ်သက်သော သိပ္ပံအကြောင်းအရာများကို ဟောပြောပို့ချခဲ့သည့် ဆရာကြီး 'ဂျီဒါနိုဘရူနို' (Giodarno Bruno, 1548-1600) သည် 'မိုက်ပြစ်' အတွက် 'ကားစင်တင်ပြီး မီးရှို့အသတ်ခံခဲ့ရ၏'။

ပို၍ လူသိများသော 'ဂါလီလေယိုဂါလီလီ' (Galileo Galilei, 1564-1642) သည်လည်း ကမ္ဘာက နေကို လှည့်ပတ်နေပါသည်ဆိုသော ပထဝီ သဘောတရားကို ရေးသားသင်ကြားသဖြင့် ခရစ်ယာန်သာသနာက ခုံရုံးတင် အစစ်ဆေးခံရသည်။ ဂါလီလေယိုက မာန်လျှော့ပြီး "မှားမိပါသည်...နောင်တ ရပါပြီ" ဟု ဝန်ချသဖြင့် သေဒဏ်မှ လွတ်မြောက်ခဲ့လေသည်။

ဂါလီလေယို ရေးသားသော 'Dialogue on The Two Chief World Systems, 1632' စာအုပ်ကို ကက်သလစ်ဘာသာက တားမြစ်ပိတ်ပင် ပြီး Index of Prohibited Books (မဖတ်ကောင်း စာအုပ်စာရင်း) တွင် ထည့်သွင်းထားခဲ့သည်။ Dialogue တွင် ဇာတ်ကောင်တစ်ယောက်ဖြစ်သော Simplico 'စင်ပလစ်(စ)ဂိုခေါ်ကိုလူရိုး' ကို 'တိုလမီ' (Ptolemy) ၏ ကမ္ဘာ ကို ဗဟိုထားသော ရှေးရိုးစကြဝဠာကို လက်ခံသူအဖြစ် ပုံဖော်ထားသည်။ ဤသို့ ရေးသည်ကို ထိုစဉ်က သာသနာပိုင်ချုပ် 'ပုပ်အာဘန်(အဋ္ဌမ)' (Pope Urban VIII) က စင်ပလစ်(စ)ဂိုသည် သူ့ကို စောင်းရွဲ့ပြီး ပုံဖျက်သော ဇာတ်ကောင်ဖြစ်သည်ဟု မှတ်ယူသည်ဟု အဆိုရှိ၏။ သို့ဖြစ်၍ ဂါလီလေယို သည် Inguisition ခေါ် ကက်သလစ် ဝိနစ္ဆယရုံးတော်သို့ ရောက်ရလေ သည်။

## ဂါလီလေယိုကို တောင်းပန်ရခြင်း

ခေတ်တွေ နှစ်တွေ ကြာလာသောအခါ သိပ္ပံတွေ့ရှိချက်များသည် ခိုင်မာလာလေသည်။ ရိုမန်ကက်သလစ်ဘာသာသည် 'အငြင်းပွားမှု' ကို အလျှော့ပေးရတော့သည်။ (အခြားခရစ်ယာန်ဂိုဏ်းများကလည်း အလားတူ သိပ္ပံဆန့်ကျင်ရေး သဘောထားများ ရှိခဲ့သည်။ ဟားဗတ်တက္ကသိုလ်သည် ၎င်းကို တည်ထောင်သော ၁၆၃၆ ခုနှစ်တွင် တိုလမီ၏ စကြဝဠာကို လက်စွဲပြုလျက် ဂါလီလေယိုကို ဆန့်ကျင်လျက်ရှိသည်။)

သို့သော် သိပ္ပံခေတ် ရောက်လာသဖြင့် ပြောင်းလဲကုန်သည်။

၁၈၃၅ ခုနှစ်တွင် ဂါလီလေယို၏ Dialogue စာအုပ်ကို တားမြစ်ပိတ်ပင်စာရင်း (Index of Prohibited Books) မှ နုတ်ပယ်ပေးလေသည်။

၁၉၆၅ ခုတွင် 'ပုပ်ရဟန်းမင်းပေါ (ဆဋ္ဌမ)' (Pope Paul VI) က ပိစာမြို့ (Pisa) သို့ အလည်အပတ်ရောက်ရှိစဉ် ဂါလီလေယိုကို ချီးကျူးအမွှမ်းတင်သော မိန့်ခွန်းစကား မြွက်ကြားလေသည်။ ပုပ်ရဟန်းမင်းက ဤသို့ ပြောဆိုခြင်းသည် ရှေးရှေးပုပ်ရဟန်းမင်းအဆက်ဆက်တို့ လက်ထက်၌ ရိုမန်ကက်သလစ်သာသနာသည် ဂါလီလေယိုအပေါ်၌ မှားယွင်းခဲ့သည်ဟု ဝန်ချရာရောက်လေသည်။

ထိုမျှမကသေး မကြာမီ ပျံလွန်သော 'ပုပ်ရဟန်းမင်းဂျွန်ပေါ(ဒုတိယ)' (Pope John Paul II) လက်ထက် ၁၉၈၀ ပြည့်လွန်တွင် ဗက်ကီကန်ကောင်စီက အတိအလင်း ဆုံးဖြတ်ချက်ချပြီး ဂါလီလေယိုအပေါ် မှားယွင်းခဲ့ပါကြောင်း ဝန်ချတောင်းပန်ခဲ့လေသည်။

## မြန်မာပြည်မှ ကိုယ်တွေ့တစ်ခု

မြန်မာနိုင်ငံ ရူပဗေဒလောကတွင် စာရေးသူကိုယ်တွေ့ကြုံရသော ရူပဗေဒနှင့် ဘာသာရေး အဆက်အစပ်ကို ဖော်ပြလိုပါသည်။

လွန်ခဲ့သော နှစ် ၃၀ နီးပါးခန့်ဖြစ်သည်။ ထိုစဉ်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (ယခု ရန်ကုန်တက္ကသိုလ်) ရူပဗေဒအသင်းသည် နှစ်စဉ်မပြတ် ရူပဗေဒဂျာနယ် ထုတ်ဝေသော အစဉ်အလာရှိသည်။

ထိုစဉ် ဌာနတွင် ထူးချွန်သော ဒေါက်တာ (Ph.D) ဘွဲ့ရ လူငယ် ဆရာတစ်ယောက်ရှိသည်။ သူသည် လန်ဒန်တက္ကသိုလ် အင်ပီရီယယ်ကောလိပ်၌ အမှုန်ရူပဗေဒ (Particle Physics) အထူးပြုလေ့လာပြီး ဘွဲ့ရသူဖြစ်၏။ သူ၏ ဆရာတွေထဲတွင် အမှုန်ရူပဗေဒ/သဘောတရား ရူပဗေဒလောကမှ အထင်ကရ ပုဂ္ဂိုလ်များ ပါဝင်သည်။ ထိုထဲတွင် ပါမောက္ခဌာနမှူး ပီတီမက်သရူး (P.T. Matthews) ပါသည်။ လောလောလတ်လတ် ရူပဗေဒ နိုဗယ်ဆုရ ပါကစ္စတန်လူမျိုး အဗ္ဗဒူဆလမ် (Abdul Salam) သည်လည်း အင်ပီရီယယ် ကောလိပ် ပါမောက္ခဖြစ်ရာ အထက်ပါ ဒေါက်တာကလေး၏ ဆရာဖြစ်၏။ ကျောင်းကောင်း၊ ဆရာကောင်းတွေနှင့် သင်ကြားခဲ့၊ သုတေသနလုပ်ခဲ့သော ထိုဒေါက်တာကလေး သည် တကယ့်ရူပဗေဒပညာရှင်ဟု ဆိုရမည်ဖြစ်၏။

အတွေ့အကြုံက ဤသို့ဖြစ်ပါသည်။ ထိုဒေါက်တာကလေးက ရူပဗေဒ ဂျာနယ်အတွက် ဆောင်းပါးတစ်စောင် ရေးပါသည်။ အကြောင်းအရာကတော့ ရူပဗေဒမှ SU-4 theory နှင့် ဗုဒ္ဓဘာသာမှ မဟာဗုဒ်ဓာတ်ကြီးလေးပါးနောက် သစ္စာလေးပါးကို ဆက်စပ်ခြင်း ဖြစ်သည်။

အခြေခံဓာတ်လမ်းက ဤသို့ဖြစ်၏။ ၁၉၇၀ ပြည့်ကာလတွင် မာရေး ဂဲ(လ)မန်း၏ SU-3 theory သည် နာမည်ရနေချိန်ဖြစ်၏။ (စတိုင်သစ် ၂၀၀၅ ဧပြီနှင့် မေတွင် ရှုပါ။) အခြေခံမှာ ကွပ်(ခ)သုံးကောင် (three quarks) ဖြစ်သည်။ ထိုသီအိုရီ အနည်ထိုင်မည်ပြုနေဆဲတွင် စတုတ္ထ ကွပ်(ခ) ရှိနိုင်ဖွယ်ကို သဘောတရားရေး ရူပဗေဒဆရာတို့က တွေးခေါ်တွက်ချက်နေသည်။ ထိုသို့ရှိနေဆဲ ၁၉၇၄ ခုတွင် စတုတ္ထကွပ်(ခ) ကို လက်တွေ့ တွေ့ရှိသည်။ Charmed quark **'နှစ်လိုဖွယ်ကွပ်(ခ)'** ဟု အမည်ပေးသည်။

ရူပဗေဒမြင်ကွင်းတွင် –

*(၁) အခြေခံအမှုန်လေးခု ကွပ်(ခ) လေးကောင်*

*ထက်၊ အောက်၊ ထူး နှင့် နှစ်လိုဖွယ်ဟူ၍ အခြေခံဒြပ်သားလေးခု ဖြစ်လာသည်။*

*(၂) အခြေခံကျသော အတုံ့အလှည့် (interaction) ကလည်း လေးမျိုးရှိနေသည်။*

*ဒြပ်ဆွဲအား၊ လျှပ်စစ်သံလိုက်အား၊ ပျော့သော အတုံ့အလှည့်နှင့် ပြင်းသော နယူကလီယာအတုံ့အလှည့် လေးမျိုး။*

စတုတ္ထမြောက် ကွပ်(ခ) ပေါ်ထွက်လာခြင်းသည် ရူပဗေဒ ဒေါက်တာကလေးအတွက် အကွက်ကောင်းဖြစ်လေသည်။

သူ၏ဆောင်းပါးအသေးစိတ်ကို စာရေးသူ မမှတ်မိတော့ပါ။ အကျဉ်းအားဖြင့် ဖော်ပြရသော် ကွပ်(ခ) လေးကောင်၊ အတုံ့/အလှည့်လေးမျိုးဆိုသော ရူပဗေဒပစ္စည်းတို့သည် ဓာတ်ကြီးလေးပါး ဖြစ်နေလေသည်။ ထိုထက်ပိုပြီး ဗုဒ္ဓဘာသာမှ အခြားလေးပါးတွေနှင့်လည်း ချိတ်ဆက်ထားသည်။

ရူပဗေဒပါမောက္ခက စာရေးသူအား ၎င်းဆောင်းပါးကို ဖတ်ရှုပြီး ဂျာနယ်တွင် ထည့်ရန် သင့်၊ မသင့် အဆုံးအဖြတ်တောင်းပါသည်။ "ခင်ဗျားကြိုက်ရင် ထည့်ဗျာ…မကြိုက်ရင်လည်း မထည့်နဲ့" ဟု ဆိုသည်။ တကယ်တော့ သူလည်း ဖတ်ပြီးပါပြီ။ ကြိုက်ပုံမရပါ။ သို့သော် ဗုဒ္ဓဘာသာကို အမွှမ်းတင်ရန် ရူပဗေဒကို အသုံးချထားခြင်းဖြစ်သောကြောင့် သူတစ်ဦးတည်းသဘောနှင့် ပယ်လိုပုံ မရခြင်းဖြစ်၏။

*'ထိုဆောင်းပါးကို ရူပဗေဒဂျာနယ်တွင် မထည့်လိုက်ပါ။ အယ်ဒီတာအဖြစ် (ယခု စာရေးသူ) က ပယ်လိုက်ပါသည်'*

ထိုသို့ ပယ်လိုက်ခြင်းသည် မှန်ကန်သော အဆုံးအဖြတ်ဖြစ်ကြောင်း သုံးလေးနှစ်အတွင်း ပေါ်လွင်လာလေသည်။

မကြာမီ ကွပ်(ခ) သည် ခြောက်ကောင်ဖြစ်လာသည်။ top နှင့် bottom တို့ ပေါ်လာသည်။ ဓာတ်ကြီးလေးပါးနှင့် ကွပ်(ခ) လေးကောင်ကို ဟပ်ထားသော ဖွင့်ဆိုချက်သည် ကွပ်(ခ) နှစ်ကောင် နောက်တိုးကို ဘယ်လို စာရင်းရှင်းမည်နည်း။

(ယခု ဖော်ပြပါ ဓာတ်လမ်းသည် ရူပဗေဒပါမောက္ခနှင့် အယ်ဒီတာတို့သာ သိသော အဖြစ်သနစ်ဖြစ်ပါသည်။)

## ဘာသာရေးနှင့် သိပ္ပံအခြေခံ ကွဲလွဲချက်များ

သိပ္ပံပညာကို ဘာသာရေးနှင့် မကိုက်ညီဟု ကန့်ကွက်လိုသောအခါ၌ဖြစ်စေ၊ သိပ္ပံပညာက ဘာသာရေးကို ထောက်ခံပါသည်ဟု ကောက်ချက်ဆွဲလိုသည့်အခါဖြစ်စေ ကြီးစွာ သတိထားအပ်သောအချက်များ ရှိပါသည်။

သိပ္ပံနှင့် ဘာသာရေး မတူသော အခြေခံများဖြစ်ပါသည်။

### ၁။ ပြီးပြည့်စုံပြီးနှင့် လုပ်နေဆဲ

*ဘာသာရေး*။ ။ မည်သည့်ဘာသာတရားမဆို ဟောပြောအပ်သော တရားဓမ္မနှင့် အဆုံးအမတို့သည် ပြီးပြည့်စုံပြီးဖြစ်သည်။ နောင်လာနောက်သားတို့က ဘာမှဖြည့်စွက်ရန် ပြင်ဆင်ရန် မရှိ။

*သိပ္ပံ*။ ။ သိပ္ပံပညာသည် မပြီးသေးသော ပန်းချီကားဖြစ်၏။ ဘယ်တော့မှ ပြီးမည်မဟုတ်သော ပန်းချီကားဖြစ်၏။ ပြင်စရာတွေရှိသည်။ ဖြည့်စရာတွေရှိသည်။ 'ဂရီဂါမင်ဒဲ(လ)'၏ ဗီဇပညာ (Genetics) သည် ပညာရပ် အဖွင့်မျှသာဖြစ်ပြီး ယခုအထိ ဖြည့်စွက်စရာ အသစ်ရှာနေရဆဲ ဖြစ်သည်။ နယူတန်၏ ဒြပ်ဆွဲအားကို အိုင်းစတိုင်းက ဖြည့်စွက်ပြင်ဆင်ရသည်။ ဂျေဂျေသွန်မဆင်က အီလက်ထရွန်ကို အမှုန်ကလေးအဖြစ် တွေ့ခဲ့သော်လည်း သူ၏သားနှင့်မြေးက အီလက်ထရွန်သည် လှိုင်းကလေးအဖြစ်လည်း ပြုမူကြောင်း ဖြည့်စွက်ရန် လက်တွေ့အထောက်အထား ရခဲ့သည် စသည်ဖြင့် ဥပမာများစွာ ပေးရန်ရှိပါသည်။

### ၂။ ပြင်ဆင်ခွင့်မရှိနှင့် ပြင်ဆင်ခွင့်ရှိ

*ဘာသာရေး*။ ။ ထို့ပြင်မကသေး ဘာသာတရားဓမ္မကို ရှိပြီးအတိုင်း မဟုတ်ပါ။ ဤသို့ဖြစ်စေရမည်ဟု မည်သူတစ်ဦး တစ်ယောက်ကမျှ ဝင်၍ ပြင်ဆင်ခွင့် မရှိပါ။ ပြင်ဆင်သူကို အများက သည်းခံလိမ့်မည် မဟုတ်ပါ။

*သိပ္ပံ*။ ။ သိပ္ပံသီအိုရီကို ပြင်ဆင်နိုင်သည်။ မှားနေသော သီအိုရီကို တင်ပြသူကိုပင် အများက သည်းခံသည်။ ဝေဖန်ခြင်းတော့ ခံရမည်။ အများလက်မခံသော တစ်နေ့တွင် ကွယ်ပျောက်သွားလိမ့်မည်။ သင်သည် ကြိုက်ရာ သိပ္ပံသီအိုရီကို အဆိုပြုနိုင်ပါသည်။

## ၃။ လက်တွေ့ချင်း မတူ

*ဘာသာရေး*။ ။ ဗုဒ္ဓဘာသာက လာပါ…လက်တွေ့လုပ်ကြည့်ပါဟု ဖိတ်ခေါ်ချက်ရှိသည်။

*သိပ္ပံ*။ ။ သိပ္ပံပညာက လက်တွေ့ တွေ့ရှိချက်အပေါ် အခြေခံသည်။ သို့သော် လက်တွေ့ချင်း မတူပါ။ သဘာဝချင်း မတူပါ။ ဗုဒ္ဓဘာသာက လက်တွေ့သည် ရုပ်–နာမ်ကိစ္စအတွက် ဖြစ်သည်။ ကံပါရမီအခြေခံလိုက်ပြီး လက်တွေ့လုပ်သောအခါ တွေ့ရှိချက်သည် ကွဲပြားလိမ့်မည်။ (တရားထိုင်သူချင်းအတူတူ ပါရမီ ကောင်းသူက တရားမြန်မြန်ရပြီး၊ ပါရမီ ချို့ငဲ့သူက တရားနှင့် ဝေးသည်။)

သိပ္ပံလက်တွေ့က ဤသို့မဟုတ်။ မည်သူ လက်တွေ့လုပ်လုပ် လုပ်ပုံချင်း တူညီလျှင် ရလာသောအဖြေတွေ တူရမည်။ တစ်ယောက်လုပ်ပြီးလက်တွေ့ကို နောက်တစ်ယောက်က ပုံတူထပ်ပြီး လုပ်နိုင်ရမည်။ Reproducible results အကြိမ်ကြိမ် ထပ်မံထုတ်ယူနိုင်သောအဖြေကို ရရှိရမည်။

သိပ္ပံစမ်းသပ်ချက်တွင် Reproducibility သည် အရေးကြီး၏။ ဘာသာရေး၌ လက်တွေ့သည် Reproducible ဖြစ်မည်မထင်ပါ။

## ၄။ ယုံကြည်မှုနှင့် ဆိုင်/မဆိုင်

ဘာသာရေးသည် ယုံကြည်ကိုးကွယ်မှု (faith) ၏ ကိစ္စဖြစ်သည်။ သိပ္ပံပညာမှာ ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ပါ။ ဖား၏ သွေးလှည့်ပတ်ပုံကို လေ့လာလျှင် ဘယ်ဘာသာဝင်က လေ့လာ လေ့လာ တွေ့ရှိချက်မှာ အတူတူဖြစ်ပါသည်။

## ၅။ ရုပ်ပိုင်း နာမ်ပိုင်း ပါဝင်မှု

ဗုဒ္ဓဘာသာဘက်မှကြည့်လျှင် ပို၍ သတိပြုစရာ ရှိပါသည်။ ဗုဒ္ဓဘာသာသည် ရုပ်-နာမ်နှင့် သက်ဆိုင်ပါသည်။ **သိပ္ပံသည် ရုပ်နှင့်သာ ဆိုင်ပါသည်။** သက်ရှိများကို လေ့လာသော ဇီဝဗေဒ (biology) သည် သက်ရှိ၏ ရုပ်ပိုင်း (ကလာပ်စည်း cell များနှင့် ၎င်းတို့ အစိတ်အပိုင်းများ၏ ဖွဲ့တည်ပုံ လှုပ်ရှားပုံ) ကို လေ့လာသည်။

## ၆။ သရုပ်ခွဲပုံ မတူခြင်း

သိပ္ပံပညာသည် လက်တွေ့တွေ့ရှိချက်များကို သရုပ်ခွဲ (analyze) ရသည်။ ကောက်ချက်ဆွဲယူခြင်း (deduction) လုပ်ရသည်။ လက်နက်ကိရိယာအဖြစ် ခေတ်မီသင်္ချာကို ကိုင်စွဲရသည်။

ဘာသာရေးတွင်လည်း သရုပ်ခွဲခြင်း အရေးပါပါသည်။ ကောက်ချက်ဆွဲယူခြင်း ပါဝင်ပါသည်။

သို့သော် ဘယ်လိုပြောရမည်မသိ။ လုပ်ပုံချင်း သိပ္ပံပညာနှင့် မတူပါ။ ဘာသာရေးတွင် ခေတ်ပေါ်သင်္ချာကို ထည့်သွင်းအသုံးချရန် လိုမည်မဟုတ်ပါ။

## ၇။ ပေါက်ဖွားပုံ မတူခြင်း

ဘာသာတရားတစ်ခု ပေါ်ပေါက်ခြင်းသည် (ဟိန္ဒူဘာသာကလွဲလျှင်) ပုဂ္ဂိုလ်တစ်ဦးတည်းကို အကြောင်းပြု၏။

သိပ္ပံပညာသည် တစ်ဦးတည်း၏ လက်ရာမဟုတ်။ ခေတ်အဆက်ဆက် တစ်ယောက်ပြီးတစ်ယောက် ဆက်၍ပုံဖော်ရသော ရုပ်တုကားချပ်ဖြစ်၏။

### နိဂုံး

ဘာသာရေးနှင့် သိပ္ပံကို စပ်ဟပ်ရန် ကြံရွယ်လျှင် အထက်ပါ မတူညီသော အခြေခံများကို အလေးထားအပ်ပါသည်။

ဘာသာရေးသည် တည်တံ့နေပါသည်။

သိပ္ပံသည် ပြောင်းလဲတိုးတက်နေပါသည်။

ယနေ့ သိပ္ပံက ဘာသာတရားကို ထောက်ခံနေသည်ဟု ကောက်ချက်ဆွဲထားမည်ဆိုက နောင်တစ်ချိန်၌ သိပ္ပံက တစ်မျိုးပြောင်းသွားလျှင် ဘယ်လိုပြောပါမည်နည်း။

တကယ်တော့ ဘာသာရေးသည် သိပ္ပံပညာ၏ အထောက်အပံ့ကို မလိုပါ။ ဗုဒ္ဓဘာသာသည် သက်တမ်း နှစ် ၂၅၀၀ ကျော်ခဲ့ပါပြီ။ သိပ္ပံပညာ မပေါ်ခင်က ရပ်တည်ခဲ့ရာ ယနေ့ထိ ခိုင်မြဲနေပါသည်။ ခေတ်သစ်သိပ္ပံပညာသည် သက်တမ်း နှစ် ၃၀၀ ခန့်သာ ရှိသေးသည်။

ထို့ကြောင့်

မာရေးဂဲ(လ)မန်းက 'The Eight-fold way' ဟု ဗုဒ္ဓဘာသာတရား၏ အမည်နာမကို ယူပြီး သုံးလိုက်ခြင်းသည် ဗုဒ္ဓဓမ္မနှင့် ဘာမျှ သက်ဆိုင်ခြင်းမရှိပါကြောင်း။ ဗုဒ္ဓဂါယာရှိ မြန်မာဝိဟာရရှေ့မှ 'ဂေါတမ' ဆိုင်းဘုတ်တပ်သော စားသောက်ဆိုင်၏အမည်လို ပညတ်သက်သက်သာ ဖြစ်ပါကြောင်း 'ဘက်ညီမှုနှင့် လောကနိယာမများ' အခန်းဆက်ဆောင်းပါးဖြင့် ပရိသတ်အား ပြောကြားလိုပါသည်။

<u>ကိုးကား</u>

- ဘိုးလှိုင်၏ 'အနုစိတ်သိသမျှ ရုပ်လောက (ဘက်ညီမှုနှင့် လောကနိယာမများ)'

✦

# ဟိမဝန္တာမှ သုခဘုံ

ဗုဒ္ဓမြတ်စွာ၏ 'နိဗ္ဗာန်' ကို ကျွန်တော်မသိပါ။ သို့နှင့်တိုင် ဗုဒ္ဓရုပ်ပွား တော်များရှေ့မှောက်မှ မေ့ရက်နိုင်စရာ မရှိသော သုခဘုံလေးကိုမူ ကံအားလျော်စွာ ကြုံခွင့်ဆုံခွင့် ရခဲ့ဖူးပါသည်။ ပြောရလျှင် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်က ဖြစ်သည်။ ထိုစဉ်ကာလမှာ ဧဝရက်တောင်ထိပ်သို့ ပထမဆုံးခြေချနိုင်ရန် တောင် တက်အဖွဲ့များ အပြိုင်ကြိုးပမ်းနေကြချိန်၊ ကျွန်တော်ကလည်း တောင်တက် သတင်းများကို ဆောင်းပါးရေးကာ လန်ဒန်တိုင်း(မ) သို့ ပို့နေချိန်ဖြစ်သည်။ ကျွန်တော့်အတွက် ဧဝရက်နှင့် ခတ္တမန်ဒူကို ကူးချည်သန်းချည် လွန်းပြန်ခရီးနှင်နေ ရချိန် ဖြစ်ပါသည်။

ထိုနေ့က ခတ္တမန်ဒူသို့ ပြန်ပြီး နားဦးမည်စိတ်ကူးနှင့် ဧဝရက်တောင် ပေါ်မှ ဆင်းလာခဲ့သည်။ ကျွန်တော်နှင့်အတူ 'ဆိုနမ်' အမည်ရှိသော ရှာပါ လူမျိုးတစ်ဦး ပါသည်။ ရှာပါလူမျိုးများမှာ သွက်လက်ဖျတ်လတ်လှသလို သစ္စာ ရှိသည့်နေရာတွင်လည်း နာမည်ကြီးသည်။ တောင်တက်သမားများအဖို့ အလေး အပင် ဝန်စည်စလွယ်များ သယ်ရန် သူတို့ကို အားမကိုးလို့မဖြစ်။ 'ဆိုနမ်' နှင့် ကျွန်တော်မှာ ခရီးစဉ်အစကတည်းက လက်တွဲခဲ့ကြသူများဖြစ်ရာ မိတ်ဆွေ သူငယ်ချင်းလို ရင်းနှီးနေကြပြီဖြစ်သည်။ တောင်ပေါ်မှ ဒရောသောပါး ဆင်းခဲ့၍

လားမသိ၊ တောင်ခြေရောက်သည်နှင့် ကျွန်တော့်မှာ တစ်ကိုယ်လုံး ကိုင်အရိုက်ခံထားရသလို ချုံးချုံးကျနေတော့သည်။ ကိုယ့်နဖူးကို ကိုယ်ပြန်စမ်းလိုက်တော့ ချစ်ချစ်တောက်ပူနေသည်ကို အလန့်တကြား တွေ့လိုက်ရသည်။ ကျွန်တော်ဖျားပြီ။

အရေးထဲ မုတ်သုံက ကျွန်တော်တို့ခေါင်းပေါ်ရောက်မှ ပြိုကျသွားရာ မစဲတော့သောမိုးက အပြေးတကြီး ရွာချလိုက်ပြန်သည်။ ကျွန်တော့်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့အောင်ပင် စိတ်အပျက်ကြီးပျက်သွားရသည်။ အလွန်သိတတ်သော ဆိုနမ်က သူ့အိတ်ထဲမှ တိုင်းရင်းဆေးတစ်မျိုးကို ထုတ်လိုက်သည်။ သိပ်မကြာမီမှာပင် အပူကျသွားသော်လည်း ကျွန်တော့်မှာ မပျော်နိုင်သေးပါ။ သဲကြီးမဲကြီး ရွာနေသော မိုးကို ငေးရင်း ညည်းညည်းညူညူ ပြောမိသည်။

"ဒီမိုးနဲ့ ခတ္တမန်ဒူကို ဘယ်လိုကူးကြမလဲ ဆိုနမ်ရယ်"

"ဒီလိုလုပ်ဆရာ...ကျွန်တော့်ရွာကို လိုက်ခဲ့...မဝေးဘူး၊ ဒီနားလေးတင်ရယ်"

ဆိုနမ်ညွှန်ပြရာဘက်ကို ကြည့်လိုက်တော့ တစ်မိုးလုံး မှောင်နေသောတိမ်တိုက်တွေကလွဲလို့ ဘာမှမမြင်။ ဆိုနမ်ကတော့ အားတက်သရော ဆက်ပြောသည်။

"အိမ်မှာ ခဏနားလိုက်ပါ ဆရာ...ပြီးမှ ခရီးဆက်ကြတာပေါ့...ရွာကိုရောက်ရင် ဆရာ ပျော်သွားမှာ သေချာတယ်"

"တန်တော့ ဒီကောင် ရွာပြန်ချင်ပြီထင်တယ်" တွေးမိရင်း ပြုံးရသေးသည်။

"မင်းရွာနာမည်က ဘာတဲ့လဲ"

"ချောင်နရီခါခ"

"ဘာရယ်ကွ"

နားမယဉ်သော အသံမို့ နှစ်ခါလောက် ပြန်ပြောမှ နားလည်ရသည်။ ကျောပိုးအိတ်ထဲမှ မြေပုံကိုထုတ်၍ ရှာကြည့်သော်လည်း 'ချောင်နရီခါခ' ကို မတွေ့ပါ။ မည်သည့်ဥရောပသားမှ မရောက်ဖူးသေးသော ဝေးလံခေါင်ဖျားရွာကလေး ဖြစ်မည်ထင်ပါသည်။

"အင်း...ချောင်နရီခါခ...ချောင်နရီခါခ"

နှုတ်မှ ရွတ်ကြည့်လိုက်တော့ နာမည်လေးက ခေါ်ရခက်သည့်တိုင် ကဗျာလေးတစ်ပုဒ်လို လှနေသည်။ ဆိုနမ်ကိုလည်း စာနာသည်။ ချောင်နရီခါခ ကိုလည်း စိတ်ဝင်စားသည်။ ကျွန်တော်ကိုယ်တိုင်လည်း နားချင်ပြီ။

"အေး...သွားကြတာပေါ့ကွာ"

* * *

သည်လိုနှင့် မြူတွေဆိုင်းနေသော နေဝင်ဖျိုးဖျအချိန်တွင် ကျွန်တော်တို့ ချောင်နရီခါခသို့ ရောက်သွားခဲ့ပါသည်။ ချောင်နရီခါခမှာ ကျွန်တော် တွေ့ဖူးသော အခြားရှာပါရွာကလေးများလိုပင် တဲအိမ်လေးတွေ ဟိုတစ်စု ဒီတစ်စုနှင့်ဖြစ်သည်။ ထိုတဲစုလေးများကို တစ်မျှော်တစ်ခေါ် အာလူးခင်းကြီးက ဝိုင်းထားသည်။ စိမ်းလန်းစိုပြည်သော ဥယျာဉ်ခြံမြေများကိုလည်း တွေ့ရသည်။ ဘာလမ်းညွှန် အမှတ်အသားမှ မတွေ့ရပါ။ စာသင်ကျောင်းလို ဘုရားရှိခိုးကျောင်းလို ထင်ရှား သော အဆောက်အအုံများလည်း မရှိ။ ကျွန်တော့်မှာ လမ်းလျှောက်ရင်း လမ်း ပျောက်နေတော့သည်။ ဘယ်ရောက်၍ ဘယ်ပေါက်မှန်းပင် မသိတော့။ ဟိုအဝေး သို့ မျှော်ကြည့်လိုက်ရာ နှင်းတွေဖုံးနေသော တောင်ထွတ်ဖြူဖြူတွေကို မြင်ရသည်။ တဝေါဝေါအော်နေသော တောင်ကျချောင်းရေသံကိုလည်း ကြားနေရသည်။ အဖျား တက်ချင်လာသော ကျွန်တော့်မှာ ဘာကိုမှ ရေရေရာရာ မမှတ်မိနိုင်။ ဆိုနမ် သွားရာနောက်သို့သာ တကောက်ကောက်လိုက်နေမိသည်။

ဆိုနမ်က ကျွန်တော့်ကို ရွာလယ်ကောင်တစ်နေရာသို့ ခေါ်သွားသည်။ သူတို့အိမ် ဖြစ်ပါလိမ့်မည်။ နောက် အပေါ်ထပ်အခန်းတစ်ခန်းထဲသို့ တက်သွားရ။ သူ့အိပ်ခန်း ဖြစ်မည်ထင်ပါသည်။ ပြီးမှ ကြမ်းပြင်ပေါ် တစ်နေရာတွင် အိပ်ရာ ပြင်ပေးသည်။ ဘယ်လိုနေရာမှန်း စဉ်းစားမနေနိုင်တော့ပါ။ အိပ်ရာပေါ်သို့ ခြေပစ် လက်ပစ် လှဲပစ်လိုက်သည်။ မျက်လုံးတွေကို ကြိုးစားဖွင့်ထားသည့်တိုင် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပါ။ အခန်းတစ်ခုလုံး မှောင်နေသည် အမှောင်၏အဆုံး နံရံတစ်ခုတွင်မှ အလင်းရောင်ပျပျကို မြင်လိုက်ရသည်။ ယိမ်းက,သလို ဘယ်ယိမ်း ညာနွဲ့ လှုပ်နေသော ဖယောင်းတိုင်သုံးတိုင်။ ဖယောင်းတိုင်နောက် နံရံ ကလိုင် ပေါက်များထဲမှ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း မသဲမကွဲမြင်ရသည်။ ဆိုနမ် မိသားစု

၏ ဘုရားစင်ဖြစ်မည်ထင်ပါသည်။ ကျွန်တော် မြင်ရသလောက် အခန်းထဲတွင် မည်သည့်ပရိဘောဂမှ မရှိပါ။ ဘယ်က ဝင်လာမှန်းမသိသော ထင်းမီးခိုးနံ့က နှာခေါင်းထဲသို့ ဝင်လာသည်။ ဖရိုဖရဲ ကြမ်းပြင်ထက်မှ တကျွိကျွိမြည်သံကလည်း နားထဲ တိုးဝင်လာသည်။ အပြင်တွင်မူ ဟိမဝန္တာမိုးက ရွာလို့ကောင်းဆဲ။ ကျွန်တော် ဘာကိုမှ အမှတ်မထားနိုင်တော့ပါ။ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားပါတော့သည်။

ကျွန်တော် အိပ်ရာမှ နိုးတော့ နောက်တစ်နေ့ မိုးလင်းနေပါပြီ။ နံနက်ခင်း အလင်းရောင်အောက်တွင် ဆိုနမ်တို့ ဘုရားစင်လေးမှာ ကြည်လင်ဝင်းပနေတော့သည်။ ဘုရားစင်ရှေ့ ညောင်ရေအိုးထဲမှ သစ္စာပန်းများမှာ ခုမနက်မှ ပွင့်လာသလို လန်းဆန်းဖြူဆွတ်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံး အံ့ဩလောက်အောင် ပေါ့ပါးလတ်ဆတ်နေသည်။ မနေ့က အညောင်းတွေ၊ အဖျားတွေ ဘယ်ရောက်ကုန်မှန်းပင် မသိ။ စိတ်ထဲမှာလည်း ထူးထူးခြားခြား ပျော်နေမိသည်။ မိုးကတော့ ရွာနေဆဲပင်။ သို့သော် မှိုင်းမှိုင်းညို့ညို့ကြီးမဟုတ်၊ ကြည်ကြည်လင်လင်နှင့် စည်းချက်မှန်မှန် ရွာနေခြင်းဖြစ်သည်။ တစ်ခုတည်းသော ပြတင်းပေါက်မှ အပြင်ကို ငေးလိုက်တော့ မိုးရေချိုးနေကြသော သစ်ပင်ပန်းမန်များမှာ အေးနေအောင် စိမ်းနေသည်ကို တွေ့ရသည်။ ကျွန်တော် ရင်ကိုဖွင့်ပြီး အသက်ကို အားရပါးရ ရှူလိုက်သည်။ မြေသင်းနံ့၊ မိုးနံ့၊ ဟင်းသီးဟင်းရွက်နံ့နှင့် မီးခိုးနံ့တို့က အလုအယက် ပြေးဝင်လာသည်။ ကျွန်တော် ခေါင်းကို ထောင်ပြီး နားကို စွင့်လိုက်သည်။ မိုးစက်သံ တဖျောက်ဖျောက်ကြားမှပင် ဟိုးအဝေး တောင်ကျချောင်းရေသံကို ပီပီသသ ကြားနေရသည်။ မဟုတ်သေးပါ။ ကျွန်တော် ကြားနေရသော စမ်းရေစီးသံမှာ ကလေးများ၏ ခိုးခိုးခစ်ခစ်ရယ်သံ ဖြစ်နေသည်။ ကျွန်တော်ထင်နေသော မိုးစက်သံမှာ မိန်းမများ၏ တီးတိုးသဖန်းပိုးသံ ဖြစ်နေသည်။

နောက် ကြမ်းပြင်ထက်မှ တကျွိကျွိအသံနှင့်အတူ ခြေသံပြင်းပြင်း၊ ပြီးတော့ ပြုံးနေသည့် မျက်နှာများ။

"နိုးနေပြီလားဗျ"

* * *

ထိုရွာလေးတွင် ၂ ရက်မျှ ကြာခဲ့သည်လား၊ ၂ နှစ်မျှ ကြာခဲ့သည်လား ကျွန်တော် မဝေခွဲတတ်တော့ပါ။ ချောင်နရီခါခတွင် နေခဲ့ရသော ကာလငယ်လေး အတွင်း 'အချိန်' သည်ပင် ကျွန်တော့်အတွက် အဓိပ္ပာယ်မဲ့သလို ဖြစ်နေတော့သည်။ ဆိုနမ်က သူ့မိသားစုတစ်ခုလုံးနှင့် မိတ်ဆက်ပေးသည်။ ပြောရလျှင် သူ့မိသားစုပင် မကပါ။ အိမ်နီးချင်းအားလုံး၊ တစ်ရွာလုံးဟူ၍ပင် ဆိုနိုင်ပါသည်။ သူတို့အားလုံး ကျွန်တော့်ဆီလာပြီး စကားစမြည် ပြောကြသည်။ အားပေးနှစ်သိမ့်ကြသည်။ သူတို့ဆိုသည်မှာ ကလေးပေါက်စလေးများမှ အစ၊ လူငယ်လူရွယ် အလယ်၊ သက်ကြီးရွယ်အိုများအဆုံး အရွယ်မျိုးစုံဖြစ်သည်။ တစ်ယောက်ချင်း လာကြ သလို၊ အဖွဲ့လိုက် လာကြသည်များလည်း ရှိသည်။ သူတို့ လာကြတိုင်းလည်း စားစရာတစ်ခုခု ပါလာစမြဲဖြစ်သည်။ များသောအားဖြင့် အာလူးမီးဖုတ် ပူပူနွေးနွေး ဖြစ်သည်။ နောက် ကျွန်တော် ကောင်းကောင်းအသံမထွက်တတ်သော အရက်ချို တစ်မျိုးလည်း ပါသည်။ 'ရာစီ' ဆိုလားပင်။

"တို့များရဲ့ ရိုးရာအရက်ပေါ့ကွယ်။ တောင်ပေါ်ဆန်တစ်မျိုးတည်းနဲ့ ချက်တာမို့ မွှေးနေတာပဲ။ လူနဲ့တည့်တဲ့ကွဲ့။ နာလန်ထစဆိုရင် ဒါလေး သောက် လိုက်၊ တစ်ခါတည်း လန်းဆန်းတက်ကြွသွားလိမ့်မယ်။ ရော့…ရော့ သောက် လိုက်"

တကယ်လည်း မွှေးပါသည်။ တကယ်လည်း လန်းပါသည်။ ထိုအရက် နှင့် ဧည့်ဝတ်ပြုခြင်းမှာ သူတို့၏ ရိုးရာယဉ်ကျေးမှုဟု ဆိုနမ်က ပြောပြသည်။ နောက်တစ်ခု ကျွန်တော် သတိပြုမိသည်မှာ သူတို့အားလုံး ကျွန်တော့်ဆီလာတိုင်း ဘုရားစင်ရှေ့သို့ တန်းသွားခြင်းဖြစ်သည်။ ပြီး ပုဆစ်တုပ်ထိုင်၍ လက်အုပ်ချီ ရှိခိုးကြသည်။ ဘုရားစင်ရှေ့မှ ခွာတော့ သူတို့မျက်နှာတွေမှာ ပိုဝင်းပလာတတ် သည်။ သူတို့ခြေလှမ်းတွေက သိသိသာသာ သွက်လာသည်။ ကြမ်းတမ်းသော စကားဆို၍ တစ်ခွန်းမှ မကြားရပါ။ မပြုံးသော မျက်နှာဆို၍ တစ်ခါမှ မကြုံခဲ့ရ ပါ။ သူတို့စကားတွေမှာ နားဝင်ချိုလှသည်။ သူတို့အပြုံးတွေက အမြင်ချိုလှသည်။ မိုးစက်သံ တဖျောက်ဖျောက်ကို ကျွန်တော် အရသာခံတတ်လာသည်။ ထင်းမီးခိုး နံ့ကိုပင် မွှေးသလိုလို ရှိလာသည်။ ဘုရားစင်လေးကို ကြည့်ရင်းလည်း စိတ်ချမ်း မြေ့ရသည်။ ဆိုနမ် သင်ပေး၍ လက်အုပ်ချီကြည့်လိုက်ရာ အမျိုးအမည်မသိသော ဘဝင်ကျစိတ်ကို ထူးထူးခြားခြား ရလိုက်သည်။

ကျွန်တော်တို့ပြန်တော့ ကလေးတွေ တစ်လှေကြီး လိုက်ပို့ကြသည်မှာ ပျော်စရာလိုလို လွမ်းစရာလိုလို။ သူတို့တစ်တွေမှာ ဘာဆိုဘာမှ အပူအပင်မရှိ။ တောင်ပေါ် ပြေးတက်သည်။ တောင်ကမ်းပါးပြတ်မှ ကျွမ်းထိုးချသည်။ ခုန်ဆွ ခုန်ဆွ သွားတတ်သလို၊ အားရှိအားကုန် ပြေးကြပြန်သည်။ ကိုက်တစ်ရာကျော် ကျော်ရောက်မှ မနည်းပြန်လွှတ်လိုက်ရသည်။ သည်တော့လည်း စောစောကအပြုံး တွေမှာ ဘယ်ဝယ်ဘယ်ဆီ ကျန်ရစ်သည်မသိ။ ငိုင်ငိုင်တွေတွေနှင့် လက်ပြကျန်ရစ် သော သူတို့ပုံရိပ်မှာ မျက်လုံးထဲက တော်တော်နှင့် မထွက်တော့။

"မင်းတို့ရွာလေးက အေးချမ်းလိုက်တာကွာ" ပြောမိတော့ ဆိုနမ်က အားရပါးရပြုံးပြီး ထက်ထက်သန်သန်ပြောသည်။

"အဲဒါ မေတ္တာလေ...ဗုဒ္ဓဘုရားရှင်ရဲ့ မေတ္တာပေါ့ဗျ"

ဆိုနမ်တို့အိမ်မှ ဘုရားစင်လေးကို ပြန်မြင်ယောင်နေမိသည်။ ဆိုနမ် ကတော့ သူယုံကြည်သော သူ့ဘုရားအကြောင်းကို တစ်လမ်းလုံး ပြောနေတော့ သည်။

"ဗုဒ္ဓမြတ်စွာက နီပေါသား ဆရာရဲ့...ကျွန်တော်တို့ နီပေါနဲ့ အိန္ဒိယ နယ်စပ်က ကပိလဝတ် ဆိုတဲ့ မြို့တော်ကြီးမှာ ဖွားမြင်ခဲ့တာပေါ့"

* * *

ချောင်နရီခါခ ရွာကလေးကို ကျွန်တော် အမှန်တကယ် ရောက်ခဲ့သည် လား၊ အဖျားတက် ငန်းဖမ်းရင်း အိပ်မက်ထဲမှာ ရောက်ခဲ့လေသလား။ မကြာ မကြာ ပြန်တွေးမိသည်။ ဤမျှ လောဘ၊ ဒေါသ ကင်းသည့် လူ့ဘုံခန်းဝါလေး တစ်ခု ဤလောကမြေပြင်ဝယ် ရှိကောရှိနိုင်ပါ့မလား သံသယဖြစ်မိသည်။ သို့ဖြင့် အသစ်ထုတ်သော နီပေါမြေပုံကို ပြန်ကြည့်မိသည်။ ဟော...တွေ့ပါပြီ။ ခတ္တမန်ဒူ မြို့တော်၏ အနောက်တောင်ယွန်းယွန်း၊ ဧဝရက်တောင်ခြေနှင့် မနီးမဝေး 'ချောင်နရီခါခ' ဆိုပါလား။ ကျွန်တော် ရောက်ခဲ့ဖူးသည့် ရွာကလေးမှာ မြေကြီး ပေါ်တွင် အမှန်တကယ်ရှိသော သုခဘုံလေးတစ်ခုပါကလား။

<u>စာညွှန်း</u>

- Field of Dreams *(by Jan Morris)*
- ကျော်ဝင်း၏ 'လူများ နေရာများ အတွေးများနှင့် သမိုင်းကို ဖြတ်သန်းခြင်း'

✦

# အာရှအလင်း

လွန်ခဲ့သော လေးနှစ်လောက်က နှစ်သစ်ကူးနေ့မှာ ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ကျောင်းတော် နံရံထက်မှ ကောင်းမြတ်မှုနှင့် ဆိုးယုတ်မှုတို့၏ အားပြိုင်ပွဲ ဆေးရေးပန်းချီကို ငေးရင်း အတွေးနယ်ချဲ့နေမိစဉ် သူတို့နှစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။ သူတို့နှစ်ယောက်ဆိုသည်မှာ နာမည်ကျော် 'ပိုးပေါ့' ၏ လက်ရုံးကြီးများ ဖြစ်ခဲ့ဖူးသော ခမာနီဟောင်း နှစ်ယောက်။

ကမ္ဘောဒီးယားအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ နှစ်ယောက်လုံး သာမန်အရပ်သားတွေ ဖြစ်နေကြပါပြီ။ တစ်ချိန်က သူတို့ကြောင့် သရောကြီးခိုင်းခဲ့ရသောမြေထက် တစ်ခါက သူတို့ကြောင့် ဘဝပျက်ခဲ့ရသူများကြားတွင် အေးအေးလူလူ လမ်းလျှောက်နေကြသည်။ ဤအခိုက်မှာပင် 'တက်' ခေါက်သံတစ်ချက်ကြား၍ လှည့်ကြည့်လိုက်ရာ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် သူတို့ကို ရူးရူးရဲရဲကြည့်နေသော လူငယ်တစ်ယောက်ကို မြင်လိုက်ရသည်။ သူ့ဘေးမှ အဖော်က အဆိုပါလူငယ်ကို ပခုံးဖက်ခေါ်သွားရင်း ခပ်တိုးတိုးပြောလိုက်သည်။

"ထားလိုက်ပါကွာ... အပြန်အလှန် လက်စားချေနေလို့ကတော့ အကြမ်းဖက်မှုတွေ ဘယ်ဆုံးတော့မှာလဲ"

စင်စစ် ဤသို့သောခံယူချက်မျိုးသည်ပင် အာရှသားတို့၏စိတ်သဘာဝ ဖြစ်မည်ထင်ပါသည်။ အင်ဒိုချိုင်းနားစစ်ပွဲအတွင်း မိကွဲ၊ ဖကွဲ၊ ချစ်သူကွဲဖြစ်ခဲ့ရသော

ဗီယက်နမ်များက အမေရိကန်စစ်ပြန်များကို ဖက်ဖက်ပွေ့ပွေ့ ကြိုဆိုနိုင်ကြသည်။ သူတို့၏ မျက်နှာမူရာမှာ အတိတ်မဟုတ်၊ အနာဂတ်ဟု နားလည်ရသည်။ အမေရိကန် အနုမြူဗုံးကြောင့် ပြာပုံဖြစ်ခဲ့ရသော ဂျပန်တွင်လည်း 'မနိုင်ရင် ပေါင်း၊ ပြီးတော့ သာအောင်လုပ်' ပေါ်လစီကို အောင်အောင်မြင်မြင် ကျင့်သုံးပြခဲ့သည်။ လက်တွေ့ကျသော ပိုင်းဖြတ်ချက်လား၊ ခွင့်လွှတ်နိုင်စွမ်းသော ကျင့်ဝတ်ပဲလား မဆိုနိုင်သည့်တိုင် အတိတ်နှင့် အဆက်ပြတ်ခြင်းသည်ပင် အာရှယဉ်ကျေးမှု ဖြစ်လိမ့်မည် ထင်ပါသည်။

လွန်ခဲ့သော နှစ်နှစ်က အမေရိကန်တို့ ကြုံခဲ့ရသည့် အဖြစ်ဆိုးကြီးကိုလည်း အာရှသားတို့အနေနှင့် မိမိတို့ကိုယ်ပိုင်စရိုက်ဖြင့် စာနာနိုင်ခဲ့ကြသည်။ ကမ္ဘာကုန်သွယ်ရေးစင်တာတွင် အသက်ပေးခဲ့ကြသော မီးသတ်ရဲဘော်များအတွက် ထိုင်ဝမ်မီးသတ်တပ်ဖွဲ့က ဆုတောင်းပွဲ လုပ်ပေးသည်။ အိုစမာဘင်လာဒင်နှင့် ပတ်သက်လျှင်လည်း အာရှမွတ်စလင်များက မိမိတို့၏ အမွန်အမြတ် ဘာသာတရားကို အမည်းစက်စွန်းထင်းစေသူအဖြစ် သဘောယူကြသည်။ သို့နှင့်တိုင် အမေရိကန်များကိုယ်တိုင်ကမူ အတိတ်၏ နာကြည်းဒေါသမှ ရုန်းထွက်နိုင်ကြဟန် မရှိသေးပါ။ ဝမ်းနည်းမှုကို သေနတ်သံနှင့် ဖြေဖျောက်၍ ဒေါသကို စစ်ပွဲဖြင့် အရည်ဖျော်ဖို့ ကြိုးစားလျက် ရှိနေကြသည်။

ပြောရလျှင် ၉/၁၁ အရေးအခင်းမှာ အမေရိကန်နှင့် ကမ္ဘာကြီးကို ရင်ဘတ်တစ်ခုတည်းဖြစ်အောင် ဆွဲစုစေလိုက်သော အဆိုးထဲမှ အကောင်းဟု ဆိုနိုင်စရာရှိပါသည်။ သမိုင်းတွင် မရှိခဲ့ဖူးသော စာနာစိတ်ဖြင့် ကမ္ဘာကြီးက အမေရိကန်ကို လက်ကမ်းခဲ့သည်။ သို့နှင့်တိုင် ဒေါသမပြေတတ်သေးသော အမေရိကန်တို့က အဆိုပါ စာနာလက်များကို စိမ်းစိမ်းကားကား ငြင်းပယ်ရက်ခဲ့ကြသည်။ ကမ္ဘာကြီး တစ်ခုလုံး၏ အနာဂတ်အတွက် စဉ်းစားကြရမည့်အချိန်မျိုးတွင်မှ မိမိစိတ်ဒဏ်ရာ၏ စေစားရာအတိုင်း 'ငါတို့နှင့် သူတို့' (Us against them) လောဂျစ်ထဲမှ ရုန်းမထွက်နိုင် ဖြစ်နေရသည်။ 'ဆိုးယုတ်မှုကို ချေမှုန်းလိုက်လျှင် ကောင်းမြတ်မှု ပေါ်ထွက်လာလိမ့်မည်၊ အမှားကို ဆန့်ကျင်ခြင်းက အမှန်နှင့် အတူတူပင်ဖြစ်သည်' ဆိုသော စဉ်းစားနည်းများမှာ နှောင်ကြိုးမဲ့ကမ္ဘာ၏ သရုပ်သကန်လို ဖြစ်နေရတော့သည်။

စင်စစ် သမိုင်း၏ဒဏ်ရာဒဏ်ချက်များကို အလွယ်တကူ မေ့ပျောက်နိုင်လိမ့်မည်တော့ မဟုတ်ပါ။ မမေ့နိုင်သည်က ပြဿနာမဟုတ်၊ တမြည့်မြည့် လောင်မြိုက်နေသော အာဃာတမီးဖြင့် ခရီးဆက်ခြင်းကသာ တကယ့်ပြဿနာ အစစ်ဖြစ်သည်။ ၉/၁၁ နောက်ပိုင်း ဖြစ်ရပ်များကို ဆန်းစစ်လိုက်သောအခါ ကမ္ဘာကြီးက အမေရိကန်အပေါ် နားလည်သလောက် အမေရိကန်တို့က ကမ္ဘာကြီးကို နားမလည်နိုင်သေးဟု ဆိုရလိမ့်မည် ထင်ပါသည်။ ဘာလီ (သို့မဟုတ်) ဘုံဘေ (သို့မဟုတ်) အရှေ့အာဖရိကမှ ဖြစ်ရပ်ဆိုးများမှာ နယူးယောက်မြို့လယ်ကောင်မှ ကြမ္မာဆိုးလို အကျည်းတန်သည်သာ ဖြစ်ပါသည်။ ၁၉၉၁ က ကြုံခဲ့ရသော ဘင်္ဂလားဒေ့(ချ) ရေဘေးမှာ ၉/၁၁ ထက်ပင် လူ့အသက်ပေါင်း အဆ ၄၀ ကို ဓိဝိန်ခြွေသွားခဲ့ဖူးသည်။ ထိုစဉ်က အမေရိကန်တွေ ဘာလုပ်နေကြပါသနည်း။ စာနာစိတ်သည် နားလည်မှု၏ ရေခံ မြေခံဟု ယူလျှင် စာနာစိတ်ကို မည်သို့မွေးကြမည်နည်း။ ပြောကြစတမ်းဆိုလျှင် အမေရိကမှာ အာရှနှင့် နှိုင်းယှဉ်လိုက်လျှင် ယဉ်ကျေးမှုအရာတွင် ပီဘိကလေးငယ်မျှသာ ရှိပါသေးသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က အာရှတိုက်ကြီး၏ တစ်နေရာတွင် ဤသို့ ဖြစ်ခဲ့ဖူး၏။

> *တစ်ခါသော် လုလင်တစ်စုသည် ပြည့်တန်ဆာမတစ်ဦးကို ဆောင်၍ တောအုပ်တစ်ခုတွင် ပျော်ပွဲစားထွက်ခဲ့ကြသည်။ လုလင်များ မူးယစ်မေ့လျော့နေချိန်ဝယ် ပြည့်တန်ဆာမက အဖိုးတန် လက်ဝတ်ရတနာများကိုယူပြီး ထွက်ပြေးသွားရာ လုလင်တစ်သိုက် ဓားဆွဲ တုတ်ဆွဲဖြင့် ဒေါသတကြီး လိုက်ရှာကြသည်။ ဤတောအုပ်မှာပင် ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေခိုက်ဖြစ်ရာ ဒေါသဖြင့် မှန်ယိုနေသော လုလင်များကို ဤသို့ အမေးရှိသည်။*
>
> *"လုလင်တို့ ... ဘာကို ရှာနေကြပါသနည်း"*
>
> *လုလင်များက အကျိုးအကြောင်း ရှင်းပြသည်တွင် ဗုဒ္ဓက ဆက်လက်မေးပြန်သည်။*
>
> *"မိန်းမကိုရှာဖို့ အရေးကြီးသလော... ကိုယ့်ကိုယ်ကိုယ်ရှာဖို့က အရေးကြီးသလော"*

*လုလင်များ တွေသွားစဉ်မှာပင် ဗုဒ္ဓက –*
*“ကိုယ့်ကိုယ်ကိုယ် ရှာမတွေ့သရွေ့ အမြဲလမ်းပျောက်နေလိမ့်မယ်” ဟု ဆိုလိုက်သည်။ ဤတွင် လက်ထဲမှ ဓား၊ လှံ လက်နက်များ မြေသို့ ခသွားပြီး နောက်ဆုံး လုလင်အားလုံး ဗုဒ္ဓ၏ သံဃာအဖွဲ့သို့ ဝင်လိုက်သည်ဟု ဆိုပါသည်။*

အာရှသား အများစုမှာ ဗုဒ္ဓဘာသာဝင်များတော့ မဟုတ်ကြပါ။ သို့နှင့်တိုင် ဗုဒ္ဓ၏ဓမ္မဖြင့် ယဉ်ပါးသူများဟု ဆိုနိုင်ပါသည်။ ဤဓမ္မသည်ပင် အာရှတိုက်၏ အလင်းရောင်လည်း ဖြစ်ပါသည်။ **လမ်းပျောက်နေသော ဆူပါ ပါဝါအတွက် အာရှအလင်းတွင် အရာအားလုံး ကြည်လင်လာနိုင်စရာ ရှိပါသည်။**

<u>စာညွှန်း</u>

- Move on *(by Pico Iyer)*
- ကျော်ဝင်း၏ ‘လူများ နေရာများ အတွေးများနှင့် သမိုင်းကို ဖြတ်ကျော်ခြင်း’

✦

## တရားထိုင်ခြင်းသည် နှလုံးသွေးကြော မာကြောမှုကို ပြေလျော့စေနိုင်သည်

## Meditation help reduced hardened arteries

စိတ်အာရုံကို ထိန်းသိမ်းသောအားဖြင့် တရားထိုင်ခြင်းသည် နှလုံးသွေးလွှတ်ကြောများ ထူထဲမာကြောမှုကို ပြေလျော့နိုင်ရုံမက နှလုံးရပ်ခြင်းနှင့် လေဖြတ်ခြင်းအန္တရာယ်များမှလည်း လျော့ပါးစေနိုင်ကြောင်း သောကြာနေ့က ထုတ်ပြန်သည့် လေ့လာမှုအသစ်တစ်ခုအရ သိရှိရသည်။

*WASHINGTON, 7 March...Transcendental Meditation may help to reduce the thickening of coronary arteries and lessen the risk of heart attack and stroke, according to new research released on Friday.*

မိနစ် နှစ်ဆယ်ခန့်ကြာ တစ်နေ့ နှစ်ကြိမ် တရားထိုင်ခြင်းသည် နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ရာတွင်လည်းကောင်း၊ နှလုံးရောဂါကို ကုသမှုပြုရာတွင်လည်းကောင်း ထိရောက်သည့် လက်နက်တစ်ခုဖြစ်သည်။ ထို့ပြင် ယင်းကို နှလုံးရောဂါအတွက် မိရိုးဖလာကုထုံးတစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်သည်ဟု လေ့လာသူများက ထောက်ပြကြသည်။

*Researchers said that meditating for about 20 minutes twice a day was an effective tool for the prevention and treatment of cardiovascular disease and could be used in addition to traditional therapies for heart disease.*

စိတ်အာရုံကို ထိန်းသိမ်း၍ တရားထိုင်ခြင်း (Transcendental Meditation) သည် ကိုယ်တွင်းပြုပြင်ထိန်းသိမ်းမှုစနစ်ကို ပိုမိုကောင်းမွန်စေပြီး ဓာတ်သဘာဝညီမျှသည့်အကျိုးကျေးဇူးကို ရရှိစေသည်။ ယင်းမှတစ်ဖန် နပ်ကြော များ ဖွဲ့စည်းမှုကို အထောက်အကူပြုကာ နှလုံးရောဂါဖြစ်မှုကို လျော့နည်းစေခြင်း ဖြစ်သည်ဟု အဆိုပါ လေ့လာမှုပြုသူ မဟာရိရှိတက္ကသိုလ်အုပ်ချုပ်မှုဆိုင်ရာ၏ သဘာဝဆေးဘက်ဆိုင်ရာနှင့် ကာကွယ်ရေးဌာန၏ ညွှန်ကြားရေးမှူး ရောဗတ် ရှနင်ဒါ (Robert Schneider) က ပြောပြသည်။

*"TM appears to restore the body's own self-repair mechanisms, the body's own homeostatic balancing and this has effects on neuro hormones and part of the nervous system which helps to slow heart disease," said one of the authors of the study and the director of Maharishi University of Management (MUM) Centre for Natural Medicine and Prevention. Robert Schneider, in a telephone interview.*

အမေရိကန်နိုင်ငံ နှလုံးရောဂါအသင်း၏ စာစောင်ဖြစ်သော 'Stroke' ဂျာနယ်တွင် တရားထိုင်ခြင်းသည် အစားအသောက် မပြောင်းလဲဘဲ၊ လေ့ကျင့်ခန်း မပြုလုပ်ဘဲ သွေးကြောကျဉ်းမှုကို လျော့နည်းစေနိုင်သည်ဟု ရေးသားအကြံပြုခဲ့ သည်။

*Writing in the American Heart Association's journal* ***Stroke****, the researchers said their study was the first to suggest that meditating could help a person to reduce atherosclerosis, without any change in diet or exercise.*

သွေးကြော မာကြောမှု၏နောက်တွင် သွေးကြောနံရံများ၌ အဆီများ ခိုအောင်းမှုပြဿနာက ကပ်၍ ပါလာတတ်သည်။ ယင်းသည် နှလုံးရောဂါဖြစ်ရာ လမ်း၏ အစလက္ခဏာပင်ဖြစ်သည်။ ယင်းသည် အမေရိကန်နိုင်ငံတွင် လူများ သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းလည်း ဖြစ်ပေသည်။

*Atherosclerosis is the heardening of the arteries, accompanied by a build-up of fat deposits in the artery walls. This*

*condition can lead to heart disease, the number one cause of death in America.*

တရားထိုင်ခြင်းသည် ပုံမှန်ဆေးကုသမှုပြုရာတွင် ပေါင်းစပ်အသုံးပြုနိုင်သည့် နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်သည်။ ယင်းသည် နှဗ်ကြောများဖွဲ့စည်းမှုစနစ်နှင့် ကိုယ်ခန္ဓာ လိုက်လျောညီထွေဖြစ်စေရန် ထိန်းညှိပေးနိုင်သည့်အစွမ်းရှိသည်။ ထို့ပြင် နှလုံးရောဂါ ထိန်းချုပ်မှုဆိုင်ရာ အထွေထွေကိစ္စများနှင့် အထွေထွေကျန်းမာရေးများအတွက်ပါ အသုံးပြုနိုင်သည်။

*"TM is a useful adjunct to the usual medical care. It has benefits for re-balancing the cardiovascular system and the body more generally," said Schneider, adding it could have vast implications for management of heart disease and health costs.*

တရားထိုင်ရာတွင် တစ်စုံတစ်ခုသော အသံကိုလည်းကောင်း၊ စိတ်အမှတ်အသားကိုလည်းကောင်း အသုံးပြုကြသည်။ ယင်းသည် တရားထိုင်သူအားပိုမိုတိတ်ဆိတ် အေးချမ်းသော စိတ်အစဉ်များကို ရရှိစေသည်။ ဤနည်းလမ်းသည် အားထုတ်မှုမလို၊ အားစိုက်ရန်မလို၊ စိတ်ကို တကူးတက ဖယ်ရှားနေရန်လည်းမလို သဘာဝအလျောက် စိတ်၏ နားခိုရာအနေအထားကို ရရှိခြင်းဖြစ်သည်ဟု ရောဘတ်ရှနင်ဒါ (Robert Schneider) က ဖြည့်စွက်ပြောကြားခဲ့လေသည်။

*In TM, Schneider said the person used a specific sound or "'mental vehicle', which enabled the person to experience quieter states of thinking. This technique does not require effort, or concentration or emptying the mind of thoughts. It's a natural, effortless process where you reach a state of restful alertness," he said.*

*Ref: NLM / 8 Mar, 2003*
*MNA/Reuters*

(တက္ကသိုလ်မင်းသူ၏ သိပ္ပံနည်းကျ ကျန်းမာအသက်ရှည်အောင်နေနည်း။)

✦

# ကျောင်းများတွင် စိတ်တည်ငြိမ်အောင် ထွက်သက်ဝင်သက် မှတ်ကြ

နှစ်ခ်စထရိ

"**တိတ်ဆိတ်တဲ့အချိန်မှာ** ကျွန်တော်တို့တတ်နိုင်သမျှ စိတ်ငြိမ်အောင် လုပ်ကြပါတယ်" လို့ ဝါရှင်တန်ဒီစီရှိ စံပြကျောင်းမှ သတ္တမအဆင့်ကျောင်းသား ကလေး 'ရက်ကို' က ပြောလိုက်ခြင်းဖြစ်ပါတယ်။ အဲဒီကျောင်းဟာ ကျောင်း တက်ရက်များအတွင်းမှာ နေ့စဉ် မိနစ် ၂၀ လောက် တရားမှတ်တဲ့အစီအစဉ်ကို ထည့်သွင်းပေးထားတဲ့ ကျောင်းဖြစ်ပါတယ်။

"ကျွန်တော်တို့ဟာ မျက်စိမှိတ်လိုက်တယ်။ မျက်စိမှိတ်ပြီး စိတ်မှာ တင်းကျပ်မှုတွေ လျော့သွားအောင် တရားမှတ်ပါတယ်" လို့လည်း ရက်ကိုက ပြောပါတယ်။

ကယ်လီဖိုးနီးယားပြည်နယ် အုက္ကလန်မြို့ရှိ အီမာဆင် အခြေခံမူလ တန်းကျောင်းက ကျောင်းသားကလေးတွေဟာ ဗုဒ္ဓဘာသာက ယူထားတဲ့ 'သတိပဋ္ဌာန်' လို့ခေါ်တဲ့ နည်းများကို လေ့ကျင့်ကြပါတယ်။ ဒီအလေ့အကျင့်နဲ့ ကလေးများဟာ မိမိတို့ရဲ့ ထွက်သက် ဝင်သက်ကို လိုက်မှတ်တတ်လာတယ်။ မိမိတို့စိတ်က ဘာတွေ တွေးနေတယ်ဆိုတာကို လိုက်မှတ်တတ်လာပြီး သမာဓိကို ဘယ်လိုထူထောင်ရမယ်ဆိုတာ သိလာကြပါတယ်။ သူတို့ဟာ တိဘက် ထိုးစည်

ကြီးတစ်ခုရဲ့ အသံဟာ တဖြည်းဖြည်း မကြားနိုင်တော့လောက်တဲ့အထိ တိုးတိုး ညင်ညင် ဖြစ်သွားတာကို လိုက်နားထောင်ရင်းနဲ့ သတိကို ဘယ်လိုစိုက်ထား ရမယ်ဆိုတာ သိလာကြတယ်။

"သတိပဋ္ဌာန်အလုပ်က သိပ်ကောင်းတာပဲ" ဟု အိမ်မာဆောင်ကျောင်းမှ ပဉ္စမအဆင့်ကျောင်းသားကလေး ကာတစ္စက ပြောပါတယ်။

စံပြကျောင်းလို ပုဂ္ဂလိက သီးသန့်ကျောင်းတွေမှာရော၊ အစိုးရကျောင်း တွေမှာပါ ရှိကြတဲ့ ကျောင်းသား ထောင်သောင်းတို့ဟာ တစ်နေ့ တစ်နေ့မှာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအလုပ် တစ်ကြိမ်လောက်လုပ်ခြင်းမျှနဲ့ ရက်ကိုတို့လို၊ ကာတစ္စတို့လို ကျောင်းသားကလေးများ အကျိုးရနေတယ်ဆိုတာကို သံသယ ဖြစ်သူ မရှိသလောက်ပါပဲ။

မက်ဆာချူးဆက်တက္ကသိုလ်က သိပ္ပံပညာရှင်ဟာ ၁၉၈၀ ပြည့်လွန်နှစ် များတုန်းက စိတ်ဖိစီးမှုနဲ့ သောကကို ဖြေလျော့ရာမှာ ကမ္မဋ္ဌာန်းထိုင်တဲ့နည်းဟာ ထိရောက်မှုရှိကြောင်း တွေ့ရှိခဲ့ကြပါတယ်။ လော့ဆန်းဂျလိစ်မြို့ရှိ ကယ်လီဖိုးနီး ယား တက္ကသိုလ်မှာ မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ လေ့လာချက်များမှာလည်း အာရုံစိုက်မှုနည်းတဲ့ ကလေးတွေ၊ အဆော့သန်ပြီး ဂနာမငြိမ်ဖြစ်တဲ့ ကလေး တွေဟာ ကယ်လီဖိုးနီးယားပြည်နယ် အုက္ကလန်ကျောင်းမှာ လုပ်ကြတဲ့ အလားတူ နည်းများကို သိရှိလာပြီးတဲ့နောက်မှာ သမာဓိအားနဲ့ မှတ်ဉာဏ်အား ကောင်းလာ တယ်လို့ ဆိုထားကြပါတယ်။

ဒီလို သုတေသန တွေ့ရှိချက်များကြောင့် နိုင်ငံအတွင်းမှာရှိတဲ့ ကျောင်း တွေမှာ ကမ္မဋ္ဌာန်းထိုင်ခြင်းနဲ့ သတိပဋ္ဌာန် အစီအစဉ်များကို ယုံယုံကြည်ကြည်နဲ့ လိုက်လုပ်လာကြတာ အရေအတွက်တောင် အတော်ကြီးများလို့လာနေပါပြီ။ လွန်ခဲ့တဲ့ငါးနှစ်ကဆိုရင် ဒီလိုကျောင်းမျိုးတွေ သိပ်မများလှသေးဘူး။ လက် တစ်ဆုပ်စာမျှပဲ ရှိသေးတယ်။ ဒါပေမဲ့ ယခုလာမယ့် ပညာသင်နှစ်စမှာဆိုရင် ဒီလိုကျောင်းမျိုးတွေ ၁၀၀ ကျော်လာတော့မှာ ဖြစ်တယ်။ ကယ်လီဖိုးနီးယား တောင်ပိုင်းမှာဆိုရင် ဒေးဗစ်လင့်ချ်ဖောင်ဒေးရှင်းက ကြီးမှူးပြီး အစိုးရ အထောက် အပံ့ကျောင်းနှစ်ကျောင်းမှာ (တစ်ကျောင်းက အင်ဂဲလ်ဝုဒ်မှာ၊ နောက်တစ်ကျောင်း က ဆန်းဗဲလီမှာပါ) တရားမှတ်တဲ့ အစီအစဉ်တွေ ထားပေးသွားဖို့ လုပ်ဆောင် လျက်ရှိပါတယ်။

ဒီလှုပ်ရှားမှုဟာ မန္တန်များနဲ့ တိဘက် ထိုးစည်ကြီးများကို အစိုးရ ကျောင်းတွေအတွင်း သွင်းလာမယ့်သဘောမျိုး ဖြစ်နေတော့ တချို့ တချို့သော ခရစ်ယာန်ကျောင်းတော်နဲ့ နိုင်ငံတော် ပြဿနာကို မျက်စိဒေါက်ထောက် ကြည့်နေကြသူ ဘာသာရေး တက်ကြွသူများအဖို့ ကျယ်ကျယ်လောင်လောင် ပြောဆိုစရာတော့ ဖြစ်လာတယ်။

"ကလေးတွေကို စိတ်ပိုင်းဆိုင်ရာ နည်းမျိုးနဲ့ အတွင်းစိတ် ငြိမ်းချမ်းမှု ရအောင် လုပ်ပေးဖို့ဆိုတာက စာသင်ကျောင်းတွေရဲ့ အလုပ်မဟုတ်ပါဘူး" လို့ အမေရိကန်နိုင်ငံ နိုင်ငံတော်နှင့် ခရစ်ယာန်ဘာသာ စည်းခြားရေးအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ တရားဥပဒေရေးရာကော်မတီဥက္ကဋ္ဌ အက်ဒွပ်တာဘတ်ရှ်က ပြောပါတယ်။ တာဘတ်ရှ်က ဒီကိစ္စဟာ တရားရုံးမှာ တိုက်ပွဲဆင်ရမယ့်အဆင့် အထိ ရောက်လာနိုင်တယ်လို့လည်း ဟောကိန်းထုတ်ပါတယ်။

"ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ဘာသာရေးအခြေခံဝါဒီ၊ ဘုရားမဲ့ဝါဒီတွေပေါင်းပြီး ဒီပြဿနာကို စိန်ခေါ်လာလိမ့်မယ်လို့မြင်မိတယ်"

လွန်ခဲ့တဲ့ ဆောင်းဦးရာသီမှာ ပစိဖိတ် တရားရေးသိပ္ပံက ကယ်လီဖိုးနီးယားပြည်နယ် မာရင်ခရိုင်က ကျောင်းတစ်ကျောင်းမှာ ဒီတရားမှတ်တဲ့ အစီအစဉ်မျိုးအပေါ် မိဘများက ကန့်ကွက်တဲ့ကိစ္စကို အရေးယူ ဆောင်ရွက်ခဲ့လို့ လင့်ချ်ဖောင်ဒေးရှင်းဟာ အဲဒီအစီအစဉ်အတွက် ထောက်ပံ့အားပေးနေခြင်းကို ရုပ်သိမ်းပေးခဲ့ရတယ်။

'သတိပဋ္ဌာန်' ကမ္မဋ္ဌာန်းအစီအစဉ်များကို ဆန့်ကျင်ကြသူများရဲ့ ယေဘုယျ တူညီတဲ့အချက်ကတော့ အစိုးရကျောင်းတွေမှာ ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူဘာသာတို့မှာ အရင်းခံတဲ့ သင်ကြားရေးနည်းနာတွေ ကျင့်သုံးခြင်းကို ဆန့်ကျင်ခြင်းပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၅၀ လောက်ကတည်းက ဘုရားရှိခိုး ဆုတောင်းခြင်းမျိုးကို ကျောင်းတွေက ပြင်ပမှာပဲ လုပ်စေရမယ်ဆိုတဲ့ ဥပဒေအစဉ်အလာတွေ ရှိထားပြီး ဖြစ်နေပါလျက် ဒီမန္တန်တို့၊ တရားမှတ်တာတို့ ဆိုတာတွေကို ဘာကြောင့် ကျောင်းတွေထဲ အဝင်ခံသင့်မလဲဆိုတဲ့ မေးခွန်းလည်း ထွက်ပေါ်လာတယ်။

အဲဒီမေးခွန်းအတွက် တိုတိုဖြေရရင် ဒါတွေဟာ အရှေ့တိုင်းယဉ်ကျေးမှု ဝတ်ရုံတွေကို ခွာချလိုက်တဲ့အခါ တရားမှတ်ခြင်းနဲ့ တခြားသတိပဋ္ဌာန်နည်းနာ

ဆိုတာတွေကိုလည်း ဘာသာရေးလို့ ပြောလို့မရတော့တာမို့ ဒီတရားထိုင်တဲ့နည်းတွေကို အမှားပြည်သူနဲ့ဆိုင်တဲ့ ကျောင်းတွေမှာ ပိတ်ပင်စရာအကြောင်း မရှိတော့ပါဘူးလို့ ဆိုရပါမယ်။ ခရစ်ယာန်ဘာသာရဲ့ အစဉ်အလာများက ထွက်ပေါ်လာတဲ့ ဓမ္မဂီတတွေ သီဆိုတီးမှုတ်တဲ့ ကျောင်းတေးသံစုံကျူးအဖွဲ့ကို ဘယ်သူမှ မကန့်ကွက်ကြပါဘူး။

"ရှင့်ရဲ့ ထွက်သက် ဝင်သက်ကို လိုက်မှတ်တာဟာ ဘယ်ပုံဘယ်နည်း ဘာသာရေးသဘော ဆောင်လို့လဲ" ဟု ကက်သလစ်ဘာသာဝင်လည်းဖြစ်၊ အုက္ကလန်အီမာဆင် အခြေခံမူလတန်းကျောင်းရဲ့ ကျောင်းအုပ်လည်းဖြစ်သူ ဝင်ဒီကက်ပိုရီချီက မေးပါတယ်။

စံပြကျောင်းရဲ့ ကျောင်းအုပ်ဖြစ်သူ ဂျော့ရှာသာဖို့ဒ်ကလည်း "ကျွန်တော်ဟာ နှစ်ခြင်းခရစ်ယာန်တစ်ဦးပါ...ကျွန်တော့်ဇနီးဟာလည်း ခရစ်ယာန်ပညာရေးမှာ ဒေါက်တာဘွဲ့ရထားသူ ဖြစ်ပါတယ်...စိတ်ကို တည်ငြိမ်အောင်လုပ်တာဟာ ဘာသာရေးတစ်ခု မဟုတ်ပါဘူး"

*(အယ်လ်အေတိုင်းမ်) တင်ဦး* ဘာသာပြန်သည်။

# နိဂုံး

## ယနေ့ကမ္ဘာ နှင့် ဗုဒ္ဓဘာသာ

(က)

ကွန်ပျူတာ၊ အင်တာနက်၊ ဖက်စ်၊ ဝက်ဘ်ဆိုက်၊ အီးမေးလ် စသည်တို့သည် စက်မှုလွန်ခေတ် သတင်းလူ့အဖွဲ့အစည်းတွင် ထိုးဖောက်နေရာယူလာကြ၍ ယနေ့ ကမ္ဘာကြီးသည် ကျုံ့သွားသည်။ ကျဉ်းသွားသည်။ ကမ္ဘာလွှမ်းခြုံစနစ် ထွန်းကားလာသည်။ ယင်းကို ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ဟု ကင်ပွန်းတပ်ကြသည်။ ဂလိုဘယ်ဗစ်လေ့ဂျ် (Global village) ဟူ၍လည်း ခေါ်ကြသေးသည်။

အယ်လ်ဗင်တော့ဖလာ (Alvin Toffler) ဆိုသော ပညာရှင်ကမူ ယင်းကို 'တတိယလှိုင်း' (Third Wave) ဟု အမည်သညာပြုလိုက်သည်။ ဤလှိုင်းသစ်လှုပ်ရှားမှုသည် သမိုင်းတွင် ရှိခဲ့ဖူးသော လှိုင်းများ၏ အဆက်ဟူ၍လည်း အကဲဖြတ်သည်။

အဆိုပါလှိုင်းများမှာ သဘာဝ၏ ပေးစာကမ်းစာကို စုရုံးကောက်ခံ၍ စားသောက်ကြရသော အမဲလိုက် လူ့အဖွဲ့အစည်းမှ စိုက်ပျိုးရေးလူ့အဖွဲ့အစည်းသို့ ပြောင်းခဲ့သော 'ပထမလှိုင်း' နှင့် စိုက်ပျိုးရေးမှသည် စက်မှုလူ့အဖွဲ့အစည်းသို့ ပြောင်းလဲခဲ့သော 'ဒုတိယလှိုင်း' တို့ဖြစ်သည်။

(ခ)

ဤခေတ် တတိယလိုင်းတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများ အံ့မခန်း ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာ 'မတိုးတက်မှု' ကလည်း အံ့မခန်းပင် ဖြစ်နေသည်။ တစ်သီးပုဂ္ဂလသဘော ပိုဆောင်လာသည်။ အတ္တကို ဗဟိုပြုမှု လွန်ကဲလာသည်။ ရာဇဝတ်မှုများ ထူပြောလာသည်။ အိမ်ထောင်ပြိုကွဲမှုများ များလာသည်။ ယုံကြည်မှုများ ပြိုဆင်းလာသည်။

ဤသည်တို့သည် ကမ္ဘာ့စုံ နယ်ပယ်အနှံ့ ဖြစ်နေသည်။ စီးပွားရေး နယ်ပယ်တွင် 'ဘနဖူး သိုက်တူး' လုပ်နေကြသည်။ နိုင်ငံရေးနယ်ပယ်တွင် သွေးခွဲ၊ သပ်လျှို၊ ကလိမ်ကျ၊ အမြတ်ထုတ် ကမ်းကုန်အောင် ယုတ်မာနေကြသည်။ လူမှုရေးနယ်ပယ်တွင် သံယောဇဉ်နှင့် တုပ်နှောင်မှုများ ပြတ်တောက်ကုန်သည်။ ကိုယ်ချင်းစာတရား မေတ္တာတရားတို့ ခေါင်းပါးလွန်းကြသည်။ စာပေအနုပညာတွင် 'ပို့စ်မော်ဒန်' အယူအဆက ရေပန်းစားလာသည်။

ဤအချင်းအရာကိုကြည့်၍ ဂန္ထဝင်အစွဲရှိသူများက 'ဆုတ်ကပ်' ဟု ပြောကြသည်။ လက်ဝဲလက်ကျန်များက 'အရင်းရှင်စနစ်၏ အထွေထွေအကျပ်အတည်း' ဟု ဆိုနေကြသည်။ ဤမှာဘက်ခေတ်တွင် 'သမိုင်းနိဂုံး' (The End of History) ဖြင့် 'အိုင်ဒီယာ လူကြမ်းမင်းသားဘွဲ့' ရလိုက်သော ဖရန်စစ်ဖူကူယားမား (Francic Fukuyama) ကတော့ 'မဟာပြိုကွဲမှု' (The Great Disruption) ဟု စာတစ်စောင် ပေတစ်ဖွဲ့ ကျမ်းတစ်ဆူ ပေတစ်အုပ် ထုတ်လုပ်ဖြန့်ချိပြီး ဝိဂြိုဟ်ပြုထားသည်။

ဤ မဟာပြိုကွဲမှုကြီးသည် ဤလူ့ဘောင်တွင် မေတ္တာစမ်းရေအေးတို့ ခန်းခြောက်သွားခြင်း၏ သင်္ကေတ၊ ဒေါသ အာဃာတ မီးလျှံများ တဟုန်းဟုန်း တောက်လောင်နေခြင်း၏ နိမိတ်ပုံ၊ လူသားတို့၏ မပြည့်နိုင်လွန်းသော လောဘအိုးကြောင့် 'ငို့ဘ' သမား ဖြစ်ရခြင်း၏ ဇစ်မြစ်။ ရှင်းရှင်းဆိုရသော် ...

- လောဘရမ္မက် အစွန်းထွက်ခြင်း
- ဒေါသမီးလျှံ လောင်ကျွမ်းခြင်း
- မောဟအမိုက် ကြီးစိုးခြင်း
- မာနတံခွန် တလူလူ လွှင့်ထူခြင်း တို့၏ 'ရုပ်လုံး' ဖြစ်သည်။

(ဂ)

ဤသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုတို့၏ မညီမျှမှုကြောင့်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာတို့ တိုးတက်ဖွံ့ဖြိုးသည့်နည်းတူ နာမ်ပိုင်းဆိုင်ရာတို့လည်း တိုးတက်ဖွံ့ဖြိုးဖို့ လိုအပ်လှသည်။ ထိုသို့ ရုပ်နှင့်နာမ်တို့ သဟဇာတသဘော အထောက်အကူပြု ကျေးဇူးပြုကြမှ ဘဝလိုအပ်ချက်တို့ ပြည့်ဝကြပေမည်။ ဘဝဒုက္ခတို့မှ လွတ်မြောက်ကြပေမည်။

ထိုသို့ ဘဝဒုက္ခမှ လွတ်မြောက်နိုင်ရေးအတွက် တစ်ခုတည်းသော ထွက်ပေါက်မှာ 'သတိ' တရား လက်ကိုင်ထားခြင်းပင် ဖြစ်သည်။ ထိုသတိတရား မြဲမြံခိုင်ခန့်ဖို့အတွက် ဝီရိယလည်း လိုသည်။ ထိုသတိ၊ ဝီရိယကလည်း မျက်ကန်းသတိ၊ မျက်ကန်းဝီရိယမျိုး မဖြစ်ရ။ ဉာဏ်နှင့်အမြဲယှဉ်နေရမည်ဖြစ်သည်။ ဆင်ခြင်တုံတရား လွှမ်းမိုးနေရမည်ဟု ဆိုလိုသည်။

ဝီရိယလှုံ့ဆော်မှုနှင့်အတူ ပညာကလည်း အမြဲယှဉ်နေသည့် ထိုသတိတရား လက်ကိုင်ထားသူအတွက် ဘဝဒုက္ခမှ သေချာပေါက် လွတ်မြောက်မည်။ ဤသည် နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် သီလ၊ သမာဓိ၊ ပညာ တို့သည်လည်း မရှိမဖြစ် လိုအပ်သည်။ ယင်းတို့ကို ရှင်းရှင်းလင်းလင်း မြင်သိဖို့ လိုသည်။ လက်တွေ့ကျကျ နိုက်နိုက်ချွတ်ချွတ် ထဲထဲဝင်ဝင် မြင်သိဖို့ လိုသည်။

ယင်း သီလ၊ သမာဓိ၊ ပညာ ဟူသည် အဘယ်နည်း။

သီလ ဟူသည် ကိုယ်ချင်းစာတရား ကင်းမဲ့၊ ကိုယ်ကျင့်သိက္ခာတရား ခေါင်းပါးရာမှ ဖြစ်ထွန်းလာသည့် မတော်မတည့် အမှုကိစ္စများကို ထိန်းချုပ်ပေးနေသည့် နာမ်ဓာတ်စွမ်းအင်ဖြစ်သည်။ သမာဓိဟူသည် ကစဉ့်ကလျား စိတ်ဓာတ်များကို စုစည်းထားသည့် နာမ်ဓာတ်အစု၏ တည်ငြိမ်စွမ်းအင်ဖြစ်သည်။ ပညာဟူသည် စုစည်းထား၍ တည်ငြိမ်နေသော နာမ်ဓာတ်အစု၏ ရင့်ကျက်တိုးတက်လာမှုကြောင့် ရုပ်ပိုင်းဆိုင်ရာမှာရော နာမ်ပိုင်းဆိုင်ရာမှာပါ ထိုးထွင်း သိမြင်ဉာဏ်ယှဉ် ပေါက်မြောက်မှု နာမ်ဓာတ်အစုဖြစ်သည်။

ဤသို့ဖြင့် နာမ်ဓာတ်အစု၏ ပဓာနကျပုံ၊ ဦးဆောင်ဦးရွက် ဖြစ်ပုံနှင့် ယင်းတို့၏ အံ့မခန်းစွမ်းအင်ကို ပြတ်ပြတ်ထင်ထင် ကွက်ကွက်ကွင်းကွင်း မြင်သိဖို့ အထူးလိုအပ်လှသည်။

(ဃ)

ရုပ်ပိုင်းဆိုင်ရာ စူးစမ်းမှုတွင် သရဖူဆောင်းထားသည့် ထောင်စုနှစ်၏ မဟာဉာဏ်ကြီးရှင်အဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားရသည့် အဲလ်ဘတ် အိုင်းစတိုင်း (Albert Einstein) ကဲ့သို့သော ပုဂ္ဂိုလ်မျိုးက နာမ်ပိုင်းဆိုင်ရာ အရေးပါမှုကို မြင်သိလက်ခံထားပြီး ကမ္ဘာကြီးတစ်ခုလုံးကို အသိပေးခဲ့သည်။ အားတက်ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာကို အမည်နာမ အညွှန်းနှင့် ပေါ်ပေါ်လွင်လွင် ဆိုထား၍ အလွန်အမင်း ဝမ်းမြောက်ဂုဏ်ယူမိသည်။

အဲလ်ဘတ်အိုင်းစတိုင်းသည် နှစ်ဆယ်ရာစုအတွင်း သိပ္ပံပညာရှင်များ ကြားတွင် အထူးချွန်ဆုံးဖြစ်သလို သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးသော သိပ္ပံပညာရှင်ကြီးလည်း ဖြစ်သည်။ သူသည် အံ့သြဖွယ်ကောင်းလှသည့် အာကာသ နှင့် အချိန်ကာလဆိုင်ရာ အတွေးအခေါ်များကို မျက်လှည့်ပြသလို ဖော်ထုတ် ပေးခဲ့သည်။ လူတို့၏ စကြဝဠာဆိုင်ရာ အတွေးအမြင်များကို ထာဝရ ပြောင်းလဲ ပေးခဲ့သည်။

သူသည် သူ၏ နာမည်ကျော် ပုံသေနည်းဖြစ်သည့် $E = mc^2$ ဖြင့် ရီလေးတီဗီတီး (အာကာသ၊ အချိန်နှင့် ရွေ့လျားမှုတို့နှင့်ဆိုင်သည့်) သီအိုရီကို မွေးဖွားပေးခဲ့သည်။ အဏုမြူခေတ်ကို တံခွန်ထူခဲ့သည်။ သူ့မှာ ပစ္စည်းကိရိယာ ဟူ၍ ခဲတံတစ်ချောင်းနှင့် မှတ်စုစာအုပ်တစ်အုပ်သာ ရှိသည်။ သူ၏ ဓာတ်ခွဲခန်းမှာ သူ၏ ကက်ဦးထုပ်အောက်မှာ ရှိသည်။

သို့ပါလျက်နှင့်ပင် သူသည် အဝေးကြည့်မှန်ပြောင်းများထက် ပို၍ ဝေးသော နေရာကို မြင်တွေ့ခဲ့သည်။ အဏုကြည့် မှန်ပြောင်းတစ်လက်ထက် ပို၍နက်နက်ရှိုင်းရှိုင်း မြင်တွေ့ခဲ့သည်။ သူသည် ကမ္ဘာတစ်ဝန်းလုံးက မော့ကြည့် ရသော ထောင်စုနှစ်၏ မဟာလူသားကြီးဖြစ်သည်။

(င)

အနာဂတ်ကာလ လူသားထုတစ်ရပ်လုံး၏ ယုံကြည်မှုဆိုင်ရာ ဘာသာ ရေးကိစ္စ၊ ရုပ်တရားနှင့် နာမ်တရားတို့၏ သဟဇာတ သဘာဝကိစ္စ စသည်တို့ကို အဲလ်ဘတ်အိုင်းစတိုင်းက ဤသို့ ရှုမြင်သုံးသပ်ခဲ့ပါသည်။

*The religion of the future will be a cosmic religion. It should transcend a personal God and avoid dogamas and theology.*

*Covering both the natural and the spiritual, it should be based on a religious sence arising from the experience of all things, natural and spiritual and meaningful unity. Buddhism answers this description.*

*If there is any religion that would cope with modern Scientific needs, it would be Buddhism.*

*(Albert Einstein 1895-1955)*

*"နောင်တစ်ချိန်ချိန်မှာ စကြဝဠာကြီးတစ်ခုလုံး ကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခု ဖြစ်ပေါ်လာပါလိမ့်မယ်။ အဲဒီဘာသာတရားဟာ ထာဝရ ဘုရားအယူအဆကို လွှမ်းမိုးသွားပါလိမ့်မယ်။ တစ်ယူသန် တရားသေဝါဒကိုလည်း ရှောင်လွှဲနိုင်လိမ့်မယ်။*

*သဘာဝတရားနှင့် ဘာသာတရားနှစ်ခုစလုံးကို လွှမ်းခြုံတဲ့ ဒီဘာသာတရားဟာ ရုပ်နာမ်နှစ်ပါးကို ကိုယ်တွေ့ သိမြင်ခံစားမှုနဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မယ်။ ဒီအချက်ကို ဗုဒ္ဓဘာသာက အဖြေပေးလိမ့်မယ်။*

*တကယ်လို့သာ ခေတ်သစ်သိပ္ပံနည်းကျ လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်တဲ့ ဘာသာတရားတစ်ခု ရှိတယ်ဆိုရင် အဲဒီဘာသာတရားဟာ 'ဗုဒ္ဓဘာသာ' ပဲ ဖြစ်ပါလိမ့်မယ်"*

*အဲလ်ဘတ်အိုင်းစတိုင်း (၁၈၉၅-၁၉၅၅)*

(၈)

ဗုဒ္ဓအဘိဓမ္မာတွင် ဖော်ပြထားသည့် နာမ်နှင့်ရုပ်တို့၏ သဟဇာတအသွင်ကို လက်ခံထားသော အခြားသော ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးမှာ ဘာထရန်ရပ်ဆဲလ် (Bertrand Russell) ဖြစ်သည်။ သူက ဤသို့ မှတ်ချက်ပြုစုးစမ်းထားပါသည်။

*Buddhism is a cobination of both speculative and scientific philosophy. It advocates the Scientific Method*

*and pursues that to a finality that may be called Rationalistic.*

*In it one to be found answer to such question of interest as -*

- *What are mind and matter?*
- *Of them which is of greater importance?*
- *Is the Universe moving towards a goal?*
- *What is man's position?*
- *Is there living that is novel?*

*It takes up where Science cannot lead because of the limitations of the latters instruments. Its conquests are those of the mind.*

*Bertrand Russell (1872-1970)*

*"ဗုဒ္ဓဝါဒသည် နာမ်ပိုင်းဆိုင်ရာ ချင့်ချိန်စဉ်းစားမှုဒဿနနှင့် ရုပ်ပိုင်းဆိုင်ရာ သိပ္ပံနည်းကျဒဿနတို့ နှစ်မျိုးစလုံး ပေါင်းစပ်ထားသော သဘောတရားဖြစ်သည်။ သိပ္ပံနည်းပညာကို အထောက်အကူပြုသည့်အပြင် ကျိုးကြောင်းဆင်ခြင်မှုဟူသည့် အန္တိမ အမှန်တရားကိုလည်း ဖော်လှစ်ခဲ့သည်။*

- *နာမ်နှင့် ရုပ် ဟူသည် အဘယ်နည်း။*
- *ထိုနာမ်နှင့် ရုပ်တို့တွင် မည်သည်က ပို၍ အရေးပါသနည်း။*
- *စကြဝဠာကြီးသည် တစ်စုံတစ်ခုသော ပန်းတိုင်ဆီသို့ ဦးတည်ရွေ့လျားနေပါသလား။*
- *လူ၏ အခန်းကဏ္ဍသည် အဘယ်နည်း။*
- *အသက်ရှင်နေရုံမျှဖြင့် မြင့်မြတ်သည်ဟု ဆိုနိုင်ပါသလား။*

*ဤသို့ ဤသို့သော စိတ်ဝင်စားဖွယ်ကောင်းလှသည့် ပြဿနာများ၏ ဖြေရှင်းချက်များကို ဗုဒ္ဓဝါဒထဲ၌ တကယ်ပင် တွေ့မြင်နိုင်ပါသည်။ သိပ္ပံပညာက အားကိုးသည့် နောက်ဆုံးပေါ်ဆိုသည့် ကိရိယာများ၏ စွမ်းအားမပြည့်ရုံမှုကြောင့် ယင်းအနေဖြင့် ဖြေရှင်းမပေးနိုင်သော ပြဿနာများကို ဗုဒ္ဓဝါဒက တာဝန်ယူဖြေရှင်းပေးထားပါသည်။ နာမ်ပိုင်းဆိုင်ရာ စိတ်ဓာတ်နယ်ပယ်တွင် ဗုဒ္ဓဝါဒ၏ အောင်မြင်မှုသည် အထွတ်အထိပ်ပင် ဖြစ်ပါပေသည်"*

*ဘာထရန်ရပ်ဆဲလ် (၁၈၇၂-၁၉၇၀)*

(ဆ)

အဲလ်ဘာတ်အိုင်းစတိုင်းနှင့် ဘာထရန်ရပ်ဆဲလ်တို့သည် ခေတ်သစ်ကမ္ဘာမှာ သူ့ကဏ္ဍ သူ့နယ်ပယ်အရ အပေါ်စီးရထားသူများ ဖြစ်ကြသည်။ အလွန်ကျော်ကြား အောင်မြင်သူများ ဖြစ်ကြသည်။ ကမ္ဘာကို ကိုင်လှုပ်နိုင်သူများလည်း ဖြစ်ကြသည်။ ကမ္ဘာကို ကိုယ်စားပြုထားသူများဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် ဤစာတန်းကို **'ယနေ့ကမ္ဘာနှင့်ဗုဒ္ဓဘာသာ'** ဟု မော်ကွန်းထိုးထားခြင်း ဖြစ်သည်။ ကျေနပ်, ကြည်နူး, ဝမ်းမြောက်, ဂုဏ်ယူနိုင်ကြဖို့ ဖြစ်ပါသည်။

ကိုရင်သြ

<u>ရည်ညွှန်း</u>

၁။ 'ယဉ်ကျေးမှု တိုးတိုက်မိခြင်းနှင့် မဟာပြိုကွဲမှုကြီး' *(ကျော်ဝင်း)*

၂။ 'နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏ ဗုဒ္ဓဘာသာအမြင်' *(ချမ်းမြေ့ရိပ်သာ ဆရာတော်)*

၃။ **'Good Questions and Good Answer'** *(by Ven Shravasti Dhammika)*

၄။ **'The Yong Buddhist (1978)'** *Vesak Prelude...... Tenth Anniversary Special, Singapore*

၅။ **'The Beauty of Buddhism'** *(by Handaka Vijjananda, Indonisia)*

✦

# နိဂုံး၏ နိဂုံး

## ကမ္ဘာ့အကောင်းဆုံးဘာသာတရားဆု ဗုဒ္ဓဘာသာရရှိ

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် 'ဘာသာတရားများနှင့် စိတ်ဓာတ်တိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ကြီး' တစ်ရပ် တည်ရှိသည်။ မကြာမီက ထိုအဖွဲ့ကြီးသည် ကမ္ဘာ့ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ် ၂၀၀ ကို ဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ တက်ရောက်သူများထဲတွင် နိုင်ငံတကာမှ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ဂျူး စသည့် ဘာသာပေါင်းစုံမှ ဦးစီးခေါင်းဆောင်များ ပါဝင်သည်။

ထိုအဖွဲ့ကြီးသည် ယခု ၂၀၀၉ ခုနှစ်တွင် 'ကမ္ဘာ့အကောင်းဆုံးဘာသာဆု' ဟူ၍ သတ်မှတ်ပြီး ထိုဆုအတွက် ဗုဒ္ဓဘာသာကို နှင်းအပ်ရန် ရွေးချယ်လိုက်ကြသည်။

ဗုဒ္ဓဘာသာကို ကမ္ဘာ့အကောင်းဆုံး ဘာသာတရားအဖြစ် ရွေးချယ်၍ ဆုအပ်နှင်းသည်ကို အခြားဘာသာဝင်များက လုံးဝကန့်ကွက်ခြင်းမရှိ၊ တညီတညွတ်တည်းပင် သဘောတူလက်ခံလိုက်ကြသည်။

ထိုအဖွဲ့ကြီးမှ သုတေသနညွှန်ကြားရေးမှူး Jonna Hult က "ဗုဒ္ဓဘာသာတရားအား ကမ္ဘာ့အကောင်းဆုံး ဘာသာတရားဆု နှင်းအပ်လိုက်ကြ

သည်ကို ကျွန်ုပ်တို့အဖို့ အံ့ဩခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာ တရားသည် အခြားဘာသာတရားများနှင့်မတူ၊ မိမိတို့ဘာသာအတွက်လည်း လုံးဝ စစ်တိုက်ခြင်းမရှိ။ ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်သော ထူးခြားသည့် ဘာသာတရားဖြစ်ပါသည်'' ဟူ၍ ဖွင့်ဟပြောဆိုခဲ့လေသည်။

ထိုပုဂ္ဂိုလ်တို့ သုတေသနပြုထားသည့်အတိုင်းပင် ဗုဒ္ဓဘာသာသည် စစ်ပြုခြင်း၊ စစ်တိုက်ခြင်းကို လုံးဝမလိုလားသော ဘာသာတရားဖြစ်သည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ကပ်ိလဝတ်ပြည်သူတို့နှင့် ကောလိယပြည်သူ တို့သည် နှစ်ပြည်ထောင်အကြားရှိ ရောဟိဏီမြစ်ရေကို ရယူလိုရေးအတွက် တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်မည်ပြုကြသည်။ ဤတွင် ဗုဒ္ဓက ''အနည်းငယ်မျှ တန်ဖိုးထိုက်သော ရေအတွက် အဖိုးမဖြတ်နိုင်သော အသက်သွေးများကို အဘယ် ကြောင့် အဆုံးရှုံးခံကြမည်နည်း။ ခိုက်ရန်ဖြစ်ပွားခြင်းဖြင့် ငြိမ်းချမ်းသာယာမှုကို မဖျက်ဆီးသင့်'' ဟူ၍ ဆုံးမတော်မူခဲ့သည်။ ကိုယ်တော်တိုင်လည်း ရန်စစ်ကို တားဆီးတော်မူခဲ့သည်။ ဤသို့လျှင် ဗုဒ္ဓဘာသာသည် စစ်မက်ကို မလိုလား၊ ငြိမ်းချမ်းရေးကိုသာ လိုလားသော ဘာသာတရားဖြစ်သည်။

ထို့ပြင် ဗုဒ္ဓဘာသာသည် မိမိတို့နှစ်သက်ယုံကြည်မှသာ ဗုဒ္ဓဘာသာဝင် အဖြစ် ခံယူစေလိုသော ဘာသာဝါဒဖြစ်သည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တွင် ဝေသာလီပြည်မှ နိဂဏ္ဍ၏ တပည့်တစ်ဦးဖြစ်သော စစ်သူကြီး သီဟသေနာပတိ သည် ဗုဒ္ဓ၏တရားကို နှစ်သက်သဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် မှတ်ယူပါရန် ဗုဒ္ဓအား လျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓက စည်းရုံးတိုက်တွန်းခြင်း မပြု။ ''စဉ်းစားချင့်ချိန်ပြီးမှသာ ဥပါသကာအဖြစ် ခံယူပါ။ ထိုသို့ခံယူရာတွင်လည်း မိမိဆည်းကပ်အားထားခဲ့သော နိဂဏ္ဍတို့ကို ဆက်လက် လှူဒါန်းမြဲ လှူဒါန်းပါ'' ဟူ၍ အံ့ဖွယ်သဘောထားကြီးစွာဖြင့် မိန့်ဆိုတော်မူခဲ့ သည်။ ထိုသို့ဆိုသဖြင့်လည်း စစ်သူကြီးသီဟသည် ဗုဒ္ဓ၏အဆုံးအမကို ပိုမို နှစ်သက်ကာ ဥပါသကာအဖြစ် လှိုက်လှဲစွာခံယူခဲ့သည်။

ဤသို့လျှင် ဗုဒ္ဓဘာသာသည် စစ်မက်မပြု၊ ငြိမ်းချမ်းရေးကို အဓိက ထားသော၊ လွတ်လပ်သောဘာသာတရားဖြစ်သည်။ ထို့ကြောင့်လည်း အဆိုပါ အဖွဲ့ကြီးက ဗုဒ္ဓဘာသာအား ကမ္ဘာ့အကောင်းဆုံး ဘာသာတရားဆုကြီးကို ရွေးချယ်သတ်မှတ် အပ်နှင်းလိုက်ခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာတရား၏ အကျဉ်းချုပ်မှာ ဒါန၊ သီလ၊ ဘာဝနာသုံးရပ်ကို ပြုကျင့်ရေးဖြစ်သည်။ ထိုအချက်ကို ကျွန်ုပ်တို့သည် အထူးသတိပြုဆင်ခြင်၍ ဒါန၊ သီလ၊ ဘာဝနာသုံးရပ်စလုံးကို ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက် ကျင့်ကြံ ပွားများ အားထုတ်သင့်ပေသည်။

ဗုဒ္ဓဘာသာတရားကို အကောင်းဆုံးဘာသာတရားအဖြစ် ထောက်ခံ ရွေးချယ်ရာတွင် ပါဝင်သူတစ်ဦးဖြစ်သော အစ္စရေးလူမျိုး Rabbi Shmue Wasserstein က "ကျွန်ုပ်သည် ဂျူးဘာသာတရားကို မြတ်နိုးသည်။ ဂျူး ဘာသာတရားသည် ကြီးကျယ်မြင့်မြတ်ဆုံးဖြစ်သည်ဟု ခံယူပါသည်။ သို့ရာတွင် လက်တွေ့အားဖြင့် ဂျူးဘာသာဖြင့် ဘုရားရှိခိုးခြင်းမပြုမီ ဝိပဿနာတရားကို နေ့စဉ်ရှုမှတ်ပါသည်။ ၁၉၉၃ ခုနှစ်မှစတင်၍ ရှုမှတ်လာခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။ ထိုသို့ ရှုမှတ်သဖြင့်လည်း ကောင်းကျိုးချမ်းသာများ ခံစားရရှိနေ ပါသည်" ဟူ၍ ဖွင့်ဟပြောဆိုပေသည်။

Ref: မြတ်မင်္ဂလာစာစောင် အတွဲ ၂၅၊ အမှတ် ၅
၂၀၀၉ ခုနှစ် နိုဝင်ဘာလ၊ ခေါင်းကြီးပိုင်း

## ဝိဘင်္ဂပါဠိ စဉ်းစားနည်း

၁။ တစ်ဆင့်စကား ပြောသံကြားကာမျှဖြင့် မှန်ပြီဟု မယူသင့်။
၂။ ဘိုးဘေးအစဉ်အဆက်စကားမျှဖြင့်လည်း မှန်ပြီဟု မယူသင့်။
၃။ ရှေးက ဖြစ်ခဲ့ဖူးသော အထောက်အထားမျှဖြင့်လည်း မှန်ပြီဟု မယူဆသင့်။
၄။ စာပေကျမ်းဂန်နှင့် ညီညွတ်သည်ဟုလည်း မှန်ပြီဟု မယူဆသင့်။
၅။ ကြံဆတွေးတော၍ယူခြင်းမျှဖြင့်လည်း မှန်ပြီဟု မယူဆသင့်။
၆။ နည်းမှီးယူခြင်းဖြင့်လည်း မှန်ပြီဟု မယူဆသင့်။
၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မှန်ပြီဟု မယူဆသင့်။
၈။ ငါတို့အယူနှင့် ကိုက်ညီပေသည်ဟူ၍လည်း မှန်ပြီဟု မယူဆသင့်။
၉။ မှတ်ယူထိုက်သော သဘောရှိကာမျှဖြင့်လည်း မှန်ပြီဟု မယူဆသင့်။
၁၀။ ငါတို့လေးစားသော ပုဂ္ဂိုလ်၏စကားဟူ၍လည်း မှန်ပြီဟု မယူဆသင့်။

*ကာလာမသုတ္တန်မှ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ)*

✦

## အပရိဟာနိယတရား ခုနစ်ပါး

၁။ စည်းဝေးတိုင်ပင်ခြင်း။
၂။ အညီအညွတ် ဆောင်ရွက်ခြင်း။
၃။ ဥပဒေအတိုင်း မျှတစွာ စီရင်ခြင်း။
၄။ ပညာကြီးသူ၊ အတွေ့အကြုံများသူများ၏ အဆုံးအမခံ့ တည်ခြင်း။
၅။ အမျိုးသမီးများအား မနှိပ်စက်ခြင်း။
၆။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း။
၇။ စောင့်ရှောက်ထိုက်သူကို စောင့်ရှောက်ခြင်း။

*အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ သာရန္ဒသုတ်မှ*

# ဆုတောင်းမေတ္တာ

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊

ဘယပ္ပတ္တာ စ နိဗ္ဘယာ၊

သောကပ္ပတ္တာ စ နိသောကာ၊

ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခရောက်သူတို့ ဒုက္ခပျောက်ကြပါစေ။

ဘေးရောက်သူတို့ ဘေးပျောက်ကြပါစေ။

သောကရောက်သူတို့ သောကပျောက်ကြပါစေ။

သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။

ကိုရင်ညြ

## မှီငြမ်းကိုးကား ကျမ်းစာများ


၁။ ကျော်ဝင်း၏ 'လူများ နေရာများ အတွေးများနှင့် သမိုင်းကို ဖြတ်သန်းခြင်း'
တကောင်းစာအုပ်တိုက်၊ အမှတ် ၅-(ခ)၊ ဧယျာသိဒ္ဓိလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၅၂၆၀၂၉

၂။ ကျော်ဝင်း၏ 'အငြိမ်းသန်တဲ့ မဋ္ဌိမသား'
Plastic Rainbow Book Publication၊ အမှတ် ၂၁၇၊ ပထမထပ် (ဝဲ)၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉၅-၁၉၃၁၀၆၊ ၃၈၄၁၉၅

၃။ ဆန်းလွင် (အရှင်အာဒိစ္စရံသီ) ၏ 'ဗုဒ္ဓဘာသာတွေ ယုံကြည်ကြတာက'
နန်းဒေဝီစာပေ၊ အမှတ် ၂၀၀၊ ဒုတိယထပ်၊ ၃၆ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၃၈၃၀၂၅

၄။ ဆန်းလွင် (အရှင်အာဒိစ္စရံသီ) ၏ 'ဓမ္မဒဿနစာစု'
နန်းဒေဝီစာပေ၊ အမှတ် ၂၀၀၊ ဒုတိယထပ်၊ ၃၆ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၃၈၃၀၂၅

၅။ တက္ကသိုလ်နေဝင်း၏ 'ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း'
အသိုင်းအဝိုင်းစာပေ၊ ၃၅-သမာဓိလမ်း၊ ငွဲစုံရပ်၊ မရမ်းကုန်း၊ ရန်ကုန်။ (၁၉၇၀)

၆။ တက္ကသိုလ်နေဝင်း၏ 'အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း' (ဒုတိယကြိမ်)
အသိုင်းအဝိုင်းစာပေ၊ ၃၅-သမာဓိလမ်း၊ ငွဲစုံရပ်၊ မရမ်းကုန်း၊ ရန်ကုန်။ (၁၉၉၇)

၇။ တက္ကသိုလ်မင်းသူ၏ 'သိပ္ပံနည်းကျ ကျန်းမာအသက်ရှည်အောင်နေနည်း (ကျန်းမာရေး ဆိုင်ရာ နိုင်ငံတကာ နောက်ဆုံးသုတေသန တွေ့ရှိချက်များ)'
မိုးကျော်သူစာပေ၊ အမှတ် ၁၈၈၊ ဒုတိယထပ် (ဝဲ)၊ ၃၈ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၃၈၄၂၁၉

၈။ ဒေါက်တာမင်းတင်မွန်၏ 'ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ'
မြတ်မွန်ရတနာစာပေ၊ တိုက် ၂၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ယာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၂၈၆၆၁၀

၉။ ဘိုးလှိုင်၏ 'အနုစိတ်သိသမျှ ရုပ်လောက (ဘက်ညီမှုနှင့် လောကနိယာမများ)'
မုံရွေးစာအုပ်တိုက်၊ အမှတ် ၁၄၀၊ ၄၅ လမ်း(ထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၂၉၇၀၇၂

၁၀။ မလေးလုံ၏ 'ဖေမောင်တင် (သို့မဟုတ်) ဘသက်ရှည်'
သစ္စာ စာပေတိုက်၊ ၃၉ လမ်း၊ ရန်ကုန်။ (၁၉၇၅)

၁၁။ မေမြို့ချစ်ဆွေ၏ 'ပြည်သူချစ်သော ဗိုလ်ချုပ်အောင်ဆန်း'
မြေနီကုန်းစာပေတိုက် (မြ - ၀၂၂၄)၊ ၅-မူစလာအီစကယ်လမ်း၊ မြေနီကုန်း၊ ရန်ကုန်။ (၁၉၇၀)

၁၂။ မြဟန်၏ 'ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ'
[၁၉၉၈ ခုနှစ် နှစ်ငါးဆယ်ပြည့် ရွှေရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်အတွက် တက္ကသိုလ်များ သမိုင်းသုတေသနဌာန၊ ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်မှ စိစဉ်ပြုစု၍ အင်းဝစာပေတိုက်မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ချိသည်]

၁၃။ မြကေတု၏ 'နှောင်းခေတ်တက္ကသိုလ် ဘဝမှတ်တမ်းများ'
ရွှေဝံစာအုပ်တိုက်၊ ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်။ (၂၀၀၈ ဩဂုတ်လ)

၁၄။ မောင်သွေးသစ် နှင့် မောင်ဇေယျာ တို့၏ 'ဆရာကြီး ဦးဖေမောင်တင်၏ နှစ် ၁၂၀ ပြည့် အမှတ်တရ'
စိတ်ကူးချိုချို အနုပညာ၊ ၈၅ (က)၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း ၇၂၆၆၂၄

၁၅။ သုခ၏ 'မေတ္တာသုတ်အဖွင့်'
ပါရမီစာပေ၊ ၃၀ - ၂၉ လမ်း (အထက်)၊ ရန်ကုန်မြို့။ ဖုန်း ၂၅၃၂၄၆

၁၆။ သန်းဝင်းလှိုင်၏ 'နှစ်ဆယ်ရာစု အကျော်ကြားဆုံး အာရှခေါင်းဆောင်များ'
လင်းလင်းစာပေ၊ အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း၊ ဆယ်မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်။ (၂၀၀၈၊ ဩဂုတ်လ)

၁၇။ သခင်ကိုယ်တော်မှိုင်း (တည်းဖြတ်) ၏ 'ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ' (ကလောင်စုံ)
ဗိုလ်သိမ်းဆွေ၊ ရဲဘော်စာအုပ်တိုက်၊ အမှတ် ၂၀၊ ဆီဆုံလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ (၁၉၅၁)

၁၈။ အရှင်သေဋ္ဌိလ၏ 'ဗုဒ္ဓဘာသာလက်စွဲ' (ဒေါ်မြတင် - မြန်မာပြန်)
စာပေလောက တအုပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။ ဖုန်း ၂၈၅၁၆၆

၁၉။ ဦးဥက္ကသေန(ချင်းတွင်း)၏ 'ဓမ္မရတနာပြန့်ပွားရေးကြိုးပမ်းမှုနှင့် ကမ္ဘာ့အခမ်းအနားဟောပြောချက်'
ယုံကြည်ချက်စာပေ၊ အမှတ် ၁၀၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

၂၀။ အိုးဝေ ဦးညိုမြ၏ 'ရွှေလမ်း ငွေလမ်း' (အမေရိကန် - မြန်မာ ဆက်ဆံရေးမှတ်တမ်း)
အမေရိကန်ပြန်ကြားရေးဌာန၊ ရန်ကုန်။ (၁၉၈၀)

၂၁။ ဝါဆိုဆရာတော်ကြီး၏ 'အဘိဓမ္မာကွန်းတာတောင်'

၂၂။ သီတဂူဆရာတော်ကြီး၏ 'ထိပ်တန်းမိန့်ခွန်း'

၂၃။ 'အတွေးအမြင်မဂ္ဂဇင်း' အတွဲ ၂၊ ဒီဇင်ဘာ ၁၉၈၄

၂၄။ 'ဝတိုင်သစ်မဂ္ဂဇင်း' ဇွန်လ၊ ၁၉၉၉

၂၅။ 'ငွေတာရီမဂ္ဂဇင်း' ဒီဇင်ဘာ၊ ၁၉၇၆

၂၆။ 'မိုးဂျာနယ်' အောက်တိုဘာ၊ ၁၉၉၈

၂၇။ 'မြတ်မင်္ဂလာစာစောင်' အတွဲ ၂၅၊ အမှတ် ၅၊ နိုဝင်ဘာလ၊ ၂၀၀၉

၂၈။ 'The Waves Magazine' 1/07, Jan 2007

၂၉။ 'The Myanma Times' Aug 16, 2007

## နိုင်ငံတကာ ဗုဒ္ဓါနုဿတိဘာဝနာ

# မှတ်စုများ

| | |
|---|---|
| - ဗုဒ္ဓဘာသာနှင့် ခေတ်သစ်ဘဝ | Buddhism in Mordern Life |
| ဒေါက်တာ အာနန္ဒဂုရု | Dr. Ananda Guruge |
| - ဗုဒ္ဓဘာသာတွေ ယုံကြည်ကြတာက | What Buddhists Believe |
| ဒေါက်တာ ဓမ္မာနန္ဒ | Dr. Dhammananda |
| - ဗုဒ္ဓဘာသာလက်စွဲ | A Buddhist's Companion An Exposition & selected Quotations of A SHIN THITTILA Edited and arranged by Daudine W.Igglenden |
| - အငြင်းသန်တဲ့ မဇ္ဈိမသား | The Arqumentative Indian, Writings on Indian History Culture and Identity |
| - အမတြာဆင်း | Amartya Sen Winner of the Noble Prize in Economics |
| - ငယ်သော် လှ၏ | Small is Beautiful |
| - ရှူမာချာ | Shumacher |
| - လင်ဒစ်ဖန်း | Lindis Farne |
| - ဒိုင်ယာလော့ | Dialogue |
| - ဝီလျံအာဝင်သော်မဆင် | William Irwin Thompson |
| - ကမ္မဋ္ဌာန်းကျောင်း | Meditation House |
| - စစ်အခြေပြု စီးပွားရေး | Militarized House |
| - အဆင့်မြင့်နည်းပညာ | Hi-Tech |
| - စက်မှုလူ့ဘောင်အဖွဲ့အစည်း | Industrial Society |
| - မြေဆီမြေလွှာအသင်း | Soil Association |
| - ဗုဒ္ဓဘာသာ စီးပွားရေးစနစ် | Buddhist Economic |
| - လူထု ဆင်ခြင်တုံတရား | Public Reasoming |
| - လူထု ရွေးချယ်မှုသီအိုရီ | Public Chaich Theory |
| - ပုဂ္ဂလိကဝါဒ | Individualism |

✦



# နိုင်ငံတကာ ဗုဒ္ဓါနုဿတိ ဘာဝနာ

မြတ်ဗုဒ္ဓအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အမြင်

**ကိုရင်ကြီး**